# သာယာသောအနာဂတ်သို့

Ellen G. White ရေးသောပြုစုသော Towards a Better Future
စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးဗစ်တာရွှေက
“သာယာသောအနာဂတ်သို့” အမည်ဖြင့် မြန်မာပြန်ဆိုသည်

(ပထမအကြိမ်)

ပထမပုံနှိပ်ခြင်း၊ ၂၀၀၅ ခု၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀၀

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၇၃၅ / ၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၁၀၂၀၅၀၂

တန်ဖိုး –

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၇) မြန်မာပြည်
သတ္တမနေ့ဥပုသ်အသင်း၊ အမှတ် ဖ၈၊ ဦးဝိစာရလမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးဒိုဟင်ပေါင်၊ အှတ်ပုံတင်အမှတ် (၀၇၉၄၅) ကင်းစောင့်
ပုံနှိပ်တိုက်၊ အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်း။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အပြစ်၏မူလအစ --- --- --- --- --- | ၁ |
| ၂။ | စာတန်၏ထောင်ချောက်ညွှတ်ကွင်းများ --- | ၃၁ |
| ၃။ | ပထမဖြစ်သောမဟာလှည့်စားမှု --- --- --- | ၆၂ |
| ၄။ | လူသေနှင့်စကားပြောနိုင်ပါသလော --- --- | ၁၀၉ |
| ၅။ | အသိစိတ်တရား၏လွတ်လပ်မှုအခွင့်ကို ခြိမ်းခြောက်ခြင်း --- --- --- --- --- | ၁၃၆ |
| ၆။ | နီးကပ်လာပြီဖြစ်သောအခက်အခဲ --- --- | ၁၈၃ |
| ၇။ | ကျမ်းစာသည်အကာအကွယ် --- --- --- | ၂၁၁ |
| ၈။ | ဆင်းရဲခြင်းကပ်ကာလ --- --- --- --- | ၂၃၆ |
| ၉။ | ဘုရားသခင်၏ကယ်နုတ်ခြင်း --- --- --- | ၂၈၉ |
| ၁၀။ | အငြင်းအခုံဆုံးခန်းတိုင်စေခဲ့ --- --- --- | ၃၃၃ |


---ooo---

## အခန်း (၁)



## အပြစ်၏မူလအစ

"သင်သည် ကိုယ်ကိုဘုရားသခင်ကဲ့သို့ ထင်မှတ်သော်လည်း ဘုရားသခင်မဟုတ်၊ လူသက်သက်ဖြစ်လျက်နှင့် ငါသည်ဘုရားသခင် ဖြစ်၏။ ပင်လယ်အလယ်၌ ဘုရားသခင်၏ပလ္လင်ပေါ်မှာ ငါထိုင် သည်ဟု ဝါကြွားသောစိတ်နှင့် ဆိုသည်ဖြစ်၍၊" ယေဇကျေလ ၂၈း၂။

"ထိုအပင်သည်စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဖွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်းစား၏။" ကမ္ဘာဦးကျမ်း ၃း၆။

စဉ်းစားတတ်သူများအတွက် အပြစ်၏မူလအစနှင့် ၎င်း၏ ဖြစ်တည်နေရခြင်း အကြောင်းအချက်တို့မှာ အထူးပင်စိတ်ရှုပ်ထွေး လျက် နားလည်ရန်ခက်ခဲမှု၏ အစပျိုးရာပင်ဖြစ်ပေတော့သည်။ ဉာဏ်ပညာ ဘုန်းတန်ခိုးနှင့်ချစ်ခြင်းမေတ္တာအရာတို့တွင် အတိုင်းအဆ မရှိသူ၊ အမြင့်မားဆုံးဖြစ်သည့်အစိုးပိုင်သောအခွင့်ရှိသူ ထာဝရဘုရား သခင်၏လက်အောက်၌ သူတို့မြင်တွေ့နေရသောအမင်္ဂလာအပျက် အစီး၏ကြောက်ဖွယ်ရာရလဒ်များဖြင့် ပြည့်နေသည့်မကောင်းမှုလုပ်ရပ် များတည်ရှိနေနိုင်ခွင့်ရနေခြင်းမှာ အဘယ်သို့ပါနည်းဟု မေးခွန်းထုတ် စရာဖြစ်လာပါသည်။ ဤတွင် သူတို့အဖြေရှာမရသည့် လျှို့ဝှက်နက်နဲ

မှုသည်ဖြစ်ပေါ်လေ၏။ ၄င်းနောက် ကယ်တင်ခြင်းအရာတွင်မရှိမဖြစ်သော ဘုရားသခင်၏နှုတ်ထွက်စကားအားဖြင့် ရှင်းလင်းစွာမြွက်ဆိုဖွင့်လှစ်ထားသည့် သစ္စာအမှန်တရားတို့သည် သူတို့၏မရေမရာဖြစ်ခြင်းနှင့် ဒွိဟသံသယစိတ်အကြားဝယ် ကွယ်ပျောက်ရလေတော့၏။ အပြစ်၏ဖြစ်တည်နေရမှုအကြောင်း လေ့လာစူးစမ်းသူများသည် ဘယ်သောအခါကမှ ဘုရားသခင်မမြွက်ဆို မဖွင့်ပြခဲ့သည့် အချက်အလက်များထဲသို့ဝင်၍ ရှာဖွေရန် ကြိုးပမ်းကြတော့ပြီ။ သို့ဖြစ်လာသည့်အခါ သူတို့ကြုံရသည့်အခက်အခဲများအား ဖြေရှင်းရှန်းထွက်နိုင်ခြင်းမရှိဘဲဖြစ်လျက် မသေချာမရေရာသောစိတ်ဖြင့် မလိုအပ်ဘဲအပြစ်ရှာခြင်းနှင့်အတူ ကျမ်းစာတော်မြတ်၌ ညွှန်ပြထားချက်များအားငြင်းပယ်ရခြင်းသည် သူတို့၏စိတ်ရင်းသဘောထား ပျက်ပြားအောင်တွန်းပို့ခြင်းကို ခံရသောကြောင့်သာလျှင်ဖြစ်ကြောင်း ရမယ်ရှာလျက်တုံ့ပြန်ပြောဆိုတတ်ကြပါသည်။ အခြားသောသူများတို့မှာမူကား မကောင်းမှုတရား၏အခက်အခဲကြီးကို ကျေနပ်ဖွယ်ရာဖြစ်လောက်သည့် နားလည်သဘောပေါက်မှုရှိရန် သမ္မာကျမ်းစာနှင့်စပ်လျဉ်း၍ထားရှိအပ်သောအစဉ်အလာနှင့်အညီ မဆောင်ရွက်ကြဘဲ အယူအဆလွဲမှား၍ အနက်ဖွင့်ဆိုခြင်းအားဖြင့် ဘုရားသခင်၏ဝိညာဉ်ရေးခိုင်မြဲမှု၊ သူ၏အစိုးပိုင်သောအခွင့်ရှိသည့်သဘောနှင့် အပြစ်ဆိုင်ရာ ကျင့်သုံးသည့် အခြေခံဥပဒေသတို့အား ဖုံးကွယ်လျက် ထင်ယောင်ထင်မှားဝိုးတဝါးဖြစ်စေလေတော့သည်။

အပြစ်တရားဖြစ်တည်နေရခြင်းကို အကြောင်းပြချက်တစ်ရပ်ပေးနိုင်ရေးအတွက် အပြစ်၏မူလအစကို ရှင်းလင်းတင်ပြရန်မှာမဖြစ်နိုင်ပါ။ ထိုသို့မဖြစ်နိုင်သော်ငြားလည်း အပြစ်၏မူလအစနှင့်

အပြစ်၏အဆုံး၌ ဖြစ်ပေါ်လာမည့် တိမ်းညွတ်ယိမ်းယိုင်မှုအပေါ်၊ အကောင်းမှုကို ကိုင်တွယ်ဖြေရှင်းခြင်း အရာအားလုံးတို့၌ ဘုရားသခင်၏တရားမျှတမှုနှင့် ကြင်နာသနားညှာတာခြင်းတို့အားဖြင့် အလွန်ပင်ထင်ရှားလျက်ရှိကြောင်းကို သိနားလည်မှုရှိလောက်ပြီ ဖြစ်ပါ၏။ ဘုရားသခင်သည် အပြစ်စတင်ဝင်လာခြင်းနှင့်စပ်လျဉ်း၍ ဘယ်သို့မျှတာဝန်ရှိသူမဟုတ်ခဲ့ပါကြောင်းကို သမ္မာကျမ်းစာပို့ချခြင်း အပိုင်း၌ အရှင်းလင်းဆုံးပါရှိနေပါသည်။ ထို့အပြင် ဘုရားသခင်၏ ကရုဏာတရားကိုလည်းပြန်ရုပ်သိမ်းခြင်းမပြု၊ အုပ်စိုးတော်မူရာ၌ လည်းအားနည်းချက်မရှိ၍ ပုန်ကန်မှုပေါ်ပေါက်စေမည့် အကြောင်း အချက်မရှိပါ။ အပြစ်ဟူသည်ကား ကျူးကျော်ဝင်ရောက်လာသည့် အရာသာလျှင်ဖြစ်လျက်၊ ၎င်း၏ဖြစ်တည်နေမှုအတွက် အကြောင်း ပြချက်မရှိပါ။ ၎င်းသည် လျှို့ဝှက်နက်နဲကာ ရှင်းလင်းပြောပြ၍လည်း မရနိုင်သည့်အပြင်၊ ၎င်းအားကင်းလွတ်ခွင့်ပေးခြင်းသည် ကာကွယ် ပေးခြင်းပင်ဖြစ်တော့၏ ၎င်းအတွက် ကင်းလွတ်ခွင့်ပြုနိုင်ခဲ့သော်၊ (သို့မဟုတ်) ၎င်းဖြစ်တည်နေခြင်းအကြောင်းရင်းကို ဖော်ပြနိုင်သော် အပြစ်ဟူ၍ ဆက်ပြီးတည်တော့မည်မဟုတ်ပေ။ ဘုရားသခင်၏ နှုတ်တော်ထွက်စကားတွင် မြွက်ဟထားချက်သည်သာလျှင် အပြစ်၏ ဖွင့်ဆိုချက်ကို ကျွန်ုပ်တို့သိနိုင်ပါသည်။ ၎င်းမှာ 'ဥပဒေကိုချိုးဖေါက် ခြင်း' ဖြစ်ပါ၏။ ထိုအရာသည်ကား ဘုရားသခင်အုပ်စိုးပိုင်မှုအခွင့်၏ အခြေခံအုတ်မြစ်တည်းဟူသော ချစ်ခြင်းတရားကြီးကို ခုခံတွန်းလှန်ရန် စီမံချက်ထားရှိသော အခြေခံဥပဒေသတစ်ခုဖြစ်လေသည်။

မကောင်းမှုအရာမဝင်လာမီ အာကာသကမ္ဘာမြေကြီးတစ်ခွင်တွင် ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့ရှိခဲ့ပါ၏။ ဖန်ဆင်းပိုင်သူ၏အလိုတော်

နှင့်အညီအရာရာသည်အကောင်းဆုံးအနေအထား၌ရှိခဲ့ပါသည်။ ဘုရားသခင်အတွက် ထားရှိအပ်သောချစ်ခြင်းမှာ အထွတ်အမြတ်ဖြစ်ကာ လူအချင်းချင်းတွင်မူ သာတူညီမျှသောချစ်ခြင်းရှိခဲ့ကြ၏။ ခရစ်တော်သည် ဖြောင့်မတ်ခြင်းတရား၊ ဘုရားသခင်၏တစ်ဦးတည်းသောသားဖြစ်သလို ထာဝရခမည်းတော်ဘုရားသခင်လည်းဖြစ်ပါသည်။ သဘောသဘာဝတွင်လည်းကောင်း၊ စိတ်နေစိတ်ထားတွင်လည်းကောင်း၊ ရည်ရွယ်ချက်တွင်လည်းကောင်း တစ်ထပ်တည်းဖြစ်၍ အာကာသကမ္ဘာမြေကြီးတစ်ဝန်းလုံးရှိရှိသမျှအရာတို့တွင် ဘုရားသခင်၏အကြံပေးချက်များနှင့်စီမံချက်များအား တစ်ဦးတည်းသောစွမ်းဆောင်နိုင်သူဖြစ်ပါ၏။ ကောင်းကင်ရှိဖြစ်တည်မှုခပ်သိမ်းကိုဖန်ဆင်းခြင်းတွင် အဖခမည်းတော်ဘုရားသခင်က ခရစ်တော်အားဖြင့်သက်ရောက်မှုဖြစ်စေခဲ့ပါသည်။ 'ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသောရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလိုငှါလည်းကောင်း ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။' (ကောလောသဲ ၁း၁၆)။ သို့ဖြစ်ပါ၍ အဖခမည်းတော်ဘုရားသခင်နှင့် တန်းတူရည်တူပင် ကောင်းကင်ဘုံတစ်ရပ်လုံးက ခရစ်တော်အားသစ္စာခံအလေးအမြတ်ပြုခဲ့ပါ၏။

ဘုရားသခင်၏ အစိုးရခြင်းတန်ခိုး၌အခြေခံအုတ်မြစ်မှာ ချစ်ခြင်းဆိုင်ရာဥပဒေပင်ဖြစ်ပေရာ၊ ဖန်ဆင်းခြင်းကိုခံရသူများအားလုံး၏ဝမ်းမြောက်ရွှင်လန်းမှုသည် ဖြောင့်မတ်ခြင်း၏မဟာဥပဒေသများနှင့်

ကိုက်ညီမှုအကြွင်းမဲ့ရှိခြင်းအပေါ်တည်မှီလျက်ရှိပေ၏။ဘုရားသခင်က လိုလားချက်ရှိသည်မှာ သူဖန်ဆင်းထားသော သက်ရှိများအားလုံး ထံမှချစ်ခြင်းတရား သူ့စိတ်နေစိတ်ထားအား ဉာဏ်အသိဖြင့် လိုလိုလားလားလက်ခံရယူရာမှ ဖြစ်ပေါ်လာသောရိုသေသမှု ဂါရဝ ပြုခြင်းကို လိုလားတော်မူပါသည်။ အတင်းအဓမ္မလုပ်ယူရရှိသည့် တာဝန်ကျေသစ္စာစောင့်သိခြင်းမျိုးမဟုတ်မူဘဲ အားလုံးကအချုပ် ချယ်မဲ့သောစိတ်ရင်းစေတနာဖြင့် ဘုရားသခင်အမှုတော်ဆောင်ခြင်း ကိုပြုနိုင်ကြစေရန် အလိုတော်ရှိပါ၏။

## ပထမဆုံးသောမာနရှင်

သို့ရာတွင် ဘုရားသခင်ကခွင့်ပြုထားသည့်ဤလွတ်လပ်မှုကို အကောင်းမမြင်ဘဲ တလွဲသုံးရန် ရွေးချယ်သူတစ်ဦးရှိခဲ့လေသည်။ ကောင်းကင်ဘုံ၌အမြဲနေခွင့်ရသူများထဲတွင် ဘုန်းတန်ခိုးအရာ၌ အမြင့်ဆုံးသူတစ်ဦးဖြစ်ပြီး ဘုရားသခင်မှလွဲ၍ ဂုဏ်အသရေ အတင့် တယ်ဆုံးဟူ၍ သတ်မှတ်ခြင်းခံရသူဖြစ်ခဲ့ပါလျက် ၎င်းထံမှအပြစ်တရား သည်စတင်ပေါ်ခဲ့ရပေ၏။ လူစီဖာအမည်တွင်သူ၏ ကျဆင်းရမှု မတိုင်မီကာလ၌ သူသည်တည်ကြည်လေးနက်မှုနှင့် သန့်စင်မှုရှိသော အကာအကွယ် တမန်များအနက်မှတစ်ပါးဖြစ်ခဲ့ပါ၏။ 'ထာဝရဘုရား သခင်၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ဥင်သည်ထူးဆန်းသော တံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍တင့်တယ်သောအသရေလည်း စုံလင်လျက်ရှိ၏။ ဧဒင်အရပ် ဘုရားသခင်၏ဥယျာဉ်တော်၌နေပြီ။ သင်၏ခေါင်းပေါ်မှာ ကျောက်မြတ်အမျိုးမျိုးတို့ကိုဆောင်းလေ၏။ ---သင်သည်ဖြန့်၍လွှမ်းမိုးသော ခေရုဗိမ်ဖြစ်လျက်၊ ငါ့အခွင့်နှင့်

ဘုရားသခင်၏သန့်ရှင်းသောတောင်ပေါ်မှာ နေရာကျ၍ မီးတောက်သောကျောက်တို့တွင် သွားလာရ၏။ ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ ပြုလေရာရာ၌စုံလင်လျက်ရှိ၏။' ယေဇကျေလ ၂၈း၁၂–၁၅။

သူ၏ဖန်ဆင်းပိုင်သူအားချီးမွမ်းလျက် ဘုန်းထင်ရှားစေခြင်းနှင့် သူ၏အကောင်းဆုံးသော တန်ခိုးတို့ကိုအခြားသူများအတွက် ကောင်းကျိုးဆောင်ခြင်းများကြောင့် လူစီဖာသည် ဘုရားသခင်နှင့်တကွ ကောင်းကင်ဘုံရှိတမန်ထုက ချစ်ခြင်း၊ ဂုဏ်ယူခြင်းများဖြင့်လိုလားမှုအားထိန်းထားနိုင်ခဲ့ကောင်းပါ၏။ သို့ရာတွင် ပရောဖက်ကဆိုထားသည်မှာ 'သင်သည်ကိုယ်၌တင့်တယ်ခြင်းအသရေကြောင့်၊ ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောင်သောကြောင့်၊ သင်၏ပညာသည်ဖေါက်ပြန်လျက်ရှိလေပြီ။' ကျမ်းချက်ပိုဒ် ၁၇။ တစ်ဆင့်ပြီးတစ်ဆင့်ဖြင့် သူသည်မိမိကိုယ်ကို အထင်ကြီးလိုသော ဆန္ဒရှိလာခြင်း၌စိတ်ပျော်မွေ့ခဲ့ပေ၏။ 'ကျမ်းချက်အပိုဒ် ၆ အ၇ သင်သည်ကိုယ့်ကိုဘုရားသခင်ကဲ့သို့ထင်မှတ်သောကြောင့်၊' သင်ကလည်းကောင်းကင်ပေါ်သို့ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ သန့်ရှင်းသောတောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ငါတက်မည်။ အမြင့်ဆုံးသောဘုရားသခင်ကဲ့သို့ငါနေမည်ဟုစိတ်အကြံရှိလေပြီ။ ဟေရှာယ ၁၄း၁၃၊၁၄။ ဖန်ဆင်းထားခြင်းခံရသူများက တွယ်တာမြတ်နိုးလျက် သစ္စာစောင့်သိမှုတို့ဖြင့် ကိုယ်တော်အပေါ် အထွတ်အထိပ်သို့ရောက်စေအောင် ဖန်တီးပေးရမည့်အစား၊ လူစီဖာက သူ့အတွက်သာလျှင် ထိုအရာများကိုပေးအပ်ကြစေရန်ကြိုးပမ်းခဲ့ပါသည်။ အဖခမည်းတော်က သားတော်အပေါ်

ချပေးအပ်သည့်ဂုဏ်အသရေကို တပ်မက်သောအားဖြင့် ကောင်းကင် တမန်တို့၏မင်းသားသည် ခရစ်တော်တစ်ဦးတည်း၌သာလျှင်ရှိပြီး အာဏာစက်ကိုရရှိနိုင်အောင်ရည်မှန်းချက်ထား၍ လုပ်ဆောင်ပါ လေ၏။

ဖန်ဆင်းသခင်၏ဘုန်းထင်ရှားခြင်းကို ထင်ဟပ်ရန်နှင့် ကိုယ်တော်၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းအား ဆက်၍ဆောင်ရွက်ရန် ကောင်းကင်သားအားလုံးသည် ဝမ်းမြောက်ခဲ့ကြပါသည်။ ထိုအခါ အားလုံးအတွက် ပျော်ရွှင်ခြင်းနှင့်ငြိမ်သက်ခြင်းကိုဘုရားသခင်အား ဂုဏ်ပြုအလေးထားခြင်းအားဖြင့်ရရှိခဲ့ကြပေ၏။ အထက်အာကာသ တစ်ခွင်၌ ညီညွတ်ခြင်းများအတွင်းသို့ ယခုမူသဘောထားကွဲလွဲသံတစ် ခုကဝင်လာလျက် သွေဖည်ခဲ့ပါလေတော့သည်။ ဘုရားသခင်အပေါ် ၌သာလျှင် အလေးအမြတ်ထားရှိသူတို့၏စိတ်ထဲတွင် မိမိကိုယ်မိမိ အရေးထားကာပြန်လည်ချီးမွမ်းခြင်းမျိုးသည် ဖန်ဆင်းသခင်၏စီမံချက် နှင့်ဖီလာဖြစ်လျက် မကောင်းမှုတစ်စုံတစ်ရာ ကျရောက်တော့မည် ဆိုသည့်မှန်းဆချက်တို့ကို နိုးကြားလာစေခဲ့ပါတော့၏။ ကောင်းကင် တမန်အဖွဲ့ဝင်တို့သည် လူစီဖာနှင့်စကားဆိုခဲ့ကြရပေသည်။ ဘုရား သခင်၏သားတော်သည် သူ့ရှေ့မှောက်သို့ဖန်ဆင်းသခင်၏ကြီးမြတ် ခြင်း၊ ကောင်းမြတ်ခြင်းနှင့်တရားမျှတခြင်းတို့အားလည်းကောင်း၊ ဘုရားသခင်၏ဥပဒေသသည် ပြောင်းလဲခြင်းမရှိသည့်သဘောသဘာဝ နှင့်အလေးအနက်ထားပြီးလိုက်နာရန် လိုအပ်ခြင်းအားလည်းကောင်း ချပြပေးခဲ့ကါ၏။ ဘုရားသခင်ကိုယ်တော်တိုင်ပင် ကောင်းကင်လောက၌ တည်ငြိမ်မှုအတွက်ချမှတ်ပေးထားခြင်းကို ဖောက်ဖျက်စွန့်ခွာမည်ဖြစ် ပါက လူစီဖာအနေဖြင့် မိမိ၏ဖန်ဆင်းသခင်အားဂုဏ်အသရေရွှမ်းစေအောင်

ပြုသလို မိမိကိုယ်တိုင်မှာလည်း နစ်နာမှုခံရမည်သာဟုရှင်းပြခဲ့၏။ သို့သော် ထိုသတိပေးချက်မှာ တုန့်ရှိုင်း၍မရသည့်သနားကြင်နာမှု အားဖြင့်ပေးအပ်ခဲ့ခြင်းဖြစ်သော်ငြားလည်း တော်လှန်လိုသောစိတ်ဓာတ် တစ်ရပ်ကိုသာလျှင်နိုးထစေခဲ့ပါသည်။ လူစီဖာက ခရစ်တော်၌စိတ် မချမ်းသာမှုကိုဆက်၍ဖြစ်စေပြီးလျှင် သူ့အနေဖြင့် ပိုမို၍သာပိုင်းဖြတ် မှုခိုင်မြဲသောအနေအထား၌ရပ်တည်ခဲ့တော့၏။

သူ၌ရှိသောဘုန်းအသရေအပေါ် မာနထားခြင်းက အဆင့်အမြင့် မားဆုံးသောအာဏာစက်အား လိုလားသည့်စိတ်ထားကို ပိုမိုမြှင့်တင် စေခဲ့ပေသည်။ ဘုရားသခင်က လူစီဖာကိုအပ်နှင်းပေးထားသော မြင့်မြတ်သည့်ဂုဏ်သိက္ခာများအား ဆုလက်ဆောင်အဖြစ်မသတ်မှတ်ဘဲ ဖန်ဆင်းသခင်ကိုလည်း ကျေးဇူးတင်ရန်မလိုဟု သူကခံယူခဲ့သည်။ သူသည် သူ၌ရှိနေသည့်တင့်တယ်ခြင်းအသရေကိုသာ ပြန်လည် ချီးမြှောက်လျက်နေပြီးလျှင် သူသည် ကိုယ်ကိုဘုရားသခင်ကဲ့သို့ ထင်မှတ်မှားသောရည်မှန်းချက်ကိုထားရှိခဲ့၏။ ကောင်းကင်ဘုံရှိ တမန်ထုက သူ့အားချစ်ခင်မှုနှင့်အတူလေးစားကြောက်ရွံ့မှုဖြစ်ကြ လေသည်။ ကောင်းကင်တမန်များထဲတွင်ဉာဏ်ပညာနှင့် ဘုန်းအသရေ မှာအမြင့်ဆုံးဖြစ်ခဲ့ရာ သူ၏အမိန့်ညွှန်ကြားချက်တို့ကို ဝမ်းမြောက်စွာ နာခံလုပ်ဆောင်ခဲ့ကြလေသည်။ သို့ပင်ဖြစ်သော်လည်း ဘုရားသခင်၏ သားတော်သည်သာလျှင် ကောင်းကင်ဘုံ၏အမြင့်ဆုံးသောအာဏာ ပိုင်ဖြစ်ပြီးလျှင် တန်ခိုးနှင့်အာဏာအရာတွင် ခမည်းတော်ဘုရားသခင် နှင့်တစ်ထက်တည်းဖြစ်ကြောင်း အသိအမှတ်ပြုထားခဲ့ကြပါ၏။ ဘုရား သခင်၏အဖွဲ့အစည်းများအားလုံးတွင် ခရစ်တော်အပါအဝင်ဖြစ်ရာ လူစီဖာမှာမူ မွန်မြတ်သန့်စင်သောဘုရားသခင်ဆိုင်ရာ လုပ်ငန်းများတွင်

ဝင်ရောက်ဆောင်ရွက်ခွင့်မရှိသူဖြစ်ခဲ့လေသည်။ 'အဘယ်ကြောင့်ခရစ်တော်ကအထက်စီးဖြစ်ရသနည်း၊အဘယ်ကြောင့် ငါ့ထက်သူ့ကိုယခုကဲ့သို့ဂုဏ်ပြုကြပါသနည်း' ဟု မာန်မာနကြီးသောတမန်တော်လူစီဖာက မေးခွန်းထုတ်ခဲ့ပါ၏။

## ဆိုးညစ်သည့်လုပ်ရပ်

ကောင်းကင်တမန်များအတွင်း မကျေနပ်သည့်စိတ်ဓါတ်ကို ပြန့်ပွားစေခြင်းအလို့ငှါ၊ လူစီဖာသည် ဘုရားသခင်ရှေ့တော်မှောက်ရှိ သူ့နေရာမှထွက်ခွာခဲ့ပေသည်။ လျှို့ဝှက်မှုအပြည့်ထားလျက် အပြင်ပန်းအားဖြင့် ဘုရားသခင်အား ချစ်ကြောက်ရိုသေသည့်အသွင်ဆောင်ကာ သူအမှန်လိုလားချက်ကို အချိန်ယူဖုံးကွယ်ထားပြီးလျှင် ကောင်းကင်သားတို့အပေါ်ပြဌာန်းသည့် ဥပဒေများနှင့်စပ်လျဉ်း၍ မကျေနပ်မှုပေါ်ပေါက်အောင်လှုံ့ဆော်နိုင်ရန် သူကြိုးပမ်းခဲ့လေသည်။ ၎င်းတို့မှာ မလိုအပ်ဘဲလျက် ချုပ်ချယ်နိုင်ရန် ရည်သန်ပြဌာန်းချက်ဖြစ်သည်ဟု တဲ့တိုးပင်ထုတ်ဖေါ်ပြောဆို၏။ ကောင်းကင်ဘုံရှိ တမန်တို့၏သန့်ရှင်းသောသဘာဝအရ မိမိတို့စိတ်ထဲ၌ဖြစ်လာသည့် ညွှန်ပြချက်များသာလျှင်လိုက်နာနားထောင်သင့်ကြောင်း သူက တိုက်တွန်းခဲ့သည်။ အမြင့်ဆုံးသောဂုဏ်သိက္ခာကို ခရစ်တော်အပေါ် ဘုရားသခင်က ချပေးထားခြင်းသည် တရားမျှတမှုမဖြစ်ပါကြောင်းနှင့် သူ့အတွက်စာနာထောက်ထားသောအားဖြင့် ပြန်လည်ပြင်ဆင်သင့်သည်ဟု အကြံပြုပြောဆိုပြန်ပါ၏။ သူကတောင်းဆိုသည်မှာ ပို၍မြင့်သောဂုဏ်နှင့်အာဏာကို ရယူလိုခြင်း၌ မိမိကိုယ်ကိုချီးမြှောက်ရန် မရည်ရွယ်ခဲ့ဘဲ ကောင်းကင်သားအားလုံး၏အရေးပိုင်းတွင် လွတ်လပ်ခိုင်မာမှုရှိစေရေးအတွက်သာ

ကြိုးစားနေခြင်းကြောင့်၊ ၎င်းတို့သည် ပိုမိုအဆင့်မြင့်သော ဖြစ်တည်မှုသို့ ရောက်ကောင်းရောက်ရှိသွားသည်ဟု နားလည်ရမှာဖြစ်ကြေင်းတည်း။

ဘုရားသခင်သည် မဟာကရုဏာသခင်ဖြစ်၍ လူစီဖာအပေါ် သည်းခံစိတ်ရှည်စွာဖြင့်အချန်ပေးခဲ့ပါသည်။ မကျေနပ်မှုစိတ်ဓာတ် တွင် ဦးစွာပျော်မွေ့ခဲ့စဉ်ကလည်းကောင်း၊ သစ္စာရှိကောင်းကင်တမန် များရှေ့မှောက်၌ သူ၏မမှန်ကန်တင်ပြချက်များအား သတင်ပြောခဲ့ ရာတွင်ပင်လည်းကောင်း အများချီးမွမ်းခံရသည့် ၎င်း၏ရာထူးနေရာမှ အလျင်စလိုဖယ်ရှားခြင်းမပြုခဲ့ပေ။ ကောင်းကင်လောက၌သူ့အား ကြာမြင့်သောကာလအားဖြင့်နေခွင့်ပေးထားခဲ့၏။ အမှန်တကယ် နောင်တရခြင်းဖြင့် မိမိအမှားကိုစွန့်လွှတ်ခဲ့မည်ဆိုပါက ခွင့်လွှတ်ပေး မည်ဖြစ်ကြောင်း အကြိမ်ကြိမ်ကမ်းလှမ်းခဲ့ပါ၏။ အနှိုင်းအဆမရှိသော ချစ်ခြင်းနှင့်ဉာဏ်ပညာကြီးခြင်းအားဖြင့်သာ စီမံလုပ်ဆောင်နိုင်သည့် ကြိုးပမ်းချက်များမှာ သူ၏အမှားကိုသိလျက် သတိတရားရအောင် မဖြစ်စေခဲ့ပေ။ ရှေးအခါကာလတို့၌ ကောင်းကင်တစ်ခွင်တွင် မကျေ မနပ်မှုစိတ်ဓာတ်ဆိုသည်ကိုကြားဖူးခြင်းမရှိခဲ့ပါ။ လူစီဖာမှာ ကိုယ်တိုင်ပင်လျှင် သူဘယ်အရပ်သို့လွင့်ပါးနေသည်ကိုဦးစွာပထမ မသိခဲ့၊ သူ့ခံစားချက်တို့၏သဘောမှန်ကို သူနားလည်နိုင်စွမ်းမရရှိဘဲ ဖြစ်ခဲ့ပါသည်။ သို့သော် သူ၏မကျေနပ်ချက်မှာ အကြောင်းအရင်းမရှိဘဲ ဖြစ်ကြောင်းထင်ရှားလာခဲ့သည့်အခါ လူစီဖာအနေဖြင့် မိမိ၏လမ်းလွဲခြင်းကို နားလည်သဘောပေါက်လျက် ဘုရားသခင်၏လိုလားချက်မှာမျှတခြင်း ရှိသည်ဖြစ်၍ ထိုသို့ဖြစ်သည့်အကြောင်းကို ကောင်းကင်တစ်လောက လုံး၏ရှေ့မှောက်၌ သူကအသိအမှတ်ပြုဝန်ခံရန် ထိုက်သင့်ပေ၏။

ထိုသို့ပြုလုပ်နိုင်ခြင်းရှိခဲ့ပါက သူသည်မိမိကိုယ်ကိုသာမက ကောင်းကင် တမန်အများအပြားတို့ကိုလည်း ကယ်နုတ်ရာရောက်ခဲ့ပေမည်။ ထိုစဉ် အခါက သူသည် ဘုရားသခင်အပေါ်ပြုအပ်သောတာဝန်ကိုအပြည့် အဝစွန့်ပယ်ခဲ့ခြင်းမပြုသေးပေ။ သူသည်ဖြန့်၍လွှမ်းမိုးသောခေရုဗိမ် ဖြစ်ပါလျက် ထိုတာဝန်ကို ပစ်ပယ်ထားခဲ့ပြီးဖြစ်သော်လည်း၊ သူ့အနေ ဖြင့်ဘုရားသခင်ထံပြန်လည်ဝင်ရောက်လိုစိတ်ရှိခဲ့ပါလျှင်၊ ဖန်ဆင်း ပိုင်သူဘုရားသခင်၏ဉာဏ်ပညာကြီးခြင်းကို အသိအမှတ်ပြုသော အားဖြင့် ဘုရားသခင်က ချမှတ်ပေးထားသည့်မဟာစီမံကိန်း၌ သူ့အား ခန့်အပ်သည့်နေရာသို့ ကျေနပ်မှုအပြည့်ဖြင့်ဝင်ရောက်မည့်ဖြစ်ပါက သူ့အား တာဝန်ပြန်လည်အပ်နှင်းခြင်းခံရမည်သာဖြစ်ပါ၏။ သို့သော် ထိုသို့မဖြစ်စေခဲ့သည့်မာနတရားသည် သူ၌တည်ခဲ့၏။ သူသည် စွဲမြဲစွာပင် သူ့လမ်းကိုကာကွယ်ခုခံခဲ့ကာ နောင်တရှိမှုမလိုဟု ရပ်တည်လျက် မိမိ၏ဖန်ဆင်းသခင်အား ကာလရှည်ကြာ မဟာ တိုက်လှန်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆန့်ကျင်ခဲ့လေသည်။

သူ၏လက်အောက်ခံဖြစ်ခဲ့ဖူးသော ကောင်းကင်တမန်တို့၏ ပူးပေါင်းမှုကိုရစေအံ့သောငှါ ထူးချွန်ထက်မြက်သည့်အတွေးအခေါ် ကိုစွမ်းအားပြည့်အသုံးပြုကာ လှည့်စားမှုလုပ်ရပ်ဘက်သို့တိမ်းလေ၏။ သူ၏သစ္စာမဲ့သည့် ကြံသည်ချက်များအောင်မြင်စေရန်အတွက် တစ် ချန်ကသူ့အား ခရစ်တော်သည် သတိပေးဆုံးမခဲ့ခြင်းကိုပင်လျှင် ယုံ ကြည်မှုပျက်ပြားစေရန် ဖန်တီးခဲ့ပေသည်။ သူ့အပေါ်ချစ်ခင်ယုံကြည် မှုအရအနီးကပ်ဆုံးရှိနေကြသူများအား၊ သူသည်လွဲမှားမှုရှိစွာစီရင် ခံခဲ့ရခြင်းဖြစ်သည်ဟုလိုရာဆွဲလျက် စာတန်ကပြောခဲ့ကာ သူ့အဆင့် အတန်းကို လေးစားမှုမထားဘဲ သူ၏လွတ်လပ်မှုကိုလည်းသက်တမ်း

တိုသေအောင်ပြုခြင်းကိုခံရကြောင်း ပြောပြန်ပေ၏။ ခရစ်နစ်တော်၏စကား
လုံးများကို တစ်လွဲပြန်၍ပြောရာမှတစ်ဆင့်တိုးလျက် တစ်စိတ်တစ်
ဒေသမမှန်သောစကားလုံး၊ လုံးဝဥဿုံမမှန်သောစကားအဖြစ်သို့
ပြောင်းကာ ကောင်းကင်တစ်ခွင်အစဉ်အမြဲနေသူများရှေ့တွင် သူ၏
သိက္ခာကျ အရှက်ရစေသည့်အဖြစ်သို့ရောက်အောင်စီမံခဲ့သူမှာ ဘုရား
သခင်၏သားတော်ပင်ဖြစ်သည်ဟု စွပ်စွဲနေပါသည်။ သူကတောင်းခံ
ခဲ့သည်မှာ သူနှင့်သစ္စာရှိကောင်းကင်တမန်များအကြား အမှန်မဟုတ်
သောစကားရည်လုပွဲတစ်ခုကျင်းရန်လည်း ပါရှိပါသည်။ ယုံကြည်
ခြင်းခိုင်မြဲလျက် သူ့ဘက်သို့အပြည့်အဝသိမ်းသွင်း၍မရသည့်တမန်
အားလုံးတို့သည် ကောင်းကင်သားများ၏ကောင်းကျိုးကို လျစ်လျူရှု
ခဲ့ကြသည်ဟု သူကစွပ်စွဲခြင်းပြုခဲ့ပါ၏။ သူကိုယ်၌ကလုပ်ဆောင်နေ
သည့်ဤအချက်ကို ဘုရားသခင်အပေါ်ဆက်၍ သစ္စာစောင့်သူများ
အပေါ်ပုံချ၍ စွပ်စွဲခဲ့ခြင်းသာဖြစ်လေသည်။ ထို့အပြင် သူ့အပေါ်ဘုရား
သခင်၏တရားမျှတမှုမရှိဟူသောစွဲချက်ကို ထိန်းထားရန် သူသည်
ဖန်ဆင်းသခင်၏မြွက်ဆိုချက်များနှင့် လုပ်ဆောင်ချက်တို့အပေါ်
မှားယွင်းစွာပြန်၍တင်ပြရန် နောက်ဆုံးအဖြစ်အထောက်အကူပြုခဲ့
ပါ၏။ ဘုရားသခင်၏လိုလားချက်များနှင့်စပ်လျဉ်း၍ ကောင်းကင်
တမန်အများဇဝေဇဝါဖြစ်သွားအောင် စိတ်ရှုပ်ဖွယ်ရာဖြစ်စေမည့်
ဆွေးနွေးချက်များဖြင့် လုပ်ဆောင်ရန်မှာ သူ၏မူဝါဒဖြစ်ခဲ့ပေသည်။
ရိုးစင်းသည့်အရာတိုင်းကိုလျှို့ဝှက်ခြင်းဖြင့် တိမ်သလာဖုံးစေရန်နှင့်
လှည့်စားခြင်းဖုံးလွှမ်းထားသောမူမမှန်သည့် အပြောင်းအလဲအားဖြင့်
အရှင်းလင်းဆုံးဖြစ်သည့် ယေဟောဝါဘုရားသခင်၏မြွက်ဆိုချက်များ
အပေါ် ဒွိဟသံသယဖြစ်စေရန် သူလုပ်ကြံဖန်တီးခဲ့ပါ၏။ သူ့ထံရှိမြင့်သော

အဆင့်အရ၊ ဘုရားသခင်၏မူဝါဒနှင့်အနီးကပ်ဆက်နွှယ်မှုရှိခြင်း အားဖြင့် သူ၏ရှင်းလင်းတင်ပြချက်များကို အားသာမှုဖြစ်စေခဲ့၍ တမန်အများအပြားသည် ဘုရားသခင်၏အမိန့်အာဏာကို ပုန်ကန်ရာတွင် သူနှင့်ပူးပေါင်းလုပ်ဆောင်ရန် သေချာသွားတော့သည်။

## ဖန်ဆင်းသခင်၏သည်းခံစိတ်ရှည်ခြင်း

သစ္စာမဲ့သောစိတ်ဓာတ်သည် ရင့်မျည့်ကာ ပုန်ကန်မှုထကြွသည်အထိ ဘုရားသခင်ကဉာဏ်ပညာသုံးလျက် စာတန်ကို သူ့လုပ်ရပ်အားဆက်၍ဆောင်ရွက်ခြင်းကို အခွင့်ပြုထားခဲ့ပါသည်။ ၎င်း၏ အစီအမံတို့သည် အပြည့်အဝဖွံ့ဖြိုးလာစေပြီးလျှင် ယင်းတို့၏မုလသဘာဝနှင့်ယိမ်းညွတ်ခြင်းကို အားလုံးကသိမြင်လောက်အောင်ရှိလာစေရန် လိုအပ်ခဲ့ပေ၏။ ကိုယ်တော်တိုင်ခန့်အပ်ခဲ့ပြီးဖြစ်သူ ဖြန့်၍လွှမ်းသောခေရုဗိမ်လူစိဖာမှာ မြင့်သောအဆင့်၌တင်ပေးခံထိုက်ခဲ့လေသည်။ ကောင်းကင်သားတို့၏ချစ်ခင်မှုကို ပြည့်ဝစွာရရှိခဲ့လျက် သူ၏ဩဇာသက်ရောက်မှုသည် သူတို့အပေါ်၌ခိုင်မာစွာဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏အုပ်စိုးမှုအာဏာသည် ကောင်းကင်၌နေသူများသာမက ကိုယ်တော်သခင်ဖန်ဆင်းထားသော ကမ္ဘာလောကများအပါအဝင်ဖြစ်၏။ သို့ဖြစ်ပါ၍ ကောင်းကင်တမန်များအား မိမိ၏ပုန်ကန်မှုတွင်ပါဝင်အောင်ခေါ်နိုင်ခဲ့မည်ဆိုက အခြားသောကမ္ဘာများကိုပါ အလားတူခေါ်နိုင်မည်ဟု စာတန်က စဉ်းစားခဲ့ပါသည်။ မမှန်မကန်သည့်တွေးခေါ်စဉ်းစားမှုများသုံး၍ လှည့်စားခြင်းနှင့် အစစ်အမှန် မဟုတ်သောယုံကြည်ချက်သို့လမ်းလွဲခြင်းအားဖြင့် သူ၏ရည်ရွယ်ချက်ကိုဖြစ်မြောက်

စေရန် သူသည် စဉ်းလဲစွာဖြင့်ပင် မိမိဘက်မှအဖြေကိုထုတ်ခဲ့ပြီးဖြစ်လေသည်။ သူ၏လုည့်စားနိုင်မှုစွမ်းပကားမှာ အလွန်ပင်အားကြီးပြီးလျှင် မမှန်သည့်လိမ်ညာမှုဝတ်ရုံကိုဆင်မြန်းလျက် ရုပ်ဖျက်ကာအသုံးချအမြတ်ထုတ်ခဲ့သည်။ သစ္စာရှိကောင်းကင်တမန်များသည်ပင်လျှင် သူ၏စရိုက်အမှန်ကိုထင်ရှားစွာမမြင်နိုင်ခဲ့သလို သူ့လုပ်ရပ်ကဘာကိုဦးတည်မှုရှိသည်ကိုပင် မြင်နိုင်စွမ်းမရှိခဲ့ပေ။

စာတန်မှာ အလွန်အဆင့်မြင့်စွာလည်း ဂုဏ်ပြုခြင်းခံထားရသလို သူ၏လုပ်ရပ်အားလုံး၌လည်း လျှို့ဝှက်မှုဖြင့်ဖုံးကွယ်ထားခြင်းရှိခဲ့ရာ သူ့အနေအထားအမှန်ဖြစ်သည့်လုပ်ရပ်ကို ကောင်းကင်တမန်များသိရအောင်ဖွင့်ချပြရန် အခက်အခဲရှိခဲ့ပါသည်။ အပြည့်အဝထင်ရှားလာမည့်အချိန်အထိ အပြစ်သည်ပါ ၄င်း၏ဆိုးညစ်မှုကိုမပေါ်လွင်စေဘဲရှိတတ်ပေ၏။ ရှေးယခင်ကမူ ဘုရားသခင်၏ကမ္ဘာမြေကြီးတစ်ဝန်း၌အပြစ်အတွက်နေရာမရှိခဲ့ဘဲ သန့်ရှင်းသောကောင်းကင်သားများသည် ၎င်း၏မကောင်းမှုသာ အမြစ်တွယ်လျက်ရှိသည့် လိုအင်ဆန္ဒရှိခြင်းသဘောအားအတွေးအခေါ်မပေါက်ဘဲရှိခဲ့ကြပါသည်။ မွန်မြတ်လှသောဥပဒေကိုဘေးဖယ်ထုတ်ခြင်းအားဖြင့် ဖြစ်လာမည့်ကြောက်မက်ဖွယ်ရာရလဒ်အား သူတို့က ထင်ထင်ရှားရှားမမြင်နိုင်ခဲ့ကြပါ။ စာတန်ကဦးစွာပထမတွင် ၎င်း၏လုပ်ရပ်ကို စစ်မှန်ပြီးသစ္စာရှိသည့်အသွင်ဆောင်သော်လည်း အမှန်တကယ်မဟုတ်ခဲ့သောကြေညာချက်ဖြင့် ဘုရားသခင်အပေါ်သစ္စာရှိကျိုးနွံဟန်ဖြင့် ကွယ်ဝှက်ထားခဲ့ပါလေ၏။ သူကဘုရားသခင်ဂုဏ်အသရေတိုးမြှင့်ရေးတည်ငြိမ်မှုရှိသည့် ကိုယ်တော်၏အုပ်စိုးခြင်းနှင့် ကောင်းကင်ဘုံ၌ရှိနေသူအားလုံးတို့၏ကောင်းကျိုးအတွက် ကြိုးပမ်းနေကြောင်းပြောခဲ့လေသည်။ သူ့လက်အောက်ခံတမန်

တို့၏စိတ်နှလုံးများထဲသို့မကျေမနပ်မှုကို တဖြည်းဖြည်းချင်းသွတ်သွင်းပေးခဲ့လျက် မကျေနပ်မှုကိုဖယ်ရှားပစ်နိုင်မည့် နည်းလမ်းအားရှာဖွေနေသည့်အသွင်ကိုဖေါ်ဆောင်ရန် ကောက်ကျစ်စွာလုပ်ဆောင်ခဲ့၏။ ဘုရားသခင်၏ စီမံအုပ်ချုပ်မှုဆိုင်ရာအမိန့်နှင့်ဥပဒေများတွင် ပြုပြင်ပြောင်းလဲမှုများရှိလာစေရန် တိုက်တွန်းခဲ့ရာတွင် ကောင်းကင်ဘုံနှင့်ကောင်းကင်သားတို့အတွင်းစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းနိုင်ရန်လိုအပ်ချက်အရဟူသော မမှန်သည့်အကြောင်းပြချက်ကို အသုံးချခဲ့ပါသည်။

ဖြောင့်မတ်ခြင်းနှင့်သစ္စာတရားကိုသာလျှင် အခြေခံလျက်အပြစ်ဆိုင်ရာအမှုကိစ္စကို ဖြေရှင်းကိုင်တွယ်ခြင်းအား ကိုယ်တော်တတ်နိုင်ခဲ့ပါ၏။ စာတန်အနေအားဖြင့် ဘုရားသခင်ခွင့်မပြုသည့်မြှောက်ပင့်မှုနှင့်လှည့်စားမှုတို့ကိုတတ်နိုင်ပေသည်။ ကောင်းကင်တမန်တို့ထံမဟုတ်မမှန်သောတင်ပြချက်ဖြင့် ကိုယ်တော်၏အုပ်ချုပ်မှုအစီအမံကိုလည်းကောင်း၊ နှုတ်တော်ထွက်စကားကိုလည်းကောင်းမမှန်မကန်ပြုရန်သူကကြိုးစားခဲ့ရာတွင် ကောင်းကင်သားတို့အတွက်ထားရှိအပ်သောဥပဒေများနှင့်စည်းမျဉ်းများသည် တရားမျှတခြင်းမရှိခဲ့ကြောင်းပြောဆိုရင်း ဘုရားသခင်သည် သူဖန်ဆင်းထားသောသက်ရှိသတ္တဝါတို့၏ရှိသေမှုနှင့်နာခံမှုတို့အား တောင်းခဲ့ခြင်းသည် သူ့ကိုယ်ကိုသူမြှင့်တင်ရင်း ထိုအဖြစ်တွင် သာယာကြည်နူးမှု ရယူခံစားရန်သာလျှင်ဖြစ်ကြောင်းပြောခဲ့၏ သို့အတွက် ကောင်းကင်ဘုံသားများအပြင် အခြားသောကမ္ဘာများတွင်ရှိသူများရှေ့၌ ဘုရားသခင်၏အုပ်စိုးခြင်းမှာ တရားမျှတမှုရှိသည့်အပြင် ကိုယ်တော်၏ဥပဒေ၌စုံလင်ခြင်းရှိကြောင်းအထောက်အထားများနှင့်ရှင်းအောင် ပြဆိုရမည်သာဖြစ်သည်။ စာတန်သည် သူကိုယ်၌ကပင်ထူးလျက် ကမ္ဘာလောကတစ်ခွင်ကောင်းကျိုးမြှင့်

တင်ရန်လုပ်ဆောင်နေသကဲ့သို့ လှည့်စားထားခဲ့လေသည်။ ဤသည်မှာ အာဏာကို လုတတ်သူ၏စစ်မှန်သောစရိုက်ဖြစ်ပြီး သူ၏ရည်ရွယ်ရင်းအမှန်ကိုအားလုံးက နားလည်သိရှိရမည်သာ။ သူ့အတွက်အချိန်ရရှိစေလျှက် သူ၏ဆိုးညစ်သည့်လုပ်ရပ်များအား သူကပင်ဖော်ညွှန်းစေရန် ပြုလုပ်ရပေမည်။

ကောင်းကင်နိုင်ငံတော်တွင် သူ့ပယောဂကြောင့်ပေါ်လာခဲ့ရသော အငြင်းပွားမှုအတွက် စာတန်ကချုပ်ချယ်သည့်ဥပဒေနှင့်အုပ်ချုပ်မှုအဖွဲ့ကိုတာဝန်ရှိသူ ဘုရားသခင်ကြောင့်သာဟုစွပ်စွဲချက်ပြုခဲ့၏။ ဖြစ်ခဲ့ရသောမကောင်းမှုအားလုံးမှာ ကိုယ်တော်ဘုရားသခင်၏အုပ်ချုပ်ရေးဆိုင်ရာရလဒ်ပင်ဖြစ်ကြောင်းကြေညာခဲ့ပေသည်။ ယေဟောဝါသခင်က ချမှတ်ပေးထားသည့်တည်ဆဲဥပဒေများအား ပို၍တိုးတက်ကောင်းမွန်လာရေးအတွက် သူကရည်မှန်းထားခဲ့ပြီးဖြစ်ကြောင်းပြောလျက် ထိုကိစ္စအတွက် သူ၏တောင်းဆိုချက်များကို အထောက်အထားဖွင့်ဆိုရန်လိုအပ်လာခဲ့ကြောင်းနှင့်၊ ဥပဒေကိုပြင်ဆင်ရန် အဆိုပြုထားခြင်းနှင့်အတူ အဖြေကိုပါထုတ်ဖော်ပြနိုင်မည့်အကြောင်းပြောခဲ့ပါသည်။ သူ၏လုပ်ရပ်သည်သာ သူကိုယ်တိုင်အပြစ်မကင်းကြောင်းသိထားစေရမည်ဖြစ်၏။ စာတန်က အစကနဦးကပင် ပြောဆိုထားခဲ့သည်မှာ သူသည်ပုန်ကန်နေခြင်းမဟုတ်ပါကြောင်းပြောခဲ့လေသည်။ ကမ္ဘာမြေကြီးတစ်ရပ်လုံးသည် လိမ်လည်လှည့်စားခံရသူ၏မျက်နှာဖုံးခွာချခံရခြင်းအား တွေ့မြင်ရပေမည်။ ကောင်းကင်နိုင်ငံတွင် သူသည်တည်နေနိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းကိုခံရသည့်အချိန်၌ပင် တန်ခိုးတော်သခင်က စာတန်အား မဖျက်ဆီးခဲ့ပါ။

ဘုရားသခင်အပေါ်ချစ်ခြင်းအားဖြင့် အမှုတော်ဆောင်ခြင်း တစ်မျိုးတည်းကိုသာလျှင် လက်ခံနိုင်မငရှိသည်ဖြစ်သောကြောင့် ကိုယ်တော်၏ဖန်ဆင်းခြင်းကိုခံရသော သက်ရှိအပေါင်း၏သစ္စာရှိမှု သည် ဘုရားသခင်၏တရားမျှတမှုနှင့်ကောင်းမြတ်သည့်အရာတွင် အစဉ်ရှင်သန်နေမှု၌ ခိုင်မာစွာယုံကြည်မှုအပေါ်တည်မှီနေရပါမည်။ အခြားကမ္ဘာများနှင့်ကောင်းကင်တွင် မှီခိုနေကြသူအနေဖြင့် အပြစ်နှင့်အတူဖြစ်ပေါ်လိုက်ပါလာမည့်အရာများကိုဖြစ်စေ၊ အပြစ်၏သဘော သဘာဝကိုဖြစ်စေ နားလည်နိုင်မည့်အနေအထားမရှိကြသဖြင့် စာတန်အားဖျက်ဆီးခြင်းအရာတွင် ဘုရားသခင်၏တရားမျှတခြင်းနှင့်ကြင်နာ သနားတတ်ခြင်းတို့ကို ထိုအချိန်ကာလ၌မြင်တွေ့နိုင်ခဲ့မည်မဟုတ်ပေ။ သူ၏ဖြစ်တည်ရှင်သန်မှုအား ချက်ချင်းပယ်ဖျက်ခဲ့ပါသော် သူတို့သည် ဘုရားသခင်ကိုချစ်ခြင်းထက် အကြောက်တရားဖြင့်သာလျှင် ဝတ်ပြု ကိုးကွယ်ကာ အမှုတော်ကိုဆောင်ရွက်ကြပေမည်။ လှည့်စားသူ၏ ဩဇာညောင်းမှုသည် ထိုသောအခါအပြည့်အဝပျက်စီးသွားမည် မဟုတ်သကဲ့သို့ ပုန်ကန်သောစိတ်ဓါတ်ကိုလည်း အမြစ်ကဆွဲယူ နုတ်ပယ်ခြင်းခံရမည်မဟုတ်တော့ပါ။ ဆိုးညစ်မှုသည် အဆိုးဆုံးသော အဆင့်သို့ရောက်ခဲ့သည်တိုင်အောင် စောင့်ဆိုင်းပေးရမည်သာ။ ရပ်တန့်ခြင်းမရှိသည့်သက်တမ်းကာလတစ်လျှောက် အာကာသ ကမ္ဘာမြေကြီးတစ်ခွင်လုံး၏ကောင်းကျိုးအတွက် စာတန်၏မကောင်း သည့်အခြေခံဥပဒေသများအား ပိုမိုတိုးတက်အောင် ဆောင်ရွက်ခွင့် ပြုရမည်သာလျှင်ဖြစ်ပေ၏။ ထိုအခါ သန့်စင်မွန်မြတ်သောအုပ်ချုပ်မှု အပေါ်တွင် သူ၏စွပ်စွဲချက်များအား ဖန်ဆင်းခံသက်ရှိအားလုံးအနေဖြင့် မှန်ကန်သောအမြင်ကိုရရှိကာ ဘုရားသခင်၏တရားမျှတခြင်းနှင့်

ချစ်သနားခြင်းအပြင် ပြောင်းလဲ၍မဖြစ်ဘဲ အစဉ်အမြဲတည်နေရမည့် ကိုယ်တော်၏ဥပဒေအပေါ်ထောက်ကွက်ပြုလာခြင်းအားလုံးကို အစဉ်ထာဝရအသိအမှတ်ပြုထားနိုင်ခဲ့မည်သာဖြစ်ပါသည်။

## ဆိုးညစ်ခြင်းအတိုင်းအတာ

စာတန်၏ပုန်ကန်မှုသည် အာကာသကမ္ဘာမြေကြီးတစ်ခွင်၌ လာမည့်ခေတ်ပေါင်းအဆက်ဆက်တစ်လျှောက် သင်ခန်းစာတစ်ရပ် ပေါ်ထွက်လာခဲ့မည်ဖြစ်ရာ အပြစ်တရား၏ကြောက်မက်ဖွယ်ရာရလဒ်များဖြင့် အစဉ်တည်တံ့မည့်သက်သေခံချက်ဖြစ်လေသည်။ စာတန်အုပ်စိုးမှုကြောင့် ထွက်လာသောအဖြေနှင့် လူသားများနှင့်ကောင်းကင်တမန်များအပေါ်၎င်း၏အကျိုးသက်ရောက်မှုတို့မှာ သန့်စင်မွန်မြတ်သောအာဏာပိုင်ကို ဘေးဖယ်ထုတ်ခြင်းကြောင့်ခံယူရသည့်အကျိုးဆက်အဖြစ်ပေါ်လွင်လာမည်သာဖြစ်၏။ ကိုယ်တော်ဖန်ဆင်းခဲ့သောသက်ရှိအားလုံးကောင်းမှုဖြစ်ပေါ်ခံစားရစေခြင်းအတွက် ဘုရားသခင်၏ဥပဒေဖြင့်အစိုးရခြင်းသည် လိုအပ်ကြောင်းကိုသက်သေခံခြင်းပေတည်း။ အဆိုပါပုန်ကန်မှု၏ကြောက်မတ်ဖွယ်ရာသော စူးစမ်းလုပ်ဆောင်မှုဖြစ်စဉ်ဖြစ်ရပ်များအရ သန့်စင်သောစိတ်ပိုင်းဆိုင်ရာစွမ်းဆောင်နိုင်ခြင်းများ၌ အစဉ်တည်တံ့သောလုံခြုံမှုအကာအကွယ်ဖြစ်စေရန်မှာ အပြစ်တရား၏စရိုက်သဘာဝနှင့်အညီလှည့်စားခြင်းကိုမခံရအောင် ကာကွယ်မှုရရှိရေးအပြင် အပြစ်ကျူးလွန်ခြင်းကြောင့် ခံစားရမည့်အပြစ်ဒဏ်များမှကင်းလွတ်စေခြင်း၄ါ အပြစ်ကိုမကျူးလွန်ရအောင် တားဆီးကာကွယ်ပေးရေးဖြစ်ပါသည်။

ကောင်းကင်ဘုံ၌ဖြစ်ခဲ့သောတိုက်လှန်ပွဲအဆုံးသတ်ခါနီး သည့်တိုင်အောင် အာဏာလုသူလူစီဖာကြီးက သူ့ကိုယ်သူမှန်ကန်မှု ရှိသူဟူ၍ ဆက်လက်ငြင်းနေခဲ့ပါသည်။ စုံလင်သောဝမ်းမြောက်ခြင်း ရှိရာနေရာတို့မှ ၎င်းအပေါ်လိုလားသူများအားလုံးနှင့်အတူ သူ့အား နှင်ထုတ်ရမည့်အကြောင်း အတိအလင်းကြေညာခဲ့သည်တွင် ပုန်ကန်မှု ကြီး၏ခေါင်းဆောင်က ဖန်ဆင်းသခင်၏ဥပဒေကိုငြင်းပယ်ကြောင်း ဝန်ခံခဲ့ပါ၏။ ကောင်းကင်တမန်တို့အနေဖြင့် ကွပ်ကဲမှုမလိုအပ်ဘဲ သူတို့ကိုယ်ပိုင်စိတ်၏ပြဋ္ဌာန်းချက်အလိုအားဖြင့် ထားရှိသင့်ပြီး ထိုစိတ် ဆန္ဒက သူတို့အားအစဉ်လမ်းပြပေးမည်သာဖြစ်ကြောင်း သူကထပ်မံ အတည်ပြုပြောကြားခဲ့ပေသည်။ ကောင်းကင်နိုင်ငံ၏ဥပဒေများက သူတို့၏လွတ်လပ်မှုကိုချုပ်ချယ်ကန့်သတ်မှုဖြစ်စေကြောင်းဖြင့် အပြစ်တင်ခဲ့ပြီးလျှင် ဥပဒေပယ်ဖျက်ပစ်စေရေးကို သူကရည်မှန်းချက် ထားရှိခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။ ထိုသို့သောဖျက်သိမ်းမှု အားဖြင့် ဤထိန်းချုပ်ထားခြင်းမှကင်းလွတ်လျက် ကောင်းကင် တစ်ခွင်တွင်ရှိနေကြသူအပေါင်းသည် ပိုမို၍ဂုဏ်သိက္ခာရှိသောအနေ အထား၌ ဖြစ်တည်မှုရရှိလာကြမည်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။

သူတို့၏အုံကြွပုန်ကန်မှုကြောင့် အပြစ်တင်ခံရခြင်းအား စာတန် နှင့်သူ့ဘက်ပါသူများအင်အားစုက တညီတညွတ်တည်းပင် ခရစ်တော် အပေါ်အပြည့်အဝပုံ၍ချလိုက်ကြ၏။ ထို့အပြင် သူတို့အပေါ်အပြစ် ရှာခြင်းမခံခဲ့ရပါက သူတို့အနေဖြင့် ထကြွမှုကိုဘယ်သောအခါမှ ပြုလုပ်ခဲ့မည်မဟုတ်ဟု ပြောဆိုခဲ့ကြ၏။ ဤသို့အားဖြင့် သစ္စာမဲ့ ခြင်း၌ ခေါင်းမာ၊ အာခံမှုဖြင့် ဘုရားသခင်၏အစိုးရခြင်းကို ဖြုတ်ချ ရန် အောင်မြင်မှုမရှိခဲ့ဘဲ ကြိုးစားခဲ့ကြသည့်အကြားမှ ဘုရားသခင်အား

ရှိသေခြင်းကင်းမဲ့စွာဖြင့် ပုတ်ခတ်လျက် သူတို့သည်သာလျှင် အပြစ်ကင်းစင်သူများဖြစ်ပြီး အာဏာသုံး၍ အဖိနှိပ်ခံရသူများဖြစ်ကြောင်းပြောကြရင်းပင် အဆင့်မြင့်ပုန်ကန်မှု၏ခေါင်းဆောင်နှင့် သူ့အားလိုလားထောက်ခံခဲ့သူအားလုံးသည် ကောင်းကင်ဘုံမှနှင့်ထုတ်ခံရသည့်အပြစ်ဒဏ်ကို နောက်ဆုံးတွင်ခံခဲ့ရကြပေသည်။

ကောင်းကင်ဘုံ၌ပုန်ကန်မှုပေါ်ပေါက်စဉ်က ပေါ်ထွက်လာခဲ့သည့်စိတ်ဓါတ်သည်ပင် ဤကမ္ဘာမြေကြီးပေါ်တွင် ပုန်ကန်မှုဖြစ်အောင် ယခုတိုင်မြှင့်တင်နေဆဲရှိပါ၏။ စာတန်သည် လူအပေါင်းတို့အပေါ်၌ ယခင်တစ်ချိန်က သူ့ကောင်းကင်တမန်များကိုဆွဲဆောင်ခဲ့သလိုပင် တူညီသောမူဝါဒချမှတ်လုပ်ဆောင်ခဲ့ပါ၏။ သူ၏စိတ်ဓါတ်မျိုးသည် ရိုသေလေးစားတရားကင်းမဲ့သူလူငယ်များအား စိုးမိုးနေပေသည်။ သူတို့သည် စာတန်ကဲ့သို့ပင် ဘုရားသခင်၏ဥပဒေအရကန့်သတ်စည်းမျဉ်းများအားချိုးဖေါက်ရန် ကြိုးပမ်းခြင်းအပြင် ကိုယ်ကျင့်သိက္ခာဆိုင်ရာလမ်းညွှန်မှုများချိုးဖျက်ခြင်းအားဖြင့် လွတ်မြောက်စေရမည်ဟူ၍ လူအချင်းချင်းကတိထားရှိကြ၏။ အပြစ်ဖေါ်ပြဆုံးမခြင်းအားဖြင့် မုန်းတီးသောစိတ်ဓါတ်နှင့် ခုခံတော်လှန်ခြင်းတို့အား နှိုးဆွပေးနေဆဲပင်ရှိပါသည်။ ဘုရားသခင်က ကြိုတင်သတိပေးသည့်သတင်းများအပေါ် အမှန်နှင့်အမှားကိုခွဲ၍ သိတတ်သူများကအပြည့်အဝနားလည်ခဲ့သောအခါ၌မူ စာတန်က သူတို့ကိုယ်ကိုသူတို့အပြစ်တင်ခံရခြင်းမှလွတ်စေရန်နှင့် အပြစ်လမ်း၌လျှောက်ရာတွင် အခြားသောသူများ၏စာနာထောက်ထားမှုကို ရယူတတ်စေရန် လူတို့အားလမ်းကြောင်းပေးတတ်၏။ သူတို့၏အမှားများကိုပြုပြင်ရန် မလုပ်ကြတော့ဘဲ အပြစ်ဖေါ်ပြဆုံးမတတ်သူအပေါ် အမျက်သင့်စေပြီးလျှင် သူ၏

ပယောဂကြောင့်သာလျှင် အခက်တွေ့ရသည်ဟုသတ်မှတ်လျက် ဆန့်ကျင်မှုပြုတော့သည်။ ဖြောင့်မတ်သူအားဇေလ၏ခေတ်ကာလမှ ယခုကျွန်ုပ်တို့ကာလတိုင်အောင် အပြစ်ကိုထောက်ပြရှုတ်ချဝံ့သူများ အပေါ် အလားတူအမြင်မျိုးဖြင့် ပြုမူဆောင်ရွက်တတ်သည့်စိတ်ဓါတ်မှာ ရှိနေသည်သာတည်း။

ကောင်းကင်ဘုံ၌ရှိစဉ်က သူကျင့်သုံးခဲ့သည့်နည်းတူ ဘုရားသခင်၏စရိုက်သဘာဝကို မမှန်မကန်ပြောဆိုလျက် ကိုယ်တော်သည် ခက်ထန်ကာ ရိုသေလေးစားမှုကို ခြိမ်းခြောက်မှုများအားဖြင့် ရယူလေဟန်ဖြစ်စေသကဲ့သို့ စာတန်သည် လူသားအား အပြစ်သွေးဆောင်မှုသို့လိုက်ပါစေခဲ့ပါသည်။ ထိုသို့သောအဖြစ်သို့အောင်မြင်ခဲ့ပြီးနောက် သူကကြေညာခဲ့သည်မှာ ဘုရားသခင်၏မတရားချုပ်ချယ်မှုများကြောင့် သူ၏ပုန်ကန်မှုမအောင်မြင်ခဲ့ရသလို လူသား၏ကျဆုံးမှုမှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်ကြောင်း ကြေညာခဲ့၏။

သို့ရာတွင် ထာဝရဘုရားသခင်ကိုယ်၌ကပင် ကိုယ်တော်၏စရိုက်သဘာဝကို အများသိအောင်မြွက်ဆိုခဲ့ပုံမှာ “ထာဝရဘုရားသခင်၊ ထာဝရဘုရားသခင်၊ ချစ်သနားခြင်းကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ဥစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကိုဆောင့်တော်မူထသော အစဉ်မပြတ်ကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော” (ထွက်မြောက် ၃၄း၆၊ ၇) ဟူ၍ဖြစ်ပါသည်။

ကောင်းကင်ဘုံမှ စာတန်အားအပြစ်ဒဏ်အဖြစ်နှင့်ချခဲ့ရာတွင် ကိုယ်တော်၏တရားမျှတမှုကိုကြွေးကြော်လျက် ကိုယ်တော်၏ထီနန်းပလ္လင်ဂုဏ်အသရေကိုထိန်းသိမ်းထားခဲ့ပေသည်။ ဘုရားသခင်အပေါ် ယုံကြည်ခြင်းကို ဖျက်ခဲ့သူ၏လှည့်စားခြင်းများအောက်ဝယ် လူသားသည် အပြစ်လွန်ကျူးခဲ့သောအခါ ကျဆင်းခဲ့ရသောလူသားမျိုးနွယ်အတွက် အပြစ်ဖြေအသေခံစေရန် ကိုယ်တော်၏တစ်ပါးတည်းသောသားတော်အား စွန့်ပေးခဲ့ခြင်းဖြင့် ဘုရားသခင်၏ချစ်ခြင်းအထောက်အထားအားပြသခဲ့ပါသည်။

အပြစ်ဖြေရာပေးဆပ်ခြင်းတွင် ဘုရားသခင်၏စရိုက်လက္ခဏာတော်အားထင်ရှားပြသခဲ့ပေ၏။ ကပ်တိုင်အားဖြင့် လက်တွေ့ဖြစ်သောစွမ်းအားကြီးမားခဲ့သည့်လျှောက်လဲချက်သည် အာကာသကမ္ဘာကြီးတစ်ဝန်းလုံးသို့ လူစီဖာကရွေးချယ်ထားခဲ့သောအပြစ်လမ်းအတွက် ဘုရားသခင်၏စိုးမိုးအုပ်ချုပ်မှုအပေါ် အဘယ်နည်းနှင့်မျှတာဝန်မရှိခဲ့ခြင်းအား ရှင်းလင်းစွာဖြင့် သရုပ်မှန်ကိုဖော်ပြမှုပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်သခင်က ဤကမ္ဘာမြေကြီး၌ လှုပ်ရှားသွားလာဟောကြားစဉ်ကာလဝယ် ခရစ်တော်နှင့်စာတန်အကြားယှဉ်ပြိုင်ပွဲ၌ မဟာလှည့်စားသူ၏ဇာတ်ရုပ်မျက်နှာဖုံးသည် ကွာကျခဲ့ရလေ၏။ ကောင်းကင်တမန်အများနှင့် အာကာသကမ္ဘာမြေကြီးတစ်ဝန်းလုံးမှာ သူ့အားသစ္စာခံသူများ၏ချစ်ခင်နှစ်သက်မှုများကိုယေရှုခရစ်တော်အပေါ်ရက်စက်သောတိုက်ခိုက်ခြင်းကြောင့် အမြစ်ပါမကျန် နုတ်ပစ်ခံရသည့်အဖြစ်လောက် စာတန်အပေါ်ထိရောက်စွာခံလိုက်စေရခြင်းမျိုးမရှိနိုင်တော့ပါ။

ခရစ်တော်က သူ့အားဒူးထောက်လျက် ပျပ်ဝပ်ကိုးကွယ်သင့်ကြောင်း တောင်းခံရာ၌ စကားအရာဖြင့် ဘုရားသခင်အား စော်ကားဝံ့မှု၊ မိမိကိုယ်မိမိယုံကြည်စိတ်ချမှုအပြည့်ဖြင့် ကိုယ်တော်အား တောင်ထိပ်နှင့်ကျောင်းတော်၏အထွတ်ခေါင်ဖျားသို့ တင်ဆောင်မှု၊ ဘေးရန်ရောက်စေလိုစိတ်ဖြင့် အလွန်မြင့်လှစွာသောနေရာမျချုန်ဆင်းစေရန် ကိုယ်တော်အားတိုက်တွန်းမှု၊ အစဉ်သဖြင့်တက်ကြွနေသည့် မကောင်းမှုလိုလားသောစိတ်ထားဖြင့် တစ်နေရာပြီးတစ်နေရာသို့ လိုက်လံနှောင့်ယှက်မှု၊ ယဇ်ပုရောဟိတ်အများနှင့် လူတို့၏စိတ်နှလုံးများအထဲ၌ မာနတရားပေါ်ပေါက်စေပြီးလျှင် ကိုယ်တော်၏ချစ်ခြင်းမေတ္တာကိုငြင်းပယ်စေမှုနှင့် နောက်တစ်ကြိမ်တွင် "သူ့ကို လက်ဝါးကပ်တိုင်မှာရိုက်ထားပါ၊ ရိုက်ထားပါ" ဟု ဝိုင်း၍ဟစ်အော်စေမှု၊ အားလုံးသောဤအချက်များက အာကာသကမ္ဘာကြီး၏အံ့သြမှုနှင့် ဒေါသအမျက်တို့ကိုဖြစ်ပေါ်စေပါ၏။

ဤကမ္ဘာလောကသားများက ခရစ်တော်အားပြစ်ပယ်ခဲ့စေခြင်းငှါ ပြုလုပ်ခဲ့သူမှာ စာတန်ပင်တည်း။ ယေရှုအား အဆုံးတိုင်ပျက်စီးသွားစေရန်အတွက် ဆိုးညစ်မှု၏မင်းသားက သူ့တွင်ရှိသောစွမ်းအားနှင့် ကောက်ကျစ်စဉ်းလဲခြင်းအပြည့်အဝဖြင့် အားထုတ်ခဲ့ပါသည်။ အကြောင်းမှာ ကယ်တင်ပိုင်သူ၏သနားမေတ္တာ၊ ကိုယ်တော်၏စာနာထောက်ထားမှုနှင့် သိမ်မွေ့နူးညံ့မှုတို့သည် ကမ္ဘာလောကသားတို့အပေါ် ဘုရားသခင်ထားရှိသည့်စရိုက်လက္ခဏာများအား ကိုယ်စားပြုခဲ့ခြင်းကြောင့်ဖြစ်လေသည်။ ဘုရားသခင်၏သားတော်ကပြုသောမြွက်ဆိုချက်တစ်ရပ်တိုင်းအတွက် စာတန်အနေဖြင့် ယှဉ်ပြိုင်ခဲ့ပြီးလျှင် ကယ်တင်သခင်၏ဘဝလမ်း၌ ဆင်းရဲခြင်းဝေဒနာနှင့်ပူဆွေးသောကဖြင့်

ပြည့်စေရအောင် လူအများကိုခိုင်းစေအသုံးပြုခဲ့ပါ၏။ မမှန်ကန်သော အတွေးအခေါ်သုံး၍ လှည့်စားခြင်းနှင့်အလိမ်အညာများအားဖြင့် ယေရှု၏လုပ်ရပ်ကိုနှောင့်နှေးစေရန် သူကြိုးပမ်းခဲ့ရာ ရိုသေမှုဂါရဝ တရားကင်းမဲ့သောလူငယ်များ၏အမုန်းပွားခြင်းကိုအသုံးချကာ ပြသပြီးလျှင် တုန္ဒိုင်းယှဉ်မရသည့် အသန့်ရှင်းဆုံးသောဘဝပိုင်ရှင် အပေါ် ကြမ်းတမ်းရန့်ရင်းစွာ စွပ်စွဲခြင်းများပြုလုပ်ခြင်းတို့မှာ အခြေ ခိုင်ပြီးဖြစ်သည့်ရန်ငြိုးအား အခြေခံခဲ့ခြင်းဖြစ်ပါသည်။ မနာလိုခြင်း၊ ထက်သန်သောမကောင်းစိတ်ရှိခြင်း၊ မုန်းတီးမှုနှင့်အငြိုးထားခြင်း တည်းဟူသော ချိုးနှိမ်ထားခဲ့ရသည့် လောင်မြိုက်ခြင်းများသည် ဘုရားသခင်၏သားတော်ထံ ကရာနီတောင်ကုန်းပေါ်မှာကျရောက် ခဲ့စဉ် တိတ်ဆိတ်သောမနှစ်မြို့ခြင်းကြီးစွာဖြင့် ကောင်းကင်သား အားလုံးက ငေးစိုက်ကြည့်ခဲ့ရလေ၏။

မဟာဆက်ကပ်ပူဇော်မှုကြီးပြီးမြောက်ခဲ့သောအခါ ယေရှု ခရစ်တော်၌ အလွန်မြင့်မြတ်တော်မူသည့်အဆင့်၌ရောက်ခဲ့ရာ အဖ ခမည်းတော်ထံတောင်းလျှောက်ချက်မှာ "အကျွန်ုပ်အားပေးတော်မူ သောသူတို့သည် ရှုမြင်ရမည်အကြောင်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ် နှင့်အတူရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏" (ယောဟန် ၁၇း၂၄။) ဟု တောင်းခံတင်ပြချက်ပြုပြီးသည်အထိ ကောင်းကင်တမန်များ၏ နက်ရှိုင်းသောချစ်ခြင်းနှင့် လေးမြတ်စွာကိုးကွယ်မှုအားလက်မခံဘဲ နေခဲ့ပါသည်။ ထိုအခါ ဖွင့်ဟမြွက်ဆိုနိုင်စွမ်းမရှိသည့် ချစ်ခြင်းနှင့် တန်ခိုးတော်အားဖြင့် ဘုရားသခင်ထံမှအမိန့်တော်ချမှတ်ခဲ့သည်ကား "ဘုရားသခင်၏ကောင်းကင်တမန်အပေါင်းတို့သည် ထိုသူကို ပျပ်ဝပ် ကိုးကွယ်ကြစေ" (ဟေဗြဲ ၁း၆)။ ယေရှုအပေါ်၌ အစွန်းအထင်း

တစ်ရပ်မှမရှိခဲ့ပါ။ ကိုယ်တော်၏နိမ့်ချခြင်းပြီးဆုံးခဲ့လျက် ဆက်ကပ်ပူဇော်မှုသည်ပြည့်စုံခဲ့ပြီးဖြစ်ရာ အမည်နာမတိုင်း၏အထက်တွင်သာတည်ရှိသောနာမတော်မြတ်တစ်ခုကို ပေးတော်မူခြင်းခံခဲ့ရပေသည်။

ယခုမူ စာတန်၏အပြစ်မကောင်းမှုမှာ ဘယ်လိုအကြောင်းပြချက်မျှမရှိနိုင်ဘဲ ထင်ရှားတည်ရှိခဲ့ပြီဖြစ်၏။ လိမ်ညာပြောသူတစ်ဦးအပြင် လူ့အသက်ကိုသတ်သူတစ်ဦးအဖြစ်ကို သူ့အပေါ်အမှန်ဖြစ်သည့်စရိုက်လက္ခဏာအားဖြင့် ထုတ်ဖော်စေခဲ့ရပြီဖြစ်ပါသည်။ ကောင်းကင်သားများအားဆွဲဆောင်အုပ်ချုပ်ခွင့်ရရှိခဲ့သော် သူထင်ရှားစွာပြသမည့်နည်းအတိုင်း သူ့လက်အောက်မှာရှိသောလူအပေါင်းတို့၏သားသမီးများအပေါ် အလားတူ ထိုစိတ်ဓါတ်မျိုးဖြင့် စိုးမိုးအုပ်ချုပ်သည်ကိုတွေ့ရှိခဲ့ရ၏။ သူက အမှန်တကယ်ပြောခဲ့သည်မှာ ဘုရားသခင်၏ဥပဒေအားကျော်နင်းခြင်းအားဖြင့် လွတ်မြောက်ခြင်းနှင့်ဂုဏ်ပြုချီးမွမ်းခြင်းကိုရယူနိုင်မည်ဟုပြောသော်လည်း ရလဒ်အမှန်မှာချုပ်ချယ်ကန့်သတ်မှုနှင့် ဂုဏ်သိက္ခာကျဆင်းခြင်းသာဖြစ်ခဲ့ကြောင်းတွေ့ရပေသည်။

ဘုရားသခင်နှင့်အုပ်စိုးပိုင်သောအခွင့်အာဏာအပေါ် လိမ်လည်စွဲဆိုသည့် စာတန်၏စွဲဆိုချက်များသည် သရုပ်မှန်အတိုင်းပေါ်လာခဲ့ရလေ၏။ ကိုယ်တော်ဖန်ဆင်းထားသူများထံမှ နှိမ့်ချရိုကျိုးမှုကိုလိုအပ်သည်ဟုအကြောင်းပြလျက် မိမိကိုယ်ကိုချီးမြှောက်နေသူအဖြစ်ဘုရားသခင်အပေါ်စွပ်စွဲထားခဲ့ခြင်းအပြင် အခြားတစ်ပါးသောသူများအား ဖန်ဆင်းသခင်က ကိုယ်နှုတ်နှလုံးချုပ်တည်းခြင်းကို မဖြစ်မနေပြုကျင့်ခိုင်းထားသော်လည်း ကိုယ်တော်ကိုယ်တိုင်ကမူ ချုပ်တည်းမှုမပြုခဲ့သည့်အပြင် ဆက်ကပ်ပူဇော်မှုကိုလည်းမပြုကြောင်း သူပြောခဲ့

ပါ၏။ အပြစ်တရားဖြင့်ကျဆုံးခဲ့သောလူသားမျိုးနွယ်တစ်ရပ်အား
ကယ်တင်ရန်အတွက် အာကာသကမ္ဘာမြေကြီး၏သခင်က
ချစ်ခြင်းဖြင့်သာပြုနိုင်အပ်သော မဟာဆက်ကပ်စွန့်လွှတ်မှုကြီး
ကိုပြုခဲ့ကြောင်း ယခုတွေ့မြင်ရပြီးဖြစ်ခြင်းမှာ "ဘုရားသခင်သည်
ခရစ်တော်အထဲ၌ရှိနေလျက် လောကသားတို့၏အပြစ်များကို
မှတ်တော်မမူ။ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့
စေတော်မူ၏" (၂ကော ၅း၁၉) ဟူသည့်ကျမ်းချက်အတိုင်းပင်တည်း။
ဤတွင် တွေ့မြင်ရခြင်းတစ်ရပ်မှာလည်း ဂုဏ်သိက္ခာနှင့်
အမြင့်ဆုံးသောလုပ်ပိုင်ခွင့်အာဏာကို လိုချင်သောစိတ်ဆန္ဒဖြင့်
အပြစ်ဝင်ရာလမ်းကို လူစီဖာက တံခါးဖွင့်ထားပေးရာ အပြစ်ကို
ဖျက်ဆီးနိုင်ရေးအတွက် ကိုယ်တော်က အနှိမ့်ချဆုံးသော
လုပ်ဆောင်မှုဖြင့် သေသည့်တိုင်အောင် ဘုရားသခင်အပေါ်
ရိုသေနာခံမှုအား ပြသသွားခဲ့ခြင်းပင်ဖြစ်ပါ၏။

## အပြစ်ဖြေရာစီမံချက်

ကောင်းကင်ဘုံသားထုအနေဖြင့် လူသားအပေါင်းကို ဘုရား
သခင်က အခပေးရွေးယူခြင်းနှင့်စာတန်အပေါ် အပြစ်ဒဏ်ချမှတ်ခြင်း
ဟူသောလုပ်ရပ်နှစ်ရပ်လုံးတွင် ကိုယ်တော်၏တရားမျှတခြင်းကို
မြင်တွေ့ခဲ့ရကြ၏။ ပုန်ကန်မှု၏အခြေခံဥပဒေသများအား ဘုရား
သခင်ကမုန်းတီးမနှစ်မြို့ကြောင်းအား ထင်ရှားစွာပြသခဲ့ပြီးဖြစ်
လေသည်။ လူစီဖာက ထုတ်ဖော်ပြောကြားခဲ့သည်မှာ ဘုရားသခင်၏
ဥပဒေသသည် ပြောင်းလဲမှုမရှိနိုင်ခဲ့ဘဲ ပြစ်ဒဏ်ကိုလည်းခွင့်လွှတ်၍
မရနိုင်ခဲ့ဟုဆိုပါသော် အပြစ်ကျူးလွန်ခဲ့သူတိုင်းအား ဘုရားသခင်၏

ကာကွယ်မှုပေးခြင်းမှ အစဉ်အမြဲပိတ်ပင်ထားရမည်ဟုပြော၏။ သူက အမှန်တကယ်ပြောဆိုခဲ့သည်မှာ အပြစ်တွင်နစ်မွန်းနေသော လူမျိုးနွယ် အားရွေးနုတ်ယူခြင်းကို မပြုနိုင်ဟုဆိုပါက ထိုလူမျိုးနွယ်သည်သူ၏ သားကောင်သာလျှင် ဖြစ်စေရမည်ဟုဆိုထား၏။ သို့ရာတွင် ခရစ်တော် ၏အသေခံခြင်းသည် လူသား၏အကျိုးအတွက် ပစ်ပယ်၍မရနိုင်သော လျှောက်လဲချက်ပင်ဖြစ်ခဲ့ပါသည်။ ဘုရားသခင်နှင့်တန်းတူ ဖြစ်သော ခရစ်တော်အား ဥပဒေအရဖြစ်သည့်ပြစ်ဒဏ်ကို ခံစားစေခဲ့ရာ လူသားသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ခံယူနိုင်သည့်အခွင့် ကိုရရှိခဲ့ပြီးလျှင် ဘဝတစ်သက်တာမှာ နောင်တတရားရှိသည့်ဝမ်းနည်း ခြင်းနှင့်အောင်မြင်မှုကို ခံယူရရှိနိုင်သော စိတ်နှိမ့်ချခြင်းဖြင့် ဘုရား သခင်၏သားတော်က စာတန်၏စွမ်းအင်အပေါ် အောင်မြင်မှုရခဲ့သ ကဲ့သို့ရရှိနိုင်ပေမည်။ ဤသို့အားဖြင့် ဘုရားသခင့်သည် တရားမျှတမှု ရှိပြီးလျှင် ယေရှုသခင်အပေါ် ယုံကြည်ခြင်းရှိသူအားလုံး၏ တရား မျှတမှုရှိစေရန် စီမံဆောင်ရွက်ပေးသူလည်းဖြစ်နေပါသေးသည်။

သို့သော် ခရစ်တော်သည် ကမ္ဘာမြေကြီးသို့ ခက်ခဲဆင်းရဲခြင်းခံ ရေးအတွက်နှင့် အသေခံရန်လာခဲ့ပြီးလျှင် လူသားအားအခပေးရွေးနုတ် ခြင်းကိစ္စသက်သက်အတွက်မျှသာ မဟုတ်ခဲ့ပါ။ ကိုယ်တော်ကြွ ဆင်းလာခဲ့ခြင်းမှာ 'ဘုရားသခင်၏ဥပဒေကို ထင်ရှားစေခြင်းငှာ' နှင့် 'ဥပဒေကို ရိုသေလိုက်နာစေခြင်းငှာ' လာခဲ့ခြင်းဖြစ်ပေသည်။ ဤကမ္ဘာလောက၌ နေထိုင်လျက်ရှိနေသူများက ဥပဒေကိုလေးစကားမှု ထားရှိအပ်သည့် အတိုင်းအတာရှိသွားစေရန် တစ်ခုတည်းမျှသာ မဟုတ်ဘဲ အာကာသကမ္ဘာအတွင်းရှိ ကမ္ဘာများအားလုံးသို့ ဘုရား သခင်၏ဥပဒေသည် ပြောင်းလဲ၍မရခြင်းအား အထောက်အထား

ပြသရန်ဖြစ်ခဲ့ပါသည်။ အကယ်၍သာ ထိုအချက်များကို ဘေးဖယ်ထုတ်၍ဖြစ်နိုင်ခဲ့ပါလျှင် ဘုရားသခင်၏သားတော်သည် ဥပဒေကိုဖေါက်ဖျက်ခြင်းဆိုင်ရာ အပြစ်ဖြေခြင်းဖြစ်သည့်အသက်ပေးအပ်စွန့်လွှတ်မှုကို ကိုယ်တော်အနေဖြင့်ဆောင်ရွက်ရန် လိုအပ်ခဲ့မည်မဟုတ်တော့ပေ။ ခရစ်တော်ယေရှု၏အသေခံရပုံအားဖြင့် ပြောင်းလဲ၍မရသောဥပဒေဖြစ်ကြောင်း သက်သေပြခြင်းဖြစ်ပါ၏။ အဖခမည်းတော်နှင့်သားတော်အား အတိုင်းအဆမရှိသောချစ်ခြင်းက တွန်းအားပေးလုပ်ဆောင်ခဲ့သည့် ထိုစွန့်လွှတ်ဆက်ကပ်မှုသည် အပြစ်သားများအားအခဖြင့်ရွေးနုတ်ကယ်တင်ခြင်းဖြစ်စေကြောင်းကို အာကာသကမ္ဘာမြေကြီးတစ်ခွင်လုံးသို့ပြသခဲ့ပုံမှာ အဘယ်သို့သောအချက်က ဤအပြစ်ဖြေရာစီမံချက်ထက်မလျော့သော လုံလောက်မှုရှိစေနိုင်မည်လဲဟူသည့်သဘော၊ တရားမျှတခြင်းနှင့်ချစ်သနားခြင်းသည်သာ ဘုရားသခင်၏ဥပဒေနှင့်အုပ်စိုးပိုင်ခွင့်၌ အခြေခံအုတ်မြစ်ဖြစ်ကြောင်းကို ထင်ရှားစေခဲ့လေသည်။

အဆုံးသတ်ဖြစ်သော တရားစီရင်ရေးအပိုင်းတွင် အပြစ်အနေအားဖြင့်တည်ရှိရန် အကြောင်းပြချက်မရှိပုံကို တွေ့မြင်ရပေလိမ့်မည်။ စာတန်အား ကမ္ဘာမြေကြီးတစ်ခွင်လုံး၏တရားသူကြီးက 'အဘယ်ကြောင့်သင်သည်ငါ့အားပုန်ကန်ခဲ့ပြီး၊ ငါ၏နိုင်ငံတော်မှငါ၏အုပ်စိုးမှုကိုခံသူအများအား လုယက်ယူခဲ့ပါသနည်း' ဟုမေးခွန်းထုတ်ခဲ့သောအခါ၌အပြစ်ကို စတင်၍ဖြစ်ပေါ်လာအောင် မူလထုတ်လုပ်ခဲ့သူအနေဖြင့် အကြောင်းပြချက်ရှိနိုင်မည်မဟုတ်၊ ပါးစပ်ပေါက်တိုင်းသည်လည်း ပိတ်ထားလျက်ရှိမည့်အပြင် ပုန်ကန်မှုကျူးလွန်ခဲ့ကြသောအစုအဝေးတစ်ရပ်လုံး၌ ပြောစရာစကားမရှိဘဲဖြစ်ရကြလိမ့်မည်။

ကရာနီတောင်ကုန်းထက်က လက်ဝါးကပ်တိုင်တော်သည် ဥပဒေ၏ပြောင်းလဲမှုမရှိနိုင်ခြင်းကို ပြကာသနေသလိုအပြစ်၏အဖိုးအခ သည် သေခြင်းတရားသာလျှင်ဖြစ်ကြောင်း ကမ္ဘာတစ်ခုလုံးသို့ တရားဝင် ကြေညာခြင်းဖြစ်ပါ၏။ 'အမှုတော်ပြီးခဲ့ပြီ' ဟု ကယ်တင်ပိုင်သခင် အသက်ဆုံးခံဟစ်ကြွေးချိန်အတွင်း စာတန်၏အသုဘခေါင်းလောင်းအား ထိုးစေခဲ့ပြီတည်း။ စာတန်၏နောက်ဆုံးအချိန်တွင်ဖြစ်မည့် ထူးဆန်း အံ့ဖွယ်ရာပင်ဖြစ်ပါ၏။ ကြာရှည်လေးမြင့်ဖြစ်ပွားလာခဲ့ရသည့် မဟာ တိုက်လှန်ပွဲ၏အဆုံးအဖြတ်ဖြစ်လျက် ဆိုးညစ်ခြင်းအား လက်စတုံး ချေမှုန်းခြင်းပြုရန် သေချာသွားခဲ့ပေသည်။ ဘုရားသခင်၏သားတော်က ဂူသင်္ချိုင်းတံခါးပေါက်များအား ဖြတ်သန်းခဲ့ရခြင်းသည် 'ခရစ်တော် သည်အသေခံတော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးရသော သူတည်းဟူသော စာတန်၏တန်းခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှာလည်း ကောင်း' (ဟေဗြဲ ၂း၁၅) ဟူသည့်ကျမ်းချက်နှင့်အညီပင်တည်း။ မိမိကိုယ်ကိုချီးမွမ်းကိုးကွယ်လိုသည့်ဆန္ဒဖြင့် လူစီဖာကပြောဆိုခဲ့ သည်မှာ 'ကောင်းကင်ပေါ်သို့ငါတက်မည်၊ ဘုရားသခင်၏ကြယ်တို့ အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်၊ အမြင့်ဆုံးသောဘုရားသခင် ကဲ့သို့ငါနေမည်' ဟူ၍ဖြစ်၏။ ဘုရားသခင်ကြွေးကြော်သည်ကား 'သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ သင်၏ပြာကိုမြေပေါ်သို့ငါချ ထားမည်။-- သင်သည်ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်၊ ဗနောက်တစ်ဖန် မပေါ်လာရ။' (ဟေရှာယ ၂၈း၁၈၊၁၉)။ ထိုကာလ၌ 'မီးဖို၌မီးလောင် သကဲ့သို့ လောင်သောနေ့ရက်ကာလသည်ရောက်လိမ့်မည်။ မာနကြီး သောသူနှင့်မကောင်းမှုကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ် ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည်

လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေသခင် ထာဝရဘုရားသခင် မိန့်တော်မူ၏။ မာလခိ ၄း၁။

အပြစ်၏သဘောသဘာဝနှင့်ရလဒ်များအတွက် ကမ္ဘာတစ်ဝန်းလုံးက သက်သေခံများအဖြစ်သို့ရောက်လာကြလိမ့်မည်။ ထို့အပြင် ၎င်း၏အပြီးတိုင် ရှင်းလင်းသုတ်သင်ပယ်ရှင်းခံရခြင်းအားဖြင့် အစပထမတွင်မူ ကောင်းကင်တမန်များအတွက် ကြောက်ရွံ့ဖွယ်ရာနှင့် ဘုရားသခင်အတွက် ဂုဏ်သိက္ခာကျဆင်းဖွယ်ရာဖြစ်နိုင်ကောင်းသော်လည်း၊ နောက်ပိုင်းကာလ၌ ဘုရားသခင်၏နှလုံးသားဥပဒေနှင့် ကိုယ်တော်၏အလိုဆန္ဒတော်အတိုင်းလိုက်လျှောက်ရန် ဝမ်းမြောက်တတ်သူများအဖို့ ဘုရားသခင်၏ချစ်ခြင်း၌တည်ခြင်းနှင့်ဂုဏ်အသရေခိုင်မြဲခြင်းအား အာကာသကမ္ဘာရှေ့မှောက်တွင် ထင်ရှားပေါ်လွင်လာပေမည်။ ဘယ်သောအခါတွင်မှ ဆိုးညစ်ခြင်းတစ်ဖန်ပြန်မတည်စေရ။ ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ 'အပြီးဆုံးရှုံးစေတော်မူမည်၊ တစ်ဖန်နှိပ်နင်းစရာအကြောင်းမရှိရ။' နာဟုံ ၁း၉။ စာတန်ချုပ်ချယ်မှု၏ထမ်းပိုးအဖြစ်စာတန်က ပြစ်တင်ရှုတ်ချခံခဲ့ရသောဘုရားသခင်၏ဥပဒေသည် လွတ်မြောက်ခြင်း၏ဥပဒေဖြစ်ကြောင်း ဂုဏ်ပြုလေးစားမှုရရှိပေလိမ့်မည်။ ထာဝရဉာဏ်တော်နှင့်တိုင်းဆ၍မရအောင် နက်ရှိုင်းသောချစ်ခြင်းတရားတို့အားဖြင့် စရိုက်လက္ခဏာကိုအပြည့်အဝဖော်ညွှန်းထင်ရှားခြင်းခံရသူ ဘုရားသခင်ပေါ် သူတို့၏ရိုသေလေးမြတ်မှုကို ဘယ်သောအခါမှ လွဲဖယ်မသွားတော့ပြီဟူ၍ အစမ်းသတ်ခံနိုင်ခြင်းအား သက်သေထူပြီးဖြစ်သည့် ဖန်ဆင်းခြင်းခံရသူအပေါင်းတို့သည် ထာဝရတည်မြဲသွားကြမည်သာဖြစ်လေသည်။

---ooo---

အခန်း(၂)

## စာတန်၏ထောင်ချောက်ညွှတ်ကွင်းများ

"ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဖက်၌ နေနိုင်မည်နည်း။" ရောမ ၈း၃၁။

"ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ၊ အခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောင့် ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင် တော်မူလိမ့်မည်။" ၁ကော ၁၀း၁၃။

ခရစ်တော်နှင့်စာတန်အကြား နှစ်ပေါင်းခြောက်ထောင်နီးပါးမျှ ရှည်ကြာအောင် ဆင်နွှဲလာခဲ့သည့်မဟာတိုက်လှန်ပွဲသည် မကြာမီ၌ ပြီးစီးပေတော့မည်။ ထိုကြောင့် ဆိုးညစ်သူအနေဖြင့်လူအပေါင်း၏ ကောင်းကျိုးအတွက် ခရစ်တော်၏လုပ်ဆောင်ချက်ကိုရှုံးနိမ့်စေရန် အပြင်သူ၏ကျော့ကွင်း၌ လူအပေါင်းအားဖမ်းမိစေရန် သူ၏အား ထုတ်ခြင်းများအား နှစ်ဆပြန်၍တိုးမြင့်လေ၏။ ကယ်တင်သခင်၏ ကြားဝင်ဖျန်ဖြေမှု အဆုံးသတ်သွားပြီးသည်အထိ လူတို့ကိုအမှောင် ထုအတွင်းမှနောင်တမရရှိစေခြင်းတွင် သိမ်းယူထားရန်နှင့်အပြစ် အတွက်စွန့်လွှတ်ဆက်ကပ်ခြင်းအား ဆက်လက်လိုအပ်မှုမရှိတော့စေ ရန်မှာ သူ၏ရည်ရွယ်ထားသော အဓိကအချက်ဖြစ်ပါသည်။

တဦး၏တန်ခိုးစွမ်းအားကို အထူးဝါယမကိုထုတ်၍ ခုခံခြင်းမပြု တော့သည့်အချိန်နှင့်ကမ္ဘာလောကရော အသင်းတော်၌ပါ သတိတရား

ထားကြရန် စိတ်မဝင်စားတော့သည့်အချိန်သည် စာတန်အတွက် အလေးထားဖွယ်ရာကိစ္စမဟုတ်ပါ။ အကြောင်းမှာ သူ၏စိတ်စေရာသို့ လိုက်ပါကျူးလွန်နေသူများအား ဆုံးရှုံးရမည့်ဘေးရန်သည် သူ့တွင် မရှိတော့ပေ။ သို့ရာတွင် ထာဝရအသက်ဆိုင်ရာအချက်များနှင့်စပ်လျဉ်း၍အလေးမူခြင်းရှိလာသောအားဖြင့် 'ကယ်တင်ခြင်းရအောင်ကျွန်ုပ်ဘာလုပ်ရမည်နည်း' ဆိုသောမေးခွန်းအား လူအပေါင်းကစူးစမ်းလာကြသည့်အခါ၌မူ သူ၏ရပ်တည်ချက်မှာ သူ့စွမ်းအင်ဖြင့် ခရစ်တော်၏တန်ခိုးအာဏာကို ဆန့်ကျင့်ယှဉ်ပြိုင်ရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းခြုံသက်ရောက်ခြင်းအား တန်ပြန်ခုခံရန်ကြိုးပမ်းရေးပင်ဖြစ်ပါတော့သည်။

သမ္မာကျမ်းစာ၌ဖေါ်ပြထားချက်ကား ဘုရားသခင်၏သားတို့သည် ထာဝရဘုရားသခင်ထံတော်၌ ခစားခြင်းငှာလာရသောနေ့ရက်အချိန်ရောက်လျှင် စာတန်သည်လည်းသူတို့နှင့်ရောနှော၍လာ၏။ (ယောဘ ၁း၆)။ ထိုသို့လာခြင်းမျာထာဝရဘုရားသခင်အား စာတန်သည် အရိုအသေပေးရန်မဟုတ်သော်လည်း ဖြောင့်မတ်သူများအား သူ၏မကောင်းသောစိတ်ဖြင့်ဆန့်ကျင်သွားရန် အကြံအစည်ဖြင့်သာလျှင်ရောက်လာခြင်းဖြစ်ပါသည်။ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရန်လူအများသည်စုဝေးရာ၌လည်း အလားတူဖြစ်စြသည့် ရည်ရွယ်ချက်ဖြင့်သူသည်ပါရှိမြဲဖြစ်လေသည်။ ဝတ်ပြုကိုးကွယ်သူအပေါင်း၏စိတ်နေစိတ်ထားများအား ချယ်လှယ်နိုင်ရန်အတွက် သူရှိနေခြင်းအား မပေါ်မလွင်စေဘဲ သူကအတတ်နိုင်ဆုံးကြိုးစားအားထုတ်လျက်ရှိပေသည်။ ကျွမ်းကျင်မှုပြည့်ဝသောစစ်သူရဲတစ်ဦးပမာ ရှေ့လုပ်ငန်းစဉ်များကို တင်ကြိုသတ်မှတ်ပြီးဖြစ်ပါ၏။ ဘုရားသခင်၏တမန်ကပရိသတ်ကိုဆွေးနွေး

ဟောပြောမည့်ကျမ်းချက်များအား ကျမ်းစာအုပ်တွင်ရှာဖွေမှတ်သား သည့်အခါတွင် သူက ထိုအကြောင်းအရာကို မှတ်သားထားလိုက်ပါ၏။ ထိုနောက် သူ၏စဉ်းလဲခြင်းနှင့်လှည့်စားရာ၌ လိမ္မာကျွမ်းကျင်မှု အားလုံးကိုထုတ်သုံးလျက် ထိုဆွေးနွေးမည့်လိုရင်းအချက်သည် ပရိသတ်ထံမရောက်စေရအောင် ဖြစ်ပေါ်လာသည့်အချက်များအပေါ် လှည့်စားခြင်းအားဖြင့် သူတို့အားထိန်းချုပ်လေသည်။ သူတို့အနက်မှ ဝိညာဉ်ခွန်အား အချို့တက်ဆုံးသောသူအား ၎င်းကိုယ်တိုင်ပါမှသာလျှင် ဖြစ်မည့်အခြားသောလုပ်ငန်းဆိုင်ရာ အပေးအယူကိစ္စသို့ စိတ်ယိမ်းယိုင် သွားစေရအောင်လည်းကောင်း၊ အခြားသောနည်းလမ်းဖြင့် ထိုသူ အတွက်ကြားနာခြင်းအားဖြင့် ၎င်း၏ဘဝဟောင်းမှအသစ်သောဘဝ သို့တက်လှမ်းရန် အသိဉာဏ်ပွင့်ကာ အမှန်ကိုသိမြင်မသွားရစေအံ့ သောငှာ တားဆီးကာကွယ်မှုများ ဖန်တီးပေလိမ့်မည်။

တစ်ဖန် စာတန်သည် ကိုယ်တော်၏နောက်လိုက်များအနေဖြင့် သူတို့အား လွှမ်းခြုံခြင်းခံထားရသည့် ဝိညာဉ်ရေးအမှောင်ထုကြောင့် ဝန်ပိနေရခြင်းကိုမြင်တွေ့ရပြန်ပါသည်။ နဂိုမူလအတိုင်းပင် မထူးမခြားရှိစေခြင်း၊ အသိတရားကင်းလွတ်စေခြင်းနှင့် ထိုင်းမှိုင်းပျင်းရိ စေခြင်းတို့ရှိနေပါစေသတည်းဟူသော ကျိန်စာသင့်ခြင်းမှလွတ်မြောက် စေရန် ဘုရားသခင်ထံချစ်သနားခြင်းကျေးဇူးတော်၊ စွမ်းအင်တန်ခိုး တော်အားဖြင့်လွတ်မြောက်ရပါလိုကြောင်း ဆုတောင်းခြင်းတို့ကို စာတန် ကြားသောအခါ သူ၏အသစ်ပြန်လည်မွှင့်၍ထားသော စိတ်အားထက် သန်မှုတို့ဖြင့် လှည့်စားမှုများကို မနားတမ်းအသုံးချပေတော့၏။ သူက အစားအသောက်ဆိုင်ရာ မက်မောစေခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိ၏တစ်ကိုယ်ရေစိတ်ကျေနပ်မှုဖြစ်ပေါ်စေသော အခြားသောနည်း လမ်းအားဖြင့်သော်လည်းကောင်း၊ သွေးဆောင်ဖြားယောင်းလျက်

အသိဉာဏ်များအားထုံထိုင်းသွားစေပြီးလျှင် သူတို့၏ကြားနာခြင်းဖြင့် ရရှိလာနိုင်စေမည့် ဉာဏ်အသိစိတ်များကိုမရရှိအောင် လုပ်ဆောင် ပေတော့သည်။

စာတန်အနေဖြင့် ကောင်းစွာသိနားလည်ထားသည်မှာ ဘုရားသခင်ထံသို့ ဆုတောင်းခြင်းကို လျစ်လျူရှုသူနှင့်ကျမ်းစာကို ဖတ်ရှုမှတ်သားလိုက်နာရန် ပျက်ကွက်သူများအားလုံးကို သူ၏တိုက်ကွက်များဖြင့် အနိုင်ယူနိုင်ခြင်းရှိသည်ဆိုသောချက်ပေတည်း။ သို့ပါသောကြောင့်သူကလူ့စိတ်သဘောကို နစ်မွန်းနေစေအောင် လွှမ်းမိုးထားနိုင်မည့်ဖြစ်နိုင်သမျှသော နည်းလမ်းအသွယ်သွယ်ကို တီထွင်ဖန်တီးထားခြင်းပင်ဖြစ်ပါသည်။

ဘုရားသခင်ဝတ်၌မွေ့လျော်ပါသည်ဟု ပြောဆိုနေတတ်သောလူတန်းစားတစ်ရပ်သည် အမှန်တရားကိုသိအောင် ဆက်လက်ဆည်းပူးသွားရမည့်အစား သူတို့နှင့်အယူဝါဒသဘောထား တူညီဖြင်းမရှိသူများအပေါ် ကိုယ်ကျင့်တရားပိုင်း၌ ချွတ်ယွင်းချက်တစ်ခုတလေဖြစ်စေ၊ ၎င်းတို့၏လွဲမှားသောယုံကြည်ခြင်း၌ဖြစ်စေ အချက်တစ်ခုခုအား မပျက်မကွက် ဖေါ်ထုတ်ထောက်ပြတတ်သည့်အကျင့်အားဖြင့် ရပ်တည်နေပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် စာတန်၏ညာလက်ရုံးအဖြစ် အထောက်အကူပြုနေသူများဖြစ်ကြ၏။ ညီအစ်ကိုတို့အပေါ် စွပ်စွဲချက်တင်သူများမှာ အနည်းစုမဟုတ်၊ ဘုရားသခင်၏လုပ်ငန်းဆောင်တာ အချိန်ကျလျှင် သူတို့သည်အစဉ်သဖြင့် တက်ကြွမှုအားဖြင့်၊ စစ်မှန်သောရိုကျိုးမှုဖြင့် ကိုယ်တော်၏နောက်လိုက်များက ဆက်ကပ်ပူဇော်သည့်အခါ သူတို့က အမှန်တရားကိုချစ်မြတ်နိုးပြီး ရိုသေလိုက်နာသူများ၏ပြောစကားနှင့်အပြုအမူတို့အပေါ် မမှန်မကန်ဖြစ်စေမည့်အရောင်ဆိုးခြင်းကိုပြုလုပ်ကြလိမ့်မည်။ သူတို့သည် ခရစ်တော်အပေါ်အထက်

သန်ဆုံးသောယုံကြည်ခြင်းနှင့် စိတ်ချုပ်တည်းနိုင်သောနောက်လိုက် တပည့်များကို လိမ်ညာသူများ (သို့မဟုတ်) လိမ်ညာမှုခံနေရသူများ အဖြစ် ဖေါ်ထုတ်ပြောဆိုကြလိမ့်မည်။ စစ်မှန်မှုရှိလျက် မြင့်မြတ်သော ကြံရွယ်ချက်တိုင်းအား ပြောင်းပြန်လှန်၍တင်ပြပြောဆိုခြင်းမှာ သူတို့၏ အလုပ်ဖြစ်ပြီးလျှင်၊ မဟုတ်မမှန်သည့်သူတို့လိုလားချက်ဖြင့် တဖြည်းဖြည်းစိတ်ရှည်စွာ ထိုးဖေါက်လှည့်စားချက်များအား ဖြန့်ဝေ ခြင်းနှင့်အတွေ့အကြုံမရှိသေးသူများ၏စိတ်ထဲတွင် သံသယစိတ်များ နိုးကြားလာစေရအောင် နှိုးဆွပေးခြင်းတို့ဖြစ်ပါသည်။ ယုံကြည်စေ လောက်သောနည်းအသီးသီးဖြင့် သူတို့သည် သန့်စင်၍ ဖြောင့်မတ်ခြင်း ရှိသည့်အရာတိုင်းကို ညစ်ပတ်၍ လှည့်စားမှုဖြစ်စေမည့်အကြောင်း သူတို့သည် ကြိုးပမ်းဖြစ်ပေါ်စေကြပါလိမ့်မည်။

သို့သော် သူတို့နှင့်စပ်လျဉ်း၍ မည်သူမျှလှည့်စားခြင်းကိုခံကြရန် မလိုအပ်ပါ။ သူတို့သည် မည်သူ၏သားသမီးများဖြစ်သည်ကို လည်းကောင်း၊ ဘယ်သူ၏နမူနာကို ယူနေကြသည်ကိုလည်းကောင်း၊ ဘယ်သူ၏အလုပ်ကို လုပ်နေကြသည်ကိုလည်းကောင်း အလွယ်တကူ တွေ့နိုင်ကောင်းပေ၏။ 'ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏ သဘာဝကိုသိကြလိမ့်မည်။' မဿဲ ၇း၁၆။ 'ဆူးပင်၌စပျစ်သီးကို ဆွတ်တတ်သလော၊ ဆူးလေပင်၌သင်္ဘောသဖန်းသီးကိုဆွတ်တတ် သလော။ သူတို့၏လမ်းကြောင်းသည် အသရေကိုဖျက်တတ်သူ၊ ခါးသီးမုန်းတီးမှုအပြည့်ရှိသူ ဘုရားသခင်ရှေ့တော်၌ငါတို့ညီအစ်ကို များကို နေ့ညမပြတ်အပြစ်တင်သော ရန်သူစာတန်၏လမ်းကြောင်း နှင့်ဆင်တူပင်ဖြစ်ပေ၏။ ဗျာ ၁၂း၁၀။

မဟာလှည့်စားတတ်သူတွင် လူအများအား ထောင်ချောက်ကျော့ကွင်း တွင် မိနေစေရေးအတွက် သူ့ကိုယ်စားလှယ်အများသည် ဘယ်အမှားမျိုးကိုမဆို အမျိုးအစားအသီးသီးဖေါ်ထုတ်ပေးရန် အသင့်ရှိနေခြင်း၌ သူဖျားဆီးလိုသော သူများ၏အလိုအာသာဆန္ဒများနှင့် ခံယူနိုင်မှု အရည်အသွေးများအလိုက် အံဝင်ခွင်ကျဖြစ်မည့် မှားယွင်းသောယုံကြည်ခြင်းများနှင့် သင်ကြားပို့ချခြင်းများအား အသင့်ပြင်ဆင်ထားခဲ့ခပြီးဖြစ်ခြင်းကြောင့်ပေတည်း။ သံသယနှင့်မယုံကြည်ခြင်းတို့ကို အားပေးမှုပြုလုပ်လိမ့်မည်ဖြစ်သော ဘာသာရေး၌မရိုးမသားရှိသူ၊ ဝိညာဉ်ခွန်အားအပိုင်း၌ ပြန်လည်တိုးတက်မှုမရှိသူတို့အား အသင်းတော်သို့သွင်း၍နေရာယူရန် သူကစီမံထားသည့်အပြင် ဘုရားသခင်၏လုပ်ဆောင်မှုရှေ့သို့တိုးလာသည်ကို မြင်လိုခြင်းနှင့်တကွ အတူလိုက်ပါတိုးတက်မှုရရှိလိုသည့် ဆန္ဒရှိသူအားလုံးကို ဖင့်နွှဲအောင်ပါ ဖန်တီးမှုရှိနေခြင်းပင်။ ကိုယ်တော်၏နှုတ်တော်ထွက်စကားနှင့်ဘုရားသခင်အပေါ် အမှန်တကယ်ယုံကြည်ခြင်းမရှိသူ အများအပြားသည် အမှန်တရား၏အခြေခံဥပဒေသအနည်းအကျဉ်းကို လက်ခံလိုက်နာလျက်သူတို့သည် ခရစ်ယာန်အဖြစ်ရောက်ရှိခဲ့ကြကာ ဤသို့အားဖြင့်မိမိတို့အမှားအယွင်းများသည် ကျမ်းစာတော်၏သွန်သင်မှုကြားချက်အရဖြစ်ပါသည်ဟု ကိုယ်လိုရာသို့ ဆွဲပြောနိုင်ခြင်းအခွင်းကိုရယူတတ်ကြလေသည်။

စာတန်၏လှည်းစားခြင်းများထဲတွင် အောင်မြင်မှုအရဆုံးဖြစ်သော လှည့်စားချက်တစ်ခုမှာ လူအပေါင်းတို့က ဘယ်ယုံကြည်ခြင်းမျိုးကိုပင်ထားထား ဖြစ်လာမည့်အခြေအနေက အရေးထားရန်မလိုအပ်ဟူသောအချက်ပင်ဖြစ်ပါ၏။ သူသိသည်မှာ အမှန်တရားကိုချစ်ခြင်းဖြင့် ခံယူရရှိထားသူသည် ထိုသို့ခံယူခြင်းအားဖြင့် သန့်ရှင်းမွန်မြတ်သည့်

အဖြစ်သို့ရောက်ရှိကြောင်း သိနေခြင်းကြောင့် သူသည် အစဉ်သဖြင့် ပင်လျှင် မမှန်သောသီအိုရီများ၊ ဒဏ္ဍာရီများနှင့်နောက်ထပ်ဖြစ်သော ခရစ်ဝင်တရားတစ်ခုအပေါ် ယုံကြည်ခြင်းဖြစ်အောင် ကြိုးပမ်းလျက်နေ လေတော့သည်။ ရှေးဦးအစကပင် ဘုရားသခင်၏နောက်လိုက်များက ဆရာသမားအတုအယောင်များအား ပြိုင်ဆိုင်အခြင်းအခုံပြုကာ ၎င်းတို့ သည် ငြူစူစောင်းမြောင်းနေတတ်သူများသာလျှင်မကဘဲ မကောင်းမှု အမျိုးမျိုးကို အဖန်ဖန်အထပ်ထပ် ခိုင်မြဲစွာတည်နေအောင် လုပ်တတ်သူ ဖြစ်၍ ဝိညာဉ်ရေးဆိုင်ရာကြီးမားသည့် ဘေးရန်ရှိကြောင်းထင်ရှား စေခဲ့ကြပါ၏။ ဧလိယ၊ ယေရမိ၊ပေါလုစသများသည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်မှသွေဖည်နေသူတို့အား ခိုင်မြဲစွာနှင့်ကြောက်ရွံ့ ခြင်းကင်းစွာတွန်းလှန်ခဲ့ကြပါ၏။ အမှန်တရားအပေါ် ကာကွယ်မှုပြုပြင် ပေးခဲ့သည့် ဤသန့်ရှင်းသောပုဂ္ဂိုလ်များအနေနှင့် မှန်ကန်သော ဘာသာတစ်ခုကို ယုံကြည်ကိုးကွယ်ခြင်းျအား အရေးမပါသည့်သဘော ဖြင့် လက်လွှတ်စပယ်ပြုကြသူတို့အပေါ် လိုက်လျောခွင့်ပြုမည်မဟုတ် ကြောင်းတွေ့ရပါမည်။

## သမ္မာကျမ်းစာအားပစ်မှတ်ထား

ခရစ်ယာန်ဘာသာရေးယုံကြည်ချက်နှင့်စပ်လျဉ်း၍ တစ်ခုနှင့် တစ်ခုမတူ၊ ဆန့်ကျင်မှုရှိနေသောသီအိုရီများစွာနှင့် ကျမ်းစာတော်အား ထင်ယောင်ထင်မှားဝိုးတဝါးနှင့် စိတ်ကူယဉ်ဆန်ဆန်ပြန်လည်ရှင်းလင်း ဟောပြောချက်များအား ခရစ်ယာန်လောက၌တွေ့နေရခြင်းမှာ အမှန် ကို သိသာစွာမမြင်နိုင်အောင်ရှိစေခြင်းငှာ လုပ်ဆောင်နေသူကျွန်ုပ်တို့၏

မဟာရန်သူကြီးစာတန်၏လက်ချက်ပင်တည်း။ လူကြိုက်များ၍ လက်ခံနိုင်ခြင်းရှိသောသီအိုရီတစ်ရပ်အပေါ် ကျမ်းစာမြတ်၏ထောက်ပင့်မှုကိုလုယက်ရယူလေ့ရှိသော ထုံးတမ်းအစဉ်အလာအားဖြင့် ခရစ်ယာန်ဘာသာနယ်ပယ်အတွင်းရှိ အသင်းတော်ဂိုဏ်းများအတွင်း ကျယ်ပြန့်စွာဖြစ်နေသည့် သဘောထားမကိုက်ညီမှုနှင့်ဂိုဏ်းကွဲမှုများကြောင့် ဖြစ်ရပေသည်။ ကိုယ်တော်သခင်၏အလိုတော်ရှိခြင်းအား အမှန်သိရှိနိုင်ရန် စိတ်နှလုံး၏နှိမ့်ချခြင်းအားဖြင့် နှုတ်တော်ထွင်စကားကိုစေ့စပ်သေချာစွာ ပြုရမည့်အစား၊ လူအများအပြားတို့သည် မှုမမှန်သောအချက်တစ်ခုခုဖြစ်စေ၊ မူလအရင်းအမြစ်ကိုဖြစ်စေ ရှာဖွေတွေ့ရှိရန်သာကြိုးပမ်းနေမငပေင်ဖြစ်ပါသည်။

ခရစ်ယာန်မဆန်သော ကျင့်စဉ်များကိုဖြစ်စေ၊ မှားယွင်းမှုရှိနေသောယုံကြည်ချက်များနှင့် သင်ကြားမှုများအားထိန်းသိမ်းထားရေးအတွက် တချို့သောသူတို့သည် ကျမ်းချက်မှာပါရှိသည့် ကျမ်းပိုဒ်များကိုခွဲထုတ်လုယူကာ ကျမ်းပိုဒ်တစ်ပိုဒ်၏တစ်ဝက်မျှကို ညွှန်းဆိုပြီး မိမိတို့လိုရင်းကို ကောက်နုတ်သက်သေပြုလျှင် ကျန်သောအခြမ်း၌မူ ညွှန်ချက်၏ဆန့်ကျင်ဘက်သဘောမျိုး၊ ဥက်ရောက်နေမှုမျိုးရှိနိုင်ကောင်းပါသည်။ သူတို့၏ခန္ဓာကိုယ် တပ်မက်မှုဆိုင်ရာဆန္ဒနှင့်အံဝင်ခွင်ကျစေရအောင် ပြတ်တောင်းပြီး အနက်မပြည့်စုံသည့်ရှုတ်ဆိုချက်များနောက်၌ မြွေ၏စဉ်းလဲမှုမျိုးဖြင့် နေရာယူခံစစ်ဆင်လေ့ရှိခြင်းအားဖြင့် တလွဲနားလည်သဘောပေါက်တတ်ပါ၏။ ဤသို့အားဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားကို အများစုသောလူတို့က လိုလားစွာပင်အမှားဘက်သို့ပြောင်း၍ လှည့်သုံးကြတော့သည်။ အခြားသောစိတ်ကူးစိတ်သန်းတက်ကြွမှုရှိသူများအနေဖြင့်မူ ကျမ်းစာမြတ်ညွှန်းဆိုချက်တို့အားဖျက်ဆီးလျက်၊ သူတို့၏တွေးခေါ်မှန်းဆချက်

နှင့်ခွင်ဝင်အောင် မှားယွင်းသည့်ပြန်ဆိုခြင်းအားဖြင့် ကျမ်းစာအရ ပင် ရှင်းလင်းဖွင့်ဆိုထားခြင်းကို သက်သေခံချက်အဖြစ်အလေးမမူကြ တော့ဘဲ ဖယ်ထုတ်ပြီးလျှင် ကျမ်းစာ၏သင်ကြားချက်များအား ထူးခြားပြီးပုံမှန်မဟုတ်သည့် အတွေးအခေါ်ထည့်သွင်း၍ သူတို့က ထုတ်ပြန်လေ၏။

ဆုတောင်းချက်ပြည့်ဝကာ စိတ်နှလုံးနှိမ့်ချလျက် သင်ယူမှုကိုခံယူ လိုသည့်စိတ်ဓါတ်မပါရှိဘဲ ကျမ်းစာလေ့လာခြင်းကို ပြုလုပ်သည့်အခါ အရိုးအရှင်းဆုံးဖြစ်သည့်စာပိုဒ်များအပြင် အခက်ခဲဆုံးသောစာပိုဒ် များပါ ၎င်းတို့လိုလားချက်အား အကောင်းဆုံးသောအထောက် တတ်ပါသည်။ ရောမအသင်းတော်၏အာဏာပိုင်ဆိုင်ရာ ခေါင်းဆောင် များသည် ၎င်းတို့လိုလားချက်အား အကောင်းဆုံးသောအထောက် အကူဖြစ်စေသည့် ကျမ်းစာအပိုင်းများကို ရွေးနုတ်လျက် သူတို့အလိုရှိရာဆွဲပြီးပြန်ဆိုပြီးနောက် လူအပေါင်းတို့ထံချပြ ဆွေးနွေးရာတွင် ကျမ်းစာကိုလူအများလေ့လာခွင့်အား ပိတ်ပင် တားမြစ်ခြင်းအားဖြင့် သူတို့ကိုယ်တိုင်ရရှိခံယူအပ်သော မွန်မြတ် လှသည့်အမှန်တရားတို့အား မရရှိကြတော့ပေ။ အမှန်ဆိုလျှင် ကျမ်းစာတွင်ဖော်ပြထားချက်အလုံးစုံကို လူအပေါင်းတို့ထံသို့ ရောက်ရှိစေရန်ဆောင်ရွက်ပေးရပါမည်။ လွဲမှားစွာပြန်ဆိုထုတ်ဖော် ထားသည့်ကျမ်းစာတော်မြတ်တို့အား သင်ကြားပေးခြင်းထက် လူတို့အား ကျမ်းစာညွှန်ကြားချက်ကို လုံးဝပို့ချမပေးသည်က သာ၍ ကောင်းမည်ဖြစ်ပါသည်။

ဖန်ဆင်းပိုင်သူဘုရားသခင်၏ အလိုတော်နှင့်ရင်းနှီးကျွမ်းဝင်မှု ဖြစ်စေရအောင် လမ်းညွှန်ပြခြင်းတစ်ရပ်အား လိုလားမှုရှိသူအပေါင်း တို့အတွက် ကျမ်းစာတော်ကို ဖော်ထုတ်ခဲ့ခြင်းသာဖြစ်၏။ သေချာရေရာ

သောကြိုတင်ဟောပြောခြင်းစကားများကို ဘုရားသခင်က လူအပေါင်းတို့ထံ ပေးအပ်ခဲ့ပါသည်။ မကြာမြင့်မီကာလ၌ ဖြစ်ပေါ်လာရမည့်အရာများကို ဘုရားသခင်၏ကောင်းကင်တမန်တော်များကသာမကခရစ်တော်ကိုယ်တိုင်ပင်လျှင် ပရောဖက်ကြီးဒံယေလနှင့် ယောဟန်တို့ထံအသိပေးပြောကြားခဲ့ရပေသည်။ ထိုအရေးကြီးသည့်အကြောင်းကိစ္စများသည် ကျွန်ုပ်တို့ပအပေါ် ကယ်တင်ခြင်းနှင့်စပ်ဆိုင်မငရှိနေသည့်အလျောက် လျှို့ဝှက်ထိမ်ချန်မှုဖြင့် ပစ်ထားခြင်းကိုမပြုခဲ့ပါ။ ရိုးသားဖြောင့်မတ်စွာအမှန်တရားကိုရှာဖေါနေသူအား စိတ်ရှုပ်ထွေးမှုဖြစ်စေကာ လမ်းလွှဲသို့လိုက်ပါသွားခြင်းမဖြစ်စေရအောင် ကျမ်းစာအချက်အလက်များအား ဖွင့်ဆိုထားခဲ့ခြင်းမဟုတ်ပါ။ ပရောဖက်ဟဗက္ကုတ်အားဖြင့် သခင်ဘုရားမမြွက်ဆိုခဲ့သည်မျာ 'ထာဝရဘုရားသခင်ကလည်း၊ ဖတ်သောသူသည်ပြေးလျက် ဖတ်နိုင်အောင်၊ ကိတင်ဖေါ်ပြချက်ကို သင်ပုန်းပေါ်မှာအက္ခရာတင်၍ရေးမှတ်လော့'
(ဟဗက္ကုတ် ၂း၂) ဟူ၍မိန့်ဆိုခဲ့ပါသည်။ ဆုတောင်းချက်ပြည့်ဝသည့်နှလုံးသားဖြင့် ဘုရားသခင်နှုတ်ထွက်စကားတော်ကို လေ့လာဆည်းပူးသူအားလုံးတို့အတွက် ရိုးရှင်းမှုဖြစ်စေပါ၏။ အမှန်ကန်ဆုံးဖြစ်သည့်အလင်းတရားဆီသို့ ရိုးသားခြင်းအစစ်အမှန်ရှိသူကိုယ်စီထံရောက်ရှိလာပါလိမ့်မည်။ 'အလင်းသည် တရားသောသူအဖို့၊ ဝမ်းမြောက်ခြင်းသည် သဘောဖြောင့်သော သူတို့အဖို့ပျိုးကြဲလျက်ရှိ၏။ (ဆာလံ ၉၇း၁၁)။ ဝှက်၍ထားသိုသော အဖိုးတန်ရတနာများအား ရှာဖွေသကဲ့သို့စိတ်အားထက်သန်စွာဖြင့် အမှန်တရားကို ရှာဖေါသူများမရပါရှိဘဲ အဘယ်အသင်းတော်ကမှ သန့်ရှင်းမှုဖြင့် ရှေ့သို့တက်လှမ်းနိုင်မည်မဟုတ်ပါ။

ရက်ရောစွာပေးကမ်းခြင်း၊ အမြင်ကျယ်ခြင်း၊ ဘက်လိုက်မှုမှ ကင်းရှင်းခြင်းစသည့်အချက်များအား ဟစ်ကြွေးခြင်းအားဖြင့် လူအပေါင်းတို့သည် မိမိတို့၏ရန်ဘက်က လုပ်ဆောင်နေသည့်အချက်များအားမမြင်မတွေ့နိုင်တော့ဘဲ ရန်သူကသာလျှင် တစ်ချိန်လုံးသူ့ရည်မှန်းချက်ရောက်သည့်တိုင် တရွေ့ရွေ့လုပ်နေပါတော့သည်။ လူသားဆန်သောထင်မြင်မှန်းဆချက်များအားဖြင့် ကျမ်းစာတော်အား အစားထိုးလာခြင်း၌ သူအောင်မြင်သည့်အလျောက် ဘုရားသခင်၏ဥပဒေတော်၏အရေးပါမှုကို ဘေးဖယ်ခြင်းခံရကာ အသင်းတော်များအနေဖြင့် လွတ်လပ်မှုရှိကြောင်း ပြောဆိုနေသည့်အကြားမှ အပြစ်တရား၏ကျေးကျွန်အဖြစ်သို့ ကျရောက်သွားတော့၏။

သိပ္ပံဆိုင်ရာသုတေသနပြုချက်သည် လူအများအဖို့ ကျိန်စာသင့်သကဲ့သို့ ဖြစ်လာရပေသည်။ သိပ္ပံနှင့်ဝိဇ္ဇာပညာရပ်ဆိုင်ရာဖော်ထုတ်တွေ့ရှိချက်များအား ကမ္ဘာသားများသိစေရအောင် ထင်ရှားစွာမီးထိုးပြရန် ဘုရားသခင်က ခွင့်ပေးထားခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ဦးနှောက်အကြီးဆုံးပိုင်ရှင်များပင်လျှင် ဘုရားသခင်၏နှုတ်တော်ထွက်စကားအားဖြင့် ဦးဆောင်ညွှန်ပြမှုမရှိဘဲ သူတို့အနေဖြင့်သိပ္ပံနည်းပညာနှင့်ဖော်ပြဖွင့်ဆိုချက် မည်သို့ပဆက်စပ်မှုရှိနေခြင်းကို သူတို့ကြိုးပမ်းထုတ်ဖော်ရာ၌ ဇဝေဇဝါဖြစ်မှုများကြုံတွေ့ရပေသည်။

ဝိညာဉ်ပကတိဆိုင်ရာနှင့်ဇာတိပကတိဆိုင်ရာ နှစ်ရပ်စလုံးနှင့်စပ်ဆိုင်သောအရာများကို လူတို့၏အသိဉာဏ်အားဖြင့် အပြီးတိုင်အပြည့်အစုံနှင့်အကောင်းဆုံးမသိနားမလည်နိုင်ပါ။ သို့ဖြစ်သောကြောင့် ကျမ်းစာတော်၌ မြွက်ဟရေးသားချက်တို့နှင့်သိပ္ပံပညာဆိုင်ရာ ရှုထောင့်အမြင်များအား လူအများတို့အနေဖြင့်သဘောမျှအောင် ညှိနှိုင်းချက်ပြုရန် သူတို့မတတ်နိုင်ကြပါ။ အများစုကသီအိုရီများနှင့်စဉ်းစားတွေး

ခေါ်ချက်များဖြင့်သာ သိပ္ပံနည်းကျသည့်အမှန်ချက်အလက်များ
အဖြစ်လက်ခံကြပါ၏။ ပြီးလျှင်သူတို့ထင်ထားကြသည်မှာ သိပ္ပံအ
တတ်ဟုအလွဲခေါ်သောသင်ယူမှုများအားဖြင့် ဘုရားသခင်၏နှုတ်တော်
ထွက်စကားကို စမ်းသပ်ရမည်ဟုထင်ကြ၏။ (၁တိမောသေ ၆း၂၀)။
ဖန်ဆင်းပိုင်သူ ဘုရားသခင်နှင့်ကိုယ်တော်၏လုပ်ဆောင်မှုများမှာ
နားလည်နိုင်စွမ်း၏တစ်ဖက်အစွန်း၌ရှိနေလျက် သဘာဝဥပဒေများ၊
စည်းမျဉ်းများအားဖြင့် ရှင်းလင်းပြောဆိုနိုင်မှုမရှိသူတို့က ကျမ်းစာ
သမိုင်းသည် ယုံကြကည်အားထားလောက်ဖွယ်ရာမဟုတ်ကြောင်း
သတ်မှတ်ကြပါသည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများ၌ ရေးသား
မှတ်တမ်းတင်ချက်များ၏အားထားလောက်နိုင်မှုရှိခြင်းအပေါ် သံသယ
ပွားသူတို့က အခါများစွာ ရှေ့တစ်ဆင့်တက်လျက် ဘုရားသခင်၏
ထာဝရတည်ရှိခြင်းကို သံသယဖြစ်ကာ သဘာဝတရား၏အတိုင်းအဆ
မရှိသောစွမ်းအင်ကိုသာ အလေးပေးစဉ်းစားကြပါသည်။ ၎င်းတို့၏
ရပ်တည်ချက်အား စွန့်ပစ်ပြီးသောအခါ၌မူ သူတို့သည် ယုံကြည်ခြင်း
ကင်းမဲ့မှုတည်းဟူသော ကျောက်များအပေါ် စမ်းတဝါးဝါးဖြင့်သာ
ရှာဖွေလျှောက်လှမ်းနေကြရပေသည်။

ဤသို့အားဖြင့် အများအပြားတို့သည် အမှန်တရားမှသွေဖည်
ကြပြီးလျှင် စာတန်၏ဖြားယောင်းမှုကို ခံရတော့၏။ လူအပေါင်း
တို့သည် သူတို့၏ဖန်ဆင်းသခင်ထက်ပို၍ ပညာရှိကြောင်းပြသရန်
အားထုတ်ခဲ့ကြဖူးပေသည်။ မဆုံးနိုင်သည့်နှစ်ပေါင်းရှည်ကြာ
သောကာလအတွင်း ဘယ်သောအခါတွင်မှ ဖြေရှင်း၍ရနိုင်မည်မဟုတ်
သည့်လျှို့ဝှက်နက်နဲခြင်းများကို လူသားဒဿနိကဗေဒဖြင့် စွမ်းစွမ်း
တမံရှာဖွေဖေါ်ထုတ်ရန် ကြိုးစားခဲ့ပါ၏။ ဘုရားသခင်က သူ၏လိုလား

ချက်များနှင့်သူ့အကြောင်း ဘယ်လိုအသိပေးခဲ့ခြင်းအား လူအပေါင်းက ရှာဖွေကာ သိနားလည်အောင်လုပ်ခဲ့မည်သာဖြစ်ပါက ယေဟောဝါ၏ ဘုန်းအသရေတော်အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်တို့ အပေါ် သူတို့တွေ့မြင်ရမည့်ရှုထောင့်အားဖြင့် မိမိတို့၏သေးနုတ်ခြင်းကို အမှန်ပင်သဘောပေါက်နားလည်ပြီးလျှင် သူတို့ကိုယ်တိုင်နှင့်သူတို့၏ သားသမီးများအတွက် ဘုရားသခင်ဖွင့်လှစ်ပြပေးထားချက်ဖြင့်သာ ကျေနပ်ရောင့်ရဲကြပေမည်။

ဘုရားသခင်က ကျွန်ုပ်တို့တွင် နားလည်သိရှိရန်မလိုအပ်ကြောင်း ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့အားသိစေခြင်းပြုမထားသောအရာတို့ကို ရှာဖွေနေစေရန်နှင့် မှန်ကန်ခြင်းအပေါ်အခြေမခံသည့်မှန်းဆထင်မြင် ချက်များထားရှိနေစေရန် လှည့်စားခြင်းများသည် စာတန်၏အလွန် ကျွမ်းကျင်စွာသော ဖန်တီးခြင်းတစ်ရပ်ပင်ဖြစ်ပါ၏။ ထိုကဲ့သို့ပြုခြင်း ကြောင့် လူစီဖာသည် မိုးကောင်းကင်ရှိသူ့နေရာအား ဆုံးရှုံးခဲ့ရပါသည်။ ဘုရားသခင်၏လုပ်ငန်းများဆိုင်ရာလျှို့ဝှက်ချက်များကို သူ့အပေါ် ယုံကြည်မှုထားကာ တိုင်ပင်ခြင်းမပြုသည်ကို မကျေမနပ်ဖြစ်ခဲ့ပြီး သူ့အားအပ်နှင်းပေးထားသော အဆင့်မြင့်မားသည့်လုပ်ငန်းတာဝန် များနှင့်စပ်လျဉ်း၍ သူကလုံးလုံးလျားလျားပင် စွန့်ပစ်ခဲ့လေသည်။ သူ၏ကွပ်ကဲမှုအောက်ရှိ တမန်များအထဲမှာလည်း အလားတူပင်မကျေ မနပ်ဖြစ်အောင် ဖန်တီးလှုံ့ဆော်ခြင်းအားဖြင့် ၎င်းတို့၏ကျဆုံးမှုကို ဖြစ်စေခဲ့ပါ၏။ ယခုအခါ၌မူ ဘုရားသခင်၏တိုက်ရိုက်ညွှန်ကြား စေစားချက်များကို လူအပေါင်းတို့က အဆိုပါစိတ်ဓာတ်မျိုးဖြင့်ပစ်ပယ် ကြစေရန်နှင့် စိတ်နေစိတ်ထားပျက်ပြားမှု ပြည့်နှက်နေကြစေရန် လုပ်ဆောင်နေပေတော့သည်။

## လမ်းညွှန်မှုဆိုင်ရာလွဲချော်ခြင်းများ

သမ္မာကျမ်းစာ၏ရိုးရှင်းပြီး ထက်မြက်သည့်အမှန်တရားတို့ကို လက်ခံလိုခြင်းမရှိသော ထိုသူအပေါင်းတို့အနေဖြင့် မိမိတို့စိတ်နှင့် ကိုက်ညီသောဒဏ္ဍာရီများအားဖြင့် အသိစိတ်၏နှစ်သိမ့်မင်ကို ရယူကြပေလိမ့်မည်။ လမ်းညွှန်သင်ပြမှုတွင် ဝိညာဉ်ခွန်အားနည်း၍သော်လည်းကောင်း၊ မိမိကိုယ်ကိုချုပ်တည်းမှုသော်လည်းကောင်း၊ စိတ်နှိမ့်ချမှုသော်လည်းကောင်း အားနည်းနေသည့်အခါ အဆိုပါအချက်တို့ကို ပိုမိုစိတ်ထက်သန်သောလိုလားမှုဖြင့် သင်ယူလက်ခံခြင်းရှိကြကြောင်းကို တွေ့ရပေသည်။ သူတို့၏ကိုယ်ခန္ဓာအလိုဆန္ဒများကို လိုက်လျောနိုင်ရန် ဤပုဂ္ဂိုလ်များက အသိဉာဏ်ပညာစွမ်းပကားတို့ကို နှိမ့်ချလိုက်ကြပေ၏။ မွန်မြတ်သန့်စင်သော လမ်းညွှန်ပြသမှုက ထက်သန်သည့်ဆုတောင်းခြင်းနှင့် စိတ်ကိုဆုံးမပြုပြင်ခြင်းအားဖြင့် ကျမ်းစာတွင် ရှာဖွေရန် မိမိတို့၏မာန်မာနစိတ်ဖုံးလွှမ်းမှုကြောင့် သူတို့၌မမှန်မကန်သည့်ယုံကြည်ခြင်း ပေါ်ပေါက်လာသည်ကို အကာအကွယ်မရရှိနိုင်ဘဲဖြစ်နေရပေ၏။ စာတန်သည် နှလုံးသား၏ဆန္ဒကိုဖြည့်ဆည်းပေးရန်အသင့်ရှိနေလျက် အမှန်တရားနေရာ၌ သူ၏လှည့်စားထားသော မမှန်မကန်မှုများကို ထည့်သွင်းလေသည်။

လူအပေါင်းတို့၏စိတ်ထားများအပေါ် အဆိုပါနည်းလမ်းအားဖြင့် ရောမသာသနာပိုင်အုပ်ချုပ်မင်စနစ်က စွမ်းအင်တန်ခိုးရရှိလျက် လက်ဝါးကပ်တိုင်တစ်ခုနှင့် ပတ်သက်ဆက်စပ်နေသည့် အမှန်တရားအားငြင်းပယ်ခြင်းကို အခြားခရစ်ယာန်ဂိုဏ်းဝင်အပေါင်းတို့သည်လည်း ထိုလမ်းအတိုင်းပင် လိုက်လျှောက်နေကြပါသည်။ ဘုရားသခင်၏

နှုတ်တော်ထွက်စကားအရ အဆင်ပြေလွယ်ကူခြင်းနှင့်မှုဝါဒကို လေ့လာရန် လျစ်လျူရှုသူအားလုံး ကမ္ဘာလောကနှင့်သူတို့အကြား သဘောကွဲလွဲမှုမရှိစေခြင်းငှာ အလွန်ဆိုးရွားသော ဘာသာရေးဆိုင်ရာ အမှန်တရားအပေါ် ဆန့်ကျင်သည့်ယုံကြည်ခြင်းကို လက်ခံရယူစေရန် ပစ်ပယ်ထားခြင်းကိုခံရပေလိမ့်မည်။ အမှန်တရားကို လိုလားစွာဖြင့်ပင် ငြင်းပယ်သော ထိုသူအပေါင်းသည် ထင်သာမြင်သာသောမှားယွင်သည့်အမှားတစ်ခုစီတိုင်းကို အလွယ်တကူဖြင့်ပင် လက်ခံသွားကြလိမ့်မည်။ လှည့်စားချက်တစ်ရပ်အပေါ် ထိတ်လန့်စွာကြည့်မြင်တတ်ပါလျက် အခြားသောလှည့်စားမှုတစ်ခုကို အဆင်သင့်ပင် လက်ခံခြင်းပြုလိမ့်မည်။ တမန်တော်ကြီးပေါလုက မှန်ကန်မှု၏ချစ်ခင်လိုလားခြင်းကို လက်ခံခြင်းမပြုဘဲ ကယ်တင်ခြင်းအား ငြင်းပယ်သူများဟူသည့် လူတန်းစားတစ်ရပ်နှင့်စပ်လျဉ်း၍ ထုတ်ဖေးပြောကြားရာတွင် 'ထိုကြောင့် အမှန်တရားကိုမယုံဘဲ မတရားသောအမှု၌မွေ့လျော်သော သူအပေါင်းတို့သည် တရားရှုံးခြင်းသို့ရောက်မည်အကြောင်း မုသားစကားကိုယုံကြည်စိမ့်သောငှာ ထူးဆန်းသောတန်ခိုးပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင်လွှတ်တော်မူလိမ့်မည်။' (၂သက် ၂း၁၀–၁၂)။ ဤသို့သောသတိပေးနှိုးဆော်ချက်သည် ကျွန်ုပ်တို့ရှေ့မှောက်တွင်ရှိနေသည့်အခါ အဘယ်သို့သောလမ်းညွှန်သင်ကြားခြင်းများအား ကျွန်ုပ်တို့အနေဖြင့်ရယူလက်ခံသင့်သည်ကို သတိရှိရှိထား၍ ကာကွယ်သင့်ကြပေသည်။

မဟာလှည့်စားသူ၏တိုက်ကွက်များအနက် အောင်မြင်မှုအရရှိဆုံးမှာ နာမ်ဝိညာဉ်လောက၏လှည့်စားမှုဖြင့် ပြည့်နေသည့် သင်ကြားမှုများနှင့်လိမ်ညာထားသော အံ့ဖွယ်ရာများဖြစ်လေသည်။ စာတန်သည် အလင်းရောင်၏တမန်တော်အဖြစ်ရုပ်ဖျက်လျက် မသင်္ကာမှုခံရ

ခြင်းအနည်းဆုံးဖြစ်ရာအရပ်တွင် သူ၏ပိုက်ကွန်များအား ဖြန့်ကြက်တတ်ပါ၏။ သိနားလည်မှုရကောင်းသောစိတ်ထားရှိကာ ယုံကြည်ထက်သန်သည့်စိတ်နှင့် ဆုတောင်းပြုလျက် ကျမ်းစာတော်မြတ်ကိုလူအပေါင်းတို့သည် သင်ယူလေ့လာခဲ့ကြပါလျှင် သူတို့သည်မမှန်ကန်သည့်လမ်းညွှန်ချက်များလက်ခံသင်ယူရန် အမှောင်မိုက်တွင်ထားရစ်ခဲ့ခြင်းအားခံခဲ့ရမည်မဟုတ်။ သို့ရာတွင် သူတို့သည်အမှန်တရားကိုပစ်ပယ်သည်နှင့်အမျှ လှည့်စားခြင်း၏သားကောင်များအဖြစ်ကျရောက်ခဲ့ရလေသည်။

ခရစ်တော်သခင်၏ ဘုရားသခင်အဖြစ်ရပ်တည်ခြင်းအဖြစ်အားအမှန်အကန်အဖြစ် လက်မခံသောသွန်သင်မှုသည်လည်း ဘေးရန်ရှိသောလွဲမှားချက်တစ်ရပ်ဖြစ်ပါ၏။ ဤကမ္ဘာလောကသို့ကိုယ်တော်ကြွဆင်းလာခြင်းမတိုင်မီကပင် ခရစ်တော်သည် ကမ္ဘာအဆက်ဆက်ဖြစ်တည်သည့်ဘုရားသခင်မဟုတ်ပါဟူ၍ အမှန်တရားကို ငြင်းဆိုနေပါသည်။ ဤအချက်ကို လူအများအပြားသည် ကျမ်းစာတော်မြတ်အား ယုံကြည်ပါသည်ဟုကြွေးကြော်ပြီး လိုလားမှုဖြင့်လက်ခံသင်ယူမှုရှိနေပါသည်။ သို့ဖြစ်၍ အရိုးရှင်းဆုံးသောစကားရပ်များအားဖြင့် အဖခမည်းတော်နှင့်ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူစပ်ကြားတည်ရှိနေသည့်ဆက်စပ်မှု၊ ကိုယ်တော်၏သန့်စင်မွန်မြတ်သည့် စရိုက်လက္ခဏာနှင့်ကမ္ဘာအဆက်ဆက်တည်လာခဲ့ခြင်းကို ထင်ရှားစွာဖြင့်တိုက်ရိုက်ဆန့်ကျင်နေခြင်းဖြစ်တော့သည်။ ကျမ်းစာလာအချက်တို့အားအခွင့်အာဏာလုံးဝမရှိပါဘဲလျက် ဖွတ်အခမ္ဘလုယက်ခြင်းမပြုဘဲနှင့်ဤပြုမူချက်ကို စိတ်ထဲမှာထည့်ထားနိုင်မည်မဟုတ်ပေ။ အဖိုးအခပေးရွေးနုတ်ယူခဲ့ရသည့်လုပ်ငန်းအပေါ် လူသား၏သိနားလည်မှု၊ မွေးမြူ

ရယူခြင်းဆိုင်ရာအဆင့်အား နိမ့်ကျစေသည်သာမက ဘုရားသခင်က ဖွင့်လှစ်ပြဆိုခဲ့သည့်ကျမ်းစာတော်လာအချက်များအပေါ် ယုံကြည်သစ္စာထားခြင်းကို အခြေခံအရင်းပိုင်းမှစပြီး ယိမ်းယိုင်ချည့်နဲ့စေပါသည်။ ထိုအချက်မှာ ဘေးရန်များခြင်းအားဖြစ်စေသလို ဖြည့်ဆီးလိုက်နာမှုတွင်လည်း ပိုမိုခက်ခဲသွားစေပါသည်။ ကျေနပ်မှုကိုလည်းပေးစွမ်းနိုင်ခြင်းမရှိတော့ပေ။ ခရစ်တော်၏ဘုရားသခင်အဖြစ်ရပ်တည်မှုနှင့် စပ်လျဉ်း၍ ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်သော ကျမ်းစာရှိသမျှ၏သက်သေခံချက်ကို ငြင်းပယ်သူအပေါင်းက ဆန့်ကျင်ခဲ့သော် ထိုအချက်ကို သူတို့နှင့်အချေအတင်ပြောခြင်းမှာ အကျိုးမဲ့သာဖြစ်မည်၊ အဘယ်မျှပင်ရှင်းလင်းတင်ပြခြင်းကို ပြုခဲ့သူတို့အား အမှန်အကန်သိစေနိုင်မည်မဟုတ်တော့ပါ။

'ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ၊ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်' (၁ကော ၂း၁၄)။ ဤလွဲမှားသောအချက်အား ကိုင်စွဲထားသူမည်သူမဆို ခရစ်တော်၏စရိုက်လက္ခဏာ (သို့မဟုတ်) ခရစ်တော်၏လုပ်ငန်းတာဝန်ကိုသော်လည်းကောင်း၊ လူသားတို့ကို အဖိုးအခဖြင့်ရွေးနုတ်ကယ်ယူသော ဘုရားသခင်၏ မဟာစီမံချက်ကိုသော်လည်းကောင်း မှန်ကန်သောအမြင်ဖြင့်လက်ခံရယူနိုင်ခြင်းမရှိပေ။

အမြန်ပြန့်ပွားနေသည့် ယုံကြည်ချက်တစ်ရပ်အဖြစ်ရှိနေသေးလျက် ရုပ်ထွေးပွေလီခြင်းနှင့်ဘေးရန်ကျရောက်မှုရှိသော အမှားတစ်ရပ်မှာ စာတန်တွင် အကောင်အထည်အားဖြင့် ဖြစ်တည်မှုမရှိဘဲ

ထိုအမည်နာမအား ကျမ်းစာ၌သုံးစွဲဖော်ပြနေခြင်းသည် လူအပေါင်း တို့၏ဆိုးညစ်သည့်အတွေးအမြင်များနှင့် အလိုဆန္ဒများအား ရှေ့သို့ တွန်းထုတ်ဖော်ပြရန်မျှသာ ဖြစ်သည်ဟူ၍ဖြစ်ပါ၏။

လူအများအား တရားဟောစင်များမှနေလျက် သင်ကြားမှုကျယ် ပြန့်စွာဖြင့် ပဲ့တင်ထပ်မှုရှိနေသည်ကား ဒုတိယအကြိမ်ခရစ်တော်ကြွလာ တော်မူခြင်းဆိုသည်ကား လူတစ်ဦးတစ်ယောက်စီတိုင်း သေဆုံးချိန်၌ ဖြစ်သည်ဟုဆိုထားရာ ကိုယ်တော်သည် မိုးတိမ်ကိုစီးလျက် ကိုယ်တိုင် ကြွဆင်းလာမည်ဟူသောအချက်မှ လမ်းလွှဲသွားလိုစိတ်များဖြစ်အောင် လုပ်ကြံသည့်နည်းတစ်ခုဖြစ်ပါ၏။ နှစ်ပေါင်းထောင်ချီလျက် စာတန်က ဤသို့တစ်ဆက်တည်းပြောနေသည်ကား 'လျှို့ဝှက်တိုက်ခန်း၌ ရှိသည်ဟု' (မဿဲ ၂၄း၂၃–၂၆။) လှည့်စားပြောကြားခြင်းဖြစ်ပေရာ ဤလှည့်စားမှုကို လက်သင့်ခံနေခြင်းအားဖြင့် ဝိညာဉ်အများမရိတ် သိမ်းနိုင်ဘဲ ဆုံးရှုံးရပေသည်။

တစ်ဖန် လူဇာတိပကတိ၏ဉာဏ်ပညာဖြင့် သင်ကြားမှုပြုသည် ကား ဆုတောင်းခြင်းသည်အဓိကလိုအပ်ချက် မဟုတ်ပါဟူ၍တည်း။ သိပ္ပံအတတ်ကိုလက်ခံသူအပေါင်းက ဆုတောင်းခြင်းအပေါ် အမှန် တကယ်ပြန်လည်ဖြေရှင်းပေးခြင်းမရှိနိုင်ဟု ဆိုကြပေသည်။ ဖြေရှင်းမှုရှိခဲ့သော် ဤအချက်သည် ဥပဒေကိုဖေါက်ဖျက်မငဖြစ်ကာ သဘာဝလွန်ဖြစ်ရပ်ဟုခေါ်နိုင်သည့် ထူးဆန်းအံ့ဖွယ်တစ်ခုဖြစ်ပြီးလျှင် ထူးဆန်းအံ့ဖွယ်တန်ခိုးသည် ဖြစ်တည်မှုမရှိဟု ပြောကြပါသည်။ အာကာသကမ္ဘာသည် မူသေဖြစ်သည့်ဥပဒေများအရသာ ထိန်းချုပ်ထား သည်ဖြစ်ရာ ဘုရားသခင်ကိုယ်တော်တိုင် ဤဥပဒေများနှင့်ဆန့်ကျင် လျက် မည်သည့်အရာကိုမျှ မလုပ်ဆောင်ပါဟုဆိုကြပါ၏။ ဤနည်း

အားဖြင့် ဘုရားသခင်သည် သူချမှတ်ထားသောဥပဒေများ၏ကန့်သတ်ချုပ်ချယ်မှုများဖြင့်ပင်ငြီးငွေ့စွန်းနေပါသည်ဟူ၍ ကောင်းကင်သားဆိုင်ရာ ဥပဒေများသည် ကောင်းကင်လောက၏လွတ်လပ်မှုအား သက်ရောက်ချုပ်ချယ်မှုမပြုနိုင်သကဲ့သို့ တင်ပြပြောဆိုနေကြပါသည်။ ၎င်းသင်ကြားပို့ချချက်သည် ကျမ်းစာလာသက်သေခံချက်တို့အား ထိုးနှက်ဆန့်ကျင်ခြင်းပင်ဖြစ်၏။ သခင်ခရစ်တော်နှင့်သူ့တပည့်တော်များအနေဖြင့် ထူးဆန်းအံ့ဖွယ်တန်ခိုးများ မပြသမလုပ်ဆောင်ခဲ့ပါသလော။ ထိုသနားစုံမက်တတ်သောသဘောရှိသူ ကယ်တင်သခင်သည် ယနေ့တွင် အသက်ရှင်နေပါ၏။ သူသည် လူအပေါင်းတို့နှင့်ထင်သာမြင်သာ လမ်းလျှောက်သွားလာခဲ့သလို ယုံကြည်ခြင်းဖြင့်တောင်းလျှောက်သည့် ဆုတောင်းသံများကိုနားညောင်းရန် လိုလားတော်မူလျက်ရှိနေဆဲဖြစ်ပါ၏။ သဘာဝတရားဖြစ်စဉ်ဖြစ်ရပ်တို့သည် သဘာဝလွန်ဖြစ်ရပ်များနှင့်လက်တွဲပူးပေါင်းနေပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့တောင်းလျှောက်ခြင်းမပြုခဲ့လျှင် ကိုယ်တော်က လိုက်လျောပေးအပ်ခြင်းပြုမည်မဟုတ်သလို ယုံကြည်ခြင်းဖြင့် ဆုတောင်းချက်အားအဖြေပေးရန်မှာ ဘုရားသခင်၏စီမံချက်တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

ခရစ်ယာန်လောကကြီးအတွင်းရှိ အသင်းတော်များအကြား ဝင်ရောက်လျက်ရှိသော မမှန်မကန်သည့်လမ်းညွှန်ပြသချက်များနှင့် စိတ်ထွေပြားသော အတွေးအခေါ်များမှာ ရေတွက်၍မရနိုင်ကောင်းပေ။ ဘုရားသခင်၏နှုတ်ထွက်စကားအရ ခိုင်မြဲစွာတည်ဆောက်ပြီးဖြစ်သည့်မြင်မှတ်များကို စွန့်ခွာပယ်ရှင်းသည့်အခါ၌ ကြုံတွေ့ရမည့် မကောင်းသောရလဒ်များအား ခန့်မှန်း၍မရနိုင်ပါ။ တချို့သောသူတို့

သည် ဤသို့စမ်းသပ်လုပ်ဆောင်မှုဖြင့် ကျူးလွန်ရာတွင် အမှန်တရား၏ တစ်ခုတလေသောအချက်ကို ငြင်းပယ်ခြင်းပြုပြီးနောက် သူတို့၏ လုပ်ဆောင်ချက်ကို ရပ်ဆိုင်းကြပါ၏။ အများစုကမူ အမှန်တရား၏ ဥပဒေသအခြေခံအချက်များ တစ်ခုပြီးလျှင်တစ်ခုကို ဆက်၍ဆက်၍ ဘေးဖယ်ပစ်ထားခဲ့ကြရာ ဘာသာတရားမဲ့သူများ၏အဖြစ်သို့ အမှန် ပင်ရောက်ရှိသွားကြပေတော့သည်။

## ကျမ်းစာတော်အား အလေးအမြတ်မပြု

သမ္မာကျမ်းစာအား လက်ခံယုံကြည်မှုရှိကောင်းရှိလာနိုင်မည့် သူများအနေဖြင့် စိတ်ထဲ၌ဖြစ်ပေါ်ခံစားရသည့် သံသယစိတ်အခြေအနေ ကြောင့် ဝိညာဉ်ရိတ်သိမ်းခြင်းကို မခံယူတော့ဘဲ ကင်းကွာရသည်မှာ ယခုခေတ်ပေါ်ဘာသာရေးဆိုင်ရာ လွဲမှားသောသင်ကြားပို့ချချက်များ ကြောင့်ပင်ဖြစ်ပါ၏။ လူတစ်ဦးတစ်ယောက်တွင်ရှိသော တရားမျှတ ခြင်း၊ သနားကြင်နာခြင်းနှင့် ကောင်းမှုကိုပြုခြင်းဟူသော အသိတရားကို ကြမ်းကြမ်းတမ်းတမ်းဖယ်ရှားပစ်သည့် မှားယွင်းသောသွန်သင်ချက်တို့ အား ကျမ်းစာပါအချက်များဖြစ်ပါသည်ဟူ၍ လိမ်လည်လှည့်စားမှုများ ကြောင့် ဘုရားသခင်၏ နှုတ်ထွက်စကားအဖြစ် ယုံကြည်လက်ခံရန် သူက ငြင်းပယ်လေတော့သည်။

ထိုသောအခါ ဤအချက်သည် စာတန်ကရှာဖွေသော ပန်းတိုး တိုင်သို့ရောက်ရှိစေရန် ရည်မှန်းထားရှိမှုနှင့်လည်း အံဝင်နေပါသည်။ ဘုရားသခင်နှင့်သူ၏ နှုတ်ထွက်စကား၌ ယုံကြည်အားထားမှုအပေါ် ဖျက်ဆီးလိုခြင်းမှာ အရာရာထက်ပင် ပိုမို၍သူကလိုလားသည့်ဆန္ဒပင်

ဖြစ်ပါသည်။ သံသယစိတ်ရှိနေသူများဖြင့်ဖွဲ့စည်းထားသော မဟာ
တပ်တော်၏ရှေ့ဖျားတွင် စာတန်သည်နေရာယူကာ သူ၏စွမ်းအားကို
အစွမ်းထုတ်လျက် သူ့တပ်အင်အားတိုးမြင့်သိမ်းသွင်းရန် သူကဖြား
ယောင်းသွေးဆောင်လျက်ရှိပါ၏။ သံသယပွားရခြင်းကို လူအများက
ကြိုက်နှစ်သက်လာနေပါသည်။ ဘုရားသခင်အပေါ် ယုံကြည်ခြင်း
ကင်းမဲ့သကဲ့သို့ပင် ကိုယ်တော်၏နှုတ်ထွက်စကားတော်ကိုလည်း
အလားတူပင် သဘောထားသူလူတန်းစားများ၏ အရေအတွက်မှာ
မနည်းပါ။ အကြောင်းမှာ ကျမ်းစာတော်မြတ်တည်းဟူသော
ကိုယ်တော်၏နှုတ်ထွက်စကားသည် အပြစ်ပြုခြင်းကိုလက်မခံဘဲ
အပြစ်ဖော်ပြဆုံးမတတ်သည့်သဘောရှိနေခြင်းကြောင့်ပင်ဖြစ်ပါသည်။
နှုတ်ထွက်စကားတော်ကတောင်းဆိုထားချက်အတိုင်း လိုက်နာ
ဆောင်ရွက်ခြင်းကိုမပြုလုပ်လိုကြသူများက နှုတ်တော်ထွက်စကား
၏အရှင်ဘုရားသခင်အား ကျဆုံးစေရန်ကြိုးပမ်းပါ၏ ထိုသူအများတို့
သည် ကျမ်းစာဖတ်ခြင်း (သို့မဟုတ်) ကျမ်းစာပါအချက်အလက်များ
ဟောပြောချက်ကို ကြားနားခြင်းသည် ကျမ်းချက်များ၌ဖြစ်စေ၊
ဟောပြောသူ၏ဟောပြောချက်၌ဖြစ်စေ အပြစ်တင်နိုင်မည့်အချက်အား
ရှာဖွေရန်မျှသာဖြစ်ပေ၏။ တာဝန်ရှိသည်ကိုလျစ်လျူရှုထားခြင်း
အတွက် သူတို့ဘက်ကမှန်သည် (သို့တည်းမဟုတ်) လုံလောက်သော
အကြောင်းရှိသည်ဟု ခံယူထားကြခြင်းအားဖြင့် လူအများအပြားသည်
ဘာသာရေးယုံကြည်ခြင်းကင်းမဲ့သူများဘဝသို့ ဆိုက်ရောက်
သွားကြပါသည်။ အခြားသောသူအများကမူ မာန်မာနအားဖြင့်ဖြစ်စေ၊
ဘာသာတရားဆိုင်ရာတက်ကြွမှုမရှိသော စိတ်အားဖြင့်ဖြစ်စေ၊
ဒွိဟသံသယပွားစိတ်ကိုမွေးယူကြပါသည်။ ထိုက်သင့်သည့်
ဂုဏ်သိက္ခာရှိသော မည်သည့်အရာကိုမဆို ရယူခြင်းအရာတွင်

ဝါယမစိုက်ထုတ်ခြင်းနှင့် မိမိကိုယ်ကိုချုပ်တည်းခြင်းတို့လိုအပ်နေပေရာ၊ သူတို့သည်ကျမ်းစာတော်မြတ်အား ဝေဖန်ခြင်းအမှုအားဖြင့် အဆင့်မနိမ့်သော ဉာဏ်ပညာရှိနေပါကြောင်း ပြသနိုင်စေရေးအတါက် အလွယ်လမ်းကိုလိုက်လျက် သူတို့ကိုယ်သူတို့ထင်ပေါ်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် အသိဉာဏ်ပွင့်လာမှုကို မရရှိဘဲ သာမန်အဆင့်လေလာက်မျှသာ သိနားလည်နိုင်သောအခြေအနေတွင် ကျမ်းစာပါအချက်များကို သိနားနည်နိုင်မည့်စွမ်းပကားကို လူအများစုကမရယူနိုင်ဘဲရှိရာ၊ ဤသို့ဖြင့် သူတို့သည် ဝေဖန်ထောက်ပြချက်ပြုနိုင်မည့်အခွင့်အလမ်းကို ရှာဖွေပေတော့သည်။ ဘာသာတရားမရှိခြင်း၊ သံသယဒွိဟစိတ်ပွားခြင်းနှင့်မယုံကြည်ခြင်းတည်းဟူသော တစ်ဖက်ခြမ်းတွင်ရပ်တည်ခြင်းဖြင့် အကျိုးရှိမှုတစ်ခုခုကို ရလိမ့်မည်ဟု ခံစားနေဟန်ရှိသူအများစုသည် ရှိနေပါ၏။ သို့သော် ရိုးသားပွင့်လင်းမှု အသွင်ရှိနေမှု၏နောက်ကွယ်၌ ထိုသို့သောခံစားချက်ရှိနေသူများသည် မိမိကိုယ်ကိုမိမိယုံကြည်မှုနှင့် မာန်မာနရှိသူများဖြစ်နေခြင်းကိုတွေ့ရပေသည်။ အများအပြားကမူ ကျမ်းချက်များထဲ၌ လူတို့၏စိတ်ကို အလုပ်ရှုပ်စေမည့်အချက်တချို့အား တွေ့လိုတွေ့ငြား ရှာဖွေရခြင်းကို ပျော်မွေ့တတ်ကြပါသည်။ တချို့ကမူ အစပိုင်းတွင် အမှားဘက်အခြမ်းမှနေလျက် ဝေဖန်စဉ်းစားကာ အငြင်းအခုံဖြစ်စေမှုသက်သက်ကိုသာ ပေါ်ပေါက်စေရန် လိုလားကြပါသည်။ ထိုသို့ပြုမူခြင်းအားဖြင့် သူတို့ကိုသူတို့ မုဆိုးထောင်ထားသည့်ညွှတ်ကို ကွင်းရှောင်၍အရအောင် ငြိစွန်းသွားစေကြောင်း အသိတရားမရကြပေ။ သို့ရာတွင် ကျမ်းစာကို မယုံကြည်ခြင်းအား ပွင့်ပွင့်လင်းလင်းပင် ပြောထားခဲ့ပြီးဖြစ်ရာ သူတို့၏ရပ်တည်ချက်အား စွန့်မပစ်နိုင်သည့်

စိတ်ခုတ်ဖြင့် မယုံကြည်မှု၌ပင် ဆက်လက်ရပ်တည်နေလေသည်။ ဤသို့အားဖြင့် သူတို့သည်အပြစ်ကို အစဉ်လက်ခံသူများနှင့်စည်းလုံးသွားကာ ပရဒိသုဘုံသို့ဝင်ရာတံခါးများအား သူတို့ကိုယ်တိုင်ပင်လျှင် ပိတ်ကြပါလေတော့သည်။

## ယုံကြည်ခြင်းအတွက် ခိုင်မာသောအုတ်မြစ်

ဘုရားသခင်က သူ၏နှုတ်ထွက်စကားထဲတွင် သန့်ရှင်းမွန်မြတ်သော စရိုက်လက္ခဏာရှိခြင်းကို လုံလောက်သည့်အထောက်အထားဖြင့် သက်သေခံချက်ပေးထားပါသည်။ ကျွန်ုပ်တို့အတွက် အဖိုးအခပေးကာ ကယ်တင်ရွေးယူခြင်းနှင့်စပ်လျဉ်း၍ မဟာအမှန်တရားများကို ရှင်းလင်းစွာဖြင့်ပင်ဖွင့်ဆိုထားပါသည်။ ယုံကြည်လိုက်လှဲမှုဖြင့် တောင်းခံသူအားလုံးအား ကတိတော်ထားခြင်းခံရသော သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီပံ့ပိုးမှုဖြင့် လူတစ်ဦးစီတိုင်းသည် ဤမှန်သောသစ္စာတရားများအား မိမိအကျိုးအတွက် သိနားလည်နိုင်စေမည်ဖြစ်သည်။ ဘုရားသခင်အနေဖြင့် လူအပေါင်းတို့အတွက် ယုံကြည်ခြင်းခိုင်မာမှုကို ထောက်ကူပေးမည့်အခြေခံအုတ်မြစ်ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

သို့ပင်ဖြစ်ငြားသော်လည်း လူတို့၏စိတ်အနေကန့်သတ်ချက်ရှိနေခြင်းသဘာဝအရ၊ တန်ခိုးတော်ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံချက်များအား အပြည့်အဝနားလည်နိုင်စွမ်းရှိနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ရှာဖွေခြင်းအားဖြင့် ဘယ်သောအခါတွင်မှ ဘုရားသခင်အားမြင်ရတွေ့ရနိုင်မည်မဟုတ်ပါ။ မိမိကိုယ်မိမိအထင်ကြီးလျက်

ရဲတင်းစွာဖြင့် ဆွဲယူသောလက်နှင့် ကန့်လန့်ကာနောက်ဝယ် ဘုရားသခင်က သူ၏အုပ်စိုးပိုင်သောအခွင့်ကို ကာကွယ်ထားမှုအား ဖယ်ရှားပစ်ရန် ကျွန်ုပ်တို့သည် မကြိုးပမ်းရပေ။ ရောမသြဝါဒစာ ၁၁း၃၃ အရ ဖွင့်ဆိုသည်ကား 'ဘုရားသခင်၏ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်။ ကြံတော်မူရာလမ်းတို့ကိုလိုက်၍ရှာသော်လည်း မတွေ့မိနိုင်' ဟု တမန်တော်ကြီးပေါလုက ကြွေးကြော်ခဲ့ပါသည်။ အတိုင်းအဆမရှိသည့်ချစ်ခြင်းနှင့် ကြင်နာသနားခြင်းအား အတိုင်းမသိဖြစ်သော တန်ခိုးစွမ်းပကားဖြင့် ပေါင်းစပ်ပေးထားခြင်းသည် ကျွန်ုပ်တို့အဖို့သိသာထင်ရှားစေရန် ကိုယ်တော်အား ဆင့်ဆော်တွန်းအားပေးချက်များဖြစ်ခြင်းနှင့် ကျွန်ုပ်တို့အပေါ် ဘုရားသခင်ပြုမူဆက်ဆံမှုများဖြစ်ခြင်းကို ယခုလောက်ဆိုလျှင် ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ပြီဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့အဖသည် အရာရာ၌ဉာဏ်ပညာပြည့်ဝခြင်းနှင့် ဖြောင့်မတ်ခြင်းတို့အားဖြင့် အမိန့်ပေးတော်မူရာ၊ ကျွန်ုပ်တို့အနေဖြင့် မကျေမနပ်ဖြစ်မှု၊ မယုံသင်္ကာဖြစ်မှုများမရှိစေရန် အလေးအမြတ်ပြုလျက် လိုက်နာနားထောင်ခြင်းဖြင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းပြုရပါမည်။ ကျွန်ုပ်တို့အတွက်သိကောင်းဖွယ်ဖြစ်သည်ဟု ကိုယ်တော်က အလိုတော်ရှိထားချက်တို့အား ဖွင့်ဟအသိပေးလိမ့်မည်။ ဖြစ်သကဲ့သို့ တနိခိုးတော်နှင့်ပြည့်စုံသည့် လက်တော်နှင့်ချစ်ခြင်းဖြင့် ထုံမွမ်းသောကိုယ်တော်၏နှလုံးသားအပေါ် ကျွန်ုပ်တို့က ယုံကြည်ခြင်းထားရှိရပါမည်။

ယုံကြည်မှုအတွက် လိုသည်ထက်ပိုသော အထောက်အထားအား ဘုရားသခင်က ပေးထားပြီးဖြစ်သကဲ့သို့၊ မယုံကြည်မှုအတွက်

အကြောင်းပြချက်တို့ကို ကိုယ်တော်က ဘယ်သောအခါမှဖယ်ရှားလိမ့်မည်မဟုတ်ပါ။ သူတို့၏သံသယပွားချက်များအား ချိတ်ဆွဲထားရန်ချိတ်များကိုရှာဖွေသူအားလုံး ရှာ၍တွေ့ရလိမ့်မည်။ နှုတ်တော်ထွက်စကား၌ ကန့်ကွက်ချက်တိုင်းအား ဖယ်ထုတ်ပေးမည့်ကာလတိုင်သည်အထိ လက်ခံလိုက်နာ နားထောင်ရန်ငြင်းဆန်သူတို့သည် သံသယပွားများရန် အခွင့်အလမ်းတစ်ရပ် ပေါ်ပေါက်လာသည့်အချိန်မရောက်မချင်းစောင့်ဆိုင်းပါက သူတို့သည် ဘယ်သောအခါတွင်မှ အလင်းတရားကိုရလိမ့်မည်မဟုတ်တော့ပေ။

ဘုရားသခ်င‌အားမယုံကြည်ခြင်းသည် အသစ်ပြန်လည်အပြုပြင်ခဲ့သည့် စိတ်နှလုံးပိုင်ရှင်၏ဖြစ်ပေါ်မြဲအငုတ်အတက်ဖြစ်လျက် ကိုယ်တော်အပေါ် ရန်သူသဖွယ် အမုန်းစိတ်ပွားသူဖြစ်၏။ သို့ရာတွင် ယုံကြည်ခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းမှုအားဖြင့်ရရှိရာ၊ ဂရုစိုက်စောင့်ရှောက်ခြင်းပြုမှသာလျှင် ရှင်သန်ပေါက်ထွက်နိုင်ပါသည်။ စိတ်ထဲ၌သန္နိဋ္ဌာန်ချကြိုးပမ်းချက်မပါရှိဘဲ အဘယ်သူမှယုံကြည်ခြင်း၌ခိုင်မြဲလာနိုင်သည်မဟုတ်ပါ။ အားပေးခြင်းရှိသည်နှင့်အမျှ မယုံကြည်မှုသည်သန်မာလာပြီး ဘုရားသခင်ကပေးအပ်ထားသောသက်သေခံချက်အထောက်အထားများဖြင့် ယုံကြည်ခြင်းကိုထိန်းသိမ်းမည့်အစား၊ လူအပေါင်းသည် မေးခွန်းများထုတ်လျက်အပြစ်ရှာခြင်းအားဖြင့် မိမိတို့ကိုယ်ကိုအခွင့်ပေးသွားခဲ့သော် သူတို့၏သံသယပွားခြင်းများမှာ ပို၍သာအတည်ပြုခံလာရခြင်းကို သူတို့တွေ့မြင်ရကြပါလိမ့်မည်။

သို့သော် ဘုရားသခင်၏ကတိတော်များကို သံသယပွားသောထိုသူတို့သည် ကိုယ်တော်ပေးသနားတော်မူသည့် ကျေးဇူးတော်၏

အားမခံချက်ရှိခြင်းကို မယုံကြည်မှုဖြင့် ကိုယ်တော်အား အလေးမစား ပြုနေလျက် သူတို့၌ရှိသောသြဇာအာဏာသည် ခရစ်တော်သခင်ထံသို့ ကျန်ပုဂ္ဂိုလ်များအားဆွဲငင်ရမည့်အစား၊ ကိုယ်တော်ထံမှသွေဖည်သွား စေအောင်ပြုနေတော့သည်။ ထိုသူတို့သည် အပွင့်အသီးမအောင်သော၊ အကိုင်းအခက်အမြုံများ အလှမ်းကွာဝေးအောင်ဖြန့်ကာ နေရောင် ခြည်ကို အခြားအပင်ငယ်များမရရှိစေရန်ကာဆီးလျက် ညှိုးနွမ်းသေ ပျောက်စေသည့်အအေးရိပ်ကို ထိုးတတ်သည့်အပင်ကြီးများပင်တည်း။ ဤသူများ၏လုပ်ငန်းဘဝတွင် ဘယ်သောအခါမှရပ်တန့်ခြင်းမရှိသော သူတို့အပေါ်ဆန့်ကျင်သည့်သွင့်ပြင်ဖြင့် သက်သေခံချက်ပေါ်နေမည် သာဖြစ်ပါ၏။ သူတို့သည်ဒွိဟနှင့်သံသယတည်းဟူသော ပျိုးကြဲခြင်း အားဖြင့် ရရှိမည့်အသီးအပွင့်ကို မလွဲမသွေရိတ်သိမ်းရပေလိမ့်မည်။

သံသယစိတ်ပွားခြင်းများမှရိုးသားစွာဖြင့် လွတ်မြောက်လိုသော ဆန္ဒရှိသူများအနေဖြင့် လိုက်လျှောက်နိုင်သောလမ်းတစ်လမ်းသည် ရှိပါသေး၏။ ထိုသူတို့သည် ၎င်းတို့နားမလည်သောအချက်နှင့်စပ် လျဉ်း၍ မေးခွန်းထုတ်အပြစ်ရှာနေမည့်အစား၊ သူတို့အပေါ်ထိုးရောက် လာခဲ့ပြီဖြစ်သောအလင်းတန်းကို အလေးမူဂရုထားစေကာ တည့်မတ် ပေးခြင်းအားဖြင့် သူတို့၌ပိုမိုကြီးမားသည့်အလင်းကို ခံစားရပေမည်။ သူတို့နားလည်မှုရရှိလာပြီဖြစ်သော အချက်များနှင့်ဆက်စပ်မှုရှိသမျှ တာဝန်တိုင်းကို သူတို့အားဆောင်ရွက်စေပြီးနောက် သူတို့သည် သံသယဒွိဟဖြစ်နေသောအချက်နှင့်စပ်လျဉ်း၍ နားလည်သဘော ပေါက်မှုရရှိစေကာ လုပ်ဆောင်ရမည့်အချက်များကို အောင်မြင်မှု ဖြင့်လုပ်သွားနိုင်ပေမည်။

လှည့်စားမှုခံရခြင်းကို လိုလားသူများအပေါ် အမှန်တရားနှင့် အလွန်နီးကပ်စွာဆင်တူယိုးမှားရှိသည့် အတုအပပြုစုထုတ်လုပ်ရာ၌ စာတန်သည်တတ်နိုင်ခြင်းရှိပေရာ၊ လှည့်စားမှုမှာအောင်မြင်သကဲ့သို့ အမှန်တရား၏တောင်းဆိုချက်ဖြစ်သည့် မိမိအလိုဆန္ဒရမ္မက်ကို ငြင်းပယ်မှုနှင့်စွန့်လွှတ်ဆက်ကပ်မှုအား ရှောင်လွှဲသူတို့အပေါ်၌လည်း အောင်မြင်မှုရရှိပါသည်။ သို့ရာတွင် အမှန်တရားကို ရှိသားစွာဖြင့် မည်သို့သောအနစ်နာခံရမှုကိုမဆို ရင်ဆိုင်ရမည့်သူတစ်ဦးတစ်ယောက်အား သူ့စွမ်းအင်အောက်၌ထိန်းထားရန်ကိုမူ စာတန်မတတ်နိုင်ပါချေ။ ခရစ်တော်သည် အမှန်တရားဖြစ်လျက်၊ 'ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း။' ယောဟန် ၁း၉။ သမ္မာတရားအပေါင်းရှိရာသို့လူအများအား လမ်းပြပေးနိုင်ရန် ထိုဝိညာဉ်တော်ကို စေလွှတ်ထားပေးခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားတော်အားဖြင့် အဆိုအမိန့်ရှိသည်ကား 'ရှာကြလော့ ရှာလျှင်တွေ့မည်။' 'ထိုသူ၏အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာတရားသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော၊ ငါသည်ကိုယ်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်။' (မဿဲ ၇း၇၊ ယောဟန် ၇း၁၇)။

## ဘုရားသခင်အားဖြင့် ကျိန်ခြင်းမှကောင်းချီးသို့

ခရစ်တော်၏နောက်လိုက်များသည် စာတန်နှင့်သူ၏တပည့်များက ၎င်းတို့အပေါ်အကွက်ဆင်ထားသော ကြံစည်မှုများကို အနည်းအကျဉ်းမျှသာရိပ်မိကြပါသည်။ သို့ရာတွင် ကောင်းကင်ဘုံ၌ထိုင်သူကိုယ်တော်က ဤကြံစည်ချက်များအားလုံးကို ပယ်ရှားစေတော်

မှုလျက် ကိုယ်တော်၏စွဲမြဲသော လိုလားချက်များကို အောင်မြင်စေတော်မူမည်ဖြစ်၏။ မီးကဲ့သို့ပူလောင်သော အပြစ်သွေးဆောင်ရာသို့ သခင်တကာတို့၏သခင်က သူ့လူအများအားကျရောက်ခွင့်ပေးသည်မဟုတ်ဘဲ ဤသို့ဆင်းရဲမှုခံရခြင်းဖြစ်စဉ်ဖြစ်ရပ်မှာ သူတို့၏အပြီးအပိုင်အောင်နိုင်ခြင်းအတွက် မရှိမဖြစ်သောလိုအပ်ချက်ကြောင့်သာလျှင်ဖြစ်၏။ ကိုယ်တော်သည် မိမိ၏ဘုန်းထင်ရှားခြင်းနှင့်လိုက်ဖက်ညီသောလိုအပ်ချက်ဖြင့် သူတို့အား အပြစ်သွေးဆောင်ခြင်းမှကာကွယ်ထားပေး၍ မဖြစ်နိုင်ဘဲရှိရပါသည်။ အကြောင်းမူကား စုံစမ်းနှောင့်ယှက်ခြင်းခံရမှု၏ရည်ရွယ်ရင်းအချက်သည်ပင်လျှင် သူတို့အား မကောင်းမှုသို့ ဖြားယောင်းဆွဲယူခြင်းအားလုံးကို တွန်းလှန်နိုင်စေရေးအတွက်ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သောကြောင့်တည်း။

ဆိုးညစ်သူအပေါင်းကသော်လည်းကောင်း၊ နတ်ဆိုးများကသော်လည်းကောင်း ဘုရားသခင်၏လုပ်ငန်းအားမနှောင့်နှေးစေသကဲ့သို့ ကိုယ်တော်အားသူ့လူမျိုးနှင့်မထိတွေ့စေအောင် ပိတ်ပင်ထား၍မရနိုင်ပါ။ သူတို့လိုလားခဲ့သော နူးညံ့၍ပျော့ပျောင်းသည့်နှလုံးသားများတွင် လုပ်မိခဲ့သောအမှားများအတွက် နောင်တအပြည့်ရှိကာ အပြစ်တို့ကို ဝန်ချတောင်းပန်ခြင်းအားဖြင့် အပြစ်များအားစွန့်ပယ်၍ယုံကြည်ခြင်းကိုထားရှိလျက် ကိုယ်တော်၏ကတိတော်များအား ရယူလိုပါကြောင်း အတိအလင်းထုတ်ပြောဝန်ခံနိုင်ပါသည်။ စုံစမ်းနှောင့်ယှက်မှုတိုင်း၊ ဆန့်ကျင်သက်ရောက်မှုတိုင်း ပွင့်လင်းသည်ဖြစ်စေလျှို့ဝှက်သည်ဖြစ်စေ၊ အောင်မြင်စွာဖြင့်ခုခံနိုင်လောက်ပါသည်။ 'တန်ခိုးအားဖြင့်မဟုတ်၊ အာဏာစက်အားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။' ဇခရိ ၄း၆။

'ထာဝရဘုရားသခင်သည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။––– သင်တို့သည် ကောင်းသောတရားကိုကျင့်သောသူဖြစ်လျှင် အဘယ်သူညှဉ်းဆဲမည်နည်း။' ပေတရုဩဝါဒစာပထမစောင် ၃း၁၂၊၁၃။ ပုရောဖက်ယေဘာလမ်သည် များပြားလှသောတံစိုးလက်ဆောင်များအားဖြင့် ဆွဲဆောင်လှည့်ဖြားမှုကိုခံရပြီး ဣသရေလပြည်၏တစ်ဖက်မှနေကာ ကျိန်ဆဲခြင်းများအား ယဇ်ပူဇော်မှုများဖြင့် ကိုယ်တော်ကိုယ်တိုင်သူ့လူမျိုးအပေါ် ကျိန်စာတိုက်စေအောင် ကြိုးပမ်းခဲ့ရာ၊ ဘုရားသခင်၏ဝိညာဉ်တော်က ပိတ်ပင်တားမြစ်ခြင်းကိုမဖြစ်စေအောင်ပိတ်ပင်သဖြင့် ဘာလမ်၏နှုတ်မှအော်ဟစ်ပြောကြားသည်ကား 'ဘုရားသခင်က ကျိန်ဆဲတော်မမူသောသူကို အဘယ်သို့ငါကျိန်ဆဲနိုင်မည်နည်း။ ဘုရားသခင်းသည် ပျက်စီးခြင်းသို့အပ်တော်မမူသောသူကို အဘယ်သို့ငါအပ်နိုင်မည်နည်း။' 'ဖြောင့်မတ်သောသူသေသကဲ့သို့ ငါသေပါစေတော့။ ငါ့အဆုံးသည် သူ၏အဆုံးကဲ့သို့ဖြစ်ပါစေသော။' ယဇ်ပူဇော်ခြင်းဖြင့်ထပ်မံဆက်ကပ်ပြီးနောက် အပြစ်များပြားသောပုရာဖက်က ပြောပြန်ပါသည်။ 'ကောင်းချီးပေးရမည့်အကြောင်း အမိန့်တော်ကိုငါခံရပြီ။ ဘုရားသခင်ကောင်းချီးပေးတော်မူပြီ။ ထိုကောင်းချီးကိုငါမဖျက်နိုင်။ ယာကုပ်အမျိုးကိုညှဉ်းဆဲသောအမှု၊ ဣသရေလအမျိုးတစ်ဖက်၌ပြုသော နှောင့်ယှက်ခြင်းအမှုကို ဘုရားသခင်ထာဝရဘုရားသည် သူတို့နှင့်အတူရှိတော်မူ၏။ ရှင်ဘုရင်ကြွေးကြော်ခြင်းအသံကို သူတို့တွင်ကြားရ၏။' 'အကယ်စင်စစ်ယာကုပ်အမျိုးကို ထူးဆန်းသောအတတ်အားဖြင့်မနိုင်ရာ။ အစ္စရေးလူမျိုးကို အဘယ်သူမျှမပြုစားရာ။ ဘုရားသခင်သည် အဘယ်သို့ပြု

တော်မူပြီတကားဟု ယခုကာလကိုထောက်၍ ယာကုပ်အမျိုး– ဣသရေလအမျိုးကို ရည်ဆောင်လျက်ဆိုလေ့ရှိလိမ့်မည်။' 'သင့်ကိုကောင်းချီးပေးသောသူသည် ကောင်းချီးကိုခံရ၏။ သင့်ကိုကျိန်ဆဲသောသူသည် ကျိန်ဆဲခြင်းကိုခံရသည်ဟုမြွက်ဆို၏။' တောလည်ရာကျမ်း ၂၃း၈၊၁၀၊၂၀၊၂၁၊၂၃။ ၂၄း၉။

ထိုအချိန်ကာလ၌ ဣသရေလနိုင်ငံသားတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သစ္စာစောင့်သိရိုသေမှုရှိနေကြလျက် ကိုယ်တော်၏ဥပဒေအတိုင်း ဆက်လက်လိုက်နာ နားထောင်နေသရွေ့ ဤကမ္ဘာမြေကြီးရှိအဘယ်တန်ခိုးစွမ်းအားရှင်ကဖြစ်စေ၊ ငရဲပြည်မှဖြစ်စေ သူတို့အပေါ် အောင်မြင်လွှမ်းမိုးခြင်းပြုနိုင်မည်မဟုတ်။ သို့သော် ဘုရားသခင်၏လူမျိုးအပေါ် ဘာလမ်၏ကျိန်ခြင်းကိုထုတ်ဖော်ကြွေးကြော်ရန် အခွင့်မပြုရ၊ မရခဲ့သော်လည်း သူသည်နောက်ဆုံး၌မူ ၎င်းတို့အပေါ်အပြစ်ပြုရန် ဖြားယောင်းနိုင်ခဲ့ခြင်းအားဖြင့် ကျိန်စာသင့်စေနိုင်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကို ကျူးလွန်ခဲ့ကြသောအခါ သူတို့ကိုယ်တိုင်ပင်လျှင် ကိုယ်တော်နှင့်ကွဲကွာသွားစေရအောင်ပြုခဲ့ကြကာ၊ ဖျက်ဆီးသူ၏တန်ခိုးစွမ်းပကားကို တွေ့ထိခံစားရသည့်အဖြစ်သို့ ရောက်ရှိခဲ့ရလေ၏။

ခရစ်တော်၌တည်သော အင်အားအနည်းဆုံးသောသူတစ်ဦးသည် အမှောင်ကမ္ဘာမှအင်အားစုအဖို့ အလေးထားလောက်သူဖြစ်ကြောင်း စာတန်အနေဖြင့်ကောင်းစွာသတိပြုမိသည်။ သို့ဖြစ်ရာ သူ့အသွင်ကို အမြင်မခံတော့ဘဲ သူ့အားမတွန်းလှန်စေအံ့သောငှါ သိုသိပ်မှုဖြင့်သာလုပ်ဆောင်လေ၏။ ကပ်တိုင်၏စစ်သည်တော်များအား သူကကြိုးပမ်းဆွဲယူပစ်ခြင်းဖြင့် သူတို့၏ခိုင်မာသောအကာ

အကွယ်များလျော့ပါးသည့်အခါ သူ့အင်အားစုဖြင့်လွှမ်းခြုံကာ တိုက်ပွဲဆင်ရာ၌ သူ့နယ်မြေအတွင်းကျရောက်လာသူတို့ကို ဖျက်ဆီးချေမှုန်းရန် အစဉ်အသင့်ရှိနေပါတော့သည်။ ကျွန်ုပ်တို့၌လုံခြုံမှု၊ စိတ်ချရမှုရှိနေစေရန်မှာ ဘုရားသခင်အပေါ်ရိုကျိုးနှိမ့်ချစွာဖြင့် အားကိုးပြီးလျှင် ကိုယ်တော်၏ပညတ်တော်များအတိုင်း လိုက်နာပြုမူကျင့်သုံးကြရန်သာဖြစ်တော့သည်။

ဘုရားသခင်ထံဆုတောင်းခြင်းမပြုသူသည် တစ်နေ့တစ်ရက် (သို့မဟုတ်) တစ်နာရီမျှပင် လုံခြုံမှုရမည်မဟုတ်ပါ။ အထူးသဖြင့် ကျွန်ုပ်တို့၌စိတ်အားထက်သန်သည့် ဆုတောင်းချက်အားဖြင့် နှုတ်တော်ထွက်စကားကို အပြည့်နားလည်လက်ခံနိုင်မည့် ဉာဏ်အသိစွမ်းအင်ကို ဘုရားသခင်ချပေးတော်မူမည့်အကြောင်း၊ ဋ္ဌိကျမ်းချက်များ၌ပါရှိသည့်စုံစမ်းနှောင့်ယှက်ခြင်းများအား တွန်းလှန်နိုင်စွမ်းရှိအောင် စုံစမ်းသူ၏ကောက်ကျစ်လှည့်စားချက်တို့ကို ဖွင့်လှစ်ပြတော်မူမည့်အကြောင်း၊ နေ့စဉ်ဆုတောင်းသင့်ပေသည်။ ကျွန်ုပ်တို့သည်ယိမ်းယိုင်ခလုတ်တိုက်မှုဖြင့် တရားလမ်းမှလွဲသွားအောင် စာတန်သည် ကျမ်းစာတော်ပါအချက်များအား သူလိုလားသည့်မှုအားဖြင့် ပြန်ဆိုအစားထိုးရာတွင် ဆရာတစ်ပါးပင်ဖြစ်ပါ၏။ စိတ်နှလုံးနှိမ့်ချမှုဖြင့် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့မှီတွယ်နေရပုံကို မျက်ခြည်ပြတ်မခံဘဲ ကျမ်းစာလေ့လာဖတ်ရှုနာခံသင့်ကြပါ၏။ စာတန်၏မကောင်းကြံစည်ချက်တို့အား ကျွန်ုပ်တို့အစဉ်သဖြင့် စောင့်ကြပ်ထားရမည့်ဖြစ်သည်အတိုင်း ကျွန်ုပ်တို့အဆက်မပြတ်ဆုတောင်းအပ်သည်ကား 'အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ----မဿဲ ၅း၁၃ ဟူ၍ ဖြစ်ပါသည် မိတ်ဆွေ။

အခန်း (၃)

## ပထမဖြစ်သော မဟာလှည့်စားမှု

'အသက်ရှင်သောသူသည် မိမိသေရမည်ကိုသိ၏။ သေသော သူမူကား အဘယ်အရာကိုမျှမသိ။ အကျိုးအပြစ်ကိုလည်းမခံရ၊ သူ့ကိုယ်လည်း မေ့လျော့တတ်ကြ၏။' ဒေ ၉း၅။

'ညီအစ်ကိုတို့ မျှော်လင့်ခြင်းအရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း အိပ်ပျော်သောသူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှာ ငါတို့အလိုမရှိ။' ၁သက် ၄း၁၃။

လူသား၏အစောဆုံးသမိုင်းမှတ်တမ်းအစ၌ပင် စာတန်သည် သူ၏လှည့်စားမှုဖြင့် ကျွန်ုပ်တို့လူသားမျိုးနွယ်အား စတင်ကြိုးပမ်းမှုများ ပြုခဲ့ပါသည်။ ကောင်းကင်လောကတွင် ထကြွပုန်ကန်ခြင်းဖြစ်စေခဲ့သူက ဘုရားသခင်၏အုပ်ချုပ်အစိုးပိုင်ခွင့်အား ဆန့်ကျင်စစ်ဆင်ရာ၌ ဤကမ္ဘာမြေကြီးသားတို့ကို သူနှင့်အတူပူးပေါင်းစေလိုသော ဆန္ဒရှိခဲ့ပါ၏။ ဘုရားသခင်၏ဥပဒေကို ရိုသေလိုက်နာခဲ့စဉ်ဝယ် အာဒံနှင့်ဧဝတို့သည် အပြည့်အဝရှိသည့်ပျော်ရွှင်ခြင်းအား ခံစားခဲ့ကြပေသည်။ ဤအချက်သည် ခိုင်မာသောသက်သေခံအမှန်တရားဖြစ်ရာ စာတန်လှုံ့ဆော်ခဲ့လို ဘုရားသခင်သည်သူဖန်ဆင်းခဲ့သော သက်ရှိအပေါင်းတို့၏ကောင်းကျိုးကိုဆန့်ကျင်ကာ ဖိနှိပ်သောဥပဒေချမှတ်ခဲ့ကြောင်းဟူသည့် အချက်အားချေပနိုင်ပေသည်။ ထိုမျှပင်မက

စာတန်၏မနာလိုဝန်တိုစိတ်ကို ပိုမိုပြင်းထန်စေသည်မှာ အပြစ်ကင်းစင်သောစုံတွဲအတွက် လှပသပ်ယပ်သည့်နေရာထိုင်ခင်းကို သူတွေ့မြင်သောအခါ၌ဖြစ်ပါသည်။ သူကပိုင်းဖြတ်ထားခဲ့သည်ကား၊ သူတို့ကျဆုံးမှုဖြစ်စေရန်နှင့်ဘုရားသခင်ထံမှ သူတို့ဝေးကွာသွားပြီးနောက် သူ့အာဏာစက်အောက်မှာထားရှိလျက် ကမ္ဘာမြေကြီးအား ပိုင်ဆိုင်ခွင့်ရလိုသောအားဖြင့် ကမ္ဘာပေါ်၌သူ့အတွက် အစိုးပိုင်ရသောအခွင့်ကိုတည်ဆောက်ကာ အမြင့်ဆုံးသောထာဝရဘုရားသခင်အား အံတုရန်ပင်ဖြစ်ပါသည်။

စာတန်သည် သူ၏စရိုက်အစစ်အမှန်ကို သူကိုယ်၌ထင်ရှားပြသခဲ့ပါက သူ့အားငြင်းဆန်မှု အမြန်ချက်ချင်းခံရဖွယ်ရှိကြောင်းကို အာဒံနှင့်ဧဝအပေါ် ဘုရားသခင်သတိပေး မှာကြားခဲ့ခြင်းအား သူသိထားပြီးဖြစ်၏။ သို့ဖြစ်၍ သူ၏အလိုရှိသောအရာကိုဖုံးကွယ်ရင်း အမှောင်မိုက်၌လှည့်စားခြင်းအားဖြင့် သူ၏ရည်မှန်းချက်သို့ ထိရောက်မြန်ဆန်စွာ ရောက်နိုင်မည်ဟုသူခန့်မှန်းခဲ့သည်။ ထိုစဉ်အခါက ဆွဲဆောင်မှုပြည့်ဝသည့်လိမ္မာသောမြွေကို သူ၏နေရာမှာအစားထိုးအသုံးချခိုင်းစေရင်း သူကပြောစေခဲ့သည်ကား 'သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကိုမစားရဟု ဧကန်အမှန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော' ဟုမေး၏။ ကမ္ဘာဦးကျမ်း၃း၁။ ဤနေရာ၌ ဧဝသည် ဖြားယောင်းဆွဲဆောင်သူနှင့်အပြန်အလှန်စကားပြောရန် သူစိတ်ကိုထိန်းချုပ်နိုင်မည်ဖြစ်ခဲ့လျှင် သူမသည်လုံခြုံမှုရှိခဲ့ပေလိမ့်မည်။ သို့ရာတွင် သူမက စာတန်နှင့်ဆွေးနွေးခြင်းငှာစွန့်စားခဲ့ပြီး သူ၏လှည့်ကွက်များ၌ သားကောင်ဖြစ်ခဲ့ရပါ၏။ ဤနည်းအားဖြင့် ယခုတိုင်အောင် လူအများသည် ထိုသို့ပင် အရှုံးပေးနေကြရပါသည်။ ဘုရားသခင်

အပေါ်သံသယပွားလျက် သူတို့သည်လိုက်နာရမည်ဖြစ်သော အချက်များနှင့်စပ်လျဉ်း၍ အငြင်းအခုံဖြစ်နေကြပါသည်။ ထိုအခါ ဘုရားသခင်၏ပညတ်တော်များအား လိုက်လျှောက်မည့်အစား၊ သူတို့သည် စာတန်က ပုံဖျက်လှည့်စားထားသည့်လူသားသီအိုရီများကိုပင် လက်ခံကြပေတော့၏။

'မိန်းမကလည်း ငါတို့သည် ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကို စားရသောအခွင့်ရှိ၏။---ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကိုကား သင်တို့သည်မကိုင်မစားဘဲနေကြလော့၊ သို့မဟုတ် သေမည်ဟု၊ ထာဝရဘုရားသခင်အမိန့်တော်ရှိသည်ဟုမြွေအားဆို၏။ မြွေကလည်း သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့သည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။' ကျမ်းပိုဒ် ၂-၅။ စာတန်ကပြောဆိုသည်မှာ သူတို့သည်ဘုရားသခင်လိုပင် ဖြစ်လာကြလိမ့်မည်၊ ယခုထက်ပို၍ဉာဏ်ပညာပိုမိုပြည့်စုံလျက် ပိုမိုမြင့်မားသောဘဝ၌ ရပ်တည်နိုင်ကြလိမ့်မည်ဟုပြောလေသည်။ ဧဝသည် ထိုအချက်ကို လိုက်လျောသဘောတူခဲ့ပြီးနောက် သူမ၏သြဇာညောင်းမှုအားဖြင့် အာဒံကိုအပြစ်သို့ဦးဆောင်ဆွဲခေါ်ခဲ့၏။ သူတို့နှစ်ယောက်သည် မြွေ၏ပြောစကားကိုလက်ခံခဲ့ကြခြင်းဖြင့် ဘုရားသခင်သည် သူပြောသည်အတိုင်း အမှန်မဆိုလိုကြောင်း သက်ရောက်စေခဲ့ပြီး သူတို့၏ဖန်ဆင်းပိုင်သူအပေါ် ယုံကြည်ခြင်းမရှိခဲ့ကြလျက် သူတို့သည် ကိုယ်တော်၏ဥပဒေကိုဖေါက်ဖျက်ခြင်းဖြင့် သူတို့ရရှိလာနိုင်ကောင်းသည့် ကြီးမားသောပညာဉာဏ်နှင့် ပို၍မြင့်သောအဆင့်သို့မြှင့်တင်ခြင်း

မခံရစေရန် ဘုရားသခင်က သူတို့၏လွတ်လပ်မှုအခွင့်အရေးအား ချုပ်ချယ်နေသည်ဟု အထင်အမြင်ရှိခဲ့ကြ၏။

သို့သော် အပြစ်ဖြစ်ပြီးနောက် အာဒံအနေဖြင့် ဖေါ်ပြပါစကား ရပ်၌ပါရှိသော အနက်နှင့်စပ်လျဉ်း၍ ဘာတွေများသိခဲ့ပါသနည်း။ 'ထိုအသီးကိုစားသောနေ့၌ သင်တို့သည်ဧကန်သေရမည်။' ထိုစကား ရပ်၌ စာတန်ဆွဲဆောင်ပြောဆိုသကဲ့သို့ အမှန်တကယ်ပင် ပိုမိုမြင့်အား သည့်ရပ်တည်မှုတွင် တွန်းပို့ခြင်းခံရမည်ဟု ယုံကြည်ရမည်လော ဟူသည်ကို အာဒံတွေ့သိခဲ့ရပါသလား။ ထိုသို့ဖြစ်လျှင် ဥပဒေချိုးဖေါက် ခြင်းဖြင့် အမှန်ရရှိမည့် ကောင်းမွန်ခြင်းကြီးစွာရှိခဲ့သော် စာတန်သည် လူမျိုးနွယ်၏ကောင်းကျိုးသယ်ပိုးသူဟူ၍ မည်သူကမျှငြင်း၍မရနိုင် တော့ပေ။ သို့ရာတွင် ဤကဲ့သို့အနက်ပေါက်ခဲ့လျှင် ကြိုတင်၍ ဘုရားသခင်ချမှတ်ထားသော စီရင်ချက်ကို လက်မခံရာရောက်ပေမည်။ ဘုရားသခင်က ထုတ်ဖေါ်ပြောကြားခဲ့သည်မှာ အပြစ်အတွက်လူသား အားလုံးသည်ခံရမည့်ဒဏ်မှာ လူကိုဖန်ဆင်းရာ၌သုံးခဲ့ရသည့်မြေသို့ လူအားပြန်သွားစေခြင်းပင်။ 'အကြောင်းမူကား သင်သည်မြေမှုန့် ဖြစ်၍မြေမှုန့်သို့ပြန်ရမည်။' ကျမ်းပိုဒ် ၁၉။ စာတန်၏ပြောစကား များဖြစ်သော 'သင်တို့မျက်စိများပွင့်လင်းလျက်' ဆိုသောအချက်၏ မှန်ကန်ခြင်းအနက်သက်ရောက်မှုကား ဤရွေ့မျှသာ– ဘုရားသခင် အပေါ်မရှိမသေ၊ မလေးမစားပြုပြီးနောက်အာဒံနှင့်ဧဝတို့သည် မိမိ တို့၏ရှုးနှမ်းခြင်းအဖြစ်အားအရှိတိုင်းမြင်ရသိရခြင်း၊ မကောင်းမှုကို အရင်အတိုင်းသိရခြင်းနှင့် သူတို့သည် ဥပဒေဖေါက်ဖျက်ခြင်း၏ အရသာကို မြည်းစမ်းခဲ့ပြီဟူ၍တည်း။

ဧဒင်ဥယျာဉ်၏အလယ်၌ အသက်ပင်ဟူသောအပင်ကြီးပေါက်ခဲ့လျက် ထာဝရအသက်ကို ၎င်းအပင်ကြီး၏အသီးကိုစားခြင်းအားဖြင့် ရရှိစေနိုင်ခဲ့ပါသည်။ အာဒံအနေဖြင့် ဘုရားသခင်၏စကားတော်အား လိုက်နာနားထောင်ခဲ့မည်ဖြစ်ပါက သူသည် ဤသစ်ပင်၏အသီးများအား အဖိုးအခမပေးရဘဲ စားနိုင်ခွင့်ကိုရရှိခဲ့သကဲ့သို့ ရရှိသွားမည်သာဖြစ်ပါသည်။ သို့သော် သူသည်အပြစ်ဖြစ်သွားသည့် ထိုအချိန်နောက်ပိုင်း ထာဝရအသက်ကိုမရနိုင်တော့ဘဲ၊ အသက်ပင်၏အသီးအားစားရသောအခွင့်မရှိတော့ဘဲ သေခြင်းတရားကိုသာခံယူရမည့်အခွင့်အလမ်းကိုသာရရှိခဲ့ပါသည်။ ကြိုတင်ဟောပြောထားချက်ကား 'သင့်ကိုမြေမှုန့်မှဖန်ဆင်းခဲ့သည်ဖြစ်၍ သင်သည် မြေမှုန့်အဖြစ်သို့ပြန်သွားရမည်' ဟူ၍ခြစ်လေရာ ဒဒဒဒဒဒးပင်ဖြစ်
သတည်း။

## ဆိုးညစ်ခြင်း၏မဖိုးအခများ

ရိုသေလိုက်နာနားထောင်ခြင်းဖြင့် မသေမပျောက်နိုင်ခြင်းအဖြစ်ကို ကတိပေးထားချက်ရှိရာ ဥပဒေဖေါက်ဖျက်ခြင်းဖြင့် ထိုကတိအားဆုံးရှုံးခြင်းခံခဲ့ရပါသည်။ ထိုထာဝရရှင်သန်မှုအား သူမပိုင်မဆိုင်ခဲ့သကဲ့သို့ အာဒံသည် သူ၌ရှိလာမည့်မျိုးဆက်သစ်ဖြစ်သောသူ၏သားသမီးသို့လည်း ဆက်လက်လွှဲအပ်ပေးရန် မဖြစ်နိုင်ခဲ့ဘဲရှိရာ ထာဝရရှင်သန်ခြင်းကို မျှော်လင့်နိုင်သောလူမျိုးအတွက် ဘုရားသခင်ကသာ သူ၏တစ်ပါးတည်းသောသားတော်ကို အသွေးဖြင့်ပေးဆပ်စေမှုမပြုခဲ့ပါက လူသားမျိုးနွယ်၏ကျဆုံးမှုသည် အစဉ်တည်နေလိမ့်မည်ဖြစ်ပါ၏။ ထိုရွေးနုတ်ပေးဆပ်မှုကြောင့်သာလျှင် လူသားသည်

ထာဝရအသက်ရရှိရေးသို့ လက်လှမ်းမီလာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ 'အပြစ်ကျူးလွန်တတ်သူ လူအပေါင်းတို့အတွက် သေခြင်းတရားကို ချမှန်ပေးထားရခြင်း' ဖြစ်သကဲ့သို့ ခရစ်တော်သည် 'တစ်ယောက် သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ကျေးဇူး တော်နှင့်ကျေးဇူးတော်၏အကျိုးသည် လူအများတို့၌ သာ၍ပြည့်စုံ၏။' ရောမ ၅း၁၂၊၁၅။ ၂တိမောသေ ၁း၁၀။ 'အသက်ရှင်ခြင်းအကြောင်း နှင့်မဖေါက်ပြန်ခြင်းအကြောင်းကို ဝမ်းမြောက်ဖွယ်တရားအားဖြင့် ထင်ရှားစေတော်မူပြီး။' ထို့အပြင် ယေရှုခရစ်တော်အားဖြင့်သာလျှင် အသက်ရှင်ခြင်းတည်းဟူသောထာဝရအသက်ကို ရယူနိုင်ခြင်းရှိခဲ့ ပါသည်။ ယေရှုက 'သားတော်ကိုယုံကြည်သောသူသည် ထာဝရ အသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကား အသက်ကို မတွေ့ရ။' ယောဟန် ၃း၃၆။ ဘုရားသခင်အား ရိုသေလိုက်နာခြင်းတို့ကို ကျင့်ဆောင်ခဲ့ပါမူ လူတိုင်းသည် ဤတန်ဖိုးမဖြတ်နိုင်သော ကောင်းချီးကိုရယူပိုင်ဆိုင်ရပါမည်။ 'ကောင်းသောအကျင့်ကို အမြဲကျင့်၍ ဘုန်းအသရေကိုလည်းကောင်း၊ မဖေါက်ပြန်သော ဇာတိကိုလည်းကောင်း ရှာသောသူတို့အား ထာဝရအသက်ကို ပေးတော်မူလတ္တံ့။' ရောမ ၂း၇။

ရိုသေလိုက်နာ နားထောင်မှုကင်းမဲ့ခြင်းဖြင့် အသက်မသေဟု ့တိပေးခဲ့သူမျာ မဟာလှည့်စားသူ စာတန်တစ်ဦးတစ်ယောက်တည်း သာဖြစ်ခဲ့လေသည်။ ဧဒင်ဥယျာဉ်နေဧဝအား မြွေကပြောခဲ့ရာ၌ 'သင်တို့သည် အမှန်သေရလိမ့်မည်အဟုတ်' ဟူသောစကားရပ်မှာ အသက်မသေမပျောက်တည်ရှိခြင်းနှင့်စပ်လျဉ်းသော ပထမဦးဆုံး ဖြစ်သည့် အလေးအနက်သင်ကြားဟောပြောခြင်းပင်တည်း။ သို့ပင် ဖြစ်သော်ငြားလည်း ဤစကားရပ်မှာ စာတန်၏အခွင့်အာဏာတစ်ခု

တည်းအပေါ်သာတည်မှီနေခြင်းဖြစ်ပါလျက် ခရစ်ယာန်လောကကြီးထဲမှ တရားဟောပြောစင်များတွင်ပဲ့တင်ထပ်ကာ ရှိနေပြီးလျှင် ရှေးဦးဘိုးဘေးမိဘများက လက်ခံခဲ့သလိုပင် ယခုလူသားထုအများစုကလည်း အလွယ်အသင့်လက်ခံယူနေကြပါလေပြီ။ ကြိုတင်လျက် ဘုရားသခင်မြွက်ကြားခဲ့သည်ကား 'ပြစ်များသောသူသည် အသေခံရမည်' ဆိုသည်ကို အနက်လွဲစေပုံမှာ 'ပြစ်မှားသောသူသည် မသေရဘဲ ထာဝစဉ်ရှင်လိမ့်မည်။' ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားရပ်များကို မယုံမကြည်ကြဘဲ စာတန်၏စကားတို့ကို ယုံကြည်စေအောင် လူအပေါင်းတို့အား ဖြားယောင်းနိုင်သည့်ဆင်ခြင်တုံတရားကင်းမဲ့သော စွဲလမ်းတွယ်တာမှုအပေါ် အံ့သြခြင်းဖြစ်ရုံမှတစ်ပါး အခြားမရှိတော့ပြီ။

အသက်ပင်ကို ဘူသားတို့ကျဆုံးပြီးသည့်နောက်ပိုင်းတွင် လက်လျှမ်းမိသောအခါင့်ကို ထားရှိပေးခဲ့သော် လူသည်ထာဝရအစဉ်ရှင်သန်ခဲ့ပြီးလျှင် အပြစ်တရားဟူသည်လည်း မပပျောက်တော့ဘဲ ရှင်သန်မှုရှိနေပေလိမ့်မည်။ သို့ရာတွင် ကမ္ဘာဦးကျမ်းအခန်းကြီး ၃ ပါကျမ်းပိုဒ် ၂၄ အရ 'အသက်ပင်သို့ရောက်ရာလမ်း' အားမီးစက်က်နက်နှင့်တကွ ခေရုဗိမ်တို့ကို အစောင့်ချထားတော်မူ၏။ ထို့ကြောင့် အာဒံ၏မိသားစုထဲမှ တစ်ယောက်တလေမျှပင် ထိုအစောင့်ချထားရာနေရာကို မဖြတ်မကျော်အောင်ရှိစေခဲ့၍ အသက်ပင်မှအသီးကို လိုသလိုဆွဲယူမစားနိုင်ခဲ့ပါ။ သို့ဖြစ်ပါ၍ ထာဝစဉ်မသေမပျောက်သည့် အပြစ်သားဟူသည်မရှိနိုင်တော့ပေ။

သို့ရာတွင် စာတန်က သူ၏ကျဆုံးမှုနောက်ပိုင်းဝယ် သူ့တမန်တို့အား လူသား၏မသေမပျောက်သည့်ဘဝ၌ အထူးတလည်အားထုတ်

ကြကာ အထပ်ထပ်အခါခါစွဲမြဲစေရအောင် ရိုက်သွင်းလျက်၊ ဤမှား ယွင်းသောအချက်အား လူသားတို့လက်ခံစေရန် ဆွဲဆောင်ပြီးနောက် သူတို့ကလူသားများကို ထာဝစဉ်ခက်ခဲမှုဖြင့် နေထိုင်သွားရမည်ဟူသော ကောက်ချက်ချခြင်းဖြစ်စေလိမ့်မည်။ ဤသို့ဖြစ်လာချိန်ဝယ် အမှောင် မိုက်၏မင်းသားက သူ၏ကိုယ်စားလှယ်များမှတစ်ဆင့်ဘုရားသခင် သည် ကြမ်းကြုတ်ရက်စက်သော စိုးမိုးအုပ်ချုပ်မှုဖြင့် လက်စားချ တတ်သည့်အပြင် စိတ်တော်နှင့်အတွေ့သူအားလုံးကို ငရဲမီးအိုင်ထဲသို့ ထိုးကျသွားသေကာ သူ၏အမျက်ဒေါသကို အစဉ်ခံစားစေတတ် ကြောင်းနှင့်ထိုသို့သောထာဝရမီးလျှံအတွင်း မိမိတို့၏ဆင်းရဲခြင်း ဝေဒနာကို ပြင်းထန်စွာခံစားသူအပေါင်းအား ဘုရားသခင်က ကျေနပ်ခြင်းအပြည့်ဖြင့်ကြည့်နေပါကြောင်း မမှန်သည်များကို အမှန် လုပ်၍ပြောပါသည်။

ဤသို့အားဖြင့် လူကိုဖန်ဆင်းသခင်နှင့်ကောင်းကျိုးသုခပေးသည့် ဘုရားသခင်အပေါ်စာတန်က မိမိတွင်ရှိမြဲဖြစ်သောမမှန်မကန်လုပ်ကြံ ပြောကြားမှုတို့အားဖြင့် ရန်သူကြီးပီပီပြင်ပြင်ဖြစ်စေပါလေ၏။ စာတန် စရိုက်သည်ပါ ရက်စက်ခြင်းသဘောရှိ၏။ ချစ်ခြင်းမေတ္တာမှာ ဘုရား သခင်၏ကောင်းမြတ်သော မူပိုင်လက္ခဏာကြီးဖြစ်ပြီလရာ သူဖန်တီး သောအရာမှန်သမျှတွင် သန့်ရှင်းခြင်း၊ မွန်မြတ်ခြင်းနှင့်ချစ်ခြင်း တို့ဖြင့်ထုံမွမ်းလျက်ရှိခဲ့ရာမှ ပထမဦးဆုံးသောမဟာပုန်ကန်သူက အပြစ်တရားကို ယူလာပေးခဲ့သည့်တိုင်မညစ်နွမ်းခဲ့ပေ။ စာတန်ကိုယ်၌ ကပင်လျှင် လူသား၏ရန်သူအဖြစ် အပြစ်ဖြစ်အောင်သွေးဆောင် ပြီးလျှင် သူတတ်နိုင်သည့်အခါ လူကိုဖျက်ဆီးတတ်ပါ၏။ သူ့အနေဖြင့် ကြီးစွာသောမွေ့လျော်မှုကိုရသည်ကား သူ၏သားကောင်ဖြစ်သူလူသား အပေါ် သေချာပေါက်အနိုင်ယူအောင်မြင်သည်အခါ လူသားခံစား

ရသည့်ပျက်စီးခြင်းဘဝအခြေအနေဖြစ်ပါသည်။ ခွင့်ပြုထားမည်ဆို ပါက သူသည် လူမျိုးတစ်မျိုးလုံးအာ သူ၏ပိုက်ကွန်တွင်းသို့သိမ်းကျုံး ထည့်ခဲ့ပေလိမ့်မည်။ ဘုရားသခင်၏ဘုန်းတန်ခိုးဖြင့် ဝင်ရောက် စွက်ဖက်ခြင်းသာမရှိခဲ့ပါလျှင် အာဒံ၏သားတစ်ယောက်ဖြစ်စေ၊ သမီး တစ်ယောက်ဖြစ်စေ သူ့လက်မှလွတ်ခဲ့မည်မဟုတ်ပေ။

## ကြမ်းကြုတ်မှုရှိသူဘုရားသခင်၏ဖန်တီးချက်

ကျွန်ုပ်တို့၏ပထမဦးဆုံးမိဘတို့အား အနိုင်ရထားခဲ့သည့်စာတန် သည် လူအပေါင်းတို့အား ယနေ့အချိန်ကာလတွင် အနိုင်ယူရရှိရေး အတွက်ကြိုးပမ်းနေပါသည်။ ဖန်ဆင်းပိုင်သူဘုရားသခင်အပေါ်ထား ရှိသော ယုံကြည်အားကိုးမှုတွင် သူတို့ယိမ်းယိုင်စေလျက် အစိုးပိုင် ခြင်းအခွင့်၌ဉာဏ်ပညာသတိရှိ၊မရှိ သံသယစိတ်ဖြစ်စေရန်နှင့် ကိုယ်တော်၏ဥပဒေတွင် တရားမျှတခြင်းရှိ၊မရှိ ဒွိဟပွားစေ ပါသည်။ စာတန်နှင့်သူ၏စိတ်သဘောမမှန်သူ တမန်အများသည် ဘုရားသခင်မှာသူတို့ထက်ပင် ပို၍ဆိုးသွမ်းဟန်ဖြင့် သူတို့၏နက်ရှိုင်း သောမကောင်းသည့်စိတ်ဖြင့် ပုန်ကန်ခြင်းကို မှန်ကန်မှုရရှိ သကဲ့သို့ဖြစ်ပေါ်စေရန် ဖန်တီးထားကြပါသည်။ မဟာလုည့်စား သူသည် သူကိုယ်၌ကပိုင်ဆိုင်ထားသော စိတ်လှုပ်ရှားဖွယ်ကြမ်းတမ်း ခြင်းစရိုက်အား ကျွန်ုပ်တို့၏မွန်မြတ်သော အစဘုရားသခင်ထံ လွှဲပို့ရန်ကြိုးစားရာ၌ မတရားကြီးစွာဖြင့် အုပ်စိုးနေသူအား အညံ့ခံအရှုံးမပေးဘဲ ဆန့်ကျင်ခဲ့ရ၍ သူ့အားမှားယွင်းမှုကြီးစွာဖြင့် ကောင်းကင်နိုင်ငံက နှင်ထုတ်ခြင်းအားခံခဲ့ရသည့် အသွင်မျိုး

ဖြစ်စေရလောက်အောင်လုပ်ပြထားပေသည်။ ကမ္ဘာလောက
အမြင်တွင် သူ၏ညင်သာသောအုပ်စိုးခြင်းအောက်၌ သူတို့ခံစား
ရရှိနိုင်ကောင်း သောလွတ်လပ်ခြင်းအခွင့်သည် ခက်ထန်တင်းကြပ်
မှုရှိသော ယေဟောဝါ၏ဥပဒေကဲ့သို့ပင် အာဏာတည်သောအမိန့်
များဖြင့် ကျွန်ပြုခံချုပ်ချယ်ခြင်းနှင့် ကွဲပြားခြင်းနားကြောင်းမြင်
စေသည်။ ဤသို့အားဖြင့် မက်လုံးပေးဖြားယောင်းကာ လူတို့က
ဘုရားသခင်အပေါ်ထားရှိသောကတိစကားအား ပျက်ပြယ်သွားစေ
လေတော့သည်။

ချစ်ခြင်းနှင့် ကြင်နာသနားခြင်းအကြောင်းကြောင့် ဖြစ်ပေါ်
ခံစားရချက်တိုင်းအတွက်ဖြစ်စေ၊ ကျွန်ုပ်တို့၏တရားမျှတခြင်းဆိုင်ရာ
အသိခံစားချက်၌ဖြစ်စေ ဆိုးညစ်ခြင်းရှိခဲ့သောသေဆုံးသူတို့အား
ထာဝစဉ်လောင်ကျွမ်းနေမည့် ကန့်ဖြင့်ရောသောငရဲပြည်၏ မီးလောင်
ကျွမ်းမှုဖြင့် နှိပ်စက်ညှဉ်းဆဲမှုခံရကြောင်း ဟောပြောသင်ကြားချက်အရ
ဘယ်မဆစိတ်မချမ်းမြေ့ဖွယ်ရှိလိမ့်မည်ကို တွေးဆနိုင်ပါသည်။ ကမ္ဘာ
လောက၌ တိုတောင်းသည့်သက်တမ်းကာလအတွင်း သူတို့၏အပြစ်
များကြောင့် ဤညှဉ်းပန်းခြင်းဝေဒနာကို ဘုရားသခင်တည်ရှိနေသမျှ
ကာလပတ်လုံးခံစားရကြမည်ဆိုသည့် သဘောသက်ရောက်နေပါ
သည်။ ထိုကဲ့သို့ဖြစ်ပါလျက် ကျယ်ပြန့်စါ၁ဖြင့် ဤငရဲခံရခြင်းဆိုင်ရာ
လမ်းပြသွန်သင်ချက်အား ယခုတိုင် ထည့်သွင်းသင်ကြားပေးနေခြင်း
သည် ခရစ်ယာန်လောက ဘာသာရေးဆိုင်ရာ ယုံကြည်ခြင်းအယူအဆ
များ၌ ပါရှိနေဆဲဖြစ်ပါသည်။ သူတော်စင်များကဲ့သို့ပင် အသွေးတူ
မွေးတူဖြစ်လျက်၊ မွေးဖွားလာပုံ၌ ကြုံခဲ့ရပုံအဖြစ်အပျက်ခြင်းလည်း

တူညီသူများအနေဖြင့် အခြားထင်ရှားသည့်သူတို့အား ဤမျှဆိုးရွား သောအနေအထားသို့ ထိုးကျစေခြင်းအားမြင်ရသောအခါ သူတို့သည် အဘယ်မျှဝမ်းမြောက်ရကြလိမ့်မည်ကို သတိပြုမိစေလိမ့်မည်ဖြစ်ပါ၏။' အခြားတစ်ဦးကမူ ဤစကားရပ်များအားသုံးခဲ့ပါသည်။ 'စွန့်ပစ် စေခြင်းအမိန့်အားဖြင့် အစဉ်အမြဲဖြစ်သောအရေးယူခြင်းတည်းဟူသည့် အမျက်ဒေါသဖလားကို လောင်းချသောအခါ သူတို့အားနှိပ်စက် လောင်ကျွမ်းသောမီး၏အခိုးအငွေ့သည် မပြတ်ထိုးတက်လျက် သနား ကြင်နာမှုဖလားထဲ၌ရှိနေသူတို့၏မြင်ကွင်းသို့ ဝင်ရောက်လိမ့်မည်။ ထိုသူတို့သည် ဤစိတ်ပျက်ဖွယ်ရာခံစားနေရသူတို့အပေါ် သနား ညှာတာမှုကိုထားရှိရမည့်အစား၊ အာမင်၊ ပြီးပြည့်စုံပါစေသော၊ ဟာလေလုယ၊ ပြီးပြည့်စုံသောဘုရားသခင်အား ချီးမွမ်းကြလော့ဟု ပြောဆိုကြလိမ့်မည်။'

ဘုရားသခင့်နှုတ်တော်ထွက်ကျမ်းစာတွင် အဘယ်စာမျက်နှာ များ၌ ဤကဲ့သို့သောသွန်သင်ချက်များကို တွေ့နိုင်ပါသနည်း။ ကောင်းကင်ဘုံရှိကယ်တင်ခြင်းခံရပြီးသူတို့သည် သနားစဖွယ်ပူဆွေး သောကဖြစ်ခြင်း၊ သနားစုံမက်ခြင်းဖြင့် စာနာခြင်းဟူသောခံစားချက်တို့ ပျောက်ဆုံးလျက် သာမန်လူသားဆန်သည့်စိတ်ပိုင်းခံစားမှုများပင်လျှင် လုံးဝမရှိကြတော့ပြီလော။ ဤခံစားချက်များအား မတုန်မလှုပ်မှုဖြင့် မိမိကိုယ်ကိုထိန်းနိုင်ခြင်း (သို့တည်းမဟုတ်) အရိုင်းအစိုင်း၏ရက်စက် ကြမ်းကြုတ်ခြင်းတို့နှင့် အလဲအလှယ်လိုက်စေရမည်လော၊ မဟုတ်၊ မဟုတ်ပါ၊ အလျှင်းမဟုတ်ပါ။ ဘုရားသခင်၏ကျမ်းစာမြွက်၌ ထိုကဲ့သို့မပေါ်ပြထားပါ။ အထက်ဖေါ်ပြပါအဆိုအမိန့်များ၌ မိမိတို့

ဆိုလိုရင်းအား တင်ပြသူတို့သည် ပညာပြည့်ဝသူနှင့်ရိုးသားမှုရှိသူ လူပုဂ္ဂိုလ်များပင်ဖြစ်ကောင်းပါသည်။ သို့ရာတါင် သူတို့အနေဖြင့် စာတန်ဖန်တီးသောလှည့်စားဖြားယောင်းမှုဖြင့် လမ်းလွှဲသို့လိုက်ခဲ့ရ သူများဖြစ်ပါသည်။ ကျမ်းစာ၌ဖေါ်ပြထားသောခိုင်မာမှုရှိနေသည့် ကျမ်းချက်အများအပြားကို သူတို့၌မှားယွင်းသော အတွေးအမြင်ရရှိ ပေါ်ပေါက်စေရန် သူကဆွဲဆောင်လမ်းပြပါသည်။ သူလုပ်ဆောင်ပုံမှာ ဖန်းဆင်းပိုင်သူထာဝရဘုရားသခင်၌ သက်ဆိုင်ခြင်းမရှိဘဲ သူ၏အစိတ် အပိုင်းတစ်ခုသဖွယ်ဖြစ်သော အမြစ်ရှည်သည့်မကောင်းစိတ်နှင့် မုန်းတီးမှုတို့အားဖြင့် ကျမ်းချက်၏စာသားကို အရောင်ဆိုးနေခြင်း သာဖြစ်ပါသည်။ 'ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည့်အတိုင်းဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်း အမှုကိုသာငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့၊ လွှဲကြလော့။ အဘယ်ကြောင့် အသေခံလိုကြသနည်း။' ယေဇကျေလ ၃၃း၁၁။

စဉ်ဆက်မပြတ်ဖြစ်သော ညှဉ်းပန်းနှိပ်စက်ခြင်းများကို ကိုယ်တော်သည် မြင်တွေ့နေရခြင်းဖြင့်စိတ်ပျော်မွေ့ပါသည်ဟူ၍ ကျွန်ုပ်တို့ဖွင့်ဟဝန်ခံလျှင် ဘုရားသခင်၌ဘာအကျိုးရသွားနိုင်မည်နည်း။ ထို့အပြင် ကိုယ်တော်တိုင်ဆွဲကိုင်လျက် ငရဲမီးလျှံများထဲမှာညည်းညူ ခြင်းများ၊ အော်ဟစ်ခြင်းများနှင့်ကျိန်ဆဲခြင်းတို့ဖြင့် ဝေဒနာကိုခံစား နေရသူသတ္တဝါအများ၌ ဘုရားသခင်ကြည်နူးမှုရှိသည်ဆိုလျှင် မည်သို့ ပါနည်း။ ထာဝရချစ်သနားခြင်းရှိတော်မူသည့် ဘုရားသခင်အဖို့ ဤစက်ဆုပ်ဖွယ်ရာအသံများအား တေးဂီတသံစဉ်ကဲ့သို့နားဆင်နိုင်

လိမ့်မည်လော။ ကမ္ဘာမြေကြီး၌ငြိမ်သက်ခြင်းနှင့်ငြိမ်းချမ်းမှုကို ပျက်သုဉ်းစေမည့် ဆိုးညစ်ခြင်းတစ်ရပ်ဖြစ်သည့် အပြစ်တရားအပေါ် ဘုရားသခင်ထားရှိသည့်အမုန်းတရားအား ဆိုးညစ်သူတို့အတွက် ဆုံးနိုင်ခြင်းမရှိသော ဝေဒနာကြီးကျရောက်နေစေပါသည်ဟု သိမ်းသွင်းပြောဆိုထားပါ၏။ အလိုလေး၊ ကြောက်မက်ဖွယ်ရာ ဘေးရန်ပါတကား။ အပြစ်ပေါ်ဘုရားသခင်၏မုန်းတီးခြင်းရှိနေ မှုဖြင့် ၎င်းသည် အစွန့်ရှည်ကြာတည်မြဲနေရသယောင် အကြောင်းရှာ ထားပေသည်။ အကြောင်းမှာ ဤခရစ်ယာန်ဘာသာရေးဆရာတို့၏ သွန်သင်ချက်များအရဆိုလျှင် အပြစ်ကျူးလွန်မင်ကြောင့် ပြင်းပြစွာ ခံနေရသူ အပြစ်သားများအတွက် အဆုံးမရှိသည့်နှိပ်စက်ညှဉ်းပန်းခြင်း၌ သနားညှာတာခြင်းကို မျှော်လင့်ချက်မရှိဟူသောအချက်က စိတ်ရူး ပေါက်စေလျက် သူတို့၏ဒေါသကိုကျိန်ဆဲခြင်းများ၊ ဘုရားသခင် အား မလေးမစားစော်ကားခြင်းဖြင့် သူတို့ကိုယ်သူတို့ ရာသက်ပန် ဖြစ်သောမကောင်းမှုဖြင့်ဝန်ပိစေပါသည်။ ဘုရားသခင်၏ အာနုဘော်တော်သည် ဤသို့အားဖြင့် နှစ်ပေါင်းကြာရှည်စွာအပြစ်ကို စဉ်ဆက်မပြတ်တိုးပွားစေခြင်းအရ ပို၍မြင့်မားစေနိုင်ခြင်းမရှိပါ။

အစဉ်ထာဝရ နှိပ်စက်ညှဉ်းပန်းခြင်းတည်းဟူသောမမှန်မကန် မှုပါရှိနေသောယုံကြည်မှုအားဖြင့် ဖြစ်ပေါ်လာသောဆိုးညစ်ခြင်းအမှုကို ခန့်မှန်းတွက်ဆရန်မှာ လူ၏အသိတရားစွမ်းပကားအရ မဖြစ်နိုင်သော အနေအထားတွင်ရှိပါသည်။ သမ္မာကျမ်းစာ၏အဆုံးအမသည် ချစ်ခြင်း နှင့်ကောင်းမြတ်ခြင်းအပြည့်ရှိကာ ချစ်သနားခြင်းနှင့် များစွာကြွယ်ဝနေ ခြင်းကို အယူသီးမှုအားဖြင့်မှောင်မိုက်လွှမ်းစေပြီးလျှင် ကြောက်ရွံ့ ခြင်းတရားကို ယူတင်ဝတ်ဆင်ထားပါသည်။ ဘုရားသခင်၏စရိုက်

လက္ခဏာတော်က မည်သို့လွဲမှားသည့်အရောင်အဆင်းဖြင့် စာတန်က ခြယ်မှုန်းထားကြောင်းကျွန်ုပ်တို့ချင့်ချိန်သောအခါတွင် ကျွန်ုပ်တို့၏ သနားညှာတာစာနာတတ်သော ဖန်ဆင်းသခင်သည် ကြောက်ရွံ့မှု အပြင်၊ အကြောက်ကြီးကြောက်ခြင်းသာနက မုန်းတီးမှုကိုပါခံနေ ရကြောင်း ကျွန်ုပ်တို့စဉ်းစားမိနိုင်ပါ၏လော။ အလေးအနက်တုန်လှုပ် ဖွယ်ရာဖြစ်သော အမြင်ရှုထောင့်များအရ ဘုရားသခင်ကို တရားဟော စင်မှဟောပြောချက်များအားဖြင့်၊ ကမ္ဘာတစ်ဝန်းဖြန့်ထားခြင်းဖြင့် ထောင်ပေါင်းများစွာမကသေးဘဲ သန်းပေါင်းများစွာသောလူတို့ကို သံသယစိတ်မပွားသူများနှင့်ဘာသာတရားမရှိသူများအဖြစ်သို့ ရောက်စေ ခဲ့ပါသည်။

အမြဲထာဝစဉ်နိုပ်စက်ညှဉ်းပန်းခြင်းသီအိုရီမှာ စစ်မှန်ခြင်းမရှိ သည့် သင်ကြားလမ်းညွှန်ချက်များအနက်မှ တစ်ခုသာလျှင်ဖြစ်လျက်၊ ဗာဗုလုန်မြို့ကြီး၌ စက်ဆုပ်ရွံရှာဖွယ်သောအရာ၏စပျစ်ရည်ကဲ့ပင် ပြည့်နေလျက်ရှိပြီးလျှင် လူမျိုးအားလုံးတို့အားသောက်သုံးစေပါသည်။ ဗျာ ၁၄း၈၊ ၁၇း၂။ ထိုကဲ့သို့မျိုး ခရစ်တော်၏သာသနာ ဝန်ထမ်းများအနေဖြင့် ဤမမှန်သောယုံကြည်မှုကိုရယူထားလျက် အသင်းတော်၏တရားပွဲများ၌ ဟောကြားနေကြခြင်းမှာ အမှန် တကယ်ဆန်းကြယ်သောအမှုအရာပင်ဖြစ်နေပါ၏။ သူတို့သည် ထိုအချက်ကို မမှန်မကန်သည့်ဥပုသ်အားလက်ခံခဲ့သလို ရောမမြို့မှပင် ရရှိခဲ့ပါသည်။ ကြီးမြတ်ကောင်းမွန်သောလူပုဂ္ဂိုလ်တို့က ထိုအချက်ကို သင်ပြဟောကြားခဲ့သည်မှန်သော်လည်း၊ ဤဘာသာရပ်နှင့်စပ်ဆိုင် သောအလင်းကိုရရှိခြင်းသည် ကျွန်ုပ်တို့၌ဖြစ်သကဲ့သို့ သူတို့အပေါ်သို့ မသက်ရောက်ခဲ့ပါပေ။ သူတို့ခေတ်ကာလ၌ထွန်းတောက်ခဲ့သော အလင်းအတွက် သူတို့၌သာတာဝန်မကင်းရှိခဲ့ပြီး ကျွန်ုပ်တို့ခေတ်တွင်

တောက်ပသောအလင်းရရှိမှုမှာ ကျွန်ုပ်တို့၏တာဝန်သာဖြစ်ပါသည်။ ဘုရားသခင့်နှုတ်ထွက်စကား၏သက်သေခံချက်မှ ကျွန်ုပ်တို့သည် လှည့်သွားခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဖခင်များကသင်ကြားခဲ့သဖြင့် မမှန်မကန်မှုတို့အားလက်ခံရပါသည်ဟုဆိုလျှင် ကျွန်ုပ်တို့သာဗာဗုလုန်၌ စက်ဆုပ်ဖွယ်ရာသောအရာ၏စပျစ်ရည်ကို သောက်နေခြင်းအားဖြင့် အပြစ်တင်ခံရမှုအောက်သို့ ကျရောက်ပါလေတော့သည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့်အမှား

ကြီးမားသောလူတန်းစားတစ်ရပ်က ထာဝစဉ်နှိပ်စက်ခြင်းရှိသောငရဲနှင့်စပ်လျဉ်း၍ စိတ်ပျက်နေခြင်းမှဆန့်ကျင်ဘက်ဖြစ်သောအမှားဘက်သို့မောင်းနှင်ထုတ်ပစ်ခြင်းခံလိုက်ရပါသည်။ သူတို့က မြင်သည်မှာ ကျမ်းစာပါအချက်များက ဘုရားသခင်သည်ချစ်ခြင်းနှင့်ချစ်သနားတတ်ခြင်း၏မူပိုင်ရှင်အဖြစ်ပြထားပြီး သူတို့မယုံမကြည်နိုင်ရှိနေသည်ကား အစဉ်အမြဲလောင်မီးကျနေသောငရဲဘုံရှိမီးလျှံများအတွင်းသို့ကိုယ်တော်အနေဖြင့် ကိုယ်တော်၏ဖန်ဆင်းခြင်းခံသက်ရှိများအား လွှဲအပ်ပေးလိမ့်မည်လောဟူသည့် အချက်ပင်ဖြစ်ပါ၏။ သို့သော် သဘာဝအားဖြင့်မသေမပျောက်နိုင်သောလူ့ဝိညာဉ်ဖြစ်သည်ဟူသောအချက်အားကိုင်ထားကာ နောက်ဆုံးတွင်လူသားမျိုးနွယ်တစ်ရပ်လုံး၌ ကယ်တင်ခြင်းကိုရလိမ့်မည်ဟူသော အချက်မှတစ်ပါးအခြားမရှိနိုင်တော့ပါဟူ၍မြင်ကြသည်။ အများစုက ကျမ်းစာပါခြိမ်းခြောက်မှုများမှာလူအပေါင်းတို့သည် ကြောက်ရွံ့ခြင်းဖြင့်လိုက်နာကြစေရန် ဖန်တီးထားခြင်းသက်သက်ဖြစ်လျက် ကျမ်းစာလာချက်တို့

အတိုင်း ပြည့်ဝရမည်မဟုတ်ဟုသဘောပေါက်ထားကြပါ၏။ ဤနည်း အားဖြင့်အပြစ်ကျူးလွန်ထားသူတို့သည် တစ်ကိုယ်ကောင်းဆန်သည့် ပျော်ရွှင်ခြင်းများနှင့်နေသွားနိုင်မည်ဖြစ်ရာ ဘုရားသခင်လိုလားတော် မူသောအချက်အားလျစ်လျူရှုနေသည့်အကြားမှ ကိုယ်တော်ပေးသော လမ်းညွှန်ခြင်းတစ်ရပ်လုံးသည် ဘုရားသခင်၏သနားညှာတာမှုအပေါ် တထစ်ချမှတ်ယူထားလျက် တစ်နည်းအားဖြင့် ကိုယ်တော်၏တရား မျှတမှုရှိခြင်းကို အလေးမမူဂရုမစိုက်ဘဲဖြစ်နေပြီးလျှင် ဇာတိပကတိ ဖြစ်သောနှလုံးသားကိုရွှင်လန်းစေကာ ဆိုးညစ်သူတို့၏အလွန်ဆိုးသွမ်း သောင်းကျန်းမှုနှင့်မတရားမှုတို့ကို အားပေးအားမြှောက်ခြင်းပြုရာ ရောက်ပါသည်။

အာကာသကမ္ဘာမြေကြီးတစ်ရပ်လုံးဆိုင်ရာ ကယ်တင်ခြင်း အပေါ်ယုံကြည်သူအပေါင်းတို့သည် သူတို့လက်ခံသောတစ်ယူသန် တရားသေယုံကြည်ထားမှုတွင် အထောက်အကူဖြစ်စေရန်အလို့ငှါ ကျမ်းစာပါအချက်တို့ကို ကြမ်းတမ်းစွာယူငင်လုပ်ကြံလျက် သူတို့ ကိုယ်ပိုင်ရွတ်ဖတ်လိုရာကျမ်းချက်ကို ညွှန်းလိုက်ရုံမျှသာပြုကြပါ တော့သည်။ ဘာသာတရားရိုသေကိုင်းရှိုင်းခြင်းမရှိသော လူငယ် တစ်ဦး၏အသုဘတစ်ခုတွင် မတော်တဆဖြစ်မှုကြောင့်ပွဲချင်းပြီး သေဆုံးခဲ့ရသူအတွက် အထက်ဖော်ပြပါယုံကြည်မှု၌ လိုက်လျောသော ခရစ်ယာန်သာသနာအမှုဆောင်တစ်ဦးက ဒါဝိဒ်နှင့်ဆိုင်သော ကျမ်းစာပါဖော်ပြချက်ကို ကျမ်းညွှန်းပြီးဖတ်ကြားပါသည်။ တစ်ဖန်ဒါဝိဒ်မင်းကြီးသည် အာမနုန်သေသောကြောင့် ထိုသူကို အောက်မေ့သောစိတ်အားလျော့သဖြင့် အဗရှင်လုံကိုလွမ်းဆွတ်လျက် နေ၏။' ၂ ရာ၊ ၁၃း၃၉။

'ကျွန်တော်သည် မကြာခဏပင်အမေးအမြန်းခံနေရပါသည်
ဟု ထိုသူကဆိုလျက် 'အပြစ်ကြောင့် ဤကမ္ဘာလောကကို စွန့်ခွာခဲ့
ရသောလူမှန်းမသိအောင် မူးယစ်သောက်စားနေခြင်းဖြင့်လည်းကောင်း
သွေးစွန်းသောအကွက်များအား သူတို့ဝတ်ရုံများမှ မချွတ်မလျှော်ပစ်
နိုင်သေသွားသောကြောင့်လည်းကောင်း (သို့မဟုတ်) ယခု ဤလူငယ်
ကဲ့သို့ ရုတ်တရက်သေဆုံးခဲ့ရခြင်း၌ ခရစ်ယာန်ဘာသာရေးဆိုင်ရာ
လုပ်ဆောင်မှုကိုဖြစ်စေ၊ ခရစ်ယာန်ဘာသာရေးအတွေ့အကြုံတစ်ခု
အားဖြင့် ဝမ်းမြောက်ခြင်းကို ဘယ်သောအခါကမှ ခံစားခဲ့ရဘူးခြင်း
မရှိဘဲဖြစ်စေ သေဆုံးခဲ့ရသူသည် အဘယ်သို့သောကံကြမ္မာလမ်းသို့
လိုက်ရလိမ့်မည်လဲဟု မေးခွန်းထုတ်လာတတ်ပါသည်။ ကျွန်ုပ်တို့သည်
ကျမ်းစာဖော်ပြချက်များဖြင့်သာလျှင် ကျေနပ်နေကြပါသည်။ ကျမ်းစာ
ပါအဖြေက ကြောက်ဖွယ်ရာ ဤအခက်အခဲကိုဖြေရှင်းပေးပါလိမ့်မည်။
အာမနုန်၌ များပြားလှစွာသောအပြစ်များရှိခဲ့ပါသည်။ သူတွင်
အမှန်တကယ်နောင်တရခြင်းမရှိခဲ့၊ သူ့အားအလွန်ယစ်မူးစေရန်
သေရည်တိုက်ခြင်းနှင့် ထိုသို့ယစ်မူးခိုက်တွင်သတ်ဖြတ်ခြင်းခံရ၏။
ဒါဝိဒ်သည် ဘုရားသခင်၏ပရောဖက်တစ်ဦးဖြစ်ရာ၊ အာမနုန်
ရောက်ရှိသွားမည့်ကမ္ဘာတွင် အဆိုးဖြစ်မည် (သို့မဟုတ်) အကောင်း
ဖြစ်မည်ဆိုသည်ကိုသိထားလောက်ပါသည်။ သူ၏နှလုံးသား
တောင်းဆိုချက်များသည် ဘယ်လိုရှိခဲ့ပါသလဲ 'ဒါဝိဒ်ဘုရင်၏
စိတ်နှလုံးသည် အဗရှလုံကိုလွမ်းဆွတ်လျက်နေ၏။ အကြောင်းမှာ
အာမနုန်သေသောကြောင့်ဖြစ်၏။' ကျမ်းပိုဒ်၃၉။

'ထိုသို့ဖြစ်လျှင် ဤကျမ်းချက်စာသားမှ မည်သို့သောကောက်ချက်
ကိုအရဆွဲယူမည်နည်း။ သူ၏ခရစ်ယာန်ဘာဘတရားဆိုင်ရာယုံကြည်
ခြင်း၌ ထိုအဆုံးမရှိသောဝေဒနာဆင်းရဲခြင်းခံရမှု မပါဝင်ခဲ့ပါသလော။

ထိုသို့ဆိုလျှင် ကျွန်ုပ်တို့စိတ်ထဲ၌ဖြစ်ပေါ်လာသော အတွေးအခေါ်ကိုဖိတ်ခေါ်ရပါသည်။ ထိုနောက် ဤနေရာ၌ကျွန်ုပ်တို့အသစ်ရှာဖွေတွေ့ရှိလာနိုင်သည့် ပို၍စိတ်သဘောနှင့်တွေ့သော၊ ပို၍ဉာဏ်ပွင့်လင်းသော၊ ပို၍ကောင်းကျိုးပေးနိုင်သောအာကာသကမ္ဘာမြေကြီးဆိုင်ရာအဆုံးဖွန်သော သန့်စင်ခြင်းနှင့်ငြိမ်သက်ခြင်းအတွေးအမြင်အကြံအစည်ကိုရရှိလာပါသည်။ သူ၏သားအာမနန်သေခဲ့ပြီဟူသောအသိဖြင့် သူ၏စိတ်သက်သာရာရရှိခြင်းမှာ အဘယ်ကြောင့်ပါနည်း။ အကြောင်းမှာနောင်လာမည့်အမြင်အားဖြင့် သူကြိုတင်မြင်နိုင်ခဲ့သောအောင်မြင်မှုပြည့်သည့်နောင်ကာလတွင် သူ့သား၌ အပြစ်သွေးဆောင်ခြင်းအမှုအရာအားလုံးကို ပယ်ရှားခဲ့ပြီးဖြစ်လျက် အပြစ်နှင့်ဆိုင်ရားအချုပ်အချယ်မှလွတ်ကင်းကာ အပြစ်၏ပျက်စီးစေတတ်သောဖေါက်ပြန်မှုများမှသန့်စင်ခြင်းခံရကာ လုံလုံလောက်လောက်သန့်ရှင်းစေခြင်းကိုခံရပြီး အသိဉာဏ်ပွင့်လင်းလာခဲ့ပြီးလျှင် ကောင်းကင်ဘုံသို့တက်ရောက်နေရင်း ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ရရှိခံစားနေရသောနာမ်ဝိညာဉ်များနှင့်အတူ တက်ရောက်ခွင့်ကိုရရှိသွားကြောင်းမြင်တွေ့ခဲ့ရ၏။ သူ၏တစ်ခုတည်းသောစိတ်သက်သာရာရရှိခဲ့မှုကားလက်ရှိအပြစ်ဒဏ်ခံရခြင်းမှလူသားသည် နုတ်ပယ်ခြင်းကိုခံခဲ့ရကာသူ၏အချစ်ဆုံးဖြစ်သောအာမနန်သည် သူ့အပေါ်ကျရောက်မည့်မှောင်မိုက်ခြင်းအပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ထွက်သက်ဝင်သက်များအားဖြင့် သူ၏စိတ်နေစိတ်ထားအား ကောင်းကင်ဘုံရှေ့တော်မှောက်မှာဖွင့်ပြပြီးနောက် မပျောက်မပျက်ရှိနေသောချစ်ခြင်းတရား၏ချိုးမြိန်မှုများဖြင့် မွန်မြတ်သန့်စင်သောသဘာဝကိုပြုပြင်ဖန်တီးပေးခဲ့ခြင်းဖြင့် ကောင်းကင်ဘုံ၏အမွေခံဘဝသို့ငြိမ်းချမ်းမှုရရှိသောအဖွဲ့ဝင်များနှင့်အတူ ခံစားရရှိနိုင်ပေလိမ့်မည်။

'ဤအတွေးအမြင်များ၏ ရစ်ပတ်မှုတို့ဖြင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းရှိသည်ဟု နားလည်လက်ခံရမည့်အဖြစ်သို့ ဤဘဝတွင် လုပ်ဆောင်နိုင်သမျှသောအချက်တို့အပေါ် ကောင်းကင်ဘုံမှကယ်တင် ခြင်းသည်တည်မှီခြင်းမရှိ၊ ထိုမျှမက လတ်တလောအားဖြင့် မိမိ၏ စိတ်နှလုံးပြုပြင်မှုအပေါ်၌လည်းကောင်း၊ လက်ရှိယုံကြည်ခြင်းအရာ၌ လည်းကောင်း၊ (သို့တည်းမဟုတ်) ဘာသာတရားကိုလက်ရှိကျင့်သုံးနေ ခြင်းအပေါ်၌လည်းကောင်း တည်မှီခြင်းမရှိဟုမှတ်ယူရမည်ဖြစ် ပါသည်။'

ဤသို့အားဖြင့် မိမိကိုယ်မိမိ အသိအမှတ်ပြုထားသောခရစ်ယာန် သာသနာရေးအမှုတော်ကို ဆောင်ရွက်သူတစ်ဦးက ခရစ်တော်ကိုယ်စား အထပ်ထပ်ပြောဆိုသည်မှာ ဧဒင်ဥယျာဉ်၌ မဟုတ်မမှန်သောစကားကို မြွေကပြောဆိုခဲ့သည်အတိုင်း 'သင်တို့သည် ဧကန်မုချသေရလိမ့်မည် မဟုတ်။' 'ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်း လျက် ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့' ဟူ၍ဖြစ်ပါသည်။ ထိုသူက ပြောကြားသည်မှာ အပြစ်သားများအနက်အဆိုးသွမ်းဆုံးဖြစ်သည့် လူ့အသက်ကိုသတ်သူ၊ ခိုးဝှက်သူနှင့်မတရားသောမေထုန်မှုပြုသူတို့ သည် သေဆုံးခြင်း၏နောက်ဝယ် မပျောက်မပျက်စဉ်ဆက်မပြတ် ရှိနေမည့် ဝမ်းမြောက်ပျော်ရွှင်ခြင်းဘဝသို့ဝင်စားရန် ပြုပြင်ပေးခြင်းကို ခံရလိမ့်မည်ဟူ၍ဖြစ်ပါသည်။

ထို့အပြင် ကျမ်းချက်များအား လိုရာဆွဲသုံးသူအနေဖြင့် သူ၏ အပြီးသတ်ကောက်ချက်များအား သဘာဝယုတ္တိရှိရှိဖြင့် မည်သို့ဆွဲ မည်နည်း။ သဘာဝတရား၏စီမံခန့်ခွဲမှုအတိုင်းသာလျှင် အလျှော့

ပေးလျက် ဒါဝိဒ်ကလိုက်နာခဲ့ရပါသည်ဟူသော ဝါကျတစ်ခုမျှသာ ဖြစ်ပါ၏။ သူ၏ ‘စိတ်နှလုံးသည် အဗရှလုံ၌သာတမ်းတလျက်နေ၏။ အာမနုန်သေဆုံးခဲ့ပြီဟုသိရ၍ သူ့မှာနှစ်သိမ့်ခြင်းခရသောကြောင့် ဖြစ်၏။’ ပူဆွေးဝမ်းနည်းခြင်းကို လိုက်လှဲစွာဖြင့်ခံစားရခြင်းမှာ အချိန်၏ကုစားမှုဖြင့်လျော့ပါးခဲ့ရပြီးနောက် သူ၏စိတ်ကသေသူမျ ရှင်သန်နေသူသားအဗရှလုံသည် သူ့အပြစ်သူခံရခြင်းမှကြောက်သဖြင့် သူ့ကိုယ်သူနယ်နှင်ခံထားသူ အဗရှလုံထံသို့ရောက်ခဲ့ပါ၏။ ဤသို့ ဖြစ်ရခြင်းသည် သွေးသားစပ်သူချင်း၌ဖေါက်ပြန်တတ်ပြီး မူးမူးရူးရူး ဖြင့်သေရည်၌ယစ်နေသူ အာမနုန်ခမြာ သေဆုံးသည်တွင်ချက်ချင်းပင် စစ်မှန်သောဝမ်းမြောက်ခြင်းဘုံဗိမာန်သို့ ပို့ဆောင်ပေးခြင်းခံရလျက် ထိုဘုံတွင်သန့်စင်မှုဖြစ်စေပြီးလျှင် အပြစ်ကင်းရှင်းသူကောင်းကင် တမန်အများနှင့်ပူးပေါင်းနေထိုင်မှုရအောင် ပြင်ဆင်ပေးခြင်းအား ခံရသည်ဟူသော အယူအဆ၏သက်သေခံအထောက်အထားပင်ဖြစ် ပါ၏။ ဤနှစ်သက်စဖွယ်အဖြစ်မှာ အမှန်ပင်ဒဏ္ဍာရီဆန်လှပါသည်။ သွေးသားဆန္ဒကို မလွန်ဆန်နိုင်သောနှလုံးသားပိုင်ရှင်အတွက် ကောင်းစွာကျေနပ်မှုရရှိစေခဲ့ပါသည်။ ဤသည်မှာ စာတန်၏ကိုယ်ပိုင် သင်ကြားမှုနည်းစနစ်ဖြစ်လျက် ထိုနည်းသည်သာ သူ့လုပ်ငန်းထိရောက် အောင်မြင်ရာဖြစ်၏။ ထိုသို့လွဲမှားသည့် လမ်းညွှန်သင်ကြားမှုတို့ အားဖြင့် ယုတ်မာဆိုးညစ်ခြင်းရှင်သန်နေမှုကိုကျွန်ုပ်တို့ကအံ့ဩစိတ် ထားနေရဦးမည်လော။

ဤမမှန်မကန်သည့်ဆရာ လိုက်လျှောက်သောလမ်းသည် အခြား များပြားစွာသောသူတို့ကဲ့သို့အတွက် သရုပ်တူပင်ဖြစ်ပါသည်။ အဖြစ် အပျက်အကြောင်းအရာတစ်ခုကို ဖြစ်စဉ်တစ်ခုခု၌ ကျမ်းစာကဖေါ်ထုတ်

ပေးထားချက်အနက်မှ စကားလုံးနည်းငယ်ကို ခွဲထုတ်ရယူပြီးလျှင် မိမိတို့အတွေးအခေါ်နှင့်ကိုက်ညီမှုဖြစ်အောင် ရေးသားပြုပြင်ခြင်း အားဖြင့် ထိုစကားရပ်များ၏မူလဆိုလိုရင်းအမှန်မှလွဲချော်ကာ ဆန့်ကျင်ဘက်အနက်ရရှိနိုင်စေပါသည်။ ထိုအဆက်အစပ်မညီသော စာပိုဒ်တို့ကိုလွဲမှားဖေါက်ပြန်စေပြီးလျှင် ဘုရားသခင်၏နှုတ်တော်ထွက် စကားအပေါ်အခြေမခံသည့် သင်ကြားလမ်းညွှန်မှုတို့မှာ မှန်ကန်သည် ဟူသော သက်သေပြချက်အဖြစ် အသုံးပြုလေတော့၏။ ယစ်သေရည် ဖြင့် မူးနေသူအာမနုန်သည် ကောင်းကင်လောကသို့ရောက်နေ ကြောင်း အထောက်အထားဖြစ်အောင် ညွှန်းထားသည့်သက်သေခံချက် မှာ ၁ ကော အခန်းကြီး ၆ ကျမ်းပိုဒ် ၁၀ ၌ ဖေါ်ထုတ်ထားချက်အရ ဘယ်အမူးသမားသည်မှ ဘုရားသခင်၏နိုင်ငံတော်၌ အမွေခံရနိုင်မည် မဟုတ်ဟူသည့် ရှင်းလင်းခိုင်မြဲသောဖွင့်ဆိုချက်ကို တိုက်ရိုက်ပင် သွေဖည်လျက် လိုရာဆွဲပြုစုထားသည့် ထင်မြင်ယူဆချက်မျှသာ ဖြစ်နေပါ၏။ ဤသို့သောနည်းဖြင့် သံသယပွားနေသူများ၊ ယုံကြည် ခြင်းကင်းမဲ့သူများနှင့် ခရစ်ယာန်ဘာသာ၏သမာသမတ်ရှိခြင်းကို မေးခွန်းထုတ်နေသူများက သစ္စာအမှန်ဖြစ်ခြင်းမှလိမ်ညာမှုအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ ထိုနောက် လူအများစုကြီးမှာ သူတို့၏ လိမ်ညာရန် ရည်ရွယ်ရင်း ပြုပြင်ထားပြီးဖြစ်သော မမှန်မကန်ဆင်ခြေ ပေးအကြောင်းပြချက်တို့ဖြင့် လောကဆိုင်ရာ လုံခြုံစိတ်ချရခြင်းတည်း ဟူသော ပခက်ထဲ၌ လှုပ်ယမ်းချော့သိပ်မှုက အိပ်ပျော်စေမှုဟူသည့် အမှောင်ထုကို ဖုံးစေပါ၏။

ပျက်သုဉ်းချိန်ကာလ၌ လူအပေါင်းတို့၏အသက်ဝိညာဉ်အား လုံးသည် မြင့်ရာဘုံဘဝသို့ တိုက်ရိုက်တက်ရောက်သွားသည်ဟူသော

ယူဆချက်သည်အမှန်ဖြစ်ခဲ့ပါက ကျွန်ုပ်တို့သည်ရှင်နေသည်ထက် သေဆုံးခြင်းကို ကောင်းစွာတပ်မက်လိုလားကြပါမည်လော။ လူအများ အပြားသည် ဤသို့သောယုံကြည်မှုအားဖြင့် သူတို့ရရှိထားသောဘဝကို အဆုံးသတ်သွားမှုများပြုခဲ့ကြပါ၏။ လူ့ဘဝ၏ခက်ခဲရှုပ်ထွေးညစ်ညူး ခြင်းနှင့်မျှော်လင့်ထားချက်များ၊ ဖြစ်မလာခြင်းများကြုံတွေ့လာရကြ သောအခါ စစ်မှန်ကြီးမြတ်သော ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိရာ ထာဝရ လောကကြီးသို့ ဝဲပျံဝင်ရောက်သွားရန်မှာ ရွရွကလေးမျှသာရှိသော အသက်နှောင်ကြိုးအမျှင်အား လွယ်လွယ်ပင်ဖြတ်တောက်ပစ်လိုက် နိုင်ဟန်ရှိနေပေတော့သည်။

## ဘုရားသခင်၏တရားမျှတခြင်း

ကိုယ်တော်ကသူ၏ဥပဒေကို ဖေါက်ဖျက်ကျူးလွန်သူတို့အား ခံစားထိုက်သောအပြစ်ဒဏ်ကို ချမှတ်မည်ဟူ၍ ဘုရားသခင်၏ နှုတ်ထွက်စကား၌ အတိအလင်းဖေါ်ပြမြွက်ဆိုထားရှိခဲ့ပြီးဖြစ်ပါ၏။ တချို့သောသူတို့မှာ မိမိတို့ကိုယ်ကို မိမိယုံကြည်မြှောက်ပင့်ခြင်းအားဖြင့် ကိုယ်တော်သည် အပြစ်သားအပေါ်တွင် တရားစီရင်မှုပြုရန် အလွန် ညှာတာစာနာတတ်ခြင်းနှင့် ပြည့်ဝနေပါသည်ဟု အထင်ရောက်နေလျှင် ကရာနီကုန်းထက်မှလက်ဝါးကပ်တိုင်သို့ ကြည့်လိုက်ယုံမျှသာရှိပါ သည်။ 'အပြစ်ဖြစ်ခြင်း၏အဖိုးအခပေးဆပ်ရခြင်းကား သေခြင်းတရား' ဟူသည်ကိုသက်သေခံသည့် ဘုရားသခင်၏သားတော်၊ လုံးဝအပြစ် မဲ့သူကိုယ်တိုင်အသေခံခဲ့ရခြင်းမှာ ဘုရားသခင်၏ဥပဒေကျူးလွန် ခြင်းတိုင်း၌တရားမျှတမှုရှိပြီး ၎င်းခံထိုက်သည့်အပြစ်ဒဏ်ကို ခံရပါ

သည်ဟူသောအချက်ကို ဖေါ်ညွှန်းခြင်းပင်ဖြစ်ပါပေသည်။ လူသား အတွက် အပြစ်ကင်းစင်သူခရစ်တော်မှာ အပြစ်သားအဖြစ် ခံယူစေ ခဲ့ရ၏။ ဥပဒေဖေါက်ဖျက်ကျူးလွန်မှု၏ မကောင်းမှုအပြစ်ကို သခင်ယေရှုကတာဝန်ယူခဲ့ပေရာ အဖဘုရားသခင်၏မျက်ကွယ် ပြုခြင်းအားဖြင့် စိတ်နှလုံးကြေကွဲလျက် ကိုယ်တော်က အသက်ကို ဖျက်ဆီးခြေမှုန်းခြင်းခံခဲ့ရပါ၏။ ဤသို့စွန့်လွှတ်ပူဇော်ခဲ့ခြင်းမှာ အပြစ်သားများအားလုံးကို မိမိ၏အသွေးတော်ဖြင့် အခပေးရွေးနုတ် တော်မူခြင်းပင်ဖြစ်၏။ အပြစ်၏အဆုံးသတ်အပြစ်စီရင်ချက်မှာ သေဆုံးခံရခြင်းဖြစ်ပေရာ ခရစ်တော်က မိမိကိုယ်တိုင်ပေးဆပ်လျက် အနစ်နာခံခဲ့ပါ၏။ ထိုသို့ပြုရခြင်းကား လူသားမျိုးနွယ်တစ်ရပ်လုံး အတွက်ပင်ဖြစ်ပါသည်။ ထိုသို့အသွေးတော်ဖြင့် ဆပ်ပေးခြင်းတွင် ဝေစုကိုမျှဝေမယူနိုင်သော ငြင်းပယ်သူတစ်ယောက်စီတိုင်းသည် အပြစ် ကျူးလွန်ခြင်း၏အဖိုးအခကြီးမားခြင်းကို ကိုယ်စီကိုယ်ငမှတ်ထားလျက် တန်ဖိုးရှိစွာ ပြုကျင့်သွားရမည်ဖြစ်၏။

ဘုရားသခင်အပေါ်ယုံကြည်ခြင်းမရှိဘဲ ရှိသေလေးမြတ်မှုမပြု နိုင်သူ၊ နောင်တအမှန်တကယ်မရသူအပေါင်းတို့နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း၌ရရှိလာမည့် ကယ်တင်ခြင်းကိုယုံကြည်လက်ခံသူအနေ ဖြင့် ကောင်းကင်ဘုံ၌သန့်ရှင်းခြင်းကိုရရှိပြီး ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည့် ကောင်းကင်သားများအဖြစ်ထားနေမှုနှင့်စပ်လျဉ်းပြီး ကျမ်းစာတွင် မည်သို့သွန်သင်ချက်ရှိပုံကို ကျွန်ုပ်တို့ဆက်လက် လေ့လာလိုက်ကြပါစို့။

'ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲ ငါပေးမည်။' ဗျာ ၂၂း၆။ ဤကတိတော်သည် ရေငတ်နေသူတို့

အတွက်သာလျှင်ဖြစ်၏။ အဆိုပါအသက်ရေကို လိုအပ်မှုဖြင့်
အခြားသောအရာအားလုံးကို အဆုံးရှုံးခံလျက် ရှာဖွေသူများမှတစ်ပါး
အဘယ်ကိုမှပေးလိမ့်မည်မဟုတ်ပေ။ အောင်မြင်သောသူသည် ဤအရာ
တို့ကိုအမွေခံရလိမ့်မည်။ ငါသည် သူ၏ဘုရားသခင်ဖြစ်မည်။
သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။' ကျမ်းပိုဒ် ၇။
ဤနေရာတွင်လည်း လိုအပ်ချက်တို့အား အတိအကျဖော်ညွှန်း
ထားပါသည်။ အားလုံးကို အမွေခံရကြနိုင်ရေးအတွက် ကျွန်ုပ်တို့
မဖြစ်မနေလုပ်ရကြမည်ကား အပြစ်ကိုခုခံတွန်းလှန်လျက် အောင်မြင်မှု
ရရှိရေးပင်တည်း။

ပုရောဖက်ဟေရှာယအားဖြင့် ကိုယ်တော်မိန့်မြွက်တော်
မူသည်မှာ 'ဖြောင့်မတ်သောသူသည် ကောင်းချီးရှိ၏ဟု
ထိုသူအားပြောလော့။' 'မတရားသောသူသည် ကျိန်ခြင်းရှိ၏။
အကြောင်းမူကား၊ သူကျင့်သောအကျင့်တို့၏အပြစ်ကို
သူ၌ဆပ်ပေးရလိမ့်မည်။' ဟေရှာယ ၃း၁၀၊၁၁။ 'အဓမ္မလူသည်
အကြိမ်တစ်ရာတိုင်အောင် အဓမ္မအမှုကိုပြု၍ အသက်တာ
ရှည်သော်လည်း ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သည်
ရှေ့တော်၌ကြောက်ရွံ့သောကြောင့် ကောင်းသောအကျိုးကို
ခံရကြမည်ဟု ငါအမှန်သိ၏။ အဓမ္မလူမူကား ကောင်းသော
အကျိုးကိုမခံရ။' ဒေသနာကျမ်း ၈း၁၂၊၁၃။ ထို့အပြင်
တမန်တော်ပေါလုသက်သေခံသည်မှာ အပြစ်သားသည်
သူ့အဖို့နောင်တမရှိဘဲ စုဆောင်းသော 'ဒေါသနေ့တည်းဟူသော
ဘုရားသခင်၏တရားတော်ထင်ရှားသောနေ့၌ ကိုယ်ခံစရာဖို့
အမျက်ဒေါသကိုဆည်းပူးသလော။ ဘုရားသခင်သည်
လူအသီးအသီးတို့အား မိမိတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို

ဆပ်ပေးတော်မူလတ္တံ့။' "ဆိုးညစ်သောအမှုကိုပြုသောသူ ရှိသမျှတို့သည် ကြီးစွာသော ဆင်းရဲခြင်းဝေဒနာကို ခံရကြလတ္တံ့။" ရောမ ၂း၅၊၆၊၉။

'မတရားသောမေထုန်၌မှီဝဲသောသူ၊ ညစ်ညူးစွာပြုသောသူ၊ ရုပ်တုကိုကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူ တစ်စုံတစ်ယောက်မျှခရစ်တော်နှင့်ဘုရားသခင်၏နိုင်ငံ၌ အမွေ မခံရသည်ကိုသင်တို့သိကြ၏။' ဧဖက် ၅း၅။ လူအပေါင်းတို့နှင့် အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုလည်းကောင်း၊ သန့်ရှင်းခြင်း ပါရမီကိုလည်းကောင်း မီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီ မရှိလျှင် အဘယ်သူမျှ ထာဝရဘုရားသခင်ကိုမဖူးမမြင်ရ။' ဟေဗြဲ ၁၂း၁၄။ 'အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။ ပြင်၌ကား ခွေးဖြစ်သောသူ၊ ပစားတတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ လူ့အသက်ကိုသတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ ပြုသောသူအပေါင်းတို့သည်ရှိကြ၏။ ဗျာ ၂၂း၁၄၊၁၅။

အပြစ်အားကိုင်တွယ်ရာ၌ နည်းလမ်းရှိခြင်းကိုလည်းကောင်း၊ ကိုယ်ကျင့်စရိုက်လက္ခဏာကိုလည်းကောင်း လူအပေါင်းတို့သိရှိနိုင် စေရန် ဘုရားသခင်က ထုတ်ဖော်မြွက်ကြားထားခဲ့ပြီးဖြစ်ပါသည်။ 'ထာဝရဘုရားသခင်၊ ချစ်သနားခြင်းကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည် ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်း၊ အပြစ် တို့ကို ဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူ ထသော။' ထွက်မြောက် ၃၄း၆၊၇။ 'မတရားသောသူအပေါင်းတို့ ကိုကား ဖျက်ဆီးတော်မူမည်။' 'ပြစ်မှားသောသူအပေါင်းတို့သည်

ပျက်စီးခြင်းသို့ရောက်၍ မတရားသောသူတို့သည် အဆုံး၌ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။' ဆာလံ ၁၄၅း၂၀။ ၃၇း၃၈။ ပုန်ကန်ကြွခြင်းအားနှိမ်နင်းရန် ဘုရားသခင်၏အုပ်စိုးပိုင်ခွင့်၌ရှိသော တန်ခိုးစွမ်းအားနှင့်ကွပ်ကဲညွှန်ကြားပိုင်ခွင့်တို့အရ ခိုင်းစေခြင်းပြုလိမ့်မည်။ ထိုသို့ပြုသည့်အကြားမှပင် ပုန်ကန်သူတို့အတွက် ခံထိုက်သောအပြစ်ဒဏ်စီရင်မှုများ၌ သနားချစ်ခင်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် ကောင်းကျိုးကျေးဇူးကိုပြုခြင်းတည်းဟူသော ဘုရားသခင်၏ စရိုက်လက္ခဏာတော်များဖြင့် စုံလင်ပြည့်ဝနေစေပေလိမ့်မည်။

ဘုရားသခင်သည် မည်သူ့အလိုဆန္ဒ (သို့မဟုတ်) အကဲဖြတ်ခြင်းကိုမှ ဖိအားပေးသည်မဟုတ်ပါ။ ကိုယ်တော်က ကျေးကျွန်ဆန်သည့်ရိုသေလေးမြတ်ခြင်း၌ နှစ်လိုပျော်မွေ့မှုကို မလိုလားတတ်ပေ။ သူ့လက်ဖြင့်ဖန်ဆင်းထားသော သတ္တဝါအများသည် သူ့အားချစ်သင့်ချစ်အပ်သူအဖြစ်သိမြင်လျက် ချစ်ခြင်းကိုသာလျှင်ပြုပါရန် ကိုယ်တော်အလိုတော်ရှိပါ၏။ သူသည်ရိုသေမှုကို လက်ခံရာတွင်လည်း ကိုယ်တော်၌ရှိသော ဉာဏ်ပညာ၊ တရားမျှတခြင်းနှင့်ကျေးဇူးပြုခြင်းတို့၌ အသိဉာဏ်ပွင့်သောလိုလားနှစ်သက်မှုကိုသာ အရေးထားပါသည်။ ထိုအခါ ဤပြည့်စုံတော်မူချက်တို့အား မှန်ကန်စွာလက်ခံသဘောပေါက်သူအားလုံးက ဘုရားသခင်၌တည်နေသော ကျေးဇူးတော်များအပေါ်ရိုသေမြတ်နိုးမှုအရ ကိုယ်တော်နှင့်နီးစေတော်မူခွင့်ကို လိုလားပြီး ချစ်မြတ်နိုးကြပါလိမ့်မည်။

အခြေခံကိုယ်ကျင့်တရားများဖြစ်သော ထောက်ထားညှာတာခြင်း၊ သနားကြင်နာကရုဏာထားရှိခြင်းနှင့် ချစ်ခြင်းတို့ကိုသင်ကြားရင်းဖြင့် စံနမူနာပြကျင့်သုံးလျက် ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူက

ဘုရားသခင်၏အလိုတော်နှင့် စရိုက်လက္ခဏာကို သာခကေပြ မှတ်တမ်းတင်ထားပါသည်။ ခရစ်တော်ကမြွက်ဟခဲ့သည်မှာ သူသည် အဖခမည်းတော်ဘုရားသခင်ထံမှရရှိထားသော အချက်များမှလွဲ၍ အခြားဘာမျှမသွန်သင်ခဲ့ကြောင်းဖြစ်ပါ၏။ ဘုရားသခင်၏အစိုးပိုင်သောအခွင့်၌ထားရှိသည့် အခြေခံဥပဒေသများသည် 'သင်တို့၏ရန်သူများအားချစ်လော့' ဟူသော ကယ်တင်သခင်၏ကိုယ်ကျင့်တရားနှင့် လုံးဝဥဿုံသဘောထားတိုက်ဆိုင်မှုရှိပါသည်။ အာကာသကမ္ဘာမြေကြီး၏ကောင်းကျိုးအလို့ငှာဖြစ်စေ၊ ကိုယ်တော်၏စီရင်ချက်များအား ချမှတ်ခြင်းခံရသူများအပေါ်၌ပင်ဖြစ်စေ ကောင်းစေလိုမှုဖြင့် ဘုရားသခင်က ဆိုးညစ်ပြီးမတရားသောသူတို့အား တရားစီရင်ခြင်းဖြစ်ပါသည်။ ကိုယ်တော်၏အစိုးပိုင်ခွင့်ဖြင့် ချမှတ်ထားသောဥပဒေများနှင့် တရားမျှတခြင်းစရိုက်လက္ခဏာနှင့်အညီ တတ်နိုင်ပါက ထိုသူတို့ကိုဝမ်းမြောက်ခြင်းဖြစ်စေလိုပါ၏။ သူတို့အား ကိုယ်တော်၏ချစ်ခြင်းဆိုင်ရာပြယုဂ်များဖြင့်ဝန်းရံထားသော သူတို့အတွက်ဥပဒေကိုနားလည်နိုင်ခွင့်ရစေမည့်အသိဉာဏ်ပညာကို ခွင့်ပြုပေးခြင်းအပြင် ကိုယ်တော်၏ကရုဏာတော်သည် တောက်လျှောက်လိုက်ပါပံ့ပိုးပေးပါသည်။ သို့ရာတွင် သူတို့အနေဖြင့် ကိုယ်တော်၏ချစ်ခြင်းတရားကိုရှုတ်ချလျက် သူ၏ဥပဒေအား အာဏာမတည်စေရန် လုပ်ဆောင်ပြီးနောက် ကရုဏာတော်ကိုလည်းငြင်းပယ်ကြပါ၏။ ဘုရားသခင်၏ဆုကျေးဇူးတော်များကို စဉ်ဆက်မပြတ်လက်ခံရယူနေခိုက်မှာပင် ကိုယ်တော်အား ဂုဏ်သရေညှိုးနွမ်းစေရန် လုပ်ဆောင်နေပါသည်။ သူတို့ပြုသမျှသောအပြစ်တို့၌ ဘုရားသခင်သည် စက်ဆုပ်ကြောင်းကို သိမြင်ကြသောကြောင့် သူတို့ကမုန်းတီးကြပါသည်။ သူတို့၏လမ်းလွှဲမှုကို

လိုလိုလားလားလိုက်ပါနေခြင်းအတွက် သူတို့အပေါ် ကိုယ်တော်က စိတ်ရှည်ခြင်းရှိပါသည်။ သို့သော် နောက်ဆုံး၌မူ အဆုံးအဖြတ်ပြုပေးရသည့်အချိန်နာရီသို့သော ရောက်ကြရပါမည်။ ထိုအခါ သူတို့လားရာအရပ်သည် မည်သို့ရှိမည်ကို ဆုံးဖြတ်ခြင်းခံကြရပေလိမ့်မည်။ ကိုယ်တော်က ဤပုန်ကန်သူတို့အား သူ့ဘက်သို့ကူးလာစေရန် သံကြိုးချည်နှောင်ထားလိမ့်မည်လော။ ကိုယ်တော်၏အလိုတော်အတိုင်းပြုကြရန် သူတို့အား အတင်းအကြပ်ပြုလိမ့်မည်လော။

စာတန်အား သူတို့၏ခေါင်းဆောင်အဖြစ်ရွေးချယ်လျက် သူ့သြဇာခံဖြစ်နေသူများသည် ဘုရားသခင်၏ရှေ့မှောက်သို့ဝင်ရန် အဆင်သင့်မဖြစ်ကြပေ။ ဂုဏ်မာန၊ လှည့်စားမှု၊ ညစ်ညမ်းခြင်း၊ ရက်စက်ခြင်းတို့သည် သူတို့စရိုက်ဆိုးများဖြစ်လာတော့၏။ သူတို့အနေဖြင့် ကမ္ဘာမြေကြီးတွင်အတူရှိခိုက် သူတို့မုန်းတီးခဲ့၊ နှိမ့်ချခဲ့သူများနှင့်ကောင်းကင်ဘုံတွင် ရာသက်ပန်အစဉ်အမြဲအတူနေသွားနိုင်ကြပါမည်လော။ အမှန်တရားသည်လိမ်ညာပြောသူတစ်ဦးနှင့်ဘယ်သောအခါမှသဟဇာတဖြစ်လိမ့်မည်မဟုတ်ပေ။ စိတ်နှိမ့်ချခြင်းသည် ကိုယ်ကိုအထင်ကြီးမှုနှင့်ဂုဏ်မောက်ခြင်းကို ကျေနပ်မှုရစေလိမ့်မည်မဟုတ်။ ဖေါက်ပြန်ပျက်စီးခြင်းရှိနေသူက သန့်ရှင်းစင်ကြယ်ခြင်းကို လက်ခံခြင်းမရှိ၊ တစ်ကိုယ်ကောင်းဆန်သူအဖို့တပြေးညီချစ်ခြင်းသည် ဆွဲဆောင်မှုမရှိပါ။ လောကကိစ္စနှင့်ကိုယ့်ကောင်းကျိုးချမ်းသာ၌သာ စုံးစုံးမြုပ်ထားသူတို့အတွက် ကောင်းကင်နိုင်ငံ၌အဘယ်သို့သော ဝမ်းမြောက်မှုကိုရှာတွေ့နိုင်ပါမည်နည်း။ ခက်ပေလိမ့်မည်။

ဘုရားသခင်အားပုန်ကန်မှု၌ သူတို့ဘဝအသက်တာများကို ကုန်ဆုံးစေခဲ့သူများသည် ရုတ်တရက်ပို့ဆောင်အားဖြင့် ကောင်းကင်

ဘုံသို့ရောက်သောအခါ၌ သူတို့မြင်တွေ့ရသော မြင့်မားပြီးသန့်ရှင်း မွန်မြတ်လျက် စုံလင်ခြင်းအခြေအနေဖြင့် ဖြစ်တည်မှုရှိနေသော ထိုနေရာဝယ် အသက်ဝိညာဉ်တိုင်းသည် ချစ်ခြင်းဖြင့်ပြည့်လျှံပြီးလျှင် မျက်နှာအသွင်အပြင်တိုင်းမှာ နက်နဲမှုရှိနေသောဝမ်းမြောက်ခြင်းနှင့် ရွှင်မြူးမှုကြောင့်ဝင်းလဲ့လျက် ဘုရားသခင်နှင့်သိုးသငယ်တည်း ဟူသောခရစ်တော်အား ဂုဏ်ပြုတီးခတ်သည့်နက်ရှိုင်းစွာသောဝမ်း မြောက်မှုနှင့်ပြည့်စုံကာ နားဝင်ပီယံဖြစ်စွာသောတေးဂီတသံစဉ်များ မှာလည်း သာယာစွာဖြင့်ထွက်ပေါ်လာလျက် ပလ္လင်ပေါ်၌ထိုင်နေသူ ကိုယ်တော်၏မျက်နှာမှ စဉ်ဆက်မပြတ်ကွန့်မြူးနေသောဘုန်းတော် များသည် ကယ်တင်ခြင်းရရှိခဲ့သူတို့အပေါ်ဝေဖြာလျက်ရှိရာ မိမိတို့၏ နှလုံးသားများထဲ၌ ဘုရားသခင်အမှန်တရားနှင့်သန့်ရှင်းခြင်းတို့အပေါ် အမုန်းစိတ်အပြည့်မွေးယူထားသူများအနေဖြင့် ကောင်းကင်ဘုံသား အစုအဝေးနှင့်ပူးတွဲကာ ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းခြင်း တေးသီချင်းများကို ရင့်ကျူးနိုင်ကြလိမ့်မည်လော။ ဘုရားသခင်နှင့် သူ၏သားတော်တို့၏ဘုန်းထင်ရှားခြင်းကို သူတို့တောင့်ခံ၍ရနိုင် ပါလိမ့်မည်လော မဟုတ်ပါ၊ မမှန်ပါ။ သူတို့အဖို့ကရုဏာတံခါးကို နှစ်ပေါင်းရှည်ကြာစွာဖြင့် ခွင့်ပြုပေးထားခဲ့သည်မှာ ကောင်းကင်ဘုံနှင့် လိုက်ဖက်သောသူများအနေဖြစ်သို့ အသွင်ပြောင်းစေခြင်းငှာဖြစ် သော်လည်း သူတို့၏စိတ်နှလုံးအားဖြင့် သန့်စင်မှုကိုချစ်မြတ်နိုး တတ်စေရန် ဘယ်သောအခါကမှ မလေ့မကျင့်မသင်ကြားခဲ့ပါ။ သူတို့သည် ကောင်းကင်ဘုံ၏ဘာသာဗေဒကို ဆည်းပူးခြင်းလုံးဝ မပြုခဲ့ကြပေရာ ယခုအခါမှာ သူတို့အတွက် အလွန်ပင်နောက်ကျ သွားခဲ့ပြီဖြစ်၏။ ဘုရားသခင်အား ဘဝတစ်လျှောက်ပုန်ကန်မှုအားဖြင့်

ကောင်းကင်ဘုံတွင် အံဝင်ခွင်ကျသူတို့၌မဖြစ်စေတော့ပေ။ ထိုဘုံ၏ သန့်စင်ခြင်း၊ အမွန်အမြတ်ရှိခြင်းနှင့်ငြိမ်သက်ခြင်းသည် သူတို့အဖို့ နှိပ်စက်ညှဉ်းပန်းမှုသာဖြစ်နေလိမ့်မည်။ ဘုရားသခင်ဘုန်းတော်ထင် ရှားခြင်းသည် သူတို့အားလောင်မြိုက်သောမီးဖြစ်လိမ့်မည်။ သူတို့စိတ် ဆန္ဒဖြစ်ပေါ်တမ်းတမသေည်ကား ထိုသန့်ရှင်းမွန်မြတ်ရာနေရာမှထွက် ပြေးစွန့်ခွာရန်တည်း။ သူတို့အနေဖြင့်အသွေးတော်ပေးဆပ်လျက် သူတို့အဖို့ကယ်တင်ခြင်းရစေခြင်းငှာ အသေခံတော်မူခဲ့သူကိုယ်တော်၏ မျက်မှောက်တော်မှပုန်းကွယ်မှုရနိုင်သော အလုံးစုံပျက်စီးခြင်းကိုသာ ကြိုဆိုကြပေလိမ့်မည်။

## ကိုယ်ပိုင်ရွေးချယ်မှု

မတရားသောသူတို့၏ကံကြမ္မာသည် သူတို့ကိုယ်တိုင်ရွေးချယ် မှုဖြင့်မှုသေဖြစ်စေ၏။ ကောင်းကင်ဘုံမှပယ်ထုတ်ခြင်းမှာ သူတို့အလို အတိုင်းပင်သူတို့ဖြစ်လျက်၊ ဘုရားသခင်၏အပိုင်း၌တရားမျှတပြီး ကရုဏာအပြည့်ရှိပါသည်။

ကမ္ဘာဖျက်မိုးကြီးအားဖြင့် ရေဖုံးလွှမ်းစေခဲ့သလို ကောင်းကင်မှ မီးကျကာ ကန့်ဖြင့်လောင်သောငရဲမီးအိုင်ဖြစ်မည့်မဟာနေ့ကြီးသည် ဆိုးညစ်သူတို့အတွက် ကုသပေးနိုင်စွမ်းမရှိကြောင်း ဘုရားသခင်၏ အဆုံးအဖြတ်ကိုဖော်ထုတ်ခြင်းဖြစ်၏။ ဘုရားသခင်၏အုပ်ချုပ်မှုအခွင့် အာဏာအောက်သို့ခိုလှုံရန် သူတို့စိတ်နေစိတ်ထားကခွင့်မပြုပါ။သူတို့လိုအင် ဆန္ဒသည် ပုန်ကန်ဆန့်ကျင်မှု၌လေ့ကျင့်မှုရှိပြီးဖြစ်ပေရာ ဘဝသက်တမ်း အဆုံးသတ်သည့်အခါသူတို့၏စိတ်များကိုဆန့်ကျင်လျက် ဦးတည်ချက်

ပြောင်းရန် အလွန်နောက်ကျသွားပြီဖြစ်၍ ဖေါက်ဖျက်ခြင်းမှလိုက်နာ၊ နာခံခြင်းသို့အမုန်းတရားမှ ချစ်ခြင်းတရားသို့ပြောင်းရန် အလွန်နောက်ကျသွားလေပြီ။

လူ့အသက်ကိုသတ်သူ ကာဣနဏ်အသက်ကိုလွှတ်ရာ၌ ဘုရားသခင်က အပြစ်သားတစ်ဦးအား အလွန်ဆိုးညစ်သောလမ်းကြောင်း၌ အထိန်းချုပ်မဲ့ဆက်လက်လုပ်ဆောင်ခွင့်ပြုထားခြင်းဖြင့် အဘယ်သို့သောရလဒ်ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာလောကြီးကို ပုံသက်သေတစ်ခုပေးခဲ့ပါ၏။ ကာဣနဏ်အပြောနှင့်အလုပ်အရှိန်အဝါလွှမ်းမိုးမှုအရ သူ့မျိုးဆက်ပေါင်းများစွာသောလူအပေါင်းတို့မှာ အပြစ်သို့ဆွဲဆောင်ကျရောက်စေခဲ့ရာ 'မြေကြီးပေါ်မှာလူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူလျှင်၊' 'မြေကြီးသည် ဘုရားသခင်ရှေ့၌ပုပ်စပ်လျက်ရှိ၏၊ မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။' ကမ္ဘာဦးကျမ်း ၆း၅၊၁၁။

ကမ္ဘာမြေကြီးသားအပေါ် ကရုဏာတရားနှင့်သနားကြင်နာသောအားဖြင့် နောဧ၏ခေတ်ကာလတွင် ဆိုးညစ်သူတို့အား ရေလွှမ်းမိုးစေလျက် ဖယ်ရှားခဲ့ပါ၏။ ပုပ်စပ်လျက်ရှိနေသော စာတန်၏နောက်လိုက် သောဒုံမြို့နေလူအပေါင်းအား မီးလျှံအားဖြင့်ဖျက်ဆီးခဲ့ခြင်းမှာလည်း ကရုဏာအားဖြင့်သာလျှင်ဖြစ်ပါ၏။ စာတန်၏လှည့်စားတတ်သောစွမ်းအားအရ၊ အလွန်ဆိုးညစ်ယုတ်မာသောမတရားမှုပြုသူများသည် စာနာရိုင်းပင်းခြင်းနှင့်အထင်ကြီးမှုကိုရယူနိုင်သဖြင့် အစဉ်အမြဲပင်အခြားသူများအား ဆွဲဆောင်ခြင်းဖြင့် ဆန့်ကျင်ပုန်ကန်မှုပေါ်ပေါက်ရသည်ဖြစ်၏။ ကာဣနနှင့်နောဧတို့ခေတ်တွင်

အလားတူဖြစ်ခဲ့သလို၊ အာဗြဟံနှင့်လောတတို့ကာလ၌လည်း ပေါ်ပေါက်ခဲ့ရကား ယခုကျွန်ုပ်တို့ခေတ်ကာလ၌လည်း အလားတူပင် ဖြစ်ပါသည်။ ကိုယ်တော်၏ကျေးဇူးတော်အား ငြင်းပယ်သူများကို နောက်ဆုံးတွင် ဖျက်ဆီးခြင်းပြုမည်ဆိုသည်မှာ ကရုဏာတရားဖြင့် သနားကြင်နာသောသဘောဖြစ်ပါသည်မိတ်ဆွေ။

'အပြစ်တရား၏အခကား သေခြင်းပေတည်း၊ ဘုရားသခင်ပေး တော်မူသောဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။' ရောမ ၆း၂၃။ ဖြောင့်မတ်ခြင်းတရား ရှိသူတို့အတွက် အသက်ကိုအမွေခံနိုင်ခွင့်ရှိသကဲ့သို့ ဆိုးညစ်ခြင်းရှိသော မတရားသူတို့သည် သေခြင်းကိုရရှိကြပေလိမ့်မည်။ မောရှေက ဣသရေလအမျိုးအားဟောပြောခဲ့သည်မှာ 'အသက်ရှင်ခြင်းချမ်းသာ နှင့်သေခြင်းဆင်းရဲတို့ကို သင့်ရှေ့မှာယနေ့ငါထား၏။' တရားဟောရာ ၃၀း၁၅။ ဤကျမ်းစာလာအချက်များ၌ ရည်ညွှန်းသောသေခြင်းကား အာဒံအပေါ်တရားဝင်ကြေညာခဲ့သောအရာမဟုတ်ပါ၊ အကြောင်းမှာ သူ၏ကျူးလွန်ဖေါက်ဖျက်မှု၏စီရင်ခြင်းအား လူသားမျိုးနွယ်တစ်ရပ် လုံးခံရသည်ဖြစ်၏။ ထိုသေခြင်းဆိုသည်ကား 'ဒုတိယအကြိမ်သေခြင်း' ကို ထာဝရအသက်နှင့်ကွဲပြားအောင် ညွှန်းဆိုထားပါ၏။

## သေမျိုးလူသားအနေအထား

အာဒံ၏အပြစ်ပြုမှုကြောင့် ဖြစ်ခဲ့သောရလဒ်မှာ လူသားမျိုး နွယ်တစ်ရပ်လုံးအပေါ် သေခြင်းတရား၏အောင်မြင်မှုသည်ဖြစ်ရ၏။ သင်္ချိုင်းတွင်းသို့လူမျိုးမရွေး အညီအတူပင်ဆင်းရပါသည်။ ကယ်တင်

ခြင်းစီမံချက်၏ထောက်ပင့်မှုဖြင့် ထိုသေခြင်း၏နောက်ဝယ် အားလုံးသည် လျောင်းလဲရာသင်္ချိုင်းများမှ ခေါ်ထုတ်ခြင်းခံခဲ့ရပါမည်။ 'ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူရှိသမျှတို့သည် သေခြင်းမှ ထမြောက်ကြလိမ့်မည်ဟူ၍' 'လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည်နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အား ဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့။' တမန်တော် ၂၄း၁၅။ ၁ ကော ၁၅း၂၂။ သို့သော် ထမြောက်ကြသူများတွင် အမျိုးအစား နှစ်ခုကိုထင်ရှားစေရပါမည်။ 'သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက် လတ္တံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့် ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့။ ယောဟန် ၅း၂၈၊၂၉။ အသက်ပြန်လည်ရှင်သန်ပြီး 'ထိုက်တန်သောစာရင်းဝင်သူ' ဟု သတ်မှတ်ခြင်းခံရသူများသည် ကောင်းချီးရှိသောသန့်ရှင်းသောသူတို့ဖြစ်ကြပါသည်။ 'ထိုသို့သော သူသည် ဒုတိယသေခြင်း၏လက်နှင့်ကင်းလွတ်လျက်' ရှိ၏။ ဗျာ ၂၀း၆။ သို့ရာတွင် ကင်းလွတ်ခွင့်မရှိသူတို့မူကား နောင်တတရားနှင့်ယုံကြည် ခြင်းအားဖြင့် အပြစ်မှလွတ်အောင်မပြုသဖြင့် ချိုးဖေါက်ကျူးလွန် မှု၏အပြစ်ဒဏ် 'အပြစ်၏အဖိုးအခ' ကို လက်ခံရယူမည်သာတည်း။ သူတို့သည် 'သူတို့ကျင့်ခဲ့သောအကျင့်များအတိုင်း' အတိုင်းအဆ နှင့်သက်တမ်းကာလမတူသည့်အပြစ်ဒဏ်တို့အား ခံစားကြရပါ လိမ့်မည်ဖြစ်သော်လည်း အဆုံးသတ်တွင်မူ ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်မည်တော့မဟုတ်ပေ။ တရားမျှတခြင်းနှင့်သနားညှာတာခြင်း

တို့ဖြင့် ထာဝရပြည့်ဝနေသော ဘုရားသခင်အနေဖြင့် အပြစ်သားတို့ကို ၎င်းတို့၏အပြစ်များမှကယ်ထုတ်ရန်မဖြစ်နိုင်ပါ။ အပြစ်သား၏ ကျူးလွန်ဖေါက်ဖျက်မှုများကြောင့် သူ့ဘဝဖြစ်တည်မှုနှင့်မထိုက်တန်ဘဲ ဖယ်ထုတ်ပစ်ခြင်းကိုသာလျှင် ကိုယ်တော်ကတတ်နိုင်ပါသည်။ ထင်ရှား ကျော်ကြားသောစာရေးသူတစ်ဦးကဆိုသည်ကား ခဏကြာပြီးမှ မတရားသောသူသည်မရှိရ၊ သူ၏နေရာကိုစေ့စေ့ရှာ၍မတွေ့ရ။' နောက်တစ်ဦးကပြောသည်မှာ 'စားသောက်၍မျိုသဖြင့်မရှိဘူးသော သူကဲ့သို့ဖြစ်ရကြလိမ့်မည်။' ဆာလံ ၃၇း၁၀။ ဩဗဒိ ၁၆။ သူတို့အား သိက္ခာကျခြင်းဖြင့်ဖုံးကွယ်လျက် မျှော်လင့်ခြင်းကင်းမဲ့သော ထာဝရ မေ့လျော့ခြင်းခံရသည့်အဖြစ်၌နစ်မြုပ်ပေတော့သည်။

ဤသို့အားဖြင့် အပြစ်တရားနှင့်အတူပေါ်ပေါက်သော ကျိန်ခြင်း အားလုံးနှင့်ပျက်စီးခြင်းအားလုံးကို အပြစ်၏နိဂုံးအဖြစ်အဆုံးသတ် ပေးလိမ့်မည်။ ဆာလံဆရာဆိုသည်ကား 'ဆိုးသောသူတို့ကို ဖျက်ဆီး၍ သူတို့နာမကို ကာလအစဉ်အဆက်ချေဖျက်တော်မူပြီ။ ရန်သူတို့သည် အကုန်အစင်ပျက်စီးခြင်းသို့ရောက်ကြပါပြီ။' ဆာလံ ၉း၅၊၆။ ယောဟန်ကဗျာဒိတ်ကျမ်း၌ ထာဝရတည်သောအဖြစ်သို့ မျှော်ရည် လျက် ကြားရသည်ကား အားလုံးနှင့်သက်ဆိုင်သောတေးသီဖွဲ့ဆိုခြင်း တစ်ရပ်အားဖြင့် ကျေးဇူးတော်ကိုသံစုံချီးမွမ်းခြင်း၌အသံမှား၊ အသံကြောင်တစ်ချက်တလေမျှမပါ၊ အားလုံတညီတည်းသံပြိုင် သီဆိုနေခြင်းပင်ဖြစ်၏။ ကောင်းကင်ဘုံနှင့်ကမ္ဘာမြေကြီးရှိသတ္တဝါ တိုင်းက ကြားရသည်မှာ ဘုရားသခင်၏ဘုန်းတော်ဘွဲ့ကိုဖေါ်ညွှန်း ထားခြင်းပင်တည်း။ 'ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌ရှိသမျှသော သက်ရှိ၊သက်မဲ့အပေါင်းတို့က

ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာ အဆက်ဆက်ကောင်းချီးဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိ ရှိတော်မူစေသတည်းဟု ပြောဆိုကြသည်ကိုငါကြားလေ၏။ ဗျာ ၅း၁၃။ ထိုအခါ အဆုံးမရှိသောနိုပ်စက်ညှဉ်းပန်းမှု၌ တွန့်လိမ်လူးလိမ့် ခံစားရင်းဖြင့် ဘုရားသခင်အား စော်ကားမော်ကားကျိန်ဆဲနေသော ပျောက်ဆုံးဝိညာဉ်များရှိကြမည်မဟုတ်၊ ငရဲ၌ဆင်းရဲခက်ခဲမှုရောက်နေ သော သတ္တဝါများ၏ဟစ်အော်သည်းညူခြင်းများသည် ကယ်တင်ခြင်း ရသူတို့၏တေးဖွဲ့သီဆိုသံများနှင့် ရောနှောထွက်ပေါ်လာလိမ့်မည် မဟုတ်တော့ပါ။

သေခြင်း၊ ပျောက်ခြင်းမရှိနိုင်သောသဘာဝဟူသည့် မမှန်မကန် မှုပေါ်အခြေခံလျက် လူသည်သေဆုံးချိန်၌ အသိတရားမဆုံးရှုံးကြောင်း အယူအဆသြဝါဒ၌ ထာဝရညှဉ်းပန်းသောငရဲရှိကြောင်း အယူကဲ့သို့ပင် ကျမ်းစာ၏ဖွင့်ဆိုသင်ကြားချက်များ၊ ဆင်ခြင်တုံတရားများနှင့်ကျွန်ုပ် တို့၏လူသားဆန်သော အသိခံစားချက်များနှင့်ဖီလာဆန့်ကျင်လျက် ရှိနေပါ၏။ ကောင်းကင်ဘုံ၌ရောက်ရှိခဲ့ပြီးဖြစ်သော ကယ်တင်ခြင်း ခံသူတို့သည် သူတို့ခွဲခွာခဲ့ရသော မိတ်သင်္ဂဟအပေါင်း၏ဘဝဖြစ်စဉ် များအပါအဝင် ကမ္ဘာပေါ်၌ဖြစ်ပျက်နေမှုတို့ကို အခါမလပ်အသိပေး ခြင်းကိုခံရသည်ဟူသော လူကြိုက်များသည့်အယူအဆရှိနေပါသည်။ သို့သော် ကျန်ရစ်သူတို့ခံစားနေရဟန်ရှိသော လူမှုအခက်အခဲများကို သိရှိနေခြင်းအားဖြင့် သေပြီးသူတို့မည်သည့်နည်းနှင့်မျှ ဝမ်းမြောက် ပျော်ရွှင်ခြင်းကို ရှာဖွေနိုင်ပါမည်နည်း။ ရှင်ကျန်ခဲ့သူများအနက်မှ သူတို့ ချစ်ခင်မြတ်နိုးသူများ ကျူးလွန်သောအပြစ်များကိုမြင်ရခြင်း၊ သူတို့ခံစား နေရသော သောကပူဆွေးမှုများကိုတောင့်ခံရင်း စိတ်အလိုမပြည့်ခြင်း

များနှင့်အလွန်နာကျင်ပြင်းပြသော စိတ်ဝေဒနာများကို သိရှိနေရခြင်းဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းမည်သို့ရနိုင်ပါမည်နည်း။ မြေကမ္ဘာပေါ်၌ ကျန်ရစ်သူများအပေါ်ပျံ့ဝဲနေရင်းဖြင့် သူတို့အပေါ်ကောင်းကင်ဘုံ၏ပီတိ ချမ်းသာသုခနှင့်ပြည့်စုံနိုင်ပါမည်လော။ ထို့အပြင် လူ၏အသက်ထွက် ခြင်းနှင့်အတူ နောင်တတရားကင်းမဲ့သူ၏ဝိညာဉ်သည် ငရဲဘုံ၌ မီးတောက်မီးလျှံများအတွင်း နေရာချထားခြင်းခံရသည်ဟူသော ယုံကြည်မှုအယူဆသည် မည်မျှအော့နှလုံးနာဖွယ်ရာဖြစ်မည်နည်း။ ထာဝရအစဉ်ခံသွားရမည့်ကျိန်ခြင်းနှင့်အပြစ်ဒဏ်ရှိရာသို့ မိမိတို့၏ မိတ်ဆွေများဝင်ရောက်သွားရသည်ကိုမြင်ရခြင်းဖြင့် ထိုသူတို့သည် အဘယ်မျှနက်ရှိုင်းသောစိတ်ဆင်းရဲခြင်းတွင်းထဲသို့ ထိုးဆင်းကြရ မည်နည်း။ လူအများမှာ စိတ်ဆင်းရဲဖွယ်ရာအတွေးအမြင်ကြောင့် ရူးသွပ်လောက်သည့်အခြေအနေတိုင်အောင် ရောက်ရှိခဲ့ကြရပါ သည်မဟုတ်လော။

ကျမ်းစာလာချက်အရ ဤအချက်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ပြောပါသနည်း။ ဒါဝိဒ်ကပြောသည်မှာ သေသောသူ၌အသိတရား ကင်းမဲ့သည်ဟူ၍ဖြစ်ပါသည်။ ‘သူသည် အသက်ထွက်၍မြေသို့ပြန် သွားတတ်၏။ ထိုနေ့ခြင်းတွင် သူ၏အကြံအစည်တို့သည် ပျက်စီး ကြ၏။ ’ ဆာလံ ၁၄၆း၄။ ရှောလမုန်က အလားတူပင်သက်သေခံ ချက်ကိုဆွဲကိုင်ထားပါသည်။ ‘အသက်ရှင်သောသူသည် မိမိသေရ မည်ကိုသိ၏။ သေသောသူမူကား အဘယ်အရာကိုမျှမသိ။ အကျိုး အပြစ်ကိုလည်းမခံရ။ သူ့ကိုလည်းမေ့လျော့တတ်ကြ၏။’ ‘သူ၏ ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏။ နေအောက်မှာ ပြုသမျှသောအမှု၌ သူတစ်ပါးနှင့်ရောနှော၍မဆိုင်ရ။’ ‘အကြောင်းမူကား သင်ယခုသွား၍ရောက်ရလတ္တံ့သော အရပ်တည်းဟူသောမရဏာနိုင်ငံ၌

လုပ်ဆောင်ခြင်းမရှိ၊ ကြံစည်ခြင်းမရှိ၊ သိပ္ပံအတတ်မရှိ၊ ပညာမ ပါတကား။' ဒေသနာ ၉း၅၊၆၊၁၀။

ကိုယ်တော်ဘုရားသခင်၏မဟာကရုဏာအားဖြင့် နောက်ထပ် တစ်ဆယ့်ငါးနှစ်အသက်ရှည်ခွင့်ရရှိခဲ့သူဟေဇကိမင်းသည် ကျေးဇူး တင်သောအနေဖြင့်ပေးအပ်သင့်ပေးအပ်ထိုက်သော ကျေးဇူးတော် ချီးမွမ်းခြင်းကို ဘုရားသခင်နားညောင်းတော်မူခဲ့ကြောင်း ထင်ရှားစေ ခဲ့ပါ၏။ ဤသီချင်း၌ 'သူ' ဤကဲ့သို့ဝမ်းမြောက်ခြင်းရရှိခဲ့သည့် အကြောင်းကိုရှင်းပြပါသည်။ 'အကယ်စင်စစ် မရဏာနိုင်ငံသည် ဂုဏ်တော်ကိုမချီးမွမ်းရပါ။ သေနေသောသူသည် ကျေးဇူးတော်ကို ထောမနာသီချင်းမဆိုရပါ။ တွင်းထဲသို့ဆင်းသောသူသည် သစ္စာတော် ကိုမမျှော်လင့်ရပါ။' 'အသက်ရှင်သောသူ၊ အသက်ရှင်သောသူသာလျှင် ယနေ့ အကျွန်ုပ်ပြုသကဲ့သို့ ကျေးဇူးတော်ကိုချီးမွမ်းရပါလိမ့်မည် ဟေရှာယ ၃၈း၁၈၊၁၉။ အများတကာလက်ခံကျင့်သုံးသောဘာသာ ရေးဆိုင်ရာလေ့လာချက်နှင့် ဘုရားသခင်၏စရိုက်လက္ခဏာတော် လေ့လာချက်အားဖြင့် ကောင်းကင်ဘုံ၌ရှိသောဖြောင့်မတ်ခြင်းတရား ဖြင့် သေဆုံးသူတို့သည် ချမ်းသာပီတိသုခကိုခံစားရပြီးလျှင် ဘုရား သခင်ကို အစဉ်အမြဲလေးမြတ်ချီးကျူးနိုင်ခဲ့သော်လည်း၊ ဟေဇကိမင်း သည် သေခြင်း၌ အထက်ပါကဲ့သို့သောဘုန်းထင်ရှားနိုင်မည့် အလား အလာကိုမမြင်တွေ့နိုင်ခဲ့ပါ။ သူ့စကားရပ်များကို ဆာလံဆရာ ၏သဘောတူညီခြင်းရှိကြောင်း သက်သေခံချက်ပေးထားသည်မှာ 'အကြောင်းမူကား သေလျက်နေစဉ်တွင် ကိုယ်တော်ကိုအောက်မေ့ ခြင်းမရှိပါ။ မရဏာနိုင်ငံတွင် ကျေးဇူးတော်ကို အဘယ်သူချီးမွမ်း ပါမည်နည်း၊' 'သေလွန်သောသူငြိမ်းရာထဲသို့ ဆင်းသောသူရှိသမျှ တို့သည် ထာဝရဘုရားသခင်ကို မချီးမွမ်းရကြ။' ဆာလံကျမ်း ၆း၅၊ ၁၁၅း၁၇။

ထမြောက်ခြင်းဆိုင်ရာကတိစကား

ပင်တေကုတ္တေပွဲနေ့၌ပေတရုပြောကြားခဲ့သည်ကား အမျိုး၏ အဘဖြစ်သောဒါဝိဒ်သည် 'သေ၍သင်္ဂြိုဟ်သောတွင်းသည် ယခုတိုင် အောင်ငါတို့၌ရှိ၏။' "ဒါဝိဒ်သည် ကောင်းကင်သို့မတက်သေး။" တမန်တော် ၂း၂၉၃၄။ ဖြောင့်မတ်ခြင်းတရားရှိသူ သေဆုံးသည်၌ ကောင်းကင်ဘုံသို့မသွားပါကြောင်း သက်သေပြသည်ကား ရှင်ပြန် ထမြောက်ခြင်းမတိုင်မီအထိ ဒါဝိဒ်သည် သင်္ချိုင်းတွင်း၌ရှိနေကြောင်း ပင်တည်း။ ဘုရားသခင်၏လက်ယာဘက်၌ထိုင်နိုင်ရန်မှာ ခရစ်တော် ထမြောက်တော်မူခဲ့ကြောင်း အမှန်တရားအားဖြင့်သာလျှင် ထိုသို့ ဖြစ်ပေါ်နိုင်မည်ဖြစ်ပါ၏။

ထို့အပြင် ပေါလုကပြောသည်ကား 'သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင် ဘုရားသခင်သည် ခရစ်တော်ကိုထမြောက် စေတော်မမူ၊ ခရစ်တော်သည် ထမြောက်တော်မမူလျှင် သင်တို့သည် ယုံကြည်သော်လည်းအကျိုးမရှိ၊ မကောင်းမှုအပြစ်အောက်၌ရှိကြသေး ၏။ ထိုမှတစ်ပါး ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ။' ၁ ကော ၁၅း၁၆–၁၈။ အကယ်၍သာ နှစ်ပေါင်းလေးထောင်အတွင်းသေဆုံးခဲ့သူ၊ ဖြောင့်မတ်ခြင်းတရားရှိ သောသူတို့သည် ကောင်းကင်သို့ တိုက်ရိုက်တက်သွားခဲ့ပါသော် ပေါလုက အဘယ်သို့သောနည်းဖြင့် ထိုထမြောက်ခြင်းဆိုသည်မရှိ ခဲ့ပါလျှင် 'ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံး ခြင်းသို့ရောက်ကြပြီ' ဟုဆိုခဲ့သနည်း။ ထမြောက်ခြင်းရှိရန် လိုအပ် ပေလိမ့်မည်မဟုတ်တော့ပါ။

မာတုရအာဇာနည်ဖြစ်သူတင်းဒေးက သေဆုံးခဲ့သူတို့၏အနေ အထားနှင့်ဆက်စပ်၍ပြောခဲ့သည်မှာ "ကျွန်ုပ်ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလိုသည်မှာ သူတို့သည် ခရစ်တော်ဘုန်းတော်ဝင်စား နေသကဲ့သို့သော်လည်းကောင်း၊ ဘုရားသခင်ရွေးချယ်တော်မူထားသော ကောင်းကင်တမန်အများရှိနေရာ၌သော်လည်းကောင်း ရောက်ရှိနေကြ ပြီဖြစ်မည်ဟု ကျွန်ုပ်ယုံမှတ်မထားခဲ့ပါ။ ကျွန်ုပ်၏ယုံကြည်ခြင်း၌ ထိုအဖြစ်မျိုးကို တစ်စုံတစ်ရာခံယူမထားပါ။ အကြောင်းမှာ ထိုအဖြစ် မျိုးရှိခဲ့ပါက ဇာတိပကတိရှိသူတို့ ထမြောက်ခြင်းရှိသည်ဆိုသော သင်ပြဟောကြားခြင်းသည် အကျိုးမဲ့သောအရာတစ်ခုဖြစ်စေပါ လိမ့်မည်။' ဝီလျှံတင်းဒေဓမ္မသစ်ကျမ်း အမှာနိဒါန်းစာ (ပုံနှိပ် ၁၅၃၄ ခု) "ဗြိတိသျှပြန်လည်ပြုပြင်ရေးဝါဒီများ" တင်ဒါလ်၊ ဖွရစ်သ်၊ ဗာနက္ခ ပြန်လည်ပုံနှိပ်ခြင်း စာအုပ်စာမျက်နှာ ၃၄၉။

ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ သင်ပြဟောကြားချက်များ ကျမ်းစာတော်၌ပါရှိထားပြီးဖြစ်သော်လည်း ဤအသက်ဝိညာဉ်မသေ မပျောက်နိုင်ခြင်းဆိုင်ရာ မျှော်လင့်ခြင်းအားဖြင့် သေခြင်း၌ကောင်းချီး ပေးခံရသည်ဟူသောအချက်များ ပြန့်ပွားခဲ့ပါကြောင်းကို မည်သူမှ မငြင်းပယ်နိုင်သောအချက်ဖြစ်ရစေပါသည်။ ပါရဂူတစ်ပါးဖြစ်သူ အေဒမ်ကလာ့စ်ကပြောဆိုသည်မှာ 'ယခုကာလတွင် ယုံကြည်လက်ခံ ခြင်းထက် ရှေးဘိုးဘေးခရစ်ယာန်များအတွင်း ဤသေခြင်းမှထမြောက် ခြင်းဆိုင်ရာအချက်ကို ပိုမိုလက်ခံသောရလဒ်များရှိခဲ့ခြင်းကို တွေ့ရပါသည်။ ဤသို့ဖြစ်ရသည်မှာ ဘယ်သို့သောအကြောင်းရှိပါ သနည်း။ ဘာသာရေးဆရာများက ထိုအချက်ကိုအစဉ်မပြတ်လက်ကိုင် ထားလျက် ဘုရားသခင်၏နောက်လိုက်တို့အား အလုပ်ကြိုးစားမှု၊

လိုက်နာ နားထောင်ခြင်းနှင့်ရွှင်ရွှင်ပျပျနေတတ်မှုရှိစေရန် လှုံ့ဆော်နေခဲ့ကြပါသည်။ သူတို့ဆရာများနေရာကို ဆက်ခံသူများကမူ ထိုသို့ လှုံ့ဆော်မှုယနေ့အခါကာလ၌ လျော့နည်းရှားပါးသွားပါ၏။ ယခင်ဆရာများက ဟောပြောသင်ကြားခဲ့ခြင်းကို ထိုအချိန်ကာလရှိ ခရစ်ယာန်တို့ယုံကြည်ခဲ့ကြသကဲ့သို့ ယခုကျွန်ုပ်တို့ဟောပြောချက်အပေါ်နားထောင်ကြားနာသူများက ယုံကြည်မှုရှိကြပါသည်။ ခရစ်ဝင်ကျမ်းချက်များ၏သွန်သင်ချက်များအားလုံး၌လည်း ဤအချက်ကို အလေးပေးဖော်ပြထားသကဲ့သို့မဟုတ်မူဘဲ ယနေ့ခေတ်ဟောပြောသွန်သင်ချက်များ၌ ဤအချက်အား အပစ်ပယ်ထားဆုံးသောအဖြစ်သို့ ရောက်နေစေပါသည်။' ထင်မြင်ချက် ၁ကော အခန်းကြီး ၁၅ ကျမ်းစာပိုဒ် ၃ အပေါ်မှတ်ချက်များမှ။

ဤကဲ့သို့ဖြစ်နေခဲ့ခြင်းမှာ ထမြောက်ခြင်းဆိုင်ရာမှန်ကန်မွန်မြတ်လှသော အချက်ကြီးလုံးဝမေးမှိန်သွားနိုင်လောက်သည့်အနေအထားဖြစ်ပေရာ ခရစ်ယာန်လောကအနေဖြင့် မျက်ခြည်ပြတ်သွားနိုင်ပါသည်။ ပေါလုပြုစုခဲ့သော ၁ သက် ၄း၁၃–၁၈ ပါ စာသားများနှင့်စပ်လျဉ်း၍ ဘာသာရေးစာပေအရာ၌ ရှေ့ဆောင်ဆရာတစ်ဦးက ဝေဖန်ချက်ရေးသားဖော်ပြခဲ့ပုံမှာ 'သခင်တကာတို့၏သခင်ဒုတိယအကြိမ်ကြွဆင်းလာခြင်း၌ ယုံမှားသံသယတစ်စုံတစ်ခုရှိခဲ့သော် ဖြောင့်မတ်သူတို့၏ ဝိညာဉ်သည် မသေမပျောက်နိုင်သည့်အဖြစ်၌ ပြည့်စုံစေကြောင်း သွန်သင်ချက်သည် ကျွန်ုပ်တို့အဖို့အစားထိုးဝင်ရောက်နေရာယူကာ စိတ်ချမ်းသာရာချမ်းသာကြောင်း နှစ်သိမ့်မှုကိုရရှိစေပါသည်။ ကျွန်ုပ်တို့ သေဆုံးသည်တွင် ဘုရားသခင်က ကျွန်ုပ်တို့အတွက်ကြွလာတော်မူပါသည်။ ထိုအချင်းအရာကို ကျွန်ုပ်တို့ကစောင့်ဆိုင်းကာ ကြည့်ရှုရန်

ဖြစ်ပါ၏။ သေသောသူတို့မှာ မွန်မြတ်ရာသို့ဘဝပြောင်းသွားခဲ့ပြီ ဖြစ်ပါသည်။ သူတို့သည် တံပိုးခရာမှုတ်ခြင်း၏နောက် တရားစီရင်ခြင်းနှင့်ဘုရားသခင်၌ နီးစေခြင်းဘဝသို့ရောက်ရန်မစောင့်ကြတော့ပေ။

ကိုယ်တော်၏တပည့်တော်များနှင့် ခွဲခွာသွားရန်အချိန်သို့ရောက်သော် သခင်ယေရှုက သူ့ထံသို့ သူတို့သည်မကြာမီလာရကြမည်ဟု မပြောခဲ့ချေ။ 'သင်တို့နေစရာကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏' ဟု ပြောခဲ့၏။ 'ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။' ယောဟန် ၁၄း၂၊၃။ ထို့အပြင် ပေါလုက ကျွန်ုပ်တို့အား ဆက်ပြောထားသည်မှာ 'သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။' သူကဖြည့်စွက်ပြောသည်ကား "သို့ဖြစ်၍ တစ်ယောက်ကိုတစ်ယောက်သက်သာစေကြလော့။" ၁သက် ၄း၁၆–၁၈။ ဤနှစ်သိမ့်မှုကိုပေးသောစကားလုံးများနှင့် ရှေ့ပိုင်းတွင်ဖေါ်ပြခဲ့သည့် အာကာသကမ္ဘာမြေကြီးဆိုင်ရာ ကယ်တင်ခြင်း၌ယုံကြည်သူပြောကြားချက်မှာ ကွာဟချက်မည်မျှကြီးနေခြင်းကို တွေ့နိုင်ပါသည်။ ထိုပုဂ္ဂိုလ်က လူငယ်သေဆုံးသွားသဖြင့် စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့သူမိတ်ဆွေအပေါင်းကို နှစ်သိမ့်မှုရစေပုံမှာ သေသော

သူတစ်ဦး၌မျှပင် အပြစ်များဖြင့်လွှမ်းခြုံနေပါစေ ထိုလူငယ်အသက်ထွက်သည်နှင့် ဤတစ်ခဏခြင်းမှာပင် ကောင်းကင်တမန်များအကြားတွင် ရောက်ရှိလက်ခံထားပြီဖြစ်ကြောင်းနှစ်သိမ့်ပါသည်။ ပေါလုက ညီအစ်ကိုတို့ထံမှာကြားသည်ကား အနာဂတ်ကာလ၌ ကိုယ်တော်ကြွလာသည့်အခါ ဂူသင်္ချိုင်းများကွဲပျက်စေပြီးနောက်၊ ‘ခရစ်တော်၌အိပ်ပျော်ခဲ့သူ’ အပေါင်းအား ထာဝရအသက်ရရှိကြစေရန်နှင့်မြှင့်တင်ပေးသွားမည်အကြောင်းကို နှစ်သိမ့်မှုပေးခြင်းပင်တည်း။

## တရားစီရင်ခြင်းနှင့်မျှော်လင့်ခြင်း

ကောင်းသောကံကြမ္မာကို ခံစားရရှိသူတို့၏နေစရာကျယ်ဝန်းခန့်ညားသောအိမ်ရာများထဲသို့ ဝင်ခွင့်မရရှိမီ မည်သူမဆို သူတို့၏အမှုတွဲများကို စုံစမ်းစစ်ဆေးစီရင်ကာ သူတို့၏အကျင့်စရိုက်များနှင့် သူတို့၏ လုပ်ဆောင်ချက်တို့အားပြန်လှန်၍ ဘုရားသခင်ရှေ့တော်မှောက်၌စစ်ဆေးရာတွင် အောင်မြင်ရပေလိမ့်မည်။ မှတ်တမ်းများတွင်ဖော်ပြထားသည့်အရာများအရ သူတို့အားလုံးကိုစီရင်ပြီးလျှင်သူတို့၏လုပ်ရပ်များအပေါ် ဆုပေးဒဏ်ပေးခြင်းခံရပါမည်။ ဤသို့တရားစီရင်ခြင်းအဖြစ်သည် သေဆုံးချိန်၌ပေါ်ပေါက်ခြင်းမရှိပါ။ ပေါလု၏စကားရပ်များကို မှတ်ထားရမည်မှာ ‘လောကသားတို့ကိုဖြောင့်မတ်ခြင်းတရားနှင့်လျော်ညီစွာ စစ်ကြောစီရင်မည့်နေ့ရက်ကိုချိန်းချက်တော်မူပြီ။ ထိုသူကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့် ခပ်သိမ်းသောလူတို့အား ယုံလောက်သောသက်သေကိုပြတော်မူပြီ။’ တမန်တော် ၁၇း၃၁။ ဤနေရာ၌ တမန်တော်ကြီးက

ရိုးရိုးရှင်းရှင်းပင်လျှင်ချိန်းဆိုသောအချိန်၊ ထိုနောက်အနာဂတ်စသည် တို့အား ကမ္ဘာလွှမ်းခြုံလျက် တရားစီရင်ခြင်းအလို့ငှာ မူဝါဒသတ်မှတ် ထားပြီးဖြစ်ကြောင်း ပြောဆိုထားပါသည်။

ယုဒက အလားတူပင် ထိုကာလကိုညွှန်းဆိုခဲ့ပါ၏။ 'ထိုမှတစ်ပါး မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကိုစွန့်ပစ်သော ကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလိုငှာ ထာဝရချုည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာချုပ်ထားတော်မူ၏။' သည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူခြင်းငှာ အတိုင်းမသိ များပြားစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်ဟု' ဟောပြောလေ၏။ ယုဒ ၆း၁၄၊၁၅။ ယောဟန်က မြင်ရသည် အတိုင်းဟောကြားသည်ကား 'သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြပြီး စာစောင်များကိုဖွင့်ထားကြောင်း ---သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ ဗျာ ၂၀း၁၂။

သို့ရာတွင် သေသောသူတို့သည် ကောင်းကင်ဘုံ၌ပီတိသုခ ချမ်းသာခြင်းကိုရရှိနေသည်သော်လည်းကောင်း၊ ငရဲဘုံရှိမီးလျှံများ အတွင်းတွန့်လိမ်ခံစားခြင်းရှိနေသည်သော်လည်းကောင်း ဖြစ်နေခဲ့သည် မှန်ပါက အနာဂတ်စီရင်ခြင်းသည် ဘာလိုအပ်မှုရှိတော့မည်နည်း။ ဤအရေးကြီးသောအချက်များနှင့်ဆက်စပ်၍ ဘုရားသခင်နှုတ်ထွက် စကားက သွန်သင်ပြသထားသည့်အချက်များသည် မသဲကွဲမထင်ရှားခြင်း ဖြစ်စေ၊ ဆန့်ကျင်ခြင်းဖြစ်စေ လုံးဝမရှိပါ။ ထိုအချက်များကို သာမန်

စဉ်းစားတတ်သူများပင် နားလည်မှုရှိလောက်ပါပေသည်။ ဤသီအိုရီ၏အခက်အခဲ၌ ဉာဏ်ပညာ (သို့မဟုတ်) တရားမျှတခြင်းကို စိတ်ဖြူစင်သူတို့က တစ်စုံတစ်ခုတွေ့မြင်ရမည်လော။ တရားစီရင်ခြင်းအမှုတွဲများ၌ ဖြောင့်မတ်ခြင်းတရားရှိခဲ့သူတို့အား စစ်ကြောပြီးသည်နောက် 'ကျေနပ်ဖွယ်ရှိပေစွ---အသင်သစ္စာရှိလျက် ကောင်းမှုဖြင့်ပြည့်စုံသောငယ်သားကောင်း၊ သင်၏ဘုရားသခင်ထံပေးဆက်မည့်ကြီးစွာသော ပီတိနှင့်အတူသင်ဝင်လေလော့' ဟူသောလက်သင့်ခံခွင့်ပြုခြင်းကို နှစ်ပေါင်းသက်တမ်းများစွာသော်လည်းကောင်း၊ ခေတ္တခဏတာမျှသော်လည်းကောင်း ကိုယ်တော်၏ရှေ့မှောက်တော်မှာနေခဲ့ပြီးကာမှခံစားရမည်လော။ ဆိုးယုတ်သူတို့ကိုမူ ညှဉ်းပန်းနှိပ်စက်ထားရာမှဆင့်ခေါ်လျက် သခင့်ရှေ့တော်မှောက်ရောက်သည့်အခါ 'ငါကိုယ်တော်ထံမှ ရှောင်ရှားကြလော့၊အပြစ်သားရှိရာထာဝရလောင်ကျွမ်းသောမီးလျှံတွင်းသို့ကျဆင်းလော့' ဟူသောပြစ်ဒဏ်စီရင်ချက်ကို နာခံစေမည်လော။ အလိုလေး၊ နက်နဲတည်ကြည်သောပျက်ရယ်ပြုခြင်းပါတကား။ ဘုရားသခင်၏ဉာဏ်ပညာကြီးရင့်ခြင်းနှင့်တရားမျှတခြင်းကို ရှက်ဖွယ်ရာသောယုံမှားသံသယရှိနေစေသည့် မေးခွန်းပင်တည်း။

ရောမနိုင်ငံတန်ခိုးကြီးခဲ့စဉ်က ကိုးကွယ်ဆည်းကပ်သောဘုရားမဲ့ဝါဒသည်ရှိခဲ့ဖူးလေရာ လူ၌မသေမပျောက်နိုင်သောဝိညာဉ်ရှိခြင်းအယူအဆသည် မမှန်မကန်သောမူဝါဒအများအပြားအနက်မှ ဩဝါဒတစ်ရပ်ကို ရောမ၏အမိန့်အာဏာဖြင့် ခရစ်ယာန်လောက၏ဘာသာရေးထဲသို့ ချေးငှားရယူသွတ်သွင်းခဲ့လေသည်။ မာတင်လူသာက ၎င်းကိစ္စကို 'ရောမအညစ်အကြေးတောင်ပုံရာပုံထဲမှ တစ်စိတ်

တစ်ပိုင်းဖြည့်ထားသော ကြောက်မက်ဖွယ်ရာလုပ်ကြံဖန်တီးချက်များ' ၌ တစ်တန်းတစ်စားတည်းသတ်မှတ်ထားခဲ့ပါသည်။ အီး၊ ပေတဗဲလ် –ထာဝစဉ်ရှင်သန်မှုအခက်အခဲ စာမျက်နှာ ၂၅၅။ သေဆုံးခဲ့ပြီးသော သူ၌ အသိစိတ်တစ်စုံတစ်ရာမရှိတော့ကြောင်း ရှောလမုန်ရှင်ဘုရင်၏ ဒေသနာကျမ်းတွင် သုံးထားသောစကားရပ်များအား ဝေဖန်ရာ၌ ပြုပြင်ရေးဝါဒီကပြောသည်မှာ 'သေသူတို့၌မရှိနိုင်သောခံစားမှုကို သက်သေပြရာ၌အခြားတစ်နေရာ–––ထိုနေရာမှာ သူကပြောထားသည်မှာ လုပ်ဆောင်ခြင်းမရှိ၊ သိပ္ပံအတတ်မရှိ၊ ကြံစည်ခြင်းမရှိ၊ ပညာမရှိဟုဆို၏။ ရှောလမုန်က သေသူတို့သည် အိပ်ပျော်လျက်ဖြင့် ဘာခံစားချက်မှမရှိဟု ဆုံးဖြတ်ခဲ့သည်။ အကြောင်းမှာ သေပြီးသူများ၌ ရက်ပေါင်း၊ နှစ်ပေါင်းကိုရေတွက်ခြင်းမပြုသော်လည်း နိုးလာခဲ့ချိန်၌ သူတို့သည်တစ်မိနစ်မျှလောက်သာ အိပ်ပျော်ခဲ့ရဟန်ဖြင့်လဲလျောင်း ရာမှထမြောက်ကြပေလိမ့်မည်။' မာတင်လူသာ၊ ဒေသနာကျမ်းဟုခေါ် တွင်သော ရှောလမုန်၏သံဝေဂကထာအား ရှင်းလင်းချက်၊ စာမျက်နှာ ၁၅၂။

သေခြင်း၌ဖြောင့်မတ်ခြင်းတရားရှိသူများသည် သူတို့၏ ဆုလာဘ်ရှိရာသို့သွားလျက်၊ ဆိုးညစ်ခြင်းတရားရှိသူများသည် သူတို့၏ အပြစ်ဒဏ်ရှိရာသို့သွားကြကြောင်းဖော်ပြချက်က သန့်စင်မွန်မြတ်သည့် ကျမ်းစာ၏အဘယ်ကျမ်းစာပိုဒ်တွင်မှ ရှာ၍မတွေ့ရပါ။ ရှေးဘိုးဘေး များ၊ အမျိုး၏အဘများနှင့်ပုရောဖက်များအနေနှင့် ထိုသို့သောအယူ အဆမျိုးမချန်ထားခဲ့ပေ။ ခရစ်တော်နှင့်သူ့တပည့်တော်များကလည်း ဤကိစ္စတွင် ဘာမှအရိပ်အမြွက်မပေးခဲ့ကြပါ။ ကျမ်းစာတော်က ရှင်းလင်းစွာ ဖွင့်ဆိုထားချက်ရှိသည်ကား သေသောသူများသည်

ကောင်းကင်ဘုံသို့ရုတ်ခြည်းသွားသည်မဟုတ်ပါ။ ရှင်ပြန်ထမြောက်ခြင်းမရောက်မီအထိသူတို့သည် အိပ်ပျော်လျက်နေကြောင်းကိုသာ တင်ပြပါ၏။ ၁ သက် ၄း၁၄၊ ယောဘ ၁၄း၁၀–၁၂။ ငွေကြိုးပြတ်ခြင်း၊ ရွှေဖလားကွဲခြင်း၊ စမ်းရေတွင်း၌ ရေပုံးပေါက်ခြင်း၊ ရေကျင်းနားမှာစက်ကျိုးခြင်း အခြင်းအရာတို့သည်ဖြစ်ကြလိမ့်မည်။ ဒေသနာ ၁၂း၆။ ထိုအခါလူသား၏အတွေးအခေါ်သည် ပျက်စီးဆုံးရှုံးခြင်းခံရပါမည်။ တွင်းထဲသို့သူတို့သည် တိတ်ဆိတ်မှုဖြင့်ဆင်းရလိမ့်မည်။ နေရောင်အောက်တွင်ပြုသမျှသောအရာနှင့်စပ်လျဉ်း၍ ဘာမှသိရမည်မဟုတ်ပါ။ ယောဘ ၁၄း၂၁။ ချမ်းသာသုခဖြင့်ပီတိဖြာနေရသူတို့ကပင်ပန်းနွမ်းလျခြင်းရှိသော ဖြောင့်မတ်သူများကို စောင့်နေပါသည်။ အချိန်သည်ကြာသည်ဖြစ်စေ၊ တိုသည်ဖြစ်စေ သူတို့အဖို့မှု တစ်ခဏမျှသာအိပ်နေကြပါသည်။ ကြီးကျယ်မြင့်မြတ်သော ထာဝရအသက်ရှင်ခြင်းသို့ ဘုရားသခင်၏တံပိုးခရာမှုတ်ခြင်းအားဖြင့် နိုးထလာကြပါလိမ့်မည်။ 'သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ–––သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက်ထမြောက်၍ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ ထိုအခါ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာလာချက်ပြည့်စုံလိမ့်မည်။' ၁ကော ၁၅း၅၂–၅၄။ သူတို့၏အိပ်မောကျနေမှုမှခေါ်ယူနိုးထခြင်းကို ခံရသောအခါ သူတို့၏နောက်ဆုံးရှိခဲ့သောနေရာကို စတင်တွေးဆကြပါလိမ့်မည်။ နောက်ဆုံးဖြစ်သောအသိစိတ်တွင်သေစေရန် စူးရှသောထိုးနှက်ချက်ကိုခံစားရပြီး နောက်ဆုံးသောအတွေးမှာ သင်္ချိုင်းတွင်း၏ပိတ်လှောင်

ခြင်းအောက်သို့ရောက်ခဲ့ကြောင်းပင်တည်း။ ဂူသချိုင်းမှသူတို့ပြန်ထလာရသောအခါ သူတို့၌ဦးစွာဝမ်းမြောက်ခြင်းခံစားရချက်ဖြင့် ဟစ်ကြွေးလိုက်သည့် အောင်မြင်မှုကို ပွဲတင်သံပြန်ကြားရသည်ကား “အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။” ၁ကော ၁၅း၅၅။

---ooo---

အခန်း (၄)

## လူသေနှင့်စကားပြောနိုင်ပါသလော

"သင်တို့တွင်---လူသေကို မေးမြန်းသောသူတစ်စုံတစ်ယောက်မျှ မရှိရ။" တရားဟောရာကျမ်း ၁၈း၁၀၊၁၁။

"ဝိညာဉ်တော်သည် အတိအလင်းဖော်ပြထားတော်မူသည်ကား နောင်ကာလ၌ မသိစိတ်တွင် သံပူနှင့်ခတ်ခြင်းကိုခံပြီးလျှင် မုသားစကားကို ပြောတတ်သောသူတို့၏လျှို့ဝှက်ခြင်းအားဖြင့် လူတချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်။" ၁တိ ၄း၁။

ခရစ်တော်၏နောက်လိုက်တစ်ဦးစီအတွက် နှစ်သိမ့်မှုအဖြစ်ဆုံးနှင့်တန်ဖိုးအရှိဆုံးသော အမှန်တရားတစ်ခုမှာ ကျမ်းစာတွင်ဖော်ပြထားသည့်ဘုရားသခင်၏တမန်တော်များက အမှုတော်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ကျမ်းစာပါဤအချက်မှာ အများအကြား ရေပန်းစားနေသည့်ဘာသာတရားလေ့လာခြင်း၌ မှားမှားယွင်းယွင်းရှိခြင်းများကြောင့် လမ်းလွဲခြင်းနှင့်အတူ မထင်မရှားသောအဖြစ်သို့ရောက်ခဲ့ရလေသည်။ ဝိညာဉ်၏သဘာဝအရ မသေမပျောက်နိုင်မှုရှိသောဩဝါဒသည် ဒဿနိကဗေဒတစ်ခုမှကိုးကွယ်ရာဘုရားမရှိ၊ ဘုရားမဲ့ဝါဒကို ချေးငှားရယူခဲ့လျက် အမှောင်မိုက်ကာလကြီးအတွင်း မိမိတို့ကိုးကွယ်ရာဘာသာတရားကို လူအစုလိုက်၊ အပြုံလိုက်

ပစ်ပယ်ခဲ့စဉ် သွတ်သွင်းခြင်းခံခဲ့ရပေသည်။ ထို့ကြောင့်ကျမ်းစာတွင် အလွန်ရိုးစင်းစွာဖွင့်ဆိုထားခြင်းရှိသော 'သေသူတို့သည်မည်သည့် အသိတရားမျှမရှိ' ဟူသည့် အမှန်တရား၏နေရာ၌ အစားထိုးဝင် ရောက်ခြင်းခံခဲ့ရ၏။ လူအများစုကြီးက ယုံကြည်လက်ခံခဲ့ကြသည်မှာ 'ကယ်တင်ခြင်းခံလောင်းလျာများအဖြစ် သတ်မှတ်ခြင်းခံရသူအပေါင်း အတွက်အမှုဆောင်ပေးရန် စေလွှတ်ခြင်းခံရသောအစေခံနံဝိညာဉ်များ' သည် သေသူတို့၏ဝိညာဉ်များဖြစ်သည်ဟူသောအချက်ပင်ဖြစ်ပါသည်။ ဤအချက်မှာ လူသားတစ်ဦး၏သေဆုံးခြင်းမတိုင်မီ လူ့သမိုင်းဖြစ် ရပ်နှင့်ဆက်စပ်လျက် ကောင်းကင်တမန်များတည်ရှိခဲ့ကြပြီးဖြစ်ကြောင်း ကျမ်းစာလာချက်နှင့်ဆန့်ကျင်နေမှုမရှိပါ။

သေဆုံးချိန်လူသား၌ အသိတရားရှိကြောင်းအယူအဆ၊ အထူး သဖြင့် သေသူတို့၏ဝိညာဉ်များသည် ကျန်ရစ်သူတို့အား အမှုဆောင် ပေးရန် ပြန်လာသည်ဟူသောယုံကြည်မှုအရ၊ ခေတ်ပေါ်စိတ်ဝိညာဉ် ဆက်သွယ်လက်ခံမှုဆိုင်ရာဝါဒအတွက် လမ်းခင်းပြုပြင်ထားမှုကို ရစေပါသည်။ သေသူတို့အား ဘုရားသခင်ရှေ့တော်မှောက်တွင် သန့်ရှင်းသောတမန်အများနှင့်အတူလက်ခံခဲ့ပြီး ယခင်လူဇာတိအရ သူတို့၌မရှိခဲ့သောပညာဉာဏ်ကို ခွင့်ပြုပေးအပ်ခံရပါသော် အဘယ် ကြောင့်သူတို့သည် ကမ္ဘာမြေကြီးသို့ပြန်လာလျက်၊ ရှင်ကျန်ရစ် သူအပေါင်းတို့ ဉာဏ်ပွင့်စေရန် သင်ကြားညွှန်ပြခြင်းကို မပြုထိုက် သလော။ အကယ်၍သာ ရေပန်းစားနေသူဘာသာတရားလေ့လာ ရေးပုဂ္ဂိုလ်များက သင်ပြနေသကဲ့သို့ သေသူတို့၏ဝိညာဉ်အများမှာ မြေကြီးသားမိတ်ဆွေများဝန်းကျင်အပေါ် ဝဲပျံနေပါလျှင် ထိုသူတို့အား ကျရောက်မည့်မကောင်းမှုများကို ကြိုတင်လျက်သတိပေးခြင်း(သို့မဟုတ်)

ဝမ်းနည်းပူဆွေးနေသူကို နှစ်သိမ့်ခြင်းစသည်ဖြင့်သူတို့အား ဆက်သွယ် လုပ်ဆောင်ရန် ခွင့်ပြုပေးထားခြင်းမရှိအပ်ပါသလော။ ဂုဏ်ပြုကိုးကွယ် ထိုက်သောဝိညာဉ်များက ဆက်သွယ်ပေးပို့လာသော အလွန်ကောင်း သည့်အလင်းဥာဏ်သဖွယ်ဖြစ်သော တစ်စုံတစ်ရာကို သေဆုံးချိန် ကျသူ၏သိမှတ်တရားကို လက်ခံယုံကြည်သူများက အဘယ်နည်း အားဖြင့် ငြင်းပယ်နိုင်ကြပါသနည်း။ ဤနေရာ၌ အထွတ်အမြတ် ထားရှိရာ အဆက်အသွယ်ဖြစ်သော စာတန်ကသူ၏လိုလားချက်များ ပြီးမြောက်စေသည့်လမ်းကိုတွေ့ရပါ၏။ သူစေခိုင်းချက်အတိုင်း လိုက်နာသူအနှင့်ခံတမန် (နတ်ဆိုး) အများသည် ဝိညာဉ်ကမ္ဘာ၏ ဆက်သားများအဖြစ်ပေါ်လာခဲ့ကြလေသည်။ ထိုအသွင်ဆောင်မှုဖြင့် သေသူများထံ ရှင်ကျန်ရစ်သူများက ဆက်သွယ်မှုရရှိစေရန် ဟန်ဆောင်ရင်း ဆိုးညစ်ခြင်း၏မင်းသားသည် သူတို့၏ စိတ်နေစိတ်ထားများအပေါ် လှည့်စားချက်များအားဖြင့် ဩဇာလွှမ်း ပါတော့သည်။

လူအပေါင်းတို့ရှေ့တွင် ခွဲခွာသွားသူမိတ်ဆွေအပေါင်း၏ အသွင်အပြင်ကို မြင်သာစေရန် သူ၏စွမ်းပကားဖြင့်ပြသပါသည်။ အတုအယောင်သည် အပြစ်အနာအဆာမရှိ၊ ရင်းနှီးကျွမ်းဝင်ပြီးသော အသွင်၊ စကားရပ်များ၊ လေယူလေသိမ်းစသည်များကို အံ့ဩဖွယ် ရာပြန်လည်ဖန်တီးခဲ့ပါ၏။ လူအများအပြားမှာ သူတို့၏မြတ်နိုးသူ များသည် ကောင်းကင်ဘုံ၏ပီတိသုခကို ခံစားဝမ်းမြောက်နေခြင်းကို စိတ်ချလက်ချရှိစွာဖြင့် နှစ်သိမ့်မှုခံခဲ့ကြရပါသည်။ ဘေးရန်ကျရောက် မည့်အဖြစ်ကို သင်္ကာမကင်းခြင်းမရှိတော့ဘဲ သူတို့အနေဖြင့် ‘ထိုညို့ ယူဖမ်းစားသောဝိညာဉ်များနှင့် နတ်ဆိုးများ၏ဩဝါဒများ’ အတိုင်း ဘယ်နည်းနှင့်မဆို နားထောင်ကြပါလေ၏။

သူတို့နှင့်ဆက်သွယ်ရေးနှင့် သေသူများအမှန်တကယ်ပင်ပြန်လာကြောင်း ယုံကြည်ရန်လမ်းပြပေးခဲ့ပြီးသောအခါ ရုတ်တရက်ကွယ်လွန်ခဲ့သူတို့၏အသွင်သဏ္ဌာန်ပေါ်စေရန် စာတန်ကလုပ်ဆောင်ပါသည်။ သူတို့က ကောင်းကင်ဘုံ၌ပျော်ရွှင်ခြင်းရှိနေသယောင် ပြောယုံမျှမက၊ ထိုနေရာတွင် အဆင့်မြင့်နေရာဌာနများကိုရရှိထားကြောင်း ပြောခြင်းဖြင့် အမှားကိုကျယ်ပြန့်စွာသင်ကြားရာ၌ ဖြောင့်မတ်သောတရားရှိသူတို့နှင့်ဆိုးညစ်သူတို့အကြား အဘယ်ကါ်ခြားချက်မျှမရှိဟု လှည့်စားလိမ်ညာပါသည်။ သဘာဝထက်လွန်ကဲလျက် သာမန်မဟုတ်သောဧည့်သည့်အယောင်အဆောင်များသည် စိတ်ဝိညာဉ်ကမ္ဘာလောကအမြင်အရ ရံဖန်ရံခါ ဂရုစိုက်ရန်များ၊ သတိပြုရန်များနှင့်စပ်လျဉ်း၍ အသံပြုပြောဆိုခြင်းများကို မှန်ကန်ကြောင်းပြသနိုင်ခြင်းရှိ၏။ ထိုနောက် ယုံကြည်အားထားခြင်းကို တိုး၍ရခဲ့သောအခါ သူတို့သည် ကျမ်းစာပေါ်ပြချက်များ၌ တဖြည်းဖြည်းခြင်းအားနည်းသောယုံကြည်မှုဖြစ်ပေါ်လာစေမည့် ဩဝါဒအယူအဆများကို တိုက်ရိုက်သွတ်သွင်းလိုက်ပေသည်။ ကမ္ဘာပေါ်ရှိမိတ်ဆွေါအများ၏ကောင်းကျိုး၌ အသေးစိတ်လိုလားသည့်အသွင်အပြင်ကိုယူလျက် သူတို့သည် အလွန်ဘေးရန်သက်ရောက်စေသော အမှားအယွင်းလုပ်ရပ်တို့ကို သိမ်မွေ့မှုရှိသည့်စဉ်းလဲသောနည်းဖြင့် လမ်းကြောင်းရှာ၍တိုးဝင်လေတော့သည်။ သူတို့အနေနှင့် သမ္မာကျမ်းစာပါတချို့သောအချက်အလက်များကို ပြောနိုင်ခြင်းနှင့် နောင်လာမည့်အချိန်၌ ဖြစ်ပေါ်လာမည့် ဖြစ်စဉ်ဖြစ်ရပ်များအား ကြိုတင်လျက် ရံဖန်ရံခါဟောကြားနိုင်စွမ်းရှိနေ၍ ထိုအချက်ပေါ်မူတည်ပြီးလျှင် သူတို့ကိုလူအများစုကြီးက အလွယ်ပင်လက်ခံသကဲ့သို့ အမေးအမြန်းမရှိယုံကြည်လျက် သမ္မာကျမ်းစာ၏

ကျမ်းစာ၏အထွတ်အမြတ်များသဖွယ် စွဲမှတ်လက်ခံလိုက်ကြပါသည်။ ဘုရားသခင်၏ဥပဒေကို ဖယ်ထုတ်လျက် ဝိညာဉ်တော်၏သနားခြင်း ဆုကျေးဇူးကို အထင်အမြင်သေးပြီးလျှင် ပဋိညာဉ်၏အသွေးကို မသန့်ရှင်းသောအရာဟူ၍ သတ်မှတ်လိုက်ကြပါ၏။ ထိုစိတ်ဝိညာဉ်တို့သည် ခရစ်တော်၏ဘုရားသခင်ကြန်အင်လက္ခဏာနှင့်ပြည့်စုံတော်မူခြင်းကို ငြင်းပယ်ကာ ဖန်ဆင်းပိုင်သူဘုရားသခင်ကိုပင်လျှင် သူတို့နှင့်အဆင့်အတန်းတူဟု သဘောထားရှိကြလေသည်။ ဤသို့ဖြင့် မဟာပုန်ကန်သူကြီးသည် မျက်နှာဖုံးအသစ်တစ်ခုအောက်၌နေပြီးလျှင် ဘုရားသခင်က လွန်ခဲ့သောနှစ်ပေါင်းခြောက်ထောင်နီးပါးက စတင်ဖြစ်ပေါ်ခဲ့သည့်တိုက်လှန်ပွဲ၌ စာတန်အားနှင့်ထုတ်ခဲ့ခြင်းကို ယခုတိုင်ကမ္ဘာပေါ်၌ဆက်လက်၍ စာတန်က ဆန့်ကျင်ဆင်နွှဲနေဆဲဖြစ်ပါ၏။

## လှည့်စားခြင်းရှိနေသော်လည်းစစ်မှန်မှုရှိ

လူအများအပြားက ဝိညာဉ်များ၏ အသွင်သဏ္ဍာန်ပေါ်လာခြင်းကိုဖြစ်စေသည့်အကြောင်းအချက်တွင် သူတို့ထံမှလုံးလုံးလျားလျားဖြစ်လာသည်ဟု စဉ်းစားသုံးသပ်နိုင်မည့်အချက်၌ အလိမ်အညာနှင့်လက်လှုပ်ရှားမှုမြန်သော ပဥ္စလက်ပညာအရ လှည့်စားချက်အားကြားခံလူပါဝင်သရုပ်ဆောင်ခြင်းပီပြင်ရန်ဖြစ်သည်ဟု ရှင်းပြရန်ကြိုးပမ်းကြပါသည်။ သို့ရာတွင် ဤသို့လှည့်စားမှုဖြင့်ရရှိခဲ့သောရလဒ်များအား အစစ်အမှန်သဖွယ် လက်သင့်ခံနိုင်လောက်သည့်အသွင်ဖြစ်စေသော်လည်း သဘာဝလွန်စွမ်းအားကို ထုတ်ဖော်ပြသနိုင်ခြင်းမျိုးသည်လည်းရှိနေတတ်ပါ၏။ တိုးတိတ်ညင်သာသောတဒေါက်

ဒေါက်ခေါက်သံပေးသည့်နည်းလမ်းဖြင့် ခေတ်မီပရလောကလေ့လာခြင်းဝါဒ (နတ်ဝင်မှတစ်ဆင့် သေသူတို့၏ဝိညာဉ်က အသက်ရှင်သူတို့အား အကြောင်းကြားသည်ဟူသောအယူအဆ) ကိုအစပျိုးခဲ့ခြင်းမှာ လူသား၏လှည့်စားလိမ်ညာမှု (သို့မဟုတ်) ကောက်ကျစ်စဉ်းလဲမှုအရမဟုတ်မူဘဲ ဆိုးညစ်ခြင်းတရားပြည့်ဝသော နတ်ဘုရားတို့၏တိုက်ရိုက်လုပ်ဆောင်ချက်ဖြင့် အောင်မြင်မှုအရဆုံးသောစိတ်ပျက်ဖွယ်ရာမမှန်မကန်သည့်ထင်မြင်ယူဆချက်များအနက်မှတစ်ခုသာဖြစ်ပါသည်။ လူအများသည်ပရလောကလေ့လာခြင်းဝါဒမှာ သူတို့ကဲ့သို့သောလူ၏လှည့်စားမှုလုပ်ရပ်တစ်ခုမျှသာဟူသော ယုံကြည်မှုဖြစ်စေလျက်ထောင်ချောက်၏ကျော့ကွင်း၌အမိခံရပေလိမ့်မည်။ သဘာဝလွန်ဖြစ်သောအသွင်အပြင်များဟုသာ သူတို့သတ်မှတ်ခံယူနိုင်သောအချင်းအရာများနှင့်မျက်နှာချင်းဆိုင်ပေးခြင်းခံရသော် သူတို့သည် လှည့်စားမှုကိုခံရပြီးနောက် ထိုအမြင်တို့မှာ ဘုရားသခင်၏မဟာတန်ခိုးတော်အရဖြစ်သည်ဟုခံယူကြပေလိမ့်မည်။

စာတန်နှင့်သူ့အမှုထမ်းများက လုပ်ပြခဲ့သောအံ့ဖွယ်ရာများနှင့်စပ်လျဉ်းပြီး ဤသူအများသည် ကျမ်းစာလာချက်များ၌ပါရှိသောသက်သေခံချက်တို့အပေါ် ဂရုပြုအလေးမထားခဲ့ကြပေ။ ဘုရားသခင်၏လုပ်ဆောင်ချက်ကို တုပပြုလုပ်နိုင်သည့်အခွင့်ကို ရှေးအီဂျစ်ပြည်ဖာရောဘုရင်၏မျက်လှည့်ဆရာများက စာတန်၏ပြုပြင်မှုအကူအရသာလျှင်ရရှိခဲ့ကြပါ၏။ ပေါလုက သက်သေခံသည်မှာ ဒုတိယအကြိမ်သခင်ခရစ်တော်မကြွဆင်းလာမီ အလားတူ တုပပြသခြင်းများသည် စာတန်ဆိုင်ရာစွမ်းပကားအရ ပေါ်လာခဲ့လိမ့်ဦးမည်။ 'စာတန်ပြုပြင်သောအားဖြင့် မှသားနှင့်စပ်ဆိုင်သောထူးဆန်းသောတန်ခိုးများနှင့်အံ့ဖွယ်သောအမှု

အမျိုးမျိုးဖြင့်လည်းကောင်း၊ မတရားသောလှည့်ဖြားခြင်း အမျိုးမျိုးဖြင့်လည်းကောင်း လာလိမ့်မည်။' ၂သက် ၂း၉၊၁၀။ ယောဟန်ပြောခဲ့သည်မှာလည်း နောက်ဆုံးသောကာလများတွင် ပြုလုပ်ပြဦးမည့် သဘာဝလွန်ဖြစ်ရပ်ကို အံ့သြလောက်အောင် ဖန်တီးပြနိုင်စွမ်းနှင့် စပ်လျဉ်း၍ 'ကြီးစွာသော ထူးဆန်းအံ့ဖွယ်အမှုတို့ကိုလည်းပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်ကမြေကြီးအပေါ်သို့ မီးကိုဆင်းစေ၏။' ဗျာ ၁၃း၁၃။ လူ၏လှည့်ဖြားမှုသက်သက်မျှလောက်ကို ဤနေရာ၌ ကိုး၍ပြောခဲ့ခြင်းမဟုတ်ပါ။ စာတန်၏အစေခံများတွင် ရှိဟန်ဆောင်သောစွမ်းပကားနှင့်မဟုတ်ဘဲ သူတို့၌အမှန်ရှိနေသည့် စွမ်းပကားအရ အံ့သြဖွယ်ရာများလုပ်ပြလျက် လူတို့ကိုလှည့်စားခြင်းခံရအောင်ပြုလုပ်ကြပေလိမ့်မည်။

အခြေအနေအမျိုးမျိုးနှင့်အလွှာအသီးသီးရှိ လူသားတို့ကို အမှောင်မိုက်၏မင်းသားက လှည့်စားမှုလုပ်ရပ်၌ သူ၏ဉာဏ်ကြီးရှင်ဦးနှောက်ဖြင့် သူ၏စွမ်းပကားကို ကြာမြင့်စွာပြသပြီးဖြစ်သည့်အတိုင်း သူ၏မကောင်းသောအပြစ်သွေးဆောင်ရာတို့အား ကျွမ်းကျင်စွာဖြင့် အသုံးချမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်ကာ ကောင်းသောအကျင့်တရားရှိသူတို့ထံ ပို၍ယဉ်ကျေးသိမ်မွေ့ပြီး အသိဉာဏ်မြင့်သည့်ရှုထောင့်အနေအထားတို့မှ ပရလောကလေ့လာခြင်းကို မြင်စေကာ ထိုသို့အားဖြင့် အများတို့ကို သူ၏ညွှတ်ကွင်းထဲသို့ ဝင်ရောက်စေပေ၏။ ယာကုပ်က ပရလောကလေ့လာခြင်းမှရရှိနိုင်မည့်ပညာဉာဏ်ကို ဖေါ်ပြထားပုံမှာ 'ထိုသို့သောပညာသည် အထက်မှသက်ရောက်သောပညာမဟုတ်၊ မြေကြီးပညာ၊ ဇာတိပကတိပညာ၊ နတ်ဆိုးပညာဖြစ်၏။' ယာကုပ် ၃း၁၅။ ဤအချက်ကိုမူ

မဟာလုည့်စားသူက ဖုံးကွယ်မှုသည် သူ့လိုလားချက်အတွက် အဆင်ပြေမှုအရှိဆုံးဖြစ်မည်ဆိုပါက ဖုံးကွယ်ပေးထားပါသည်။ ကောင်းကင်ဘုံ၌နေရသော အဆင့်အမြင့်ဆုံးသော အရောင်ရှိန်ဝါထွန်းတောက်သည့် သရပ် (seraph) တမန်တော်အဖြစ်ဝတ်စားဆင်ယင်လျက် ခရစ်တော်ရှိရာကန္တာရတောထဲသို့ စုံစမ်းသွေးဆောင်ခြင်းဖြင့် နှောင့်ယှက်ရန်သွားနိုင်ခဲ့သူသည် အလင်းဆောင်သည့်ကောင်းကင်တမန်တစ်ပါးအသွင်ဖြင့် လူအပေါင်းတို့ထံ ဆွဲဆောင်မှုဟန်အပြည့်ဖြင့် ရောက်လာတတ်ပါသည်။ စိတ်ခာတ်မြှင့်တင်မှုပေးနိုင်သော အကြောင်းအရာအချက်အလက်တို့ကို ဆင်ခြင်တုံတရား၌ အာရုံညွတ်စေတတ်ရန် ဆွဲဆောင်မှုကို သူကပြုပါသည်။ စိတ်ကူးယဉ်ဆန်သော အတွေးနက်မှုဖြင့် ကြီးစွာသောပျော်ရွှင်ခြင်းကို ဖြစ်စေတတ်သည့်မြင်ကွင်းများ ဖြစ်ပေါ်လာစေလျက် စိတ်၏ချမ်းသာခြင်းကို သူလုပ်ဆောင်၏။ ချစ်ခြင်းနှင့်အလှူဒါနအကြောင်း သွက်လက်သောဖော်ပြချက်များ တင်ပြပြောဆိုကာ ချစ်မြတ်နိုးခြင်းကိုသူရယူသည်။ လူတို့၏စိတ်အကြံအစည်ကိုမြင့်မားစွာမြှင့်တင်မှုရှိစေရန် နှိုးဆွလျက် လူအပေါင်းတို့၌ကိုယ့်ကိုကိုယ်အထင်ကြီးစိတ်ဖြင့် ပညာမာနတွင် ကြီးစွာဂုဏ်ယူခြင်းကို ထိုသူတို့၏နှလုံးသားများတွင်ပေါ်ပေါက်စေပြီး ထာဝရဘုရားသခင်အပေါ်အထင်အမြင်သေးသိမ်စေပါသည်။ ထိုသို့တန်ခိုးစွမ်းအားရှိသူသည် လောကကမ္ဘာ၏ကယ်တင်သခင်ကို အလွန်မြင့်သောတောင်၏ထိပ်သို့ခေါ်ဆောင်သွားကာ ကိုယ်တော်ရှေ့၌ ဤလောကတွင်ရှိသမျှသောတိုင်းနိုင်ငံတို့ကိုလည်းကောင်း၊ ထိုတိုင်းနိုင်ငံတို့၏ဘုန်းစည်းစိမ်ကိုလည်းကောင်း ပြညွှန်နိုင်ခဲ့၏။ ထိုသူ၏ပကတိအပြစ်သွေးဆောင်ရာပရိယာယ်အမှုအရာတို့ကို လူအပေါင်းတို့အပေါ်သို့ကျရောက်ဆွဲဆောင်

ရာ၌ ဘုရားသခင်၏တန်ခိုးတော်ဖြင့် ကာကွယ်ပေးထားခြင်းမခံရပါသော် သူတို့၏အသိအာရုံကို အမှားလမ်းလွဲသို့ရောက်သွားစေရန် ဖန်တီးခြင်းခံရကြမည်သာဖြစ်ပါသည်။

## လူ့နှလုံးသားအတွက်မကောင်းသောဆွဲဆောင်ခြင်း

စာတန်သည် ဧဒင်ဥယျာဉ်၌ဧဝအား လိမ်ညာခဲ့သကဲ့သို့ ယခုအခါ ကမ္ဘာပေါ်ရှိလူသားအပေါင်းတို့အား လှည့်ဖြားနေပါသည်။ သူသည် မြှောက်ပင့်မှုဖြင့်တားမြစ်ထားအပ်သော ဆန္ဒတစ်ရပ်ကို နှိုးဆွပေးခြင်းဖြင့် လိုလားမှုဖြစ်ပေါ်စေခဲ့ခြင်းအပြင် မိမိကိုယ်ကို မိမိတိုးမြှင့်အထင်ကြီးသောမျှော်မှန်းချက်ကို မွေးလာစေရန် ဖန်တီးပေးခဲ့ပါ၏။ ဤသို့ဆိုးညစ်ခြင်းများကို ရှင်သန်စေခြင်းအားဖြင့် သူ့ကျဆုံးခန်းသို့ရောက်စေခဲ့ပြီးနောက် ထိုအရာများအားဖြင့် လူအပေါင်းတို့၏ ပျက်စီးရာပျက်စီးကြောင်း အလုံးစုံပြုလုပ်ရန် သူ၌ရည်ရွယ်ချက်ထားရှိပါသည်။ "သင်တို့သည် ဘုရားသခင်ကဲ့သို့အကောင်းနှင့် အဆိုးကိုသိမည်။" ကမ္ဘာဦးကျမ်း ၃း၅။ ပရလောကလှေ့လာခြင်းက သင်ကြားပေးသည်မှာ 'လူဟူသည်ကား တိုးတက်မှုကိုရသောသက်ရှိများဖြစ်၏။ ဘုရားသခင်၏စရိုက်လက္ခဏာသို့ဦးတည်သော ထာဝရတည်ရှိမှုအဖြစ်ကိုပင် ရနိုင်သောထိုတိုးတက်မှုသည် လူ၏ကံကြမ္မာအရ ဖန်တီးဖြစ်ပေါ်လာသောအရာပင်ဖြစ်သည်။' ထိုမှတစ်ဖန် 'လူတစ်ဦးချင်းစီအနေဖြင့် ကိုယ့်ကိုကိုယ်အကဲဖြတ်ရန်သာဖြစ်လျက် အခြားသူအားအကဲဖြတ်ရန်မဟုတ်။' 'အကဲဖြတ်ခြင်းသည် မိမိကိုယ်မိမိဖြစ်စေသဖြင့် မှန်ကန်မှုရှိလိမ့်မည်။'---'အခွင့်အာဏာသည် သင့်ရင်တွင်း၌တည်၏။' စိတ်ဝိညာဉ်ဆိုင်ရာ အသိတရားသည် သူ၏ရင်ထဲ၌နိုးကြားလာချိန်တွင်

ဝိညာဉ်လေ့လာရေးပရလောကဝါဒီဆရာက ပြောသည်ကား 'ကျွန်ုပ်၏ အပေါင်းအသင်းတို့အားလုံးသည် နာမ်ပိုင်းရောရုပ်ပိုင်းပါ တစ်စိတ် တစ်ပိုင်းဘုရားသခင်ဖြစ်ခဲ့ကြပြီ။' ထို့အပြင် တစ်ဦးကဆိုသည်ကား 'တရားမျှတ၍ စုံလင်ခြင်းရှိသောမည်သူမဆို ခရစ်တော်ဖြစ်ပါ၏။'

ဤသို့အားဖြင့် ဖြောင့်မတ်ခြင်းတရားနှင့်စုံလင်ခြင်းတည်းဟူ သော ဂုဏ်တော်များဖြင့်ပြည့်ဝသည့် ထာဝရဘုရားသခင်ကိုးကွယ် ဆည်းကပ်မှု၊ ကြည်ညိုလေးစားမှုကို အစစ်အမှန်ခံယူထိုက်သော၊ ထိုသခင်၏စုံလင်သောဖြောင့်မတ်ခြင်းတရားဖြင့် ဖေါ်ညွှန်းသည့်ဥပဒေ လူသားမျိုးနွယ်၏အောင်မြင်မှု၌ အစစ်အမှန်စံပြုထိုက်သော ထိုဥပဒေ၏နေရာများ၌ သူ့ကိုသာလျှင်ကိုးကွယ်ဆည်းကပ်ထိုက်ခြင်း၊ သူ့စည်းမျဉ်းသည်သာလျှင် အမှန်တရားမျှတခြင်းဟူသော အပြစ် လွှမ်းပြီးလျှင် အမှားအယွင်းပြွမ်းသည့်လူ့သဘာဝစရိုက်ဖြင့် စာတန်က အစားထိုးလိုက်ပါ၏။ ဤအရာသည် အထက်သို့မဟုတ်မှုဘဲ အောက်သို့ဆင်းရာဖြစ်သည့် တိုးတက်မှုပင်တည်း။

ကျွန်ုပ်တို့၌ ပြောင်းလဲခြင်းကိုရရှိရန်အလို့ငှာ ဉာဏ်ပညာဆိုင် ရာနှင့်စိတ်ဝိညာဉ်ခွန်အားဆိုင်ရာ သဘာဝနှစ်မျိုးစလုံးဖြင့်ပြည့်စုံသည့် ဥပဒေတစ်ရပ်ကို အလေးထားလိုက်နာရန်မြင်တတ်ရပေမည်။ လေ့လာအပ်သည့်ဘာသာရပ်များအပေါ် မိမိအာရုံပြုစူးစိုက်သည်နှင့် အမျှ တဖြည်းဖြည်းခြင်းပင်လိုက်လျောညီထွေဖြစ်သော စိတ်ပြောင်းလဲ ခြင်းအဖြစ်ကိုရရှိပါ၏။ ဘုရားသခင်အားချစ်မြတ်နိုးပြီး အလေးအမြတ် ထားတတ်သည့်စရိုက်သို့ သဘောပေါက်သက်ဝင်ခံယူခြင်းအားဖြင့် ရောက်စေပါသည်။ လူသားသည် သူ၏သန့်စင်မှု (သို့မဟုတ်) ကောင်းမွန်မှု (သို့မဟုတ်) သမာသမတ်ရှိမှုအဆင့်အတန်းထက်ပို၍

ဘယ်သောအခါမှ မြင့်တက်သွားနိုင်လိမ့်မည်မဟုတ်ပေ။ ပင်ကိုယ်သဘာဝအရ မိမိကိုယ်ကိုသာ အမြင့်ဆုံးမျှော်မှန်းချက်ထားရှိခဲ့သော် တစ်စုံတစ်ရာပို၍မြင့်သည့်အရာသို့ သူသည်ရောက်မည်မဟုတ်ပါ။ တိတိကျကျဆိုရသော် သူသည်အစဉ်မပြတ်နိမ့်ကျသည်ထက်နိမ့်ကျကာ နစ်မွန်းရလိမ့်မည်။ ဘုရားသခင်၏ကျေးဇူးပြုတော်မူခြင်း တစ်နည်းတည်းဖြင့်သာလျှင် လူကိုမြှင့်တင်ပေးနိုင်သည့်တန်ခိုးရှိပါ၏။ သူတစ်ဦးသာလျှရှိနေစေခြင်းဖြင့် သူ၏လမ်းကြောင်းအောက်သို့ နိမ့်ကျသွားခြင်းကို မရှောင်လွှဲသာပေ။

ကိုယ်အလိုသို့လိုက်တတ်လျက် သာယာမှုကိုမက်မောပြီး သွေးသားသောင်းကျန်းကာ ရမ္မက်လွန်ကဲတတ်သူများအတွက် ပရလောကယုံကြည်ခြင်းဝါဒအနေဖြင့် သူတို့ထက်ပိုမိုယဉ်ကျေးမှုရှိကာ အသိပညာရည်ပိုမိုသူများနှင့်စာလျှင် ပြုယုံမှုသာဖြစ်သော ဖုံးကွယ်ပုံဖျက်ခြင်းကို လျှော့နည်းထားရှိပါ၏။ ပိုမိုရန်းရင်းကြမ်းတမ်းသည့် ပုံစံကိုမူ ပရလောကဝါဒီများအနေဖြင့် ထိုသူတို့တိမ်းညွှတ်မှုများ အတိုင်းအတာနှင့်လိုက်ဖက်ညီစေရန် လုပ်ဆောင်တတ်ပါသည်။ လူ့စရိုက်သဘာဝအားနည်းချက်ကိုညွှန်ပြသည့်အရာတိုင်းကို စာတန်က လေ့လာထားကာ လူတစ်ဦးတစ်ယောက်တိုင်းတွင် ကျူးလွန်ရန် တိမ်းယိမ်းခြင်းဖြစ်သောအပြစ်များအား မှတ်သားပြီးလျှင် မကောင်းမှုပြုလိုစိတ်ကို ဖြည့်ဆည်းပေးနိုင်မည့်အခွင့်အလမ်းများ လျှော့ပါးပိတ်ပင်မှုများမရှိစေရအောင် သူက ဂရုပြုဆောင်ရွက်ပါသည်။ သူကအချင်းအရာတစ်ရပ်တွင် ထိုအရာ၌ရှိပြီးဖြစ်သည့် ပကတိအနေအထားပေါ်၌ ရှောင့်ရဲတင်းတိမ်ခြင်းမရှိစေဘဲ လွန်ကဲသောရယူလိုမှုဖြစ်အောင် လူအပေါင်းအားဖြားယောင်းလျက် ကိုယ်စိတ်နှစ်ဖြာကြံ့ခိုင်မှုနှင့် လူမှုကျင့်ဝတ်စောင့်စည်းမှုတို့ကို အားနည်းစေပါသည်။ သူသည် ထောင်ချီသော

လူအပေါင်းအား ရမ္မက်နွံ၌နစ်မွန်းစေခြင်းအားဖြင့် ဖျက်ဆီးခဲ့သလို၊ ဖျက်ဆီးနေဆဲလည်းဖြစ်ပေရာ လူတို့၏စရိုက်တွင် ရက်စက်ခြင်း၊ ကြမ်းတမ်းခြင်း လွှမ်းခြုံခဲ့လျက် အရိုင်းအစိုင်းများအဖြစ်သို့ရောက်စေရန် ဖန်တီးပါသည်။ ထိုနောက် သူ့လုပ်ရပ်အား အပြီးသတ်ရေးအတွက် ပြောဆိုခြင်းကို ဝိညာဉ်များမှတစ်ဆင့် ပြောကြားစေသည်ကား 'စစ်မှန်သောအသိပညာကြီးမားကျယ်ပြန့်ခြင်းဖြင့် လူကိုဥပဒေအားလုံး၏ အထက်သို့ရောက်စေသည်' ဟူ၍လည်းကောင်း၊ 'ဘယ်အရာမဆို ဖြစ်လျှင် အမှန်ပင်ဖြစ်၏' ဟူ၍လည်းကောင်း၊ 'ဘုရားသခင်သည် စီရင်ချက်မချ' ဟူ၍လည်းကောင်း ထို့အပြင် 'ကျူးလွန်ခဲ့ပြီးသော အပြစ်အားလုံး၌ အပြစ်မရှိ' ဟုပြောစေပါသည်။ အမြင့်ဆုံးသော ဥပဒေဆိုသည်မှာ အလိုဆန္ဒဖြစ်သည်ဟု ဤသို့အားဖြင့် လူအပေါင်းအားဆွဲဆောင်၍ယုံကြည်စေလျက် လွတ်လပ်ခြင်း၌ခွင့်ပြုချက်ရှိသည် ဟူ၍လည်းကောင်း၊ လူသည် မိမိကိုယ်ကိုမိမိသာလျှင် တာဝန်ရှိသော သူဖြစ်သည်ဟူ၍လည်းကောင်း ယုံကြည်လက်ခံလာကြသောအခါ လူတိုင်း၏လက်၌ ပုပ်စပ်ခြင်းနှင့်မကောင်းမှုကျူးလွန်ယုတ်မာခြင်း တို့ဖြင့် ပြည့်လျှံနေသည်ကို မည်သူများအံ့သြနိုင်မည်ဖြစ်သနည်း။ လူအများစုကြီးသည် သွေးသားတောင့်တမှုပြည့်သောနှလုံးသား၏ အားပေးအားမြှောက်ပြုခြင်းများအား လွတ်လပ်မငြဖြင့်လိုက်နာရန် အခွင့်ပြုသောသင်ကြားလမ်းပြပေးချက်များကို စိတ်အားထက်သန်စွာဖြင့် လက်ခံကြပေသည်။ မိမိကိုယ်ကို ထိန်းချုပ်ခြင်းတည်းဟူသော ဇက်ကြိုးများအား ရမ္မက်တည်းဟူသောလည်ပင်း၌ တင်ထားလိုက်သောအခါ လူ၏စိတ်နေစိတ်ထားနှင့်ခန္ဓာကိုယ်တို့သည် သက်ရှိအရာများ၌ဖြစ်ပေါ်တတ်သော တိမ်းညွှတ်ယိမ်းယိုင်မှုများ၏ ခြယ်လှယ်ခြင်းအောက်သို့ ရောက်ရှိစေပြီးလျှင် စာတန်က အောင်မြင်မှုရှိစွာဖြင့် ခရစ်တော်သခင်၏ နောက်လိုက်များပါဟု မမှန်မကန်ပြောနေကြသူအပေါင်းအား သူ၏

ပရိယာယ်ပိုက်ကွန်ဖြင့် ထောင်ချီကာအုပ်သိမ်းရရှိသွားပါသည်။



## လုံလောက်သောမွန်မြတ်သည့်အကာအကွယ်

ပရလောကယုံကြည်မှုဝါဒ၏ လိမ်ညာသောတောင်းဆိုချက်များကြောင့် အဘယ်သူမှလှည့်စားခြင်း မခံရထိုက်ပါ။ ဘုရားသခင်အနေဖြင့် လုံလောက်မှုရှိသည်အလင်းတရားကို ကမ္ဘာလောကသားများတို့ထံ ပေးထားပြီးဖြစ်ရာ ကျော့ကွင်းကိုတွေ့မြင်နိုင်စွမ်းရှိစေလို၍ဖြစ်ပါသည်။ ရှေ့၌ဖော်ပြခဲ့ပြီးဖြစ်သလို ပရလောကဝါဒဖြစ်ပေါ်စေသော သီအိုရီ (ဆင်ခြင်တွေးတောယူဆချက်) သည် ကျမ်းစာလာအချက်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ကျမ်းစာတော်မြတ်က သေသောသူ၌ အသိတရားမရှိကြောင်းနှင့်သူတို့ကြံစည်သမျှသည် ပျက်သုဉ်းခဲ့ပြီဖြစ်ကြောင်း၊ နေအောက်တွင်ပြုသမျှအမှုအရာတို့သည် သူတစ်ပါးနှင့် ရောနှော၍မဆိုင်ရကြောင်း လောကကမ္ဘာမြေ၌ကျန်ရစ်သော ၎င်းတို့အချစ်ဆုံး၊ အခင်ဆုံးသူတို့ခံစားရသော ဝမ်းမြောက်ခြင်းကိုဖြစ်စေ၊ ပူဆွေးသောကရောက်ခြင်းကိုဖြစ်စေ သူတို့ဘာမှမသိကြောင်း ပြဆိုထားပေသည်။

ထို့အပြင် ဘုရားသခင်က ဘဝကိုစွန့်ခွာပြီးဖြစ်သည့်ဝိညာဉ်များနှင့်ဆက်သွယ်မှုရှိဟန်ပြုသည့် ပရိယာယ်အားလုံးကို တိကျပြတ်သားစွာတားမြစ်ထားခဲ့ပြီးဖြစ်၏။ သေသောသူတို့အား ဆက်သါယ်၍ရကြောင်း ယခုခေတ်မှဝိညာဉ်ရေးပုဂ္ဂိုလ်အများကဲ့သို့ပင် ဟေဗြဲတို့၏ ခေတ်ကာလ၌လည်း အလားတူတောင်းဆိုခဲ့ကြဖူးသော လူတန်းစား တစ်ရပ်ရှိခဲ့ဖူးလေသည်။ သို့သော် ဤအခြားသောကမ္ဘာများမှအလည်လာသော ဧည့်သည်များကို 'မျက်မှန်းတန်းမိသောဝိညာဉ်များ' ဟုသမုတ်ထားရာ ကျမ်းစာတော်၌အလေ့အနက်ဖော်ပြထားသည်ကား 'စာတန် (နတ်ဆိုး) တို့၏ဝိညာဉ်များ' ဖြစ်နေကြခြင်းပင်တည်း။ (နှိုင်းယှဉ်ဖတ်ရှုရန်ကျမ်းချက်များ တော်လည်ရာ ၂၅း၁–၃။ ဆာလံ ၁၀၆း၂၈။ ၁ကော ၁၀း၂၀။ ဗျာ ၁၆း၁၄။ စုန်းအတတ်ဟူသော

ထိုအမည်နာမသည်ပင်လျှင် ယခုအခါ မလေးမခန့်ပြုခြင်းခံရလျက်
ရှိပါ၏။ လူအများသည် ဝိညာဉ်ဆိုးများနှင့်ဆက်ဆံမှုကို ရရှိနိုင်သည်ဟု
တောင်းဆိုခြင်းမှာ အမှောင်ခေတ်ကာလ၏ယုံတမ်းစကားသဖွယ်
သဘောထားခြင်းရှိနေလေပြီ။ သို့သော် ရှုတ်ချခြင်းဖြင့် စီရင်ချက်
အချခံရကာ ပိတ်ပင်တားမြစ်ခြင်းခံခဲ့ရသော စုန်းအတတ်ပညာသည်
မျက်နှာဖုံးအသစ်ကိုစွပ်လျက် ယခင်အဟောင်းကိုပင် ကြီးစွာသော
လှည့်စားမှုဖြင့် ပြန်လည်အသက်သွင်းခဲ့ခြင်းဖြစ်၏။ ထိုသို့အားဖြင့်
ရာဂဏန်း၊ ထောင်ဂဏန်းမျှပင်မက သန်းပေါင်းများစွာသောလူတို့အား
ပြောင်းလဲစေပါသည်။ သိပ္ပံအတတ်ဆိုင်ရာ အသိုက်အဝန်းထဲသို့
လည်းကောင်း၊ အသင်းတော်များနှင့်ဥပဒေဆိုင်ရာအဖွဲ့အစည်းများ
ထဲသို့လည်းကောင်း ကျူးကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ပေရာ
ထိုလှည့်စားမှုသည် ဘုရင်များ၏နန်းတော်ရာများအတွင်းတိုင်အောင်
ပင် ပေါက်ရောက်ခဲ့လေပြီ။

စာတန်၏အပုပ်စပ်ဆုံးသော အစေခံများနှင့်ခရစ်တော်၌တည်သူ
အမြင့်မြတ်ဆုံးနှင့် အသန့်စင်ဆုံးတပည့်တော်ကြီးများအကြားတွင်
လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားအကြား၌လည်းကောင်း ပရ
လောကဝိညာဉ်များက တပြေးညီလုပ်ဆောင်နေမှုသည် ပရလောက
ဝါဒ၏သရုပ်အမှန်ပေါ်စေရေးအတွက် အခြားသောအထောက်အထား
မရှိခဲ့ပါဟုဆိုလျှင် ဤအချက်သည် ခရစ်ယာန်တစ်ဦးအဖို့လုံလောက်
သောသက်သေပင်တည်း။ အနိမ့်ကျဆုံးသောဖေါက်ပြန်သူလူအပေါင်း
သည် ကောင်းကင်ဘုံရောက်နေကာ အဆင့်မြင့်စွာချီးမွမ်းခြင်းကို
ခံယူရရှိနေဟန်ဖန်တီးထားရာ၌ စာတန်က ကမ္ဘာမြေကြီးသားတို့အား
ပြောသည်မှာ 'အသင်သည် အဘယ်မျှပင်ဆိုးညစ်သူဖြစ်စေ၊ ဘုရားသခင်

နှင့်နှုတ်ကပတ်တော်အား ယုံကြည်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သင်ကြိုက်သလိုနေလော့၊ ကောင်းကင်ဘုံသည် သင့်အိမ်ရာပင်ဖြစ်၏။' ပရလောကဝါဒီဆရာများက အတည်ပြောသည်ကား 'မကောင်းမှုကို ပြုသောသူတိုင်း ထာဝရဘုရားသခင်ရှေ့တော်၌ကောင်း၏။ ထိုသို့ သောသူတို့ကို နှစ်သက်တော်မူ၏ဟူ၍လည်းကောင်း၊ စစ်ကြောစီရင် သောဘုရားသခင်ကား အဘယ်မှာရှိသနည်းဟူ၍လည်းကောင်း ဆိုကြ၏။' မာလခိ ၂း၁၇။ နှုတ်ကပတ်တော်၌ဆိုထားသည်ကား 'မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်းဟုခေါ်တတ်သူ၊ အလင်းအရာ၌အမိုက်၊ အမိုက်အရာ၌အလင်းကိုလည်းကောင်း၊ အချို အရာ၌အခါး၊ အခါးအရာ၌အချိုကိုလည်းကောင်း အလွဲယူတတ်သော သူတို့သည် အမင်္ဂလာရှိကြ၏။' ဟေရှာယ ၅း၂၀။

ကမ္ဘာမြေပေါ်၌စဉ် သူတို့အားသန့်ရှင်းသောဝိညာဉ်တော်၏ သင်ကြားခြင်းဖြင့် ရေးသားစေသောအချက်များနှင့်ဇီလာဖြစ်စေရန် ဤလိမ်ညာတတ်သောဝိညာဉ်များက ခရစ်တော်၏တပည့်များ ကိုယ်စားပြုလုပ်ခဲ့ကြပါသည်။ သူတို့က ကျမ်းစာတော်၏မွန်မြတ် သော အစဦးဖြစ်တည်ခြင်းကိုလက်မခံဘဲ ခရစ်ယာန်မျှော်လင့်ခြင်း၏ အခြေခံကိုဆွဲဆုတ်ဖယ်ထုတ်ပစ်ပြီးလျှင် မွန်မြတ်သန့်ရှင်းသောလမ်းကို မြင်စေရန် အလင်းရောင်ထွန်းညှိပေးသည်ကို ငြိမ်းစေခဲ့ကြ၏။ စာတန်သည် ကမ္ဘာသူကမ္ဘာသားအပေါင်းယုံကြည်စေခြင်းငှာ ထိုကျမ်းစာသည် တီထွင်ဖန်တီးထားချက်မျှသာဟူ၍လည်းကောင်း၊ အနည်းဆုံးအားဖြင့် လူသားမျိုးနွယ်၏နုနယ်သော မဖွံ့ဖြိုးသေးသည့် အဆင့်၌ဖတ်ရန် စာအုပ်တစ်အုပ်ဟူ၍လည်းကောင်း သို့သော် ယခု အခါအပေါ်ယံကြောမျှလောက်သာ အလေးထားရန် (သို့မဟုတ်)

ခေတ်မမီတော့သည့်စာအုပ်အဖြစ် ဘေးသို့ဖယ်ထုတ်ထားအပ်သော အရာဖြစ်လေဟန်စီမံနေပါသည်။ ထို့အပြင် ဘုရားသခင်၏နှုတ်ကပတ်တော်နေရာကိုရရှိစေရန် သူက ပရလောကဆိုင်ရာအချက်များဖြင့် ဖော်ထုတ်၏။ ဤလမ်းကြောင်းမှာသာသူသည် အပြည့်အဝချုပ်ကိုင်နိုင်ခြင်းရှိ၍ သူအလိုရှိရာကို ကမ္ဘာလောကကြီးက လက်ခံယုံကြည်မည့်ဤနည်းလမ်းများကို ဖော်ထုတ်ခြင်းဖြစ်ပေသည်။ သူနှင့်သူ့နောက်လိုက်များအပေါ် စီရင်ဆုံးဖြတ်ပေးရမည့် ကျမ်းစာတော်မြတ်အား သူမမြင်လို၍ အမှောင်ရိပ်ထဲသွင်းထားရာ သူ့အလိုကျရှိနေပါသည်။ ထိုအချက်သည် ကယ်တင်ပိုင်သူသခင်ယေရှုအား သာမန်လူတစ်ယောက်ထက် ပိုမထူးဟူသောအဖြစ်သို့ရောက်စေသည့် သူ့ဆန္ဒဖြစ်ပါ၏။ ထိုနောက် သခင်ယေရှု၏ကျောက်တွင်းဂူအား စောင့်ကြပ်ရသောရောမအစောင့်တပ်ဖွဲ့က ယဇ်ပုရောဟိတ်အကြီးတို့နှင့်လူအကြီးအကဲသို့က သင်ကြားထားပေးသည့်အတိုင်း ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုမမှန်ကြောင်းသက်သေပြခြင်းအလို့ငှာ လိမ်ညာသောသတင်းပို့ချက်ကို ပြန့်စေခဲ့သည်နည်းတူ ပရလောက၏အထင်အရှားပြသသောအချက်များကို ယုံကြည်လက်ခံသူများက ကယ်တင်သခင်၏ဘဝတစ်သက်တာအတွင်း အဘယ်သို့သောအံ့ဩဖွယ်ရာအချက်တစ်ခုမျှမရှိပါကြောင်း ထင်ယောင်ထင်မှားဖြစ်စေကြပါသည်။ ဤသို့အားဖြင့် ယေရှုသခင်အား မေးမှိန်သွားအောင်ကြိုးပမ်းကြလျက် သူတို့၏ကိုယ်ပိုင်ဟုပြောသော အံ့ဖွယ်လုပ်ရပ်များကို အာရုံရောက်စေပြီးလျှင် ခရစ်တော်၏လုပ်ဆောင်မှုများထက် သူတို့၏အံ့ဖွယ်လုပ်ဆောင်ချက်များက အမှန်ပင်သာလွန်နေခြင်းရှိပါကြောင်း ပြောကြားကြပါသည်။

## ပို၍ရှုပ်ထွေးလာသောလှည့်စားမှု

ပရလောကကို ယုံကြည်မှုရှိသောဝါဒသည် ယခုအခါတွင် ပုံသဏ္ဌာန်အားဖြင့်ပြောင်းလာသည်မှာ အမှန်ပင်ဖြစ်သလို ၎င်း၏ပိုမိုကန့်ကွက်ခြင်းခံရဖွယ်ရှိသော အထူးအကြောင်းအရာ တချို့အား ဖုံးကွယ်ပုံဖျက်ကာ ခရစ်ယာန်ဟူသောမျက်နှာဖုံးကို တပ်ထားပါ၏။ သို့ရာတွင် တရားဟောစင်နှင့်သတင်းစာဂျာနယ် မဂ္ဂဇင်းများအားဖြင့် လူပရိသတ်များရှေ့တွင် ၎င်း၏ရွတ်ဖတ်ခြင်း များကို နှစ်ပေါင်းရှည်ကြာစွာပြုလုပ်ထားခဲ့ပြီးဖြစ်ရာ ထိုရွတ်ဖတ်ခြင်း များအရ ၎င်း၏ကြန်အင်လက္ခဏာအမှန်သည် ပေါ်ထွက်ခဲ့ပြီး ဖြစ်ပေသည်။ ဤသင်ကြားချက်များကို ငြင်းပယ်ခြင်း (သို့မဟုတ်) ဖုံးကွယ်ထားခြင်းမပြုနိုင်ပါ။

လှည့်စားမှုအပိုင်းတွင် ပို၍ရှုပ်ထွေးလာသည်နှင့်အမျှ အမှန် တကယ်ပင် ပိုမိုဘေးရန်ရှိလာသည့်အနေအထားသို့ ယခင်ကပင် လက်ခံနိုင်ဖွယ်မရှိသော အခြေအနေထက်ပင် ယခုအခါ ပိုမို၍ရှုပ်ထွေး လှည့်စားမှုအသွင်ကိုဆောင်လာပါသည်။ ယခင်ရှေ့ပိုင်းကာလ၌ ခရစ်တော်နှင့်သမ္မာကျမ်းစာတော်အား လူသိရှင်ကြားရှုတ်ချခဲ့သကဲ့သို့ ယခုအခါ နှစ်မျိုးစလုံးကိုလက်ခံပါကြောင်း မမှန်မကန်ဆိုနေပြန် ပါသည်။ စိတ်နှလုံးအသစ်ပြုပြင်ခြင်းမရရှိသေးသူတို့အဖို့ ကျမ်းစာကို လက်ခံနိုင်မည့်ပုံစံနှင့် ပြန်ဆိုရေးသားခြင်းဖြင့် စိတ်ကျေနပ်မှုဖြစ်စေ သော်လည်း ကျမ်းစာပါအဓိကကျလျက် လေးနက်တည်ကြည်သော အမှန်တရားများအပိုင်းတွင် ထိရောက်မှုမဖြစ်အောင် ပြုပြင်ထားခြင်းရှိ နေပါသည်။ ချစ်ခြင်းတရားကို ဘုရားသခင်၏အမြင့်ဆုံးသော ဂုဏ်အင်္ဂါရပ်အဖြစ် မှတ်ယူထားသော်လည်း ပျော့ညံ့သည့်စိတ်ခံစား

ရသောအဖြစ်သို့ ရောက်နေမှုရှိကြောင်း အဆင့်နိမ့်ကျထားပြန်ပါ၍ အကောင်းနှင့်အဆိုးကွဲပြားခြားနားတွင် မပီပြင်လှပါ။ ဘုရားသခင်၏ တရားမျှတခြင်း၊ အပြစ်ကိုလက်မခံရှုတ်ချခြင်းများနှင့် မွန်မြတ်သန့်စင်သော ဥပဒေပါလိုလားချက်များစသည်တို့ကို ထိမ်ချန်ထားပါသည်။ လူတို့အားပညတ်တော်ဆယ်ပါးကို ရွေးယူမည့်သူ မရှိသောစာတစ်စောင်အဖြစ်သတ်မှတ်ကြရန် သင်ကြားပေးပါသည်။ စိတ်ကြည်နူးမှုရစေပြီး ကြီးမားသောဝမ်းမြောက်စေမည့် ဒဏ္ဍာရီဆန်သော ပုံဝတ္ထုတိုများအားဖြင့် လူတို့စိတ်ကိုဖမ်းစားကာ မိမိတို့၏ယုံကြည်ချက်အခြေခံအုတ်မြစ်မှာ သမ္မာကျမ်းစာဖြစ်သည်ဆိုသည့်ဝန်ခံချက်အားပစ်ပယ်စေရန် ဆွဲဆောင်ပါတော့သည်။ ခရစ်တော်မှာ ရှေးယခင်ကကဲ့သို့ပင် ဇေကန်အမှန်ငြင်းပယ်ခြင်းကိုခံနေရ၏။ သို့သော် စာတန်ကလူများ၏အမြင်၌ အဝိဇ္ဇာဖုံးလွှမ်းစေပြီးဖြစ်ရာ ၎င်းလှည့်စားချက်မှာထင်ရှားသိမြင်ရခြင်းမရှိတော့ဘဲ ဖြစ်သွားစေပါ၏။

ပရလောကရှိသည်ကိုလက်ခံသောဝါဒ၏ လှည့်စားမှုစွမ်းအားနှင့် ထိုဝါဒ၏ဩဇာလွှမ်းမှုကိုခံယူရာ၌ ဘေးရန်ရှိပုံအား အမှန်အတိုင်းသဘောပေါက်နားလည်သူ အနည်းပါးရှိပါသည်။ လူအများကမူ ထိုဝါဒကို သူတို့၌ဖြစ်ပေါ်သည့်စပ်စုစူးစမ်းလိုခြင်း၌ ဖြေဖျောက်မှုရရှိစေရန် ဝင်နှောက်ဆော့ကစားသည့် သဘောမျှသာဖြစ်ကြ၏။ သူတို့၌ ထိုဝါဒအပေါ် အမှန်စင်စစ်ယုံကြည်မှုမရှိသည့်အလျောက်နာမ်ဝိညာဉ်များ၏ထိန်းချုပ်မှုအောက်သို့ဝင်၍ ခိုင်းစေခြင်းခံရန်စဉ်းစားမိလျှင် ထိတ်လန့်ကြောက်ရွံ့တတ်ကြပေသည်။ သို့သော် တားမြစ်ထားသည့်နေရာသို့ သူတို့အရဲစွန့်၍ဝင်သောအခါ အင်အားကြီးသူအဖျက်ဝိဇ္ဇာက သူ၏တန်ခိုးစွမ်းပကားကိုသုံးကာ သူတို့၏

အလိုနှင့်ဆန့်ကျင်၍ခိုင်းစေလေသည်။ သူ့ညွှန်ကြားချက်အတိုင်း အလျှော့ပေးလိုက်နာစေရန် သူတို့အပေါ်တစ်ကြိမ်တစ်ခါမျှသာ သိမ်းသွင်းဖြားယောင်းမှုရခဲ့လျှင် သူတို့အပေါ်ချုပ်ကိုင်ထားနိုင်ကြောင်း သူကသိထားပါသည်။ ပြုစားနိုင်လျက် မြှူဆွယ်သွေးဆောင်သည့် ညို့ခါတ်အောက်မှ ဖေါက်ထွက်နိုင်ခြင်းငှာ သူတို့ကိုယ်စွမ်းဉာဏ်စွမ်း ဖြင့် မဖြစ်မြောက်နိုင်ကြပါ။ ဘုရားသခင်၏တန်ခိုးစွမ်းအားမှလွဲ၍ ဘာမှမတတ်နိုင်ဘဲရှိရာ စိတ်အားထက်သန်သော ယုံကြည်ခြင်းဖြင့် ဆုတောင်းပြုခြင်းအား ဘုရားသခင်နားညောင်းလျက် လိုက်လျောခွင့် ပြုမှသာ ဤကျော့ကွင်းမိခံရသူတို့အား ကယ်ထုတ်ပေးနိုင်ပါလိမ့်မည်။

အပြစ်ဆိုင်ရာထူးခြားသော အရည်အချင်းပြည့်သည့်စရိုက် လက္ခဏာများ၌ ကျေနပ်မှုရယူသူဖြစ်စေ၊ သိသာသောအပြစ်တစ်ရပ်ကို ယုယပိုက်ထွေးလက်ခံထားသူဖြစ်စေ အားလုံးမှာ စာတန်၏စုံစမ်း နှောင့်ယှက်ခြင်းများကို ဖိတ်ခေါ်နေကြသူများသာဖြစ်ပါ၏။ သူတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ ဘုရားသခင်ထံမှလည်းကောင်း၊ ကိုယ်တော်၏ တမန်တို့ စောင့်ကြပ်ကြည့်ရှုခြင်းမှလည်းကောင်း ခွဲထုတ်ကြသူများ ဖြစ်ကြလေသည်။ ထိုသို့ဖြစ်သော် စာတန်ဟုခေါ်သူ အဆိုးတကာ့ ထိပ်ခေါင်ဖြစ်သူစာတန်က သူ၏လှည့်စားခြင်းများကို ဖြန့်ကြက်သော အခါ ထိုသူအပေါင်းမှာ သူ့အတွက်အကာအကွယ်မဲ့သော အလွယ်ပင် ဖမ်းယူနိုင်မည့်သားကောင်အဖြစ်သို့ရောက်ရလေ၏။ စာတန်၏အုပ်စိုး မှုကို ထိုကဲ့သို့မိမိတို့ဘာသာအပ်ပေးထားသူများအနေနှင့် ဘယ်မှာ လမ်းဆုံးရှိမည်ကို သူတို့မသိမမြင်နိုင်ကြတော့ပေ။ သူတို့၏ကျဆုံးမှုကို ရရှိအောင်မြင်ပြီးသည့်နောက် သွေးဆောင်ဖြားယောင်းသူက အခြား

သောလူများ၏ပျက်စီးခြင်းသို့ရောက်စေရေးအတွက် သူတို့ကိုပင် သူ၏အစေအပါးများအဖြစ် အသုံးချပြန်ပါ၏။

ပုရောဖက်ယောရှာယကပြောသည်ကား 'တိုးတိုးပြော၍ ဖတ်ရွတ်တတ်သော နတ်ဝင်နှင့်စုန်းတို့၌ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား၊ လူတို့သည် မိမိတို့ဘုရားသခင်၌မဆည်းကပ်အပ်သလော။ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ဆည်းကပ်အပ်သလော တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်တော်ထွက်စကားနှင့်မညီလျှင် သူတို့၌အာရုံမတက်သေး။' ဟေရှာယ ၈း၁၉၊၂၀။ လူ့သဘာဝနှင့်သေသောသူတို့အဖြစ်နှင့်စပ်လျဉ်း၍ ကျမ်းစာအချက်အလက်များ၌ အမှန်အကန်ဖေါ်ပြချက်ကိုလူအပေါင်းတို့သည်လိုလားခဲ့သည်ဖြစ်လျှင် ပရလောကဝါဒ၌တောင်းခံထားခြင်းများနှင့်ရရှိထားသောအချက်များတွင် စာတန်ကတန်ခိုးချင့်ထူးဆန်းအံ့ဖွယ်များအပြင် လိမ်လည်ထားသည့်အံ့ဖွယ်ရာများအားဖြင့် လုပ်ဆောင်ထားကြောင်း မြင်နိုင်ကြပါမည်။ သို့ရာတွင် ဇာတိကိုတပ်မက်သောနှလုံးသား၌ဖြစ်လာသည့် လွတ်လပ်မှုရှိခြင်းအားစွန့်ပယ်လျက် သူတို့နှစ်သက်ချစ်ခင်သောအပြစ်များအား လုံးဝအဆက်ဖြတ်လိုက်ကြမည့်အနေအထားသို့ မလိုက်မူဘဲ လူအများစုကြီးသည်ရရှိသောအလင်းတရားကို မျက်လုံးစုံပိတ်ကာ ရရှိထားသည့်သတိပေးခြင်းများကို အရေးမလုပ်ဘဲ ဆက်လက်လျှောက်လှမ်းသည့်အခါစာတန်က သူတို့ရှိရာတစ်ဝိုက် ညွတ်ကျော့ကွင်းများအနှံ့ချထားလိုက်ခြင်းဖြင့် သူ့သားကောင်များအဖြစ်ကျရောက်လေသည်။ 'အကြောင်းမူကား ထိုသူတို့သည် ကယယ်တင်ခြင်းသို့ရောက်အံ့သောငှာ အမှန်တရား

၌မွေ့လျော်သောစိတ်ကို မခံမယူကြ။' ထိုကြောင့် "ဘုရားမဲ့အယူဝါဒ ပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ဘုရားသခင်လွှတ်တော်မူ လိမ့်မည်။" ၂သက် ၂း၁၀၊၁၁။

ပရလောကဝါဒဆိုင်ရာသွန်သင်ချက်များကို ဆန့်ကျင်လျက်ရှိ သူများအနေနှင့် ယုံကြည်လက်ခံသူအပေါင်းအား ပြင်းထန်သော ထိုးနှက်ခြင်းမှာ စာတန်နှင့်သူ့လက်အောက်ခံတမန်အများကိုပါ အထိ နာစေပါသည်။ ထိုသူတို့သည် အမြင့်ဆုံးသောအဆင့်ရှိအရေးအပါဆုံး နှင့်တန်ခိုးစွမ်းပကားများ၊ ထို့အပြင် ဆိုးညစ်သောနာမ်ဝိညာဉ်အဆင့် မြင့်တို့နှင့်ယှဉ်ပြိုင်ရသည့်ပွဲ၌ ပါဝင်ခဲ့ကြပြီဖြစ်၏။ ကောင်းကင်ဘုံသား တမန်တော်များ၏ မောင်းနှင့်ထုတ်ခြင်းမှလွဲ၍ စာတန်သည် သူ့နယ်ပယ်မှတစ်လက်မကိုမျှ အလျှော့ပေးလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ် တို့၏ကယ်တင်ပိုင်သခင်၏ လက်သုံးစကားအတိုင်း 'ကျမ်းစာလာ သည်ကား' ဟူသော အသုံးအနှုန်းလက်ကိုင်ထားလျက် ဘုရား သခင်၏လူတို့သည် စာတန်အား ရင်ဆိုင်နိုင်စွမ်းရှိသင့်ပါသည်။ ခရစ်တော်၏ကာလများတွင် စာတန်က ကျမ်းစာလာအချက်အဆို အမိန့်တို့ကိုသုံး၍ လုပ်ဆောင်ခဲ့သလို ယခုခေတ်ကာလ၌လည်း မမှန်မကန်သောထင်မြင်ယူဆချက်များ ရှိမြဲရှိနေစေရန် သူ၏လွဲမှား သောအယူဝါဒများဖြင့် သင်ပြခြင်းများပြုပါလိမ့်မည်။ ဤသို့ ဘေးရန် ကြီးချိန်တွင် မယိမ်းမယိုင်သောရပ်တည်မှုရှိစေရန် လိုလားသူတို့သည် မိမိတို့ကိုယ်တိုင် ကျမ်းစာလာအချက်အလက်တို့ကို သိနားလည် သဘောပေါက်လျက် သက်သေခံခြင်းရှိကြရမည်ဖြစ်ပါသည်။

လူအမြောက်အမြား၌ တွေ့ကြုံရမည့်အခက်အခဲမှာ နတ်ဆိုး များ၏ဝိညာဉ်များသည် သေသောသူများ၏အသွင်ဆောင်ခြင်း၊

တစ်နည်းအားဖြင့် မသေဆုံးမီက ချစ်ခင်မြတ်နိုးရသောဆွေမျိုး (သို့မဟုတ်) မိတ်သင်္ဂဟတို့ပုံဟန်ပန်အတိုင်း အသွင်ယူလျက် ဘေးရန်ကြီးလှစွာသော မမှန်မကန်သည့် အယူအဆသြဝါဒများကို ပြောကြားခြင်းပင်ဖြစ်ပါသည်။ ဤဧည့်ဝိညာဉ်များသည် ကျွန်ုပ်တို့၏ အနူးညံ့ဆုံးသော စာနာလိုက်လျောမှုများကို ထက်သန်စွာဖြင့်တောင်း ဆိုခြင်းပြုလိမ့်မည်ဖြစ်သကဲ့သို့၊ သူတို့ဟန်ဆောင်ဖုံးကွယ်မှုများတည်နေ စေရန် အံ့မခန်းဖွယ်ရာလုပ်ရပ်များ ပြုလုပ်ပြသကြပါလိမ့်မည်။ ကျွန်ုပ်တို့ဘက်ကမူ ထိုသို့လုပ်ဆောင်မှုများအား ကြံ့ကြံ့ခံနိုင်ရန် သမ္မာကျမ်းစာ၏သစ္စာအမှန်တရားအားဖြင့် အစဉ်အသင့်ပြင်ဆင်မှု ရှိကြရာ၌ သေသောသူတို့သည် မည်သို့သောအသိတရားမှမရှိခြင်းနှင့် ထိုကဲ့သို့ထင်ရှားပြသမှုခံရသူများမှာ နတ်ဆိုးတို့၏ဝိညာဉ်များသာ ဖြစ်ခြင်းဟု သိမှတ်စွဲလမ်းရမည်ဖြစ်ပါသည်။

နောက်ဆုံးကာလမှာ နီးကပ်လျက်ရှိသဖြင့် ကျွန်ုပ်တို့ရှေ့မှောက်၌ မရောက်လာမီအချိန်သည် "မြေကြီးအပေါ်၌နေသောသူတို့ကို စုံစမ်း ခြင်းငှာ လောကနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သော စုံစမ်းရာကာလ" ဖြစ်ပါသည်။ ဗျာ ၃း၁၀။ ဘုရားသခင်၏နှုတ်တော်ထွက်တရားကို မစောင့်သောသူအပေါင်းတို့သည် လှည့်စားခံရခြင်းဖြင့် အရှုံးပေးရကြ လိမ့်မည်။ စာတန်သည် 'လှည့်စားခြင်းပြုနိုင်သမျှသော အတိုင်းအတာ ဖြင့် ဖြောင့်မတ်ခြင်းမရှိဆုံးအဖြစ်' သို့သက်ရောက်စေကာ လူသား သမီးအပေါင်းတို့ကို သိမ်းသွင်းပြီးလျှင် သူ၏လှည့်စားမှုတို့ကို စဉ်ဆက်မပြတ်တိုးပွားလာစေပါလိမ့်မည်။ သို့သော် သူ၏အပြစ်သို့ သွေးဆောင်ရာများထံ ကိုယ်အလိုအလျောက်ဝင်ရောက်သွားသူများရှိ မှသာလျှင် သူ၏ရည်မှန်းထားရာပန်းတုံးတိုင်သို့ စာတန်ရောက်ရှိ

နိုင်ပါသည်။ အမှန်တရားကိုစိတ်အားထက်သန်မှုဖြင့် ရှာဖွေနေသူ၊ နားလည်သဘောပေါက်ရန် ကြိုးပမ်းနေသူအများသည် သူတို့စိတ် မနောသန့်စင်ခြင်းရှိစေရန် ကျမ်းစာကိုလိုက်နာ နားထောင်ခြင်းဖြင့် ကြိုတင်လျက် လိုက်လှန်ပွဲတွင် အသင့်ဖြစ်အောင်လုပ်ရင်းဖြင့်ပင် တရားစစ်တရားမှန်၏သခင်ထာဝရဘုရားသခင်၌ သေချာခိုင်မာသော အကာအကွယ်ကိုတွေ့ရကြလိမ့်မည်။ 'သင်သည် ငါ၏သည်းခံခြင်းနှင့် စပ်ဆိုင်သော နှုတ်ကပတ်တရားကို စောင့်ရှောက်သောကြောင့် သင့်ကိုငါစောင့်ရှောက်မည်။' (ကျမ်းပိုဒ် ၁၀) ဟု မြွက်ဆိုချက်မှာ ကယ်တင်ပိုင်သူသခင်၏ကတိစကားပင်ဖြစ်၏။ ကိုယ်တော်အပေါ် ယုံကြည်သက်ဝင်မှုရှိသောဝိညာဉ်တစ်လုံးအား စာတန်၏အနိုင်ယူခြင်း မခံရစေရေးအတွက် သူ့လူများကိုကာကွယ်ရေးထက် ပို၍ဦးစားပေးကာ ကိုယ်တော်၏ကောင်းကင်တမန်တိုင်းကို အမြန်မနှေးစေလွှတ် ဆောင်ရွက်မည်ဖြစ်ပါသည်။

## ခိုလှုံရာနေရာ၏လွဲမှားချက်

ပုရောဖက်ဟေရှာယ၏အလိုအရ ဆိုးညစ်သူများတို့အပေါ် ကျရောက်လာမည့် ကြောက်မက်ဖွယ်ရာလှည့်စားမှုအားဖြင့် သူတို့ ကိုယ်ကိုသူတို့ ဘုရားသခင်၏တရားစီရင်ခြင်းမှ ကင်းရှင်းစိတ်ချရမည် ဟူ၍ တွက်ဆစေမည့်အကြောင်းကို 'သင်တို့က ငါတို့သည် သေမင်းနှင့် မိတ်သဟာယဖွဲ့ကြပြီ။ မရဏာနိုင်ငံနှင့်အကျွမ်းဝင်ကြပြီ။ လွှမ်းမိုးသော ဘေးသည်ချဉ်းနင်းသောအခါ ငါတို့ရှိရာသို့မရောက်ရ။ ငါတို့သည် မုသားကိုကိုးစားကြ၏။ လှည့်စားခြင်းအောက်၌ ပုန်းကွယ်၍နေကြ၏။'

ဟု ဆိုကြပါသည်။ ဟေရှာယ ၂၈း၁၅။ ဤနေရာ၌ လူတန်းစားတစ်ရပ်ကို ဖေါ်ပြရာတွင် နောင်တအမှန်တကယ်မရလောက်အောင် ခေါင်းမာသူတို့အနေဖြင့် အပြစ်ကျူးလွန်သူများအတွက် အပြစ်ဒဏ်စီရင်ခြင်းကိုခံရမည်မဟုတ်ဟူသော အာမခံချက်ဖြင့် သူတို့ကိုယ်ကိုသူတို့ နှစ်သိမ့်ကြပြီးလျှင် လူသားမျိုးနွယ်တစ်ရပ်လုံး အဘယ်မျှလောက်ပင်ပျက်စီးနေပါစေ။ ကောင်းကင်ဘုံသို့မြင့်တင်ပေးခြင်းကိုခံရလျက်ထာဝရသခင်၏တမန်တော်များအဖြစ်သို့ ရောက်မည်ဟုခံယူထားသောအတန်းအစားရှိပါသည်။ သို့ရာတွင် ပိုမို၍အလေးအနက်ပြုကာပြောကြားလိုသည်ကား၊ သေခြင်းတရားနှင့်ပဋိညာဉ်ပြုကာ ငရဲဘုံနှင့်နားလည်မှုရယူလျက် အပြစ်ဒဏ်များကျရောက်ရာကာလတွင်ဖြောင့်မတ်ခြင်းတရားကို ကျင့်သုံးသူများအတွက် အကာအကွယ်အဖြစ် ဘုရားသခင်ကချမှတ်ပေးထားသည့် သမ္မာတရားအပေါင်းကိုအပြီးအပိုင်အဆက်ဖြတ်ထားသူအများက ထိုအရာအစား စာတန်ကမ်းလှမ်းထားသည့်ခိုလှုံရာဖြစ်သော အလိမ်အညာများ၊ ဘုရားမရှိအယူဝါဒ၏ပြုပြင်ခြင်းရှိသော ဟန်ဆောင်မှုများကို လက်ခံသောထိုသူတို့ရှိနေခြင်းပင်တည်း။

ဤလူသားမျိုးဆက်၏ မျက်မြင်မရသောအဖြစ်ကို ထုတ်ဖေါ်ပြောကြားရန်မှာပင် အလွန်အံ့ဩဖွယ်ကောင်းလောက်သော အရာပင်ဖြစ်ပါသည်။ ထောင်ဂဏန်းရာချီလျက်ရှိသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်ကို မယုံကြည်ထိုက်ကြောင်းဖြင့်ငြင်းပယ်ကြကာစာတန်၏လှည့်စားခြင်းများကိုမူ စိတ်အားထက်သန်စွာမိမိကိုယ်ကိုယုံကြည်စိတ်ဖြင့် လက်ခံနေကြပေသည်။ ဘာသာရေးဆိုင်ရာ သစ္စာတရားတို့အပေါ် သံသယပွားနေသူများနှင့်ဘာသာတရားအပေါ် မထီ

မဲ့မြင်ပြု၍ လှောင်ပြောင်တတ်သူများအနေဖြင့် ပုရောဖက်များနှင့် တပည့်တမန်တော်များ၏ယုံကြည်ခြင်းဘက်မှ ခုခံပြောဆိုခြင်းကို အယူသီးတစ်ယူသန်ခြင်းအဖြစ်ဆန့်ကျင်ကာ လူသိရှင်ကြားရှုတ်ချကြပြီးလျှင် ကျမ်းစာဋ္ဌခရစ်တော်နှင့်ကယ်တင်ခြင်းစီမံချက်တို့ဆိုင်ရာ လေးနက်တည်ကြည်သော ဖေါ်ပြချက်များကိုရယ်မောဖွယ်ရာအဖြစ် သက်ရောက်အောင်ပြုခြင်းဖြင့် သူတို့ကိုယ်သူတို့လမ်းလွှဲရောက်အောင်ပြုကြပါသည်။ ထို့အပြင် အမှန်တရားကို ပစ်ပယ်သူများအပေါ် ထိုက်သင့်သောအပြစ်ဒဏ်ကို ဘေးရန်ကျရောက်စေခြင်းအပေါ် အလေးအနက်မထားရှိကြောင်း ထင်ရှားပြသကြပါ၏။ သူတို့သည် ဘုရားသခင်၏တောင်းဆိုချက်များကို အသိအမှတ်ပြု၍ လိုက်နာပြီး ကိုယ်တော်၏ဥပဒေသအရ ပြုကျင့်အပ်သောအချက်များကို ရှိသေမှုဖြင့် ဖြည့်ဆည်းခြင်းအတွက် စိတ်ထားကျဉ်းမြောင်းပျော့ညံ့ပြီး အစွဲအလမ်းကြီးမှုဖြစ်သည်ဆိုကာ ကြီးစွာသနားစာနာမှုရှိသယောင် ဟန်ဆောင်တတ်ကြပါသည်။ သူတို့သည် သေမင်းနှင့်မိတ်သဟာယဖွဲ့ကြလျက် မရဏာနိုင်ငံနှင့်အကျွမ်းဝင်နေသည့်ဟန်ထင်ရှားစေလျက် ဘုရားသခင်ချမှတ်မည့်ဘေးဒဏ်ကို သူတို့ထံမရောက်ရှိစေရအောင် ကျော်ဖြတ်၍မရ၊ ထိုးဖေါက်၍မပေါက်သော အကာအရံတံတိုင်းကြီးကာဆီးတည်ဆောက်ထားပြီးဖြစ်သယောင် ပြုမူပြောဆိုလျက်နေကြ၏။ အဘယ်အရာကမျှ သူတို့၏ကြောက်စိတ်များနိုးကြားလာစေရန် မတတ်နိုင်ပါ။ ဖြားယောင်းမြှူဆွယ်သူထံ အပြည့်အဝလိုက်လျောခဲ့ပြီးဖြစ်လျက် အလွန်နီးစပ်စွာဖြင့်ပူးပေါင်းခြင်းကို သူတို့သည် သူ(စာတန်)နှင့်ရရှိထားကာ အလွန်ပင်စေ့စေ့စပ်စပ်ဖြင့်ပြည့်ဝနေသော သူ့စိတ်ဓာတ်ကို ရရှိထားပြီးဖြစ်သောကြောင့် စာတန်၏ကျော့ကွင်းမှ

လွတ်ကင်းလိုသောစွမ်းပကားနှင့် စိတ်ယိမ်းယိုင်ခြင်းသည် လုံးဝ မဖြစ်ပေါ်ကြတော့ပေ။

စာတန်သည် ကမ္ဘာလောကတစ်ခွင်လုံးမှာရှိသမျှသော သတ္တဝါ အပေါင်းကို လှည့်စားနိုင်ခြင်းငှာ အပြီးသတ်ကြိုးပမ်းမှုကို ကြာမြင့်စွာကပင် ပြင်ဆင်လုပ်ဆောင်နေပြီဖြစ်ပါ၏။ သူ့လုပ်ရပ်၏အခြေခံ အုတ်မြစ်သည် ဧဒင်ဥယျာဉ်မှဧဝအား အာမခံချက်ပေးခြင်းဖြင့် ချထားခဲ့ပုံကား 'သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။' 'ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့။' ကမ္ဘာ ၃း၄၊၅။ နည်းနည်းချင်းအားဖြင့် သူသည် ပရလောကဝါဒ၏တိုးတက် ဖွံ့ဖြိုးမှုရအောင် သူ၏အပြောင်မြောက်ဆုံးသော လက်ရာဖြစ်သည့် လှည့်စားခြင်းအတွက် လမ်းကိုပြုပြင်ထားခဲ့ပါသည်။ သူ့အကြံအစည် များ အပြည့်အဝအောင်မြင်ထမြောက်ခြင်းအဆင့်ကိုမူ သူမရောက် နိုင်ခဲ့သေးသော်လည်း နောက်ဆုံးသောကာလ၏ကျန်ကြွင်းသော အချိန်၌ ဆိုက်ရောက်ခြင်းရှိပေလိမ့်မည်။ ပုရောဖက်ကဆိုသည်မှာ 'ထိုအခါ နဂါး၏ခံတွင်းထဲကလည်းကောင်း၊ သားရဲ၏ခံတွင်းထဲက လည်းကောင်း၊ မိစ္ဆာပုရောဖက်၏ခံတွင်းထဲကလည်းကောင်း ဖားကောင်ကဲ့သို့ညစ်ညူးသော ဝိညာဉ်သုံးပါးထွက်သည်ကို ငါမြင်၏။ အံ့ဖွယ်အမှုတို့ကိုပြသော နတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထို ဝိညာဉ်တို့သည် လောကတစ်နိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံ ထွက်သွား၍ ထာဝရတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ နေ့ကြီး၌ စစ်တိုက်ခြင်းအလို့ငှာ စုဝေးစေကြ၏။' ဗျာ ၁၆း၁၃၊၁၄။ ဘုရားသခင်၏နှုတ်ထွက်စကား၌ ယုံကြည်ခြင်းအားဖြင့် ထိုသူတို့

အပေါ် ကိုယ်တော်၏တန်ခိုးတော်အကာအကွယ်ပေးထားခြင်း ခံရသူများမှလွဲ၍ ကမ္ဘာလောကကြီးတစ်ရပ်လုံးသည် မှားယွင်းသောအယူအဆပြုပြင်အားထုတ်ခြင်းအခွင့် အဆင့်ဆင့်တို့တွင် ဆွဲဆောင်ရောက်ရှိသွားကြပေလိမ့်မည်။ အသက်ဘေးရန်သို့ ကျရောက်စေနိုင်မည့် လုံခြုံရေးအစီအမံသို့ လူများစွာတို့သည် အမြန်ပင်မှေးမှိတ်နားခိုကြရာမှ ဘုရားသခင်၏အမျက်ဒေါသဖလားဖြင့် လောင်းပက်သောအခါတွင် နိုးထလာခဲ့ကြပါမည်။

ဘုရားသခင်က 'တရားမှုကိုဆုံးဖြတ်ခြင်း၊ ဖြောင့်မတ်စွာစီရင်ခြင်းကို မျဉ်းကြိုးနှင့်မှန်ထုပ်အားဖြင့်ငါပြုမည်။ မိုးသီးရွာ၍ကိုးစားရာမုသားကို ပယ်ရှားလိမ့်မည်။ ပုန်းကွယ်ရာအရပ်ကိုလည်းရေလွှမ်းမိုးလိမ့်မည်။ သင်တို့သည် သေမင်းနှင့်ဖွဲ့သောမိတ်သဟာယပျက်လိမ့်မည်။ မရဏာနိုင်ငံနှင့်အကျွမ်းဝင်ခြင်းသည် အထမမြောက်ရ။ လွှမ်းမိုးသောဘေးသည် ချင်းနင်းသောအခါ သင်တို့ကိုလည်း ကျော်နင်းလိမ့်မည်။' ဟေရှာယ ၂၈း၁၇၊၁၈။

---ooo---

အခန်း (၅)

# အသိစိတ်တရား၏လွတ်လပ်မှုအခွင့်ကို ခြိမ်းခြောက်ခြင်း

"ကိုယ်တော်က ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အား ဆက်ပေးကြလော့ဟု မိန့်တော်မူ၏။" လုကာ ၂၀း၂၅။

"အဘယ်သမျှသင်တို့ကို အဘယ်သို့သောအားဖြင့် မလှည့်ဖြား စေနှင့်။ ထိုနေ့ရက်မရောက်မီ ဖေါက်ပြန်သင်းခွဲခြင်းသည် အလျင် ဖြစ်၍ မကောင်းမှုလူတည်းဟူသော---ပေါ်လာရလိမ့်မည်။ ထိုသူသည် ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူ ဖြစ်သတည်း။" ၂သက် ၂း၃၊၄။

ရောမဝါဒတည်းဟူသော ရောမခရစ်ယာန်အသင်းတော်ကို လက်ခံသည့်ဝါဒကို ယခုအခါ အခြားသောခရစ်ယာန်ဂိုဏ်းဝင် တို့က ယခင်ရှေ့နှစ်များထက် ပိုမို၍အရေးပေးလက်ခံခြင်းကို ပြုလာ ကြပါသည်။ ရောမအသင်းဝင်တို့အား အထင်မကြီး၊ မလေးစားရှိ ချိန်၌လည်းကောင်း၊ ရောမဂိုဏ်းချုပ်၏တပည့်များက သြဇာညောင်း ခြင်းကို ပိုမိုရရှိစေခြင်းငှာ ပြေလည်ရာပြေလည်ကြောင်း လုပ်ဆောင် နေချိန်၌လည်းကောင်း ပြန်လည်ပြင်ဆင်ရေးဝါဒီအသင်းတော်များ နှင့်ရောမဂိုဏ်းချုပ်၏အမွေခံအသင်းတော်များအကြား အထူး တလည်ခြားနားခြင်းမရှိသော လမ်းညွှန်သြဝါဒအယူအဆများ

လျော့နည်းကျဆင်းလာသည်ကို တွေ့ရပါသည်။ ထိုအခါ ရောမနှင့် ပိုမိုကောင်းမွန်သော နည်းလည်မှုရရှိစေရန် မိမိတို့ဘက်မှာအနည်းအကျဉ်း အလျှော့ပေးခဲ့ပါက ကျွန်ုပ်တို့နှစ်ဦးနှစ်ဖက်အကြား ကြီးမားကျယ်ပြန့် သောကွာဟချက်ကြီးသည် ပျောက်ကွယ်သွားနိုင်ဖွယ်ရာရှိပေသည် ဟူသော ထင်မြင်ယူဆချက်က တိုးတက်လာခဲ့ပါတော့သည်။ ထိုအချိန် ထိုကာလမှာ ပရိုတက်စတင့်ဂိုဏ်းဝင်များသည် မသိစိတ်တရား၏ လွတ်လပ်မှုကို ကြီးစွာသောတန်ဖိုးထားခြင်းဖြင့် အဖိုးအခကြီးစွာပေး၍ ဝယ်ယူခဲ့ရပြီးသည့်နောက်ပိုင်း အလေးအနက်ထားရှိခဲ့ချိန်ဖြစ်ပေသည်။ သူတို့က သားသမီးတို့အား ရောမဂိုဏ်းချုပ်အုပ်စိုးခြင်းစနစ် လွှမ်းမိုးသော ရောမဘာသာဝင်စနစ်ကို မုန်းတီးပစ်ပယ်ရေးများ သွန်သင်ပေးခဲ့ခြင်းနှင့်အတူ ရောမနှင့်ညီညွတ်သဟဇာတဖြစ်ရန် ကြိုးပမ်းပါက ဘုရားသခင်အပေါ် သစ္စာမခံရာရောက်မည်ဟု ခံယူ ထားရှိခဲ့ကြပေသည်။ သို့သော် ယခုမူ ထိုခံစားချက်များ၌ အဘယ်မျှ ကျယ်ပြောသောခြားနားခြင်းကို ဖေါ်ထုတ်ပြသနေသည်အား မခန့် မှန်းနိုင်တော့ပါ။

ရောမဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိရှိကာကွယ်ပြောဆိုနေသူ များကဆိုကြသည်မှာ အသင်းတော်သည် မုသားစကားများဖြင့် ထိခိုက်စေလောက်အောင် တိုက်ခိုက်ခံနေရကြောင်းနှင့် ထိုအချက် အလက်များကို ပရိုတက်စတင့်လောကမှ လက်ခံလိုစိတ်ဖြစ်ပေါ်နေ ကြောင်းပြောပါသည်။ အသိတရားဗဟုသုတကင်းမဲ့သော အမှောင် ခေတ်တစ်လျှောက် ရာစုနှစ်များဖြင့်ချီကာ စက်ဆုပ်ရွံရှာဖွယ်ရာ များနှင့် မှုမမှန်ခြင်းများ ရောပြွမ်းသည့်ကြိုးကိုင်မှုများနှင့်ယှဉ်တွဲလျက် ယနေ့ကာလအသင်းတော်ကိုအကဲဖြတ်ခြင်းမှာ တရားမျှတမှုမရှိကြောင်း

လူအများအပြားက တိုက်တွန်းအကြံပြုကြပေသည်။ ထိုစဉ်ကာလ၌ ယဉ်ကျေးမှုကင်းမဲ့သောကြောင့် စက်ဆုပ်ဖွယ်ရာရက်စက်မှုများမှာ မလွဲသာဘဲပေါ်ပေါက်ခဲ့ရခြင်းကို အခွင့်ပြုနိုင်ခဲ့ကြလျက် ယခုခေတ် ယဉ်ကျေးမှုကို အရှိန်အဝါပြုလျက် ထိုအစွဲအလမ်းများ ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း စောဒကတက်ကြပါသည်။

ဤကဲ့သို့ နိုင်လိုမင်းထက်ပြုမှုတတ်သော အာဏာစက်တစ်ရပ်အနေဖြင့် နှစ်ပေါင်းရှစ်ရာကြာမျှ အမှားအယွင်းလမ်းကြောင်းသို့ ကျရောက်သွားမည့်ဖြစ်နိုင်ချေကင်းကြောင်း အခိုင်အမာပြောဆိုထားလျက်ရှိခြင်းကို ဤပုဂ္ဂိုလ်များမေ့လျော့ခဲ့ကြပြီလော။ ထိုပြောဆိုချက်အား စွန့်ပယ်လိုက်ရန်မှာ သာ၍ပင်ကွာလှမ်းလျက် ယခင့်ယခင်ကထက် ပိုမို၍ပင် တစ်ဆယ့်ကိုးရာစုနှစ်အတွင်း လေးနက်တည်ကြည်စွာဖြင့် ပိုမိုစိတ်ချသေချာကြောင်း ပြောလာပေသည်။ ရောမဘာသာဝင်ဂိုဏ်းက ကြေညာသည်မှာ 'အသင်းတော်သည် ဘယ်တုန်းကမမှားခဲ့၊ ကျမ်းစာလာချက်များနှင့်အညီ နောင်တွင်လည်းမှားလိမ့်မည်မဟုတ်' ဟု (John L. Von Mosheim) ဒေသနာသမိုင်းဆိုင်ရာတက္ကသိုလ်များအတွဲ ၃၊ ရာစု ၂ အပိုင်း ၂ အခန်း ၂ အခန်းစိတ် ၉၊ မှတ်စု ၁၇ တွင်) ဆိုထားရာ ရှေးရာစုနှစ်များစွာကပင် လမ်းကြောင်းပေးခဲ့သည့်အခြေခံမှုတို့အား ထိုဂိုဏ်းသည် မည်သို့သောနည်းဖြင့် တရားဝင်စွန့်ပယ်ပစ်လိုက်ရန် သဘောတူညီချက်ကို ပေးနိုင်ပါမည်နည်း။

ရောမဘာသာဝင်ဂိုဏ်း၏အသင်းတော်သည် ထိုသို့အမှားအယွင်းကင်းကြောင်းကြေညာချက်အား ဘယ်သောအခါတွင်မှ စွန့်ပယ်လိမ့်မည်မဟုတ်ပေ။ ထိုအသင်းတော်က မှန်ကန်သည်ဟူ၍ လက်ကိုင်

ထားသောယုံကြည်မှုစနစ်များကို ငြင်းဆန်ပယ်ချခဲ့သောသူတို့အား အရေးယူနိုင်မည့်နည်းလမ်းအားလုံးသုံး၍ အရေးယူခဲ့ပြီဖြစ်ရာ အခွင့်အလမ်းကို ထပ်မံရရှိခဲ့သော် အလားတူလုပ်ရပ်များအား ထပ်မံမလုပ်တော့ပါဟူ၍ စိတ်ချထားနိုင်ပါမည်လော။ လောကဆိုင်ရာအာဏာပိုင်များက တားဆီးပိတ်ပင်ထားချက်များအား ပယ်ရှားလျက် ရောမဂိုဏ်းချုပ်ကြီးအား ယခင်ကရရှိခဲ့ဖူးသည့်လုပ်ပိုင်ခွင့်အာဏာများကို ပြန်လည်အပ်နှင်းခြင်းခံခဲ့ရပါလျှင် ယခင်ပြုလုပ်ခဲ့သောဖိနှိပ်ရက်စက်မှုများနှင့်အပြစ်ဒဏ်စီရင်ခြင်းများသည် မနှေးအမြန်ပင်ပြန်၍အသက်ဝင်လာပါလိမ့်မည်

ဤသို့အားဖြင့် မသိစိတ်တရား၏ လွတ်လပ်မှုအခွင့်နှင့်စပ်လျဉ်း၍လူသိများပြီးလျှင် ထင်ရှားသောစာပေပညာရှင်တစ်ဦးက ရောမဘာသာဝင်ဆိုင်ရာ အမွေခံအုပ်ချုပ်သူများ၏တွေးခေါ်စဉ်းစားချက်များနှင့် အမေရိကန်ပြည်ထောင်စု၏မူဝါဒအောင်မြင်မှုကို ခြိမ်းခြောက်နေသည့်ဘေးရန်များအကြောင်းကို ရေးသားဖော်ပြထားသည်မှာ–

'အမေရိကန်ပြည်ထောင်စု၌ ရောမဘာသာကို ယုံကြည်ခြင်းဖြင့်လက်ခံသောဝါဒကို အယူသီးခြင်းနှင့်ကလေးဆန်ခြင်းတို့ကြောင့်တစ်စုံတစ်ရာကြောက်ရွံ့ခြင်းဖြစ်ရပါသည်ဟု ပြောဆိုသောလူအများအပြားကို ဖယ်ရှားပစ်ခဲ့ရသည့်အခါများရှိပါသည်။ ထိုသို့သောသူတို့သည် ရောမဘာသာလက်ခံခြင်းဝါဒ၏အစိတ်အပိုင်းနှင့်ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တွေးခေါ်မြော်မြင်မှုလမ်းစဉ်သည်ကျွန်ုပ်တို့၏လွတ်လပ်သောအသင်းအဖွဲ့များအပေါ် ရန်လိုမှုများထားရှိနေခြင်းကို မမြင်ရကြခြင်းကြောင့်လည်းကောင်း၊ ထိုဝါဒ၏တိုးတက်မှုသည် အဘယ်ကဲ့သို့မျှခြိမ်းခြောက်ခြင်းကို မတွေ့ရကြခြင်းကြောင့်

လည်းကောင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အာဏာပိုင်၏အခြေခံ စည်းမျဉ်းတချို့နှင့်ရောမအသင်းတော်၏စည်းမျဉ်းတချို့ကို ပထမ ဦးစွာနှိုင်းယှဉ်လျက် ကြည့်လိုသည်ဟုဆိုကြပါစို့။

'အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သည် မသိစိတ်တရား၏လွတ်လပ်မှုအခွင့်ကို အာမခံထား၏။ အဘယ် အရာကမျှပို၍အခြေခံမကျသကဲ့သို့ ပို၍လည်းအဖိုးမတန်ပါ။ ရောမ ဂိုဏ်းချုပ်ကြီးပိုက်ယာ့စ် (၉)က သူ၏ ၁၈၅၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ ကိုယ်တိုင်ရေးလှည့်လည်စာ၌ဖေါ်ပြထားသည်မှာ 'ဖြစ်ရိုးဖြစ်စဉ်အတိုင်းမဟုတ်ဘဲ အမှားအယွင်းထူပြောလှသော ဩဝါဒ အယူအဆများ (သို့မဟုတ်)အရူးအနှမ်းလို ရိုင်းရိုင်းစိုင်းစိုင်းပြောလာ သည့်စကားများအားဖြင့် မသိစိတ်တရား၏လွတ်လပ်မှုအခွင့်ကို ခုခံ ကာကွယ်ပြောဆိုခြင်းမှာ အလွန်အကျွံပင်စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ကန့်ကွက်ဖွယ်ရာပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း အကြောက်ရွံ့ ရဆုံးအဖြစ်သတ်မှတ်ရန်သင့်သည့် ရှိသမျှသောအခြားပိုးမွှားများ အနက်မှ ပိုးမွှားတစ်မျိုးဖြစ်ပေသည်။' ထိုရောမဂိုဏ်းချုပ်ကြီးက ပင်လျှင် ၁၈၆၄ ခု ဒီဇင်ဘာလ ၈ ရက်နေ့စွဲပါကိုယ်တိုင်ရေးလှည့် လည်စာတွင်ရှုတ်ချဖေါ်ပြထားသည်မှာ မသိစိတ်တရား၏လွတ်လပ် မှုပိုင်ခွင့်နှင့် ဘာသာရေး၌ယုံကြည်သက်ဝင်သည့်ဝတ်ပြုကိုးကွယ် ခြင်းကို အပြင်းအထန်ပြောနေသူများ၊' ထို့ပြင် 'အသင်းတော် အနေဖြင့် အင်အားသုံးစွဲခြင်းကို မပြုသင့်ကြောင်း၌ရပ်တည်ချက် ရှိနေသူများအားလုံး' ဟူသောစကားရပ်များပင်ဖြစ်ပါသည်။

'ရောမဘာသာဝင်ဂိုဏ်း၏ ငြိမ်းချမ်းမှုပြည့်ဝသည့်သံစဉ်သံထား သည် အမေရိကန်ပြည်ထောင်စုတွင် နှလုံးသားပြုပြင်ခြင်းအမှုအရာကို

ရရှိသွားမည်မဟုတ်ပေ။ အကူအညီကင်းမဲ့သည့်အခြေအနေ၌ အသင်းတော်သည် သည်းခံနိုင်ဖွယ်ရှိပါသည်။ ဂိုဏ်းအုပ်ဘုန်းကြီးအိုကောန်နာကပြောသည်မှာ 'ဘာသာရေးဆိုင်ရာလွတ်လပ်ခြင်းသည် တစ်ဖက်မှဆန့်ကျင်ခြင်းကို မိမိဘက်သို့ပါအောင်တောင့်ခံလျက် ရောမဘာသာဝင်တို့၏နယ်ပယ်အတွက် ဘေးရန်မရောက်စေရန် စောင့်ကြည့်ထားနိုင်သည်အထိသာလျှင်ဖြစ်၏။' စိန့်လူဝီမှဂိုဏ်းချုပ်ဘုန်းတော်ကြီးကလည်း တစ်ချိန်သောအခါ၌ မိန့်ဆိုခဲ့သည်မှာ 'အယူအဆအမှားများလက်ခံကျင့်သုံးခြင်းနှင့် ရောမဘာသာ၌ယုံကြည်မှုကင်းမဲ့ခြင်းတို့သည် ပြစ်မှုများဖြစ်ပေရာ၊ ခရစ်ယာန်နိုင်ငံများတွင် ဥပမာအားဖြင့် အီတလီနှင့်စပ်ပိန်နိုင်ငံတို့ကဲ့သို့ပင် လူတိုင်းသည် ရောမဘာသာဝင်များဖြစ်ကြရာ ရောမဘာသာသည်လည်း နယ်မြေဥပဒေစိုးမိုးရေးအတွက် အဓိကအစိတ်အပိုင်းအဖြစ် ရပ်တည်နေပါသဖြင့် ထိုသို့သောအချင်းအရာတို့ကို အခြားသောပြစ်မှုအဖြစ်သတ်မှတ်အပြစ်ပေးရသည်။

'ကာဒင်နယ်ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့်ဂိုဏ်းအုပ်ဘုန်းကြီးအစရှိသော ရောမဘာသာအသင်းတော်ဆိုင်ရာ သာသနာ့ဝန်ထမ်းတိုင်းတစ်ဦးချင်းသည် ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာခံသောကျမ်းသစ္စာပြုချက်အား ကိုယ်စီခံယူကြရာ၌ သုံးနှုန်းပါရှိသောစကားရပ်များကား 'အယူအဆအမှားများအား လက်ခံကျင့်သုံးသူများနှင့် ရောမဘာသာ၌ယုံကြည်ခြင်းကင်းမဲ့သူများ၊ အသင်းတော်၌အုပ်စုနှစ်စုဖြစ်စေ၊ ပိုမို၍ဖြစ်စေရန် ဖေါက်ပြန်သင်းခွဲသူမကောင်းမှုသမားများနှင့် အသင်းတော်၏အာဏာစက်အောက်တွင်ရှိနေရန်ငြင်းပယ်သူများသည် ကျွန်ုပ်တို့၏အဆိုပါသခင် (ဂိုဏ်းချုပ်ကြီး)

ကိုဖြစ်စေ၊ သူ၏အရိုက်အရာကိုဆက်ခံမည့်သူများ၁အားဖြစ်စေ ပုန်ကန်ခဲ့လျှင် အကျွန်ုပ်၏ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် အပြစ်ဒဏ်ခတ်လျက်ဆန့်ကျင်ပါမည်ဟူ၍' ဂျိုစီယာ၊ စတျောန်(ဂ)၊ ကျွန်ုပ်တို့၏'တိုင်းပြည်နိုင်ငံ' အခန်း ၅၊ စာပိုဒ် ၂–၄ တွင်ပါရှိလေသည်။

ရောမဘာသာဝင် ခရစ်ယာန်သာသနာ လူ့အဖွဲ့အစည်းအတွင်း စစ်မှန်သောခရစ်ယာန်များရှိသည်ဆိုခြင်းမှာ ဧကန်အမှန်ပင်ဖြစ်၏။ ထိုအသင်းတော်မှထောင်ဂဏန်းချီလျက်ရှိသောသူတို့သည် ၎င်းတို့ရရှိထားသော အလင်းတရားအသိဉာဏ်ပွင့်မှုရရှိသည့်အတိုင်း အတတ်နိုင်ဆုံးအားဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်လျက်ရှိကြပါသည်။ သူတို့အား ဘုရားသခင်၏နှုတ်ထွက်စကားနှင့်လက်လှမ်းမမီစေရန် စီမံထားခြင်းကြောင့် သူတို့သည်အမှန်တရားကို သိသာထင်ရှားစွာမရရှိကြပါ။ ပုံသေဆန်သည့်လှုပ်ရှားမှုမျှသာဖြစ်သော အခမ်းအနားများနှင့် သက်ဝင်လှုပ်ရှားရှင်သန်သည့်နှလုံးသားကို ဖြစ်ပေါ်ရရှိစေသောဒေသနာဟောပြောကြားနာခြင်းတို့၌ ထိုသူတို့သည် ဘယ်သောအခါကမှ ခွဲခြားသိမြင်ခြင်းကိုမရရှိခဲ့ကြပေ။ ကျေနပ်ဖွယ်ရာမရှိဖြစ်လျက်လှည့်စားမှုနှင့်လွှမ်းခြုံမှုခံရသော ယုံကြည်ခြင်းကို ဟောပြောသင်ကြားခြင်းခံယူနေကြရသည့် ဤသို့သောသူတို့အပေါ် ထာဝရဘုရားသခင်ကစာနာသနားခြင်းပြည့်ဝသော နူးညံ့သိမ်မွေ့ခြင်းဖြင့် မြင်တွေ့ကြည့်ရှုနေရပါ၏။ ကိုယ်တော်သည် သူတို့အား ဝန်းရံနေသည့်ထူထဲသောအမှောင်ထုကြီးကို ရောင်ခြည်အလင်းတန်းများထိုးဖေါက်ဝင်ရောက်စေရန်ပြုလုပ်ပေးပါလိမ့်မည်။ သားတော်ဘုရားသခင်ယေရှု၌ရှိသောသမ္မာတရားကို သတို့မြင်သာအောင် ကိုယ်တော်သည် ပြသတော်မူလျက် သူတို့အထဲမှအများအပြားသောလူတို့သည် ကိုယ်တော်၏

လူများနှင့်အတူ နေရာယူဝတ်ပြုခြင်းအနေအထားသို့ ရောက်ရှိရပေလိမ့်ဦးမည်သာ။

ရောမဘာသာဝင်ဝတ်ပြုကိုးကွယ်ရာကျောင်း၏ဆွဲဆောင်မှု

ရောမဝါဒအနေဖြင့်ပုံမှန်လှုပ်ရှားနေသော အစုအဖွဲ့တစ်ရပ်ဖြစ်ပါသော်လည်း ထိုအဖွဲ့အစည်း၏သမိုင်းသက်တမ်းရှေ့ပိုင်းကာလ၌ ဓမ္မသစ်ကျမ်းပါခရစ်တော်၏သွန်သင်ချက်နှင့် သဘောတိုက်ဆိုင်မှုမရှိခဲ့သလို ယခုအခါမှာလည်း ပို၍တိုးတက်မလာပါ။ ပရိုတက်စတင့်အသင်းတော်များသည် နက်ရှိုင်းသောအမှောင်ထုအတွင်းကျရောက်နေကြရာ ထိုသို့မဟုတ်လျှင် သူတို့သည် အချိန်ကာလဆိုင်ရာအံ့ဖွယ်အမှုများကိုသူတို့ထင်ထင်မြင်မြင်တွေ့ကြရလိမ့်မည်။ ရောမအသင်းတော်လုပ်ငန်းများစီမံချက်နှင့် အကောင်အထည်ဖော်ခြင်းတို့မှာလက်တံရှည်သည့်သဘောကိုဆောင်၏။ ကမ္ဘာလုံးဆိုင်ရာထိန်းချုပ်မှုကိုပြန်လည်ရနိုင်ရေးအတွက် စိုးရွံ့ဖွယ်နှင့်စိတ်ပိုင်းဖြတ်ချက်ရှိထားပြီးသော ပဋိပက္ခတွက်ပြင်ဆင်မှုကိုဖြစ်စေသည့် အသင်းတော်၏ဩဇာသက်ရောက်မှုနှင့် စွမ်းဆောင်ရည်တိုးမြင့်လာရေး၌ နည်းပရိယာယ်အသီးသီးအား အသုံးပြုဆောင်ရွက်လျက်နေပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် ညှဉ်းပန်းနှိပ်စက်မှုပြန်လည်တည်ဆောက်ခြင်းနှင့်ပရိုတက်စတင့်ဝါဒအယူအဆများအားလုံးကို ချေဖျက်ခြင်းတို့သည် အပါအဝင်ဖြစ်ပါသည်။ ရောမဝါဒသည် အဖက်ဖက်တွင်အနိုင်ရမည့်အနေအထားမှာရှိနေ၏။ ပရိုတက်စတင့်ဘာသာဝင်အများစုနိုင်ငံတို့၌ပင် တိုးပွားများပြားလာနေသည့် ၎င်း၏အသင်း

တော်များနှင့်ဝတ်ပြုရာနေရာများ၏ အရေအတွက်ကိုကြည့်ပါ။ ပရိ
တက်စတင့်တို့၏ကမကထပြုခြင်းဖြင့် အမေရိကန်နိုင်ငံတစ်ဝန်းကျယ်
ပြန့်စွာပေါ်ပေါက်လာသည့် လူကြိုက်များသော ကောလိပ်ကျောင်းများ၊
ကျမ်းစာသင်ကျောင်းများတွင် မြင်နိုင်ပါ၏။ အင်္ဂလန်ပြည်တွင်ရှိသော
ဘုရားကျောင်းများ၌ ပုံသေဆန်သည့်အခမ်းအနားစီစဉ်မှုများအား
လူအများကြိုက်နှစ်သက်မှုကြီးထွားလာလျက် ရောမအသင်းဝင်
များဘက်သို့ မကြာခဏသလို ခိုလှုံဝင်ရောက်သွားမှုများကို
ကြည့်ကြပါလော့။ ဤအချင်းအရာတို့သည် ခရစ်တော်သခင်၏
သွန်သင်ချက်၌ပါရှိသော သန့်စင်မွန်မြတ်သည့်အခြေခံဉပဒေသ
တို့အပေါ် တန်ဖိုးထားလေးစားသူတို့၏စိုးရိမ်ကြောင့်ကြမှုကို နိုးကြား
စေသင့်ပါ၏။

ပရိတက်စတင့်တို့သည် ရောမဘာသာဝင်အသင်းတော်များ
ထဲသို့ဝင်ရောက်စွက်ဖက်ခြင်းနှင့်အတူ အောက်ကျို့ခယခြင်းကို
ပြုခဲ့ကြပါပြီ။ သူတို့သည် အပေးအယူပြုလုပ်ခြင်းများနှင့်အလျှော့ပေး
ခြင်းများကို လုပ်ခဲ့ရာတွင် ရောမဘာသာဝင်များကိုယ်၌ကပင် အံ့အား
သင့်ခဲ့ရလျက် နားမလည်နိုင်ဖြစ်ကြ၏။ ရောမဝါဒ၏စစ်မှန်သော
စရိုက်လက္ခဏာကို လူအပေါင်းတို့သည် မျက်ကွယ်ပြုထားကြလျက်
ထိုဝါဒသာအထွတ်အထိပ်မှာရှိခဲ့လျှင် ကြုံရကြမည့်ဘေးရန်များကို
စိုးရွံ့ထိတ်လန့်ခြင်းမရှိကြပါ။ လူအများသည် ဤဘေးရန်အများ
ဆုံးဖြစ်သည့်ရန်သူက အများပြည်သူဆိုင်ရာနှင့်ဘာသာရေးဆိုင်ရာ
လွတ်လပ်ခြင်းအခွင့်တို့အား ကန့်သတ်ရန်ကြိုးပမ်းနေခြင်းတို့ကို
ခုခံတွန်းလှန်ရေးအတွက် လှုံ့ဆော်မှုရှိရန် လိုအပ်နေပါပြီ။

အများအပြားသော ပရိတက်စတင့်တို့က ယူဆသည်မှာ
ရောမဘာသာတရားသည် ဆွဲဆောင်မှုကင်းမဲ့ကာ ဝတ်ပြု

ကိုးကွယ်ခြင်း၌ငြီးငွေ့ဖွယ်ရာ အနက်မရှိပုံစံမှန်အခမ်းအနားတစ်ခု မျှသာဟုယူဆကြ၏။ ဤနေရာ၌မူ သူတို့မှားယွင်းကြပါသည်။ ရောမအယူဝါဒသည် လှည့်စားမှုအပေါ်အခြေခံထားသော်ငြား ရှန့်ရင်း ကြမ်းတမ်းကာ စြဖ်ကတတ်ဆန်းပုံပျက်ပန်းပျက်နိုင်သော လှည့်စား သည့်အလိမ်အညာမျိုးမဟုတ်ပေ။ ရေမအသင်းတော်ကပြုလုပ်သည့် ဝတ်ပြုခြင်းအမှုအရာသည် စိတ်၌အထင်ကြီးဖွယ်ရာ အမှတ်တရ စွဲနေရတတ်သော ဘာသာရေးလုပ်ဆောင်မှုဖြစ်ပါသည်။ ၎င်း၏ ခန့်ညားသားနားသော အခင်းအကျင်းနှင့်လေးနက်တည်ကြည်မှုရှိသည့် အခမ်းအနားစီစဉ်မှုတို့ဖြင့် ကြီးမားသောဆွဲဆောင်နိုင်ခြင်းက တက်ရောက်သူတို့၏စိတ်ပိုင်းခံစားရမှုရှိစေလျက် ဆင်ခြင်တုံတရားနှင့် မသိစိတ်တရားတို့၏ ဖွင့်ဟဆိုလိုသည့်အသံကို တိတ်ဆိတ်ငြိမ်သက် စေပါသည်။ အမြင်အာရုံတိမ်းညွှတ်သွားအောင် ဆွဲဆောင်နိုင်မှုဖြင့် စူးစိုက်နေစေပါ၏။ အနုအရွ၊ အလှအပကို ကြိုက်တတ်သူတို့အဖို့ ခမ်းနားကြီးကျယ်သော ကျောင်းပရဝဏ်များ၊ ခန့်ညားသောစီတန်း လှည့်လည်ခြင်းများ၊ ရွှေရောင်ဝင်းသောပလ္လင်စားပွဲများ၊ ကျောက်မျက် စီခြယ်ထားသော ရုပ်တုများ၊ လက်ရွေးစင်ရုပ်ပုံပန်းချီရေး ခြယ်ထားသည့်ကားချပ်များနှင့် အကောင်းဆုံးသောသူတော်စင်ရုပ်တု ထုလုပ်ထားချက်များရှိနေပါသည်။ အကြားအာရုံပိုင်းတွင် ဆွဲဆောင် ဖြားယောင်းထားခြင်းရှိပါ၏။ တေးဂီတလက်ရာမှာလည်း မယှဉ်သာအောင်ရှိပါသည်။ စိတ်နှလုံးဝယ်ကြောက်ရွံ့မှုနှင့်ရိုသေ ကိုင်းရှိုင်းခြင်း၌အမှတ်သည်းခြေဖြစ်စေလောက်သည့် ခန့်ညားထည် ဝါလှသော ဝတ်ကျောင်းတော်၏အမောက်အခုံးများနှင့်ရှည်လျားသည့် အုတ်တိုင်များစီတန်းနေသည့်ကြားလမ်းများတွင် များပြားလှသော

အသံစုံတို့နှင့်ရောနှောထွက်ပေါ်လာသည့် အော်ဂင်တီးခတ်သံတို့မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါ၏။

ဤသို့ အပြင်ပန်းအခင်းအကျင်း ပကာသနအဆောင်အယောင်နှင့်အခမ်းအနားပြုပြင်တို့မှာ အပြစ်လွှမ်းအိုးနေသူတို့၏တမ်းတမှုများကို ပြက်ရယ်ပြုနေသကဲ့သို့ဖြစ်စေပြီးလျှင် အတွင်းလိုက်စားပျက်စီးနေမှု၏ အထောက်အထားတစ်ခုအဖြစ် သက်ရောက်စေပါသည်။ အဆိုပါ ဆွဲဆောင်ခြင်းများအား ခရစ်တော်၏ဘာသာတရားကို ကျေနပ်ဖွယ် နှစ်လိုဖွယ်ဖြစ်စေရန် အသုံးပြုခြင်းမှာမလိုအပ်ပေ။ လက်ဝါးကပ်တိုင်မှ ထင်ဟပ်နေသော အလင်းရောင်အားဖြင့်သာလျှင် စစ်မှန်သော ခရစ်ယာန်ဘာသာ၌ အလွန်မွန်မြတ်စင်ကြယ်ခြင်းနှင့်ချစ်မြတ်နိုးဖွယ်ရှိမှုတို့ထင်ရှားပြသနေပေရာ၊ အပြင်ပန်းမွမ်းမံပြင်ဆင်ခြင်းများသည် ထိုဘာသာ၏စစ်မှန်သောတန်ဖိုးရှိခြင်းအား ပို၍မြင့်မားလာစေနိုင်မည်မဟုတ်တော့ပါ။ ဘုရားသခင်နှင့်စပ်လျဉ်းသည့်ရှိသေကိုင်းရှိုင်းခြင်းအလှတရားနှင့်စိတ်နှိမ့်ချခြင်းပြည့်ဝသော ငြိမ်သက်မှုနှင့်စိတ်လှုပ်ရှားမှုကင်းသည့်စိတ်နေစိတ်ထားတို့သာလျှင် အဖိုးတန်ဖြစ်ပါ၏။

ပွင့်လင်းမြင့်မားသော တွေးခေါ်စဉ်းစားချက်အရ လုပ်ကိုင်ပုံမှုဟန်၏အလှအပသည် မရှိလျှင်မဖြစ်သည့်လိုအပ်ချက်မဟုတ်ပါ။ လောကရေးရာဆန်လျက် ကာမဂုဏ်မချုပ်တည်းနိုင်ကြသူများ၏ စိတ်ထဲဝယ် မြင့်မားသောအနုပညာစိတ်ကူးစိတ်သန်းနှင့် အလွယ်တကူပျက်စီးစေနိုင်သော အသိဉာဏ်ပညာအတွေ့အကြုံတို့သည် အများအားဖြင့်ရှိကြ၏။ ထိုအရာများကို စာတန်က အသုံးချခိုင်းစေကာ စိတ်စေတသိက်၏လိုအပ်နေခြင်းများအား မေ့လျော့စေရန်၊ အနာဂတ်ကာလကို မျက်ခြည်မပြတ်စေရန်၊ ထာဝရမသေနိုင်ခြင်းဘဝရှိစေရန်

ထာဝရကယ်တင်ကူညီသူဘုရားသခင်ထံမှရှောင်လွှဲရန်နှင့် ဤတစ်ကမ္ဘာတစ်လောကကိုသာရှင်သန်ရန် စာတန်က လူအပေါင်းတို့ကို လမ်းပြနေပါ၏။

နှလုံးသားပြုပြင်ခြင်းခံယူမရနိုင်သူများအဖို့ အပြင်ပန်းအပြုအမူများနှင့် အခမ်းအနားများဖြင့်လွှမ်းမိုးနေသော ဘာသာတရားတစ်ခုသည် ဆွဲဆောင်နိုင်စွမ်းရှိပါသည်။ ခမ်းခမ်းနားနားလုပ်ဆောင်ခြင်းနှင့် အခမ်းအနားစီစဉ်မှုအရ ရောမဘာသာဝင်ဝတ်ပြုကိုးကွယ်ခြင်းတွင် ဖြားယောင်းညို့ယူဖမ်းစားမှုစွမ်းပကားအားဖြင့် လူများစွာတို့သည် လှည့်စားမှုခံရပြီးနောက် သူတို့ကရောမအသင်းတော်သည် ကောင်းကင်ဘုံသို့ဝင်ရာတံခါးပေတည်းဟူ၍ အထင်ရောက်ကြရပေသည်။ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် နှလုံးသားသစ်ကို ရရှိထားသူနှင့်အမှန်တရား၏အခြေခံအုတ်မြစ်၌ မြဲမြံစွာရပ်တည်ထားသူများမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအသင်းတော်၏သြဇာသက်ရောက်မှုကို မခံနိုင်။ အရှုံးပေးရကြတော့သည်။ ယေရှုခရစ်တော်အကြောင်းကို မှန်မှန်ကန်ကန်လေ့လာမှုမရှိ၊ အတွေ့အကြုံချွတ်ယွင်းအားနည်းသူ ထောင်ပေါင်းများစွာတို့သည် တန်ခိုးတော်မပါရှိသော ဘုရားဝတ်၌ မွေလျော်ခြင်းပုံစံအမျိုးမျိုးကိုလက်ခံရန် ဆွဲခေါ်လမ်းပြခြင်းခံရကြပေလိမ့်မည်။ ထိုကဲ့သို့သော ဘာသာတရားတစ်ခုသည် လူအများစုကြီးက လိုလားဆန္ဒရှိသော ဘာသာဖြစ်ရုံသက်သက်မျှသာဖြစ်ပါ၏။

## စစ်မှန်ခြင်းမရှိသောအကျင့်ထုံးစံများ

အသင်းတော်အနေဖြင့် အပြစ်လွှတ်ပိုင်ခွင့်ရှိကြောင်း သတ်မှတ်ချက်သည် ရောမဘာသာဝင်တစ်ဦးအား အပြစ်ပြုရန် တွန့်ဆုတ်ခြင်း

ကင်းစေလျက် ဖွင့်ဟဝန်ခံသည့် အာပတ်ဖြေမှုလုပ်ဆောင်ချက်ကို မရှိမဖြစ်ထားရှိကာ ခွင့်လွှတ်မှုရယူစေခြင်းအားဖြင့် မကောင်းသော လုပ်ရပ်ကို လုပ်ပိုင်ခွင့်ပေးနေသကဲ့သို့လည်းဖြစ်ပေါ်စေ၏။ အပြစ် သားတည်းဟူသော လူသားရှေ့၌ဒူးထောက်ပြီးလျှင် မိမိနှလုံးသား၌ ခံစားရသည့် လျှို့ဝှက်အတွေးစိတ်ကူးစိတ်သန်းများအား ဖွင့်ဟဝန်ခံ သူတစ်ဦးသည် ၎င်း၏လူ့ဘဝဖြစ်တည်ခြင်း၌ နိမ့်ကျသွားစေကာ သူ၏ခန္ဓာကိုယ်၊ ဝိညာဉ်ဆိုင်ရာအဆင့်မြင့်အသိစိတ်စေတသိက်တို့ကို ပိုမို၍နိမ့်ချလျက်ရှိနေစေပါသည်။ သူ့ဘဝအသက်တာရှိအပြစ်များအား ခရစ်ယာန်ဘုန်းတော်ကြီးဖြစ်သူတစ်ဦးထံ ဖွင့်ဟပြောဆိုရာ၌ ထိုခရစ်ယာန် ဘုန်းတော်ကြီးသည် မှားတတ်သူ၊ အပြစ်ပြုတတ်သူ၊ အဖန်ဖန် သေရည်ယစ်မူးကာ ကိုယ်ကျင့်သိက္ခာဖေါက်ပြားလျက် ပုပ်စပ်နေသူ ဖြစ်ရာ သူ့ကိုယ်သူအကျင့်စာရိတ္တနေရာ၌ အဆင့်လျှော့စေပြီးလျှင် အဆုံး၌ညစ်ညူးစေခြင်းခံရလေသည်။ သူ၏ဘုရားသခင်အပေါ်ထားရှိ သောအတွေးအခေါ်သည် ကျဆုံးပျက်စီးခဲ့သောလူသားတစ်ရပ်လုံးအပေါ် ထားရှိသည့်အလား နိမ့်ကျကာနေတော့၏။ အကြောင်းမှာ ခရစ်ယာန် ဘုန်းကြီးဖြစ်သူသည် ဘုရားသခင်ကိုကိုယ်စားပြုထားသောသူဖြစ်ခြင်း ကြောင့်ပေတည်း။ ကမ္ဘာလောက၏ကပ်ကာလကုန်ဆုံးချိန်နှင့်အံဝင် ခွင်ကျဖြစ်စေမှုအတွက် ဆိုးညစ်ခြင်းအများအပြားဖြင့် ညစ်ညူးစေသော ဤကမ္ဘာအဖြစ်ရောက်ရှိအောင် ယခုလိုလူလူချင်းအပြစ်ကို ဖွင့်ဟဝန်ခံမှု ဆိုသည့်အဆင့်နိမ့်သောလုပ်ရပ်၌ လျှို့ဝှက်ချက်သည်တည်ရှိပါ၏။ ထိုအချက်ကို သတိမမူနိုင်လောက်ပြွားသော်လည်း ကိုယ်အလိုသို့ လိုက်လျက် မိမိကိုယ်မိမိကသာလျှင် ချစ်သည်ဟူသောအယူရှိနေသူအဖို့ ဘုရားသခင်ထံ၌ စိတ်ကိုဖွင့်လှစ်ခြင်းထက် ဘဝတူလူသားတစ်ဦးထံ

ဖွင့်ဟဝန်ခံခြင်းအား သာ၍ကျေနပ်နှစ်သက်မိတတ်ပါ၏။ အပြစ်ဖြစ်ရခြင်း၌ ရှုတ်ချရှောင်လွဲမည့်အစား လူသားသဘာဝအတိုင်း မိမိကိုယ်မိမိဒဏ်ခတ်မှုပြုရန် ပို၍လိုလားလျက် ကိလေသာရမ္မက်များကို အပြီးအပိုင်မစွန့်ပယ်တော့ဘဲ ပိတ်ကြမ်းထည်ဝတ်၍ အစူးအရှခံရင်း အစဉ်မပြတ်သော ရက်ဖွယ်ရာအနှိမ့်အချခံခြင်းတို့ဖြင့် မိမိစိတ်ကို ဆင်းရဲဝေဒနာအားဖြင့် ဒဏ်ခတ်ခြင်းပြုပါသည်။ ခရစ်တော်က ထမ်းစေလိုသောထမ်းပိုးအောက်၌ ဝင်၍ထမ်းမည့်အစား ကာမဂုဏ်ကို ကြိုက်နှစ်သက်တတ်သည်လူ့နှလုံးသားက လေးလံသည့်ဝန်ကိုသာ သယ်ဆောင်စိတ်ရှိနေပါ၏။

သခင်ခရစ်တော် ပထမအကြိမ်ကြွလာခဲ့စဉ်ကာလ၌ ရောမအသင်းတော်နှင့်ဂျူးအသင်းတော်တို့အကြား သတိပြုမိလောက်သည့်တူညီမှုတစ်ရပ်ရှိနေပါသည်။ ဘုရားသခင်၏ပညတ်ဥပဒေပါ အခြေခံတရားတစ်ခုစီတိုင်းအပေါ် တိတ်တဆိတ်နင်းချေခဲ့ခြင်းနှင့်အတူ ဂျူးလူမျိုးအပေါင်းတို့သည် အပြင်ပန်းအားဖြင့် ဥပဒေကို တင်းကြပ်မှုဖြင့် လိုက်လျှောက်ဟန်ပေါ်ပေါက်စေပြီး ထိုသို့လိုက်နာလုပ်ဆောင်ခြင်းအားဖြင့် နာကျင်မှုခံလျက် ဝန်ထုပ်ဝန်ပိုးထမ်းနေရသကဲ့သို့ဖြစ်စေရန် တင်းကြပ်သောအရေးဆိုမှုများနှင့် ထုံးထမ်းအစဉ်အလာများကို ပုံအောချထားပေးခဲ့ကြပါသည်။ ထာဝရဘုရားသခင်၏ ဥပဒေသကို ကြောက်ရွံ့လေးစားဟန် ဂျူးလူမျိုးတို့လှည့်စားပြောဆိုကြသည်နည်းတူ ရောမဘာသာရေးဝါဒီများက ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်ကို အလေးအမြတ်ထားပါသည်ဟုကြွေးကြော်ခဲ့ကြပေသည်။ ခရစ်တော်၏ အနစ်နာခံမှုများ၏ပြယုဂ်ကို မြင့်မားအောင် ချီးမွမ်းမြှောက်စားရင်းဖြင့် သူတို့၏ဘဝအသက်တာများ

တစ်လျှောက်လုံး ထိုလက်ဝါးကပ်တိုင်ကို ကိုယ်စားပြုသော ယေရှု ခရစ်တော်အား ငြင်းပယ်ခဲ့ကြပါ၏။

ရောမဘာသာဝင်များသည် သူတို့၏ဝတ်ပြုရာဝတ်ကျောင်း များ၌လည်းကောင်း၊ ဝတ်ကျောင်းရှိပလ္လင်ခန်းများတွင်လည်းကောင်း၊ သူတို့၏ဝတ်ဆင်ရာ အဝတ်အထည်များပေါ်၌လည်းကောင်း လက်ဝါးကပ်တိုင်သင်္ကေတများကို နေရာချပေးခဲ့ကြ၏။ နေရာတကာများတွင် ကပ်တိုင်၏ထူးဆန်းသောသင်္ကေတများအား တွေ့မြင်ရပါ၏။ နေရာတကာတိုင်းမှာ ကပ်တိုင်ကို အပြင်ပန်းဂုဏ် ယူခြင်းနှင့်ချီးမြှောက်ခဲ့ကြပါသည်။ သို့ရာတွင် အနက်မရှိသော ထုံးတမ်းဓလေ့များ၊ မှားယွင်းသောပြန်ဆိုချက်များ၏အောက်ဝယ် ခရစ်တော်၏သွန်သင်ဆုံးမဟောကြားချက်များကို ပိပြားစေပေသည်။ ပြင်းထန်သောလည္ဆန်ကြားချက်များချမှတ်လျက် အတင်းအကြပ်ပြုကြ ပါသည်။ ဘာသာတရားမကိုင်းရှိုင်းသူ ဂျူးလူမျိုးများနှင့်ဝပ်လျဉ်း၍ ကယ်တင်သခင်က အသုံးပြုခဲ့သောစကားရပ်များသည် ရောမ အသင်းတော်၏ခေါင်းဆောင်များအဖို့ ပို၍ပင်ထိရောက်မှုရှိစေပါသည်။ "အလွန်လေး၍ထမ်းခဲ့သောဝန်တို့ကို ပြင်ဆင်၍ သူတစ်ပါး၏ပခုံး ပေါ်မှာ တင်တတ်ကြ၏။ မိမိတို့မူကား လက်ဖျားနှင့်မျှ မရွေ့လိုကြ။" မဿဲ ၂၃း၄။ သတိတရားလက်ကိုင်ထားလျက် အမြင်မှန်ရသူတို့အား ဘုရားသခင်၏အမျက်တော်ကို အစဉ်တစိုက်စိုးရွံ့ထိတ်လန့်နေအောင် ပြုပြီးလျှင် အကြောက်တရား၌တည်နေစေခိုက်မှာပင် အသင်းတော်၏ အဆင့်မြင့်တာဝန်ရှိသူ အများအပြားမှာ လောကဆိုင်ရာရမ္မက်တို့နှင့် ပျော်ရွှင်မှုခံစားကာ စည်းစိမ်ရှိရှိနေထိုင်ကြပါသည်။

ရုပ်တုများနှင့်အမှတ်တရကျန်ရစ်သော သေလွန်သူတို့၏ ပစ္စည်းများကို ကိုးကွယ်ခြင်း၊ သူတော်စင်စာရင်း၌ တရားဝင်သွင်းကာ လူတချို့အားခန့်အပ်ခြင်းနှင့်ရောမပါပရဟန်းမင်းအား ကိုယ်ထက်မြင့်၍ထောမနာပြုခြင်းများမှာ ဘုရားသခင်နှင့်သားတော်ဘုရားသခင်တို့ထံ စိတ်နှလုံးတိမ်းညွတ်နေသူအပေါင်းကို စာတန်က ဖြားယောင်းသည့် အစီအမံများဖြစ်ပါ၏။ သူတို့၏ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် ကယ်တင်ခြင်းတရားကိုပေးပိုင်သူ ခရစ်တော်နှင့် ထာဝရဘုရားသခင်တို့ထံမှလွဲဖယ်သွားစေခြင်းဖြင့် စာတန်ကကြိုးပမ်းနေပါသည်။ သူသည် ထိုသူအပေါင်းအား ခရစ်တော်မြွက်ကြားခဲ့သောစကားရပ်ကို အစားထိုးနိုင်မည့်မည့်အရာကိုမဆိုး ညွှန်းပြပေးလိမ့်မည်။ ကိုယ်တော်က မိန့်တော်မူထားသည်ကား၊ "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။" မဿဲ ၁၁း၂၈။

## ဘာသာမဲ့ဝါဒနှင့်ခရစ်ယာန်ယုံကြည်ခြင်းပေါင်းစည်းမှု

ဘုရားသခင်၏သွင်ပြင်လက္ခဏာ၊ အပြစ်၏သဘောသဘာဝနှင့် မဟာတိုက်လှန်ပွဲ၌ အဖြေမထွက်သေးသည့်အခက်အခဲတို့အပေါ် မှားယွင်းစွာပြောဆိုတင်ပြနိုင်ရန် စာတန်၏အစဉ်တစိုက်ကြိုးပမ်းမှုသည် ရှိနေပါ၏။ သူ၏လှည့်စားမှုလုပ်ရပ်အားဖြင့် ဘုရားသခင်၏ ဥပဒေသကို လိုက်နာမှု၌လျော့ပါးစေကာ လူအပေါင်းကို အပြစ်ကျူးလွန်ခွင့်ပေးနေပါသည်။ တစ်ချိန်တည်း၌ပင် ဘုရားသခင်နှင့် သက်ဆိုင်သောကိစ္စရပ်များအား အမှားမှားအယွင်းယွင်းလက်ခံသဘောပေါက်စေရန် လိုလားတမ်းတစေလျက် ဘုရားသခင်အပေါ်ချစ်ခြင်း

ထက် ကိုယ်တော်အားကြောက်ရွံ့မုန်းတီးမှုဖြင့် ကြည်မြင်လာစေရန် သူကဖန်တီးတတ်ပါ၏။ သူ့ကိုယ်ပိုင်စရိုက်လက္ခဏာ၏မွေးရာပါ ဖြစ်သော ကြမ်းကြုတ်ရက်စက်မှုသည် ဖန်ဆင်းသူ ဘုရားသခင်ကြောင့် ဖြစ်လေဟန်ပြောဆိုပြီးလျှင် ထိုအချင်းအရာသည် ဘုရားသခင်၏ တရားတော်၌ ချမှတ်ထားသောစနစ်များနှင့်အတူပါရှိကာ ဝတ်ပြု ကိုးကွယ်ခြင်းမှုဟန်အသွယ်သွယ်၌ ထုတ်ဖော်ပြသထားကြောင်း ဖန်တီး လေသည်။ ဤနည်းအားဖြင့် လူအပေါင်းတို့၌လှည့်ဖြားခြင်းတရား လွှမ်းခြုံခြင်းခံရလျက် သူတို့ကို စာတန်က ဘုရားသခင်ဆန့်ကျင်ရေး၌ သူ၏အစေအပါးများအဖြစ် ခိုင်းစေပါတော့သည်။ ဘုရားသခင်၏ မွန်မြတ်သန့်စင်သော ဂုဏ်အင်္ဂါရပ်များအား တလွဲတချော်ယုံကြည် လက်ခံစေလျက် ဘာသာတရားကင်းမဲ့သည့် လူမျိုးအပေါင်း၌ တန်ခိုး ရှင်၏အခွင့်အရေးပေးခြင်းခံရမှုရှိစေရေးအတွက် လူသားယဇ်ပူဇော် မှုများလိုအပ်ကြောင်းများကို ယုံကြည်အောင်လမ်းပြဆွဲယူတတ်ပါ၏။ ဘုရားသခင်အစစ်အမှန်မဟုတ်သည့် ကိုးကွယ်ခြင်းပုံစံအမျိုးမျိုး အောက်တွင် ကြောက်မက်ဖွယ်ရာ ကြမ်းကြုတ်မှုများအားဖြင့် အပြစ်မကောင်းမှုများသည် ဖြစ်ပေါ်ခဲ့ရလေတော့သည်။

ရောမဘာသာဝင်အသင်းတော်သည် ဘာသာတရားကို လက်မခံသည့် ဝါဒရှိပုံစံအမျိုးမျိုးနှင့်ခရစ်ယာန်ဘာသာတရားရှိ လိုရာပုံစံတို့အား ပေါင်းစပ်ပြီးလျှင် ပထမဝါဒကဲ့သို့ပင် ဘုရားသခင်၏ လက္ခဏာသွင်ပြင်ကို မှားမှားယွင်းယွင်းတင်ပြလျက် ကြမ်းတမ်း ရက်စက်ပြီး အော့နှလုံးနာဖွယ်ရာ အပြုအမူများကို ကျင့်သုံးခြင်း၌ အားကိုးလုပ်ဆောင်ခဲ့ပါသည်။ ရောမနိုင်ငံတော်၏ခေတ်ကာလ

ထိပ်တန်းအဆင့်သို့ရောက်နေစဉ်ပင် ညှဥ်းပန်းနှိပ်စက်ရာ၌ အသုံး ပြုသောကိရိယာတန်ဆာပလာများအားဖြင့် အယူအဆသြဝါဒများ အတိုင်း လိုက်နာစေရန် အတင်းအကြပ်အဓမ္မပြုလုပ်ခဲ့ပါသည်။ ရောမ၏တောင်းဆိုချက်များအားလက်ခံရန် သဘောမတူသူတို့အား မြေစိုက်တိုင်တွင်ကြိုးတုပ်ကာ မီးရှို့သတ်သည့်အပြစ်ဒဏ်ချ၏။ တရားစီရင်ချိန်ရောက်မှသာလျှင် ထွက်ပေါ်လာနိုင်မည့်အစုလိုက် အပြုံလိုက်ဖြစ်ခဲ့သောလူသတ်ပွဲမည်မျှများပြားသည်ကို မည်သူက မျှသိနိုင်ခြင်းမရှိခဲ့ပေ။ သူတို့ညှဥ်းပန်းနှိပ်စက်ထားသူများ၏ အသက်ကုန်ဆုံးမှုမရှိစေဘဲ ညှဥ်းပန်းမှုအပြင်းထန်ဆုံးဖြစ်နိုင်ချေများကို အသင်းတော်လူကြီးအဆင့်မြင့်အရာရှိတို့က စာတန်အား ဆရာတင် လျက် လေ့လာတီထွင်သည့်နည်းလမ်းစုံထားရှိခဲ့ပါသည်။ လူသား၏ ခံနိုင်ရည်အရှိဆုံးသောအဆုံးစွန်ဖြစ်သည့် အတိုင်းအတာဖြင့် ထပ်ခါထပ်ခါပင် နှိပ်စက်မှုကို ငရဲဘုံဆန်သည့်လုပ်ငန်းစဉ်ဖြင့် အမှုပေါင်းများစွာဆောင်ရွက်ပေရာ ထိုခုခံရန်းကန်မှုကို သဘာဝ အလျောက်ရပ်တန့်စေသည့်အခါကျမှပင် ညှဥ်းပန်းမှုခံရသူက သေခြင်းတရားကို ချိုမြိန်သောလွတ်မြောက်မှုအဖြစ် ဝမ်းမြောက် ဝမ်းသာကြိုဆိုရလေတော့၏။

ထိုအချင်းအရာများသည် ရောမကိုဆန့်ကျင့်ဘက်ပြုသော လူတို့၏ကံကြမ္မာပင်ဖြစ်ပါ၏။ အလိုတူအလိုပါပြုကျင့်သူများအတွက် မူကြာပွတ်ရိုက်ဒဏ်၊ ကြိမ်ရိုက်ဒဏ်၊ မဝရေစာဖြင့်ဆောလောင်မွတ် သိပ်ခြင်းဒဏ်၊ ခန္ဓာကိုယ်ချုပ်တည်းမှုအပါအဝင်ပြင်းပြသော်လည်း စိတ်တင်းလျက် တောင့်ခံထားရသည့်နာကျင်စေသောပုံစံအမျိုးမျိုး ဒဏ်များထားရှိပါသည်။ သဘာဝ၏ဖြစ်စဉ်တရားများကို ချိုးဖေါက် ခြင်းအားဖြင့် နောင်တတရားရရှိသူများက ဘုရားသခင်၏ဥပဒေသ

တို့ကို ဖေါက်ဖျက်ကြသည်မှာ ကောင်းကင်ဘုံ၌စိတ်ချလက်ချမျက်နှာ သာပေးခြင်းခံရရန် ဖြစ်ပါသည်။ ဘုရားသခင်ကစီမံပေးထားသော လူသား၏လောကဆိုင်ရာဖြစ်တည်နေမှု၌ ဝမ်းမြောက်ခြင်းနှင့်စိတ်၏ နားခိုရာကို ရွှင်ရွှင်လန်းလန်းရှိစေသော အထုံးအဖွဲ့များကို ပယ်ရှားရန် အတွက် သူတို့သည် သွန်သင်ခြင်းကိုခံရပါ၏။ ဝတ်ကျောင်းနယ်မြေ အတွင်းရှိဂူသင်္ချိုင်းများတွင် မိမိတို့၏ဘဝတူများအပေါ်ထားရှိအပ်သော စာနာခြင်းတရားနှင့်စာနာမှုခံစားချက်တို့ကို ဘုရားသခင်အားစော်ကား မော်ကားပြုလျက် သဘာဝအလျောက်ရှိနေသော ချစ်ခြင်းတရားကို ဖိနှိပ်ချိုးနှိမ်ရန် အကျိုးမဲ့အားထုတ်မှုများဖြင့် ဘဝဆုံးခဲ့သူများအား သန်းချီသည့်အရေအတွက်ဖြင့် သဂြိုဟ်ထားရှိပါသည်။

ကျွန်ုပ်တို့အနေနှင့်စာတန်က စွဲမြဲသန္နိဋ္ဌာန်ချထားပြီးဖြစ်သော ကြမ်းကြုတ်ရက်စက်ခြင်းကို နားလည်လိုသည့်ဆန္ဒရှိခဲ့ပါက ဘုရား သခင်ဟူ၍ပင် ကြားဖူးနားဝရှိသူများအကြား၌မဟုတ်မူဘဲ ခရစ်ယာန် လောကမ္ဘာ၏အလယ်နှင့် ထိုကမ္ဘာတစ်ဝန်းလုံး၌ပင်လျှင် ကျွန်ုပ်တို့သည် ရောမဝါဒ၏ရာဇဝင်သမိုင်းအာ လေ့လာရုံမျှနှင့်ပင် လုံလောက်ပါ၏။ လူအပေါင်း၏ဆင်းရဲခက်ခဲခြင်းရောက်နေမှုသို့ ဆိုက်ရောက်စေရေးနှင့် ဘုရားသခင်၏ဂုဏ်သိက္ခာကျဆင်းရေးအတွက် ဤမျှကြီးမားလှသော လိမ်လည်လှည့်ဖြားမှုစနစ်အားဖြင့် ဆိုးညစ် ခြင်း၏မင်းသားက သူ၏ပန်တုံးတိုင်သို့ရောက်ရှိစေပါသည်။ ထိုသို့ လှည့်ဖြားရန်ရည်ရွယ်၍ အယောင်အဆောင်မှုဖြင့် အောင်မြင်မှုရကာ အသင်းတော်၏ခေါင်းဆောင်များကို အသုံးချပြီး သူ့လိုဘပြည့်စေ ခြင်းကို ကျွန်ုပ်တို့ကမြင်တွေ့လာသည့်အခါသူသည် အဘယ်အတွက် ကြောင့် သမ္မာကျမ်းစာအပေါ် ကြီးမားသောမနှစ်မြို့ခြင်းထားရှိသည်ကို

ကျွန်ုပ်တို့ပို၍ကောင်းစွာနားလည်လာနိုင်ပေသည်။ ထိုကျမ်းစာအုပ်ကို ဖတ်ရှုခဲ့ပါသော် ဘုရားသခင်၏ကရုဏာသနားခြင်းနှင့် ချစ်ခြင်းမေတ္တာ တို့ကို ဖွင့်လှစ်ပြသထင်ရှားလိမ့်မည်ဖြစ်သည့်အပြင် လူအပေါင်းတို့ အပေါ်သို့ ဤမျှလေးလံလှသည့်ဝန်ထုပ်ဝန်ပိုးကို မည်သူတစ်ဦး တစ်ယောက်မျှမခံစားစေခြင်းကို မြင်သာလာနိုင်လိမ့်မည်။ ဘုရားသခင် တောင်းဆိုသည်ကား ဝမ်းနည်းကြေကွဲသည့်နောင်တတရားပြည့်သော၊ နှလုံးသားနှိမ့်ချရိုကျိုးသော စိတ်ဓါတ်တစ်ရပ်မျှသာတည်း။

ခရစ်တော်ယေရှုက ယောက်ျားမိန်းမတည်းဟူသော သူအပေါင်း တို့သည် ဝတ်ပြုကိုးကွယ်ရာပရိဝုဏ်များ၌ မိမိတို့ကိုယ်ကို ပိတ်လှောင် ကာ ကောင်းကင်ဘုံအတွက် ထိုက်တန်သူများဖြစ်စေရမည်ဟု ကိုယ်တော်၏ဘဝအသက်တာမှာ ပုံသက်သေမပြခဲ့ပါ။ ကိုယ်တော် သည် ဘယ်သောအခါကမျှ ထိုချစ်ခြင်းမေတ္တာနှင့်စာနာထောက်ထား မှုကိုချိုးနှိမ်ထားရမည်ဟူ၍ မသွန်သင်ခဲ့ပေ။ ကယ်တင်ပိုင်သူ၏ နှလုံးသားထဲဝယ် ချစ်မေတ္တာသည် အစဉ်ပြည့်လျှံခဲ့ပါ၏။ ဆင်းရဲခြင်း ဝေဒနာကျရောက်ခြင်းခံရသူများအပေါ် နက်နက်နဲနဲစာနာမှုသည် အပြစ်ကိုသိနားလည်ခံစားမှုပေါ်၌ ထက်မြက်မှုပိုလာခြင်း၌တည်၍ လူသားသည် ကိုယ်ကျင့်တရား၏ပြည့်စုံခြင်းသို့နီးလာလေလေ၊ သူ၏ စိတ်ပိုင်းဆိုင်ရာထင်မှတ်စွဲမြဲမှု၌ ပို၍ထိုးဖေါက်နိုင်လေဖြစ်ပါသည်။ ပါပရဟန်းမင်းသည် ခရစ်တော်၏ကိုယ်စားပြုပုဂ္ဂိုလ်ဖြစ်ကြောင်း ဆိုးထားပေရာ သူ၏ကိုယ်ကျင့်တရားသည် ဘယ်ပုံဘယ်နည်းအားဖြင့် ကျွန်ုပ်တို့ကယ်တင်ပိုင်သူ၏ဂုဏ်အင်လက္ခဏာကို နှိုင်းယှဉ်နိုင်ခြင်း ရှိပါသနည်း။ ကောင်းကင်ဘုံ၏ဘုရင်အဖြစ်ဂါရဝပြုရန် ပျက်ကွက် ခဲ့ကြသူများအား ခရစ်တော်အနေနှင့် ထောင်သွင်းအကျဉ်းချစေခြင်း

ဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်ရာစင်ပေါ်သို့ဖြစ်စေ အမိန့်ချအပြစ်ပေးခြင်းကိုကြားခဲ့ဖူးရပါသလော။ ကိုယ်တော်အားလက်မခံငြင်းပယ်သူတို့အားသေဒဏ်ချမှတ်လိုက်သော ကိုယ်တော်၏အသံကိုကြားမိခဲ့ပါသလော။ ရှမာရိရွာတစ်ရွာရှိရွာသားများက ကိုယ်တော်အား စောင်းမြောင်းငြူစူကြသောအခါ တပည့်တော်ယောဟန်က အမျက်ဒေါသဖြင့်ဖုံးလွှမ်းသည့်မေးခွန်းမှာ 'ကိုယ်တော်ဘုရားသခင်၊ တစ်ခါကဧလိယလုပ်ခဲ့သလိုအကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုရှိတော်မူသလော' ဟု လျှောက်သော် ယေရှုက သူ၏တပည့်အား သနားကြင်နာခြင်းဖြင့်ကြည့်ရှုလျက် တပည့်ဖြစ်သူ၏ကြမ်းတမ်းသောစိတ်ဓါတ်ကို ဆုံးမသည့်အနေဖြင့်ပြန်ပြောသည်ကား 'လူသားသည် လူတို့၏အသက်ကို သတ်အံ့သောငှာကြွလာသည်မဟုတ်၊ ကယ်တင်အံ့သောငှာကြွလာသည်' ဟု မိန့်တော်မူ၏။ လုကာ ၉း၅၄၊၅၆။ အဘယ်လောက်များ ခရစ်တော်၏စိတ်ဓါတ်နှင့်ကိုယ်တော်၏ကိုယ်စားကြားဆောင်ရွက်ပေးမည့်သူ ပါပရဟန်းမင်းတို့အကြားကွာခြားမှုရှိလိုက်ပါသနည်း။

ရောမအသင်းတော်က ယခုအခါ ကမ္ဘာလောကသို့မျှတသောမျက်နှာစာတစ်ခုဖွင့်ထားပေးလျက် ယခင်ဖြစ်ပေါ်ခဲ့သော ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာမှတ်တမ်းများအတွက် ဝန်ချတောင်းပန်ခြင်းများဖြင့်လွှမ်းခြုံနေပါသည်။ အသင်းတော်အား ခရစ်တူအဝတ်အစားများဖြင့်ဆင်မြန်းထားသော်လည်း အပြောင်းအလဲကမှုဖြစ်မလာခဲ့ပါ။ ယခင်ရာစုနှစ်များက စတင်၍တည်ရှိခဲ့သောရောမဘာသာဆိုင်ရာ အခြေခံမူတစ်ခုစီတိုင်း ယခုမှာတည်နေဆဲပင်ရှိ၏။ အမှောင်ဆုံးခေတ်ကာလ၌ချမှတ်ထားခဲ့သော အယူအဆကြွေါဒများကိုလည်း ယခုတိုင်ကိုင်စွဲထား

ဆဲဖြစ်ပါ၏။ အဘယ်သူမျှ မိမိတို့ကိုယ်ကိုမိမိတို့ မလှည့်စားပါစေနှင့်။ ထိုရောမဘာသာဝင်အဖွဲ့အစည်းကို ပရိုတက်စတင့်များအနေဖြင့် ယခုအခါကာလ၌ ဂုဏ်ပြုရန်အထူးအသင့်ဖြစ်နေသည့် အဖွဲ့အစည်းသည် တော်လှန်ပြုပြင်ရေးခေတ်ကာလ၌ ကမ္ဘာကိုချုပ်ကိုင်ခဲ့သောအနေအထားအတိုင်းပင်ဖြစ်လျက် ထိုအချိန်ထိုကာလက ဘုရားသခင်၏လူတို့သည် အသက်ကိုပမာဏမထားဘဲ မားမားရပ်၍ ၎င်းအသင်းတော်၏မကောင်းမှုလွှမ်းပုံကို ဖွင့်ထုတ်ပြောဆိုခဲ့ကြပါသည်။ ဘုရားသခင်၏ကိုယ်စားတော်အဖြစ် လုပ်ဆောင်ကြောင်းကြေညာလျက် ရှင်ဘုရင်နှင့်မင်းညီမင်းသားများအပေါ်၌ပင် ဩဇာညောင်းသည်ဟူသော နိုင်လိုမင်းထက်ရှိသည့်ယူဆချက်နှင့်ဂုဏ်မာနတို့သည် ယခုတိုင်အသင်းတော်က ပိုင်ဆိုင်နေသည့်အရာပင်ဖြစ်ပါ၏။

## ဘာသာကူးပြောင်းမှုစနစ်တစ်ရပ်

ရောမအသင်းတော်သည် အနာဂတ်ကျမ်းစကားအရဆိုလျှင် မိမိကိုးကွယ်ရာဘာသာတရားမှအခြားတစ်ခုသို့ကူးပြောင်းမည့် နှောင်းပိုင်းကာလများ၏ဖြစ်စဉ်တစ်ခုမျှသာဟုဆိုရပေမည်။ ၂သက် ၂း၃၊၄။ ထိုသာသနာ၏ရည်မှန်းချက်ပြည့်စုံဖို့ရန်၊ လိုက်လျောညီထွေ ဖြစ်မည့်အသွင်ကိုဆောင်ရန်မှာ ၎င်း၏မူဝါဒအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

သို့သော် အရောင်များပြောင်းတတ်သည့် ပုတ်သင်ညို၏အသွင်အပြင် ရှိလျက် အတွင်း၌မူ မပြောင်းမလဲတည်သော အဆိပ်မြွေဆိုးကို ဝှက်၍ထား၏။ 'ယုံကြည်ခြင်းတည်းဟူသောအရာကို အယူလွဲမှား သူများနှင့်အတူ မရှိစေအပ်သကဲ့သို့ အယူလွဲနေကြောင်းသံသယရှိ ဖွယ်ရာလူများနှင့်လည်းမရှိစေအပ်ပေ' ဟု (လဲန်ဖန့်၊ အတွဲ ၁ စာမျက်နှာ ၅၁၆) မျာဖေါ်ပြထားပါသည်။ နှစ်ပေါင်းတစ်ထောင်ကာလအတွင်း သူတော်စင်တို့၏အသွေးဖြင့် ဤတန်ခိုးအာဏာစက်အင်အားစု၏ မှတ်တမ်းကိုရေးမှတ်ထားခဲ့ပြီးမှ ယခုအခါတွင် သခင်ခရစ်တော်၏ အသင်းတော်အစိတ်အပိုင်းတစ်ရပ်ဟူ၍ အသိအမှတ်ပြုရမည်လော။

ယခင်ရှေးကာလများထက် ရောမအသင်းတော်၏အယူဝါဒ သည် ပရိုတက်စတင့်အယူဝါဒနှင့်ခြားနားမှုနည်းပါးလာပြီလော ဟူသော မေးခွန်းအား ပရိုတက်စစတင့်တိုင်းပြည်များ၌ ရှေ့သို့တွန်းတင် ပေးနေသည်မှာ အကြောင်းမဲ့မဟုတ်ပါ။ ထိုအချက်မှာ ပုပ်ရဟန်းမင်း သာသနာဘက်၌ အပြောင်းအလဲမရှိသော်လည်း ပြောင်းလဲခြင်းတစ်ရပ် ရှိခဲ့သောကြောင့်ဖြစ်ပါ၏။ ယခုတည်ဆဲဖြစ်သောပရိုတက်စတင့် ဝါဒအယူအဆများနှင့် ရောဝါဒရှိအယူအဆများ အမှန်ပင် ဆင်တူ ယိုးမှားရှိနေခြင်းမှာ ပြန်လည်ပြုပြင်ရေးဝါဒီတို့၏ခေတ်မှစ၍ ကြီးမား စွာ ယိုယွင်းခဲ့သောပရိုတက်စတင့်ဝါဒကြောင့်သာဖြစ်ပါသည်။

ဆိုးညစ်ခြင်းအလုံးစုံအပေါ်ကောင်းသည်ဟု ယုံကြည်ထားရန်မှာ မှန်ကန်သည်ဟူသောအမြင်မှလွဲ၍ သူတို့သည် ဘာကိုမျှမမြင်ကြပေ။ ထိုအခါ ကောင်းရာမှန်သမျှအားလုံးသည် ဆိုးညစ်ခြင်းဖြစ်ကြောင်း

အဆုံး၌ သူတို့ယုံကြည်လာမည်မှာ မလွဲမရှောင်သာသောရလဒ်ဖြစ်ရပေတော့၏။ သူတော်စင်များအား တစ်ချိန်သောအခါက အပ်နှင်းထားခြင်းခံခဲ့ရသောယုံကြည်ခြင်းအတွက် မားမားရပ်ပေးမည့်အစား သူတို့သည် ယခုအခါ ယခင်ကကဲ့သို့ပင် အလျှော့ပေးလိုသည့်အတွေးအမြင်ရှိသောရောမမြို့တော်ထံ ဝန်ချတောင်းပန်လျက် သူတို့၏အယူသီးမှုများအတွက် ခွင့်လွှတ်ပါရန် အသနားခံနေပါတော့သည်။

ရောမသြဝါဒအပေါ် အခွင့်ပြုလိုက်လျောမှုမရှိသောအမြင်ရှိသူတို့ပင်လျှင် ပါဝင်ရောနှောလျက်ရှိသောလူထုလူတန်းစားကြီးတစ်ရပ်အဖြစ် အဆိုပါဝါဒ၏တန်ခိုးစွမ်းပကားနှင့် သြဇာလွှမ်းမိုးသက်ရောက်မှု၏ဘေးရန်ကို အနည်းငယ်မျှသာစိုးရွံ့မှုရှိကြပါသည်။ အလယ်ခေတ်များအတွင်း ကျရောက်ခဲ့သောကိုယ်ကျင့်တရားနှင့် အသိတရားသြဇာလွှမ်းခြင်းတို့သည် ၎င်း၏တစ်ယူသန်တရားသေဖြစ်ခြင်းများ၊ အစွဲအလမ်းကြီးခြင်းများနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းများ ပျံ့နှံ့ရန်အားပေးခဲ့ကြောင်း အကြံပြုထောက်ပြပြီးလျှင် ခေတ်ပေါ်ကာလများ၌ဖြစ်ထွန်းလာသောမြင့်မားသည့်အသိတရားနှင့် အထွေထွေပျံ့နှံ့နေသောအတွေ့အကြုံနှင့်ဘာသာတရားဆိုင်ရာများ၌တိုးတက်လာသည့် လွတ်လပ်မှုအခွင့်ထူးများကြောင့် သည်းခံလိုက်လျောမှုမရှိခြင်းနှင့် အာဏာအလွဲသုံး၍ ရက်စက်စွာအုပ်စိုးသည့်စနစ် ပြန်လည်အသက်ဝင်မှုမှ တားမြစ်ခံရခြင်းကိုထောက်ပြပါသည်။ ဤကမ္ဘာ၌ အလင်းတရားကိုရရှိနေသည့်ခေတ်တွင် အထက်ပါအချင်းအရာများတည်ရှိနေခြင်းမျိုးကို စဉ်းစားတွေးခေါ်မိခြင်းသည်ပင် ပြက်ရယ်ပြုဖွယ်ဖြစ်ပါသည်။ ဤခေတ်တစ်ခေတ်အတွင်းမွေးဖွားသူများအပေါ် ကြီးမားကျယ်ပြန့်သော အလင်း

တရားသည် အသိပညာဉာဏ်၊ ကိုယ်ကျင့်သိက္ခာနှင့်ဘာသာတရား ဆိုင်ရာများ၌ ထွန်းလင်းပေးနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏သန့်စင်မွန်မြတ်သော နှုတ်ထွက်စကားရှိပွင့်နေသော စာမျက်နှာများတွင် ကောင်းကင်ဘုံမှအလင်းတရားသည် ကမ္ဘာပေါ်သို့ အမြင်ရှင်းစေရန် ပြုပြင်ထားပြီးဖြစ်ပါ၏။ သို့ရာတွင် တစ်ခုသိမှတ်ထား ရန်မှာ အလင်းတရားများများပေးလေ၊ ထိုအရာကိုလမ်းလွဲစေလျက် ငြင်းပယ်သူတို့အဖို့ အမှောင်မိုက်သြဇာကြီးမားလေဖြစ်ပါသည်။

ဆုတောင်းခြင်းစိုးမိုးလွှမ်းခြုံသည့် ကျမ်းစာလေ့လာမှုကို ပြုခြင်းအားဖြင့် ပုပ်ရဟန်းမင်းသာသနာ၏စရိုက်လက္ခဏာ အစစ် အမှန်အား ပရိုတက်စတင့်တို့ကို ဖွင့်ပြမည်ဖြစ်သည့်အပြင် ထိုအရာ အား ဆထက်ထမ်းပိုးမုန်းတီးမနှစ်သက်ခြင်းဖြင့် ရှောင်လွဲကြပေ လိမ့်မည်။ သို့ပင်ဖြစ်ငြားသော်လည်း အများအပြားသောသူတို့သည် ကိုယ့်ကိုကိုယ်မာနတက်ရာ၌ အလွန်အားသန်သဖြင့် သစ္စာအမှန်တရား အသိသို့ဆိုက်ရောက်မည့်အကြောင်း နှိမ့်ချခြင်းရှိစွဖြင့် ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခြင်းမလိုအပ်ပါဟု ခံစားတတ်ကြပေသည်။ မိမိတို့ ကိုယ်မိမိအသိဉာဏ်ပွင့်မှုရရှိကြောင်း ဂုဏ်ယူနေကြသော်လည်း သူတို့သည် ဘုရားသခင်၏တန်ခိုးတော်၌ရော ကျမ်းစာလာချက်တို့၌ပါ အဘယ်အရာမျှမသိသေးသူများဖြစ်နေကြပါသည်။ သူတို့၏မသိစိတ် တရားတည်းဟူသော ကောင်းမကောင်းဝေဖန်တတ်သည့် အသိစိတ် များငြိမ်သက်ခြင်းရှိရန်အလို့ငှါ သူတို့တွင်နည်းလမ်းတချို့ရှိနေမည် ဖြစ်လောက်သည့်အတိုင်း နောင်ဘဝရေးရာအနည်းဆုံးနှင့်နှိမ့်ချရမှု အနည်းဆုံးအရာကို သူတို့ရှာဖွေကြပါ၏။ သူတို့လိုလားသောဆန္ဒကား ဘုရားသခင်ကို သတိရအောက်မေ့သည့်နည်းလမ်းကိုအနိုင်ယူမည့်

ကိုယ်တော်အား မေ့မေ့ပျောက်ပျောက်ထားနိုင်မည့်နည်းလမ်းပင် ဖြစ်ပါသတည်း။ ရောမအသင်းတော်၌ ဤသို့သောလိုအင်ဆန္ဒများအား ဖြည့်ဆည်းနိုင်ရန် အသုံးတည့်သောနည်းလမ်းများရှိနေပါ၏။ လူသား မျိုးနွယ်အတန်းအစားနှစ်ရပ်အတွက် တစ်ကမ္ဘာလုံးနီးပါးမျှခြုံငုံ၍ ပြင်ဆင်မှုပြုထားသည်ကား ကောင်းမှုများကြောင့် ကယ်တင်ခြင်း ရမည့်သူများနှင့် အပြစ်များဖြင့် မကောင်းမှုလွှမ်းနေလျက် ကယ်တင် ခြင်းရမည့်သူများဟူ၍ဖြစ်ပါသည်။ ဤနေရာ၌ ပုပ်ရဟန်းမင်း ဆောင်ယူထားသည် တန်ခိုးအာဏာ၏လျှို့ဝှက်ချက်ကို တွေ့ရပါ၏။

ရောမအသင်းတော်၏အောင်မြင်မှုအတွက် အထောက်အကူ ဖြစ်စေကြောင်းကို အသိဉာဏ်ပညာအမှောင်မိုက်ကြီးကျရောက် သောနေ့ကြီးက ပြသခဲ့ပါသည်။ အသိဉာဏ်ပညာအထွန်းတောက် ဆုံးသောနေ့ကြီးသည်လည်း အလားတူသောအောင်မြင်မှုနိုင်ကြောင်း တစ်နေ့သောအခါ ပြသပါလိမ့်ဦးမည်။ ဘုရားသခင်၏နှုတ်တော်ထွက် စကားနှင့်အမှန်တရားဆိုင်ရာအတွေ့အကြုံမရှိခဲ့သောရှေးခေတ် ကာလ များ၌ လူအပေါင်းတို့၏အမြင်အာရုံများကို ပိတ်ဆည်းထားခြင်း ကိုခံရကြလျက် ထောင်သောင်းချီသောလူများတို့သည် ပိုက်ကွန် ဖြန့်ကြက်ထားမှု၌မမြင်သာဘဲ ထောင်ချောက်ထဲ ကျဆင်းခဲ့ကြ ရလေ၏။ ဤလူမျိုးဆက်၌ရှိသောလူအပေါင်းသည် လူသား၏ ဆင်ခြင်မှန်းဆချက်များနှင့် သိပ္ပံအတတ်ဟူ၍ အလွဲခေါ်ဝေါ်သော သိပ္ပံအတတ်တားဆီးနှောင့်ယှက်ခြင်းများကြောင့် မျက်စိများရောင်ပြန် ဟပ်ခံရခြင်းအားဖြင့် မိန်းမောတွေဝေစေမှုကို အများအပြားခံစားခဲ့ ရကြပါသည်။ ထိုအခါ ပိုက်ကွန်အား ထင်ရှားစွာမြင်တွေ့ခြင်းမရှိကြဘဲ မျက်စိကိုပိတ်စည်းခံထားရသကဲ့သို့ ကျော့အမိခံလိုက်ရတော့သည်။

ဘုရားသခင်က စီမံပေးခဲ့ခြင်းမှာ လူသားတို့၏အသိဉာဏ်ပညာ စွမ်းအားများသည် ဖန်ဆင်းပိုင်သူဘုရားသခင်က ဆုကျေးဇူးတော် တစ်ခုအဖြစ် ခံယူရန်ဖြစ်လျက် အမှန်တရားနှင့်ဖြောင့်မတ်ခြင်းကို အလုပ်အကျွေးပြုရာ၌ အသုံးချသင့်ပါပေ၏။ သို့သော် မာနတရားနှင့် ပို၍မြင့်ရာသို့ မျှော်မှန်းခြင်းတို့အား မွေးမြူးယုယထားလိုခဲ့ပါလျှင်ဖြစ်စေ၊ ဘုရားသခင်၏နှုတ်တော်ထွက်စကားအစား လူအပေါင်းတို့က မိမိတို့ ကိုယ်ပိုင်သီအိုရီအယူအဆများကို မြင့်တင်လာလျှင်ဖြစ်စေ ပါးနပ် လိမ္မာခြင်းအရာသည် ဘာမှမသိသောဉာဏ်ကင်းမဲ့ခြင်းထက် ပိုမို၍ ဘေးရန်ကြီးမားမှုဖြင့် အဆုံးသတ်ရနိုင်ပေသည်။ ဤသို့အားဖြင့် ယခုမျက်မှောက်ကာလ တလွဲသိပ္ပံအတတ်အားဖြင့် ကျမ်းစာတော်၌ ယုံကြည်ခြင်းကိုအားနည်းမှုဖြစ်ပေါ်စေကာ ရောမအသင်းတော်ကို လက်သင့်ခံရေးအတွက် လမ်းကြောင်းဖေါ်ပေးရာ၌ အောင်မြင်မှု ရှိကြောင်း ပုံသက်သေဖြစ်ပါလိမ့်မည်။ အမှောင်ခေတ်ကာလများ အတွင်းက ရောမအသင်းတော်၏စွမ်းဆောင်နိုင်မှု၊ အဆင့်အတန်း ကြွယ်ဝချမ်းသာခြင်းနှင့် အရေးပါအရာရောက်ခြင်းများ တိုးမြင့် လာစေရေးအတွက် အသိဉာဏ်ပညာကို ထိန်းချုပ်ထားကာ လမ်းဖွင့် ပေးခဲ့သည့်ပုံစံမျိုးဖြင့် အနာဂတ်တွင် လိုလိုလားလားတစ်ဖန် လက်ခံသည့် သဘောမျိုးသက်ရောက်စေပါလိမ့်မည်။

တိုင်းပြည်အတွက် အထောက်အကူဖြစ်စေသော အသင်းတော် ပိုင်အသင်းအဖွဲ့များနှင့် အသုံးအဆောင်များခိုင်မာစေရေးအတွက် ယခုအခါမှာ အမေရိကန်ပြည်ထောင်စုအတွင်း ဖြစ်ပေါ်နေမှုတိုးတက် မြင့်မားလာစေရန် ပရိုတက်စတင့်တို့သည် ပါပဝါဒီများ၏ခြေလှမ်း များအတိုင်းပင် လိုက်လျှောက်နေကြပါသည်။ ထိုသို့မဟုတ်ပါ၊ သူတို့သည် ပါပသာသနာအနေဖြင့် ကမ္ဘာဟောင်း၌ ဆုံးရှုံးသွားခဲ့ပြီး

ဖြစ်သည့် အထွတ်အထိပ်ရောက်ခြင်းကို မိမိတို့ပရိတက်စတင့် အမေရိကန်ပြည်၌ ပြန်လည်ရရှိစေရန် သူတို့က တံခါးကိုပို၍သာ ဖွင့်ပေးနေခြင်းပင်ဖြစ်၏။ ထို့အပြင် ဤလှုပ်ရှားမှု၌ ပိုမိုကြီးမားသော အရေးပါမှုဖြစ်စေသည်ကား အဓိကရည်မှန်းချက်ကို အာရုံစူးစိုက်ထားသည့် ပထမနေ့ဥပုသ်စောင့်ထိန်းခြင်းကို လိုက်နာကျင့်သုံးရေးသည် ရောမမြို့မှအစပြုခဲ့သည့် ထုံးစံတစ်ခုဖြစ်လျက် ရောမအသင်းတော်၏ အာဏာစက်ထိရောက်ခြင်း သင်္ကေတဖြစ်ပါသည်။ ထိုအရာသည် ရောမအသင်းတော်၏စိတ်ဓါတ်လောကရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့် အညီဖြစ်လိုသည့်စိတ်ဓါတ်၊ ဘုရားသခင်၏ပညတ်တော်များထက်ပို၍ လူသားအစဉ်အလာများကို ရိုကျိုးလေးမြတ်မှု စသည်တို့သည် ပရိတက်စတင့်အသင်းတော်များ၌ စိမ့်ဝင်၍နေကာ ယခင်က ရောမအသင်းတော်အနေဖြင့် ၎င်းတို့ရှေ့ကလုပ်ဆောင်ခဲ့သည်နည်းတူ ပထမနေ့ကို ချီးမွမ်းမြှောက်စားသည့်လုပ်ရပ်တူကို ဆက်လက်၍ ဆောင်ရွက်သွားစေရအောင် လမ်းဖွင့်ပေးလိုက်ပါတော့သည်။

## အနားယူရာနေ့ကိုပြောင်းလဲထားခြင်း

မကြာမြင့်မီလာတော့မည့်ပြိုင်ပွဲတွင် ထုတ်၍အသုံးပြုမည့်အရိုန်အဝါများကို စာဖတ်သူကဆည်းပူးလေ့လာခဲ့မည်ဖြစ်လျှင် ရှေးလွန်လေပြီးသောချိန်ကာလများ၌ အလားတူပြိုင်ပွဲ၏ရည်မှန်းချက်ရရှိရေးအတွက် အသုံးချခဲ့သည့်ရောမနည်းလမ်းများ၏မှတ်တမ်းကို သူသည် ခြေရာခံ၍လိုက်ရုံမျှသာဖြစ်ပါ၏။ အကယ်၍သာသူသည် ရောမပုပ်ဝါဒီများနှင့် ပရိတက်စတင့်တို့ပူးပေါင်းလျက် ၎င်းတို့၏

တရားသေဆန်မှုများအား ငြင်းပယ်သူတို့အပေါ် မည်သို့ဆက်ဆံ ဖြေရှင်းလိမ့်မည်ကိုသိလိုခဲ့သော် ထာဝရဘုရားသခင်၏ဥပုသ်တော်နေ့ နှင့်ထိုနေ့ရက်ကိုစောင့်ရှောက်သူများအပေါ် ပါပရဟန်းမင်းသာသနာက ထင်ရှားပြသခဲ့သော စိတ်နေသဘောထားအား သူ့ကိုမြင်တွေ့စေပါ၏။

ခရစ်ယာန်ကမ္ဘာလောကအတွင်း၌ ဘာသာမဲ့ပွဲလမ်းသဘင် အနေနှင့်ဂုဏ်သိက္ခာရှိသည့်နေရာကို ရရှိခဲ့ပုံမှာအုပ်ချုပ်ရေးအာဏာ ပိုင်ကထုတ်ပြန်သောတော်ဝင်အမိန့်များ၊ အထွေထွေကောင်စီများ၊ အသင်းတော်၏တည်မြဲအမိန့်များစသည့် လှေခါးထစ်အဆင့်ဆင့် အားဖြင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။ အေဒီ ၃၂၁ ၌ ကွန်စတင်တိုင် ရှင်ဘုရင်ပြဋ္ဌာန်းသောဥပဒေအရ ပထမဆုံးသောလူများစုအတိုင်း အတာဖြင့် ပထမနေ့၌ဥပုသ်စောင့်ထိန်းမှုကို အာဏာတည်စေခဲ့ ပါသည်။ ဤအမိန့်အရမြို့နေလူအများက 'လေးစားထိုက်သောနေမင်း ၏နေ့' ၌အနားယူကြရန်နှင့်နယ်လူထုအပေါင်းကမူ ထွန်ယက်စိုက်ပျိုး ရေးလုပ်ငန်းများအားဆက်၍ဆောင်ရွက်သွားကြရန် ခွင့်ပြုခဲ့ကြ ပါသည်။ အမှန်အတိုင်းအားဖြင့်ဆိုလျှင် သူသည် အခြားသောဘာသာ ဝင်တစ်ဦးဖြစ်သော်ငြားလည်း ခရစ်ယာန်အယူဝါဒကို အမည်ခံလက် သင့်ခံခြင်းပြုပြီးသည်နောက် ဧကရာဇ်ဘုရင်ကထိရောက်မှုရှိအောင် ဆောင်ရွက်ခဲ့ပေသည်။

ဘုရားသခင်၏အာဏာဖက်အတွက် လုံလောက်သောအစားထိုး ခြင်းမဟုတ်သည့်တော်ဝင်တစ်ချက်လွှတ်အမိန့်သည် ကွန်စတင်တိုင် ဘုရင်၏ အထူးမိတ်သင်္ဂဟလည်းဖြစ်ပြီး မြှောက်ပင့်ပြောဆိုတတ်သူ ယူစီးဘီးယပ်(စ) အမည်တွင်သော ဂိုဏ်းအုပ်ကြီးသည် မင်းညီ မင်းသားများနှင့်ပနံမသင့်မှုကိုရယူလျက် သခင်ခရစ်တော်သည် ဥပုသ်

နေ့ကို သတ္တမနေ့ရက်မှပထမနေ့အဖြစ်သို့ ပြောင်းလဲခဲ့ကြောင်း ရှေ့တန်းတင်ပြောကြားခဲ့ပါသည်။ အဆိုပါဆုံးမသြဝါဒအသစ်တွင် အထောက်အထားဖြစ်စေမည့် ကျမ်းစာလာအချက်များထဲမှ တစ်ချက်ကိုမျှပင်လျှင် သက်သေခံမရှိခဲ့ပေ။ ယူစီးဘီးယပ်(စ) ကိုယ်၌ကပင်လျှင် ထိုအချက်၌မှန်ကန်မှုမရှိခဲ့ပါကြောင်း အသိအမှတ်ပြုလျက် ထိုအပြောင်းအလဲပြုခြင်း၏အာဏာပိုင်အစစ်အမှန်သည့် မည်သူဖြစ်ပါသည်ဟူ၍သာထောက်ပြခဲ့ပါသည်။ 'အရာအာလုံးသည် ဥပုသ်တော်နေ့တွင် ပြုမြဲဖြစ်သည့်တာဝန်များ မည်သို့ပင်ရှိသည်ဖြစ်စေ၊ အားလုံးသည် ပထမနေ့ (သခင်ဘုရား၏နေ့) သို့ ကျွန်ုပ်တို့က ပြောင်းရွှေ့လိုက်သည်။' ရောဘတ်ကော့စ်၏ 'ဥပုသ်တော်ပြဌာန်းချက်များနှင့်တာဝန်များ' စာမျက်နှာ ၅၃၅၊ သို့ရာတွင် ပထမနေ့ အငြင်းပွားမှုသည် မူလအစကတည်းက အခြေအမြစ်မရှိခဲ့သလို ရှိသော်လည်း ကိုယ်တော်သခင်၏ဥပုသ်ပြဆိုချက်များကို နင်းချေပစ်ကြစေရန် လူအပေါင်းအားရဲဆေးတင်ပေးသကဲ့သို့ဖြစ်စေခဲ့ပေသည်။ ကမ္ဘာလောကကြီးလက်ခံထားခဲ့သည့် လူကြိုက်များသောပွဲလမ်းသဘင်ဖြင့် ဂုဏ်ယူလိုသူအားလုံး၏ဆန္ဒအတိုင်းပင်ဖြစ်စေခဲ့ပါ၏။ တစ်နည်းဆိုရသော် လောကမှမျက်နှာရလိုသူတို့သည် ထိုရေပန်းစားသောပွဲနေ့ကိုလက်ခံကြပါသည်။

ပုပ်ရဟန်းမင်းသာသနာအခြေခိုင်လာသည်နှင့်အမျှ ပထမနေ့ဥပုသ်စောင့်ခြင်းအား ချီးမြှင့်မြှောက်စားခြင်းလုပ်ငန်းကိုအဆက်မပြတ်လုပ်ဆောင်ခဲ့ပါသည်။ သတ္တမမြောက်နေ့ဥပုသ်သည် တည်ရှိနေဆဲဖြစ်သည်ဟူ၍ ထွန်ယက်စိုက်ပျိုးခြင်း၌ လုပ်ဆောင်နေရသူများ မအားမလပ်ရအောင်ဖြစ်နေချိန်၌ သတ်မှတ်ခဲ့ကြပါသော်လည်း

တဖြည်းဖြည်းချင်း၌အပြောင်းအလဲကဖြစ်ပေါ်လာခဲ့ပါ၏။ ပြည်သူ အချင်းချင်း၏အမှုကိစ္စများတွင် ပထမနေ့နှင့်တိုက်ဆိုင်နေခဲ့ပါလျှင် အဘယ်အမှုကိုမဆို စီရင်ချက်မချစေရန် တားမြစ်ပိတ်ပင်ခြင်းကို အသင်းတော်ရုံး၌အမှုထမ်းနေသူများအား ပညတ်ထားရှိခဲ့ပါသည်။ နောက်ပိုင်းမကြာမီကာလ၌ လူတိုင်းသည် ဘယ်အဆင့်အတန်း၌ ရှိသည်ဖြစ်စေကာမူ သာမန်အလုပ်ဝန်ဆောင်မှုကိုမပြုကြရန်၊ မိမိ ကိုယ်ကိုထိန်းချုပ်ရန်နှင့်ပျက်ကွက်ခဲ့ပါက လွတ်လပ်သူဖြစ်လျှင် ဒဏ်တပ်ခြင်းအပြစ်ဒဏ်နှင့် အစေခံကျွန်များဖြစ်ခဲ့သော် ကြိမ်ဒဏ် ကျခံစေရန် အမိန့်ထုတ်ခဲ့ပေသည်။ နောင်ကာလ၌မူ လူချမ်းသာများက ဖေါက်ဖျက်ခဲ့သော် သူတို့၏စည်းစိမ်ဥစ္စာ၏တစ်ဝက်ဆုံးရှုံးစေသော ပြစ်ဒဏ်ချမှတ်ခြင်းနှင့် နောက်ဆုံးခေါင်းမာခြင်းဖြင့် မလိုက်နာမှု ဖြစ်ခဲ့သော် ၎င်းတို့အား အစေခံကျွန်ဘဝသို့လျှော့ချစေရန် ပြဌာန်း ပေးခဲ့လေသည်။ ပို၍အဆင့်အတန်းနိမ့်သူများသည် ထာဝရ နှင်ထုတ်ခြင်းဒဏ်ကို ခံစားကြစေရန်ဖြစ်ပါသည်။

ထူးဆန်းအံ့ဖွယ်သောအမှုဖြစ်ရပ်များသည်လည်း တောင်းဆို ချက်များခံရပေ၏။ အခြားသောအံ့ဖွယ်ရာများအနက်မှ သတင်း ပို့လာချက်တစ်ရပ်ရှိသည်ကား ပထမနေ့တစ်နေ့တွင် လယ်သမား တစ်ဦးသည် မြေကိုထွန်ယက်ခြင်းအမှု၌ သူ၏ထယ်သွားကို သံချောင်းတစ်ချောင်းဖြင့်သန့်စင်မှုပြုရာ၌ သူ၏လက်ကိုသံစူးထိုးမိခြင်း ခံရလျက် သူသွားလေရာနှစ်နှစ်ကာလအတွင်း 'အပြင်းအထန် နာကျင် စွာနှင့်ရှက်ခြင်းကြီးစွာနေခဲ့ရကြောင်း' ဖရန်စစ်ဝက်(စ)ရေးသားသော သခင်ဘုရား၏နေ့ရက်ဆိုင်ရာ သမိုင်းအချက်အလက်နှင့် လက်တွေ့ ဆိုင်ရာဟောပြောချက်' စာမျက်နှာ ၁၇၄ မှာဖတ်ရှုရပေသည်။

## ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့်ညှဉ်းပန်းနှိပ်စက်ခြင်း

နောက်ပိုင်းတွင် ပါပရဟန်းမင်းက ညွှန်ကြားချက်များထုတ်ပြန်ခဲ့ရာတွင် တိုင်းခွဲတိုင်းမှဂိုဏ်းအုပ်အနေဖြင့် ပထမနေ့ဥပုသ်ကိုစောင့်ထိန်းခြင်းမပြုသူများအား အပြစ်တင်ဆုံးမခြင်းပြုသည့်အပြင် ထိုသူတို့ကိုယ်တိုင်အပေါ်သို့လည်းကောင်း၊ အိမ်နီးနားခြင်းတို့အပေါ်သို့လည်းကောင်း ကျရောက်လာနိုင်ကောင်းသောကြီးမားသည့် ရတ်တရက်ကျလာတတ်သောဘေးဥပဒ်မှကင်းလွတ်စေရန် သူတို့ဆုတောင်းကြစေရေးအတွက် အကြံပြုတိုက်တွန်းပေးစေရန်ညွှန်ကြားခဲ့ပေသည်။ ပထမနေ့၌ လူများအလုပ်တာဝန်များဆောင်ရွက်နေခိုက် မိုးကြိုးလျှပ်စီးဖြင့်ထိခိုက်မှုရှိခဲ့သောကြောင့် ထိုနေ့သည် ဥပုသ်တော်နေ့ဖြစ်ရမည်ဟူသောအဆိုပြုချက်အား ကျယ်ကျယ်ပြန့်ပြန့်အသုံးချခဲ့ရာ ပရိတက်စတင့်များအပါအဝင် ရောမအသင်းတော်၏အုပ်ချုပ်မှုဆိုင်ရာအဖွဲ့တစ်ဖွဲ့ကတင်ပြခဲ့လေသည်။ အုပ်ချုပ်သူများကမိန့်ကြားသည်မှာ 'ဤနေ့ကိုပစ်ထားခြင်းအတွက် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့ခြင်းမှာ ကြီးမားလျက်ရှိနေကြောင်းမြင်သာပါသည်' ဟူ၍ဖြစ်ပါသည်။ ထိုအခါ ပန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ၌ပါပရဟန်းများ၊ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၊ ဘုရင်များ၊ မင်းညီမင်းသားများ အပါအဝင်လူအားလုံးသစ္စာရှိစွာဖြင့် 'အကောင်းဆုံးဖြစ်သည့်ကြိုးပမ်းခြင်းများအားအသုံးပြုလျက် ဥပုသ်တော်နေ့၏ထိုက်တန်သောဂုဏ်အင်္ဂါရပ်ကို ပြန်လည်တည်ဆောက်ရေးနှင့် ခရစ်ယာန်ဘာသာယုံကြည်သက်ဝင်ခြင်း၏အကျိုးအမြတ်အတွက် လာမည့်အချိန်ကာလများ၌ ပိုမိုကိုင်းရှိုင်းယုံကြည်စွာသော စောင့်ထိန်းခြင်းကိုပြုပေးကြပါရန်' ဟူ၍

ပါရှိခဲ့ပါ။ တောမဲ့စ်မိုရာ၏ 'ဘုရားသခင်၏နေ့အခေါ်အဝေါ်အယူ အဆနှင့်လိုက်နာမှုအား အပြန်အလှန်စကားခြောက်မျိုးအားဖြင့် ဟောပြောချက်' စာမျက်နှာ ၂၇၁။

ကောင်စီအဖွဲ့များ၏အမိန့်အာဏာများသည် လုံလောက်ခြင်း မရှိပါကြောင်းထင်ရှားခဲ့ရာ အုပ်ချုပ်မှုအာဏာပိုင်များအပေါ် စိတ်အား ထက်သန်သော တောင်းဆိုလှုံ့ဆော်ချက်များအားဖြင့် လူအပေါင်းတို့၏ နှလုံးသားများတိုင် စူးရှထိရောက်စေမည်ဖြစ်သော အကြောက်တရားနှင့် သူတို့အား ပထမနေ့အလုပ်ခွင်ဝင်ခြင်းမှချုပ်ထိန်းအောင် အတင်း အကြပ်ပြုစေရန်ဖြစ်ပါတော့သည်။ အသင်းတော်အရာရှိများ၏အစည်း အဝေးကို ရောမမြို့၌ကျင်းပခဲ့ရာ ယခင်ဆုံးဖြတ်ချက်ချထားခြင်းများ အားလုံးကို အခိုင်အမာအတည်ပြုခြင်းနှင့်အတူ တည်ကြည်နက်နဲမှုဖြင့် ဖိအားပေးရန်ဆုံးဖြတ်ကြပြန်ပါသည်။ ထိုဆုံးဖြတ်ချက်တို့ကို ဘာသာ ရေးဆိုင်ရာဥပဒေအတွင်းထည့်သွင်းပေါင်းစပ်ကာ အုပ်ချုပ်မှုအာဏာပိုင် များက ခရစ်ယာန်နယ်ပယ်ကြီးအကုန်အစင်နီးပါးမျှတွင် အာဏာ တည်အောင်ဆောင်ရွက်ခဲ့ကြပါ၏။ (ဟေလင်၏ဥပုသ်နေ့၏သမိုင်း ကြောင်း အပိုင်း ၂ အခန်း ၅ အခန်းခွဲ ၇ ကိုရှုရန်)။

နေမင်း၏နေ့ဖြစ်သောပထမနေ့ကို ဂုဏ်ပြုလိုသောအားဖြင့် သူတို့၏ဆရာသမားများက အဘယ်သို့သောအခွင့်အရေးရှိ၍ ဘုရား သခင်ယေဟောဝါက အခိုင်အမာမြွက်ဆိုထားချက်ဖြစ်သော 'သတ္တမ နေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏' ဟူသည့်အချက်ကို ဘေးဖယ်ထားရန်ရှိပါသနည်းဆိုသောမေးခွန်းကို ထုတ်ခဲ့ကြပါသည်။ ကျမ်းစာလာအချက်ကင်းမဲ့နေမှုကြောင့် အခြား သောသင့်လျော်သည့်အကြောင်းပြချက်မျှသည် လိုအပ်လာပေ၏။

သူတို့က ထိုနေ့ရက်ကိုစောင့်ထိန်းခြင်းဆိုင်ရာကျမ်းစာ၌ဖေါ်ပြချက် အထောက်အထားကင်းမဲ့နေမှုကြောင့် စိတ်မသက်မသာကြီးစွာဖြစ်ခဲ့မှုကိုဖေါ်ထုတ်ခဲ့ကြပါသည်။ ပထမနေ့ကိုစိတ်အားထက်သန်စွာထောက်ခံတင်ပြသူတစ်ဦးသည် ဆယ့်နှစ်ရာစုအကုန်ပိုင်းတွင်အင်္ဂလန်နိုင်ငံအတွင်းရှိအသင်းတော်များ၌ လှည့်လည်ဟောပြောခဲ့ရာ အမှန်တရားလက်ကိုင်ထားသူ ခရစ်ယာန်တို့၏ခုခံပြောဆိုချက်များသာ ကြုံခဲ့ရလေသည်။ သူ၏ကြိုးစားချက်များ အကောင်အထည်မပေါ်ခဲ့သောအခါ တစ်ရာသီကြာမျှနိုင်ငံမှခွဲခွာသွားလျက် သူ့ဆွေးနွေးချက်များကိုခိုင်မာစေမည့်အကြောင်း အပတ်တကုတ်စိတ်ဆန္ဒပြင်းပြမှုဖြင့်ဆောင်ရွတ်ခဲ့၏။ သူပြန်ရောက်လာပြီးနောက် ခိုင်မာမှုဖြစ်စေသောအချက်များအား ဖြည့်ဆည်းတင်ပြခဲ့ရာ နောက်ပိုင်းကာလအားထုတ်မှုများမှာပိုမိုအောင်မြင်မှုရလာခဲ့လေသည်။ သူနှင့်အတူယူဆောင်လာခဲ့သည်ကား ဘုရားသခင်ကိုယ်တော်တိုင်ထံမှဖြစ်သည်ဟု ပြောဆိုထားသည့်တရားဝင်မှတ်တမ်းဖြစ်ပြီးလျှင် ထိုအထဲ၌ပထမနေ့စောင့်ထိန်းမှုအတွက် လိုအပ်နေသောအမိန့်ညွှန်ကြားချက်နှင့် ကြောက်မက်ဖွယ်ခြိမ်းခြောက်မှုဖြင့် မလိုက်နာသူတို့ကိုကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်စေ၏။ ဤအဖိုးထိုက်အဖိုးတန်စာရွက်စာတမ်း၊ ၎င်းထောက်ခံသည့်နိမ့်ကျစွာသောအသင်းဖွဲ့ကဲ့သို့ပင် နိမ့်ကျစွာအတုအပဖြစ်လျက် ထိုစာတမ်းအရပ်၌တည်ထားသည့် ရှင်ရှိမိအုံကျောင်းတော်ရှိပလ္လင်တော်ပေါ်မှာတွေ့ရကြောင်းအဆိုရှိပေသည်။ သို့ပင်ဖြစ်ငြားသော်လည်း ၎င်း၏ထွက်ပေါ်လာရာနေရာအမှန်ကား ရောမမြို့ရှိရဟန်းမင်းကြီး၏နန်းတော် (ဗက်တီကန်) သည်သာ အရင်းအမြစ်ဖြစ်ခဲ့ပါပေသည်။ ပါပရဟန်းမင်းဆက်ခံအုပ်စိုးမှုစနစ်၌ လိမ်လည်လှည့်ဖြားမှုများနှင့်

အတုအပပြုလိမ်လည်ခြင်းများအားဖြင့် အသင်းတော်၏တန်ခိုး အာဏာနှင့်ကြွယ်ဝချမ်းသာမှု တိုးပွားလာစေရန် နှစ်ပေါင်းထောင်ချီ လျက် တရားဝင်လက်ခံခြင်းရှိခဲ့ပါသည်။

ထိုစာတမ်းတွင် နေ့၏နဝမမြောက်နာရီဖြစ်သည့်စနေနေ့မွန်းလွဲ ပိုင်းသုံးနာရီမှစ၍ တနင်္လာနေ့နံနက်နေထွက်သည့်တိုင် လုပ်ငန်းခွင် ဝင်ခြင်းအားတားမြစ်ထားလျက် ၎င်း၏အာဏာတည်ခြင်းကိုများစွာ သောအံ့သြဖွယ်ဖြစ်ရပ်များအားဖြင့် အတည်ပြုချက်ရှိကြောင်းကြေညာ ခဲ့ပါသည်။ သတင်းပို့ချက်ရှိသည်ကား တားမြစ်ထားသည့်အချိန် ကာလအတွင်း အလုပ်ခွင်သို့ဝင်သူများ၌ခြေလက်သေခြင်းဝေဒနာ ရရှိကြကြောင်းဖြစ်ပါ၏။ ကြိတ်စက်ကြိတ်သူတစ်ဦးက သူ၏ ပြောင်းစေ့များကြိတ်ရန်ကြိုးစားခဲ့ရာ ပြောင်းမှုန့်များအစားသွေးစီး ကြောင်းထွက်ပေါ်ခြင်းကို စက်၏ကြိတ်ဘီးသည်ရေတွန်းအားပေးနေ သည့်ကြားမှရပ်တန့်ကာမြင်တွေ့ခဲ့ရကြောင်းသိရပါသည်။ မိန်းမ တစ်ဦးသည် နယ်ပြီးသားမုန့်နှစ်များအားမုန့်ဖုတ်အိုးဖြင့်ထည့်လျက် မီးဖို၌ထည့်ထားပြီး အချိန်စေ့၍ထုတ်ယူလိုက်သောအခါ မီးရှိန်ပြင်း လှသော်လည်း မုန့်မှာအစိမ်းအတိုင်းပင်ရှိနေခဲ့ပါ၏။ အခြား တစ်ယောက်မှာမူ မုန့်နှစ်များရောစပ်အသင့်ပြင်ပြီး နဝမမြောက်နာရီ၌ မုန့်ဖုတ်ရန်ဖြစ်သော်လည်း တနင်္လာနေ့ကျမှပင်ဖုတ်ပါတော့မည်ဟု ဆုံးဖြတ်ထားလိုက်ရာ ထိုနေ့ရက်ရောက်၍ဖွင့်ကြည့်လိုက်သော်မွန်မြတ် သောတန်ခိုးအားဖြင့်ဖုတ်ပြီးဖြစ်နေသော မုန့်လုံးများဖြစ်နေကြောင်း၊ စနေနေ့မွန်းလွဲသုံးနာရီနောက်ပိုင်းလူတစ်ဦးသည် ပေါင်မုန့်ဖုတ်ထား ခဲ့ပြီး နောက်နေ့နံနက်ဖုတ်ပြီးမုန့်ကိုဖဲ့ခွဲရာ သွေးများထွက်လာခဲ့ ကြောင်းအဆိုပါဖြစ်ရိုးဖြစ်စဉ်မဟုတ် ရယ်ဖွယ်ကောင်းသည့်အယူသီး

မှုများဖြင့်တန်ဆာဆင်ထားသော ဖြစ်ရပ်များအားဖြင့်ပထမနေ့၏ အထွတ်အမြတ်ဖြစ်ပုံကို ထိုနေ့ရက်ကိုထောက်ခံသူများက ကြိုးပမ်း တည်ဆောက်ခဲ့ကြပါသည်။ (ရောဂျာဒီဟို့ဗဒဲန်ရေး နှစ်စဉ်ကြုံတွေ့ ရသည့်အဖြစ်အပျက်များ အတွဲ ၂၊ စာ ၅၂၈-၅၃၀)။

စကော့တလန်နိုင်ငံ၌ အင်္ဂလန်နိုင်ငံကဲ့သို့ပင် ပထမနေ့ကို အလေးထားမှုပိုမိုရရှိစေရန် ရှေးကာလဥပုသ်၏အစိတ်အပိုင်းတစ်ရပ်ကို ထည့်သွင်းခြင်းဖြင့်လုပ်ဆောင်ခဲ့၏။ သို့သော် သန့်ရှင်းခြင်းရှိရမည့်အချိန် နာရီ၌မူ ခြားနားပြောင်းလဲခဲ့ပါသည်။ စကော့တလန်နိုင်ငံဘုရင် ထုတ်ပြန်သောအမိန့်တစ်ရပ်၌ဖေါ်ပြထားသည်မှာ 'စနေနေ့မွန်းတည့် ဆယ့်နှစ်နာရီမှစတင်လျက် သန့်ရှင်းသောအချိန်ကာလကို စတင် သတ်မှတ်သင့်ကြောင်း' နှင့် တနင်္လာနေ့နံနက်သို့ကူပြီးသည့်တိုင်အောင် မည်သူတစ်ဦးတစ်ယောက်မဆ လောကရေးရာလုပ်ငန်းများနှင့် မပတ်သက်သင့်ကြောင်းပါရှိခဲ့၏။ မိုရာ၊ စာမျက်နှာ ၂၉၀၊ ၂၉၁။

သို့ရာတွင် ပထမနေ့၏အထွတ်အမြတ်ဖြစ်ခြင်းကိုခိုင်မာ စေရေးအတွက် ပါပဝါဒီတို့၏ကြိုးပမ်းချက်အားလုံးကြားမှသူတို့ကိုယ် ၌ပင် ဘုရားသခင်၏အာဏာစက်ဖြင့် ဥပုသ်တော်နေ့ဖြစ်စေခဲ့ကြောင်း လူသိရှင်ကြားဖွင့်ဟပြောကြားခဲ့ပြီးလျှင် ထိုနေ့ကိုအစားသွင်းခဲ့သော အသင်းအဖွဲ့မှာ လူသား၏အစပျိုးဆောင်ရွက်မှုဖြစ်ကြောင်းဝန်ခံခဲ့ ကြပါသည်။ တစ်ဆယ့်ခြောက်ရာစုအတွင်းက ပါပသာသနာကောင်စီ အဖွဲ့တစ်ဖွဲ့က ရှင်းလင်းစွာကြေညာခဲ့သည်မှာ 'ခရစ်ယာန်အားလုံး သိစေအပ်သည်ကား သတ္တမမြောက်နေ့ကို ဘုရားသခင်က သူ့အား ဝတ်ပြုကိုးကွယ်စေခြင်းငှါ ခွဲထုတ်သတ်မှတ်ပေးခဲ့ပါသည်။ လက်ခံ၍ လိုက်နာကျင့်သုံးခဲ့ကြသူတို့မှာ ဂျူးလူမျိုးအပေါင်းသာလျှင်မက အခြား

သောဟန်ဆောင်သူများအားလုံးပါဝင်၏။ ကျွန်ုပ်တို့ခရစ်ယာန်အပေါင်း
တို့သည်လည်း သူတို့၏ဥပုသ်ကို ဘုရားသခင်၏နေ့အဖြစ်ပြောင်းလဲ
ထားကာ ကျင့်သုံးလိုက်နာနေကြပေသည်။' မိုရာ စာမျက်နှာ ၂၈၁၊
၂၈၂။ ဘုရားသခင်က ချမှတ်ထားသောဥပဒေ၌ဝင်၍နှောင့်ယှက်
နေသည့် ထိုသူတို့ကား ၎င်းတို့လုပ်ဆောင်မှု၏အကျင့်စရိုက်ကို မသိ
မနားလည်၍ မိမိတို့ကိုယ်ကို မိမိတမင်တကာပြုနေကြသူများပေတည်း။

ရောမခရစ်ယာန်သာသနာနှင့် ဝါဒသဘောထားကွဲလွဲသူ
အပေါင်းတွင် ဝေါလ်ဒင်စီများအပေါ် ကြာရှည်စွာဖြင့်သွေးထွက်သံယို
များလှသောညှဉ်းပန်းနှိပ်စက်မှုများသည် ထင်ရှားသောပုံသက်သေ
တစ်ခုဖြစ်စေခဲ့၏။ အဆိုပါဝေါလ်ဒင်စီတို့အနက်မှတချို့သောသူ
များမှာ ဥပုသ်နေ့ကိုကျမ်းစာလာချက်နှင့်အညီ လိုက်နာခဲ့ကြလေသည်။
အခြားသောသူများသည်လည်း ၎င်းတို့လက်ခံလိုက်နာသောပညတ်
တော်၏စတုတ္ထအချက်အတွက် အလားတူဆင်းရဲခြင်းဝေဒနာများခံစား
ခဲ့ကြရ၏။ အထူးအရေးပါခဲ့သည်ကား အီသိုအိုပီးယားနှင့်အက်ဘီစီး
နီးယားအသင်းတော်များ၏သမိုင်းမှတ်တမ်းဖြစ်ပါ၏။ အမှောင်ခေတ်
များအတွင်းဖြစ်ပေါ်ခဲ့သောကြေကွဲဖွယ်ရာနှင့် မျှော်လင့်ချက်မရှိသည့်ဘဝ၌
ကမ္ဘာက ဗဟိုအာဖရိကတိုက်ရှိခရစ်ယာန်အပေါင်းအား မျက်ခြည်ပြတ်ကာ
မေ့လျော့ထားခဲ့ပါသည်။ ထိုအခါ သူတို့သည် ရာစုနှစ်ပေါင်းများစွာ
၎င်းတို့ယုံကြည်မှု၌ လွတ်လပ်စွာကျင့်သုံးခွင့်ကိုရရှိလျက် ဝမ်းမြောက်
ခဲ့ကြပါ၏။ သို့ရာတွင် ရောမက အာဖရိကတည်ရှိခြင်းကို
လေ့လာမိသောအခါ အက်ဘီစီးနီးယားဧကရာဇ်သည် ပါပရဟန်းမင်း
က ခရစ်တော်၏ကိုယ်စားတော်ဖြစ်ခြင်းဟူသောအယူအဆသို့
ဖြားယောင်းသိမ်းသွင်းခြင်းကိုခံခဲ့ရလေသည်။ ထို့အပြင် အခြားသော

လိုက်လျောအလျော့ပေးခြင်းများကို ဆက်လက်၍ခွင့်ပြုခဲ့ပါ၏။ စနေ ဥပုသ်ကိုစောင့်ထိန်းခြင်းနှင့်စပ်လျဉ်း၍ တားမြစ်သောအမိန့်တွင်အပြင်း ထန်ဆုံးသောပြစ်ဒဏ်များပါဝင်ခဲ့၏။ (မိုက်ကယ်၊ ဂက်ဒက္ခ၊ အီသိုအို ပီးယားအသင်းတော်သမိုင်းမှတ်တမ်းများ၊ စာမျက်နှာ ၃၁၁၊ ၃၁၂)။ ထိုသို့လိုက်လျောခြင်းများအကြားမှ ပါပအုပ်ချုပ်မှုသည် ဖိနှိပ်မှုအားဖြင့် ထမ်းပိုးတင်မှုမှာ အလွန်ခါးသီးဖွယ်ဖြစ်လာခဲ့ရာ အက်ဘီစီးနီးယန်း လူမျိုးများအနေနှင့်ထမ်းပိုးကိုမိမိတို့မထမ်းကြရန် ဆုံးဖြတ်သန္နိဋ္ဌာန် ချလိုက်ကြလေသည်။ ကြောက်မက်ဖွယ်ရုန်းကန်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ပြီးသည်နောက် ရောမဝါဒီများသည် ၎င်းတို့စိုးမိုးထားရာ နေရာများမှနှင့်ထုတ်ခြင်းကိုခံခဲ့ရပေသည်။ သို့ပြီးမှယခင်ယုံကြည်မှု အတိုင်း ရှေးရိုးစဉ်လာပြန်လည်တည်ဆောက်ခဲ့ကြတော့၏။ အသင်းတော်များ၌ယခင်ကဲ့သို့ပင်လွတ်လပ်မှုဖြင့်စိတ်ချမ်းသာခြင်း ကိုရရှိခဲ့ကြကာ သူတို့ခံစားခဲ့ရသည့်လှည့်စားမှု၊ ကြမ်းတမ်းပြီး ဆင်ခြင်တုံတရားကင်းမဲ့သော စိတ်တက်ကြွသည့်ဝါဒနှင့် ရောမ၏ ဖိနှိပ်ရက်စက်သောအုပ်စိုးမှုတို့ကို နားလည်သိရှိကာ ဘယ်သောအခါမှ မမေ့ကြတော့ပေ။ ခရစ်ယာန်လောကကြီးထဲ၌ ၎င်းတို့သည် အထီး ကျန်ဆန်သောနိုင်ငံဘဝတွင်ရောင့်ရဲမှုဖြင့် ရပ်တည်နေခဲ့ပေသည်။

ဘာသာရေးဖေါက်ပြန်ကူပြောင်းခြင်းမတိုင်မီကာလ ပါပ အသင်းတော်အနေနှင့်စောင့်ထိန်းခဲ့သောဥပုသ်နေ့အတိုင်းပင် အာဖရိက အသင်တော်များက စောင့်ခဲ့ကြလေသည်။ ဘုရားသခင်၏ပညတ်ချက် ကိုလိုက်နာလျက် သတ္တမနေ့ကိုစောင့်ထိန်းခဲ့စဉ်မှာပင် အသင်းတော် အစဉ်အလာအရ ပထမနေ့၌အလုပ်မလုပ်ဘဲနေကြခြင်းဖြင့် လိုက် လျောညီဖြစ်စေခဲ့ပါသည်။ အာဏာတန်ခိုး၏အထွတ်အထိပ်သို့

ရယူပြီးနောက်မှာ ရောမသည် ဘုရားသခင်၏ဥပုသ်တော်ကိုနင်းချေ
လျက် မိမိကိုယ်ကိုဘုရားသခင်ထက်ပို၍ချီးမြှောက်ထားခဲ့ပါသည်။
သို့ရာတွင် နှစ်ပေါင်းတစ်ထောင်နီးပါးမျှတိမ်မြုပ်ခဲ့သည့် အာဖရိက
တိုက်ရှိအသင်းတော်များအနေဖြင့် ဤဘာသာတရားဖေါက်ပြန်
ကူးပြောင်းမှုတွင်မပတ်သက်ခဲ့ပေ။ ရောမ၏ထိန်းချုပ်မှုအောက်
ရောက်ခဲ့သောအခါမှသာလျှင် အမှန်အကန်ကိုဘေးဖယ်ထားကာ
မမှန်မကန်သောဥပုသ်ကို ချီးမြှောက်ရန် အတင်းအကြပ်ပြုခြင်းခံခဲ့ရ၏။
သို့တစေ သူတို့၏လွတ်လပ်ခြင်းကို ပြန်လည်ရယူခဲ့ပြီးနောက်မှာတော့
ပညတ်တော်၏စတုတ္ထပညတ်ချက်ကို လိုက်နာကျင့်သုံးခဲ့ပါသည်။

## ကြိုတင်ဖေါ်ပြထားသောစွမ်းအင်

စစ်မှန်သောဥပုသ်နှင့်၎င်း၏ကာကွယ်သူများအပေါ် ရောမက
ထားရှိအပ်သောအမုန်းတရားကို ဤအတိတ်ကာလမှတ်တမ်းများက
ထင်ရှားပြသခဲ့သည့်အပြင် သူ့တီထွင်မှုအစဉ်အလာကိုဂုဏ်ပြုရန်အလို့
ငှာ အသုံးပြုသောနည်းလမ်းများကိုလည်း မှတ်တမ်းပြုထားခဲ့ပေသည်။
ဘုရားသခင်၏နှုတ်ထွက်စကားအရ ဤမြင်ကွင်းများအားထပ်မံပြသ
သည့်အနေနှင့် ရောမဘာသာဝင်များနှင့်ပရိုတက်စတင့်များသည်
ပထမနေ့ကိုချီးမြှောက်သောအားဖြင့် မလွဲမသွေပေါင်းစည်းမှုပြုမည်ဟု
သွန်သင်ချက်ရှိပါသည်။

Rev.ကျမ်းအခန်း ၁၃ ပါ ကြိုတင်ဟောထားချက်စကားသည်
'သိုးသငယ်၏ဦးချိုနှစ်ချောင်းရှိသောသားရဲသည် သူ့အလျင်ဖြစ်သော
ပထမသားရဲ၏အာဏာစက်ရှိသမျှကိုသုံးစွဲ၏။ ပထမသားရဲကိုမြေကြီး

သားတို့သည်ကိုးကွယ်စေခြင်းငှာပြု၏’ ဟုဆိုထားပေရာ ကျားသစ်နှင့် တူသောသားရဲသည် ပါပရဟန်းသာသနာကို ကိုးကွယ်စေသည့်သဘော ဖြစ်၏။ ဒုတိယသားရဲကပင် ထပ်မံ၍ပြောရန်ရှိသည်ကား ‘ဓါးဖြင့် ခုတ်သောဒဏ်ချက်ကိုခံရ၍ အသက်ရှင်သေးသောသားရဲ၏ရုပ်တုကို လုပ်စေခြင်းငှာ မြေကြီးသားတို့ကိုတိုက်တွန်း’ ပြီးလျှင် ဆက်လက်အမိန့် ပေးရန်မှာကား ‘ငယ်သူ၊ ကြီးသူ၊ ချမ်းသာသူ၊ ဆင်းရဲသူ၊ လွတ်လပ် သူနှင့်ချုပ်ချယ်ခြင်းခံရသူနှစ်ဦးနှစ်ဝ’ သားရဲ၏အမှတ်တံဆိပ်ကိုခံယူ ကြရန်ဖြစ်လေ၏။ (ဗျာ ၁၃း၁၁-၁၆)။ ထိုသိုးသငယ်ကို ကိုယ်စားပြုသော ဦးချိုများပါရှိသောသားရဲသည် အမေရိကန်ပြည် ထောင်စုနိုင်ငံဖြစ်ပြီးလျှင် ဤပုရောဖက်ပြုစကားသည် ပထမနေ့ကို ဥပုသ်နေ့အဖြစ်သတ်မှတ်လိုက်နာအောင် ၎င်းနိုင်ငံက အာဏာသုံး၍ သက်ရောက်စေသောအခါ ပြည့်စုံခြင်းရှိလာလိမ့်မည်ဖြစ်၏။ ရောမက ဤအချက်ကို အာဏာတန်ခိုး၏အထွတ်အထိပ်ရောက်ရှိခြင်းအဖြစ် အသိအမှတ်ပြုထားပေသည်။ သို့သော် ပါပသာသနာကိုအလုပ်အကျွေး ပြုရာ၌ အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံတည်းသာ ဖြစ်လိမ့် မည်မဟုတ်ပါ။ တစ်ချိန်ကရောမလက်အောက်ခံနိုင်ငံများအပေါ်သက် ရောက်ခဲ့သည့်သြဇာညောင်းမှုသည် ပျက်သုဉ်းခဲ့ခြင်းမှာ အလှမ်းကွာ နေဆဲရှိ၏။ ပုရောဖက်ပြုချက်အရ ရောမအနေနှင့်တန်ခိုးအာဏာပြန် လည်တည်ဆောက်နိုင်ဦးမည်ဖြစ်ပါသည်။ ‘သားရဲ၏ခေါင်းတစ်လုံး သည်သေအောင်ကွပ်မျက်ပြီးသကဲ့သို့ဖြစ်၍ သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲ၏နောက်သို့ လိုက်၍အံ့သြရကြ၏။’ ကျမ်းပိုဒ်ငယ် ၃။ သေစေလောက်သောဒဏ်ရာ ရရှိခံစားရခြင်းကညွှန်ပြသည်မှာ ၁၇၉၈ ခုနှစ်တွင် ပါပရဟန်းသာသနာ

မှာကျဆုံးခဲ့ရခြင်းဖြစ်၏။ ဤဖြစ်ရပ်နောက်ပိုင်းအကြောင်းနှင့်ပတ်သက်၍ ပုရောဖက်ပြုချက်မှာ 'သားရဲ၏သေလောက်သည့်ဒဏ်ရာပျောက်ကင်းခဲ့လျက် ကမ္ဘာလောကသားအပေါင်းကအံ့သြ၍ နောက်ကလိုက်ကြ၏။' ပေါလုကရှင်းရှင်းဖွင့်ဆိုထားသည်မှာ "အပြစ်သားအဓမ္မမလူ" သည် ဒုတိယအကြိမ်ပြန်၍ခရစ်တော်ကြွလာသည်အထိ ဆက်၍ရှိနေမည့်အကြောင်းဖြစ်ပါသည်။ ၂သက် ၂း၃–၈။ သူသည် ကရုဏာတံခါးပိတ်သည့်အချိန်တိုင်အောင် လှည့်စားခြင်းအလုပ်ကို ဆက်လက်သယ်ယူဆောင်ရွက်နေပါလိမ့်မည်။ သစ္စာတရားကိုဖွင့်ပေးသူက ပါပရဟန်းမင်း၏သာသနာကိုပါရည်ညွှန်း၍ကြေညာသည်ကား 'ကွပ်မျက်သောသိုးသငယ်၏အသက်စာစောင်၌ ကမ္ဘာဦးကပင် စာရင်းမဝင်သောမြေကြီးသားအပေါင်းတို့သည် သားရဲကိုကိုးကွယ်ကြ၏။' ဗျာ ၁၃း၈။ ကမ္ဘာဟောရောကမ္ဘာသစ်နှစ်ခုစလုံးတွင် ပါပသာသနာအငြင့် ပထမနေ့အစဉ်အလာကို ဂုဏ်ပြုသောအားဖြင့်ဖြစ်သော ဂါရစပြုမှုကိုလက်ခံရရှိခြင်းသည် ရောမအသင်းတော်၏အမိန့်အာဏာပေါ်၌သာ မှီခိုရပ်တည်ခြင်းကြောင့်သာလျှင်ဖြစ်ပါသည်။

တစ်ဆယ့်ကိုးရာစုနှစ်အလယ်ပိုင်းကပင်စတင်လျက် ပုရောဖက်ပြုစကားကိုလေ့လာသူ အမေရိကန်ပြည်ထောင်စုသားများက ဤသက်သေခံချက်ကို ကမ္ဘာသို့တင်ပြထားခဲ့ပါသည်။ ယခုရှိနေသည့်ဖြစ်စဉ်ဖြစ်ရပ်များ၌တွေ့မြင်ရသည်မှာ ကြိုတင်ဟောကြားထားချက်ပြည့်စုံမည့်အချင်းအရာသို့ အမြန်လှမ်းနေခြင်းပင်ဖြစ်၏။ ပထမနေ့စောင့်ထိန်းခြင်းတွင် ပရိုတက်စတင့်ဆရာများကလည်း ဘုရားသခင်အခွင့်အာဏာကိုပင် လက်ကိုင်ထားနေကြပါသည်။ အလားတူပင် ပါပသာသနာ၏ခေါင်းဆောင်များကဲ့သို့ ကျမ်းစာလာချက် အထောက်

အထားကင်းမဲ့ကြလျက် ဘုရားသခင်၏အမိန့်ညွှန်ကြားချက်နေရာကို ဝေဆာစေသောအံ့သြဖွယ်ရာဖြစ်ရပ်များဖြင့် တန်ဆာဆင်နေကြပေသည်။ ဘုရားသခင်၏တရားစီရင်ချက်များကို ပထမနေ့ဥပုသ်စောင့်ထိန်းခြင်းပြုရန် ပျက်ကွက်နေသူအပေါင်း၌ကျရောက်စေသည်ဟူသော အခိုင်အမာအတိအလင်းပြောကြားချက်များ ထပ်တလဲလဲဖြစ်နေပါလိမ့်မည်။ ယခုအချိန်မှာပင်လျှင် တွန်းအားပေးခြင်းစတင်ဖြစ်နေလေပြီ။ ပထမနေ့ကိုဥပုသ်စောင့်ထိန်းခြင်းအတွက် လှုပ်ရှားမှုတစ်ရပ်ထိရောက်စေရေးအတွက်ကိုလည်း ဖိအားပေးကာ လျင်လျင်မြန်မြန်ဖြစ်ပေါ်စေပါလိမ့်မည်

## အချိန်အခါသင့်ဖြစ်သောကောက်ကျစ်မှု

ရောမအသင်းတော်သည် ဗဟုသုတအသိဉာဏ်အရာနှင့် ကောက်ကျစ်စဉ်းလဲခြင်းအရာတို့၌ ကျေနပ်အံ့သြဖွယ်ရှိလှပါ၏။ စာပေဗဟုသုတအားဖြင့် ဖတ်စရာရှိလျှင်တတ်နိုင်စွမ်း၏။ အချိန်သင့်ရာကိုစောင့်ဆိုင်းလျက်နေရာ၌ ပရိုတက်စတင့်အသင်းတော်များသည် ၎င်းအား မမှန်မကန်သည့်ဥပုသ်ကိုလက်ခံခြင်း၌ ဂါရဝပြုထားသည့်အပြင် သူတို့ဘာသာဝင်အားလုံးကလိုက်နာကျင့်သုံးစေရန် ရောမအသင်းတော်ရှေးယခင်က အသုံးချခဲ့သည့်နည်းနာများကိုပင်အသုံးချနေကြကြောင်း မြင်တွေ့နေရပါ၏။ သစ္စာအလင်းတရားပယ်ခဲ့သော ထိုသူအပေါင်းတို့သည် ၎င်းအစပျိုးတည်ထောင်ခဲ့သောထုံးတမ်းစဉ်လာကို ချီးမြှောက်ရန် အလို့ငှာ အမှားအယွင်းလုံးဝကင်းသောကိုယ်ပိုင်မှုဟန်ဖြင့် ရပ်တည်သည့် ဤရောမအသင်းတော်၏အကူအညီကို တောင်းခံလာရမည်

မလွဲဖြစ်ပါသည်။ ဤလုပ်ငန်း၌အဘယ်မျှသောအတိုင်းအတာဖြင့် ပရိတက်စတင့်တို့အား ၎င်းကကူပံ့ပေးမည်ဆိုသည်ကား ခန့်မှန်းရန် ခက်ခဲသောကိစ္စမဟုတ်ပေ။ အသင်းတော်အပေါ်မလေးမခန့်ပြုသူတို့ အား ဘယ်ကဲ့သို့ကိုင်တွယ်ရမည်အကြောင်းကို ပါပရဟန်းသာသနာ၏ ခေါင်းဆောင်များထက် ဘယ်သူသည်သာ၍သိနားလည်နိုင်ပါမည်နည်း။

ရောမဘာသာဝင်အသင်းတော်အနေနှင့် ကမ္ဘာတစ်ခွင်လုံးရှိ ၎င်း၏အသင်းခွဲအားလုံးနှင့်အတူ အထိန်းအကွပ်ရှိသောကြီးမားကျယ် ပြန့်သည့်အဖွဲ့အစည်းတစ်ခုအဖြစ်ဖွဲ့စည်းထားပါသည်။ အသင်းတော် ဆိုင်ရာဂိုဏ်းအုပ်ကြီးနာယကအဖွဲ့များ၏ အကျိုးကျေးဇူးများအတွက် ဝန်ဆောင်မှုပေးရန် စီမံပေးထားပါသည်။ ကမ္ဘာလုံးကြီးပေါ်ရှိ၊ တိုင်းပြည်နိုင်ငံတိုင်းရှိသန်းဂဏန်းချီသော ပါဝင်ဆက်သွယ်နေသူများ အားလုံးအပေါ် ပါပရဟန်းမင်းကြီး၌သစ္စာခံသည့်အနှောင်အဖွဲ့အရ ၎င်းတို့ကိုယ်ကိုထိန်းသိမ်းထားရှိစေရန် ညွှန်ကြားချက်ပေးထားပေ၏ သူတို့သည်မည်သို့သောလူမျိုး၊ မည်သို့သောအစိုးရ၏လက်အောက် ခံဖြစ်နေပါစေ အသင်းတော်၏တန်ခိုးအာဏာပိုင်စိုးမှုကိုသာရေး ထားဆောင်ရွက်ရပြီး အခြားဘာကိုမှဦးစားမပေးရပါ။ သူတို့သည် နေထိုင်ရာတိုင်းနိုင်ငံအပေါ်သစ္စာရှိပါမည်ဟု ပဋိညာဉ်ပြုချက်ရှိသော် ငြားလည်း နောက်ကွယ်ကမူ ရောမအသင်းတော်အပေါ်၌သာ ရှိသေလိုက်နာမည့်ကတိသစ္စာအဓိဋ္ဌာန်အားဖြင့် အသင်းတော်အကျိုး စီးပွားအတွက် ဆန့်ကျင်မည့်အချင်းအရာများကို ပစ်ပယ်နိုင်ခြင်း အခွင့်ကို ခံစားရရှိကြပါသည်။

ရာဇဝင်သမိုင်း၏သက်သေခံချက်အရ အသင်းတော်ကကောက် ကျစ်မှုနှင့်အစဉ်တစိုက်ကြိုးပမ်းချက်များအားဖြင့် တိုင်းနိုင်ငံတို့၏

အရေးအရာများ၌ ဝင်ရှုစွက်ဖက်ခြင်း၌ ခြေကုပ်တစ်ရပ်ရရှိသည်နှင့် ၎င်း၏ကိုယ်ပိုင်ရည်ရွယ်ချက်များကို တိုးမြှင့်ကာ မင်းညီမင်းသား များနှင့်လူအပေါင်းတို့၏ပျက်စီးခြင်းကိုပင် အရေးမထားဘဲလုပ်ဆောင် ခဲ့လေသည်။ ၁၂၀၄ ခုနှစ်ထဲတွင် အာရာဂွန်ရှင်ဘုရင်ဒုတိယမြောက် ပီတာထံမှပါပရဟန်းမင်းအင်နိုးဆင့် ၃ထံမှရယူခဲ့သော သာမန်ထက် ထူးကဲသည့်ကျမ်းကျိန်ဆိုခြင်းကား 'အကျိန်ပီတာ၊ အာရဂွန်လူမျိုး တို့၏ရှင်ဘုရင်သဘောတူခြင်းဖြင့် အခိုင်အမာမြွက်ကြားသည်မှာ အကျွန်ုပ်၏အရှင်သခင်ဖြစ်သူ ပါပရဟန်းမင်းအင်နိုးဆင့်၌ အစဉ်သဖြင့် သစ္စာခံရိုသေမှုရှိကြောင်း၊ သူ၏ရောမဘာသာဝင်အမွေအနှစ်ဆက်ခံ သူများနှင့်ရောမအသင်းတော်အပေါ်၌လည်း အလားတူရှိပါကြောင်း အပြင် အကျွန်ုပ်၏နိုင်ငံတော်အား ပါပရဟန်းမင်းကို အမြဲကိုင်းရှိုင်း ရိုသေခြင်းရှိစေရန်ထိန်းသိမ်းလျက် ရောမဘာသာ၌ယုံကြည်ခြင်းအား စောင့်ရှောက်ကာကွယ်ပြီးလျှင် ဘုရားမဲ့အယူ၏မကောင်းမှုကို အပြစ်ဒဏ်ပေးသွားမည်ဖြစ်ပါကြောင်းကတိပြုအပ်ပါသည်' ဟူ၍ ဖြစ်လေသည်။ ဂျွန်ဒေါင်လင်းရေးသည့်ရောမပြဒ်ဝါဒ၏ရာဇဝင် သမိုင်းကြောင်း အတွဲ ၅ အခန်း ၆၊ အခန်းစိတ်။

ဤကျမ်းကျိန်ခချက်မှာ ရောမပါပရဟန်းမင်း၏တန်ခိုးအာဏာ ဆိုင်ရာကြေညာချက်ဖြစ်သည့် 'ဧကရာဇ်များအားနန်းချရာ၌ ပါပရဟန်းမင်းလုပ်ဆောင်ချက်မှာ ဥပဒေနှင့်အညီဖြစ်ခြင်း' နှင့် 'မဖြောင့်မတ်သည့်အုပ်စိုးသူများထံ သစ္စာစောင့်သိရိုသေခြင်းကို ထားရှိနေရသောပြည်သူသားများအား လွတ်မြောက်ခြင်းအခွင့် ကို ပါပရဟန်းမင်းက ပေးနိုင်ခြင်း' မိုရှိ အင်(မ) အတွဲ ၃၊ ရာစု ၁၁၊ အပိုင်း ၂၊ အခန်း ၂ အခန်းစိတ် ၉၊ မှတ်စု ၁၇။

ရောမက ၎င်းသည်ဘယ်သောအခါမှမပြောင်းမလဲရှိကြောင်း ဝါကြွားချက်ကိုအမှတ်တရရှိစေအပ်ပေသည်။ သတ္တမမြောက်ဂရီဂိုရီနှင့်တတိယမြောက်အင်နိုးဆင့်တို့ချမှတ်ထားသော အခြေခံဥပဒေသများသည် ရောမဘာသာဝင်အသင်းတော်၌လည်း အတူပင်ဖြစ်နေဆဲရှိပါ၏။ ယခင်ရာစုနှစ်များကအတိုင်း တန်ခိုးအာဏာရှိခဲ့ပါကမူ ၎င်းအနေဖြင့် ထိုစဉ်ကကဲ့သို့ကျင့်သုံးလိမ့်မည်ဖြစ်ပါသည်။ ပထမနေ့အားချီးမြှောက်ခြင်းအရာ၌ ရောမ၏အကူအပံ့ကို ပရိတက်စတင့်တို့ကလက်ခံယူမည့်အဆိုပြုချက်ကိုတင်သွင်းရာ၌ ၎င်းတို့သည် မည်သည့်လုပ်ရပ်အား မည်သို့လုပ်ဆောင်နေသည်ကို အနည်းအပါးမျှသာသိကြပါလေ၏။ သူတို့က သူတို့လိုလားမှုကိုပြီးမြောက်စေရန် အားထုတ်နေခိုက်တွင် ရောမကတန်ခိုးအာဏာပြန်လည်တည်ဆောက်လျက် ၎င်းဆုံးရှုံးခဲ့ရသောအထွတ်အထိပ်နေရာကို ပြန်ရယူရန်ရည်ရွယ်လုပ်ဆောင်နေပါသည်။ အသင်းတော်သည် အုပ်ချုပ်မှုအာဏာကိုအသုံးချခြင်းဖြစ်စေ၊ ကွပ်ကဲခြင်းဖြစ်စေ ထိုစဉ်တစ်ချိန်ကကဲ့သို့အမေရိကန်ပြည်ထောင်စု၌ပြန်လည်တည်ထောင်စေခြင်း၊ အုပ်ချုပ်ရေးဥပဒေများအားဖြင့် ဘာသာတရားရေးရာများတွင် လိုက်နာကျင့်သုံးနိုင်မှုနှင့်အကျဉ်းချုပ်ဆိုရမည်ဖြစ်ပါက အသင်းတော်နှင့်နိုင်ငံတော်၏အခွင့်အာဏာဖြင့် အသိစိတ်တရားကိုသြဇာလွှမ်းမိုးမှုအားဖြင့် ဤအမေရိကန်နိုင်ငံတွင် ရောမ၏အောင်ပွဲခံခြင်းကို စိတ်ချအာမခံချက်ရစေပေမည်။

ဘုရားသခင်၏နှုတ်ထွက်စကား၌ ဖြစ်ပေါ်လာမည်ဘေးရန်ကိုကြို၍အသိပေးခဲ့ပြီးဖြစ်၍ ဤအချက်ကိုအလေးမမူခဲ့ပါလျှင် ကျော့ကွင်းကိုတိမ်းရှောင်ရန် အလွန်နောက်ကျသွားသည့်အခါမှသာလျှင် မလေးမခန့်ပြုသော ပရိတက်စတင့်လောကသားများသည်

ရောမ၏ရည်ရွယ်ချက်အစစ်အမှန်များသည် ဘာများလဲဟူ၍သိနား လည်လာကြပေလိမ့်မည်။ ရောမအသင်းတော်သည် တိုးတိုးတိတ်တိတ် ဖြင့် တန်ခိုးအာဏာကြီးထွားလာနေ၏။ ၎င်း၏အယူအဆဝါဒများ သည် ဥပဒေပြုခန်းမတို့၌ အရှိန်အဝါဖြင့်ဖိအားပေးနေပါသည်။ အလားတူပင် အသင်းတော်များ၌လည်းကောင်း၊ လူအပေါင်းတို့၏ နှလုံးစိတ်ဝမ်းများ၌လည်းကောင်း သက်ရောက်မှုများဖြစ်ပေါ် နေစေလျက်ရှိပါသည်။ ၎င်းသည် မြင့်မားလျက်ကြီးကျယ်သော အဆောက်အအုံများကို ယခင်လျှို့ဝှက်ညှဥ်းပန်းခဲ့သောအခန်းများထဲ၌ စုပုံပြီးလျှင် ညှဥ်းပန်းနှိပ်စက်မှုများအား ပြန်၍လုပ်ဆောင်လိမ့်ဦးမည်။ မယုံသင်္ကာဖြစ်မှုများကင်းရှင်းလျက် ခိုးကြောင်ခိုးဝှက်မှုရှိစွာဖြင့် အင်အားစုများကိုတည်ဆောက်ပြီးလျှင် အချိန်ကျရောက်လာသောအခါ မိမိကိုယ်ပိုင်ရည်မှန်းချက်များပြည့်မီအောင် ထိုးနက်တိုက်ခိုက်ပါ လိမ့်မည်။ ၎င်းလိုလားသည်မှာ အထက်အသာစီးရရှိမှုဖြစ်ပေရာ ဤအချက်သည်လည်း ၎င်း၌ရရှိထားပြီးဖြစ်နေပါသည်။ ရောမ၏ လိုရင်းအချက်သည် ဘာဖြစ်သည်ဆိုခြင်းကို ကျွန်ုပ်တို့သည် များမကြာမီမြင်တွေ့ခံစားကြရမည်မှာ ဧကန်မုချမလွဲပေ။ ဘုရားသခင်၏နှုတ်တော်ထွက်စကား၌ယုံကြည်လျက် လိုက်နာ နားထောင်နေသူမည်သူမဆို ထိုအချက်များအားဖြင့် စွပ်စွဲခြင်းခံရလျက် အပြစ်ပေးဖိနှိပ်မှုကို ခံစားရကြပေလိမ့်မည်။

ယခင်ရှေးကာလများထက် ရောမဘာသာဝင်အယူဝါဒသည် ပရိုတက်စတင့်တို့၏အယူဝါဒနှင့် ခြားနားမှု နည်းပါးလာပြီလော ဟူသောမေးခွန်းအား ပရိုတက်စတင့် တိုင်းပြည်များ၌ ရှေ့သို့တွန်းတင်ပေး နေသည်မှာ အကြောင်းမဲ့မဟုတ်ပါ။ ထိုအချက်မှာ ပါပရဟန်းမင်း သာသနာဘက်၌ အပြောင်းအလဲမရှိ သော်လည်း အပြောင်းအလဲ တစ်ရပ်သည် တည်ရှိခဲ့သောကြောင့် ဖြစ်ပါ၏။

---ooo---

အခန်း(၆)

## နီးကပ်လာပြီဖြစ်သောအခက်အခဲ

**"နဂါးသည်မိန်းမကိုအငြိုးထား၏။ ထိုမိန်းမ၌ ကြွင်းသောအမျိုး အနွယ်ကိုစစ်တိုက်ခြင်းငှာသွား၏။" ဗျာ ၁၂း၁၇။**

**"အမြင့်ဆုံးသောဘုရားသခင်ကို ဆန့်ကျင့်ဘက်ပြု၍ ကြီးစွာသောစကားကို ပြောလိမ့်မည်။ အမြင့်ဆုံးသော ဘုရားသခင်၏သန့်ရှင်းသူတို့ကို ညှဉ်းဆဲနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့် ပညတ်တရားတို့ကိုပြောင်းလဲစေခြင်းငှာ ကြံစည်လိမ့်မည်။" ဒံယေလ ၇း၂၅။**

ကောင်းကင်ဘုံ၌ ဦးစွာပထမဆုံးအစပျိုးခဲ့သည့်မဟာတိုက်လှန်ပွဲမှစတင်လျက် စာတန်၏လိုလားချက်မှာ ဘုရားသခင်၏ပညတ်တရားကို အပြီးသတ်ချေမှုန်းကျရှုံးစေရန် ဖြစ်ပါသည်။ ဤအချက်ကိုအဆုံး၌ရယူရန်အတွက် ဖန်ဆင်းပိုင်သူသခင်အား တော်လှန်ပုန်ကန်ခြင်းသို့သူဝင်ရောက်ခဲ့လျက် ကောင်းကင်မှကျဆင်းလာခဲ့ရသော်လည်း သူသည် အလားတူတိုက်ပွဲကိုပင် ကမ္ဘာမြေကြီးပေါ်မှာ ဆက်လက်လုပ်ဆောင်ခဲ့လေသည်။ လူအပေါင်းတို့အား လှည့်စားပြီးလျှင် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်ကြဖို့ ရှေ့ဆောင်လမ်းပြပေးရန် သူ့အနေနှင့်တစိုက်မတ်မတ်ရည်ရွယ်ထားခဲ့ပါ၏။ ဤရည်ရွယ်ချက်သို့ပေါက်ရောက်စေရန် ပညတ်တရားကိုလုံးဝပစ်ပယ်စေခြင်းဖြစ်စေ၊ တစ်ချက်တလေငြင်းပယ်ခြင်းဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ နောက်ဆုံးသောရလဒ်သည် အတူတူသာလျှင်ဖြစ်လိမ့်မည်။

အဘာယ်သို့နည်းဟူမူကား ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် 'တစ်စုံတစ်ခု၌' မှားမိလျှင် ပညတ်တရား 'အလုံးစုံကို လွန်ကျူး' သောအပြစ်ရှိ၏။ ယာကုပ် ၂း၁၀။

မွန်မြတ်သောတည်နေဆဲဥပဒေပညတ်တရားများအပေါ် မလေးမစားပြုရန် ကြိုးပမ်းရာ၌ စာတန်သည် ကျမ်းစာတော်၏အယူအဆသြဝါဒများကိုလမ်းလွဲစေပြီးလျှင် ကျမ်းစာလာချက်များကို ယုံကြည်လက်ခံကြောင်း ဝန်ခံထားသူအထောင်အသောင်းတို့၏ယုံကြည်ခြင်း၌ ထိုလွဲမှားနေချက်များအား တည့်သွင်းပေးထားကြပါသည်။ ကာလရှည်လျားစွာကြာမြင့်ခဲ့ပြီဖြစ်သော တိုက်လှန်ပွဲကြီး၏အဆုံးသတ်သည် ဘုရားသခင်၏ပညတ်တရားနှင့်စပ်လျဉ်း၍ အမှန်တရားနှင့် အမှားအယွင်းတရားအကြား၌ ကြီးစွာသောပဋိပက္ခသည် နောက်ဆုံးတွင်ပေါ်လာရမည်သာဖြစ်ပါ၏။ ယခုကျွန်ုပ်တို့ပါဝင်ဆင်နွှဲနေရသည့်ဤတိုက်ပွဲမှာ လူအပေါင်းတို့လိုက်နာရသော ဥပဒေများနှင့် ယေဟောဝါဘုရားသခင်၏ပညတ်တရားတို့အကြား၌ သော်လည်းကောင်း၊ ကျမ်းစာတော်မြတ်အပေါ် စိတ်ပိုင်းဆိုင်ရာလိုက်နာစောင့်ထိန်းခြင်းနှင့် ဒဏ္ဍာရီနှင့်ရိုးရာအစဉ်အလာအပေါ် စိတ်ပိုင်းဆိုင်ရာပြုမူချက်များအကြားတွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်တိုက်ပွဲပင်ဖြစ်ပါသည်။

ဤဖြစ်ပေါ်နေသောယှဉ်ပြိုင်မှုတွင် အမှန်တရားနှင့်ဖြောင့်မတ်ခြင်းတို့အား ဆန့်ကျင်မည့်အရှိန်အဝါတို့သည် ယခုအခါ တက်ကြွမှုဖြင့်လုပ်ဆောင်နေပြီဖြစ်၏။ ဆင်းရဲခြင်းဝေဒနာခံကာ အသွေးတော်ဖြင့်ရင်း၍ရယူလျက် အဆင့်ဆင့်ခံယူခဲ့ကြသောမွန်မြတ်သည့် နှုတ်တော်ထွက်စကားရပ်သည် ယခုတွင်နှိမ့်ချခြင်းကိုခံနေရပါသည်။ ကျမ်းစာ

တော်မြတ်ကို ကျွန်ုပ်တို့အားလုံးက လက်လှမ်းမီနေကြပါသော်လည်း မိမိတို့ဘဝအသက်တာ၏လမ်းညွှန်တရားဖြစ်ကြောင်း အမှန်တကယ် လက်ခံလိုက်နာသူနည်းပါးနေပါသည်။ မယုံကြည်ဘဲသစ္စာမဲ့မှုများမှာ ကြောက်ခမန်းလိလိဖြစ်လျက် ကမ္ဘာလောက၌သာမက အသင်း တော်ထဲတွင်ပါ ဖြစ်ပေါ်ပေသည်။ ခရစ်ယာန်ယုံကြည်ခြင်း၏ အထောက်အမ မဏ္ဍိုင်အစစ်အမှန်ဖြစ်သည့်ဩဝါဒအဆုံးအမများ၌ လူအများအပြားသည် မတည်ကြတော့ပေ။ ဘုရားသခင်မှုတ်သွင်း တော်မူသောအားဖြင့် ရေးသားသူများက တင်ပြထားသောဖန်ဆင်းခြင်း မဟာအမှန်တရား၊ အပြစ်၌လူသား၏ကျဆုံးမှု၊ အပြစ်ဖြေရာယဇ် တည်းဟူသောယေရှု၏အသေခံခြင်းနှင့် ဘုရားသခင်၏ပညတ်တရား အစွန့်ရှည်ကြာတည်မြဲခြင်းတို့ကို ငြင်းပယ်ရာတွင် အလုံးစုံကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ခရစ်ယာန်လောကသားများဖြစ်ပါသည်ဟု မရိုးမသားပြောဆိုထားကြသူအပေါင်းက ငြင်းပယ်ကြပေသည်။ ကျမ်းစာတော်မြတ်၌ အမေးအမြန်းမရှိ ယုံကြည်ခြင်းကို အားနည်း ပျော့ညံ့ခြင်း၏သက်သေအထောက်အထားတစ်ရပ်ဖြစ်သည်ဟူ၍ ဉာဏ်အသိနှင့်လွတ်လပ်ခြင်းရှိကြောင်း မိမိတို့ကိုယ်၌ယုံကြည်ဂုဏ် တက်နေသူအထောင်အသောင်းက သဘောထားကြလေသည်။ သူတို့ သည် သာလွန်သောအစွမ်းအစနှင့် သင်ယူဆည်းပူးခြင်းအားဖြင့် ကျမ်းစာလာချက်များ၌ အပြစ်ရှာထောက်ပြရန်နှင့် အရေးအကြီးဆုံး ဖြစ်သောသမ္မာတရားပါအချက်များကို အနက်ဖွင့်ဆိုချက်ပျက်ပြား စေရန်ပြုလုပ်ခြင်းဖြင့် တတ်ကျွမ်းသည်ဟုထင်မှတ်နေကြပေသည်။ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်အများအပြားသည် သူတို့၏ပရိသတ်ကို သွန်သင်နေသလို ပါမောက္ခအများနှင့် ဆရာ၊ ဆရာမအပေါင်းတို့သည်

သူတို့၏တပည့်များအား ညွှန်ကြားပြသနေသည်မှာ ဘုရားသခင်၏ ပညတ်တရားကိုပြောင်းလဲခဲ့သည်။ (သို့မဟုတ်) ပျက်ပြယ်စေခဲ့သည် ဟုဆိုကြလျက် ၎င်းတရားပါလိုက်နာရန်အချက်များသည် တည်ဆဲ ဖြစ်ကြောင်း မှတ်ယူထားကာ လိုက်နာကျင့်သုံးအပ်သည်ဟုခံယူထား သူတို့မှာ ပြက်ရယ်ပြုခြင်းဖြစ်စေ မလေးမစားပြုခြင်းဖြစ်စေ ရယူခံစား ရန် ထိုက်တန်ကြသည်ဟုအထင်ရောက်စေပါသည်။

အမှန်တရားကိုငြင်းပယ်လိုက်ကြရာ၌ လူအပေါင်းတို့သည် အမှန်တရား၏ထာဝရဘုရားသခင်အား စွန့်ပယ်ခြင်းဖြစ်ပါ၏။ ဘုရား သခင်၏ပညတ်တရားကို ချိုးနင်းပစ်ကြရာ၌ သူတို့သည်ပညတ်တော် ထုတ်ပြန်သူအား အာဏာစက်မသက်ရောက်သူအဖြစ်သို့ ရောက်စေ ပါ၏။ မမှန်မကန်သောဩဝါဒအယူအဆများနှင့် သီအိုရီများ၌ အထင်ကြီးမြတ်နိုးမှုပြသရန်မှာ ကျောက်တုံး (သို့မဟုတ်) သစ်သား ဖြင့်ထုသောရုပ်တုပုံဖော်သလိုပင် အလွယ်တကူရှိပါသည်။ သဘာဝ နိယာမအားဖြင့် ဘုရားသခင်ပိုင်စရိုက်လက္ခဏာများကို တလွဲတချော် ဖန်တီးခြင်းအားဖြင့် စာတန်က လူအပေါင်းတို့အား ကိုယ်တော် အပေါ်မှားယွင်းသည့် စိတ်ခံစားမှုကိုပေါ်ပေါက်စေပါသည်။ ဒဿန ပညာအယူအားဖြင့် အထင်ကြီးမြတ်နိုးမှုအား ယေဟောဝါဘုရားသခင် ၏နေရာ၌ အစားထိုးအလေးအမြတ်ပြုခြင်းကို လူအများအပြားလိုက်နာ လျက်ရှိကြပါ၏။ ကိုယ်တော်၏နှုတ်ထွက်စကား၌လည်းကောင်း၊ ခရစ်တော်၌လည်းကောင်း၊ ဖန်ဆင်းခြင်းအခြင်းအရာများ၌ လည်းကောင်း ဖွင့်ဟပြထားသောအသက်ရှင်သန်တော်မူသည့် ထာဝရ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြသူများမှာ အနည်းငယ်မျှလောက် သာရှိပါသည်။ ထောင်ချီသောအင်အားစုက သဘာဝတရားကို

ကိုးကွယ်ရာသော ဘုရားသခင်တစ်ဆူမျှသဘောထားနေခိုက်မှာပင် သဘာဝတရား၏ထာဝရဘုရားသခင်ကို စွန့်ပယ်နေကြလေသည်။ ကွဲပြားခြားနားသောပုံစံအားဖြင့်ဖြစ်စေကာမူ ရုပ်တုအားကိုးကွယ်ပသမှုသည် ယနေ့ခရစ်ယာန်လောက၌ တည်ရှိနေပုံမှာ ပုရောဖက်ကြီးဧလိယ၏ခေတ်ကာလရှေးဟောင်းဣသရေလလူမျိုးများ၌ ရှိခဲ့သည့်နည်းတူပင်ဖြစ်ပါ၏။ ပညာတတ်ဖြစ်ကြောင်း အများသိမှတ်ပြုခြင်းခံရသူများ၊ ဒဿနိကဗေဒဆိုင်ရာပုဂ္ဂိုလ်များ၊ စာဆိုတော်များ၊ စာပေအနုပညာရှင်များ၏ဘုရားသခင်၊ အထက်တန်းစားကုံလုံကြွယ်ဝသူများ၊ ကောလိပ်နှင့်တက္ကသိုလ်များနှင့် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အသိုက်အဝန်းတို့တွင်ရှိသူများ၏ဘုရားသခင်သည် (ဖိနီရှားပြည်မှနေဘုရားသခင်ဖြစ်သူ ဗာလဗပေဂုရထက်) အနည်းငယ်မျှသာပို၍ ပညာသာလွန်ကောင်းမွန်ခြင်းရှိပါပေသည်။

## ပျက်စီးခြင်းသို့သက်ရောက်စေသည့်အမှားတစ်ရပ်

ဘုရားသခင်၏ပညတ်တရားသည် လူအပေါင်းတို့အပေါ်အထုံးအဖွဲ့ပြုထားခြင်းမရှိတော့ပါဟူသည့် ခေတ်ပေါ်အယူအဆသြဝါဒသည် လျင်လျင်မြန်မြန်ဖြင့် နေရာရယူနိုင်ခြင်းမှာ ကောင်းကင်ဘုံ၏အာဏာစက်ကိုဆန့်ကျင်ရာ၌ ခရစ်ယာန်ကမ္ဘာကလက်ခံထားသော အမှားတစ်ရပ်ထက်ပို၍ ရဲဝံ့စွာဖြင့်တိုက်ခိုက်မှုမျိုးသော်လည်းကောင်း၊ စိတ်ထဲ၌ဖြစ်ပေါ်လာသည့်ညွှန်ပြချက်များအား ပိုမို၍တိုက်ရိုက်ကျကျဆန့်ကျင်ထားသော အမှားမျိုးသော်လည်းကောင်း ၎င်း၏ရလဒ်များထက်ပို၍ထိခိုက်နစ်နာစေခြင်းရှိသော အမှားမျိုးကြောင့်ဖြစ်သည်ဆိုလျှင်

ပို၍မှန်ကန်ပေမည်။ တိုင်းနိုင်ငံအသီးသီးတွင် ၎င်း၏ဥပဒေများရှိ နေလျက် ရှိသေလိုက်နာစေရန် ပြဌာန်းထားပါသည်။ အဘယ်အစိုးရ အဖွဲ့မျှဥပဒေမဲ့ရပ်တည်ခြင်းမပြုနိုင်ပေ။ ထိုသို့ဖြစ်လျှင် ကောင်းကင် နှင့်မြေကြီးကို ဖန်ဆင်းသူ ဘုရားသခင်သည် သူဖန်ဆင်းထားသော သက်ရှိသက်မဲ့ ဖြစ်တည်နေခြင်းများကိုအုပ်စိုးရန် စည်းမျဉ်းဥပဒေ မရှိဟူသောအယူအဆကို လက်ခံနိုင်ခြင်းရှိမည်ဖြစ်ပါသလား။ ထင်ရှား သောသာသနာ့ဝန်ထမ်းအများက လူပရိသတ်တို့အလယ်တွင် မိမိတို့ နယ်မြေကိုထိန်းချုပ်မှုအရေးအရာများနှင့် နိုင်ငံသားတို့၏အခွင့်အရေး ကိုကာကွယ်သောဥပဒေများသည် မရှိမဖြစ်မဟုတ်ဘဲ ၎င်းဥပဒေ များက လူအပေါင်း၏လွတ်လပ်မှုအခွင့်ကို ကန့်သတ်ချုပ်ချယ်ထား ခြင်းကြောင့် လိုက်နာကျင့်သုံးရန်မလိုအပ်ကြောင်း ဟောပြောနေသည် ဆိုကြပါစို့၊ ထိုကဲ့သို့သောပုဂ္ဂိုလ်တို့အား တရားဟောစင်၌မြဲနေစေ ရန် အဘယ်မျှကြာအောင် သည်းခံလိုက်လျောခြင်းပြုထားနိုင်မည်နည်း။ သို့ရာတွင် အားလုံးသောအုပ်ချုပ်သူအဖွဲ့များ၏အခြေခံဖြစ်သည့် ဘုရားသခင်ချမှတ်ပေးသော ပညတ်တရားများကို နင်းချေပစ်ခြင်းသည် တိုင်းနိုင်ငံများနှင့် လူမျိုးအပေါင်းတို့၏ဥပဒေတို့အား မလေးမစား ပြုခြင်းထက် ပိုမို၍လေးနက်သောပြစ်မှုဖြစ်သည် မဟုတ်ပါလော။

အာကာသတစ်ခွင်၏ဘုရားသခင်အနေနှင့် သူ၏ပညတ်တရား ကိုဖျက်သိမ်းကာ မကောင်းမှုကျူးလွန်သူအား ပြစ်ဒဏ်မချ၊ ဖြောင့်မတ် သူတို့အား ဆုလာဘ်မပေးသည့် စံပြစနစ်တစ်ရပ်မရှိစေဘဲ ကမ္ဘာ လောကကြီးကိုပစ်ပယ်ထားသည်ထက် လူမျိုးအပေါင်းတို့၏ဥပဒေ များကို အဆုံးသတ်စေပြီးလျှင် လူတို့ဆန္ဒရှိသည့်အတိုင်း ပြုမူကျင့်ကြံ စေခြင်းက ပို၍ပုံမှန်အတိုင်းဖြစ်စေပါလိမ့်မည်။ ဘုရားသခင်၏ပညတ်

တရားကို ပျောက်ပျက်စေရန် ပြုခြင်း၏ရလဒ်ကို အကျွန်ုပ်တို့သိနိုင်ပါမည်လော။ ဤအချက်ကို လက်တွေ့ကျကျစမ်းသပ်ပြီးဖြစ်ပါ၏။ ပြင်သစ်နိုင်ငံ၌ ဘာသာတရားကင်းမဲ့သောဝါဒလွှမ်းမိုးခဲ့စဉ်က ဖြစ်ပွားခဲ့ရသောမြင်ကွင်းတို့မှာ ကြောက်ခမန်းလိလိပင်ဖြစ်ပါသည်။ ဘုရားသခင်ကချမှတ်ပေးထားသည့် ချုပ်ထိန်းမှုတို့ကို ပစ်ပယ်ခြင်းသည် အကြမ်းတမ်းဆုံးသော ဖိနှိပ်မှုအုပ်ချုပ်သူအာဏာရှင်၏စည်းမျဉ်းကို လက်ခံယူခြင်းသာဖြစ်ကြောင်း လောကသားအပေါင်းတို့အား သရုပ်ပြထင်ရှားစေခဲ့ပါ၏။ ဖြောင့်မတ်ခြင်းတရား၏စံနှုန်းကို ဖယ်ထုတ်လိုက်သောအခါ၌ ဆိုးညစ်ခြင်း၏မင်းသား (စာတန်) အတွက် ကမ္ဘာမြေ၌ သူ၏တန်ခိုးအာဏာကိုထူထောင်ရန် အခွင့်အလမ်းသည် ပွင့်သွားပါတော့သည်။

ဘယ်နေရာ၌မဆို ပညတ်တရားများကို ပစ်ပယ်လိုက်သောအခါ အပြစ်တရားကို မကောင်းမှုအဖြစ်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားကို လိုလားအပ်သောအရာအဖြစ်လည်းကောင်း မပေါ်လွင်စေတော့ပေ။ ဘုရားသခင်၏အုပ်ချုပ်စိုးမိုးခြင်း၌ မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံခြင်းမပြုသူများသည် သူတို့ကိုယ်ကိုသူတို့ လုံးဝဥဿုံ အုပ်ချုပ်နိုင်ခြင်းမရှိကြတော့ပါ။ သူတို့ထံမှရရှိသော ဘေးဖြစ်စေတတ်သည့်သွန်သင်ချက်များအားဖြင့် လူငယ်လူရွယ်နှင့် ကလေးငယ်တို့၏နှလုံးသားများ၌ အမိန့်မနာခံမှုများဖြစ်စေရန် စွဲစွဲမြဲမြဲလုပ်ပေးရာ ကွပ်ကဲမှုကိုစိတ်မရှည်တတ်သော သဘာဝရှိသည့်လူငယ်များနှင့် အံဝင်ခွင်ကျဖြစ်စေလျက် ဥပဒေမဲ့ပြီး ကိုယ်ကျင့်တရားပျက်ပြားစွာရှိသော လူ့အဖွဲ့အစည်းတစ်ခုကိုပေါ်ပေါက်စေပါသည်။ ဘုရားသခင့်အလိုတော်အတိုင်း ရှိသေလိုက်နာသူတို့၏ ယုံကြည်ခြင်းကိုပြက်ရယ်ပြုဆဲမှာပင် လူအများစု

အပေါင်းအင်အားကြီးမားမှုဖြင့် စာတန်၏ မမှန်မကန်သော အယူအဆများအား စိတ်အားထက်သန်စွာဖြင့် ခံယူကြလေသည်။ သူတို့သည် ပြင်းပြသောသွေးသားဆန္ဒကို ဇက်လွှတ်ပေးကြပြီးလျှင် အပြစ်များ၌နှစ်မွန်းကြခြင်းအားဖြင့် ကိုယ်ကျင့်သိက္ခာပျက်သူများအပေါ် တရားစီရင်ခြင်းကို ခေါ်ဖိတ်ရာရောက်ကြတော့သည်။

ဘုရားသခင်၏ပညတ်တရားများအား ပေါ့ပေါ့တန်တန်သဘောထားကြစေရန် လူအများကို သွန်သင်သူများသည် မိမိတို့ရိတ်သိမ်းရမည့်မရိုသေမလေးစားမှုကို မျိုးစေ့ချပေးခြင်းသာဖြစ်ကြ၏။ မွန်မြတ်လှသည့်ပညတ်တရားအရ စောင့်ထိန်းရမည့်အချက်တို့ကို ဘေးဖယ်ထုတ်လိုက်လျှင် လူသားအပေါင်းအတွက် ထားရှိသောဥပဒေများသည် မနေ့မြန်စွာပစ်ပယ်ခြင်းသို့ ရောက်လိမ့်မည်သာတည်း။ မရိုးဖြောင့်သည့်လုပ်ရပ်များ၊ တပ်မက်မှု၊ လိမ်ညာပြောဆိုမှုနှင့် လုည့်စားလျက်မမှန်မကန်ရယူမှုတို့ကို ဘုရားသခင်တားမြစ်သည့်အတွက် သူတို့၏လောကရေးရာကြွယ်ဝမှုကို အတားအဆီးပြုသည်ဟူသောအမြင်ဖြင့် လူအပေါင်းတို့သည် ကိုယ်တော်၏ပညတ်တရားများကို ခြေဖြင့်ဖျက်နင်းရန် အသင့်ရှိကြပါသည်။ သို့ရာတွင် ဤတရားများကို လက်မခံငြင်းပယ်ခြင်း၏ရလဒ်များမှာ သူတို့မမျှော်မှန်းထားသည့် အရာများဖြစ်လာမည်ကား မလွဲဧကန်ဖြစ်ပါ၏။

အကယ်၍သာ ပညတ်တရားတို့၌ ချုပ်ထိန်းနိုင်စွမ်းကင်းမဲ့မည်ဖြစ်ပါလျှင် တစ်စုံတစ်ယောက်အဖို့ အဘယ်အရာကိုစိုးရွံ့အပ်ပါမည်နည်း။ ဥစ္စာပစ္စည်းသည် လုံခြုံမှုရှိတော့မည်မဟုတ်။ အကြမ်းဖက်ခြင်းအားဖြင့် လူတို့သည် မိမိ၏အနီးအနားရှိသူ၏ပိုင်ဆိုင်မှုများအားရယူကြလိမ့်မည်။ ထိုနောက် အင်အားအကြီးဆုံးသောသူက အချမ်း

သာဆုံးဖြစ်လာပါလိမ့်မည်။ လူ့ဘဝသည်လည်း တန်ဖိုးမဲ့ဖြစ်ကာ မထီလေးစားပြုခြင်းခံရလိမ့်မည်။ မိသားစုကိုကာကွယ်စောင့်ရှောက်နိုင်သော လက်ထပ်ခြင်းဆိုင်ရာကတိသစ္စာသည် မွန်မြတ်သည့်အကာအကွယ်အဖြစ် ကြံ့ကြံ့ခံရပ်တည်နိုင်ခြင်းမရှိတော့ပါ။ အင်အားရှိသူကသူ့အနီးအနားညီအစ်ကို၏မယားကို လိုလားခဲ့လျှင် အကြမ်းဖက်၍အနိုင်အထက်ပြုလိမ့်မည်။ စတုတ္ထပညတ်တော်နှင့်အတူ ပဥ္စမပညတ်တော်ကို ဘေးဖယ်ထုတ်ပစ်လိမ့်မည်။ နှလုံးသားပုပ်စပ်ယိုယွင်းနေသောသားသမီးတို့သည် သူတို့ဆန္ဒပြည့်ဝမည်ဖြစ်ပါက မိခင်ဖခင်တို့၏အသက်ကိုပင် လုပ်ကြံရန် နောက်တွန့်ကြလိမ့်မည်မဟုတ်တော့ပါ။ ယဉ်ကျေးမှုရရှိခဲ့ပြီးဖြစ်သည့် ကမ္ဘာလောကကြီး၌ လုယက်သတ်ဖြတ်သူအုပ်စုလွှမ်းမိုးနေပါလိမ့်မည်။ ထိုအခါ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်ဝမ်းမြောက်ခြင်းများသည် ပျောက်ဆုံးခဲ့ရပါလိမ့်မည်။

ဘုရားသခင်၏အလိုအပ်ချက်များ၌ ရှိသေလိုက်နာခြင်းမှလူအပေါင်းတို့အား ဖြေလွှတ်ပေးသည်ဆိုသော သွန်သင်ချက်အရ ကိုယ်ကျင့်သိက္ခာဆိုင်ရာ လိုက်နာဖြည့်ဆည်းခြင်း၏စွမ်းပကားကိုလျော့နည်းအားပျော့စေမှုဖြစ်စေခဲ့ပြီးလျှင် ကမ္ဘာလောကအပေါ်ကျရောက်မည့်ဆိုးညစ်ခြင်းဆိုင်ရာ ရေထိန်းတံခါးများကိုပွင့်စေလေသည်။ လွှမ်းခြုံလာသောဒီလှိုင်းကဲ့သို့ပင် ဥပဒေမဲ့မှု၊ ရူးသွပ်စွာဖြုန်းတီးမှုနှင့်ပျက်စီးယိုယွင်းမှုအချင်းအရာတို့သည် ကျွန်ုပ်တို့အပေါ်အရှိန်အဟုန်ဖြင့်တိုက်လှဲနေပါ၏။ မိသားစုအတွင်း၌ စာတန်သည် ဝင်ရှုပ်နေပါသည်။ ခရစ်ယာန်ဖြစ်ကြောင်းဝန်ခံထားသည့် အိမ်ထောင်စုများ၌ပင် သူ၏တံခွန်သည် တလူလူဖြစ်နေပေ၏။ ထိုအိမ်ထောင်များ၌ ဝန်တိုခြင်း၊ ဆိုးညစ်သည့်မျှော်မှန်းချက်၊ ကြောင်သူတော်အပြု

အမူ၊ စိတ်ဝမ်းကွဲမှု၊ သူတစ်ပါးထက်အသာရလိုမှု၊ အငြင်းပွားခြင်း၊ အမွန်အမြတ်ထားသောကိုးကွယ်ယုံကြည်မှုကို သစ္စာဖေါက်မှု၊ ရမ္မက်နွံတွင် မွေ့လျော်မှုစသည်များရှိပါသည်။ ဘာသာတရားဆိုင်ရာ အခြေခံဥပဒေသများနှင့် ဆုံးကသြဝါဒများပါဝင်သော စနစ်တစ်ရပ်လုံးသည် လူမှုဘဝ၏အခြေခံအုတ်မြစ်နှင့် ပုံပန်းသဏ္ဍာန် အထောက်အမဖြစ်သင့်ဖြစ်အပ်လင့်ကစား ပြိုလဲတော့မည့်ယိမ်းယိုင်နေသော အစုအပုံသဖွယ်ရှိနေပေသည်။ အပြစ်မကောင်းမှုများကြောင့် ထောင်ဒဏ်ကျခံရသောပြစ်မှုတရားခံများအထဲမှ တန်ဖိုးအမဲ့ဆုံးသူများအား ဆုလက်ဆောင်ပစ္စည်းများနှင့်တကွ ဂရုတစိုက်ပြုမှုများကို မကြာမကြာလက်ခံရယူစေပုံမှာ သူတို့သည် မနာလိုဖွယ်ဖြစ်လောက်သောဂုဏ်ဒြပ်တစ်ခုကိုပိုင်ဆိုင်ရရှိထားသကဲ့သို့ပင်ဖြစ်ပါ၏။ သူတို့၏အကျင့်စရိုက်နှင့်ကျူးလွန်ချက်များကို လူသိရှင်ကြားဖြစ်စေရန် ကြီးမားသောလုပ်ဆောင်မှုများရှိပါသည်။ သူတို့၏စက်ဆုပ်ဖွယ်ရာသော မကောင်းမှု၌အသေးစိတ်လုပ်ရပ်တို့ကို စာနယ်ဇင်းများတွင် ပုံနှိပ်ထုတ်ဝေကြပေရာ သူတို့ကဲ့သို့ပင် လိမ်လည်အတုပြုခြင်း၊ ခိုးဝှက်လုယူခြင်းနှင့်သတ်ဖြတ်မှုတို့အား အခြားသူများထံအစပျိုးပေးသကဲ့သို့ ဖြစ်စေလေသည်။ ထိုအခါ စာတန်သည် သူ၏ငရဲဘုံဆန်သောစီမံကိန်းများ၌ ကြီးစွာဝမ်းမြောက်မှုရလေ၏။ မကောင်းသောလုပ်ငန်းစဉ်များ၌ ဆင်ခြင်တုံတရားမဲ့စွဲလမ်းခြင်း၊ လူ့အသက်ကို အကျိုးမဲ့စွာနုတ်ယူခြင်း၊ သေရည်သေရက်ကို ကြောက်ဖွယ်ကောင်းအောင် သုံးစွဲနေမှုနှင့် ယုတ်မာရက်စက်မှုကို အဆင့်အမျိုးမျိုးဖြင့် နေရာအနှံ့ကျူးလွန်မှုစသည်တို့ကို မည်ကဲ့သို့တားဆီးဟန့်တားပါမည်နည်း။ ဆိုးညစ်ခြင်းတရား၏ဒီလှိုင်း၌ မျောမပါသွားစေရန် ဘုရားသခင်အပေါ် သစ္စာရှိ

အလေးအမြတ်ပြုသူများအနေဖြင့် နိုးကြားလာသင့်ပြီဖြစ်ပါသည် မိတ်ဆွေ။

တရားစီရင်ရေးအဖွဲ့များသည် ရိုးသားမှုကင်းမဲ့နေပါသည်။ အုပ်စိုးသူတာဝန်ရှိပုဂ္ဂိုလ်များတို့သည်လည်း လောကရေးရာ အပျော်အပါးကိစ္စများကို စွဲလမ်းနှစ်သက်မက်မောမှုဖြင့် လိုရာဆန္ဒပြည့်စေရန် စိတ်၏တွန်းအားပေးမှုခံနေရပါသည်။ သောက်စားမူးယစ်မှုလွန်ကဲလျက် လူအများအပြားတို့မှာ စိတ်၏မူမှန်ခြင်း၌လျော့ပါးကာ စာတန်၏ကြိုးဆွဲမှုကို အလုံးစုံနီးပါးမျှ စိတ်ရှုပ်ထွေးစွာခံစားနေရကြလေသည်။ တရားဥပဒေပညာရှင်များသည်လည်း လှည့်စားမှု၊ လာဘ်ထိုးမှုများအားဖြင့် အမှားမှားအယွင်းယွင်းရှိကြလေ၏။ အစဉ်သဖြင့် သေရည်ယစ်မူးနေခြင်းနှင့်အတူ မြူးထူးပျော်ရွှင်မှု၊ ဆန္ဒလွန်ကဲမှု၊ မနာလိုဝန်တိုမှု၊ အရာရာ၌မရိုးမသားပြုမှုများသည် တရားဥပဒေစိုးမိုးရေး၌ ပါဝင်ဆောင်ရွက်ရသူအများကြား၌ ရုပ်လုံးပေါ်လာခဲ့လေသည်။ "ဖြောင့်မတ်စွာစီရင်ခြင်းသည် ဆုတ်သွားပြီ။ တရားသည် အဝေးက ရပ်နေ၏။ သစ္စာသည် လမ်း၌လဲပြီ။ ဖြောင့်သောသဘောမဝင်နိုင်ရာ။" ဟေရှာယ ၅၉း၁၄။

## သမ္မာကျမ်းသွန်သင်ချက်များစွန့်ပယ်

အပြစ်တရားနှင့်နောင်တမလွန်ရေးရာ အမှောင်မိုက်သည် ရောမ၏အုပ်စိုးမှုအောက်တွင်ရှိစဉ်ကာလ ကျမ်းစာလာချက်များအား ဖုံးဖိထားခြင်း၏ ရှောင်လွဲမရနိုင်သော ရလဒ်ဖြစ်သော်ငြား၊ ဘာသာတရား၌ယုံကြည်ခြင်းကင်းမဲ့မှု ပျံ့နှံ့လာခြင်းနှင့်ဘုရားသခင်၏အညတ်

တရားကိုငြင်းပယ်မှုကြောင့် ဖြစ်ပေါ်လာသော ကိုယ်ကျင့်တရား ပျက်ပြားမှုတို့သည် ဧဝံဂေလိအလင်းတရား ဉာဏ်မျှထွန်းလင်းတောက်ပ နေသည့် ဘာသာရေးလွတ်လပ်မှုရှိရာ ခေတ်ကာလကြီးထဲ၌ အဘယ် အကြောင်းကြောင့် ပေါ်ပေါက်လာရသည်ကို ဘယ်နေရာ၌သွားရှာ၍ အဖြေကိုတွေ့ပါမည်နည်း။ ယခုအခါ စာတန်အနေနှင့်ကျမ်းစာလာ ချက်များကို ဖုံးဖိခြင်းနည်းအားဖြင့် ကမ္ဘာလောကအား သူလိုရာဆွဲ၍ ချုပ်ကိုင်နိုင်မှု မပြုနိုင်တော့သည့်အလျောက်၊ သူ့ရည်မှန်းချက်ရောက် ရှိစေရန် အခြားသောနည်းလမ်းများသို့လိုက်လေ၏။ သမ္မာကျမ်းစာ၌ ယုံကြည်မှုကိုဖျက်ဆီးရန်အလို့ငှာ သူ့ကြံစည်ရွယ်ချက်သည် သမ္မာ ကျမ်းစာတော်မြတ်အား ပျက်သုဉ်းသွားစေမည်မှာ သူ၏လိုလားချက် ပင်ဖြစ်ပါတော့သည်။ ဘုရားသခင်၏ပညတ်တရားသည် လူတို့အပေါ် အထုံးအဖွဲ့ပြုမထားပါဟူသော ယုံကြည်မှုဖြစ်စေရန် သွတ်သွင်းပေး ရင်းနှင့်ပင် သူက လူအပေါင်းတို့ကို ပညတ်တော်များ၌ လုံးလုံး လျားလျား မသိနားမလည်သည့်သဘောမျိုးဖြင့် ကျူးလွန်ဖေါက်ဖျက် စေခြင်းကို ထိထိရောက်ရောက်လမ်းဖွင့်ပေးလေတော့သည်။ ထို့ကြောင့် ယခုကာလတွင် ယခင်ရှေးကာလများ၌ကဲ့သို့ပင် သူ၏အစီအမံများကို တိုးမြှင့်လျက် အသင်းတော်အားခုတုံးပြု၍ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ယခုကာလ၏ဘာသာရေးအဖွဲ့အစည်းများသည်လည်း ကျမ်းစာလာ ချက်များ၌ ရိုးရိုးရှင်းရှင်းဖေါ်ထုတ်ပေးထားသည့် အမှန်တရားတို့၌ လူကြိုက်နည်းနေကာ ကြားနာကရန်ငြင်းပယ်ခဲ့ကြလျက် ထိုတရား များအားတိုက်ခိုက်မှုတွင် သူတို့လိုရာဆွဲ၍ ပြန်ဆိုချက်များမွေးစား ထားရှိပြီးလျှင် စိတ်အခြေအနေအရ ဒွိဟသံသယရှိနေစေမည့် ပျိုးကြဲ မှုမျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြဲချထားသော အနေအထား

ကိုရယူခဲ့လေသည်။ လူသားသဘာဝ မသေမပျောက်ရှိခြင်းနှင့် လူသေဆုံးရာတွင် စိတ်ခံစားမှုအသိရှိနေခြင်းဟူသော ရောမဘာသာဝင်၏ မှားယွင်းချက်အားဖက်တွယ်လျက် သူတို့ကငြင်းပယ်ခဲ့ကြသည်ကား ပရလောကဝါဒ၏ ဘုရားမဲ့ဝါဒပြုပြင်အားထုတ်ခြင်းအခွင့်များသည် တစ်ခုတည်းသောအကာအကွယ်ပင်ဖြစ်ပါသည်။ ငရဲဘုံ၌ထာဝရညှဉ်းပန်းနှိပ်စက်ထားကြောင်း အယူအဆသြဝါဒသည်လည်း လူအများအား သမ္မာကျမ်းစာတော်မြတ်၌ မယုံမကြည်ဖြစ်စေခဲ့ပါသည်။ စတုတ္ထပညတ်တော်ကတောင်းဆိုထားချက်များဖြင့် လူတို့အား တိုက်တွန်းနှိုးဆော်လာသောအခါ သတ္တမမြောက်နေ့ဥပုသ်ကို စောင့်ထိန်းမှု၌ တိုးမြှင့်လိုက်နာမှုရှိသည်ကိုတွေ့ရလေသည်။ သူတို့လိုက်နာလုပ်ဆောင်ရန်စိတ်မပါသောတာဝန်တစ်ခုမှ သူတို့ကိုယ်ကိုသူတို့လွတ်မြောက်စေရန်ရှိသောတစ်ခုတည်းသောလမ်းအဖြစ် လူအများက လက်ခံထားသူသာသနာဝင်ဆရာအများအပြားက ဘုရားသခင်၏ပညတ်တရားသည် မလိုက်နာကမနေရသောအရာမဟုတ်ပါကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြပါ၏။ ဤသို့အားဖြင့်သူတို့သည် ပညတ်တော်နှင့်ဥပုသ်တော်နေ့ကို တပေါင်းတည်းစွန့်ပယ်ခဲ့ကြလေသည်။ ဥပုသ်နေ့ပြန်လည်တည်ဆောက်မှုလုပ်ငန်း ရှည်လျားလာသည်နှင့်အမျှ စတုတ္ထပညတ်ချက်၌ပါရှိသောတောင်းဆိုမှုများကို ရှောင်လွှဲရန် ဘုရားသခင်၏ပညတ်တရားကို ဤသို့ငြင်းပယ်ခြင်းသည် ကမ္ဘာအနှံ့ဖြစ်ရန် အလွန်နီးစပ်လာခဲ့ပါသည်။ ဘာသာတရားဆိုင်ရာ ခေါင်းဆောင်ကြီးများတို့၏ သွန်သင်ချက်များအားဖြင့် မိမိကိုးကွယ်သည့် ဘာသာအပေါ်သစ္စာမဲ့မှု၊ ပရလောကဝါဒကိုလက်ခံသင့်မှုနှင့် မွန်မြတ်လှသော ဘုရားသခင်၏ ပညတ်တရားအပေါ် မလေးမခန့် ဖြစ်မှုတို့အတွက် တံခါးဖွင့်ပေးခဲ့သည်

ဖြစ်ပေရာ ခရစ်ယာန်လောကကမ္ဘာ၌ ဖြစ်တည်လာသည့်တရားမျှတခြင်းကင်းမဲ့သောယုတ်ညံ့ခြင်းတွင် ဤခေါင်းဆောင်များ၏အပေါ်၌ ကြောက်ဖွယ်ကောင်းအောင် တာဝန်ရှိလာပါလေ၏။

ဤသို့ဖြစ်လာမှုကြားမှာပင် ဤလူတန်းစားက အဆိုပြုရေ့တန်းတင်လာသည်မှာ အလျင်အမြန်ပြန့်ပွားလာနေသော ယိုယွင်းမှုသည် "ခရစ်ယာန်ဥပုသ်" ဟုခေါ်ဝေါ်ထားသည့် ဥပုသ်နေ့ကို မထိုက်မသန်ဖြင့် တလွဲသုံးခြင်း၌များစွာသက်ဆိုင်နေလျက် ခရစ်ယာန်အသိုက်အဝန်း၏အကျင့်သိက္ခာများမြင့်မားတိုးတက်လာအောင် ကြီးကြီးမားမားစွမ်းဆောင်ပေးမှုသည် ပထမနေ့စောင့်ထိန်းခြင်း၌ ထိရောက်သည့်ပြဋ္ဌာန်းချက်ဖြင့်သာ ရနိုင်မည်ဖြစ်ကြောင်းအဆိုပြုလာကြပါသည်။ ဤသို့ပသောအဆိုပြုချက်မှာ စစ်မှန်သောဥပုသ်ဆိုင်ရာ အယူအဆကို ကျယ်ကျယ်ဝန်းဝန်းဟောကြားပေးနေခဲ့သောအမေရိကန်၌ အထူးတလည်တိုက်တွန်းခြင်းခံခဲ့ရပါ၏။ ဤနေရာ၌ သေရည်သေရက်ဆိုင်ရာချုပ်တည်းမှုအလုပ်သည် ကိုယ်ကျင့်သိက္ခာပြုပြင်ရေးများ၌ အထင်ရှားဆုံးနှင့်အရေးအပါဆုံးဖြစ်သည့်အလျောက် ပထမနေ့စောင့်ထိန်းခြင်းလှုပ်ရှားမှုနှင့်မကြာခဏပူးတွဲ၍ ဆောင်ရွက်လေ့ရှိပြီးလျှင် ဒုတိယအချက်ကို ထောက်ခံဆောင်ရွက်သူများက သူတို့သည် လူ့အဖွဲ့အစည်း၏အမြင့်ဆုံးသောအကျိုးကို သယ်ပိုးသူများဖြစ်ကြောင်း သူတို့ကိုယ်ကိုသူတို့ဖော်ပြလေ့ရှိလျက် သူတို့နှင့်ပူးပေါင်းရန်ငြင်းဆန်သူများသည် ယစ်သေရည်ချုပ်တည်းခြင်းနှင့် ပြန်လည်ပြုပြင်ရေး၏ရန်သူများဟူ၍ ရှုတ်ချကြလေသည်။ သို့ရာတွင် အမှားအယွင်းကိုခိုင်မာအောင်တည်ဆောက်သည့်လှုပ်ရှားမှုတစ်ရပ်သည် မူလအနေအားဖြင့် ကောင်းမွန်သောအလုပ်တစ်ခုနှင့် ဆက်နွယ်နေပေရာ အမှား

အယွင်းကို အရေးပေးလာစေရန် ဆင်ခြင်ပေးငြင်းခုံခြင်း၌ မဟုတ်ပါ။ စားသောက်ရန်သင့်သောအစာနှင့် ကျွန်ုပ်တို့သည် အဆိပ်ကိုရောနှော ဖုံးကွယ်၍ ရနိုင်ကောင်းသည်ဖြစ်သော်လည်း ၎င်း၏သဘောသဘာဝ ကိုမူ ပြောင်းလဲ၍မရခြင်းပင်တည်း။ တစ်ဖက်မှပြန်ကြည့်လျှင် သတိ မမူဘဲ စားသောက်မိတတ်သည့်သဘောအရ ထိုအပြုအမူသည် ပို၍ ဘေးရန်ကြီးစေပါသည်။ စာတန်၏အကြံအစည်များအနက်မှ တစ်ခု မှာ မဟုတ်မမှန်လိမ်လည်လှည့်ဖြားမှုထဲ၌ အမှန်အကန်အချက်ပါသည် ဆိုရုံမျှ ပါရှိစေလျက် မှန်သည် ကျိုးကြောင်းဆီလျော်မှုရှိလောက်သည် ဟူ၍ ဖြစ်နေစေရန်ဖန်တီးတတ်ပါ၏။ ပထမနေ့လှုပ်ရှားမှု၏ ခေါင်းဆောင်များသည် လူတို့၌လိုအပ်နေသည့် ပြန်လည်ပြင်ဆင်ရေး ကိစ္စရပ်များတွင် အခြေခံမှုများအားဖြင့် ကျမ်းစာမြတ်နှင့်သဘောထား မကွဲပြားသည်များကို ထောက်ခံအကြံပြုကောင်းပြုမည်ဖြစ်သော် ငြားလည်း ဤထောက်ခံပြောဆိုချက်များ၌ ဘုရားသခင်၏ပညတ် တရားနှင့် လိုက်လျောညီထွေမဖြစ်သည့် လိုလားမှုတစ်ခုခုပါရှိနေတတ် သည်။ ကိုယ်တော်သခင်၏နောက်လိုက်အစေခံများသည် သူတို့နှင့် ပူးပေါင်း၍မရပါ။ ဘုရားသခင်၏ပညတ်တော်များကိုဖယ်ထုတ်ပစ် လျက် လူတို့ချမှတ်သောစည်းမျဉ်းများအစားထိုးရန်မှာ သူတို့အတွက် မှန်ကန်ကြောင်းထင်ရှားစေခြင်းကို အဘယ်အရာကမှမပြုလုပ်နိုင်ပေ။

## ပရလောကဝါဒ၏အခန်းကဏ္ဍ

လူ၏ဝိညာဉ်သည်မသေဘဲ ဆက်လက်၍တည်ရှိနေခြင်းနှင့် ပထမနေ့သည် ဥပုသ်နေ့ဖြစ်ခြင်းတည်းဟူသော မဟာအမှားကြီး

နှစ်ရပ်ကို စာတန်သည် လူသားတို့အား မိမိ၏လိမ်လည်လှည့်ဖြားခြင်း၏နယ်ပယ်သို့သက်ရောက်စေမည်ဖြစ်ပါ၏။ အမေရိကန်ပြည်ထောင်စုတွင်ရှိသော ပရိုတက်စတင့်တို့သည် သေဆုံးခဲ့ပြီးသူတို့၏ဝိညာဉ်နှင့်ဆက်သွယ်မှုအတတ်ကိုလက်ခံရာ၌ ရှေ့ဆုံးမှနေ၍ လက်ကမ်းကြပေလိမ့်မည်။ ဆက်လက်၍လည်း ရောမဘာသာဝင်အသင်းတော်နှင့်ပြန်ပူးပေါင်းကြပေဦးမည်။ ဝိညာဉ်သည်မသေဟူသောအယူအဆသည် ပရလောကဝါဒကိုအခြေခံရှိစေပြီးလျှင် ပထမနေ့ကိုအထွတ်အမြတ်ပြုခြင်းမှာ ရောမအသင်းတော်ကိုအထောက်အကူရစေခြင်းဖြစ်ရာ ဤသုံးပွင့်ဆိုင်အဖွဲ့၏နောက်သို့လိုက်၍ ဤနိုင်ငံ (USA) သည် လူတို့၏ကိုယ်ပိုင်အမှားအမှန်ဆုံးဖြတ်ပိုင်ခွင့်အသိစိတ်တရားကိုအနိုင်အထက်ပြုရန် ချဉ်းနင်းချေကြပါလိမ့်မည်။

ဝိညာဉ်နှင့်ဆက်သွယ်မှုသည် ခရစ်ယာန်အယူအဆကို ပိုမို၍ထိရောက်စွာ သွေးဆောင်နိုင်ကာ ညွှတ်ကွင်း၏ကျော့၌မိစေနိုင်ပါသည်။ စာတန်ကိုယ်နှိုက်က မိမိကိုယ်ကိုမိမိခေတ်နှင့်အညီ ပြောင်းလဲမှုကိုပြုပါလိမ့်မည်။ သူသည် ထာဝရဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးပါးနှင့်ပုံတူအောင် အတုဖန်တီးလျက် လူအပေါင်းတို့အားလှည့်စားခြင်းပြုလိမ့်မည်။ ပရလောကဝိညာဉ်နှင့်ဆက်သွယ်မှုအတတ်၌ အထောက်အကူဟူ၍ ၎င်းသည်အံ့သြတနန်းအချင်းအရာများကို ပြုလုပ်လိမ့်မည်ဖြစ်သည်။ ဖျားနာသူများကိုလည်းဝေဒနာပျောက်ကင်းစေပါသည်။ ဖျားနာသူများကိုလည်းနေ၍မရသောအံ့သြဖွယ်များစွာကိုလည်း ပြုလုပ်ပါမည်။ ထိုဝိညာဉ်တို့သည် ကျမ်းစာတော်မြတ်ကို တစ်ဖန်ယုံကြည်လက်ခံကြောင်း၊ ခရစ်ယာန်အသင်းတော်များကို ရိုသေကိုင်းရှိုင်းကြောင်း ထင်ရှားပြသသဖြင့်

၎င်းတို့၏လုပ်ရပ်တို့သည် ထာဝရဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဖြစ်သည်ဟု လူအများစုက လက်ခံယုံကြည်မှုရှိကြပေလိမ့်မည်။

ခရစ်ယာန်ဖြစ်ပါကြောင်း ဝန်ခံထားပြီးသူများနှင့် မတရားသော သူတို့ကို ယခုအခါ ခွဲခြားသိရှိနိုင်ရန် ခက်ခဲမှုရှိနေပေသည်။ အသင်းတော်၌ ပါဝင်နေသူများသည် ကမ္ဘာလောက နှစ်သက်မြတ်နိုးရာကိုပင် ချစ်မြတ်နိုးတတ်ကြပါသည်။ သို့ဖြစ်လေရာ အသင်းတော်ဝင်များသည် ပူးပေါင်းလက်တွဲမှုပြုရန် အသင့်ဖြစ်နေသဖြင့် စာတန်အနေဖြင့် သူတို့အား တစ်ဖွဲ့တစ်စည်းတည်း ပေါင်းမိစေရန် သန္နိဋ္ဌာန်ချထားပြီး ပရလောကဝါဒအတွင်း အဆင့်ဆင့်သောနေရာများတွင် အင်အား တောင့်တားစေရေးကို လက်တံရှည်ရှည်ဖြင့်လုပ်ဆောင်မည်ဖြစ်၏။ ပုပ်ဝါဒီများက စစ်မှန်မှုရှိသောအသင်းတော်၏သေချာဃနဖြစ်သော ကြိုတင်နိမိတ်တစ်ခုသည် အံ့သြဖွယ်ရာအချင်းအရာများကို လုပ်ပြနိုင်သည်ဟု ဝါကြွားမှုအရ အလွယ်တကူပင် အံ့ဖွယ်ဆောင်ကျဉ်းမှု စွမ်းပကားတည်းဟူသောအချက်က သူတို့ကိုလှည့်ဖြားသိမ်းသွင်းကြပေမည်။ ထို့အပြင် ပရိတက်စတင့်အပေါင်းတို့သည်လည်း အမှန်တရား၏အကာအကွယ်အား စွန့်ပယ်ထားပြီဖြစ်ရာ လှည့်ဖြားမှုကို ခံရကြပေလိမ့်မည်။ ပါပဝါဒီများနှင့် ပရိတက်စတင့်များရှိ ကာမဂုဏ်၌ တပ်မက်နေသူအပေါင်းသည် ဘုရားဝတ်၌ပျော်မွေ့ခြင်း၏တန်ခိုး မပါရှိသောပုံစံတစ်မျိုးဖြင့် မွေ့လျော်ယောင်ဆောင်လျက် အတူတူပင် လက်ခံကြပြီးလျှင် သူတို့သည် ဤပေါင်းစည်းခြင်း၌ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲရေးလှုပ်ရှားမှုကြီးအသွင်နှင့် လူတစ်ဦးချင်းစီအဖို့ နောင်လာမည့်အချိန်၌ ကြီးစွာသောပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် ကြွယ်ဝကုံလုံခြင်းသို့ ရှည်ကြာစွာငံ့လင့်ခဲ့ရသည့်အဖြစ်မှ လမ်းပြဆွဲသွင်းခြင်းခံရသည်ကိုမြင်တွေ့ရပေလိမ့်မည်။

ပရလောကဝါဒတည်းဟူသော ဝိညာဉ်နှင့်ဆက်သွယ်ခြင်းပြုနိုင်သည်ဆိုသောဝါဒအားဖြင့် စာတန်သည် လူသားမျိုးနွယ်၏ ကောင်းကျိုးကိုဆောင်သူအဖြစ် အသွင်ရှိလျက် လူတို့၌ခံစားနေရသည့် ရောဂါဝေဒနာဆိုးများကို ပျောက်ကင်းစေကာ ဘာသာရေးယုံကြည်မှု၌ ပို၍ချီးမြှောက်မှုရှိပြီး သစ်လွင်သည့်စနစ်တစ်ရပ်ကို တင်ပြသယောင်ဟန်ဆောင်ပါလိမ့်မည်။ သို့သော် တစ်ချိန်တည်းမှာပင် သူသည် အဖျက်လုပ်ရပ်ပြုသူအဖြစ်ပါလုပ်ဆောင်လေသည်။ သူ၏ ပျက်စီးခြင်းလမ်းများသို့ ဆွဲယူခံနေရပါ၏။ ယစ်သေရည်အဖျော်ယမကာများသုံးစွဲခြင်း၌ ချုပ်တည်းခြင်းနည်းပါးမှုအရ ဆင်ခြင်တုံနိုင်စွမ်းမှာ ဖယ်ရှားခြင်းခံရလျက် ရန်မီးပွားကာ သွေးထွက်သံယိုမှုများပေါ်ပေါက်ရပေသည်။ ကာမဂုဏ်ကိစ္စရပ်များတွင်လည်း စိတ်ဆန္ဒကျေနပ်ပြီးမြောက်အောင်ဖန်တီးကြပါတော့သည်။ ပဋိပက္ခများသည့် စစ်ပွဲ၌စာတန်သည် ပျော်မွေ့လျက် လူတို့အား စစ်ပွဲကာလအတွင်း အဆိုးရွားဆုံးဖြစ်သည့်ရက်စက်မှုများကို နိုးကြားစေလျက် ယုတ်ညံ့ခြင်းနှင့်သတ်ဖြတ်မှုအပြည့်အဝရှိသော စစ်၏သားကောင်များသည် မရေရာသောဘဝသို့သိမ်းကျုံးရောက်ရှိသွားရခြင်းကို သူသည် ဝမ်းမြောက်ဝမ်းသာရှိပါသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး တိုက်ပွဲဝင်ဖြေရှင်းစေရန် သူကလှုံ့ဆော်ပေးလျက် လူအပေါင်းတို့၏ဘုရားသခင် တရားစီရင်ရာနေ့၌ ရပ်တည်နိုင်မည့်ပြင်ဆင်ပြောင်းလဲမှုများမှ စိတ်အာရုံလွဲပြောင်းသွားစေအောင် သူ၌ရည်မှန်းချက်ထားရှိပေ၏။

## ရောဂါဘယများနှင့်ကပ်ဆိုက်မှုများ

တရားစီရင်မှုအတွက် အသင့်ပြင်ဆင်မှုမရှိထားသူတို့အား စုစည်းရိတ်သိမ်းနိုင်ရန် သဘာဝအင်အားစုများအားဖြင့် စာတန်က စီမံဆောင်ရွက်သည်များလည်းရှိပါသည်။ သူသည် သဘာဝတရား၏ စမ်းသပ်ခန်း၌ လျှို့ဝှက်ချက်များအား လေ့လာသိရှိထားပြီးလျှင် ဘုရားသခင်ခွင့်ပြုထားသည့် အတိုင်းအတာအတွင်း၌ သူ့တွင်ရှိသမျှသော စွမ်းပကားအားလုံးကိုထုတ်သုံးလျက် သဘာဝအင်အားစုကိုခြယ်လှယ် လေတော့သည်။ ယောဘအား အခက်အခဲပေးရန် ဘုရားသခင်၏ ခွင့်ပြုချက်ရခဲ့သောအခါ ကြက်ဘဲအုပ်လိုက်၊ နွား၊ သိုး၊ ဆိတ်အုပ်လိုက်၊ ကျွန်အစေခံအစုလိုက်၊ အိမ်နှင့်ကလေးများ အပြိုလိုက်သေပျောက် ခဲ့ရပုံမှာ မြန်မှမြန်ပြီးလျှင် အခက်အခဲတစ်ခုပြီးနောက် အခြားတစ်ခုက ဆက်တိုက်အချိန်တိုအတွင်းလိုမှာပင် ဖိစီးနှိပ်စက်ခံခဲ့ရပေ၏။ အဖျက် သမား၏ဘေးရန်ခက်ခဲမှုမှကာကွယ်သည့် ဘုရားသခင်ကသာလျှင် သူ၏သတ္တဝါများအား လုံခြုံမှုရှိစေရန် စောင့်ရှောက်သူဖြစ်ပါသည်။ သို့ပင်ပြုသော်ငြားလည်း ကမ္ဘာမြေကြီးသားအပေါင်းတို့သည် ယေဟောဝါဘုရားသခင်၏ပညတ်တရား၌ အလေးမထားရှိဘဲရှိနေ ကြရာ ဘုရားသခင်က သူကြေညာထားသည့်အတိုင်းဆောင်ရွက်တော် မူပါမည်။ ကိုယ်တော်က ကမ္ဘာမြေကြီးသို့ချပေးထားခဲ့သည့် ကောင်းချီး များကို ရုပ်သိမ်းတော်မူလျက် ကိုယ်တော်၏ကာကွယ်စောင့်ရှောက်မှု ကိုတန်ဖိုးမထားသူ၊ မိမိတို့ကိုယ်တိုင်က ပညတ်တရား၌ဆန့်ကျင် ပုန်ကန်သလို အခြားသူတို့အားလည်း အလားတူသွန်သင်မှုအတင်း အကြပ်ပြုနေသောသူတို့အား အထံတော်မှဖယ်ရှားတော်မူပါမည်။

ဘုရားသခင်ကအထူးတလည် မစောင့်ရှောက်တော့သည့်သူများသည် စာတန်၏ထိန်းချုပ်မှု၌ အားလုံးခံရကြပေလိမ့်မည်။ သူ၏အစီအမံ အကြံအစည်များကို တိုးမြှင့်နိုင်ခြင်းအလို့ငှာ တချို့သောသူတို့အား အခွင့်အရေးနှင့်ကြွယ်ဝခြင်းတို့ကို ဖန်တီးပေးလိမ့်မည်။ ထို့အပြင် အခြားသောသူများအပေါ် ခက်ခဲဆင်းရဲမှုများကို အပ်ပေးလျက် လူအပေါင်းအား ထိုသို့ဖြစ်ရသည်မှာ ဘုရားသခင်၏အလိုတော်အရ ဖြစ်ကြောင်း ယုံမှတ်စွဲလမ်းစေရန် ဆွဲဆောင်လိမ့်မည်ဖြစ်ပါသည်။

လူ့သားသမီးအပေါင်းတို့၏အမြင်တွင် ၎င်းတို့ခံစားနေရသော ရောဂါဝေဒနာနှင့် နေထိုင်မကောင်းခြင်းအားလုံးကို ပျောက်ကင်းစေနိုင် စွမ်းသော မဟာသမားတော်အသွင်ပေါက်စေလျက် စာတန်သည် ရောဂါဘယနှင့်ရုတ်ခြည်းဖြစ်လာသည့် ကံဆိုးမိုးမှောင်ကျခြင်းတို့ကို ယူဆောင်လာကာ မြို့များပျက်သုဉ်းဆိတ်ငြိမ်သည့်တိုင် လူအသေ နေပြီဖြစ်ပါ၏။ ကုန်း၊ ရေနှစ်သွယ်၌ ကျရောက်သည့်မတော်တဆ ထိခိုက်မှုများနှင့် ကြီးမားသောငလျင်ဘေး၊ လေဘေး၊ ရေဘေးဒဏ်များ သဘာဝမီးဘေးဒဏ်များ၊ အဟုန်ပြင်းလှသောလေကန်တော့ကြီးများ၊ ကြောက်မက်ဖွယ်မိုးသီးမိုးပေါက်ပါဝင်သောမိုးဒဏ်များ၊ ပြင်းထန်စွာ တိုက်ခတ်သည့်မုန်တိုင်းကျမှုများ၊ ဒီရေလှိုင်းကြီးများ၊ ဆိုင်ကလုံးမုန် တိုင်းများ၊ ရေလွှမ်းမိုးမှုများနှင့်ငလျင်လှုပ်မှုကြီးများသည် ပုံစံအမျိုးမျိုး ဖြင့် နေရာတကာတွင်ဖြစ်ပျက်နေပါသည်။ သူ့စွမ်းပကားဖြင့်ရိတ်သိမ်း ချိန်တန်သည့်ကောက်ပဲသီးနှံပင်များ၊ သိမ်းကျုံးပျက်စီးခြင်းဖြစ်ရလျက် အငတ်အပြတ်ဖြစ်ရခြင်း၊ ဆင်းရခြင်းဝေဒနာခံရခြင်းတို့သည် စာတန်၏

လုပ်ဆောင်မှုများဖြစ်ကြပါ၏။ သူက လေထုထဲ၌သေစေလောက်သည့် ညစ်ညမ်းသောအငွေ့အသက်များထည့်ပေးခြင်းဖြင့် လူပေါင်းထောင်သောင်းချီလျက် အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စေပါသည်။ ဤသို့ဒဏ်ခတ်ခြင်းများမှာ ပို၍သာလျှင် အကြိမ်ရေတိုးလာပြီးလျှင် ဖိစီးမှုဒဏ်သည်လည်း မြင့်မားလာပါလိမ့်မည်။ အပျက်အစီးများသည် လူ၌ရော တိရစ္ဆာန်မှာပါ ကျရောက်မည်ဖြစ်ပါ၏။ "ပြည်တော်သည် ငြိုငြင်ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီးသောပြည်သားတို့သည် အားလျော့ကြ၏။ ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့် ပြည်တော်သည် ညစ်ညူးခြင်းရှိ၏။" ဟေရှာယ ၂၄း၄၊၅။

ထိုအခြင်းအရာတို့နောက်တွင် မဟာလှည့်စားသူစာတန်က ဘုရားသခင့်အမှုတော်ကို ဆောင်ရွက်နေသူများကြောင့် ဤဆိုးရွားသည့် မကောင်းမှုများပေါ်ပေါက်နေရပါကြောင်း လူအပေါင်းကို အသိပေးလှုံ့ဆော်ပါလိမ့်မည်။ ဖေါက်ဖျက်သူများအတွက် ထာဝစဉ်အပြစ်ဖေါ်ပြချက်သည် ဘုရားသခင်၏ပညတ်တရားများကို ရိုသေလိုက်နာသူများအားဖြင့် ထင်ရှားစေသည့်အလျောက် ထိုလိုက်နာသူများကြောင့် ဆင်းရဲခြင်းများဖြစ်ရကြောင်းကို ကောင်းကင်ဘုံ၌ မကျေနပ်မှုဖြစ်စေရန် လှုံ့ဆော်ခဲ့သောအတန်းအစားဝင်များက ပုံချကြ၊ စွပ်စွဲကြလိမ့်မည်။ ပထမနေ့ဥပုသ်ကို ဖစောင့်ထိန်းရန်ပျက်ကွက်သူများသည် ဘုရားသခင်အား နာကျည်းစေအောင် ပြုနေကြသူများဖြစ်ကြောင်း ထုတ်ဖေါ်ကြေညာကြရာ၌ ပထမနေ့ဥပုသ်စောင့်ထိန်း

ခြင်းအား တင်းတင်းကြပ်ကြပ်မလိုက်နာ၊ မကျင့်သုံးသေးသရွေ့ ဤသို့သောအပြစ်ကို ကျူးလွန်ခြင်းဖြင့် ကံဆိုးကြမ္မာဆိုးများ ကျရောက်မှုအား ခံစားနေရမည့်အပြင် စတုတ္ထပညတ်တရားပါတောင်းခံချက်များကို တင်ပြနေသူများက ဤသို့အားဖြင့် ပထမနေ့အား အလေးအမြတ်ထားခြင်းကို ဖျက်ဆီးနေကြခြင်းမှာ လူအပေါင်းအတွက် ခက်ခဲမှုပေးသူများဖြစ်ကြောင်း ထုတ်ပြောကြပေသည်။ ဤသည်မှာ ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်နေ၍ လောက၏ကြွယ်ဝချမ်းသာမှုကို ပြန်လည်တည်ထောင်ရယူရန် အခက်အခဲအတားအဆီး ပြုနေသူများဖြစ်ကြကြောင်း ပြောကြားလေ၏။ ဤသို့ဖြင့် ဘုရားသခင်၏အမှုတော်မြတ်ကို ထမ်းဆောင်နေကြသူများအား ရှည်ကြာလှစွာသောကာလ၏အစောပိုင်းမှစတင်၍ စွဲချက်တင်ခြင်းသည် အထောက်အထားအမျိုးမျိုးပြသ၍ အဖန်ဖန်စွဲဆိုခြင်းကို ခံရလေဦးမည်ဖြစ်သည်။ 'အာဟပ်သည် ဧလိယကိုကြိုဆိုအံ့သောငှာ သွား၍ တွေ့မြင်သောအခါ သင်သည် ဣသရေလအမျိုးကိုနှောင့်ယှက်သောသူ မှန်သလောဟုမေးလျှင် ဧလိယက ငါသည် ဣသရေလအမျိုးကိုမနှောင့်ယှက် သင်နှင့်အဆွေအမျိုးတို့သည် ထာဝရဘုရားသခင်၏ပညတ်တရားကိုစွန့်၍ ဗာလဘုရားသခင်တို့ကို ဆည်းကပ်သဖြင့် ဣသရေလအမျိုးကိုနှောင့်ယှက်ကြပြီ။" ၃ရာ ၁၈း၁၇၊၁၈။ မမှန်မကန်စွပ်စွဲချက်များအားဖြင့် လူတို့၏အမျက်ဒေါသကို နှိုးဆွခြင်းခံရလိမ့်မည်ဖြစ်ရာသူတို့သည် ဘာသာတရားကင်းမဲ့သော ဣသရေလအပေါင်းက ဧလိယအပေါ် စွပ်စွဲသည့်လမ်းကြောင်းနှင့်ဆင်တူသောလမ်းအတိုင်း ဘုရားသခင်၏သံတမန်တို့အား လိုက်ပါစေကြပါလိမ့်မည်။

## ချောစားတတ်သည့်အကြမ်းဖက်စွမ်းပကား

ပရလောကဝါဒ၏ လှည့်စားခြင်းများအားဖြင့် အဲ့သြဖွယ်ရာ လုပ်ရပ်များကို ဖန်တီးနိုင်မှုစွမ်းပကား၏အရှိန်သြဇာသည် လူတို့ထက် ဘုရားသခင်အား ရိုသေနားထောင်ရန် ရွေးချယ်သူတို့အပေါ် ဖိအား ပေးလိမ့်မည်ဖြစ်ပါ၏။ သေဆုံးပြီးသူတို့၏ ဝိညာဉ်ဆက်သွယ်ရေး များအရသိရမည်မှာ ၎င်းတို့အား ဘုရားသခင်က စေလွှတ်လျက် ပထမနေ့ကို ငြင်းပယ်သူများအား အသိစိတ်အမှားကို စွန့်လွှတ် ကြရန်နှင့် မြေကြီးကမ္ဘာရှိ ဥပဒေစည်းမျဉ်းတို့အား ဘုရားသခင်၏ ပညတ်တရားသဖွယ် လိုက်နာကြရန် အလေးအနက်မှာကြားကြောင်း သူတို့သည် ကမ္ဘာလောက၌ ဖြစ်နေသည့်ကြီးမားသော ဆိုးညစ်ခြင်းကို မြည်တမ်းရေရွတ်ကာ စိုးရိမ်သောကိုထုတ်ဖော်လျက် ဘာသာတရား ဆိုင်ရာ သွန်သင်ဟောပြောသူများဟောသော လူတို့၏ကိုယ်ကျင့် တရားများအဆင့်အတန်းနိမ့်ကျမှုအခြေအနေသည် ပထမနေ့အထွတ် အမြတ်ရှိခြင်းကို မလေးမခန့်တလွဲတချော် ပြုမူခြင်းကြောင့်ဖြစ်ရသည် ဟူသောအချက်ကို ထောက်ခံကြလိမ့်မည်။ ၎င်းတို့၏သက်သေခံ ချက်အား ငြင်းပယ်သူအပေါင်းတို့အပေါ် ကြီးစွာသောအမျက်ဒေါသကို ဖြစ်ပေါ်စေပါလိမ့်မည်။

စာတန်က ဤပဋိပက္ခအဆုံးပိုင်းကာလ၌ထားရှိမည့် သူ့ဝါဒ သဘောထားသည် ကောင်းကင်ဘုံ၌အစပြုခဲ့သည့် မဟာတိုက်လှန်ပွဲ တွင် သူအသုံးချခဲ့သည့်အတိုင်းအတူတူပင်ဖြစ်ပါ၏။ ဘုရားသခင်၏ အုပ်စိုးပိုင်ခွင့်၌ တည်ငြိမ်ခိုင်မာခြင်းကို တိုးမြှင့်စေရန် ကြိုးပမ်း နေခြင်းဖြစ်ကြောင်း လိမ်ညာလျက်နှင့်ပင် လျှို့ဝှက်မှုဖြင့် သိုသိုသိပ်သိပ်

သူလုပ်ဆောင်နေသည်ကား အုပ်စိုးပိုင်ခွင့်ပျက်ပြယ်သွားအောင် နည်းလမ်းပေါင်းစုံသုံးနေခြင်းပင်ဖြစ်ပါသည်။ သူ့အနေနှင့်ဤလုပ်ငန်းစဉ်ကို ပြီးမြောက်စေရန်ကြိုးပမ်းရာတွင် သူက သစ္စာရှိသောကောင်းကင်တမန်တို့အပေါ် စွပ်စွဲအပြစ်တင်ခဲ့ပေသည်။ ရောမအသင်းတော်၏သမိုင်း၌လည်း အလားတူပင်ဖြစ်သည့် လိမ်လည်လှည့်စားခြင်းမူဝါဒကို သမိုင်းမှတ်တမ်းတင်ရှိခဲ့ပါ၏။ ၎င်းအသင်းတော်သည် ဘုရားသခင်၏လက်ထောက်ကိုယ်စားတော် ဆောင်ရွက်ပါသည်ဟူ၍ မရိုးမသားပြောဆိုထားသော်လည်း တစ်ဖက်မှဘုရားသခင်ထက် ကိုယ့်ကိုယ်ကိုပို၍ချီးမြှောက်ပြီးလျှင် ကိုယ်တော်၏ပညတ်တရားကို ပြောင်းလဲပစ်ရန် ကြိုးပမ်းနေပါသည်။ ရောမ၏အုပ်စိုးမှုအောက်၌ မိမိတို့၏အသက်ကို မငဲ့ကွက်ဘဲ ဝမ်းမြောက်ဖွယ်ရန်ငြိမ်းခြင်းတရား၌သာ စွဲစွဲမြဲမြဲရှိခဲ့သူများအား မကောင်းမှုပြုသူများအဖြစ် ရှုတ်ချပြစ်တင်ခဲ့ပါသည်။ သူတို့သည် စာတန်နှင့်တစ်ဖွဲ့တည်းဖြစ်သည်ဟု ကြေညာခြင်းခံခဲ့ရလျက် ဖြစ်နိုင်သမျှသောနည်းလမ်းတို့ကို အသုံးကြာနှိမ့်ချပစ်တင်သည့်စကားရပ်များဖြင့် ဖုံးလွှမ်းစေခဲ့လေသည်။ ထိုသို့ပြုခြင်းမှာ လူတို့၏အမြင်၌ဖြစ်စေ၊ သူတို့ကိုယ်ကိုသူတို့ဖြစ်စေ တန်ဖိုးအမဲ့ဆုံးဖြစ်သောရာဇဝတ်သားများဟူ၍ ထင်မြင်လာစေရန်ဖြစ်ပါ၏။ ထိုကဲ့သို့ပင် ယခုကာလ၌လည်းဖြစ်လာပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တရားကို ဂုဏ်ပြုအလေးထားသူများအား စာတန်က ဖျက်ဆီးရန် စီစဉ်နေခိုက်မှာပင် ထိုသူတို့သည် တရားဥပဒေကို ချိုးဖောက်သူအနေဖြင့် စွပ်စွဲခံရခြင်းအပြင် ဘုရားသခင်အား ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခြင်းအားဖြင့် ကမ္ဘာလောကအပေါ် တရားစီရင်မှုများ သက်ရောက်အောင်ပြုလုပ်သူများအဖြစ်သို့ ဆိုက်ရောက်စေပါလိမ့်မည်။

ဘုရားသခင်သည် လူသား၏စိတ်ဆန္ဒ၌လည်းကောင်း၊ အသိစိတ်အသိတရား၌လည်းကောင်း ဘယ်သောအခါကမျှ အတင်းအကြပ် အနိုင်အထက်ပြုခဲ့ခြင်းမရှိပါသော်လည်း စာတန်သည် အစဉ်တစိုက်ပင်ဖြစ်နိုင်ခြေရှိသောနည်းလမ်းကို သူဖြားယောင်းနိုင်စွမ်း မရှိ၍ လိုရာကိုမခိုင်းစေနိုင်၊ သူတို့အပေါ်အောင်နိုင်စေရန် ရန့်ရင်းကြမ်းတမ်းမှုဖြင့်ဖိအားပေး၍ လုပ်ဆောင်နည်းပင် ဖြစ်ပေတော့၏။ လူ၏အသိစိတ်အား စိုးမိုးရန်အလို့ငှာ အကြောက်တရား (သို့မဟုတ်) အင်အား အသုံးချကာ သူကကြိုးစားသဖြင့်သူ့ကိုသာ အရှိအသေအလေးအမြတ် ပြုကြစေရန် ဖန်တီးတတ်လေသည်။ ဤအချက်ကို ရယူနိုင်ရေးအတွက် ဘာသာရေးဆိုင်ရာသာမက အုပ်ချုပ်ရေးဆိုင်ရာ အာဏာရရှိထားသူများအားဖြင့် လုပ်ဆောင်ရာ၌ ဘုရားသခင်၏ပညတ်တရားကိုမလေးမခန့်ပြုရန် လူတို့ချမှတ်ထားသည့်စည်းမျဉ်းဥပဒေသများ အာဏာသက်ရောက်မှုဖြစ်အောင် တွန်းပို့ပေးပါသည်။

ကျမ်းစာတော်၏ဥပုသ်ကို အလေးထားဂုဏ်ပြုသူတို့သည် တရားဥပဒေစိုးမိုးရေး၌ ရန်သူဘက်ကဖြစ်ကြောင်း ရှုတ်ချခြင်းခံရကာ လူမှုအဖွဲ့အစည်းကလိုက်နာရမည့် ကိုယ်ကျင့်သိက္ခာစောင့်စည်းမှုများကို ချိုးဖျက်လျက် ငြိမ်ဝပ်ပိပြားရေးပျက်သုဉ်းသွားစေရန်နှင့် ကိုယ်ကျင့်တရားပျက်၍ ဖေါက်ပြန်မှုကိုဖြစ်ပေါ်စေပြီးလျှင် ဘုရားသခင်၏ တရားစီရင်မှုများအား ကမ္ဘာမြေပေါ်သို့သက်ရောက်စေအောင် ဖိတ်ခေါ်နေသူများဟုသတ်မှတ်ကြပါလိမ့်မည်။ သူတို့၌စိတ်မသက်မသာရှိ နေခြင်းများကြောင့် တွန့်တွန့်ဆုတ်ဆုတ်ဖြင့် ဂရုတစိုက် ရိုးရိုးသားသား လုပ်ဆောင်မှုတို့ကို အလွယ်တကူအရှုံးမပေးလိုမှု၊ ဆက်ဆံရေးခက်ခဲစေလိုမှုနှင့် အာဏာပိုင်တို့အပေါ် မလေးမစားပမာ

မခန့်ပြုမှုမှုဖြစ်သည်ဟူ၍ တရားဝင်ကြေညာခြင်းကို ခံရကြလိမ့်မည်။ သူတို့သည် အုပ်ချုပ်သူအစိုးရမင်းအပေါ် သစ္စာမခံသူများဖြစ်ကြကြောင်း စွပ်စွဲခြင်းခံရကြလိမ့်မည်။ မွန်မြတ်လှသည့်ပညတ်တရားကို စောင့်ထိန်းရန်ငြင်းပယ်သူ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်အပေါင်းသည် မိမိတို့ဟောကြားရာ တရားစင်ငယ်မှနေလျက် အုပ်ချုပ်မှုအာဏာပိုင်တို့ထံ နာခံလိုက်လျောမှုကို ဘုရားသခင်ကိုယ်တော်တိုင် ဆုံးဖြတ်ပေးထားမှုသဖွယ် ပြုမူကြရန် တင်ပြတိုက်တွန်းကြပါလိမ့်မည်။ ဥပဒေပြုလွှတ်တော်များနှင့် တရားစီရင်ရာရုံးတော်များ၌ ပညတ်တော်စောင့်ထိန်းလိုက်နာသူအပေါင်းအား တလွဲတချော်တင်ပြကြလျက် စိတ်ပျက်ဖွယ်ရာကြမ္မာဆိုးများ ကျရောက်စေလိမ့်မည်။ ၎င်းတို့၏ ပြောစကားများတွင် မဟုတ်မမှန်သောအချက်များဖြည့်စွက်လျက် သူတို့၏တွေးမြင်ကြံဆလိုအင်ဆန္ဒများ၌ အဆိုးဆုံးဖြစ်သည့်မမှန်မကန်ခြင်းများဖြင့် တန်ဆာဆင်ပေးခြင်းကိုခံရကြပါလိမ့်မည်။

ပရိုတက်စတင့်အသင်းတော်များအနေနှင့် ဘုရားသခင်၏ ပညတ်တရားကို ခိုင်မာစေသောကျမ်းစာလာချက်တို့ကို ပစ်ပယ်သည်နှင့်အမျှ ၎င်းတိုပသည် ကျမ်းစာအားဖြင့် ယုံကြည်ခြင်းခိုင်မြဲလှသူတို့ကို နှိပ်ကွပ်၍မရသော် အသက်ဘေးရန်ပေးမှုအပါအဝင်ဖြစ်သည့် နှုတ်ဆိတ်၊ နှုတ်ပိတ်မှုပြုရန် ပြင်းပြသောတောင့်တမှုများရှိလာကြပါလိမ့်မည်။ အမှန်တရားကိုသိပါလျက် ၎င်းတို့သည် မျက်စိမှိတ်ကာ တရားသေလမ်းကြောင်းကိုမွေးမြူထားရာ ထိုအချင်းအရာသည် မိမိတို့၏ဘုရားသခင်အပေါ် တာဝန်ကျေပြီး ချစ်ခင်လေးမြတ်တတ်သူများ၌ရှိသော အသိတရားအားဖြင့် ထိုသူတို့ကို ငြင်းပယ်ကာ ခရစ်ယာန်လောကကြီး၌ရှိသည့် အခြားသောသူအပေါင်းက ပြုကျင့်

သကဲ့သို့မပြု၊ ပါပစနစ်ကပြဋ္ဌာန်းသည့် ဥပုသ်နေ့၏တောင်းဆို ချက်များကိုလည်း အသိအမှတ်မပြုဘဲနေကြသဖြင့် နှိပ်စက်ညှဉ်းပန်းမှု ပြုမည့်ဘက်သို့ဦးတည်နေပေတော့၏။

အသင်းတော်နှင့်နိုင်ငံတော်ဘက်မှ အထက်တန်းအဆင့်ရှိပုဂ္ဂိုလ် များသည် လာဘ်ထိုးမှု၊ ဆွဲဆောင်သိမ်းသွင်းမှု (သို့တည်းမဟုတ်) အနိုင်အထက်ပြုမှုများအားဖြင့် လူတန်းစားအသီးသီး၌ ပထမနေ့ကို အထွတ်အမြတ်ထားလာစေရန် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်။ ဘုရားသခင်၏အာဏာစက်ချို့တဲ့ပြတ်လပ်မှုကို ဖိနှိပ်သောပြဋ္ဌာန်း ချက်များအားဖြင့်သည် ရင်ဆိုင်ကြရလိမ့်မည်။ နိုင်ငံရေးပိုင်းဆိုင်ရာ ယိုယွင်း ပျက်စီးပုပ်စပ်ခြင်းသည် တရားမျှတခြင်း၌ မြတ်နိုးမှုနှင့်သစ္စာတရားကို လေးစားအရေးထားမှုကို ဖျက်ဆီးပစ်နေပါ၏။ အမေရိကန်ကဲ့သို့ လူမှုအခွင့်အရေးပြည့်ပါသည်ဆိုသောနိုင်ငံမျိုး၌ပင် အုပ်စိုးမှုအာဏာ၊ တရားဥပဒေပြုမှုအာဏာတို့ကို ခြယ်လှယ်ပိုင်ခွင့်ရှိသူများသည် လူထု၏ အရေးပေးမှုရလိုခြင်းဖြင့် ပထမနေ့ဥပုသ်စောင့်ထိန်းခြင်းဆိုင်ရာ အများ တောင်းဆိုမှုဖြင့် ဥပဒေပြဋ္ဌာန်းရန် အလိုလိုက်အကြိုက်ဆောင်ကြ ပါလိမ့်မည်။ အသိစိတ်တရား၏လွတ်လပ်မှုအခွင့်အတွက် ကြီးစွာသော စွန့်လွှတ်ခြင်းဖြင့် ရင်းနှီးထားခဲ့ရသော်ငြားလည်း ရှေးလာမည့်အချိန် ကာလတွင် (USA) သည် လေးစားမှုကိုခံစားရတော့မည်မဟုတ်ပါ။ များမကြာမီကျရောက်လာမည်ဖြစ်သော ပဋိပက္ခ၌ ကျွန်ုပ်တို့သိပြီး ဖြစ်သည့်အတိုင်း ပုရောဖက်က ပုံသက်သေပြုလျက် ထင်ရှားစေခြင်း အချက်သည်ကား "နဂါးသည် မိန်းမကိုအငြိုးထား၏။ ဘုရားသခင်၏ ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်း သောသူတည်းဟူသော ထိုမိန်းမ၌ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏။ " ဗျာ ၁၂း၁၇။

ကျမ်းစာလာဥပုသ်တော်နေ့ကို ဂုဏ်ပြုအလေးထားသူတို့သည် တရားဥပဒေစိုးမိုးရေး၌ ရန်သူဘက်ကဖြစ်ကြောင်း ရှုတ်ချခြင်းကိုခံရကာ လူမှုအဖွဲ့အစည်းက လိုက်နာရမည့် ကိုယ်ကျင့်သိက္ခာ စောင့်စည်းမှုများအားချိုးဖျက်လျက် ငြိမ်ဝပ်ပိပြားရေးပျက်စီးစေရန်နှင့် ကိုယ်ကျင့်တရားပျက် ဖေါက်ပြန်မှုကို ဖြစ်ပေါ်စေပြီးလျှင် ဘုရားသခင်၏တရားစီရင်မှုများအား ကမ္ဘာမြေပေါ်သို့ ကျရောက်စေရန် ဖိတ်ခေါ်နေသူများ ဖြစ်ကြောင်း သတ်မှတ်ကြပေလိမ့်မည်။

---ooo---

အခန်း(၇)

## ကျမ်းစာသည်အကာအကွယ်

**“ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍--ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။” ၂တိ ၃း၁၆၊၁၇။**

**“ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်သည် အသက်ရှင် ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍-” ဟေဗြဲ ၄း၁၂။**

“တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကို လည်းကောင်း နားထောင်ကြကုန်၊ သူတို့ပြောသောစကားသည် နှုတ်တော်ထွက်စကားနှင့်မညီလျှင် သူတို့၌အရုဏ်မတက်သေး။” ဟေရှာယ ၈း၂၀။ ဘုရားသခင်၏လူအပေါင်းသည် မမှန်မကန်သော ဆရာတုဆရာယောင်များ၏ အရှိန်ဩဇာအောက်မကျရောက်စေရန်နှင့် အမှောင်မိုက်၏ဝိညာဉ်များအားဖြင့် လှည့်စားတတ်သောစွမ်းပကားကို တွန်းလှန်ရန်အလို့ငှာ ကျမ်းစာကိုအကာအကွယ်အဖြစ် ရှိနေစေအပ် ကြောင်း သူတို့အားညွှန်ကြားထားပေသည်။ ကျမ်းစာတော်မြတ်ပါ ဗဟုသုတတစ်ခုမျှမရရှိစေရန် စာတန်သည် ဖြစ်နိုင်သမျှသောနည်းလမ်း တိုင်းကိုအသုံးပြုလျက် ဟန့်တားကာကွယ်ပါလိမ့်မည်။ အကြောင်း မူကား ကျမ်းစာလာအချက်များသည် ရိုးရှင်းသန့်စင်သည့်အလျောက် သူ၏လှည့်စားချက်များကို ဖော်ထုတ်ပေးသည့်အတွက်ဖြစ်ပါ၏။

ဘုရားသခင်၏အလိုတော် ပြန်လည်ရှင်သန်မှုတစ်ခုစီတိုင်းတွင် ဆိုးညစ်
ခြင်း၏မင်းသားစာတန်သည် ပိုမို၍ကြီးမားသော တက်ကြွလှုပ်ရှား
မှုဆီသို့ နှိုးဆော်မှုကိုခံရတတ်ပေရာ ယခုဆိုလျှင်သူသည် သူ၏အကြီး
ဆုံးဖြစ်သော ကြိုးပမ်းချက်များဖြင့် ဘုရားသခင်နှင့်ခရစ်တော်ကို
ယုံကြည်သူများအပေါ် အဆုံးသတ်တိုက်ခိုက်ရန်းကန်မှုအတွက်
ဦးစားပေးလုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့ရှေ့မှောက်တွင် နောက်ဆုံး
သောမဟာလှည့်စားမှုသည် များမကြာမီပင်ထင်ရှားလာမည်ဖြစ်ပါ၏။
ကျွန်ုပ်တို့အမြင်အာရုံ၌ အန္တိခရစ်သည် ၎င်း၏အံ့သြဖွယ်လုပ်ရပ်များကို
ဖန်တီးပြသလိမ့်မည်။ ထိုအတုအယောင်ဆောင်မှုသည် အလွန်ပင်
နီးစပ်မှုရှိပေရာ အတုနှင့်အစစ်ကို ခွဲခွဲခြားခြားသိနိုင်ခြင်းငှာ ကျွန်ုပ်တို့
အဖို့ ကျမ်းစာလာအချက်များကို လေ့လာသိရှိခြင်းဖြင့်သာလျှင်
ကွဲပြားမှုရနိုင်မည်ဖြစ်ပါသည်။ ထိုကျမ်းစာလာချက်များအားဖြင့်သာ
ထုတ်ဖော်ပြောဆိုချက်တိုင်းနှင့် အံ့သြတနန်းပြသချက်တိုင်းကို စိစစ်
နိုင်ခြင်းရှိရာပေမည်။

ဘုရားသခင်၏ပညတ်တရားအားလုံးကို လိုက်နာကျင့်သုံးရန်
ကြိုးပမ်းသူအပေါင်းသည် ပြက်ရယ်ပြုခံရခြင်းနှင့် ဆန့်ကျင်ခြင်းကို
ခံရလိမ့်မည်။ သူတို့အနေဖြင့် ဘုရားသခင်၌သာလျှင်ရပ်တည်နိုင်မှု
ရှိပါသည်။ သူတို့ရင်ဆိုင်ရကြမည့်စီရင်ဆုံးဖြတ်မှုကို ကြံ့ကြံ့ခိုင်ခိုင်
ရှိစေခြင်းငှာ နှုတ်တော်ထွက်တရားတော်၌ ဘုရားသခင်က မြွက်ဆိုထား
သည်။ ကိုယ်တော်၏အလိုတော်ကို သူတို့သည်နားလည်သဘောပေါက်
ကြရပါသည်။ သူတို့သည် ကိုယ်တော်ကိုဂုဏ်ပြုနိုင်သည်မှာ ကိုယ်တော်
၏အလိုတော်၊ အုပ်စိုးခြင်းနှင့်ကိုယ်တော်၏စရိုက်လက္ခဏာတော်များ၌
မှန်ကန်သောအတွေးအခေါ်များရှိမှသာလျှင် ဖြစ်နိုင်ပါမည်။ ထိုသို့

သိနားလည်သည့်အတိုင်းလည်း လိုက်လျောညီထွေစွာ လိုက်နာကျင့်သုံးကြရမည်သာဖြစ်ပါ၏။ သမ္မာကျမ်းစာပါ အမှန်တရားများအားဖြင့် မိမိတို့၏စိတ်ပိုင်းဆိုင်ရာကို အင်အားကောင်းစေရန် လုပ်ဆောင်ထားသူများကလွဲ၍ နောက်ဆုံးသောပဋိပက္ခတွင် ရပ်တည်နိုင်မည့်သူတစ်ယောက်မျှမရှိပေ။ လူတိုင်းကိုယ်စီသည် စမ်းသပ်မှုကိုခံရကြရာ၌ အကျွန်ုပ်သည် လူများကို ဘုရားသခင်ထက်ပိုမို၍ ရိုသေနားထောင်လိုက်နာမည်လော။ အဆုံးအဖြတ်ပေးမည့်အချိန်နာရီသည် လက်တစ်ကမ်း၌သာရှိပါ၏။ အကျွန်ုပ်တို့သည် ဘုရားသခင်၏ကျောက်တည်းဟူသော မပြုပြင်မပြောင်းလဲနိုင်သည့် နှုတ်တော်ထွက်တရားတော်တွင် ခိုင်မြဲစွာရပ်တည်ခဲ့ပြီဖြစ်သလော။ သခင်ယေရှု၏ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ပညတ်တရားများ၌ ခိုင်ခိုင်မြဲမြဲရပ်တည်ကာကွယ်ခြင်း အလို့ငှာ ကျွန်ုပ်တိုပသည် အစဉ်အသင့်ရှိနေပြီလော။

လက်ဝါးကပ်တိုင်ပေါ်သို့ အတင်မခံရသေးသောကာလတွင် ကယ်တင်ပိုင်သူသခင်ယေရှုသည် မိမိ၏တပည့်နောက်လိုက်အပေါင်းတို့အား ရှင်းလင်းပြောကြားခဲ့ရာ၌ ကိုယ်တော်သည် အဆုံးစီရင်မှုကိုခံရလိမ့်မည်အကြောင်းနှင့် သင်္ချိုင်းတွင်ပြန်လည်ထမြောက်ပြီးသောအခါ ကောင်းကင်တမန်များသည် လူတို့၏စိတ်နှလုံးများမှာ စွဲမှတ်လောက်သော ကိုယ်တော်၏ဖွင့်ဟမြွက်ဆိုချက်ဖြစ်စေခြင်းငှာ ရှိကြလိမ့်မည်ဟု ရှင်းလင်းပြောကြားထားပါသည်။ သို့ရာတွင် တပည့်တော်များမှာ ရောမ၏ထမ်းပိုးမှလောကရေးပိုင်ဆိုင်ရာ လွတ်မြောက်မှုကို ရှာနေကြသည်ဖြစ်ပေရာ သိက္ခာကျလှသောသေဆုံးခြင်းမျိုးတစ်ရပ်၌ သူတို့၏မျှော်လင့်ချက်များမှာ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဖြစ်နေသဖြင့် ကိုယ်တော်သည်အနစ်နာခံကာ ကျရောက်ရမည်ဟူသောအသိ

ကို သည်းခံလိုက်လျောနိုင်ခြင်းမရှိကြပေ။ သူတို့မျှတ်သားထားအပ်သော စကားရပ်များသည် သူတို့စိတ်နှလုံး၌မတည်နိုင်ဘဲ အပြင်သို့ နှင်ပစ်ခြင်းခံရကြလျက် စီရင်ခြင်းအချိန်ကာလသို့ ဆိုက်ရောက်သော် သူတို့အနေဖြင့် အစဉ်အသင့်ပြင်ဆင်ထားမှုမရှိကြခြင်းကို တွေ့ခဲ့ရပေ၏။ ယေရှု၏ဇီဝိန်ချုပ်ခြင်းအားဖြင့် ကိုယ်တော်သည် သူတို့အား လုံးဝကြိုတင်သတိပေးမှုမရှိခဲ့သည့်အလား သူတို့၏မျှော်လင့်ချက်များ အပြည့်အဝပျက်သုဉ်းခဲ့လေသည်။ ခရစ်တော်သည် နှုတ်တော်ထွက်တရားတော်များ၌ တပည့်တော်တို့အား ရိုးရှင်းစွာဖွင့်ပြထားဘိသကဲ့သို့ ကျွန်ုပ်တို့ရှေ့တွင်လည်း ပုရောဖက်ပြုစကားများအရ နောင်လာမည့်အချိန်ကို အလားတူပင်ဖွင့်ပြထားပါ၏။ ကြင်နာသနားခြင်းအားဖြင့် ဖွင့်ပေးထားသည့် ကရုဏာတံခါးပိတ်ခြင်းနှင့်အတူ ခက်ခဲဆင်းရဲခံရမည့်ကာလအတွက် ပြင်ဆင်မှုလုပ်ရပ်များနှင့် ဆက်စပ်မှုရှိသော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ကြည်လင်စွာတင်ပြထားပါသည်။ သို့သော် များပြားလှစွာသောလူအစုအဝေးများတို့သည် ဤကိစ္စနှင့်စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါမျှပင်အသိပေးခြင်းမခံခဲ့ရကြသည့်အလား အရေးကြီးသည့် ဤအမှန်တရားအချက်အလက်များကို နားလည်နိုင်စွမ်းမရှိကြတော့ပေ။ စာတန်သည် ထိုသူအပေါင်းတို့အား ကယ်တင်ခြင်းဖြစ်စေနိုင်လောက်သော အယူအဆအမြင်အတွေးတိုင်းကို မောင်းထုတ်ဖယ်ရှားနိုင်ရန် မျက်စောင့်ထိုးကာစောင့်ကြပ်နေပါ၏။ ထိုသောအခါ ဆင်းရဲခြင်းကပ်ကာလရောက်ချိန်တွင် သူတို့သည် မိမိတို့ကိုယ်ကို အစဉ်အသင့်ဖြစ်၍မနေကြတော့ပေ။

အရေးကြီးလှစွာသော သတိပေးချက်များကို ဘုရားသခင်သည် လူအပေါင်းတို့ထံသို့ပို့လွှတ်ရာ၌ ကောင်းကင်တစ်ဝန်းမှာ ပျံသန်းနေ

ကြသည့်သန့်ရှင်းသောတမန်များက သတင်းစကားများကို ပြတ်သားစွာ ပြောကြရာတွင် ကိုယ်တော်က အလိုတော်ရှိသည်မှာ တွေးခေါ်မြော်မြင်ခြင်းရှိစေရန် အစွမ်းအစရှိသူတို့ ကိုယ်စီကိုယ်ငသည် ထိုအချက်များ၌ အရေးထားကြစေရန် လိုလားပါ၏။ သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်ခြင်းအတွက် ကြောက်မက်ဖွယ်ရာတရားစီရင်မှုများ ကျခံစေမည့်အကြောင်း (ဗျာ ၁၄း၉–၁၁) သတင်းပေးချက်အားဖြင့် လူမျိုးတို့အားလုံးသည် အနာဂတ်ပြုချက်များအား အပတ်တကုတ်လေ့လာ၍ သားရဲ၏တံဆိပ်လက်မှတ်သည် ဘယ်အရာဖြစ်လျက် ၎င်းကိုလက်ခံယူခြင်းကိုဘယ်ပုံဘယ်နည်းရှောင်လွှဲရန် သူတို့အနေနှင့်တတ်နိုင်မည့်အကြောင်း လိုလားချက်ရှိပါသည်။ သို့ပင်ဖြစ်သော်ငြားလည်း လူစုလူဝေးကြီးများသည် အမှန်တရားကို နားထောင်ရန်မလိုလားကြဘဲရှိလျက် ပုံပြင်ဒဏ္ဍာရီဆန်သောအမှန်တရားကင်းမဲ့မှုများကိုသာ လှည့်ကြည့်ကြပါသည်။ တမန်တော်ပေါလုက အများသိမြွက်ဆိုခဲ့သည်မှာ ကပ်ကမ္ဘာဆုံးချိန်သို့မျှော်မှန်းလျက် "အကြောင်းမူကား နောင်ကာလ၌ လူတို့သည် စင်ကြယ်သောဩဝါဒကို နားမခံနိုင်ဘဲ" (၂တိ ၄း၃။) ဟူ၍ မြွက်ဆိုပါသည်။ ထိုကာလသည် အပြည့်အဝ ရောက်ရှိလာနေပေပြီ။ များစွာသောသူအပေါင်းသည်လည်း သမ္မာတရားပါသစ္စာအမှန်ကိုမလိုလား။ အဘယ်ကြောင့်ဆိုသော် လောကမက်ခြင်းစိတ်သည်ရှိနေလျက် အပြစ်လွှမ်းနေသူတို့၏ ဆန္ဒများတွင် အနှောင့်အယှက်ပြုခြင်းရှိနေပေရာ စာတန်က ၎င်းတို့နှစ်ခြိုက်တတ်သည့်လှည့်ဖြားမှုများဖြင့် ပံ့ပိုးပေးနေပါတော့သည်။

## ကျမ်းစာတော်မြတ်သည်သာလျှင်

သို့သော် ကမ္ဘာမြေကြီးပေါ်တွင် သမ္မာကျမ်းစာနှင့်သမ္မာကျမ်းစာ တစ်မျိုးတည်း၌သာလျှင် ထိန်းသိမ်းနေထိုင်ရန် အလုံးစုံသောအယူ အဆသြဝါဒများ၏ရပ်တည်ချက်နှင့် ပြန်လည်ပြုပြင်ရေးမှုအားလုံး၏ အရင်းခံအဖြစ် ကျမ်းစာတော်ကိုထိန်းသိမ်းထားရန် သန္နိဋ္ဌာန်ပြုထားသူ လူမျိုးတစ်မျိုးသည် ဘုရားသခင်၌ရှိပါလိမ့်မည်။ ပညာတတ်ပုဂ္ဂိုလ် များ၏ထင်မြင်ယူဆချက်များ၊ သိပ္ပံအတတ်၏ကောက်ချက်ချခြင်းများ၊ ခရစ်ယာန်အသင်းတော်လူကြီးများ၏ယုံကြည်မှုများ၊ (သို့မဟုတ်) ဆုံးဖြတ်ချက်များသည် များပြားသည်နှင့်အမျှ ကွဲပြားခြားနားမှုတွင် သူတို့က ကိုယ်စားပြုထားသော အသင်းတော်များလိုပင်ဖြစ်ကြရာ အများစုကြီး၏အာဘော်တွင် အဖွဲ့တစ်ဖွဲ့ (သို့မဟုတ်) အဖွဲ့အား လုံးအတွက် ဘာသာတရားဆိုင်ရာ ယုံကြည်မှုတစ်ခုတလေကို အထောက်အထားပြုပေးရန်ဖြစ်စေ၊ ဆန့်ကျင်ရန်ဖြစ်စေ သဘောမထား ရှိအပ်ပေ။ အယူအဆသြဝါဒ (သို့မဟုတ်) ပညတ်ချက်တစ်စုံတစ်ရာကို လက်ခံခြင်းမပြုမီ ကျွန်ုပ်တို့သည် ထိုအချက်နှင့်ဆိုင်ရာ၌ ‘ဘုရားသခင် ကိုယ်တော်မိန့်ကြားသည်ကား’ ဟူသည့် အထောက်အကူပြုချက်ကို အရေးဆိုကြရန်သင့်လှပေသည်။

ဘုရားသခင်၏နေရာတွင် အစားထိုးလျက် လူအပေါင်းတို့အား ဆွဲဆောင်မှုပြုရန် စာတန်က အစဉ်တစိုက်အားထုတ်နေလေသည်။ လူများအနေဖြင့် သာသနာပိုင်ချုပ်များ၊ တရားဟောသူ ခရစ်ယာန်ဓမ္မဆရာများ၊ ဘာသာတရားပါမောက္ခများထံတွင်သာ ချဉ်းကပ်လျက် လမ်းညွှန်နည်းပြအောင်ဆောင်ရွက်မှုကို ကျမ်းစာ

လာအချက်များတွင် မိမိကိုယ်ကိုမိမိအားကိုးလျက် ရှာဖွေလေ့လာခြင်းထက် ပို၍ဆောင်ရွက်ကြစေရန် ဆွဲဆောင်ပါ၏။ ထိုနောက် ထိုနည်းပေးလမ်းပြသူ ဆရာတော်များ၏စိတ်သဘောထားများအား ထိန်းချုပ်ကွပ်ကဲကာ သူလိုလားရာအချက်သို့ ဩဇာသက်ရောက်အောင် ဖန်တီးနိုင်လေသည်။

ခရစ်တော်သည် သက်ရှင်စကားကိုပြောကြားရန် လာရောက်ခဲ့ချိန်တွင် သာမန်လူတန်းစားက ဝမ်းမြောက်စွာကြားနာခဲ့ကြလျက် ယဇ်ပုရောဟိတ်များနှင့် အုပ်ချုပ်သူများသာပါဝင်သည့် လူအများအပြားသည် ကိုယ်တော်အပေါ်ယုံကြည်ခဲ့ကြပေ၏။ သို့ရာတွင် ယဇ်ပုရောဟိတ်တို့၏ဦးစီးမှူးနှင့် လူတို့တွင်အကြီးအကဲဖြစ်သောသူတို့သည် ကိုယ်တော်၏သွန်သင်ဟောပြောချက်များ မမှန်မကန်ကြောင်းနှင့် အသိမှတ်မပြုစွန့်ပယ်ကြရန် သန္နိဋ္ဌာန်ပြုထားပြီးဖြစ်ခဲ့ကြလေသည်။ ကိုယ်တော်အားစွပ်စွဲမည့်အချက်အလက်များကို ကြိုးစားရှာဖွေကြရာ၌ သူတို့သည် စိတ်ပျက်ခဲ့ကြရ၏။ သူတို့သည် ကိုယ်တော်၏မြွက်ဆိုချက်များကို နားစွင့်နေစဉ်မှာပင် မွန်မြတ်သန့်စင်လှသည့် တန်ခိုးစွမ်းအင်၏အရှိန်အဝါကို မခံစားမိဘဲ မနေနိုင်အောင်ဖြစ်ခဲ့ရပါသော်လည်း သူတို့ကိုယ်ကိုသူတို့ ရစ်ပတ်ဖုံးလွှမ်းထားသည့် မကြိုက်မနှစ်သက်မှုကိုမူ ပယ်ဖျောက်နိုင်ခြင်းမရှိခဲ့ကြပေ။ ကိုယ်တော်သည် ရွေးနုတ်ကယ်တင်မည့်သူဖြစ်သော အထောက်အထားထင်ရှားပါလျက် ငြင်းပယ်ခဲ့ကြခြင်းမှာ ကိုယ်တော်၏နောက်လိုက်များအဖြစ်ရောက်သွားစေရန် ဖိအားပေးခြင်းခံရကောင်းခံရဖွယ်ရှိသည်ဟု စိုးရိမ်စိတ်လွန်ကဲကြ၍ဖြစ်ပါသည်။ ဤကဲ့သို့သော ယေရှု၏ပြိုင်ဘက်လူအများမှာ သူတို့၏ငယ်ရွယ်လှသောကကလေးများဘဝမှစ၍ လူအပေါင်းသည်

တွေ့ရာမြင်ရာနေရာများတွင် အရိုအသေပေးကျိုးနွံမှုရှိနေစေရန် ပုံသွင်း ပေးထားခံရသူများဖြစ်နေကြပါပြီ။ 'ဒါကဘယ်လိုဖြစ်ပါလိမ့်' ဟု သူတို့မေးသည်ကား 'အကျွန်ုပ်တို့အပေါ်အုပ်စိုးသူများနှင့် ပညာရှိ ကျမ်းတတ်ပုဂ္ဂိုလ်တွေဟာ ယေရှုအပေါ်မယုံကြည်ကြဘူး၊ အကယ်၍ သာ သူသည် ခရစ်တော်မှန်ခဲ့လျှင် ဤသို့သောဘာသာတရားကိုင်းရှိုင်း သူတို့သည် ကိုယ်တော်အားလက်ခံကြဖို့ မလိုလားအပ်ပေဘူးလား' ဟု မေးကြ၏။ ထိုကဲ့သို့သောကျမ်းတတ်ဆရာများကြောင့် ဂျူးအမျိုးသား အပေါင်းသည် သူတို့၏ရွေးနုတ်ကယ်တင်သခင်ကို ပစ်ပယ်ရန် ဆွဲဆောင်မှုခံခဲ့ရတော့သည်။

ဘာသာရေးတွင် အဆင့်မြင့်မြင့်ကိုင်းရှိုင်းခြင်းရှိသည်ဆိုသော သူအများအပြား၌ရှိနေသည်ကား ထိုယဇ်ပုရောဟိတ်များနှင့်အုပ်စိုးသူ များအား တွန်းအားပေးခဲ့သည့်စိတ်ဓာတ်မျိုးရှိနေဆဲဖြစ်ကြောင်း ထင်ရှားစေခြင်းပင်တည်း။ သူတို့သည် ဤကာလနှင့်အထူးသက်ဆိုင် မှုရှိသော အမှန်တရားအချက်အလက်များကိုရှာဖွေရာ၌ ကျမ်းစာပါ သက်သေခံချက်ကိုရှာဖွေစစ်ဆေးရန် ငြင်းပယ်ကြပါသည်။ သူတို့ညွှန်ပြ သည်မှာ သူတို့တွင်ရှိနေသည့် လူအရေအတွက်၊ ဓနအင်အားနှင့် လူကြိုက်များမှုအခြေအနေတို့ဖြစ်ပြီးလျှင် အမှန်တရားလက်ခံ သူတို့အပေါ် အရေအတွက်နည်းပါးခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် လူကြိုက်နည်းမှုတို့ကြောင့် မလေးမစားရှုမြင်လျက် ကမ္ဘာလောကနှင့် ကင်းကွာမှုရှိသည့်ယုံကြည်ချက်ကို လက်ကိုင်ထားသူများဖြစ်ကြ ကြောင်း ထောက်ပြနေပါသည်။

ခရစ်တော်သည် ကြိုတင်သိမြင်ခဲ့သည်မှာ ဂျူးလူမျိုးအပေါင်း တို့ကို အကွဲကွဲဖြန့်ခွဲခြင်းပြုသည့်တိုင်အောင် ဖါရိရှဲများနှင့်ပညာရှိ

ကျမ်းတတ်လူတို့ မထိုက်မတန်စိတ်ကြီးဝင်ယူဆချက်ဖြစ်သည့် အာဏာပိုင်စိုးခြင်း၌ မွေ့လျော်လိုက်လျောမှုသည် ရပ်စဲသွားမည်မဟုတ်ကြောင်းပင်တည်း။ ကိုယ်တော်၌ ပုရောဖက်ပြုအမြင်အားဖြင့်ကြိုတင်သိခဲ့သည်ကား အသိစိတ်တရားတွင် လူ၏အမိန့်အာဏာဖြင့် လွှမ်းမိုးထိန်းကျောင်းခြင်းသည် အစွန့်ရှည်စွာဖြင့် အသင်းတော်၌အဆိုးဆုံးသောကြောက်မက်ဖွယ်ရာ ကျိန်ခြင်းဖြစ်နေမည့်အကြောင်းဖြစ်၏။ သို့ဖြစ်သောကြောင့် ကျမ်းတတ်ပညာရှိများနှင့်ဖာရိရှဲတို့အပေါ် အပြင်းအထန်လူသိရှင်ကြား ရှုတ်ချပြောကြားခဲ့သည့်ကိုယ်တော်၏စကားရပ်များနှင့် ဤမျက်ကန်းခေါင်းဆောင်များတို့၏နောက်သို့ မလိုက်လျောကြစေရန် လူအပေါင်းအား ကိုယ်တော်သတိပေးဆုံးမစကားပြောကြားခြင်းတို့မှာ နောင်လာမည့်မျိုးဆက်လူသားတို့အတွက် မှတ်တမ်းဝင်မြွက်ဆိုချက်များပင်ဖြစ်လေသည်။

## ခရစ်ယာန်ဘုန်းကြီးများ၏လွှမ်းမိုးမှု

ရောမအသင်းတော်အနေနှင့် ကျမ်းစာလာအချက်များတွင် ဘာသာပြန်ဆိုအနက်ဖွင့်ပိုင်ခွင့်အား ခရစ်ယာန်ဘုန်းကြီးများအတွက်သာလျှင် သီးသန့်ထားရှိပါ၏။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ရှင်းလင်းတင်ပြရာ၌ ဘုန်းကြီးသည်သာလျှင် အသိပညာကုံလုံကြွယ်ဝသည်ဆိုသောအကြောင်းပြချက်ကို အခြေပြုလျက် ကျမ်းစာလာချက်များတွင် သာမန်လူအပေါင်းသည် သက်ဆိုင်မှုမရှိကြကြောင်း ခွဲထုတ်ထိန်းချုပ်ထားပါသည်။ တစ်ဆယ့်ခြောက်ရာစုနှစ်အတွင်းပေါ်ပေါက်ခဲ့သည့် ပြန်လည်ပြုပြင်ရေးဝါဒီတို့၏ တော်လှန်

မှုဖြင့် လူထုလူတန်းစားအလွှာအများအပြားထံ ကျမ်းစာများရောက်ရှိ
လေ့လာနိုင်ခွင့်ကို ရရှိခဲ့သော်လည်း ရောမအသင်းတော်က ထိန်းသိမ်း
ကာ တစ်လျှောက်လုံးထပ်တူထပ်မျှဖြစ်သော အခြေခံမှုအားဖြင့်
ပရိုတက်စတင့်အသင်းတော်များရှိ လူများစွာတို့အတွက် ကျမ်းစာကို
၎င်းတို့ကိုယ်တိုင်ကိုယ်ကျ လေ့လာစူးစမ်းနိုင်ခွင့်မရရှိခဲ့ကြပါချေ။
အသင်းတော်က ပြန်ဆိုရှင်းလင်းထားချက်များအတိုင်းသာလျှင် သူတို့
တတွေလက်ခံကြရန် သွန်သင်ပေးခြင်းခံခဲ့ရလေသည်။ ထို့အပြင်
ထောင်သောင်းမကသောသူအပေါင်းတို့သည် ကျမ်းစာလာအချက်
များအနေနှင့် မည်မျှပင်ရိုးရှင်းစွာအနက်ဖွင့်ဆိုထားချက်ရှိကြောင်း
သိပါလျက် လက်ခံကျင့်သုံးခြင်းမပြုဝံ့ကြသည်မှာ သူတို့၏
အသင်းတော်က ချမှတ်ပေးထားသည့်သွန်သင်ချက်နှင့်ဖြစ်စေ၊ သူတို့
ခံယူထားခဲ့သည့် ယုံကြည်မှုအတွေးအခေါ်နှင့်ဖြစ်စေ ဆန့်ကျင်
နေပါသည်ဟု နားလည်နေကြ၍ဖြစ်ပေသည်။

ကျမ်းစာတော်တွင်ပါရှိသော အစစ်အမှန်မဟုတ်သည့် သွန်သင်
ချက်များအား လက်ကိုင်ထားသူဆရာသမားများရှိနေကြောင်း သတိ
ပေးချက်များဖြင့်ပြည့်နေလင့်ကစား လူအများအပြားတို့သည်
မိမိတို့၏စိတ်နှလုံးကို အသင်းတော်၏ဘုန်းကြီးများထံတွင်သာ ထားရှိ
ကြရန် ဝန်မလေးသူများဖြစ်နေတတ်ပါ၏။ ယနေ့အချိန်ကာလများ
ထောင်ဂဏန်းဖြင့်ချီနေသောသူအပေါင်းတို့၌ မိမိတို့ယုံကြည်လက်ခံ
သည့် ဘာသာတရား၌ရှိအပ်သော ယုံကြည်ခြင်းဆိုင်ရာအချက်အလက်
များကို အဘယ်အတွက် မိမိတို့ကကျင့်သုံးသည်ဟူသော ရှင်းလင်း
ပြောပြနိုင်မှုအစား သူတို့၏ဘာသာရေးဆိုင်ရာ လူအကြီးအကဲတို့
သင်ပြညွှန်ကြားပေးထားချက်ကိုသာလျှင် အားထား၍ပြောနိုင်ခြင်းသာ

ရှိပေတော့သည်။ သူတို့သည် ကယ်တင်ပိုင်သူ၏သွန်သင်ချက်များကို လုံးလုံးသတိမမူသကဲ့သို့ လုပ်ဆောင်ကြလျက် ဂိုဏ်းအုပ်နှင့်သာသနာ ဝန်ထမ်းလူပုဂ္ဂိုလ်တို့၏စကားရပ်များထဲ၌သာ အမေးအမြန်းမရှိသည့် ယုံကြည်အားထားချက်ကိုထားရှိနေကြပါသည်။ သို့ရာတွင် ထိုသူများ မှာ အမှားအယွင်းလုံးလုံးကင်းရှင်းသူများဖြစ်ကြပါသလော။ ကျွန်ုပ်တို့ ၏စိတ်နှလုံးများထဲ၌ ဘုရားသခင်၏နှုတ်တော်ထွက်တရားပါအတိုင်း ထိုသူတို့သည် အလင်းတရားကို လက်ကိုင်ထားသူများဟုတ်မဟုတ် မသိပါဘဲလျက် သူတို့၏လမ်းညွှန်ချက်များအား ကျွန်ုပ်တိုပသည် ယုံမှတ်လက်ခံအပ်ပါသလော။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ မဝံ့မရဲ ဖြစ်မှုအားဖြင့် ကမ္ဘာလောကအစဉ်အလာမှ ဘေးထွက်နေရန် ပျက်ကွက်မှုသည် လူအများအပြားတို့အား ပညာရှိပုဂ္ဂိုလ်တို့၏ခြေလှမ်း များအတိုင်း လိုက်ပါစေခြင်းငှာ လမ်းပြပေးသည်ဖြစ်ရာ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ စူးစမ်းလေ့လာခြင်း၌ စိတ်မပါဝင်စားမှုအရ၊ သူတို့အနေဖြင့် အမှားအယွင်းကွင်းဆက်များတွင် ချည်နှောင်ခြင်းကို မျှော်တို့ခြင်းကင်းမဲ့စွာ ခံစားလျက်နေရကြပါ၏။ သူတို့သည် ဤတစ်ကြိမ်တွင်မှာပင် အမှန်တရားသည် ကျမ်းစာတော်၌ရိုးရိုးရှင်းရှင်း ဖွင့်ဆိုဖော်ပြထားခြင်းကို သိနားလည်ခဲ့ကြလျက် သန့်ရှင်းသောဝိညာဉ် တော်၏တန်ခိုးသည် မှုရင်းပြဋ္ဌာန်းချက်နှင့်အညီ သွန်းလောင်းပေးမှုကို ခံစားရရှိကြသော်ငြား အသင်းတော်၏ဘုန်းတော်ကြီးများက သူတို့ ရရှိသည့်အလင်းတရားကို ပိတ်ပင်မှုအား လက်ခံခွင့်ပြုကြပေသည်။ ဆင်ခြင်တုံတရားနှင့်အသိတရားများအားဖြင့် အမှန်ကိုနားလည် သိရှိပါသော်လည်း ဤဘုရားမဲ့အယူဝါဒ ပြုပြင်ခြင်းခံရသူများသည် ဘာသာရေးဆိုင်ရာဝန်ထမ်းပုဂ္ဂိုလ်နှင့် ကွဲပြားခြားနားသည့်အတွေး အခေါ်ကိုထားရှိရန် မဝံ့ရဲကြပေရာ သူတို့တစ်ဦးချင်းစီ၏ တရားသဖြင့်

ဖြစ်စေမူ၊ သူတို့၏နောင်ကာလအကျိုးစီးပွားတို့မှာ မယုံကြည်ခြင်း၊ ဂုဏ်မာနနှင့်အာဃာတပွားနေသူတစ်ဦးတစ်ယောက်အတွက် စွန့်လွှတ် အနစ်နာခံလိုက်ကြရလေသည်။ စာတန်သည် သူထိန်းချုပ် သိမ်းယူရရှိသော သားကောင်းလူများအပေါ် အနှောင်အတည်းပြုရာ၌ လူ၏အရှိန်အဝါသြဇာကိုအသုံးချမှုအားဖြင့် နည်းလမ်းများစွာကို ပြုမူနေပါ၏။ ခရစ်တော်ကို ရန်သူအဖြစ်သတ်မှတ်သူများအပေါ် မမြင်သာသည့်သံယောဇဉ်ကြိုးမျှင်ဖြင့်ရစ်ပတ်လျက် ချစ်ခင်နှစ်သက် နေသူတို့အားဆက်နွယ်ကာ အသုံးပြု၍ သူသည် လူပေါင်းများစွာကို သိမ်းယူလိုက်ပါသည်။ သူ၏ဆက်နွယ်မှုသည် မိခင်ဖခင်ရေးဆိုင်ရာ သော်လည်းကောင်း၊ သားရေးသမီးရေးဆိုင်ရာသော်လည်းကောင်း၊ လင်ခန်းမယားခန်းဆိုင်ရာသော်လည်းကောင်း၊ လူမှုရေးဆိုင်ရာသော် လည်းကောင်း မည်သို့သောအရေးပင်ဖြစ်စေ ထိရောက်မှုသည် အလားတူပင်သက်ရောက်ပါ၏။ အမှန်တရားကို ဆန့်ကျင်သူများသည် အသိတရားကိုထိန်းချုပ်နိုင်ရန် သူတို့၏စွမ်းပကားအားဖြင့် ကြိုးပမ်း အားထုတ်ကြပါသည်။ သူတို့၏ကွပ်ကဲမှုကိုခံနေရသူများအနေနှင့် တာဝန်ကျေပွန်အောင် မိမိတို့လိုက်နာရမည့်အသိတရားများအား လွတ်လွတ်လပ်လပ်ရှိခြင်းနှင့် လုံးလောက်သည့်စိတ်ပိုင်းသတ္တိရှိခြင်း ကင်းမဲ့နေကြလေသည်။

## ယုံကြည်ခြင်းနှင့်စရိုက်လမ်းညွှန်ကျမ်းစာတော်မြတ်

ဘုရားသခင်၏အမှန်တရားနှင့် ဂုဏ်ကျက်သရေသည် ခွဲခြား၍ရနိုင်ကောင်းသည်မဟုတ်ပေ။ ကျမ်းစာတော်မြတ်သည် ကျွန်ုပ်တို့ လက်လှမ်းမီရာ၌ရှိနေပါလျက် ဘုရားသခင်အား မှားယွင်းစွာထင်မြင်

ယူဆချက်များအားဖြင့် ကျွန်ုပ်တို့က ဂုဏ်ပြုချီးမွမ်းရန်မှာ မဖြစ်နိုင်ပါ။ လူအများအပြားတို့ အခိုင်အမာပြောဆိုသည်ကား တစ်စုံတစ်ဦးသည် အဘယ်မည်သောယုံကြည်မှုကို လက်ကိုင်ထားသည်ဖြစ်စေ သူ၏ဘဝ အသက်တာ၌ မှန်ကန်ခြင်းရှိခဲ့ပါက ဘယ်ကဲ့သို့မှအရာရောက်သည် မဟုတ်ပါဟုဆိုကြ၏။ သို့သော် ဘဝအသက်တာ၏ပုံသွင်းခြင်းခံရ မှုမှာ ယုံကြည်ခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် လက်လှမ်းမီ လောက်သည့်အလင်းတရားနှင့်အမှန်တရားရှိခဲ့ပါလျက် ထိုအရာ၌ မြင်နိုင်၊ ကြားနိုင်သောအခွင့်ထူးကို တိုးတက်စေရန် ပစ်ပယ်လျှင် ကျွန်ုပ်တို့သည် ငြင်းပယ်ခြင်းအမှန်ဖြစ်၍ အလင်းတရားထက် အမှောင် မိုက်ကို ရွေးချယ်နေမှုသာဖြစ်ပါတော့သည်။

"လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ပို့သောလမ်းတစ်မျိုးရှိ၏။ သု ၁၆း၂၅။ ဘုရားသခင် အလိုတော်ရှိခြင်းကို သိနိုင်သောအခွင့်အလမ်းတိုင်း ရှိနေပါလျက် အမှားကိုဖြစ်စေ၊ အပြစ်ကိုဖြစ်စေ မသိနားမလည်ခြင်းကြောင့် ပြုမိ ကြောင်း ဆင်ခြေပေး၍မရပါ။ လူတစ်ဦးတစ်ယောက်မှာ ခရီးစဉ် တစ်နေရာတွင် လမ်းများဆုံရာအရပ်တစ်ခုရှိ လမ်းညွှန်ချက်ဆိုင်းဘုတ် အားဖြင့် ဘယ်လမ်းသည်ဘယ်သို့ရောက်မည်ကိုသိ၏။ သူကဆိုင်း ဘုတ်ပါညွှန်ပြချက်ကိုပစ်ပယ်ကာ သူအမှန်ဟုထင်မြင်ရာလမ်းတစ်ခုခု ကိုရွေးလိုက်ခဲ့သော သူကမည်သို့ပင်ရိုးရိုးသားသား ယုံကြည်သည်ဖြစ် စေကာမူ သူလမ်းမှားပေါ်ရောက်ခဲ့ကြောကာင်းကို မလွဲမသွေ သိရှိလာရ ပေလိမ့်မည်။

ဘုရားသခင်ကသူ၏နှုတ်တော်ထွက်တရားတောကို ကျွန်ုပ်တို့ အား ချီးမြှင့်ခဲ့ရာ၌ တရား၏သွန်သင်ချက်များကို ကျွန်ုပ်တို့သိနားလည်

ခဲ့ပြီးလျှင် ကိုယ်တော်၏အလိုတော်ရှိရာကို ကျွန်ုပ်တို့ကိုယ်တိုင်လိုက်လျှောက်နိုင်သည့်အခွင့်ပင်ဖြစ်ပါသည်။ ယေရှုထံသို့ ဥပဒေပညာရှင်လေးလာရောက်မေးမြန်းသည်ကား 'ထာဝရအသက်ကို အမွေခံရယူရန် အကျွန်ုပ်မည်သို့ဆောင်ရွက်ရမည်နည်း' ဟုမေးရာ ကယ်တင်ပိုင်သခင်က ကျမ်းစာလာအချက်ကို ညွှန်းဆိုပြောကားခဲ့ပုံမှာ 'ပညတ်တရားတွင် အဘယ်သို့ရေးသားထားသနည်း၊ အသင်ဘယ်ပုံဘယ်နည်းအားဖြင့် ဖတ်ကြားခဲ့သနည်း' ဟူ၍ဖြစ်ပါ၏။ ကြီးကြီး၊ ငယ်ငယ် မည်သူမဆိုအား မသိနားမလည်ခြင်းက ဆင်ခြေပေးခြင်းကိုသော်လည်းကောင်း ပညတ်တရားကိုဖေါက်ဖျက်ခြင်းကြောင့် ခံထိုက်သည့်ပြစ်ဒဏ်မှလွတ်ငြိမ်းခြင်းကိုသော်လည်းကောင်း ပေးနိုင်မည်မဟုတ်ပါ။ အဘယ်ကြောင့်နည်းဟူမူကား သူတို့လက်ထဲ၌ ထိုပညတ်တရားအပေါ် သစ္စာရှိစွာတင်ပြဆောင်ရွက်ခြင်းနှင့်အတူ တရားတော်၏အခြေခံဥပဒေသများနှင့် လိုလားချက်များထင်ရှားရှိနေ၍ဖြစ်ပါသည်။

ကောင်းသောရည်ရွယ်ချက်များရှိယုံမျှဖြင့် မလိုလောက်ပါ။ ကိုယ်အလျင်မှန်၏ဟု ယူဆသည်ဖြစ်စေ၊ ဘာသာရေးဆရာသမားက ဘယ်အရာသည်မှန်သည်ဟု ပြောဆို၍ဖြစ်စေ လိုက်လုပ်ယုံမျှဖြင့် လူတစ်ဦးတစ်ယောက်အဖို့မလုံလောက်ပါ။ သူ၏ဝိညာဉ်ကယ်တင်ခြင်းရရှိမှု၌ ဘေးရန်ရှိနေပြီဖြစ်ရာ သူကိုယ်တိုင်ကပင် ကျမ်းစာလာအချက်များကို စူးစမ်းရှာဖွေရန်သင့်လေပြီ။ သူ၏သိနားလည်မှုများအဘယ်မျှပင်ခိုင်မာသည်ဖြစ်စေ၊ ဆရာသမား၏သွန်သင်မှုဖြင့် အမှန်တရားကို သိရှိခဲ့ပြီဟူ၍ မိမိကိုယ်ကိုမိမိ ယုံကြည်မှုမည်မျှပြည့်ဝနေသည်ဖြစ်စေ ဤအချက်သသည် သူ၏ခိုင်ခန့်သောအခြေခံမဟုတ်ပေ။ သူ၌ကောင်းကင်သို့ညွှန်ပေးရန် အသေးစိတ်လမ်းပြကားချပ်ရှိနေပြီ

ဖြစ်၍ တစ်စုံတစ်ရာကိုမျှ သူသည် တွက်ဆခန့်မှန်း၍လုပ်ဆောင်ရန် မရှိအပ်တော့ပါ။

သမ္မာတရားတည်းဟူသောအမှန်ကို ကျမ်းစာလာအချက်များ အားဖြင့် သင်ယူရရှိရန်မှာ စဉ်းစားဆင်ခြင်ပြီး ကျိုးကြောင်းညီညွတ်မှု ရှိသူလူတစ်ဦးစီတိုင်း၌ ပထမဦးဆုံးနှင့်အမြင့်ဆုံးဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါသည်။ ၎င်းနောက် မိမိရရှိသည့်အလင်းတရား၌လိုက် လျှောက်ရင်းနှင့်အခြားသူတို့ကို အလားတူလျှောက်လှမ်းကြစေနိုင်ရန် အားပေးလုပ်ဆောင်ရပါမည်။ ကျွန်ုပ်တို့သည် နေ့စဉ်ရက်ဆက် ကျိုးကုပ်အားထုတ်ကာ ကျမ်းစာတော်မြတ်ကို လေ့လာလျက် ကျမ်းချက်တစ်ခုကို ကျမ်းချက်တစ်ခုဖြင့်ဆက်စပ်၍ အတွေးအမြင် တိုင်း၌အလေးအနက်ပြုရကြမည်။ သန့်ရှင်းသောဝိညာဉ်တော်အကူ အညီအားဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေးအမြင်ယူဆချက်တို့ကို ဖြစ်စေရာ၌ ဘုရားသခင့်ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့ဖြေကြားခြင်းကို ကျွန်ုပ်တို့ကိုယ်၌က ဆောင်ရွက်ရမည့်နည်းလမ်းကဲ့သို့ပင် ဖြစ်စေရ မည်သာ။

ကျမ်းစာတော်မြတ်၌ ဖွင့်ဆိုထားသောအရိုးအရှင်းဆုံးဖြစ်သည့် အမှန်တရားများအား ဒွိဟသံသယနှင့်အမှောင်ထုကြီးလွှမ်းစေရအောင် ပညာရှိကျမ်းတတ်လူအပေါင်းတို့က မိမိတို့တွင်ကြီးမားသော ဉာဏ်ပညာရှိသယောင်ဖြင့် ကျမ်းစာလာအချက်များတွင် လျှို့ဝှက် နက်နဲပြီးလျှင် ဝိညာဉ်ရေးအနက်များဖြင့်ပြည့်ကာ အသုံးပြုထားသော ဘာသာစကားပေအရ မြင်သာသောအနက်မပေါ်လွင်ကြောင်း သွန်သင် ထောက်ပြကြပါသည်။ ဤသူအများသည် အတုအယောင် ဆရာများ သာဖြစ်ကြပါ၏။ ထိုသို့သောလူတန်းစားတစ်ရပ်ကို ယေရှုသခင်က

လူသိရှင်ကြားမြွက်ဆိုခဲ့သည်ကား 'သင်တို့သည် ကျမ်းစာကိုနားမလည် ဘုရားသခင်၏၏တန်ခိုးတော်ကိုမသိကြသောကြောင့်' ဟူ၍တည်း။ မာကု ၁၂း၂၄။ ကျမ်းစာတော်မြတ်၏ဘာသာစကားကို ပေါ်လွင်ထင်ရှားသည့် ၎င်း၏အနက်ဖွင့်ဆိုချက်အတိုင်းသာလျှင် ရှင်းလင်းတင်ပြအပ်ပေသည်။ လိုအပ်မှသာလျှင် သင်္ကေတဖြစ်စေ၊ ရုပ်လုံးဖော်အနက်ကိုဖြစ်စေ ဖွင့်ဆိုသင့်ပါ၏။ ခရစ်တော်က ကတိပေးထားသည်မှာ 'ကိုယ်တော်၏အလိုတော်သို့လိုက်ချင်သောသူ မည်သည်ကား ဤဒေသနာသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော၊ ငါသည် ကိုယ်အလိုအလျောက် ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်။' ယောဟန် ၇း၁၇။ အကယ်၍သာ လူအပေါင်းတို့သည် ကျမ်းစာတော်မြတ်၌ ဖော်ပြချက်အရသာလျှင် အမှန်လက်ခံမည်ဖြစ်ခဲ့ပါက ဆရာအတုအယောင်များအားဖြင့် လူတို့၌စိတ်ရှုပ်ထွေးကာ လမ်းလွဲလိုက်စေရန်မပြုခဲ့ပါက ကောင်းကင်သားတမန်များ၏ ဝမ်းမြောက်ခြင်းကိုဆောင်ကြဉ်းပေးနိုင်မည့်အပြင် ထောင်သောင်းချီးသည့်အမှားအယွင်းကို စမ်းတဝါးဝါးလိုက်လျှောက်နေသူအပေါင်းတို့သည် သခင်ခရစ်တော်၏ပိုက်ထွေးမှုအထံတော်သို့ ရောက်ရှိလာကြပါလိမ့်မည်။

ကျမ်းစာလာအချက်များကိုလေ့လာကြရာ၌ ကျွန်ုပ်တို့၏စိတ်စွမ်းအင်ဆောင်ရွက်နိုင်စွမ်းအားလုံးကို ကြိုးစားအားထုတ်လျက် နားလည်သဘောပေါက်ခြင်းကိုအားစိုက်ထုတ်စေကာ လူသားဘာဝအတိုင်းအတာတစ်ခုအတွင်း ဘုရားသခင်၏နက်နဲမှုများ၌ အကျုံးဝင်မှုဖြစ်စေရန်ဆောင်ရွက်သင့်ကြပေသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့မေ့ထား၍မရသည်ကား ဆည်းပူးလေ့လာသူ၏စိတ်ဓာတ်အစစ်အမှန်သည် သင်ကြားနာယူလွယ်ကာ လိုက်နာနားထောင်မှုနှင့် ကျိုးနွံရိုသေ

မှုရှိသော ကလေးငယ်တစ်ဦးကဲ့သို့ရှိနေရမည်ဖြစ်ပါ၏။ ကျမ်းချက်ဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်မှုများတွင် ဒဿနိကဗေဒဆိုင်ရာအခက်အခဲများဖြေရှင်းသည့်မှုမျိုးအသုံးပြုကာ ဘယ်သောအခါတွင်မှ အသုံးဝင်အောင် မဆောင်ရွက်နိုင်ပေ။ ကျမ်းစာတော်မြတ်ကို လေ့လာရာ၌ ကျွန်ုပ်တို့သည် သိပ္ပံအတတ်နယ်ပယ်များထဲသို့ဝင်ရာအချိန်တွင် လူအများအပြားတို့ပြုလေ့ရှိသော ကိုယ့်အားကိုယ်ကိုးအပြုအမူမျိုးဖြင့် မဝင်သင့်ကြဘဲ ဘုရားသခင်ထံအမှီပြုလျက် ယုံကြည်စွာဆုတောင်းပြုခြင်းအပြင် ရိုးဖြောင့်သည့်ဆန္ဒအားဖြင့် ကိုယ်တော်၏အလိုတော်ကို သင်ယူလေ့လာလိုစိတ်ရှိရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် နှိမ့်ချစိတ်နှင့်သင်ယူလွယ်စိတ်တို့နှင့်အတူ ကြီးမြတ်စွာသော "ငါဖြစ်သည်" ဟု အမည်ရှိသောသူထံမှ ဉာဏ်ပညာအမြော်အမြင်ကိုရယူရပါမည်။ ထိုသို့မဟုတ်ခဲ့သော် ဆိုးညစ်သောကောင်းကင်တမန်များအနေဖြင့် ကျွန်ုပ်တို့၏စိတ်များအမှောင်ထုဖုံးလွှမ်းနေစေရန်နှင့် ကျွန်ုပ်တို့၏ နှလုံးသားများ မာကြောခက်ထန်နေစေရန် ပြုခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် အမှန်တရားသည် ပုံပေါ်လာလိမ့်မည်မဟုတ်တော့ပေ။

ကျမ်းစာ၏အစိတ်အပိုင်းအများအပြားတွင် နားလည်ရန်ခက်ခဲမှုလျှို့ဝှက်မှုရှိနေကြောင်း ပညာဆည်းပူးထားပြီးသူများက တရားဝင်ပြောကြားချက် (သို့တည်းမဟုတ်) အရေးပါသည့်အချက်မဟုတ်ဟူ၍ ချန်ထားကျော်လွှားလိုက်သည့်အချက်တွင် ၎င်းအပိုင်းတို့၌ အားပေးဖြေသိမ့်ခြင်းနှင့်လမ်းညွှန်သွန်သင်ချက်ပြည့်ဝနေပါကြောင်း ခရစ်တော်၏အဆုံးအမ၌ တည်သူအတွက်ဖြစ်နေပါချေ၏။ နှုတ်ထွက်စကားကို ရှင်းရှင်းလင်းလင်း နားလည်နိုင်သောအခွင့်ကို ဘာသာရေးပညာရှင်

များစွာက မရနိုင်ကြသည်မှာ သူတို့သည်အမှန်တရားပါစစ်မှန်သည့်အချက်တို့အား ကကျင့်ကြံလိုက်နာရန်ဆန္ဒမရှိခြင်းကို အကြောင်းပြချက်တစ်ခုအဖြစ်တွေ့ရပါသည်။ ကျမ်းစာတော်မြတ်၏အမှန်တရားကိုနားလည်သဘောပေါက်မှုသည် ဖြောင့်မတ်ခြင်း၌ထက်သန်မှုရှိသည့်တမ်းတစွဲလမ်းမှုတည်းဟူသော လိုလားချက်သီးသီးသန့်သန့်ဖြစ်ခြင်း၌သာမူတည်လျက် ကျမ်းစာကိုစူးစမ်းရှာဖွေရာတွင် လိုအပ်သည့်အသိဉာဏ်စွမ်းပကားး၌မူ အဓိကမကျလှပါချေ။

## ဆုတောင်းခြင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်

ကျမ်းစာတော်လေ့လာမှုတွင် ဆုတောင်းချက်မပါဝင်ခြင်းကိုအဘယ်သောအခါမျှမပြုလုပ်အပ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းကပင် ကျွန်ုပ်တို့အား နည်းလည်သဘောပေါက်လွယ်သည့်အရာများ၌အရေးပါရှိမှုကိုခံစားရစေနိုင်ခြင်းဖြစ်စေလျက် နားလည်ရန်ခက်ခဲသောအမှန်တရားကို လွဲမှားစွာဖွင့်ဆိုတင်ပြမိခြင်းဖြစ်စေခြင်းကိုကာကွယ်ပေးနိုင်ပါသည်။ ကောင်းကင်သားတမန်တို့၏အလုပ်တာဝန်မှာ နှလုံးပြုပြင်ခြင်းအားဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်စကားတွင် ကျွန်ုပ်တို့စိတ်ဝင်စားကာ အလှအပကိုခံစားရရှိနိုင်ခြင်းနှင့်အတူသတိပေးချက်များအရ ဆုံးမနာယူလွယ်မှုဖြစ်စေ၊ ကတိတော်များအရပိုမိုတက်ကြွမှုနှင့်ခွန်အားရရှိခြင်းတို့အား ခံစားစေရန်ဖြစ်ပါသည်။ ဆာလံဆရာ၏အဆိုပြုချက်–'တရားတော်၌ အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ။'

ထားရှိသင့်ကြပါ၏။ သွေးဆောင်ဖြားယောင်းမှုများသည် မကြာခဏ ပင်ပေါ်လာ၍ တွန်းလှန်ရန်ခက်သယောင်ရှိသည်မှာ ဆုတောင်း ပြုခြင်းနှင့်ကျမ်းစာတော်လေ့လာမှုအား လျစ်လျူရှုထားခြင်းကြောင့် ဖြစ်လျက် ဖြားယောင်းခံရသူသည် ဘုရားသခင်၏ကတိတော်စကား ရပ်များအား အလွယ်အသင့်မှတ်မိနိုင်စွမ်းမရှိဘဲ စာတန်ကိုကျမ်းချက် လက်နက်များဖြင့် ရင်ဆိုင်တွေ့ဆုံရန် အသင့်မရှိနိုင်သောကြောင့်ဖြစ် ပါသည်။ သို့သော်ငြားလည်း ကောင်းကင်တမန်အပေါင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဆိုင်ရာ သင်ပြချက်များကို လက်ခံသင်ယူလို သူများတစ်ဝိုက် လှည့်လည်နေသည်ဖြစ်ကြရာ အထူးသဖြင့်လိုအပ် သောအချိန်အခါ၌ ထိုသူတို့ထံအမှန်လိုအပ်နေသော အသိမှတ်ဉာဏ် အမှန်တရားကို ပို့ဆောင်ပေးကြပါလိမ့်မည်။ ဤသို့အားဖြင့် ‘ရန်သူသည် ရေလွှမ်းမိုးသကဲ့သို့ဝင်လာသောအခါ ထာဝရ ဘုရားသခင်၏ဝိညာဉ်တော်သည် ဆီးတားတော်မူမည်။’ ဟေရှာယ ၅၉း၁၉။

ယေရှုသခင်ကတပည့်တော်များအား ကတိပေးခဲ့သည်ကား ‘ခမည်းတော်သည် ငါ့အတွက်ကြောင့်စေလွှတ်တော်မူသောဆရာ တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်း သောအရာတို့ကို ပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှသောစကား တို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။’ ယောဟန် ၁၄း၂၆။ သို့သော် ခရစ်တော်၏သွန်သင်ဆုံးမစကားများကို မိမိတို့ စိတ်မှတ်ဉာဏ်ထဲသိုမ်ိုးထားခြင်းဖြင့် အချိန်အခါသင့်သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အားဘေးရန်မကျ ရောက်စေရန် မှတ်ဉာဏ်ပြန်ဖွင့်ပေးမည်ဖြစ်ပါသည်။ ဒါဝိဒ်ကပြောခဲ့ သည်မှာ ‘ကိုယ်တော်ကိုမပြစ်မှားဘဲ နေနိုင်မည်အကြောင်း ဗျာဒိတ် တော်ကိုနှလုံးထဲမှာသိုထားပါပြီ။ ဆာလံ ၁၁၉း၁၁။

နောင်လာမည့်အကျိုးစီးပွားကို တန်ဖိုးထားသူအားလုံးတို့သည် ဒွိဟသံသယဝါဒဆိုင်ရာ အဝင်လမ်းများအား သတိပြုကာကွယ် နိုင်ရန်သင့်ပါသည်။ အမှန်တရား၏ဒေါက်တိုင်များအသီးသီးသည် အပြင်းအထန်ထိုးနှက်ခြင်းခံရလိမ့်မည်ဖြစ်ပေသည်။ မလေးမစားပြော ဆိုမှုများနှင့်မဟုတ်တမ်းတရားများ၊ လှည့်စားမှုများနှင့်ကူးစက်တတ် သည့်သွန်သင်ချက်များသည် ခေတ်ပေါ်ဘာသာရေးကူးပြောင်းခြင်းနှင့် ဆက်နွှယ်နေပေရာ ၎င်းတို့နှင့်လက်လှမ်းမမီဖြစ်အောင် နေ၍မရပါ။ စာတန်သည် အလွှာအသီးသီးအလုံးစုံ၌ သူ၏ဖြားယောင်းမှုများကို အံ့ဝင်ခွင်ကျဖြစ်စေရန်ပြုတတ်ပါ၏။ သူကပညာမဲ့တို့ကို ပြက်လုံး တစ်ခုဖြစ်စေ၊ စောင်းမြောင်းမှုဖြစ်စေ အသုံးပြုလျက် ပြင်းပြင်းထန်ထန် ပြောသကဲ့သို့ ပညာတတ်အပိုင်းကိုမူ သိပ္ပံပညာအတတ်ဆိုင်ရာ ကန့်ကွက်ချက်များနှင့်ဒဿနိကဗေဒဆိုင်ရာ စဉ်းစားချက်များအားဖြင့် ဖြစ်စေ၊ မဖွယ်မရာအပြုအမူကိုဖြစ်စေ အသုံးပြုရင်ဆိုင်တတ်ပေသည်။ ခရစ်ယာန်ဘာသာရေး၌အခြေခံကျသော အရင်းခံတရားများဆိုင်ရာ၌ သံသယဖြင့်သွယ်ဝိုက်အပြစ်တင်မှုကို အတွေ့အကြုံနည်းပါးလှသော လူငယ်ပိုင်းကအမှန်ဖြစ်သည်ဟု ထင်မြင်စေပါသည်။ ထိုသို့သော ငယ်ရွယ်နုပျိုသူတို့ ဘာသာတရားမဲ့နေထိုင်ခြင်းသည် မနက်ရှိုင်းလှ သော်ငြားလည်း အကျိုးအာနိသင်မှာမူထိမိပေ၏။ လူငယ်အများအပြား တို့သည် သူတို့၏ဖခင်များကထားရှိသည့် ယုံကြည်ခြင်း၌ပြက်လုံး ထုတ်ရန်ဖြစ်လာစေသည့်အပြင် ဘာသာတရားကိုင်းရှိုင်းမှုကိုလည်း ဆန့်ကျင့်ဘက်ပြုလာစေပါသည်။ ဤသို့လျှင် ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ဘုရားသခင်ကို မထီမဲ့မြင်ပြုနေပေတော့သည်။ ဟေဗြဲ ၁၀း၂၉။

ဘုရားသခင်အတွက် ဂုဏ်ပြုအလေးထားမှုနှင့်ကမ္ဘာလောကအတွက် ကောင်းချီးဖြစ်သင့်သူအများအပြားမှာ ဘာသာတရားမလေး စားခြင်းတည်းဟူသော ပုပ်စပ်သည့်ထွက်သက်ဝင်သက်ကြောင့် ပျက်စီး ယိုယွင်းမှုကိုခံရလေ၏။ လူသား၏ဆင်ခြင်တုံတရားရှိ ဝါကြွားသော ဆုံးဖြတ်ချက်ချခြင်းများကို ယုံကြည်မိသူအလုံးစုံသည် ဘုရားသခင်၏ ဉာဏ်ပညာအကူအထောက်မရှိဘဲ မွန်မြတ်သန့်စင်သော လျှို့ဝှက်နက်နဲ သည့်အရာများကို ရှင်းလင်းဖေါ်ထုတ်ကာ အမှန်တရားတည်းဟူသော ဖြောင့်မတ်ခြင်းတရားကို ရယူနိုင်ကြောင်းထင်မှတ်လျှင် စာတန်၏ ကျော့ကွင်း၌မိနေလေပြီဖြစ်ကြောင်း သိမှတ်နားလည်ရပေမည်။

ကျွန်ုပ်တို့သည် ဤကမ္ဘာသမိုင်း၌ အလေးနက်ဆုံးသော အချိန် ကာလအပိုင်းအခြားမှာရောက်ရှိနေကြပြီဖြစ်ပါ၏။ ကမ္ဘာမြေကြီးသား များစွာတို့၏ကံကြမ္မာကို အဆုံးအဖြတ်ပြုမည့်အနေအထားသည် နီးကပ်လျက်ရှိနေလေပြီ။ ယခုကျွန်ုပ်တို့လိုက်လံရှာဖွေသည့်လမ်းတွင် လိုက်လျှောက်ခြင်းအပေါ်မူတည်ကာ ကျွန်ုပ်တို့၏နောင်လာမည့် ကိုယ်ပိုင်အချိန်နှင့်အခြားသူတို့၏ကယ်တင်ခြင်းရရှိမှုသည် တည်မှီ လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် အမှန်တရားကိုပြသောဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ပေးမှုကို လိုအပ်နေပါသည်။ ခရစ်တော်နောက်သို့ လိုက်လျှောက်သူတိုင်းက ကိုယ်စိကိုယ်င စိတ်ထက်သန်မှုဖြင့် မေးမြန်း အပ်သည်ကား 'ကိုယ်တော်ဘုရားသခင်၊ အကျွန်ုပ်အားမည်သို့ ဆောင်ရွက် စေလိုပါသနည်း' ဟူ၍ဖြစ်၏။ ဘုရားသခင် ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့သည် အစာရှောင်ဆုတောင်းခြင်း၊ ကိုယ်တော်၏နှုတ်ထွက် တရားတော်၌ ဆင်ခြင်တွေးခေါ်ခြင်း အထူးသဖြင့် တရားစီရင်ရာ မြင်ကွင်းစသည်တို့ကို စိတ်နှလုံးနှိမ့်ချကာ မိမိတို့ကိုယ်ကို ပြုပြင်ရန်

လိုအပ်ပေသည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောအချက်များတွင် ကျွန်ုပ်တို့ယခုအခါ နက်နဲပြီးရှင်သန်သည့်အတွေ့အကြုံကို ကြိုးပမ်းရှာဖွေရန်သင့်နေပြီဖြစ်၏။ ကျွန်ုပ်တို့တွင် တစ်ခဏတာအချိန်ပိုင်းကိုပင် အဆုံးမခံနိုင်တော့ပါ။ အရေးပါအရာရောက်သည့်ဖြစ်စဉ်များသည် ကျွန်ုပ်တို့ဝန်းကျင်၌ပေါ်ပေါက်နေပြီဖြစ်ပေရာ စာတန်ညှို့ယူပြုစားထားရာနယ်ပယ်တွင် ရောက်ရှိနေပေတော့သည်။ ဘုရားသခင်၏ ကင်းစောင့်အစေခံအပေါင်းတို့၊ မအိပ်ကြလင့်၊ ရန်သူသည်အနီးကပ်ပုန်းလျှိုးလှုပ်ရှားနေပါ၏။ အချိန်မရွေးပင်သင်တို့အား အငိုက်ဖမ်း၍ ပေါ့ဆမှုနှင့်ငိုက်မျဉ်းမှုတို့အပေါ် အမြတ်ထုတ်လျက် သူ့သားကောင်အဖြစ်သက်ရောက်အောင် ခုန်အုပ်ဖမ်းဆီးပေလိမ့်မည်။ "ဖမ်းမိသောအကောင်ကို စားချင်အားကြီးသောခြင်္သေ့ကဲ့သို့လည်းကောင်း၊ ဆိတ်ကွယ်ရာအရပ်၌ ချောင်း၍နေသောခြင်္သေ့ပျိုသဲ့သို့လည်းကောင်း ဖြစ်ကြပါ၏။ အိုထာဝရဘုရားသခင်၊ ထတော်မူပါ၊ သူတို့ကိုဆီးတား၍ လှဲချတော်မူပါ။" ဆာလံ ၁၇း၁၂၊၁၃။

## ကယ်တင်ခြင်းကျေးဇူးတော်အတွက်ဥာဏ်ပညာ

လူအများအပြားသည် သူတို့၏အခြေအနေအမှန်ကို ဘုရားသခင်ရှေ့မှောက်တွင် လှည့်စားခြင်းကိုခံနေရကြပါသည်။ သူတို့မလွန်ကျူးသော မှားယွင်းသည့်လုပ်ရပ်များအပေါ် ကိုယ့်ကိုကိုယ်လှည့်စားဂုဏ်ယူနေကြပြီးလျှင် ဘုရားသခင်အလိုတော်အတိုင်း ကောင်းမွန်သန့်ရှင်းကာ မွန်မြတ်သည့်အပြုအမူများကို ရေတွက်ရန်မေ့လျော့လျက် ထိုအရာများကိုလျစ်လျူရှုထားကြပါ၏။ ကိုယ်တော်၏ဥယျာဉ်တော်

ထဲမှအပင်များဖြစ်ရုံမျှဖြင့် သူတို့သည်မလုံလောက်သေးပေ။ ထာဝရဘုရားသခင်၏မျှော်လင့်ထားချက်ပြည့်မီအောင် သူတို့က ပွင့်ပြ၊ သီးပြကြရန် လိုအပ်ပါသည်။ သူတို့လုပ်နိုင်စွမ်းရှိသည့်အတိုင်း စံချိန်ပြည့်မီအောင် ပြုလုပ်ကြရန် ပျက်ယွင်းမှုတွင်တာဝန်ရှိကြောင်း သူတို့အပေါ် ကိုယ်တော်သတ်မှတ်ပါ၏။ ထိုသို့ပြုလုပ်နိုင်စေရန် သူတို့ကိုကျေးဇူးတော်အားဖြင့် ဝန်းရံခြံလွှမ်းထားသော်လည်း သူတို့သည် ခွန်အားမြင့်မားအောင် အားထုတ်ကြိုးပမ်းခြင်းမရှိခဲ့ကြပါ။ ကောင်းကင်နိုင်ငံ၏စာအုပ်များထဲ၌ ဆန်ကုန်မြေလေးသူများအဖြစ် မှတ်သွင်းခြင်းခံရသူများဖြစ်ပါ၏။

သို့ပင်ဖြစ်ငြားလည်း ထိုအတန်းအစားသည်ပင်လျှင် လုံးဝမျှော်လင့်ခြင်းကင်းမဲ့သူများမဟုတ်ကြပေ။ ဘုရားသခင်၏သနားကြင်နာခြင်းကရုဏာကိုမရိုမသေ၊ မထီမဲ့ပြုသူနှင့် ကိုယ်တော်ရယူခွင့်ပေးထားသည့်ကျေးဇူးတော်ကရုဏာကို အလွဲသုံးစားပြုသူများအတွက် သည်းခံတော်မူသောနှလုံးသားဖြင့် မေတ္တာရပ်ခံနေသည်ကား 'ထိုကြောင့် အိပ်ပျော်သောသူ၊ နိုးလော့၊ သေခြင်းမှထမြောက်လော့၊ သို့ပြုလျှင် ခရစ်တော်သည် အလင်းကိုသင့်အားပေးတော်မူမည်။ ထိုကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့စေ့စေ့မြဲမြဲ ကျင့်ဆောင်မည့်အကြောင်းသတိပြုကြလော့၊ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကိုရွေးနုတ်ကြလော့။' ဧဖက် ၅း၁၄–၁၆။

စမ်းသပ်သောအချိန်ကာလသို့ ဧကန်အမှန်ရောက်သည့်အခါ ဘုရားသခင်၏နှုတ်တော်ထွက်စကားကို မိမိတို့၏စည်းမျဉ်းအဖြစ်ထားရှိ လိုက်နာသူများအား ဖွင့်လှစ်ပြသပါလိမ့်မည်။ နွေရာသီကာလ၌ အမြဲစိမ်းသစ်ပင်များနှင့် အခြားသောအပင်များ၏ကွဲပြားခြားနားမှုကို မမြင်သာသော်ငြားလည်း ဆောင်းဥတုရောက်၍နှင့်လေပြင်းတိုက်ချိန်

များတွင် အမြဲစိမ်းအပင်များသည် မပြောင်းမလဲရှိကြသော်လည်း၊ အခြားသောအပင်များ၌ အရွက်များကြွေလွင့်သွားခဲ့ခြင်းကို မြင်ရကြပေမည်။ (USA) မှာထိုသို့ဖြစ်သောကြောင့် နှလုံးသားမမှန်မကန်ရှိသူဟန်ဆောင်သည့်သူသည် ယခုအခါ စစ်မှန်ခြင်းရှိသူခရစ်ယာန်တစ်ဦးနှင့်ခွဲခြားမရကောင်းသော်လည်း ကွဲကွဲပြားပြားပေါ်လွင်ထင်ရှားမြင်သာသောအချိန်ကာလသည် ယခုပင်ကျွန်ုပ်တို့၌ ဆိုက်ရောက်စပြုနေလေပြီ။ ဆန့်ကျင်ခြင်းများပေါ်ပေါက်လာစေဦး၊ တရားသေဝါဒစွဲရှိသူနှင့်လိုက်လျောသည်းခံမှုမရှိသူများသည် ထိန်းချုပ်သက်ရောက်မှုကိုစွဲကိုင်နိုင်စေဦး၊ ဘာသာရေးကွဲပြားမှုကြောင့် ကြမ်းကြမ်းတမ်းတမ်းအပြစ်ဒဏ်ချခြင်းသည် ပြန်၍ပေါ်စေဦး၊ ထို့အပြင် ယုံကြည်ခြင်းမခိုင်မြဲဘဲ ကြောင်သူတော်ကဲ့သို့ကျင့်သူသည် ယိုင်နဲ့၍ မိမိယုံကြည်ခြင်းကိုစွန့်စေကာမူ စစ်မှန်သောခရစ်ယာန်သည် ကျောက်ကဲ့သို့ခိုင်မြဲစွာရပ်တည်လျက် ယုံကြည်ခြင်းခွန်အားပိုမိုကြီးမားကာ မျှော်လင့်ခြင်း၌ပိုမို၍တောက်ပြောင်လာကာ ယခင်က အောင်မြင်ကြွယ်ဝချမ်းသာအချိန်ကာလများထက် ပို၍ရပ်တည်လာပါလိမ့်မည်။

ဆာလံဆရာဆိုသည်ကား 'သက်သေခံတော်မူချက်တို့ကိုအကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့်'၊ 'ကိုယ်တော်၏ဥပဒေသများအားဖြင့် အကျွန်ုပ်သည်ဉာဏ်တိုးပွား၍ ဘုရားမဲ့အယူဝါဒရှိသမျှတို့ကိုမုန်းပါ၏။' ဆာလံ ၁၁၉း၉၉၊၁၀၄။

'ဉာဏ်ပညာကိုရှာ၍ရသောသူသည် ကောင်းချီးရှိ၏။' 'ထိုသူသည်ကား ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့်ပူသောအရိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ အစဉ်အမြဲအသီးကို သီးတတ်သောအပင်နှင့်တူ၏။' သု ၃း၁၃။ ယေရမိ ၁၇း၈။

ဖြောင့်မတ်ခြင်းတရားတည်းဟူသော အမှန်ကို ကျမ်းစာလာအချက်များအားဖြင့် သင်ယူရရှိရန်မှာ စဉ်းစားဆင်ခြင်ပြီး ကျိုးကြောင်းညီညွတ်မှုရှိသူ လူတစ်ဦးစီတိုင်း၌ ပထမဆုံးနှင့်အမြင့်ဆုံးဆောင်ရွက်ရမည့်တာဝန်ဖြစ်ပါသည်။ ၎င်းနောက်မိမိရရှိသည့်အလင်းတရား၌ လိုက်လျှောက်ရင်းဖြင့် အခြားသူတို့ကို အလားတူလျှောက်နိုင်ကြစေရန် အားပေးလုပ်ဆောင်ရမည်။

---ooo---

## အခန်း(၈)

# ဆင်းရဲခြင်းကပ်ကာလ

**“မြေကြီးပေါ်မှာဖြစ်လတ္တံ့သောဘေးများကို မြော်၍ကြောက်လန့်သဖြင့် လူအများတို့၏အသက်ဆုံးခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည်။–––ထိုအခါ လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊မိုးတိမ်ကိုစီးလျက် ကြွလာသည်ကိုမြင်ရကြလိမ့်မည်။” လုကာ ၂၁း၂၆၊၂၇။**

**“အကြောင်းမူကား ကမ္ဘာဦးမှစ၍ ယခုတိုင်အောင်မဖြစ်စဖူး နောက်၌လည်းမဖြစ်လတ္တံ့သော ကြီးစွာသောဆင်းရဲခြင်းသည် ထိုကာလ၌ဖြစ်လိမ့်မည်။” မဿဲ ၂၄း၂၁။**

ထိုအခါ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သော သခင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည့်ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသော ဆင်းရဲခြင်းကပ်ကာလသည်ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌စာရင်းဝင်သမျှသောသင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်။” ဒံယေလ ၁၂း၁။

တတိယကောင်းကင်တမန်၏သတင်းစကားပိတ်သိမ်းသော် ကမ္ဘာမြေကြီးပေါ်ရှိ မကောင်းမှုလွန်ကျူးသူများအတွက် သနားကြင်နာခြင်းကရုဏာတံခါးပိတ်ပြီဖြစ်သဖြင့် ဖျန်ဖြေပေးခြင်းသည် ရပ်ဆိုင်းလေပြီ။ ထာဝရဘုရားသခင်၏လူအပေါင်းတို့အဖို့ ရည်ရွယ်ချက်အတိုင်းအောင်မြင်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။ သူတို့သည် ‘နောက်မိုးကို

လက်ခံရရှိ’ နေလျက် ‘ကိုယ်တော်၏ရှေ့မှောက်၌ ပြန်လည်လန်းဆန်းမှု’ ကိုလည်းခံစားနေရကာ ရှေ့မှာလာမည့်စိတ်နှင့်ခန္ဓာဖိစီးမှု အချိန်ကာလအတွက် အသင့်ပြင်ထားနေပြီဖြစ်ပါသည်။

ကောင်းကင်ဘုံ၌ရှိသောတမန်အများသည် ဟိုမှာသည်မှာ လှုပ်ရှားနေလျက်ရှိကြပါ၏။ ကမ္ဘာမြေမှပြန်ရောက်လာသူ ကောင်းကင်တမန်တစ်ဦးက ကြေညာသည်မှာ သူ၏တာဝန်သည်ပြီးစီးပြီဖြစ်ကြောင်း ကမ္ဘာလောကအပေါ် အပြီးသတ်စမ်းသပ်မှုသည် ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ဘုရားသခင်၏အထုံးအဖွဲ့တော်များတွင် တည်ကြည်စွာလိုက်နာခဲ့ကြောင်း ထင်ရှားသူအားလုံးသည် ‘အသက်ရှင်တော်မူသော ထာဝရဘုရားသခင်၏တံဆိပ်တော်’ ခတ်နှိပ်ခြင်းခံရကြပြီဟု ကြေညာပါသည်။ ထိုအခါ သခင်ယေရှုသည် ဆောင်ရွက်မြဲဖြစ်သည့် ကြားဖျန်ဖြေသည့်လုပ်ငန်းတာဝန်ကို ရပ်ဆိုင်းပြီဖြစ်ပါ၏။ ကိုယ်တော်သည်လက်နှစ်ဖက်ကိုမြှင့်တင်လျက် ကျယ်လောင်သောအသံအားဖြင့် မြွက်ဆိုသည်ကား ‘အမှုပြီးပြီ’ ဟူ၍ဖြစ်ရာ ကောင်းကင်သားထုတစ်ရပ်လုံးသည် ကိုယ်တော်၏တည်ကြည်သော ကြေညာချက်ကို ကြားနာခြင်းနှင့်အတူ မိမိတို့ဆောင်းထားသောသရဖူများအား ဘေးဖယ်ချထားလိုက်ကြလေသည်။ ကိုယ်တော်က ‘မတရားသောသူသည် မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည် ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး’ (ဗျာ ၂၂:၁၁။) ဟူ၍ဖြစ်ပါသည်။

အမှုကိစ္စတစ်ခုစီတိုင်းအတွက် သေရေး (သို့မဟုတ်) ရှင်းရေးကို ဆုံးဖြတ်ချက်ချထားပါ၏။ ခရစ်တော်သခင်သည်မိမိ၏လူမျိုးအပေါင်းတို့အဖို့ အပြစ်ဖြေရာအကြောင်း လုပ်ဆောင်ပေးခဲ့လျက် သူတို့၏အပြစ်များကိုပြေရာပြေကြောင်း ပယ်ဖျက်ခဲ့ပြီးဖြစ်ပေသည်။ ကိုယ်တော်၏

နောက်လိုက်အရေအတွက်ကိုလည်း သတ်မှတ်ပြီးဖြစ်လျက် 'နိုင်ငံတော်နှင့်အုပ်စိုးခြင်းအခွင့်အာဏာ ကောင်းကင်ဘုံတစ်ဝန်းလုံးအောက်ရှိ နိုင်ငံတော်၏ကြီးမားကျယ်ပြန့်မှု အတိုင်းအတာ' အား ကယ်တင်ခြင်းကျေးဇူးတော်ကို ခံစားရမည့်အမွေခံအပေါင်းတို့အတွက် အပ်ပေးရန် ဖြစ်လျက် ဘုရင်တကာတို့၏ဘုရင်နှင့် သခင်တကာတို့၏သခင်အဖြစ် သခင်ယေရှုက အုပ်စိုးမှုပြုရန်ဖြစ်ပေ၏။

သန့်ရှင်းမွန်မြတ်ရာဌာနတည်းဟူသော ကောင်းကင်ဘုံတဲတော်မှကိုယ်တော်ထွက်ခွာလာသောအခါတွင် ကမ္ဘာပေါ်၌မှီတင်းနေထိုင်သူအပေါင်းအား ကြောက်မက်ဖွယ်ရာ အမှောင်မိုက်ထုကြီး ဖုံးလွှမ်းကာရှိနေပါသည်။ ဤအခြေအနေမျိုးတွင် ဖြောင့်မတ်သူတို့သည် သန့်ရှင်းသော ထာဝရဘုရားသခင်၏ မျက်မှောက်တော်မှာ ကြားဖျန်ဖြေပေးမည့်သူမရှိဖြစ်ပေ၏။ ဆိုးညစ်သူတို့အပေါ် ဘုရားသခင်က ထိန်းချုပ်ထားခဲ့မှုကို ဖယ်ရှားလိုက်ပြီးဖြစ်ရာ စာတန်တွင် နောက်ဆုံးသောအချိန်အထိ နောင်တမရရှိသူအားလုံးတို့အပေါ် စေလိုရာစေနိုင်ခွင့်ကို ရရှိထားပါလေသည်။

ထာဝရဘုရားသခင်၏သည်းခံစိတ်ရှည်ခြင်းသည် ဆုံးခန်းတိုင်ခဲ့ပါပြီ။ ကမ္ဘာလောကသားအပေါင်းတို့သည် ကိုယ်တော်၏အသနားကြင်နာခြင်း ကရုဏာကို ငြင်းပယ်ခဲ့ပြီးလျှင် ကိုယ်တော်၏ချစ်ခြင်းကို နှိမ့်ချပြစ်တင်လျက် ကိုယ်တော်၏ပညတ်တရားတော်ကို နင်းချေဖျက်ဆီးခဲ့ကြပေ၏။ မတရားသောသူများအတွက် သတ်မှတ်ပေးထားသည့် အကြင်နာကရုဏာနယ်နိမိတ်ကို ၎င်းတို့သည် ကျော်လွန်ခဲ့ပြီဖြစ်ရာ အစဉ်တစိုက်တွန်းလှန်ခြင်းခံခဲ့ရသော ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် နောက်ဆုံး၌ရုပ်သိမ်းသွားပြီးဖြစ်ပါ

သည်။ သန့်ရှင်းမွန်မြတ်လှသည့်ကျေးဇူးတော်အားဖြင့် ကာကွယ်ပေးထားခြင်းမှာ ကင်းမဲ့သွားသဖြင့် ၎င်းတို့သည် စာတန်ပြုလိုရာပြုခြင်းကိုခံစားရလေတော့သည်။ ထိုနောက် စာတန်က ထိုကမ္ဘာမြေကြီးသားအပေါင်းတို့အား အဆုံးသတ်နှင့်အကြီးမားဆုံး ဆင်းရဲတွင်းထဲသို့ပစ်ချပါလိမ့်မည်။ ထာဝရဘုရားသခင်၏ တမန်များအနေဖြင့် လူသားဆိုင်ရာခံစားချက်ပြင်းထန်မှုရမ္မက်စိတ်များကိုထိန်းကျောင်းမှုပြုခြင်းမှ ရပ်ဆိုင်းသည့်အလျောက် ရန်းရင်းဆန်ခတ်အခြေအနေကို အားပေးသည့်အရာများမှာ အထိန်းအကွပ်မဲ့ဖြစ်သွားပါလေ၏။ တစ်ကမ္ဘာလုံး၏ပျက်သုဉ်းမှုအနေအထားသည် ရှေးယခင်က ယေရုရှလင်မြို့ကြီး၌ ကျရောက်ခဲ့သည်ထက် ပိုမိုကြောက်မက်ဖွယ်ရာဖြစ်သည့် ပျက်စီးခြင်းတွင်ပါဝင်သွားရပေလိမ့်မည်။

ကောင်းကင်တမန်တစ်ပါးတည်းအားဖြင့် အီဂျစ်ပြည်၏သားဦးရှိသမျှကို ဖျက်ဆီးပစ်ကာ တစ်နိုင်ငံလုံးပူဆွေးသောကရောက်စေခဲ့သည်မဟုတ်လော။ ဒါဝိဒ်သည် လူတို့ကိုစစ်တမ်းပြုရေတွက်ခြင်းအားဖြင့် ဘုရားသခင်ကိုပြစ်မှားမိခဲ့စဉ်က ဒဏ်ခတ်စေသောကောင်းကင်တမန်တစ်ဦး၏လုပ်ဆောင်ချက်ဖြင့် ဣသရေလအမျိုး၌ကာလနာကိုလွှတ်လိုက်သဖြင့် သူ၏အပြစ်ဒဏ်ခတ်မှုကြောင့်ကြောက်မက်ဖွယ်ရာ ပျက်စီးခြင်းရောဂါဖြင့် လူခုနစ်သောင်းသေခဲ့ကြပါ၏။ ထာဝရဘုရားသခင်အမိန့်တော်ချမှတ်လျှင် သန့်ရှင်းသောကောင်းကင်တမန်တို့သည် အလားတူပင်ဖြစ်သည့်ဖျက်ဆီးနိုင်သောစွမ်းပကားရှိနေကြပါသည်။ ထိုအတိုင်းပင်ခွင့်ပြုချက်ရှိလျှင် နတ်ဆိုးအပေါင်းသည်လည်း ပြုနိုင်စွမ်းရှိကြပါ၏။ နေရာတိုင်းတွင် အဖျက်နတ်ဆိုးအင်အားစုများရှိနေပေရာ အထက်ခွင့်ပြုချက်ကိုရရှိသည်နှင့်နေရာအနှံ့အလုံးစုံဆိတ်သုဉ်းစေခြင်းပြုရန် အသင့်စောင့်နေကြပေသည်။

ဘုရားသခင်၏ပညတ်တရားတော်ကို အလေးထားလိုက်နာသူများသည် ကမ္ဘာလောကအပေါ် တရားစီရင်ချက်များကျရောက်စေရန် ဖိတ်ခေါ်သူများအဖြစ် စွပ်စွဲခြင်းကိုခံရကြလျက် သဘာဝတရား၏တွန့်လိမ်ကောက်ကွေးခြင်းများသည် ကြောက်မက်ဖွယ်ဖြစ်ခြင်း၌လည်းကောင်း၊ လူအပေါင်းတို့အကြားဖြစ်ပေါ်နေသည့် ရန်းရင်းဆန်ခတ်အခြေအနေနှင့် သွေးထွက်သံယိုဖြစ်မှုများ၌လည်းကောင်း ထိုသူတို့ကြောင့် ကမ္ဘာမြေကြီး၌ကျိန်ခြင်းအရာများ ပြည့်နှက်နေရခြင်းဖြစ်သည်ဟု စွပ်စွဲခံနေရလေသည်။ နောက်ဆုံးသတိပေးချက်ထုတ်ပြန်သည့် စွမ်းပကားသခင်၏တန်ခိုးတော်အရ၊ မတရားသောသူအပေါင်းကို ဒေါသတရားပွားများစေပြီးလျှင် သူတို့၏အမျက်ကို သတင်းစကားလက်ခံရရှိသူအားလုံး၌ သိုထားကြလျက် စာတန်သည် ထိုအပျက်အစီးကို ပိုမိုကြီးမားလာအောင် လှုံ့ဆော်သည့်စိတ်ဓာတ်နှင့် အေးအေးဆေးဆေးမနေရကြစေရန် ဖန်တီးလေတော့သည်။

ဂျူးလူမျိုးများအတွက် ပေးအပ်ထားသည့်ဘုရားသခင်အတူပါရှိနေခြင်းအား နောက်ဆုံးတွင် ပြန်လည်ရုပ်သိမ်းလိုက်သည်ကို ယဇ်ပုရောဟိတ်များနှင့်လူအပေါင်းတို့သည် မသိရှိခဲ့ကြပေ။ သူတို့သည် စာတန်၏ထိန်းချုပ်မှုအောက်သို့ ရောက်နေပြီးဖြစ်သဖြင့် ကြောက်မက်ဖွယ်အကောင်းဆုံးနှင့်နစ်နာထိခိုက်မှုကိုဖြစ်စေသော ရမ္မက်များဖြင့် ပြည့်ဝနေသော်လည်း၊ သူတို့ကိုယ်ကိုသူတို့က ငါတို့သည် ဘုရားသခင်ရွေးချယ်ထားသည့်လူမျိုးဖြစ်သည်ဟု အထင်ရောက်နေဆဲပင်ဖြစ်ပါ၏။ ဗိမာန်တော်၌ပြုမြဲဖြစ်သည့် အမှုတော်ဆောင်ရွက်ခြင်းများကို ဆက်လက်ပြုလုပ်ဆဲ၊ ညစ်ညမ်းခဲ့ပြီးသည့်ပလ္လင်တော်များတွင် ယဇ်ပူဇော်မှုများကို ဆက်ကပ်ဆဲရှိခဲ့ကြလျက် နေ့စဉ်ဝတ်ပြုဆုတောင်းကာ

ဘုရားသခင်၏ကောင်းချီးကို ထာဝရဘုရားသခင်ချစ်သော သားတော်၏အသွေးတော်၌ အပြစ်ပြုခဲ့ပြီးနောက် ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်သူများနှင့် နောက်လိုက်တပည့်တော်များတို့အား ရန်ဘက်ပြုသတ်ဖြတ်ရန် ကြိုးပမ်းသူမျိုးတစ်မျိုးအတွက် ရွတ်ဖတ်ဆုတောင်းခဲ့ကြပါသည်။ ထိုသို့ဖြစ်ပါလျှင် ပြန်လည်ပြင်ဆင်ခြင်းငှာ မတတ်သာသော အပြီးသတ်ဆုံးဖြတ်ချက်အား သန့်ရှင်းရာဌာနတည်းဟူသော မွန်မြတ်သည့်ကောင်းကင်ဘုံဝတ်ပြုရာတဲတော်နေရာမှ တရားဝင်ကြေညာလိုက်သည့်အခါ ကမ္ဘာလောက၏ကံကြမ္မာသည် ရာသက်ပန်အတည်ဖြစ်ခဲ့လျှင်လည်း မှီတင်းနေထိုင်ကြကုန်သော မြေကြီးသားအပေါင်းတို့သိကြလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ဝိညာဉ်တော်အား အဆုံး၌ပြန်လည်ရုပ်သိမ်းခြင်းခံရသည့် လူမျိုးတစ်မျိုးတွင် ဘာသာရေးပုံစံအမျိုးမျိုးဖြင့် ဆက်၍သာကိုးကွယ်သွားကြပေလိမ့်မည်။ ထိုအခါ ဆိုးညစ်မှု၏သခင်ကြီးက သူတို့ကို မကောင်းဆိုးဝါးစိတ်ထက်သန်မှုဖြင့် စိတ်ပိုင်းဆိုင်ရာမြင့်တင်မှုကို ခံစားစေရလျက် သူလိုလားရာပုံသဏ္ဍာန်ကို ရရှိအောင်ပြုမူချက်သည် ဘုရားသခင်အတွက် လိုလားထက်သန်မှု ဖြစ်လေဟန်ရှိပါလိမ့်မည်။

ခရစ်ယာန်ဘာသာရေးလောကဆိုင်ရာ တိုင်းပြည်နှင့်လူမျိုးအပေါင်းတို့တွင် အထူးအငြင်းပွားရာအချက်ဖြစ်သည့် ဥပုသ်တော်နေ့သည်ရှိနေသည့်အလျောက် ဘာသာရေးပိုင်းနှင့်အုပ်ချုပ်မှုပိုင်းဆိုင်ရာအာဏာပိုင်များပူးတွဲလျက် ပထမနေ့ကိုဥပုသ်နေ့ဖြစ်ကြောင်း၊ အာဏာတည်စေရန်ပြုကြပေရာ လူနည်းစုကလေးက အစဉ်တစိုက်ငြင်းပယ်ကာ အနိုင်မခံအရှုံးမပေးသည့်စိတ်ဖြင့် အများတောင်းဆိုချက်ကိုမနာခံမှုသည် ကမ္ဘာတစ်ဝန်းမုန်းတီးရေး စိတ်ဓာတ်၏ပစ်မှတ်အဖြစ် ဖန်တီးမှုကို ၎င်းတို့သည်ခံကြရလိမ့်မည်။

အသင်းတော်အဖွဲ့အစည်းတစ်ရပ်ကိုလည်းကောင်း၊ (USA) နိုင်ငံတော်၏ဥပဒေတစ်ခုကိုလည်းကောင်း ဆန့်ကျင်နေသည့်လူနည်းစုအား သည်းခံခွင့်လွှတ်ရန်မသင့်ကြောင်း တိုက်တွန်းအကြံပြုချက်သည် ပေါ်ပေါက်လာလိမ့်မည်ဖြစ်၏။ ထိုသူတို့ခက်ခဲမှုခံစားရခြင်းကို လူမျိုးပေါင်းတွင် ရှုပ်ထွေးပွေလီဖြစ်ကာ ဥပဒေမဲ့ပြုခြင်းခံရသည်ထက် ပိုမို၍ခွင့်ပြုထားသင့်ကြောင်း စိတ်အလိုရှိကြသည်။ နှစ်ပေါင်းတစ်ထောင့်ရှစ်ရာကာလအလွန်၌လည်း အလားတူဆင်ခြေတက်မှုဖြင့် 'ပြည်သူလူထုကိုအုပ်စိုးသူများ' က ခရစ်တော်ကိုဆန့်ကျင်ခဲ့ကြဖူးပါ၏။ ကောက်ကျစ်သူ ယဇ်ပုရောဟိတ်မင်းကယာဖက 'ယုဒလူမျိုးအကုန်အစင်ပျက်စီးသည်ထက် လူတစ်ယောက်သည် လူများတို့အတွက်' သေသော် သာ၍ကောင်းသည်ကို သင်တို့သည်မဆင်ခြင်ပါတကား' (ယောဟန် ၁၁း၅၀။) ဟုပြောပါသည်။ ဤဆင်ခြေသည် အပြီးသတ်ဖြစ်ဟန်ပေါ်လွင်ပါလိမ့်မည်။ စတုတ္ထပညတ်တရားတော်ကို လေးမြတ်မှုဖြင့် ဥပုသ်တော်နေ့အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သူများအပေါ် နောက်ဆုံး၌ဥပဒေပုဒ်မထုတ်ပြန်ကာ အပြင်းထန်ဆုံးပြစ်ဒဏ်ကျခံထိုက်သူများဖြစ်အောင် နှိမ့်ချဖေါ်ထုတ်လျက် သင့်လျော်လျောက်ပတ်သည့်ကာလတစ်ခုအလွန်၌ လူတို့ကိုလွတ်လွတ်လပ်လပ်ခွင့်ပေးကာ ထိုတရားစောင့်သူတို့အား သတ်ဖြတ်ကြစေရန် ပြုကြလိမ့်မည်။ ကမ္ဘာဟောင်းမှရောမဝါဒနှင့် ကမ္ဘာသစ်၌ မိမိ၏ယုံကြည်ချက်ကိုစွန့်လွှတ်ပြီး ဟိုဟိုသည်သည်ကူးတတ်သော မတည်ငြိမ်တတ်သည့် ပရိုတက်စတင့်အယူသည် မွန်မြတ်သည့်လမ်းညွှန်စည်းမျဉ်းအားလုံးကို စောင့်ထိန်းသူအပေါင်းတို့အား အလားတူပင် ပြုမူကျင့်သုံးကြပါလိမ့်မည်။

## ယာကုပ်၏ဆင်းရဲခြင်း

ဘုရားသခင်၏လူအပေါင်းတို့သည် ထိုအချင်းအရာများနောက် ဝယ် ရောဂါကျရောက်မှုနှင့်ပူဆွေးသောကအပြင် ကြီးမားသောဘေးရန် များကို ပုရောဖက်ယေရမိဟောကြားထားသည့်အတိုင်း ယာကုပ် အမျိုး၌အမှုရောက်သောနေ့ရက်သို့ ဆိုက်ကြပေလိမ့်မည်။ "ထာဝရ ဘုရားသခင်မိန့်တော်မူသောစကားဟူမူကား ငါသည်ထိတ်လန့်ခြင်း စကားသံကိုကြားရ၏။ ငြိမ်သက်ခြင်းမရှိ---ခပ်သိမ်းသောသူတို့သည် မျက်နှာပျက်လျက်ရှိကြသည်ကို အဘယ်ကြောင့်ငါမြင်ရသနည်း။ အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။" ယေရမိ ၃၀း၅-၇။

အစ်ကိုဧသော၏လက်တွင်းသို့ကျရောက်ခြင်းမှ ကယ်နုတ်တော် မူပါမည့်အကြောင်း ဆုတောင်းခြင်းပြုခဲ့သောထိုညတွင် ညီယာကုပ် သည် ပြင်းထန်သည့်စိတ်ဆင်းရဲမှုဒဏ်ကိုခံရခြင်း၌ ဘုရားသခင်၏ လူအပေါင်းတွေ့ကြုံရမည့် ဆင်းရဲခြင်းကပ်ကာလကိုပြသပါသည်။ (ကမ္ဘာ ၃၂း၂၄-၃၀)။ အဘကပေးသောကောင်းချီးကို ရယူလို ခြင်းငှာ ပြုခဲ့သည့်လိမ်ညာလှည့်စားမှုကြောင့် ယာကုပ်သည် အစ်ကို ဖြစ်သူဧသော၏ခြိမ်းခြောက်မှုများမှ အသက်လုၡပြေးခဲ့ရပေ၏။

ပြည်နှင်ခံတစ်ဦးဘဝဖြင့် နှစ်ပေါင်းကြာရှည်စွာနေခဲ့ရပြီးနောက် ထာဝရဘုရားသခင်၏အမိန့်တော်အားဖြင့် ယာကုပ်သည် သူ့မယား များနှင့်သားသမီးများ၊ သူ့တိရစ္ဆာန်များအုပ်လိုက်သင်းလိုက်ဖြင့် သူ၏ မွေးရပ်ဇာတိသို့ ပြန်လာခဲ့လေသည်။ နယ်မြေဆက်စပ်မှုဖြစ်ရာ

နယ်ပယ်ဒေသများအားဖြတ်ကျော်လာသည်နှင့် အစ်ကိုဇေသောသည် လူလေးရာပါလျက် ချဉ်းကပ်လာနေပြီဟူသောသတင်းများကြောင့် ကြောက်စိတ်ဖုံးလွှမ်းလျက် မိမိအား လက်စားချေမည်ဟု တစ်ထစ်ချ မှတ်ယူခဲ့ပါသည်။ ယာကုပ်၏အင်အားစုတွင် လက်နက်မဲ့ဖြစ်ကာ အကာအကွယ်ပေးနိုင်ခြင်းကင်းနေကြရာ အကြမ်းဖက်သတ်ဖြတ်ခြင်း များတွင် လည်စင်း၍ခံရမည့်ပုံပေါက်နေပါ၏။ ထိုသို့သော စိုးရိမ် သောကနှင့်ကြောက်ရွံ့စိတ်တို့တွင် ထပ်မံ၍ဖိစီးလာသဖြင့် မိမိကိုယ် မိမိအပြစ်ဆိုမိသည်ကား ဤသို့အကျပ်အတည်းဆိုက်ရခြင်းသည် ကိုယ်တိုင်ပြုမူပြစ်မှားခဲ့ခြင်းကြောင့်ဖြစ်သည် ဟူ၍ပင်တည်း။

သူ၏တစ်ခုတည်းသောမျှော်လင့်ခြင်းသည် ဘုရားသခင်၏ ချစ်သနားခြင်းကရုဏာသာလျှင်ဖြစ်၍ အခုအခံအကာအကွယ်သည် သူ့ဆုတောင်းချက်သာဖြစ်ရလိမ့်မည်။ အစ်ကိုဇေသောအပေါ်ပြုမိခဲ့သည့် အမှားကို အပြစ်ကျေအေးစေရေးအတွက်ပြုရာ၌ ဟာကွက်မရှိစေရန် သူ၏အပိုင်းက ဆောင်ရွက်လျက် ခြိမ်းခြောက်လာသည့်ဘေးရန်ကို လွှဲဖယ်သွားအောင် လုံးပန်းခဲ့ပေသည်။ အလားတူပင် သခင်ခရစ်တော် ၏နောက်လိုက်အပေါင်းတို့သည်လည်း ဆင်းရဲခြင်းကပ်ကာလသို့ နီးကပ်လာသည်နှင့်အမျှ လူအပေါင်းတို့ရှေ့၌ မိမိတို့စွမ်းအားရှိသရွေ့ မှန်မှန်ကန်ကန်ဖြစ်သောအသိတရားအားဖြင့် အဂတိတရားကိုပယ်ရှင်း ပြီးလျှင် အသိစိတ်တရား၏လွတ်လပ်ခြင်းအခွင့်ကို ခြိမ်းခြောက်သည့် ဘေးရန်အား လမ်းလွှဲသွားစေရန် လုံးပန်းအားထုတ်မှုအသီးသီး ပြုအပ်ပေသည်။

သူ၏အတွယ်တာရဆုံးမိသားစုအနေဖြင့် သူ၌ကျရောက်မည့် ကြီးမားသောဘေးရန်ကို မြင်ရခြင်းမရှိစေရန် အဝေးသို့ခွဲခွာသွား

သွားစေလျက် ယာကုပ်သည် တစ်ဦးတည်းဘုရားသခင်ထံ ကောင်းရာကောင်းကြောင်း တောင်းလျှောက်နိုင်ရန် နောက်မှာကျန်ခဲ့ပါသည်။ သူအပြစ်မကောင်းမှုအား ဘုရားသခင်ထံမှာဝန်ချတောင်းပန်ကာ အကြင်နာကရုဏာတော်ကို ယုံယုံကြည်ကြည်ဖြင့် ဖေါ်ထုတ်တင်ပြလျက် နှိမ့်ချကျိုးနွံစွာဖြင့် သူ၏အဘိုးအဘတို့နှင့်ထားရှိခဲ့သည့် ပဋိညာဉ်နှင့်သူပြည်နှင်ဒဏ်ခံရာမြေနှင့် ဗေသလဟုအမည်တွင်မည့် အရပ်၌ညအိပ်စခန်းချစဉ် မြင်မက်ခဲ့ရသောအိပ်မက်တွင် ထာဝရဘုရားသခင်ပေးခဲ့သည့်ကတိတော်များကို တင်ပြတောင်းလျှောက်လိုက်လေသည်။ ဤအချိန်သည် သူ့ဘဝကိုအဆုံးအဖြတ်ပေးမည့် အချိန်ကာလဖြစ်ပေရာ အရာရာသည် အရှုံးနှင့်အနိုင်ကြားတွင်ရှိနေပါ၏။ အမှောင်ထုအတွင်း၌သူတစ်ဦးတည်းသာ အထီးကျန်ဖြစ်နေစဉ် ထာဝရဘုရားသခင်ထံပျပ်ဝပ်နှိမ့်ချမှုဖြင့် သူသည် ဆက်လက်ဆုတောင်းနေပါသည်။

ရုတ်တရက်သူ၏ပခုံးပေါ်သို့ လက်တစ်ဖက်တင်လာခဲ့ပါသည်။ သူထင်သည်မှာ ရန်သူတစ်ဦးသည်သူ့ကိုလုပ်ကြံရန် ကြိုးပမ်းနေသည်ထင်၍ သူ၌ရှိသမျှသောခွန်အားကို စိုက်ထုတ်ကာ သူ့ကိုတိုက်ခိုက်မည့်သူအား လုံးထွေးသတ်ပုတ်ပါတော့သည်။ မိုးသောက်အလင်းရောင်ပေါ်စပြုလျှင် သူစိမ်းတစ်ရံဆံလူက လူသားသဘာဝလွန်စွမ်းပကားကိုထုတ်၍အသုံးပြုသဖြင့် ယာကုပ်သည်ပေါင်ဆစ်ပြုတ်ကာ မလှုပ်မရှားနိုင်သကဲ့သို့ဖြစ်ပြီးလျှင် ရန်ဘက်၏ဇက်ပိုး၌ မှီတွယ်ကာ မျက်ရည်ယိုစီးလျက် နှိမ့်ချစွာဖြင့်တောင်းပန်းတိုးလျှိုးနေသည်မှာ ကိုယ်တော်သည် ကျွန်ုပ်ကို ကောင်းချီးမပေးလျှင် မလွတ်နိုင်ပါကြောင်းဖြစ်ပါသည်။ ယာကုပ်သည် သူယခုထိပ်တိုက်ရင်ဆိုင်နေရသည်မှာ ပဋိညာဉ်တော်ကိုစောင့်ရှောက်သူတမန်တော်မြတ်ကြီးဖြစ်သည်ကိုသိပါ၏။ နာကျင်စွာ

ခံစားရမှုကြောင့် မသန်မစွမ်းဘဝသို့ကျရောက်ခဲ့သော်လည်း သူ၏ လိုလားချက်ကိုမူ လက်မလွှတ်ပါ။ သူ၏အပြစ်ကျူးလွန်ခဲ့ခြင်းကြောင့် ရှည်ကြာစွာဖြင့်ပင် စိတ်ရှုပ်ထွေးမှု၊ နောင်တရရှိမှုနှင့်ဆင်းရဲခြင်းကို ဖွဲ့နပဲနှင့်ခံယူပြီးဖြစ်ရာ ထိုအပြစ်မှခွင့်လွှတ်ပြီးဖြစ်ကြောင်းကို သူသည် အာမခံချက်ရရှိလိုပေသည်။

သန့်စင်မွန်မြတ်သော သဘာဝလွန်စွမ်းပကားပိုင်ရှင် ဧည့်သည်တော်သည် ထွက်ခွာသွားမယောင်ရှိရာ သူ့အားကောင်းချီးတစ်ရပ် ပေးသနားတော်မူရန် တောင်းပန်လျက် လွှတ်မပေးဘဲထားပါ၏။ ကောင်းကင်တမန်က “ငါ့ကိုပေးသွားလော့၊ မိုးလင်းဆဲရှိပြီ ” ဟု ဆိုလျှင် ယာကုပ်က “ကိုယ်တော်သည်အကျွန်ုပ်ကို ကောင်းချီးမပေး လျှင် မသွားရပါ” ဟုဆို၏။ ဤနေရာတွင် မိမိကိုယ်ကိုမိမိယုံကြည် စိတ်ချခြင်း၊ စိတ်မြဲမြံခြင်းနှင့်ဖွဲ့ကြီးခြင်းတို့ကို ထင်ထင်ရှားရှား အထူးမြင်တွေ့ရပါသည်။ ဤအချင်းအရာသည် ဝါကြွားလိုမှုဖြင့် မှန်းဆမျှော်မှန်းတောင်းဆိုသည့်အချက်ဖြစ်ခဲ့ပါက ယာကုပ်သည် ချက်ချင်းလင်ငင်း ဖျက်ဆီးမှုကိုခံရလိမ့်မည်ဖြစ်သော်ငြား သူ၏ တောင်းလျှောက်ချက်သည် မိမိ၏အားနည်းချက်နှင့် မထိုက်တန်မှု တို့ကို ဖွင့်ဟတောင်းပန်သော ယုံကြကည်စိတ်ချမှုရှိသည့်အကြားမှ ပဋိညာဉ်တရားကို စောင့်ရှောက်တတ်သည့် ထာဝရဘုရားသခင်၏ သနားခြင်းကရုဏာတော်ကို ကိုးကွယ်ယုံကြည်အားထားခြင်းကို ပြသမှုဖြစ်ပါသည်။

“ကောင်းကင်တမန်နှင့်ပြိုင်၍နိုင်လေ၏၊ ငို၍တောင်းပန်နှင့်ပြီ။” ဟောရှေ ၁၂း၄။ စိတ်ညှိုးငယ်မှုဖြင့်အရှက်ရခြင်း၊ နောက်တရရှိခြင်းနှင့် ကိုယ့်ကိုကိုယ်အရှုံးပေးခြင်းအားဖြင့် ဤအပြစ်ရှိသူ အမှားအယွင်း

မကင်းသော သေစမြဲဖြစ်သောလူသားသည် ကောင်းကင်အရှင်သခင်နှင့်ပြိုင်၍နိုင်ခဲ့ပေသည်။ သူက ဘုရားသခင်၏ကတိတော်များအပေါ် တုန်တုန်ယင်ယင်ဖြင့် ခိုင်မြဲအောင်စွဲကိုင်ခဲ့ရာ ထာဝရချစ်ခြင်းသခင်၏နှလုံးသားသည် အပြစ်သား၏တိုးလျှိုးတောင်းပန်မှုကို မငြင်းသာနိုင်အောင်ဖြစ်ခဲ့ရပေ၏။ သူ၏အောင်မြင်မှုသာဓကအဖြစ်လည်းကောင်း၊ သူ့ပုံသက်သေကိုအခြားသူများအတုယူရန် အားပေးမှုအဖြစ်လည်းကောင်း၊ သူ့အပြစ်ကိုညွှန်ပြသတိပေးသည့် အချက်တစ်ချက်ဖြစ်စေသောသူ၏အမည်အား သူ့အောင်မြင်ခြင်းအတွက် ဂုဏ်ပြုအထိမ်းအမှတ်ဖြစ်စေသည့်အမည် (ယာကုပ်မှအစ္စရေး) သို့ပြောင်းပေးခြင်းကိုခံယူခဲ့ရပ်သည်။ ယာကုပ်သည် ဘုရားသခင်နှင့်ပြိုင်၍နိုင်ခဲ့သည့်တကယ့်အဖြစ်အပျက်၌ သူသည် လူအပေါင်းကိုအောင်နိုင်လိမ့်မည်ဟူသည့် အာမခံချက်ကိုဖြစ်စေခဲ့၏။ သူ့အစ်ကိုဧသော၏အမျက်ဒေါသကိုရင်ဆိုင်ရန် သူ၌စိုးရွံ့မှုသည်မရှိနေတော့ဘဲ ထာဝရဘုရားသခင်ကိုယ်တော်၏အကာအကွယ်ကိုရမည်ဟု သူတထစ်ချယုံကြည်ပါသည်။

စာတန်သည် ဘုရားသခင်၏ကောင်းကင်တမန်များရှေ့မှောက်တွင် ယာကုပ်အား ဖျက်ဆီးသုတ်သင်ခွင့်ပေးရန် သူ့အပြစ်အလျောက်တောင်းဆိုပါသည်။ ယာကုပ်၏အစ်ကိုဧသောအားလည်း ညီဖြစ်သူယာကုပ်ကိုသေအောင်တိုက်ခိုက်ရန် စာတန်သာလျှင်လှုံ့ဆော်ပေးခဲ့ပါ၏။ တစ်ဖန် တစ်ညတာလုံးထွေးသတ်ပုတ်ချိန်၌လည်း ယာကုပ်အားသုတ်သင်ရန် တောင်းဆိုပြန်ပါသည်။ ဤသို့အားဖြင့် စာတန်သည်ဘုရားသခင်အားဖက်တွယ်ထားသူ ယာကုပ်လက်လွှတ်လိုက်စေရန်အတွက် သူ့အား အပြစ်ရောက်ခဲ့ခြင်းအသိတရားဖြင့် ဖိစီးစေကာစိတ်ဓာတ်ကျဆင်းအောင် ကြိုးပမ်းခဲ့လေသည်။

ယာကုပ်သည် စိတ်ပျက်လက်လျှော့သည့်အခြေအနေသို့ ရောက်လုနီးပါးရှိနေစဉ်မှာ ကောင်းကင်ဘုံမှအကူအညီမပေးခဲ့ပါက သူပျက်စီးရမည်ကိုမူ သူသိရှိပါသည်။ သူ၏ကြီးမားသောအပြစ်အတွက် စိတ်ရင်းမှန်စွာဖြင့် နောင်တတရားကိုရရှိခဲ့ပြီးဖြစ်လေရာ သူက ထာဝရဘုရားသခင်ထံမှ ကရုဏာတော်ကိုပန်ကြားခဲ့၏။ ထိုလိုလားချက်ကို သူသည် မလွှဲဖယ်သွားစေရန် ကောင်းကင်တမန်အား စွဲမြဲခိုင်မာမှုဖြင့် မိမိစိတ်အလိုကို စိတ်အားထက်သန်ပြီး ပြင်းပြင်းထန်ထန်ငိုယိုတောင်းပန်းခြင်းဖြင့် အောင်မြင်ခဲ့ပါသည်။

စာတန်သည် အစ်ကိုဧသောအား ညီယာကုပ်နှင့်ထိပ်တိုက်ရင်ဆိုင်ရန် ဩဇာအရှိန်အဝါဖြင့်ပြုမူသကဲ့သို့ပင် ဆိုးညစ်သူအပေါင်းကလည်း ဘုရားသခင်၏လူမျိုးတို့ကို ဆင်းရဲခြင်းကပ်ကာလတွင် ဖျက်ဆီးစေရန် လှုံ့ဆော်ပေးပါလိမ့်မည်။ ထိုနောက်တွင်မူ သူက ယာကုပ်အား စွပ်စွဲခဲ့သည့်အချက်နှင့်အလားတူပင် ဘုရားသခင်၏ လူတို့အပေါ်သို့ သူ၏စွပ်စွဲချက်များကို ရှေ့တန်းတင်လိမ့်မည်ဖြစ်ပါသည်။

## ဘုရားသခင်၏လူအပေါင်းတို့ဆင်းရဲခြင်းကြုံတွေ့ရပုံ

စာတန်သည် ကမ္ဘာပေါ်ရှိလူအပေါင်းအား သူ၏လက်အောက်ခံများဖြစ်သည်ဟုသတ်မှတ်သော်လည်း ဘုရားသခင်၏ပညတ်တရားများကိုစောင့်ထိန်းလျက်ရှိနေသည့် အင်အားနည်းပါးသောအာဖွဲ့အသင်းသည် စာတန်၏လွှမ်းမိုးခြယ်လှယ်မှုကို ခုခံတားဆီးနေပါသည်။ ဤကမ္ဘာမြေပေါ်မှသူတို့အား ဖယ်ရှားခြင်းမပြုနိုင်ခဲ့ပါက သူ၏

အောင်မြင်မှုသည် အပြီးတိုင်ရနိုင်မည်မဟုတ်ပါ။ သန့်ရှင်းမွန်မြတ်သည့် ကောင်းကင်တမန်အပေါင်းသည် ထိုသူတို့အား စောင့်ရှောက်ပေးနေသည်ဖြစ်ရာ သူက ကောက်ချက်ချသည်မှာ ထိုအနည်းစုသောသူတို့၏ အပြစ်များကို ခွင့်လွှတ်ပြီးဖြစ်သည်ဟူ၍ဖြစ်သော်လည်း သူမသိသည်ကား ထိုသူတို့၏အမှုတွဲများမှာ အထက်ကောင်းကင်ဘုံသန့်ရှင်းရာဌာနတော်က ဆုံးဖြတ်ထားပြီးဖြစ်ခြင်းပင်တည်း။

စာတန်တွင် ထိုသူအပေါင်းကို ဖြားယောင်းသွေးဆောင်လျက် ကျူးလွန်စေခဲ့သည့်အပြစ်များနှင့်စပ်လျဉ်း၍ တိတိကျကျသိထားပေရာ ဘုရားသခင်၏ရှေ့တော်မှောက်၌ သူက ဤအကြောင်းကို ချဲ့ကားစွာ ဖြင့်တင်ပြကာ ဤသူအပေါင်းသည်လည်း သူကဲ့သို့ပင်ခံစားထိုက် ခံစားစေသင့်သည့်အတိုင်း ဘုရားသခင်၏အခွင့်အရေးပေးခြင်းခံရသူ စာရင်းမှ ဖယ်ထုတ်သင့်ပါကြောင်းတင်ပြပါသည်။

သူထုတ်ဖော်ပြောကြားသည်မှာ တရားမျှတမှုရှိစွာလုပ်ဆောင်မည်ဆိုပါက ဘုရားသခင်အနေနှင့်ထိုသူတို့၏အပြစ်များကို ဖြေလွှတ်လျှင် သူနှင့်သူ၏နောက်လိုက်တမန်များအား နှင်ချခဲ့၍မရနိုင်ပါဟု ပြောပါသည်။ စာတန်က ထိုသူတို့သည် သူ၏သားကောင်များသာဖြစ်သဖြင့် ၎င်းတို့အားဖျက်ဆီးရန်အတွက် သူ့လက်တွင်းသို့ပေးအပ်ရန် တောင်းဆိုပါသည်။

ဘုရားသခင်၏လူအပေါင်းတို့၏အပြစ်များအရ စွပ်စွဲသည်နှင့်အမျှ ကိုယ်တော်ကဖြစ်နိုင်သမျှသောအတိုင်းအတာဖြင့် ထိုသူတို့အား စစ်ဆေးရန် စာတန်ကိုခွင့်ပြုချက်ပေးထားပါသည်။ သူတို့၏ဘုရားသခင်အပေါ်ထားသည့်ယုံကြည်အားကိုးခြင်း၊ သူတို့၏ယုံကြည်ခြင်းခိုင်မာစွဲမြဲမှုတို့အပေါ်ပြင်းပြင်းထန်ထန်စုံစမ်းပါလိမ့်မည်။ သူတို့၏

အတိတ်ကိုပြန်လည်သုံးသပ်ကြည့်သည့်အခါ မျှော်လင့်ခြင်းများနည်းပါး လှကြောင်း သူတို့ခံစားရပေသည်။ အကြောင်းမူကား သူတို့ဘဝ အသက်တာများတစ်လျှောက် အကောင်းဆိုသည်မှာ အလွန်နည်းခဲ့ ကြပါ၏။ ၎င်းတို့၏အားနည်းချက်နှင့်မထိုက်မတန်ဖြစ်မှုကို အပြည့် အဝနားလည်သိရှိနေကြပါသည်။

စာတန်က သူတို့သည်မျှော်လင့်ချက်ကင်းမဲ့သည့်အမှုသည်များ ဖြစ်သည်ဟူသောအတွေးရောက်စေပြီးလျှင် ကြောက်အောင်ခြောက်လှန့် ပါသည်။ ထိုသို့ပြုရာ၌ သူတို့၏အညစ်အထေးစွန်းထင်းမှုမှာ ဘယ်သောအခါတွင်မှ စင်အောက်သန့်ရှင်းပစ်နိုင်လိမ့်မည်မဟုတ် ကြောင်း စွဲမှတ်စေ၏။ သူမျှော်မှန်းထားသည်ကား မိမိသည်သူတို့၏ ယုံကြည်ခြင်းကို ဝင်ရောက်ဖျက်ဆီးနိုင်ခဲ့ပါသော် သူသွေးဆောင် နှောင့်ယှက်ရာသို့ သူတို့လိုက်ပါလျက် ဘုရားသခင်အပေါ် သူတို့ထား ရှိသည့်တည်ကြည်စောင့်သိရိုသေခြင်းကို လွှဲဖယ်နိုင်လိမ့်မည်ဖြစ် ပါသည်။

ဘုရားသခင်၏လူတို့အပေါ် ဖျက်ဆီးရေးကို စိတ်ထက်သန်နေ သည့်ရန်သူလူဆိုးသွမ်းများက ဝန်းရံထားမည်ဖြစ်သော်လည်း သူတို့ ခံစားနေရသောစိတ်ဆင်းရဲခြင်းဒဏ်သည် အမှန်တရားအတွက် ခံရကြ မည့်ညှဥ်းပန်းမှုကို ထိတ်လန့်သည်မဟုတ်၊ သူတို့စိုးရိမ်ကြောက်ရွံ့ ကြသည်ကား အပြစ်တိုင်းတွင်နောင်တရခဲ့သည်မဟုတ်ပါဘဲလျက် သူတို့ကိုယ်၌ကရှိနေသည့်အပြစ်တချို့ကြောင့် ကယ်တင်သခင်ပေး သောကတိတတော်သည် ပြည့်စုံခြင်းသို့ရောက်ရန် သူတို့အဖို့ ပျက်ပြယ် သွားလိမ့်မည်ကို ကြောက်နေကြပါသည်။ “လောကနိုင်ငံအရပ်ရပ် တို့ကိုပျံ့နှံ့လတ္တံ့သောစုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်။” ဗျာ ၃း၁၀။ အပြစ်ခွင့်လွှတ်မှု၌ အာမခံချက်ရှိမည်ဟု သူတို့အား

အသိပေးနိုင်မည်ဖြစ်ပါက နိုပ်စက်မှုကိုဖြစ်စေ၊ သေခြင်းကိုဖြစ်စေ သူတို့သည် အမှုထားလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် သူတို့သည် ခွင့်လွှတ်ရန်မထိုက်တန်ခဲ့ပါက သူတို့၏ကိုယ်ပိုင်အကျင့်တရားများ၌ ချွတ်ယွင်းမှုကြောင့် အသက်ဆုံးရှုံးရပါလျှင် သန့်ရှင်းမွန်မြတ်သည့် ဘုရားသခင်၏နာမတော်မှာ အပြစ်ရှာခြင်းခံရပေလိမ့်မည်။

လူတစ်ဦးစီထံ၌ကတိဖေါက်ဖျက်ရန် အကြံအစည်များရှိနေခြင်း နှင့် ပုန်ကန်ထကြွရန် တက်ကြွသောစီမံမှုကို သူတို့သည်ကြားသိ မြင်တွေ့နေရသဖြင့် သူတို့ရင်ထဲတွင်ပြင်းပြသည့်စိတ်အလို နိုးထလာသည်မှာ လူ့စိတ်၏ထက်သန်သော တမ်းတစွဲလမ်းမှုအားဖြင့် ဤကဲ့သို့သောမဟာဖေါက်လွဲဖေါက်ပြန်မှုသည် အပြီးသတ်သွားပြီး လျှင် ဆိုးညစ်သူတို့၏ဘေးရန်များသောဆိုးသွမ်းမှုသည် ရပ်တန့် သွားစေကြောင်းလိုလားကြပါသည်။ သို့ရာတွင် ပုန်ကန်ထကြွမှုကို ထိန်းချုပ်လျက် ရပ်တန့်စေရန် ဘုရားသခင်ထံတော် တောင်းလျှောက် ဆဲမှာပင် ကြီးမားလာသည့်မကောင်းမှုလှိုင်းဒဏ်မှ သူတို့ကိုယ်တိုင် စီးမျောလိုက်ပါရင်း ထိုအချင်းအရာ၌မပါရှိစေရအောင် ခုခံတွန်းလှန် နိုင်စွမ်းမရှိတော့သည်ကို သူတို့သည် သိသာထင်ရှားသောအခါ ကိုယ့်ကိုကိုယ် အပြစ်တင်ဆုံးမခြင်းဖြင့်ရပ်တည်နေကြပါသည်။ သူတို့ခံစားရသည်ကား သူတို့သာ ခရစ်တော်သခင်၏အမှုတော် ဆောင်ခြင်း၌ အစဉ်တစိုက် စွမ်းအားရှိသမျှလုပ်ဆောင်ခဲ့ကြပါသော် အင်အားပြည့်ဝခြင်းတစ်ခုမှသည် တစ်ခုဆီသို့ တက်လှမ်းနိုင်လျက် စာတန်၏အင်အားစုများသည် သူတို့အပေါ်လွှမ်းမိုးအနိုင်ရမည့် အလား အလာလျော့နည်းသွားမည်ဖြစ်ကြောင်း သိမြင်ခံစားကြရလေသည်။

သူတို့ဥည် ဘုရားသခင်ရှေ့တော်မှောက်မှာ သူတို့၏ဝိညာဉ်များ ကို ဆင်းရဲခက်ခဲမှုသက်ရောက်စေလျက် များပြားလှသည့်သူတို့၏

အပြစ်များ၌ တစ်ချိန်သောအခါကာလက နောင်တတရားရှိကြောင်း ညွှန်ပြကာ ကယ်တင်သခင်၏ကတိတော်ကို ရရှိလိုကြောင်း တောင်းလျှောက်သည်မှာ "ငါ၏အစွမ်းသတ္တိကိုကိုးစား၍ ငါနှင့် မိတ်သဟာယဖွဲ့ကြစေသော" ဟေရှာယ ၂၇း၅။ သူတို့၏ယုံကြည် ခြင်းသည် သူတို့၏တောင်းဆုပြုချက်များ၌ အလျင်အမြန် အဖြေရခဲ့ ခြင်းမရှိသော်လည်း ခိုင်မြဲပါသည်။ အပြင်းထန်ဆုံးသောစိတ်သောက ကြောက်ရွံ့ခြင်းနှင့်ကြီးမားသောဘေးရန်ကို ခံစားနေရကြလင့်ကစား ကတိစကားတော်ဖြင့်ပြည့်ဝရစေကြောင်း သူတို့သည် မရပ်မနား တောင်းလျှောက်ကြပါသည်။ ယာကုပ်သည် ကောင်းကင်တမန်အား မလွှတ်တမ်းဆွဲကိုင်ထားသကဲ့သို့ သူတို့သည် ထာဝရဘုရားသခင်၏ အစွမ်းသတ္တိခွန်အား၌ အမှီပြုဆွဲကိုင်ကြပါ၏။ သူတို့၏အသက် ဝိညာဉ်ဘာသာစကားမှာ "ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းချီး မပေးလျှင် မသွားရဟုဆို၏။"

သားဦးအရာကိုလိမ်ညာလျက် ရယူသည့်အပြစ်အတွက် ယာကုပ်၏ယခင်တချိန်ကရရှိခဲ့သော နောင်တတရားမရှိခဲ့ပါသော် ထာဝရဘုရားသခင်သည် သူ၏ဆုတောင်းခြင်းကို နားညောင်းတော် မမူ။ သနားစုံမက်သည့်ကရုဏာတော်ဖြင့်လည်း အသက်ကယ်ပေးခဲ့ မည်မဟုတ်ပါ။ အလားတူစွာ ဆင်းရဲခြင်းကပ်ကာလကြီး၌ ဘုရား သခင်၏လူအပေါင်းတို့တွင် ဖေါ်ပြဝန်ခံခြင်းမပြုထားသောအပြစ်များ ကို စိတ်ဆင်းရဲခံစားရခြင်းနှင့်အကြောက်တရားကြောင့် ထုတ်ဖေါ် ဝန်ခံရလျှင် သူတို့သည် အပြစ်၏လွှမ်းမိုးသွားမှုကို ခံရကြလိမ့်မည်။ စိတ်ပျက်အားငယ်ခြင်းကြောင့် သူတို့၏ယုံကြည်ခြင်းကို ပယ်ဖျက် ကြမည်ဖြစ်ရာ ဘုရားသခင်ထံ ကယ်နုတ်ခြင်းကျေးဇူးတော်ကို

တောင်းလျှောက်ရန် မိမိကိုယ်မိမိယုံကြည်မှုရှိနိုင်လိမ့်မည်မဟုတ်တော့ပေ။ သို့သော် သူတို့၏မထိုက်မတန်ခြင်းကို အလေးအနက်သိရှိခံစားနေရခိုက်မှာပင် သတို့တွင် ထုတ်ဖော်ဝန်ခံရမည့်ပြစ်မှားခြင်းများကို ဖုံးကွယ်ထားခဲ့ခြင်းမရှိပေ။ သူတို့၏အပြစ်များသည် တရားစီရင်ရာသို့ ကြိုတင်ရောက်နှင့်ခဲ့ပြီးလျှင် ခြစ်ဖျက်ခံခဲ့ရပြီးဖြစ်ရာ သူတို့အနေဖြင့်ပြန်လည်မှတ်မိရန် မစွမ်းသာတော့ပေ။

## စာတန်၏ညွှတ်ကွင်းများမှအကာအကွယ်

ဘဝ၏အရေးများ၌ လူအပေါင်းတို့၏တာဝန်ပျက်ကွက်သောမမှန်မကန်မှုများအပေါ် ဘုရားသခင်ကအပြစ်မယူ ခွင့်ပြုပေးလိမ့်မည်ဟု လူတို့လက်ခံယုံကြည်စေရန် စာတန်သည်ဆွဲဆောင်လမ်းပြပါ၏။ သို့တစေ ယာကုပ်နှင့်စပ်လျဉ်း၍ ကိုယ်တော်ဆက်ဆံရာ၌ မကောင်းမှုလုပ်ရပ်ကို ခွင့်ပြုချက်ဖြစ်စေ၊ သည်းခံလိုက်လျောချက်ဖြစ်စေ ကိုယ်တော်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ပြသခဲ့ပြီးဖြစ်သည်။ သူတို့၏အပြစ်များကို ဆင်ခြေတတ်ရန်ဖြစ်စေ၊ ဖုံးကွယ်ရန်ဖြစ်စေ၊ ကြိုးပမ်းသူအပေါင်းတို့သည် ကောင်းကင်ဘုံရှိစာအုပ်များ၌ စာရင်းဝင်ထားသည့်၄င်းတို့၏အမည်မှာ ဆက်လက်တည်ရှိနေလျက် အပြစ်ဖွင့်ဟဝန်ခံခြင်းမရှိ ခွင့်လွှတ်မှုကိုမခံရသည်ဖြစ်သော် စာတန်သည် သူတို့အပေါ်လွှမ်းမိုးခြယ်လှယ်ပေလိမ့်မည်။ သူတို့၏လုပ်ငန်းရာထူးသည်မြင့်မားလေ၊ ရရှိသည့်လုပ်ငန်းရာထူးအရ ပို၍ဂုဏ်သရေမြင့်လေ၊ ဘုရားသခင်၏အမြင်အောက်ရှိ သူတို့လျှောက်လှမ်းရာသည် ပို၍ကြေကွဲဝမ်းနည်းဖွယ်ရာဖြစ်ပြီးလျှင် သူတို့၏မဟာရန်သူ၏အောင်ပွဲ

သည် ပို၍သေချာလေဖြစ်ပါသည်။ ဘုရားသခင်၏နေ့ရက်ကြီးအတွက် ပြင်ဆင်အသင့်ရှိမှု၌ နှောင့်နှေးနေသူတို့သည် ဆင်းရဲခြင်းကပ်ကာလ ဆိုက်ရောက်သည့်အခါ၌ ထိုအခွင့်ကိုရရှိရန် မဖြစ်နိုင်တော့ပေ။ ဆင်းရဲခြင်းကပ်ကာလအတွင်း တစ်ချိန်ချိန်၌လည်း ထိုအခွင့်ကိုရရှိလိမ့်မည် မဟုတ်ပါ။ ထိုကဲ့သို့သောသူများတွင် မျှော်လင့်ခြင်းသည် လုံးဝ ဆိတ်သုဉ်းသွားခဲ့ရလေပြီ။

ခရစ်ယာန်ဖြစ်ပါသည်ဟူ၍ မိမိတို့ကိုယ်ကိုမိမိ မမှန်မကန် ထုတ်ဖော်သူအပေါင်းသည် ထိုနောက်ဆုံးကပ်ကာလ၌ အဆင်သင့် ပြင်ဆင်မှုမရှိဘဲလျက် ရောက်ရှိခဲ့ရချိန်တွင် သူတို့သည် စိတ်ပျက်အားလျော့မှုခြင်း မတရားသောသူအပေါင်း၏ ကြီးမားသောဝမ်းမြောက်ခြင်း ဖြင့် သူတို့၏ကြီးမားသောဆင်းရဲခြင်းကို အရသာခံ၍ကြည့်ရှုနေသည့် ကြားမှ ဖွင့်ဟဖော်ထုတ်ကြပါလိမ့်မည်။ ဤကဲ့သို့သော အပြစ်ဖွင့်ဟ ဝန်ခံမှုသည် တစ်ချိန်ကဇေသောဖြစ်စေ၊ ယုဒဖြစ်စေ ဖွင့်ဟတောင်းပန်ချက်များနှင့်တစ်ထေရာတည်းပင်ဖြစ်ပါ၏။ ထိုဖွင့်ဟဝန်ခံချက်ကို ပြုသူများသည် မိမိတို့ခံစားရသောဥပဒေချိုးဖောက်မှုအပေါ် မြည်တမ်း စကားရွတ်ဆိုခြင်းသာလျှင်ဖြစ်ပြီး အပြစ်ရှိသောသဘောကို ဝန်ခံခြင်း မျိုးမဟုတ်ပါ။ သူတို့တွင် နောင်တအမှန်ခံစားရခြင်းမရှိသလို၊ မကောင်းမှုကိုစက်ဆုပ်ရွံရှာခြင်းလည်းမရှိပေ။ သူတို့အပြစ်ကို သူတို့ အသိအမှတ်ပြုသည်မှာ အပြစ်ဒဏ်ခံရမည်ကို ကြောက်သောကြောင့် ဖြစ်ရာ အီဂျစ်ပြည်ရှင်ဘုရင်ဖါရောကဲ့သို့ ဘုရားသခင်ကိုအံတုရင်ဆိုင် မှုသို့ ပြန်လည်ရင်မဆိုင်ဝံ့အံ့သောငှာ တရားစီရင်ချက်များကိုမပယ် မရှားထားရလိမ့်မည်ဖြစ်ပါသည်။

ယာကုပ်၏သမိုင်းဖြစ်စဉ်မှာ လှည့်ဖြားမှုကိုခံရကာ အပြစ် သွေးဆောင်ရာသို့လိုက်ပါခဲ့ပြီးနောက် အပြစ်သင့်သူဘဝရောက်စေခြင်း

ကိုခံလိုက်ရသူဖြစ်သော်လည်း မှန်ကန်သောနောင်တရရှိခြင်းဖြင့် ထာဝရဘုရားသခင်ထံ ပြန်လှည့်လာသူအပေါင်းအား ဘုရားသခင်သည် ပစ်ပယ်ထားလိမ့်မည်မဟုတ်ကြောင်း အာမခံချက်တစ်ရပ်လည်း ဖြစ်ပေ၏။ ဤအတန်းအစားရှိလူအပေါင်းကို စာတန်က ဖျက်ဆီးသုတ်သင်ရန်ကြိုးပမ်းသော်လည်း ထိုသူတို့ဆင်းရဲခြင်းတွင်း ကျဆင်းမည့်ကာလ၌ ဘုရားသခင်သည်ကောင်းကင်တမန်များကိုစေလွှတ်ပြီးနှစ်သိမ့်မှုနှင့်ကာကွယ်ခြင်းကို ပြုစေတော်မူပါလိမ့်မည်။

ဘုရားမဲ့အယူဝါဒပြုလုပ်ခြင်း၌ ကြောက်မက်ဖွယ်ရာကောင်းလှသူစာတန်၏ ထိုးနှက်တိုက်ခိုက်မှုများမှာ ကြောက်စရာဖြစ်သကဲ့သို့ သန္နိဋ္ဌာန်စိတ်တွင်လည်း ပြတ်သားခြင်းရှိပေ၏။ သို့ပင်ဖြစ်လင့်ကစား ဘုရားသခင်၏လူများတို့ကို ကိုယ်တော်သည်အမြင့်စွမ်း၊ အကြားစွမ်း သတ္တိများအားဖြင့် စောင့်ကြပ်ထားလေသည်။ သူတို့၏ဆင်းရဲခြင်းဝေဒနာကား ကြီးမားကာ မီးဖိုထဲကမီးတောက်များလောင်ကျွမ်းလျက်ဝါးမျိုပစ်တော့မည့်သဘောဆောင်နေပါသော်လည်း ဘုရားသခင်၏သားတော်သည် မီးစားပြီးဖြစ်သည့်ရွှေစင်အဖြစ် သူတို့အား ထုတ်ယူပေးပါလိမ့်မည် အဆိုးရွားဆုံးသောစမ်းသတ်စစ်ဆေးမှုကို ခံရသည့်ကာလ၌ ဘုရားသခင်၏ချစ်ခြင်းသည် သူ၏သားသမီးအပါင်းတို့အဖို့ကြီးမားဆဲနှင့် နူးညံ့ဆဲဖြစ်နေသည်မှာ ကြွယ်ဝချမ်းသာမှုဖြင့်အတောက်ပဆုံးခေတ်ကာလများတွင် ရှိခဲ့သည့်အတိုင်းပင်ဖြစ်ပါသည်။ သို့သော် သူတို့ကို မီးပြင်းလှပါသောမီးဖိုကြီးထဲ၌ထည့်၍ အစမ်းသပ်ခံစေရန်လိုအပ်သည်မှာ လောကရေးဆန်သည့်အရာများ သူတို့ထံမှဖယ်ရှားတောက်လောင်သွားကာ ခရစ်တော်သခင်၏ပုံရိပ်သည် သူတို့၌ပြည့်ဝစုံလင်စွာဖြင့် လုံးလုံးလျားလျား ထင်ဟပ်လာနိုင်စေရမည်ဖြစ်ပါသည်။

ပြင်းထန်ကြီးမားသော နာကျင်မှုများနှင့် စိတ်ဆင်းရဲခံစားနေရသည့်အချိန်ကာလသည် ရှေ့လျှောက်တွေ့ကြုံရင်ဆိုင်ရသည့်အခါ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြန့်ကြာဖင့်နွဲခြင်းနှင့်ဆာလောင်မွတ်သိပ်ခြင်းတို့ကို ဖွဲ့ရှိရှိဖြင့်သည်းခံနိုင်မှုရှိသောယုံကြည်ခြင်း အဘယ်မျှပြင်းထန်သည့်စမ်းသပ်မှုကိုဖြစ်စေ မတုန်လှုပ်သည့်ယုံကြည်ခြင်းမျိုး ဖြစ်ရပါမည်။ ကရုဏာတံခါးဖွင့်ထားချိန်ကာလသည် အားလုံးအဖို့ပြင်ဆင်မှုဖြင့် ဆင်းရဲခြင်းကပ်ကာလကို ရင်ဆိုင်နိုင်ရေးအတွက်ဖြစ်ပါသည်။

ယာကုပ်အနိုင်ရခဲ့သည်မှာ သူသည် စွဲစွဲမြဲမြဲရှိခြင်းနှင့်ဆုံးဖြတ်ချက်ချထားသော်စိတ်ရှိခြင်းကြောင့်ဖြစ်ပါ၏။ သူ၏အောင်ပွဲသည် အထပ်ထပ်အခါခါသော၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်သော ဆုတောင်းခြင်းစွမ်းပကား၏ အထောက်အထားတစ်ရပ်ဖြစ်ပေသည်။ ယာကုပ်ပြုမူသကဲ့သို့ပင် ဘုရားသခင်၏ကတိတော်များကို မလွတ်တမ်းကိုင်စွဲထားသူအပေါင်းသည် သူ့လိုပင်ဖွဲနှင့်စိတ်အားထက်သန်ခြင်းကို ပြသနိုင်ခဲ့သော် သူကဲ့သို့ပင် အောင်မြင်ပါလိမ့်မည်။ ကိုယ်အလိုကို ငြင်းပယ်ရန် စိတ်မပါဘဲရှိကာ ဘုရားသခင်ရှေ့တော်မှောက်၌နာကြည်းခြင်းဝေဒနာကို ပြသရန်မလိုလား၊ ကိုယ်တော်၏ကောင်းချီးအတွက် ရှည်လျားပြီး စိတ်အားထက်သန်မှုဖြင့် ဆုတောင်းလိုစိတ်မရှိခဲ့သော် ထိုအရာကိုရနိုင်မည်မဟုတ်ပေ။

ဘုရားသခင်နှင့်လုံးထွေးခြင်းဆိုသည်ကို သိနားလည်သူသည် နည်းပါးလှပါစွတကား။ သူတို့၏ရုပ်ပိုင်းဝိညာဉ်တို့အား ဘုရားသခင်၏နောက်သို့ပြင်းပြသည့်စိတ်အလိုအားဖြင့် ရှိသမျှသောလုံ့လကို စိုက်ထုတ်လျက် လိုက်လျှောက်ကျင့်ကြံခဲ့သူတို့မှာ နည်းလှချေ၏။ အဘယ်ဘာသာစကားဖြင့်မျှ ထုတ်ဖော်တင်ပြ၍မရနိုင်သည့်စိတ်ပျက်

အားငယ်ခြင်းလှိုင်းလုံးကြီးများသည် နှိမ့်ချစွာဖြင့်တောင်းလျှောက်သူ အပေါ် ကျော်လွှားဖြတ်သန်းသွားစဉ်တွင် မိမိတို့၏အနိုင်မခံအရှုံးမပေး လိုစိတ်ဖြင့် ဘုရားသခင်၏ကတိစကားတော်များ၌ ယုံကြည်ခြင်းကို ဆုပ်ကိုင်တွယ်ကပ်ထားသူ နည်းပါးလှပေ၏တကား။

လျော့နည်းသောယုံကြည်ခြင်းဖြင့် ယခုကာလ ပြုမူကျင့်သုံးသော သူအပေါင်းတို့သည် စာတန်နှင့်စပ်လျဉ်းသည့် ဘုရားမဲ့အယူဝါဒပြုလုပ် ခြင်းဆိုင်ရာ လွှမ်းမိုးမှုအောက်ကျရောက်မည့် အကြီးဆုံးသောဘေးရန် ရှိနေလျက် အသိစိတ်တရားကို အတင်းအကြပ်ပြုခံရမည့် အနေအထား တွင်ရှိပါသည်။ စမ်းသပ်မှုကို သူတို့သည်ဇွဲဖြင့်ခံနိုင်သည်ပင်ဖြစ်စေ၊ သူတို့၌ပြင်းထန်သောနာကျင်မှုဝေဒနာနှင့် စိတ်၏ဆင်းရဲခြင်းကပ် ကာလ၌ပိုမိုနက်ရှိုင်းအောင် ပစ်ချခံရကြလိမ့်မည်။ အကြောင်းမူကား သူတို့တွင် ဘုရားသခင်ကိုယုံကြည်စိတ်ချ၍ ဆက်ကပ်ခြင်းအလေ့ အကျင့်ကို ဘယ်သောအခါကမှမပြုကျင့်ခဲ့သောကြောင့်ပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းဆိုင်ရာသင်ခန်းစာများကို သူတို့တတွေလျစ်လျူရှုထား ခဲ့သောကြောင့် ကြောက်မက်ဖွယ်ကောင်းသော စိတ်ပျက်အားလျော့ ခြင်း၏ဖိအားပေးချိန်မျိုးမှာ သူတို့သည်မသင်မနေရဖြစ်အောင် အကျပ် အတည်းအောက်မှာ သင်ခန်းစာယူရကြလိမ့်မည်ဖြစ်ပါသည်။

ကိုယ်တော်၏ကတိတော်များသည် စစ်မှန်ကြောင်း၊ တိကျမှု ရှိကြောင်းကို ကျွန်ုပ်တို့ကပြသကာ ယခုအချိန်တွင် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကျွမ်းဝင်အောင် ဆောင်ရွက်သင့်ကြပေ၏။ ကောင်းကင် တမန်များသည်လည်း စိတ်အားထက်သန်ပြီး လှိုက်လှဲသောဆုတောင်း ပြုချက်တိုင်းကိုမှတ်တမ်းတင်နေကြပါသည်။ ဘုရားသခင်နှင့် ဆက်သွယ်ပေါင်းသင်းခြင်းကိုသာ အလေးထား၍ ကျွန်ုပ်တို့သည်

မိမိကိုယ်မိမိကျေနပ်ဖြင့် တစ်ကိုယ်ကောင်းဆန်နေခြင်းကို စွန့်လွှတ်အပ်ပါသည်။ အဆင်းရဲအမွဲတေဆုံးအဖြစ် ကိုယ့်အလိုသို့မလိုက်ရန် အကြီးဆုံးငြင်းပယ်မှုကို ကိုယ်တော်၏သဘောတူခွင့်ပြုချက်အရ ပြုခြင်းသည် ထိုအချက်မပါဘဲ ချမ်းသာကြွယ်ဝခြင်းများ၊ ဂုဏ်အသရေများ၊ ပေါ့ပေါ့နေပေါ့ပေါ့သွားခြင်းနှင့် မိတ်ဆွေသင်္ဂဟဖွဲ့ခြင်းတို့ထက်သာလွန်ကောင်းမွန်ပါ၏။ ကျွန်ုပ်တို့သည် ဆုတောင်းရန်အတွက် အချိန်ပေးရပါမည်။ လောကရေးရာစိတ်ဝင်စားမှုများ၌သာ ကျွန်ုပ်တို့၏စိတ်များကိုနစ်မွန်းမှုခံနေကြပါလျှင် ကျွန်ုပ်တိုပထံပါးရှိနေသောရွှေ၊ အိမ်ရာ (သို့မဟုတ်) ဩဇာကြွယ်ဝသောခြံ၊ မြေ၊ လယ်ယာတည်းဟူသော ကိုးကွယ်ရာများကို ကျွန်ုပ်တို့ထံမှဖယ်ရှားခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား အချိန်ပေးကောင်းပေးပါလိမ့်မည်။

လူငယ်လူရွယ်ပိုင်းသည် ဘုရားသခင်၏ကောင်းချီးကို တောင်းခံနိုင်မည့်လမ်းကြောင်းကိုသာ လိုက်လျှောက်ကြလျက် အခြားလမ်းတစ်စုံတစ်ရာကိုလိုက်ရန် သူတို့ငြင်းပယ်ခဲ့မည်ဆိုပါက အပြစ်သွေးဆောင်ရာသို့ မရောက်သွားနိုင်တော့ပေ။ ကမ္ဘာလောကအတွက် နောက်ဆုံးသောလေးနက်သည့်သတင်းစကားကို သယ်ယူရမည့် ဆက်သားအပေါင်းတို့သည် ယာကုပ်ပြုခဲ့သကဲ့သို့စိတ်အားထက်သန်စွာ ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ကောင်းချီးပေးခြင်းကို တောင်းဆိုအပ်ပါ၏။ အေးတိအေးစက်၊ မရေမရာ၊ ပျင်းတွဲသည့်ဟန်ဖြင့် တောင်းလျှောက်၍မရပေရာ တက်ကြွမှုနှင့်ဆောင်ရွက်ခြင်းအားဖြင့် သူတို့သည် အာမခံချက်ရှိကြောင်းကို နေရာအများအပြားတွင်ပြောနိုင်မည့်အခွင့်ကား “ငါသည် ဘုရားသခင်ကို မျက်နှာချင်းဆိုင်၍ဖူးမြင်ရသော်လည်း အသက်ချမ်းသာပြီ။” ကမ္ဘာ ၃၂း၃၀။ သူတို့သည်

ကောင်းကင်ဘုံနှင့်ထိုက်တန်သူ ငယ်သားကောင်းများဖြစ်ကြလျက် ဘုရားသခင်နှင့်ရော လူအပေါင်းတို့နှင့်ပါယှဉ်ပြိုင်နိုင်သည့် အစွမ်းသတ္တိရှိနေကြပါမည်။

'ရှေးဖြစ်ပြီးသောအရာနှင့်လားလားမျှမတူသည့် ဆင်းရဲခြင်းကပ်ကာလ' သည် များမကြာမီ ကျွန်ုပ်တို့ထံကျရောက်ရန်ရှိပါသည်။ ထိုအခါ၌ကျွန်ုပ်တို့တွင် ယခုရှိမနေသည့်အတွေ့အကြုံတစ်ရပ်မလွဲတမ်းလိုလာမည်ဖြစ်ရာ ခေါင်းမာလျက်ရှိသူအပေါင်းသည် များပြားနေပေသည်။ တကယ်တမ်းဆင်းရဲမှုခံရသည်ထက် ကြိုမျှော်မှန်းထားသောဆင်းရဲခြင်းက အများအားဖြင့်ပို၍ကြီးမားလေ့ရှိသော်ငြားလည်း၊ ကျွန်ုပ်တို့ခံစားရကြမည့်ကပ်ကာလသည် ဤတစ်ကြိမ်တွင်မူမမှန်တော့ပါချေ။ အမှန်တွေ့ကြုံခံစားရမည့်အခက်အခဲကား အရှင်းလင်းဆုံးတင်ပြနိုင်ခြင်းငှာ မမီသာအောင်ထုထည်ပမာဏကြီးမားလှပေ၏။

စစ်ဆေးစီရင်ရာကာလတွင် လူတစ်ယောက်စီတိုင်းက ဘုရားသခင်၏ရှေ့တော်မှောက်မှာရပ်လျက် နာခံရလိမ့်မည်။ 'ထိုပြည်၌နောဧ၊ ဒံယေလနှင့်ယောဘတို့ရှိသော်လည်း ငါအသက်ရှင်သည်အတိုင်း ကိုယ့်သားသမီးကိုမကယ်မနုတ်၊ ကိုယ့်ဖြောင့်မတ်ခြင်းအားဖြင့် ကိုယ့်အသက်ဝိညာဉ်ကိုသာ ကယ်နုတ်ရကြလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။' ယေဇကျေလ ၁၄း၂၀။

ယခုအခါ ကျွန်ုပ်တို့၏မဟာယဇ်ပုရောဟိတ်မင်းက ကျွန်ုပ်တို့၏အပြစ်ပြေရာပြေကြောင်း လုပ်ဆောင်လျက်ရှိပေရာ ကျွန်ုပ်တို့သည်ခရစ်တော်သခင်၌ စုံလင်ခြင်းရှိသူအပေါင်းဖြစ်လာစေရန် ကြိုးပမ်းအားထုတ်သင့်ကြပါ၏။ ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူသခင်အပေါ်တွေးဆချက်တစ်ခုအားဖြင့်ပင် စုံစမ်းနှောင့်ယှက်ခြင်း၏စွမ်းပကားကိုအရှုံးပေးစေရမည်မဟုတ်ပါ။

စာတန်သည် သူခြေကုပ်တစ်ခုရရှိနိုင်မည့် အချက်အလက်တချို့ ကို လူ့နှလုံးသားများတွင်ရှာဖွေတွေ့ရှိကာ အပြစ်မကင်းသည့်အလို ဆန္ဒကိုရှင်သန်စေလျက် ထိုဆန္ဒအားဖြင့် သူ၏စုံစမ်းနှောင့်ယှက်ခြင်း များက စွမ်းပကားသက်ရောက်စေခြင်းဖြစ်ပါသည်။

သို့ပင်ဖြစ်ငြားသော်လည်း ခရစ်တော်သခင်သည် မိမိကိုယ်ကို ကြေညာသည်ကား 'ဤလောကကိုအစိုးရသောမင်းသည် လာဆဲ ဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။' ယောဟန် ၁၄း၃၀။ ဘုရားသခင်၏သားတော်၌ အဘယ်အခွင့်အရာ ကိုမျှ စာတန်သည်ရှာ၍မတွေ့နိုင်သလို၊ သူအောင်ပွဲရရှိစေနိုင်မည့် အခွင့်အလမ်းသည်လည်း မရှိပါချေ။ကိုယ်တော်သည် အဖခမည်းတော် ဘုရားသခင်၏ပညတ်တရားများကို စောင့်ထိန်းခဲ့သောကြောင့် စာတန်က အကျိုးရှိရှိအသုံးချနိုင်မည့်အပြစ်အနာအဆာအား ကိုယ်တော်၌ရှာဖွေ၍မရခဲ့ပေ။ ဤအခြေအနေသည် ဆင်းရဲခြင်း ကပ်ကာလကြီး၌ ရပ်တည်နေကြမည့်သူအပေါင်းတို့တွင် ရှိနေကြရ မည့်ဖြစ်ခြင်းလိုပြသပါ၏။

## အစဉ်အသင့်ဖြစ်နေရမည့်ကာလ

ဤဘဝအသက်တာတွင်း၌ ကျွန်ုပ်တို့သည် အပြစ်တည်းဟူသော မိုက်မဲခြင်းအား ခရစ်တော်၏အသွေးတော်အားဖြင့် ဖြေလွှတ်ပေးခြင်း၌ ယုံကြည်ခြင်းကို အမှီပြုလျက် ကျွန်ုပ်တို့ထံမှခွဲခြားဖယ်ရှားရမည်ဖြစ် ပါသည်။ ကျွန်ုပ်တို့၏တန်ဖိုးကြီးမားသော ကယ်တင်သခင်ဖိတ်ခေါ် သည်မှာ ကျွန်ုပ်တို့က ကိုယ်တော်ထံ ကိုယ်တိုင်ဆက်သွယ်ရန်

ကျွန်ုပ်တို့၏အားနည်းချက်ကို ကိုယ်တော်၏အစွမ်းသတ္တိနှင့်ပူးပေါင်းရန် ကျွန်ုပ်တို့၏မသိနားမလည်မှု ဉာဏ်ပညာကင်းမဲ့ခြင်းကို ကိုယ်တော်၏ဉာဏ်ပညာရှိခြင်း၊ ကျွန်ုပ်တို့၏မထိုက်မတန်ခြင်းကို ကိုယ်တော်၏ချီးမွမ်းအပ်သောအရည်အသွေးများ၌ ပူးပေါင်းရန်တို့ ဖြစ်ပါသည်။ ဘုရားသခင်သည် လူအပေါင်းတို့အပေါ်၌ဖြစ်စေ၊ သူဖန်ဆင်းထားသမျှအရာများ၌ဖြစ်စေ ဂရုစိုက်စောင့်ရှောက်တတ်သည်ဖြစ်ပေရာ ဘုရားသခင်၏ကျောင်းတော်၌ အကျွန်ုပ်တို့ သင်ယူရန်မှာ ယေရှု၏စိတ်နှူးညံ့သိမ်မွေ့ခြင်းနှင့် မကြွားဝါဘဲ နှိမ့်ချတတ်ခြင်းပင်ဖြစ်ပါ၏။ ဘုရားသခင်ကိုယ်တော်သည် အကျွန်ုပ်တို့အဖို့ အလွယ်တကူဖြစ်ပြီး နှစ်သက်ဖွယ်ရာသောလမ်းကို အမြဲတစေခင်းပေးသည်မဟုတ်ဘဲ ဘဝအသက်တာ၏ရည်မှန်းချက် အစစ်အမှန်များကို သိစေခြင်းပင်ဖြစ်လေသည်။ ဘုရားသခင်အလိုတော်ရှိသည့် ပုံစံနှင့်အညီ ကျွန်ုပ်တို့၏အကျင့်စရိုက်များအား လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ရာတွင် ကောင်းကင်ဘုံက စေခိုင်းအသုံးပြုသည့် အစီအမံများကိုပူးပေါင်းလုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့အပေါ်မူတည်ပါ၏။ အဘယ်သူတို့ကမျှ ဤလုပ်ငန်းကို သူတို့၏စိတ်စေတသိက်တို့အား ကြောက်ဖွယ်အကောင်းဆုံးဘေးရန် အရောက်ခံခြင်းမှတစ်ပါး လျစ်လျူရှုခြင်းဖြစ်စေ၊ နောက်သို့ဆိုင်းငံ့ခြင်းကိုဖြစ်စေ မပြုနိုင်ကြပါချေ။

ယောဟန်သည် မြင်ခြင်းအာရုံ (vision) စွမ်းပကားရရှိနေခိုက် ကောင်းကင်ဘုံမှအောင်မြင်သည့်အသံဖြင့် ရတ်တရက်ဟစ်ကြွေးသံကို သူကြားခဲ့ရသည်ကား 'မြေကြီးနှင့်ပင်လယ်သည် ကျိန်ခြင်းရှိ၏။ အကြောင်းမူကား စာတန်သည် မိမိကာလတစ်ခဏသာ ရှိသည်ကို သိ၍ ပြင်းစွာသောဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီ။'

ကောင်းကင်ဘုံ၏ ဤကြွေးကြော်သံအားဖြင့် တွေ့ရသည့်မြင်ကွင်းတို့ကား ကြောက်မက်ဖွယ်ရာအတိဖြစ်လေသည်။ အချိန်တိုတောင်းလာသည်နှင့်အမျှ စာတန်၏ပြင်းစွာသောဒေါသအမျက်သည် ပွားများလာလျက် သူ၏လှည့်စားမှုလုပ်ရပ်နှင့်အဖျက်အဆီးသည် ဆင်းရဲခြင်းကပ်ကာလကြီး၌ အထွတ်အထိပ်သို့ရောက်ပါလိမ့်မည်။

သဘာဝလွန်စရိုက်လက္ခဏာတစ်ရပ်ကို များမကြာမီကာလမှာ ကောင်းကင်နေရာအနှံ့ ဖွင့်လှစ်ပြသလိမ့်မည်ဖြစ်ရာ အံ့မခန်းဖြစ်ဖွယ်အချင်းအရာတို့ကိုဖန်တီးကြသော နတ်ဆိုးများ၏စွမ်းပကားအမှတ်လက္ခဏာကို ပြသသောအားဖြင့် ကြောက်လန့်ဖွယ်ရမြင်ကွင်းများကို တွေ့ရကြပါမည်။ နတ်ဆိုးအပေါင်းတို့၏ဝိညာဉ်များသည်လည်း ကမ္ဘာလောကရှိ ဘုရင်မင်းအပေါင်းတို့ထံနှင့် တစ်ကမ္ဘာလုံးအနှံ့ကူးလူးကာ လှည့်စားမှုဖြင့် ထိုသူအပေါင်းတို့အား ထိန်းချုပ်ထားရန်နှင့် ကောင်းကင်ဘုံ၏အစိုးပိုင်ခြင်းအခွင့်ကို နောက်ဆုံးအနေနှင့်ရန်းကန်ခုခံသူစာတန်နှင့် ပူးပေါင်းကြစေရန် နှိုးဆော်တိုက်တွန်းကြလိမ့်မည်ဖြစ်ပါသည်။

ဤပြုမူချက်အားဖြင့် အုပ်စိုးသူများရော အုပ်စိုးခံရသူများသည် တပြေးညီလှည့်စားမှုကိုခံရကြလိမ့်မည်။ ခရစ်တော်သခင်ကိုယ်တိုင်ဖြစ်ပါသည်ဟူ၍ ဟန်ဆောင်သူများပေါ်ပေါက်လာကြပြီးလျှင် ဘုရားသခင်၏နာမတော်နှင့် ကိုးကွယ်ခံထိုက်ခြင်းကို ပိုင်ဆိုင်သူရွေးနတ်သခင်အား ဘေးဖယ်ထားကာ တောင်းဆိုလာကြပါလိမ့်မည်။ သူတို့သည် ထူးဆန်းသောအံ့ဩဖွယ်ရာ အပြုအမူများအားဖြင့် အနာရောဂါပျောက်ကင်းစေခြင်းကို ပြုလုပ်ပြသကြပြီးနောက် ကျမ်းစာလာချက်များနှင့်ဆန့်ကျင်ဖီလာဖြစ်သော ထင်ရှားပြသမှုများကို ကောင်းကင်ဘုံမှခံယူရရှိသယောင် လိမ်ညာကြပါလိမ့်မည်။

## စာတန်၏စိုးမိုးတတ်သည့်လှည့်စားမှု

လှည့်စားမှုတည်းဟူသော မဟာပြဇာတ်ကြီး၌သရုပ်ဆောင်းပေးသည့်အခန်းအဖြစ် စာတန်ကိုယ်တိုင်သည် ခရစ်တော်ဖြစ်ဟန်အယောင်ဆောင်လိမ့်မည်။ အသင်းတော်သည် ကာလရှည်ကြာစွာသော ကြေညာမှုဖြင့် ကယတင်သခင်၏ကြွရောက်လာခြင်းကိုခံယူရာ၌ ၎င်း၏မျှော်လင့်ခြင်းများ ပြီးပြည့်စုံခြင်းဖြစ်ကြောင်း တင်ပြထားခဲ့ပါသည်။ ယခုတွင်မူ မဟာလှည့်စားမှုပိုင်ရှင်က ခရစ်တော်သခင်ရောက်လာခဲ့ပြီဖြစ်သယောင် အသွင်ဆောင်ပါလိမ့်မည်။ ကမ္ဘာ့မြေနေရာအနှံ့အပြား၌စာတန်သည် လူတို့အကြားစုးရှလှသည့်တောက်ပြောင်မှုဖြင့် သားသားနားနား ဝတ်စားဆင်ယင်လျက် ရှင်ဘုရင်တစ်ပါးဟန်ပန်ဖြင့် ဘုရားသခင်၏သားတော်အသွင်ပြင်အတိုင်း ယောဟန်တင်ပြထားသည့် ဗျာဒိတ်ကျမ်းပါကဲ့သို့ပင်တည်း။ ဗျာ ၁း၁၃–၁၅။ သူ့ကိုဝိုင်းပတ်ထားသော ဂုဏ်ရောင်တောက်ပြောင်မှုသည် အသက်ရှင်နေသမျှလူအပေါင်းတို့၌ တစ်ကြိမ်တစ်ခါမျှပင် မမြင်ဘူးခဲ့သည့်အလျောက် အဘယ်အရာနှင့်မျှ တုနှိုင်းမမီဖြစ်နေပေ၏။ အောင်မြင်ခြင်းကို ဂုဏ်ပြုသည့်ဟစ်ကြွေးသံသည် လေထဲ၌ပျံ့လွင့်နေသည်ကား 'ခရစ်တော်ကြွလာချေပြီ၊ ခရစ်တော်ကြွလာချေပြီ' ဟူ၍ဖြစ်ပါသည်။

လူအပေါင်းတို့သည် သူ့ရှေ့မှောကက်မှာပျပ်ဝပ်လျက်၊ ရိုသေခြင်းဖြင့်ရှိနေကြလျက် သူကလက်နှစ်ဖက်ကိုမြှောက်တင်ကာ သူတို့အပေါ်ကောင်းချီးပေးပုံမှာ ခရစ်တော်သခင် ဤကမ္ဘာမြေပေါ်မှာရှိခဲ့စဉ်က တပည့်တော်များကို ကောင်းချီးပေးခဲ့ခြင်းမျိုးပင်တည်း။ သူ့အသံမှာ ပျော့ပျောင်းတိုးညင်း၍ သိမ်မွေ့သော်လည်း သာယာမှုပြည့်ဝသော

အသံဖြစ်၏။ နူးညံ့သိမ်မွေ့ကာ ချစ်သနားစုံမက်သည့်အသံနေ အသံထားအားဖြင့် သူက ဟိုစဉ်တစ်ခါက ကယ်တင်သခင်ပြောကြား ပုံမျိုးဖြင့် ကျက်သရေရှိလျက် မြင့်မြတ်သောအမှန်တရားတချို့ကို တင်ပြပါသည်။ သူသည် လူတို့၌စွဲကပ်နေသည့်ရောဂါဝေဒနာများမှ သက်သာပျောက်ကင်းစေ၏။ ထိုနောက် သူသည် ခရစ်တော်၏စရိုက် လက္ခဏာရှိထားပုံမျိုးဖြင့် ဥပုသ်တော်နေ့ကို ပထမနေ့သို့ပြောင်းလဲ သတ်မှတ်ကြောင်းနှင့် လူအပေါင်းက သူကောင်းချီးပေးသည့်ထိုနေ့ရက် ကို ရိုသေလေးမြတ်မှုရှိကြရန် အမိန့်ပေးပါသည်။ သူက ဆက်၍ပြော သည်ကား ထိုနေ့ကိုမစောင့်ထိန်းဘဲ ယခင်အတိုင်းပင် သန့်ရှင်းရာ သတ္တမနေ့ကိုသာလျှင် ဆက်လက်၍လက်ခံကြသူအပေါင်းသည် သူတို့ထံသို့ စေလွှတ်လိုက်သောအလင်းတရားနှင့် အမှန်တရားပြည့်ဝ သည့် သူ၏တမန်တော်များစကားကို နားမထောင်ခြင်းအားဖြင့် နာမတော်ကိုစော်ကားမော်ကား၊ မလေးမစားပြုမူနေခြင်းဖြစ်ကြောင်း ပြောပါသည်။ ဤအချက်သည် ပြင်းထန်ပြီး လွှမ်းမိုးမှုအရှိဆုံးဖြစ်သော ဘုရားမဲ့အယူဝါဒပြုပြင်ခြင်းအားဖြင့် အယူတိမ်းစောင်းလွဲမှားစေချက် ပေတည်း။ ရှိမုန်မာဂုဆအမည်ရှိသောသူတစ်ယောက်သည် ရှမာရိ အမျိုးသားအပေါင်းကို လှည့်စားသည့်အခါကဲ့သို့ပင် နတ်ဝိဇ္ဇာအတတ် နှင့်ပြုလုပ်၍ အကြီးဆုံးသောသူမှသည် အငယ်ဆုံးသောသူတို့တိုင်အောင် ၎င်းတို့ကလည်း "ဤသူသည် ဘုရားသခင်၏မဟာတန်ခိုးတော် ဖြစ်သည်" ဟု ဆိုလျက် ဆည်းကပ်ကြ၏။ တမန်တော် ၈း၁၀။

သို့ရာတွင် ဘုရားသခင်၏လူအပေါင်းတို့သည် လမ်းလွှဲသို့ ဆွဲခေါ်ခံရမှုကို ခံရလိမ့်မည်မဟုတ်ပါ။ ဤမမှန်ကန်သော ခရစ်တော် အသွင်ယူထားသူ၏သွန်သင်ချက်များမှာ ကျမ်းစာလာအချက်တို့နှင့်

ကိုက်ညီသည်မဟုတ်။ သူ၏ကောင်းချီးပေးမှုသည် သားရဲနှင့်သားရဲ၏ ရုပ်တုကို ကိုးကွယ်ဆည်းကပ်သူများအပေါ်သာလျှင် ဖြစ်ပေရာ ထိုသူအပေါင်းမှာ ဘုရားသခင်၏ဒေါသဖလား၌ လောင်းသောအမျက် တော်စပျစ်ရည်စစ်စစ်ဖြင့် သွန်းလောင်းချမှုကို ခံရကြမည်ဖြစ်ပါသည်။

ထို့ပြင်မက နောက်ထပ်ကျန်သေးသည်ကား စာတန်တွင် အတုအယောင်ဖန်တီးလျက် သခင်ခရစ်တော်၏ကြွဆင်းလာတော်မူ ခြင်းအား ပြုလုပ်နိုင်သည့်အခွင့်ကို မရရှိခြင်းပင်။ ကယ်တင်သခင် သည် သူ၏လူအပါင်းအား ဤအချက်နှင့်စပ်လျဉ်းသည့် လှည့်စား မှုကို ကြိုတင်သတိပေးရင်း ကိုယ်တော်၏ဒုတိယအကြိမ်ကြွဆင်းလာပုံ ကြွလာနည်းကို တင်ကူးမိန့်ကြားထားခဲ့ပြီးဖြစ်ပါသည်။ 'အကြောင်း မူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် ပုရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြား လောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောမှုတို့ကို ပြကြလိမ့်မည်။––– ထိုကြောင့် သူတို့က ခရစ်တော်သည် တော၌ ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြနှင့်။ တိုက်ခန်း၌ရှိသည်ဟု ဆိုသော်လည်း မယုံကြနှင့်။ လျှပ်စစ်သည်အရှေ့မှပြက်၍ အနောက် တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားသည် ကြွလာတော်မူလတ္တံ့။ မဿဲ ၂၄း၂၄–၂၇၊၃၁။ ၂၅း၃၁။ ဗျာ ၁း၇။ ၁သက် ၄း၁၆၊၁၇။ ဤကြွဆင်းလာတော်မူခြင်း၌ အတုအယောင်ပြုနိုင်ဖွယ်ရာမရှိပါချေ။ ထိုအချင်းအရာအား အာကာသကမ္ဘာတစ်ခွင်အနှံ့သိရှိကြလျက် တစ်ကမ္ဘာလုံးခြုံ၍ သက်သေထင်ရှားမြင်တွေ့ရကြလိမ့်မည် ဖြစ်ပေ တော့သည်။

## ဆင်းရဲခြင်းပေးသည့်အချိန်ထဲတွင်

ကျမ်းစာလာတရားတော်မြတ်အရ ကြိုးကုပ်အားထုတ်ကာ ဆည်းပူးသူများနှင့် အမှန်တရားကိုချစ်မြတ်နိုး၍ လက်ခံကျင့်သုံး သက်ရှင်သူများသာလျှင် ဤကမ္ဘာလောကကြီး၌ သားကောင်အဖြစ် ကျရောက်စေသော စွမ်းပကားမြင့်မားသည့် ဘုရားမဲ့အယူဝါဒမှ ကာကွယ်ပေးခြင်းခံရကြလိမ့်မည်ဖြစ်သည်။ ကျမ်းစာတော်မြတ်၏ သက်သေခံချက်အားဖြင့် ဤသူတို့သည် ရုပ်ဖျက်ထားသော လှည့်စား သူကို တွေ့ရှိဖော်ထုတ်လိမ့်မည်ဖြစ်ပါ၏။ စမ်းသပ်စစ်ကြောသည့် အချိန်သည် အားလုံးသောသူအပေါင်းတို့ထဲ ရောက်ရှိလာပါလိမ့်မည် ဖြားယောင်းသွေးဆောင်မှုအားဖြင့်စစ်ချလျက် စစ်မှန်ရိုးသားသူ ဘုရား သခင်၏သားစစ်သမီးမှန်တို့သာလျှင် ဆန်ကာတင်ကျန်ခဲ့ပါမည်။ မိမိခံစားရသော အာရုံငါးပါး၏ပြဋ္ဌန်ချက်သို့ ကိုယ်အလိုကိုမလိုက် မပါစေဘဲ ဘုရားသခင်နှုတ်တော်ထွက်စကားအား အမှီပြုလျက် ဘုရားသခင်၏လူအပေါင်းတို့သည် ခိုင်မြဲစွာဖြင့် ယခုအခါ ရပ်တည်နိုင် ပြီလော။ သူတို့သည် ထိုကဲ့သို့သော အကျပ်အတည်းကာလ၌ ကျမ်းစာတော်မှတစ်ပါးအခြားမရှိ၊ ကျမ်းစာတော်သည်သာလျှင် ဖက်တွယ်ရာဟူ၍ ခံယူထားနိုင်ကြမည်လော။

ဖြစ်နိုင်ခဲ့သော် စာတန်သည် ထိုကာလတွင် ရပ်တည်နိုင်စွမ်း ရှိစေမည့် အသင့်ဖြစ်ခြင်းအနေအထားတစ်ရပ်ကို သူတို့တွင် မရသာ အောင် တားဆီးပါလိမ့်မည်။ သူက ထိုသူအပေါင်း၏လမ်းကြောင်းကို စည်းရိုးခတ်သကဲ့သို့ဖြစ်နိုင်စေမည့် အရေးအရာများကို မလွဲတမ်း အကွက်ချ စီမံလိမ့်မည်ဖြစ်၏။ သူက လောကရေးရာဥစ္စာပစ္စည်းများ

အားဖြင့် တွယ်ငြိစေမှုကိုဖြစ်စေ၊ လေးလံ၍ပင်ပန်းလှစေသောဝန်ထုပ်ကို မနိုင်မနင်းထမ်းစေမှုဖြစ်စေ စီမံဖန်တီးလျက် ထိုသူတို့၏စိတ်နှလုံးများ၌ ဘဝအတွက် ရန်းကန်စီမံရမှုများအားဖြင့် အလုပ်ရှုပ်ဝန်ပိနေစေကာ စမ်းသပ်စစ်ကြောသည့်နေ့ရက်သည် သူတို့အပေါ် သူခိုးကဲ့သို့ မမျှော်လင့်ချိန်မှာ ကျရောက်လာစေပါလိမ့်မည်။

ခရစ်ယာန်လောကရှိ အုပ်စိုးသူအမျိုးမျိုးအနေနှင့် ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းသူတို့အပေါ် အမိန့်ထုတ်ပြန်ခြင်းအားဖြင့် အစိုးရ၏အကာအကွယ်စောင့်ရှောက်ခြင်းကို ပြန်ရုပ်သိမ်းမှုနှင့် သူတို့၏ပျက်စီးမှုကို လိုလားသူအပေါင်းထံ စွန့်ပေးထားသကဲ့သို့ ရှိလာလေရာ ဘုရားသခင်၌ခိုကိုးစားသူတို့သည် မြို့များနှင့်ကျေးရွာများကို စွန့်ပစ်ကြကာ လုပ်ဖော်ကိုင်ဖက်ဘဝ လူစုအပေါင်းအသင်းဖွဲ့ကာ အလွန်ဝေးလံသီခေါင် အထီးကျန်ဆန်သော တောတောင်နေရာများတွင် အခြေပြုနေထိုင်ကြပေလိမ့်မည်။ အများအပြားသောသူတို့သည် တောင်တန်းများရှိအခိုင်အမာနေရာတို့၌ ခိုလှုံနေထိုင်ကြလိမ့်မည်။ (USA) ပိုက်ဒမွန့်တောင်ကြားမြေပြန့်များရှိ ခရစ်ယာန်များနည်းတူ ထိုသူတို့သည် မြေကြီးပေါ်၌ မြင့်မားရာနေရာများကို သူတို့ခိုကိုးရာအရပ်များဟူ၍ ထားရှိလျက် ထာဝရဘုရားသခင်အပေါ် "ခိုင်ခံ့သောကျောက်မြို့၌ ခိုလှုံရခြင်းအတွက် ကျေးဇူးတော်ကိုချီးမွမ်းကြပါလိမ့်မည်။" ဟေရှာယ ၃၃း၁၆။

သို့သော်လည်း လူမျိုးအပေါင်းနှင့် လူတန်းစားအသီးသီး၌ ဂုဏ်သိက္ခာမြင့်မားသူ၊ နိမ့်ကျသူ၊ ဆင်းရဲသူနှင့်ချမ်းသာသူ၊ အသားဖြူသူနှင့်အသားမည်းသူ အလွှာအလုံးစုံသည် တရားမျှတခြင်းအကင်းမဲ့ဆုံးနှင့်အရက်စက်အကြမ်းတမ်းဆုံးဖြစ်သည့် ချုပ်ကိုင်မှုအောက်သို့ကျရောက်ရကြလိမ့်မည် ထာဝရဘုရားသခင်ချစ်တော်မူသောသူအပေါင်းတို့သည်

ပင်ပန်းနွမ်းနယ်သည့်နေ့ရက်များအတွင်း သံကြိုးချည်နှောင်ခံရလျက် အကျဉ်းချထားခြင်းခံရကာ သေဒဏ်ချမှတ်မှုကို စောင့်စားလျက် တချို့အငတ်ဘေးဒဏ်ဖြင့် သေဆုံးချေက သေဆုံးပါစေဟူ၍ပစ်ပယ်ထားကာ မှောင်မိုက်၍မနှစ်မြို့ဖွယ်ရာဖြစ်သည့် အမှောင်လွှမ်းသော မြေအောက်အခန်းငယ်များတွင် စွန့်ပစ်ထားခြင်းကို ခံစားရကြပေသည်။

သူတို့၏နာကျင်မှုဝေဒနာဖြင့် ညည်းတွားနေခြင်းများကို ကြားသိနိုင်သည့်နားများမရှိကြသလို လိုလိုချင်ချင်ဖြင့် ကူညီပေးမည့်လက်များလည်း ပျောက်ကွယ်လျက်ရှိနေပေသည်။

ဘုရားသခင်သည် သူ၏လူအပေါင်းအား ဤဆင်းရဲခြင်းရောက်ချိန်ကာလအတွင်း မေ့ပျောက်ထားလိမ့်မည်လော။ ရေလွှမ်းမိုးခြင်းကာလ၏ရှေးပိုင်းခေတ်ဟောင်းကမ္ဘာသို့ တရားစီရင်မှုများ ကျရောက်စေသည့်အခါ ယုံကြည်ခြင်းပြည့်ဝသောနောဧကို ကိုယ်တော်သည် မေ့လျော့ထားခဲ့ပါသလော။ မိုးကောင်းကင်မှမီးများကျရောက်စေလျက် လွင်ပြင်ရှိမြို့ကြီးများအား သုတ်သင်ရှင်းလင်းစဉ်အခိုက် လောတအားကိုယ်တော်သည် မေ့ပျောက်ထားခဲ့ပါသလော။ အီဂျစ်ပြည်၌ရှိစဉ်မှာ နတ်ဘုရားရုပ်တုကိုးကွယ်သူများက ယောသပ်ကိုဝိုင်းဝန်းထားစဉ် မေ့ပျောက်ခဲ့ပါသလော။ ယေဇဗေလသည် ဗာလပုရောဖက်များ၏ ကြမ္မာဆိုးအတွက် ဧလိယအပေါ်နာကြည်းမှုဖြင့် ကတိသစ္စာပြုချက်အရ ခြိမ်းခြောက်ခဲ့စဉ် ကိုယ်တော်သည်ဧလိယကို မေ့လျော့ထားခဲ့ပါသလော။ စိတ်ပျက်ဖွယ်ရာသောတွင်းနက်အကျဉ်းခန်း၌ ယေရမိသည် မှောင်နက်မည်းမည်းနေခဲ့ရစဉ် ဘုရားသခင်သည် သူ့အား မေ့ထားခဲ့ပါသလော။ မီးအလွန်ပြင်းလှသည့် ဖိုကြီးထဲသို့ဝင်ခဲ့ရသူ ထိုက်ထိုက်တန်တန်ကြီးရှိခဲ့သော ဟေဗြဲလူသုံးဦးတို့အား ကိုယ်တော်

သည်မေ့ခဲ့ပါသလော။ (သို့တည်းမဟုတ်) သားရဲတွင်တွင်းထဲ အချခံရသူ ဒံယေလ၌ရော မည်သို့ပါနည်း။

"ဖိအုန်ကလည်း ထာဝရဘုရားသခင်သည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားသခင်သည် ငါ့ကိုမေ့လျော့တော်မူပြီဟု ဆိုလေသော် မိန်းမသည် မိမိဖွားသောသားကို မသနားသည်တိုင်အောင် မိမိနို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့။ ငါသည် ကိုယ်လက်ဝါး၌သင့်ကိုစာထိုးပြီ။ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာအစဉ်ရှိ၏။" ဟေရှာယ ၄၉း၁၄–၁၆။ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်မိန့်တော်မူသည်ကား "သင်တို့ကိုထိသောသူသည် မျက်ဆန်ကိုထိသောသူဖြစ်၏။" ဇာခရိ ၂း၈။

ရန်သူများက ထိုသူအပေါင်းကို ထောင်သွင်းအကျဉ်းချနိုင်ကောင်းမည်ဖြစ်သော်လည်း သူတို့၏စိတ်စေတသိက်များနှင့် ခရစ်တော်သခင်အကြားဆက်သွယ်မှုအား အကျဉ်းခန်းနံရံများကြောင့် ပြတ်တောက်စေနိုင်သည်မဟုတ်ပေ။ ရန်သူ၏အားနည်းချက်တစ်ရပ်ချင်းစီတိုင်းအား မြင်တွေ့သူ စစ်ကြောစမ်းသပ်မှုတိုင်းနှင့် အကျွမ်းဝင်သူသည် လောကရေးရာအစွမ်းသတ္တိ အလုံးစုံ ပိုမို၍အဆင့်မြင့်ပါသည်။ ထိုအခါ ကောင်းကင်တမန်များသည် အထီးကျန်ဆန်သည့်အခန်းငယ်များရှိ ထိုသူတို့ထဲ ရောက်လာကြပါ၏။ ယူဆောင်လာကြသည်ကား မြင့်မြတ်ရာကောင်းကင်ဘုံမှ အလင်းတရားနှင့် အေးချမ်းငြိမ်သက်ခြင်းပေတည်း။ အကျဉ်းထောင်သည်ကား နန်းတော်တစ်ဆောင်ကဲ့သို့ရှိပေလိမ့်မည်။ အကြောင်းမူကား ယုံကြည်ခြင်း၌ကြွယ်ဝသောသူတို့နေထိုင်ရာဖြစ်၏။ မထင်မရှားဖြင့် မှောက်သောနံရံများမှာ ပေါလုနှင့်သိလတို့သည် ညသန်းခေါင်းယံအချိန်၌ ဖိလိပ္ပိ၏

မြေအောက်ခန်းငယ်များအတွင်း၌ ဆုတောင်းခြင်းများပြုကာ ကျေးဇူးတော်ချီးမွမ်းသော သီချင်းများသီဆိုစဉ် ကောင်းကင်ဘုံ၏ အလင်းများဖြင့် ထွန်းတောက်သကဲ့သို့ဖြစ်လိမ့်မည်။ ယုံကြည်ခြင်း အရာ၌စွဲမြဲကြကာ ထာဝရဘုရားသခင်ကို လုံးဝအားကိုးအားထား ပြုခဲ့ကြသူအပေါင်းတို့သည် အခက်အခဲကျရောက်သည့်အချိန်နာရီ များတွင် ကယ်နုတ်ခြင်းခံခဲ့ရကြသည်ကား နောဧ၊ လောတ၊ ယောသပ်၊ ဧလိယ၊ ယေရမိ၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါနှင့် ဒံယေလတည်းဟူသော ဗေလတရှာဇာတို့ဖြင့် သိသာထင်ရှားခဲ့ ပြီတည်း။

## သမိုင်းစဉ်တွင်အကောင်းဆုံးကြားဝင်မှု

ကိုယ်တော်၏လူမျိုးတို့အား ဖိနှိပ်သုတ်သင်ရန် ကြိုးပမ်းချက်ရှိ သော ထိုသူအပေါင်းတို့ကို ထာဝရဘုရားသခင်က တရားစီရင်ခြင်း များဖြင့် ဒဏ်ခတ်တော်မူပါလိမ့်မည်။ ဥပဒေချိုးဖေါက်ခြင်းတည်း ဟူသောအပြစ်အတွက် ကာလရှည်ကြာစွာ ဆိုးသွမ်းသူတို့သည် လက်ရဲဇက်ရဲရှိလာစေသော်လည်း သူတို့ကျခံရမည့်အပြစ်ဒဏ်မှာ ဆိုင်းငံ့မှုဖြင့် အချိန်လင့်ခဲ့ပြီဖြစ်ရာ သေချာပေါက်ပင်ကြောက်မက် ဖွယ်ဖြစ်ရပေသည်။ ‘ထာဝရဘုရားသခင်သည် အမှုတော်တည်း ဟူသော ထူးခြားသောအမှုတော်ကို ပြုခြင်းငှာလည်းကောင်း၊ အလုပ် တော်တည်းဟူသော လုပ်မြဲမဟုတ်သောအလုပ်တော်ကို လက်စသတ် ခြင်းငှာလည်းကောင်း ပေရဇိမ်တောင်ပေါ်မှာပြုသကဲ့သို့ ထတော်မူမည်။ ဂိဗေါင်ချိုင့်ထဲမှာရှိသကဲ့သို့ အမျက်ထွက်တော်မူမည်။’ ဟေရှာယ ၂၈း၂၁။ သနားစုံမက်ခြင်းကရုဏာတော်နှင့် ပြည့်စုံတော်မူသော

ထာဝရဘုရားသခင်အတွက်မူ ပြစ်ဒဏ်ချရသည့်အလုပ်တော်သည် ထူးခြားနေပါသည်။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။" ယေဇကျေလ ၃၃း၁၁။ 'ထာဝရဘုရားသခင် ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော--- အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော' ထာဝရဘုရားသခင်သည် စိတ်ရှည်တော်မူ၏။ တန်ခိုးလည်းကြီးတော်မူ၏။ သို့ရာတွင် အပြစ်တည်သောသူတို့ကို အပြစ်မှ လွှတ်တော်မမူ။' ထွက်မြောက်ရာ ၃၄း၆၊၇။ နာဟုံ ၁း၃။ ဖြောင့်မတ်ခြင်းတရားတွင် ကြောက်မက်ဖွယ်ရာများအားဖြင့် ကိုယ်တော်က အဖိနှိပ်နှင်းခြေခံထားရသည့် သူ၏ပညတ်တရားတော်၌ အခွင့်အာဏာသည် တည်ဆဲဖြစ်ကြောင်း သက်သေထူပါလိမ့်မည်။

ပညတ်တရားကိုချိုးဖောက်သူတို့က ကျခံသင့်၊ ကျခံထိုက်သော ပြစ်ဒဏ်၏ပြင်းထန်မှုအတိုင်းအဆအား တရားစီရင်မှုပြုရန် အလိုဆန္ဒမပါဝင်မှုဖြင့် ကိုယ်တော်သည် ဆုံးဖြတ်ကောင်းဆုံးဖြတ်ပါမည်။ ကြာရှည်လေးမြင့်စွာ သည်းခံတော်မူခဲ့ရသော ထိုလူမျိုး၊ အပြစ်ပေးချိန်မတန်သေးဘဲ အပြစ်တည်သောသူတို့ အတိုင်းအတာဆုံးခန်းပြည့်အောင် စောင့်ကြည့်ခံရသောကိုယ်တော်၏လူမျိုးအပေါ်သို့အချိန်တန်လျှင် စပျစ်ရည်စစ်စစ်ဖြစ်လေသည့် အမျက်ဒေါသဖလား၌ အသနားကြင်နာရောစပ်မှုမရှိ သောက်သုံးရကြပါလိမ့်မည်။

ခရစ်တော်သည် အထက်ကောင်းကင်ဘုံရှိ သန့်ရှင်းရာဌာနတော်၌ ကိုယ်တော်၏ကြားဝင်ဖျန်ဖြေမှုအား ရပ်ဆိုင်းသည့်အခါ သားရဲနှင့်

သားရဲ၏ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်ကိုလက်ခံသော် ဘုရားသခင်၏ဒေါသဖလား၌ သွန်းလောင်းသောအမျက်တော်စပျစ်ရည်ကိုသောက်ရပါလိမ့်မည် (ဗျာ ၁၄း၉၊၁၀)။ အစ္စရေး (ဣသရေလ) လူအပေါင်းတို့အား ကယ်နုတ်တော်မူချိန်၌ အီဂျစ်(အဲဂုတ္တု) ပြည်မှာ ဘုရားသခင်ကျရောက်စေခဲ့သည့် ဘေးဒဏ်ခုနစ်ပါးသည် ပိုမိုကြောက်မက်ဖွယ်ရာနှင့်ပိုမိုပြင်းထန်သည့် တရားစီရင်ချက်များ ဤကမ္ဘာမြေကြီးပေါ်သို့ကျရောက်စေလျက် ဘုရားသခင်၏လူတို့ကို အပြီးတိုင်နုတ်ဆောင်သည့်အချိန်တွင် လက္ခဏာများဆင်တူဖြစ်လိမ့်မည်။

ဖွင့်လှစ်ပြဆိုသူက ထိုကြောက်မက်ဖွယ်ရာ ဝေဒနာဆင်းရဲဒဏ်ခတ်ခြင်းများအား ဖော်ပြရာ၌ 'သားရဲ၏တံဆိပ်လက်မှတ်ကိုခံ၍ သူ၏ရုပ်တုကိုကိုးကွယ်သောလူတို့၌ အလွန်ဆိုးသောအနာစိမ်းပေါက်လေ၏။ ပင်လယ်သည် လူသေ၏အသွေးကဲ့သို့သော အသွေးဖြစ်၏။ ဤဆင်းရဲခြင်းဝေဒနာများမှာ စိုးရွံ့ထိတ်လန့်ဖွယ်ရာများဖြစ်သကဲ့သို့ ဘုရားခသင်၏တရားမျှတမှုသည် အပြည့်အဝသက်သေထင်ရှားစွာရပ်တည်ပါ၏။ ကောင်းကင်တမန်ကလည်း ကာလအစဉ်ရှိတော်မူသော ကိုယ်တော်သည် ဤသို့တရားစီရင်တော်မူသည့်အမှုမှာ ဖြောင့်မတ်တော်မူပါ၏။ ထိုသူတို့သည် သန့်ရှင်းသူတို့၏အသွေး၊ ပရောဖက်တို့၏အသွေးကို သွန်းလောင်းကြသည်ဖြစ်၍ သူတို့အား အသွေးကိုတိုက်တော်မူပြီ။ သူတို့လည်းခံထိုက်ကြပါ၏ဟု လျှောက်ဆိုသည်ကို' ဗျာ ၁၆း၂–၆ မှာ ဖော်ပြထားပါသည်။

ဘုရားသခင်၏လူအပေါင်းတို့အား အသက်ဆုံးရသည်အထိ ပြစ်ဒဏ်စီရင်ခြင်းအားဖြင့် သူတို့အနေနှင့်သူတို့ကိုယ်ကို သူတို့ကိုယ်တိုင်

ကိုယ်ထိလက်ရောက် အသွေးကိုမြေကျစေရအောင် အမှန်တကယ်ပြုမူ သကဲ့သို့ဖြစ်စေပါ၏။ အလားတူပင် ခရစ်တော်က မြွက်ဆိုခဲ့သည်ကား အာဗေလ၏ကာလမှစတင်၍ သွေးမြေကျစေခဲ့သည်မှာ ဂျူးလူမျိုးကို သည် ကိုယ်တော်၏ကာလ၌ သန့်ရှင်းသူအပေါင်းတို့၏သွေးကို မြေကျစေသည့်အထိ မကောင်းမှုလွှမ်းသူများဖြစ်ကြပါသည်။ အကြောင်းမူကား ထိုသူတို့သည် ယခင်စိတ်ဓါတ်မျိုးကို ပိုင်ဆိုင်ထားကြ လျက် ပုရောဖက်တို့အား သုတ်သည်ပယ်ရှင်းခဲ့သူများနည်းတူ ပြုလုပ်ကြရန် အားထုတ်သူများဖြစ်သောကြောင့်ပင်တည်း။

နောက်ကဆက်၍ပါလာသည့်ဘေးဒဏ်တွင် နေ၏စွမ်းပကား အားဖြင့် 'နေသည်လူတို့ကို မီးလောင်ရသောအခွင့်ကိုရ၏။ ပူအားကြီး သောအရှိန်ဖြင့် လူတို့သည်လောင်ခြင်းကိုခံရ' (ကျမ်းပိုဒ် ၈၊၉) ပါ၏။ ပုရောဖက်တို့သည် ဤကြောက်မက်ဖွယ်ရာကာလရှိ ကမ္ဘာမြေကြီး၏ အခြေအနေကို ဖေါ်ပြရာ၌ 'လယ်သည်ပျက်၏၊ မြေသည်ညှိုးငယ်၏။ လယ်လုပ်သောသူတို့လယ်၌ ရိတ်ရသောအသီးအနှံပျက်သောကြောင့် သလဲပင်၊ စွန်ပလွံပင်၊ ရှောက်ချိုပင်မှစ၍ တောသစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်းကြက၏။ အကယ်စင်စစ် လူသားတို့၌ ဝမ်းမြောက်စရာအကြောင်း သည်သွေ့ခြောက်၏။ မျိုးစေ့တို့သည် မြေစိုင်အောက်မှာပုပ်ကြ၏။ စပါးပြတ်သောကြောင့် စပါးကျီတို့သည်ပျက်ကြ၏။ တိရစ္ဆာန်တို့သည် အလွန်မြည်တမ်းကြ၏။ နွားစုတို့သည် ကျက်စားရာအရပ်မရှိသော ကြောင့်ပင်ပန်းကြ၏။ မြစ်ရေခန်းခြောက်ပါပြီ။ တော၌ကျက်စားရာ အရပ်တို့ကို မီးလောင်ပါပြီ။ "ထိုကာလ၌ နန်းစဥ် ကချေသည်တို့သည် မြည်တမ်းကြလိမ့်မည်။ အရပ်ရပ်တို့၌ များစွာသောအသေကောင်ရှိ၍ လူတို့သည် တိတ်ဆိတ်စွာပစ်ချကြလိမ့်မည်ဟု ထာဝရဘုရားသခင် မိန့်တော်မူ၏။ ယောလ ၁း၁၀–၁၂၊ ၁၇–၂၀။ အာမုတ် ၈း၁၃။

ဤဘေးဒဏ်များသည် တစ်လောကလုံးအနှံ့မကျရောက်သည်မှာ ကျခဲ့သော်မြေကြီးပေါ်မှာ နေထိုင်သူအပေါင်းတို့သည် လုံးလုံးလျားလျား အဆက်ပြတ်မျိုးတုံးသွားကြလိမ့်မည်။ သို့တစေ ၎င်းဘေးဒဏ်များသည် လူသားအပေါင်းသိနားလည်သမျှတွင် အလွန့်အလွန် ဆိုးဝါးဆုံးသောဝေဒနာဆင်းရဲခြင်းများဖြစ်ပေလိမ့်မည်။ ကရုဏာအကြင်နာတံခါးပိတ်သိမ်းချိန်မတိုင်မီကမူ လူအပေါင်းတို့အပေါ် တရားစီရင်ချက်များတွင် ညှာတာသနားခြင်းကို ရောစပ်ထားပေးခဲ့ပါ၏။ အပြစ်သားဖြစ်သူက သူ၏အပြစ်ကျူးလွန်မှုအတိုင်းအတာကို အပြည့်အဝမကျခံရစေကြောင်း ခရစ်တော်၏ အသွေးတော်က ဖျန်ဖြေလျက် ကာကွယ်မှုပေးထားသော်လည်း အပြီးသတ်တရားစီရင်မှုပြုရာတွင် သနားညှာတာခြင်းမရောစပ်သည့် အမျက်ဒေါသဖလားဖြင့် သွန်းလောင်းချပါသည်။

## ဘုရားသခင်၏လူတို့ကာကွယ်မှုရှိနေပုံ

ထိုအချိန်ကာလ၌ များပြားစွာသောလူအပေါင်းတို့သည် သူတို့ ကြာရှည်စွာအထင်သေးနှိမ့်ချလာခဲ့သည့် ထာဝရဘုရားသခင်၏ ထောက်ထားညှာတာခြင်း၏အရိပ်အာဝါသတွင် ခိုလှုံလိုစိတ်ဖြစ်ပေါ်လာကြပေလိမ့်မည်။ “ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကို တစ်ပြည်လုံး၌ငါဖြစ်စေသောကာလရောက်လိမ့်မည်။ အစာခေါင်းပါး၍မွတ်သိပ်ခြင်းမဟုတ်၊ ရေငတ်ခြင်းဘေးလည်း မဟုတ်၊ ထာဝရဘုရားသခင်၏အမိန့်တော်ကိုမကြားရသော မွတ်သိပ်ခြင်းဘေးဖြစ်လိမ့်မည်။ လူတို့သည် ထာဝရဘုရားသခင်၏အမိန့်တော်ကိုရှာလျက် ပင်လယ်တစ်ပါးမှသည်တစ်ပါးတိုင်အောင် လှည့်လည်၍

ဘုရားသခင်၏လူအပေါင်းတို့သည် ဆင်းရဲခြင်းဝေဒနာမှ ကင်းလွတ်ရကြလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် ညှဥ်းပန်းနှိပ်စက်ခြင်း၊ စိတ်ပင်ပန်းပူဆွေးသောကနှင့် ကြီးမားသောဘေးရန်အခက်အခဲကြုံ လျက် ကျပ်တည်းရှားပါးမှုဒဏ်ကို ကြံ့ကြံ့ခံကာ အစားအစာ မလောက်မငဖြစ်မှုဒဏ်တို့ကို ခံစားလျက်ပင် ထိုသူတို့သည် အသက် သေဆုံးသည့်တိုင်အောင် စွန့်ပစ်ထားခြင်းကိုခံရကြလိမ့်မည်မဟုတ်ပါ။ ဧလိယအပေါ် ဂရုတစိုက်စောင့်ရှောက်ပေးခဲ့သူ ထာဝရဘုရားသခင် သည် မိမိတို့ကိုယ်ကိုစွန့်လွှတ်လျက် ဆက်ကပ်သည့်ထိုသခင်၏ သားသမီးတို့ကို ကျော်သွားပစ်ထားလိမ့်မည်မဟုတ်ပါ။ သူတို့၏ ဦးခေါင်းပေါ်ရှိ ဆံပင်အရေအတွက်ကိုပင် သိရှိနေသူက စောင့်ရှောက် ပေးမည်ဖြစ်သည့်အပြင် ခေါင်းပါးသည့်ကာလ၌ အစာရေစာကိုကျွေး သဖြင့် ကျေနပ်မှုရစေပါလိမ့်မည်။ ဆိုးညစ်သော မတရားသောသူ အပေါင်း ငတ်မွတ်မှုနှင့်ကာလနာဘေးဒဏ်ကြောင့် သေမည့်ဆဲဆဲ ရှိနေခိုက်မှာ ကောင်းကင်တမန်အများက ဖြောင့်မတ်သူတို့၏လိုအင်ကို ဖြည့်ဆီးပေးရင်းဖြင့် အကာအကွယ်ပေးကြပါလိမ့်မည်။ ဖြောင့်မတ် စွာလိုက်လျှောက်သူအတွက် ကတိစကားထားရှိသည်ကား "ထိုသူအား အစာကို အစဉ်ပေးရလိမ့်မည်၊ သောက်ရေလည်းမပြတ်ရ၊" "ဆင်းရဲ သောသူနှင့်ငတ်မွတ်သောသူတို့သည် ရေကိုရှာ၍မတွေ့၊ ရေငတ်၍ လျှာသွေ့ခြောက်သောအခါ ငါထာဝရဘုရားသခင်သည် သူတို့စကား ကိုနားထောင်မည်။ ဣသရေလအမျိုး၏ဘုရားသခင်ဖြစ်သောငါသည် သူတို့ကိုမစွန့်။" ဟေရှာယ ၃၃း၁၅၊၁၆။ ၄၁း၁၇ ဟု ပြောပါသည်။

"သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင် ၏ကျေးဇူးကို မျှော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကို

မပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိရာ။ သို့သော်လည်း ထာဝရဘုရားသခင်၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကိုအမှီပြုလျက် ရွှင်လန်းမည်။ ဟဗက္ကုတ် ၃း၁၇၊၁၈။

"ထာဝရဘုရားသခင်သည် သင့်ကိုစောင့်တော်မူ၏။ သင်၏လက်ယာဘက်၌ရှိသော သင်၏ခိုလှုံရာအရိပ်ဖြစ်တော်မူ၏။ နေ့အချိန်၌နေအားဖြင့်လည်းကောင်း၊ ညဥ့်အချိန်၌လအားဖြင့် လည်းကောင်း အထိအခိုက်မရှိရာ။ ထာဝရဘုရားသခင်သည် မကောင်းသောအမှုအရာအလုံးစုံတို့ကို ကွယ်ကာ၍ သင်၏အသက်ကို စောင့်တော်မူလိမ့်မည်။

ကိုယ်တော်သည် သင့်ကိုကာကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်ပါလိမ့်မည်။ "အကယ်စင်စစ် မုဆိုး၏ကျော့ကွင်းနှင့်လည်းကောင်း၊ သေတတ်သောအနာနှင့်လည်းကောင်း သင့်ကိုကင်းလွတ်စေတော်မူမည်။ အတောင်တော်အမွေးနှင့်ဖုံးအုပ်တော်မူ၍ အတောင်တော်အောက်၌ သင်သည်လုံခြုံစွာနေရလိမ့်မည်။ သစ္စာတော်သည် သင်၏ဒိုင်းလွှား ဖြစ်လိမ့်မည်။ ညဥ့်အခါဖြစ်တတ်သောဘေးကိုလည်းကောင်း၊ နေ့အချိန် ၌ပစ်သောမြားကိုလည်းကောင်း၊ မှောင်မိုက်ထဲမှာလည်တတ်သော ကာလနာကိုလည်းကောင်း၊ မွန်းတည့်ချိန်၌ဖျက်ဆီးတတ်သော ဥပဒ် ကိုလည်းကောင်း သင်သည်မကြောက်ရ၊ သင်၏အနားမှာလူတစ်ထောင်၊ သင်၏လက်ယာဘက်မှာလူတစ်သောင်းလဲသော်လည်း သင့်ကိုမထိ မခိုက်ရ။ သင်သည် ကိုယ်မျက်စိနှင့်ကြည့်၍ မတရားသောသူတို့၌ ရောက်ရသောအပြစ်ကိုမြင်ယုံမျှသာရှိလိမ့်မည်။ ထာဝရဘုရားသခင် သည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍ အမြင့်ဆုံးသော ဘုရားသခင်၌နေရာကျသောကြောင့် သင်၌မကောင်းသောအနိဋ္ဌာရုံမကပ်

မရောက်၊ သင့်နေရာသို့ဘေးဥပဒ်မချဉ်းရ။" ဆာလံ ၁၂၁း၅–၇။ ၉၁း၃–၁၀ ဟု ဘုရားသခင်၏ကတိတော်မြတ်ရှိပါသည်။

ယခုထက်တိုင်မူ လူသား၏အမြင်အားဖြင့်ဆိုလျှင် ဘုရားသခင်၏လူအပေါင်းတို့သည် ရှေးဘိုးဘေးမာတုရသူရဲကောင်းများနည်းတူ မိမိတို့၏သက်သေခံချက်ကို ကိုယ်၏အသွေးဖြင့် တံဆိပ်ခတ်ရမည်ကဲ့သို့အသွင်ဆောင်နေပါလိမ့်မည်။ သူတို့ကိုယ်၌ကပင်လျှင် ကြောက်ရွံ့စပြုလာသည်ကား သူတို့၏ရန်သူများလက်ဝယ် ကိုယ်တော်က သူတို့အား ထားရစ်တော်မူခဲ့လျက် ကျဆုံးခံရမည်လောဟူ၍ဖြစ်ပါ၏။ ယခုအချိန်ကာလသည် ကြောက်ရွံ့ဖွယ်ရာပြင်းထန်စွာ နာကြည်းရသောကာလတစ်ခုဖြစ်လေသည်။ နေ့ရောညပါ သူတို့သည် ဘုရားသခင်ရွေးနုတ်တော်မူပါမည့်အကြောင်း ဟစ်အော်နေကြ၏။ မတရားသောသူအပေါင်းက ကြွားဝါကာ လှောင်ပြောင်ဟစ်ကြွေးသည်ကား 'သင်တို့၏ယုံကြည်ခြင်းဘယ်မှာရှိသနည်း၊ အဘယ်ကြောင့်ထာဝရဘုရားသခင်က သူ့လူများဖြစ်သည့်သင်တို့အား အကျွန်ုပ်တို့၏လက်မှ မရွေးမထုတ်ဘဲ ပစ်ထားပါသနည်း။' သို့ဖြစ်ငြားလည်း ယုံကြည်သူအပေါင်းသည် ကရာနီကုန်းထက်ရှိ လက်ဝါးကပ်တိုင်ပေါ်၌ သေလုမြောပါးဖြစ်နေသူ ယေရှုသခင်အား ယဇ်ပုရောဟိတ်အကြီးများနှင့် အုပ်စိုးသူများဟစ်အော်၍ လှောင်ပြောင်နေခြင်းကို မမေ့မလျော့ကြသည်ကား 'ဤသူသည် သူတစ်ပါးတို့ကကို ကယ်တင်တတ်၏၊ ကိုယ်ကိုစကယ်တင်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင် ငါတို့ယုံမည်။' မဿဲ ၂၇း၄၂။ ယာကုပ်၏ဖြစ်ရပ်ကဲ့သို့ပင် အားလုံးသောသူအပေါင်းတို့သည် ဘုရားသခင်နှင့်သတ်ပုတ်နေကြပါသည်။ သူတို့၏မျက်နှာ

သွင်ပြင်များမှာ အတွင်းစိတ်စေတသိက်အားဖြင့် ရှန်းကန်မှုရှိကြောင်းကို သူတို့ဖော်ပြနေကြပါ၏။ မျက်နှာတိုင်းပေါ်၌ ဖြူဖပ်ဖြူရော် ဖြစ်နေမှု ရှိပါသော်လည်း ထက်သန်လှစွာသော ကြားဝင်ဖျန်ဖြေဆုတောင်းခြင်း ကိုမူ သူတို့သည် ရပ်ဆိုင်းကြလိမ့်မည်မဟုတ်ပေ။

လူအပေါင်းတို့၌ အဆင့်အတန်းမြင့်သည့် အကြားအမြင်ပေါက်သောမြင်ခြင်းဖြင့် ရှုမြင်နိုင်ခဲ့ပါသော် သူတို့မြင်တွေ့ရမည်ဖြစ်သည်ကား ခရစ်တော်၏သည်းခံစိတ်ရှည်မှုဆိုင်ရာ နှုတ်တော်ထွက်စကားကို လိုက်လျှောက်သူများတစ်ဝိုက်မှာ အင်အားအပြည့်အဝ ချပေးထားခြင်း ခံရသည့်ကောင်းကင်တမန်တပ် အစုအဖွဲ့များကို မြင်တွေ့ရကြပါမည်။ စာနာထောက်ထားမှုရှိသော နူးညံ့ကြင်နာမှုတို့ဖြင့် ကောင်းကင်တမန်အများက ထိုသူအပေါင်း၏ဆင်းရဲခြင်းကို မျက်မြင်ဖြစ်လျက် သူတို့၏ဆုတောင်းချက်များကိုလည်း ကြားသိခဲ့ကြရပါသည်။ ကောင်းကင်တမန်တို့က အထက်တပ်မှူးဖြစ်သူ ထာဝရဘုရားသခင်၏အမိန့်တော်ကိုစောင့်စားရင်း ထိုသူတို့အား ဘေးရန်တွင်းမှဆွဲထုတ်ရန် အသင့်ရှိနေကြလေသည်။ သို့သော် သူတို့အနည်းငယ်ပိုမို၍ကြာစေအောင် စောင့်ဆိုင်းကြရန် ကျန်နေပါသေး၏။ ဘုရားသခင်၏လူအပေါင်းတို့သည် ဆင်းရဲခြင်းဖလားရှိသမျှ၌ သောက်သုံးကြရမည်ဖြစ်ပြီးနောက် ခရစ်ယာန်အမည်တွင်မည့် နှစ်ခြင်းခံယူခြင်းအစီအစဉ်ကို ခံယူကြရမည်သာ။ ဤကြန့်ကြာမှုသည် သူတို့အတွက် ပြင်းထန်စွာသော နာကြင်မှုကိုဖြစ်စေပါသော်လည်း သူတို့တောင်းဆိုလျှောက်ထားချက်များအတွက်မူ အကောင်းဆုံးသောအဖြေသာဖြစ်ပါ၏။

ယုံကြည်စိတ်ချစွာဖြင့် ကိုယ်တော်၏လုပ်ဆောင်ချက်ကို စောင့်ဆိုင်းရန် သူတို့ကြိုးပမ်းနေစဉ်မှာ သူတို့သည် ယုံကြည်ခြင်း၊

မျှော်လင့်ခြင်းနှင့်စိတ်ရှည်သည်းခံခြင်းများကို သူတို့၏ဘာသာတရား ကိုးကွယ်မှုအတွေ့အကြုံ၌ အလွန်ရှားပါးစွာဖြင့် ကျင့်သုံးခဲ့ခြင်းနှင့် မတူ၊ လေးလေးစားစားတည်တည်ငြိမ်ငြိမ် ကျင့်သုံးတတ်အောင် လမ်းပြပို့ဆောင်ပေးခြင်းခံရကြပါလိမ့်မည်။ ထိုသို့ဖြစ်စေကာမူ ရွေးချယ်ခံရသူ၏အကျိုးအတွက် ဆင်းရဲခြင်းကပ်ကာလသည် တိုတောင်းလျက်မြန်သွားစေမည်ဖြစ်၏။ "ဘုရားသခင်၏ရွေးကောက် တော်မူသောသူတို့သည် နေ့ညဥ့်မပြတ်အောင်ဟစ်၍ တောင်းလျှောက် လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူ မည်လော၊ ငါဆိုသည်ကား သူတို့ဘက်၌ အလျင်အမြန်တရားစီရင် တော်မူမည်။" လုကာ ၁၈း၇၊၈။ လူအပေါင်းတို့က မှန်းဆထားသည် ထက်ပို၍မြန်ဆန်စွာဖြင့် အဆုံးသတ်ရာကာလသည် ရောက်ရှိလာပါ လိမ့်မည်။ ဂျုံစပါးနှံတို့ကိုစုစည်းလျက် ထာဝရဘုရားသခင်၏ ရိက္ခာတော်ကိုသိုလှောင်ရာ၌ သိမ်းဆည်းလျက် ပေါင်းမြက်များကိုမူ အမှိုက်သရိုက်လောင်စာများအဖြစ် ဖျက်ဆီးမီးရှို့ပါလိမ့်မည်။

ကောင်းကင်သားအစောင့်အကြပ်အပေါင်းတို့သည် သူတို့အား ယုံကြည်အပ်နှင်းသည့်တာဝန်ကို ကျေပွန်စွာဖြင့် ဆက်လက်စောင့်ကြည့် နေကြလေသည်။ ဘုရားသခင်၏ပညတ်တရားကို စောင့်ထိန်းသူတို့ အား ကွပ်မျက်သုတ်သင်ရမည့်အချိန်ကာလကို အမိန့်ထုတ်ပြန် သတ်မှတ်ကောင်းသတ်မှတ်ပြီးဖြစ်သော်လည်း ၎င်းတို့၏ရန်သူများက ကြိုတင်မျှော်ကိုးမှုဖြင့် တချို့တချို့သောအမှုတွဲများတွင် ကြို၍ လုပ်ဆောင်ကြပါလိမ့်မည်။ ထိုအခါ ၎င်းတို့၏ကြိုးပမ်းချက်သည် ယုံကြည်ခြင်းပြည့်ဝနေသူအကျဉ်းသား၏ အသက်ဇီဝကို နုတ်ပယ်၍ မရအောင် စောင့်ကြပ်ကြည့်ရှုပေးနေသည့် အုပ်ထိန်းသူ ကောင်းကင်

သားတို့၏စွမ်းပကားက စီမံမှုဖြင့်ကာကွယ်ပေးပါလိမ့်မည်။ တချို့သော ဘုရားသခင်၏သားစစ်သမီးမှန်များသည် မြို့များ၊ ရွာများမှထွက်ပြေး စွန့်ခွာစဉ် တိုက်ခိုက်မှုခံရကြသော်လည်း ခုတ်ဖြတ်မည့်ဓါးရှည်များ သည် မြွောက်တင်သည်နှင့် ကြိုးပြတ်ကာကောက်ရိုးမျှင်ကဲ့သို့ မြေခ ရပေသည်။ တချို့သောသူများသည် အကာအကွယ်ကို စစ်မှုထမ်း အသွင်ရှိသူများထံမှရရှိတတ်ကြလေ၏။

ရှည်လျားသော ခေတ်ကာလအဆက်ဆက် ထာဝရဘုရားသခင် သည် သန့်ရှင်းသောကောင်းကင်သားတမန်တို့အားဖြင့် သူ၏လူများ အတွက် အကူအညီနှင့်ရွေးချယ်ကယ်တင်ခြင်းကို လုပ်ဆောင်ခဲ့ပါ သည်။ လူအများအပြား၏အရေးကိစ္စများတွင် အရေးပါသည့်အခန်း တွင် ကောင်းကင်ဘုံသားများသည် ပါဝင်ခဲ့ကြသည်။ သူတို့သည် လျှပ်စီးတမျှတောက်ပြောင်သည့် အဝတ်အထည်များဝတ်ဆင်လျက် ထင်ထင်ရှားရှားပေါ်ထွက်ခဲ့ကြပါ၏။ တစ်ဖန်ခရီးဝေးသွားသူများဟန် ဝတ်စားကာ ပေါ်ထွက်လာကြပါသည်။ ဘုရားသခင်၏လအများ ရှေ့မှောက်တွင် ကောင်းကင်တမန်အများ ထင်ရှားပြသခဲ့သည်မှာ လူ့အသွင်သဏ္ဍာန်အတိုင်းပင်တည်း။ သူတို့သည် နေမွန်းတည့်ချိန်မှာ ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ဝက်သစ်ချပင်အရိပ်များအောက်မှာ အနားယူ ခဲ့ကြသည်။ လူသားအိမ်ရာလျှောက် ဧည့်ဝတ်ပြုပေးခြင်းများကိုလည်း သူတို့လက်ခံရယူခဲ့ကြသည်။ ခရီးသွားလာသူများသည် ညအချိန်ဖြစ်ခဲ့ လျှင်လည်း သူတို့သည် လမ်းပြသူများအဖြစ် ပြုမူကူညီခဲ့ကြပါ၏။ သူတို့သည် ပလ္လင်တော်ရှိမီးများကို သူတို့၏လက်များဖြင့်ပင် တောက်လောင်စေခဲ့ကြသည်။ ဘုရားသခင်ကိုယ်တော်၏အစေခံတို့ အား ဖမ်းဆီးထားရာ အကျဉ်းထောင်တံခါးများကို သူတို့သည်

ဖွင့်လှစ်ကာ လွတ်မြောက်စေခဲ့ပါသည်။ ခမ်းနားကြီးကျယ်သားနား
သည့် ကောင်းကင်ဘုံအဝတ်အထည်များ ဆင်မြန်းလျက် ကယ်တင်
သခင်၏ဂုသချိုင်းကိုပိတ်ဆို့ထားသော ကျောက်တုံးကြီးအားလိမ့်၍
ရွှေ့ဖယ်ခဲ့သူများ သူတို့ပင်ဖြစ်ကြပါချေ၏။

ဖြောင့်မတ်သူအစုအဝေးများ၌ ကောင်းကင်တမန်အများအပြား
သည် လူသားပုံပန်းသဏ္ဍာန်ဖြင့် မကြာခဏပါရှိနေပါသည်။ ထို့အပြင်
မတရားသောသူတို့ စုဝေးမှုများတွင် သူတို့ရောက်ရှိကြပုံမှာ မတရားမှု
များကိုမှတ်တမ်းတင်ရန်နှင့် ထာဝရဘုရားသခင်၏စိတ်ရှည်သည်းခံ
မှုနယ်နိမိတ်အား ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိဆုံးဖြတ်ရန် သောဒုံမြို့သို့သွား
ခဲ့ပုံမျိုးဖြစ်လေသည်။ ကိုယ်တော်သည် ကြင်နာသနားမှုအရာမှာ
အနိုင်းမဲ့ဖြစ်ပါ၏။ ထိုအမှု၌မွေ့လျော်ပါသည့်ကိုယ်တော်အား အမှန်
တကယ်အမှုတော်ဆောင်နေသူ အနည်းငယ်ကိုမျှ ငဲ့ကွက်လိုသည့်
သဘောဖြင့် ကိုယ်တော်သည် ဘေးဒဏ်ဘေးဆိုများအား ချုပ်ထိန်း
ပြီးလျှင် လူအများတို့၏အေးချမ်းသာယာမှုကို ရှည်ကြာစေပါ၏။
အပြစ်ပြုသူအပေါင်းတို့သည်လည်း ပြက်ရယ်ပြုကာ ဖိနှိပ်လိုသော
ထိုယုံကြည်ခြင်းပြည့်ဝသည့် အနည်းငယ်မျှသောသူတို့အပေါ် ၎င်းတို့၏
အသက်ရှင်သန်နေရခြင်း၌ ကျေးဇူးရှိနေကြောင်းကို စိုးစဉ်းမျှမသိ
တတ်ကြပေ။

ကမ္ဘာ့နိုင်ငံအသီးသီးမှအုပ်စိုးသူများက မသိရှိကြသော်လည်း
သူတို့၏အဖွဲ့ဝင်အစည်းအဝေးများတွင် ကောင်းကင်တမန်တို့သည်
ပြောခွင့်ရပုဂ္ဂိုင်များဖြစ်ခဲ့ကြပါသည်။ လူသားမျက်လုံးများအားဖြင့်
သူတို့ကိုရှုမြင်ခဲ့ကြသည်။ လူသား၏နားများဖြင့် သူတို့၏တောင်းပန်
စကားများကို ကြားနာခဲ့ကြသည်။ လူသားနှုတ်ခမ်းများအားဖြင့်

သူတို့တင်ပြသည့်အကြံပြုချက်များအား ဆန့်ကျင်မှုကိုခံကြရသည်။ လူသားတို့၏လက်များဖြင့်ပင် မလေးမစား အစော်ကားခံခဲ့ကြရပါ၏။

အစည်းအဝေးခန်းမများနှင့် တရားစီရင်ရာရုံးတော်များတွင် ဤကောင်းကင်သားဆက်သားများသည် လူ့သမိုင်းနှင့်အတွင်းကျကျ ရင်းနှီးကျွမ်းဝင်မှုရှိကြောင်းတို့ကိုပြသခဲ့ကြပါသည်။ သူတို့သည် အတတ်စွမ်းဆုံးနှင့်ဟောပြောမှု၌ အကျွမ်းကျင်ဆုံးဖြစ်သည့် ဖိနှိပ်သူများထက် ၎င်းတို့၏အဖိနှိပ်ခံများ၏အရေးကို သာလွန်သည့်လျှောက်လဲချက်များအားဖြင့်ချေပကာ ပိုမို၍တတ်စွမ်းနိုင်ကြောင်း သူတို့က သက်သေထူခဲ့ကြ၏။ ဘုရားသခင်၏လုပ်ငန်းဆောင်တာများကို နှောင့်နှေးဖင့်နွဲ့သွားစေလောက်သည့် လိုလားဦးတည်ချက်များအား ကျဆုံးစေကာ မတရားမှုများကို တားဆီးဟန့်တားကြခြင်းအားဖြင့် ဘုရားသခင်၏လူအပေါင်း ခံရကြမည့်ဆင်းရဲမှုတို့မှ သက်သာရာရစေခဲ့ကြပါသည်။ အသက်ဘေးရန်နှင့်စိတ်ဆင်းရဲခြင်းခံရသည့် ကာလ၌ "ထာဝရဘုရားသခင်ကို ကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တို့သည် တပ်ချ၍ကယ်လွှတ်တတ်ကြ၏။" ဆာလံ ၃၄း၇။

## တည်ကြည်ခြင်းရှိသောမျှော်လင့်ခြင်း

စိတ်အားထက်သန်သည့်တမ်းတခြင်းမျိုးဖြင့် ထာဝရဘုရားသခင်၏ လူအပေါင်းတို့သည် လာလတ္တံ့သောသူတို့၏ ဘုရင်၏အရိပ်အယောင် ပြသခြင်းများကို စောင့်မျှော်နေကြပေသည်။ ညစောင့်သူတို့ကိုမေးမြန်းလိုက်လျှင် "ညအမှုကား အဘယ်သို့နည်း။" အဖြေမလွဲမသွေရှိသည်ကား

'နံနက်သည်လာ၏၊ ညဥ့်လည်းလာ၏။' ဟေရှာယ ၂၁း၁၁၊၁၂။ တောင်တန်းများထိပ်ဖျားရှိ မိုးတိမ်ပြင်တို့အပေါ် အလင်းရောင်ဖျော့ဖျော့အားဖြင့် ထင်ဟပ်လျက်ရှိပါသည်။ မကြာမြင့်မီအချိန်တွင် ကိုယ်တော်ဘုရားသခင်၏ဘုန်းတော်မှာ ထင်ရှားပါလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားဟူသော နေမင်းကြီးအလင်းရောင်သည် တိုး၍လင်းလာပါမည်။ နံနက်ယံနှင့်ညဥ့်ဦးယံနှစ်မျိုးနှစ်ဝ လက်လှမ်းမီနေပါ၏။ အဆုံးမရှိသောနေ့၏စတင်ရာသည် ဖြောင့်မတ်သူများအတွက်ဖြစ်လျက်၊ မတရားသောသူ များအဖို့မူကား အစဉ်တည်နေမည့် ညအမှောင်သက်ဆင်းပါလိမ့်မည်။

ထာဝရဘုရားသခင်ထံတော်မှာ လုံးထွေးသတ်ပုတ်နေသူတို့က သူတို့၏လိုအင်ဆန္ဒများကို တောင်းလျှောက်စဉ်မှာပင် မမြင်မတွေ့နိုင်ရာအကြောင်းမျိုးဖြင့် ကွယ်ကာထားသည့် အကာအကွယ်သည် လူနှင့်ဘုရားသခင်စပ်ကြားမှ ရုပ်သိမ်းမှုခံရလုလုရှိပါ၏။ ကောင်းကင်ယံ၌ အဆုံးမရှိသည့်နေ့၏အရဏ်ဦးအလင်းသည် ဝင်းလဲ့တောက်ပပြီးလျှင် ကောင်းကင်တမန်တေးသီချင်းများ၏ သာယာသောသံစဉ်များသဖွယ် ကြားရသည့်စကားရပ်များကား 'သင်တို့၏သစ္စာရှိသောအမှု၌စွဲစွဲမြဲမြဲရပ်တည်နေပါလော့၊ အကူအညီသည်လာလျက်ရှိလေပြီ။' ခရစ်တော်တည်းဟူသော ထာဝရတန်ခိုးသခင်အောင်နိုင်သူက မောပန်းနွမ်းနယ်မှုရှိနေသည့် ရဲမက်တော်အပေါင်းထံ ထာဝရဂုဏ်ကျက်သရေနှင့်တင့်တယ်သောသရဖူကို ကမ်းပေးလျက် ပွင့်နေသည့် ကောင်းကင်တံခါးများထက်မှ ကိုယ်တော်၏အသံတော်ကိုကြားရသည်ကား 'ကြည့်ရှုလော့၊ ငါသည်သင်နှင့်အတူရှိပြီ။ မကြောက်ရွံ့နှင့်၊ သင်၏ပူဆွေးသောကအလုံးစုံကို ငါသိမြင်ပြီးဖြစ်၏။ သင်၏သောက

ပူပန်ခြင်းအလုံးစုံတို့ကိုလည်း ငါသည်ခံစားပေးထား၏။ တရားစီရင်ခြင်းကင်းလွတ်မည်မဟုတ်သည့်ရန်သူများကို သင်သည်စစ်ဆေးမှုပြုနေရသည်မဟုတ်။ သင့်အကျိုးအတွက်ငါသည် သင့်ရန်သူတို့အားတိုက်ခိုက်ခဲ့ပြီဖြစ်၍ ငါ၏နာမတော်အားဖြင့် သင်သည်အောင်မြင်နိုင်စားသူများထက်ပင် သာလွန်ပေလိမ့်မည်။'

တန်ဖိုးရှိလှသောကယ်တင်သခင်သည် ကျွန်ုပ်တို့လိုအပ်သည့်အချိန်၌ အကူအညီပို့ပေးပါလိမ့်မည်။ ကိုယ်တော်၏ခြေတော်ရာများအားဖြင့် ကောင်းကင်ဘုံသွားရာလမ်းကို အမွန်အမြတ်ပြုသထားပါသည်။ ကျွန်ုပ်တို့၏ခြေများကို နာကျင်စေသည့်ဆူးတိုင်းသည်ကိုယ်တော်၏ဖဝါးတော်၌ နာကျင်စေခဲ့ပြီးဖြစ်ပါ၏။ ကျွန်ုပ်တို့သယ်ယူရမည့်လက်ဝါးကပ်တိုင်တိုင်းကို ကိုယ်တော်ကရှေ့ဆောင်သယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် ထိပ်တိုက်ရင်ဆိုင်မှုများအား ခွင့်ပြုသည့်အကြောင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ငြိမ်သက်ခြင်းကိုပြုပြင်စီမံပေးရန်ဖြစ်ပါ၏။ ဘေးရန်ကပ်ကာလသည် ဘုရားသခင်၏လူအပေါင်းအတွက် ကြောက်မက်ဖွယ်ရာ အခက်အခဲဖြစ်သော်ငြားအမှန်တကယ်ယုံကြည်သူအဖို့ မျှော်လင့်ကြိုဆိုရမည့် အချင်းအရာဖြစ်၍ယုံကြည်ခြင်းပြည့်ဝသူအနေဖြင့် သူ့အားဝန်းရံထားသော လေးကိုင်းကဲ့သို့ဖြစ်သည့် ကတိတော်မြတ်ကို မြင်တွေ့ရမည်သာဖြစ်ပါသည်။

'သို့ဖြစ်၍ ထာဝရဘုရားသခင် ကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍သီချင်းဆိုလျက် ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍ ဝမ်းနည်းခြင်းနှင့်ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်။ သင်တို့ကိုနှစ်သိမ့်စေသောသူကား အခြားသူမဟုတ်၊ ငါကိုယ်တိုင်

ပေတည်း။ သေရသောလူကိုလည်းကောင်း၊ မြတ်ပင်ကဲ့သို့ဖြစ်လတ္တံ့သောလူသားကိုလည်းကောင်း၊ သင်သည်ကြောက်ရမည့်အကြောင်း အဘယ်သို့သောသဘောရှိသနည်း။ သင့်ကိုဖန်ဆင်းသောထာဝရဘုရားသခင်ကို သင်သည်မေ့လျော့၍ ညှဉ်းဆဲသောသူသည် ငါ့ကိုဖျက်ဆီးလုပြီဟု စိတ်ထင်နှင့်သူ၏ဒေါသအမျက်ကို အစဉ်ကြောက်ရမည်အကြောင်း၊ အဘယ်သို့သောသဘောရှိသနည်း။ ယခုမှာ ညှဉ်းဆဲသောသူ၏ဒေါသအမျက်သည် အဘယ်မှာရှိသနည်း။ အချုပ်ခံရသောသူသည် ထောင်ထဲမှာမသေ၊ ရေစာမပြတ်၊ လျင်မြန်စွာကယ်နုတ်ခြင်းသို့ ရောက်လိမ့်မည်။ ငါသည်သမုဒ္ဒရာကိုဆုံးမ၍ လှိုင်းတံပိုးဟုန်းစေသောသင်၏သခင်ထာဝရဘုရားသခင်ဖြစ်၏။ ထိုဘုရားသခင်၏နာမတော်ကား ကောင်းကင်ဗိုလ်ခြေသခင် ထာဝရဘုရားသခင်ပေတည်း။ သင်သည်ငါ၏လူမျိုးဖြစ်၏ဟု ဇိအုန်မြို့ကိုပြောစေခြင်းငှာလည်းကောင်း၊ ငါ၏စကားကိုသင်၏နှုတ်ထဲမှာ ငါထားပြီ။ ငါ့လက်၏အရိပ်နှင့်သင့်ကိုငါမိုးပြီ။ ဟေရှာယ ၅၁း၁၁–၁၆။

'သို့ဖြစ်၍ ညှဉ်းဆဲခြင်းကိုခံရသောသူ၊ စပျစ်ရည်မှတစ်ပါးအခြားသောယစ်မျိုးနှင့်ယစ်မူးသောသူ နားထောင်လော့၊ သင်၏သခင်မိမိလူတို့၏အမှုကိုစောင့်တော်မူသော သင်၏ဘုရားသခင်ထာဝရဘုရားသခင်မိန့်တော်မူသည်ကား ကြည့်ရှုလော့၊ တုန်လှုပ်စေသောဖလား၊ ငါ့အမျက်တော်ဖလား၏အနည်အဖတ်ကို သင်၏လက်မှငါရုပ်၍ သင်သည် နောက်တစ်ဖန်မသောက်ရ။ သင်သည်ခရီးသွားသော

သူတို့ရှေ့မှာ ကိုယ်ကိုမြေတံထားလုပ်၍ အလျားဝပ်စေခြင်းငှာဝပ်လျက် နေလော့၊ ငါကျော်သွားမည်ဟုဆို၍ သင့်ကိုညှဉ်းဆဲသောသူတို့လက်၌ ထိုဖလားကိုငါထားမည်။' ကျမ်းပိုဒ် ၂၁–၂၃။

ရာစုနှစ်ပေါင်းများစွာတစ်လျှောက် ဘုရားသခင်၏မျက်လုံးတော်ဖြင့် ပြန်သုံးသပ်ရာ၌ ကိုယ်တော်၏လူမျိုးအနေဖြင့် ကြုံတွေ့ရမည့် အခက်အခဲ၊ အကျပ်အတည်းတစ်ရပ်ကိုတွေ့ရပုံမှာ လောကရေးရာ အင်အားစုများက ထိုသူအပေါင်းတို့ကို ဖိစီးနှိပ်စက်ရန် တပ်ခင်းကျင်းထားပုံကို စူးစိုက်ကြည့်ရှုခဲ့လေသည်။ အချုပ်ခံရသောသူကဲ့သို့ပင် သူတို့သည် ငတ်မွတ်ခြင်းကြောင့်ဖြစ်စေ၊ အကြမ်းဖက်ခြင်းခံရမှုကြောင့်ဖြစ်စေ သေပွဲဝင်ရမည်ကို စိုးရွံ့ထိတ်လန့်နေပေလိမ့်မည်။ သို့သော် သန့်ရှင်းသောပုဂ္ဂိုလ်သည် အစ္စရေး၏ရှေ့မှောက်ပင်လယ်နီကို နှစ်ခြမ်းကွဲစေသည့်နည်းတူ ကိုယ်တော်၏ကြီးမားလှစွာသော အစွမ်းသတ္တိကို ပြသလျက် သူတို့အား အချုပ်အနှောင်မှလွှဲဖယ်စေပါမည်။ 'ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကိုဆောင်သောသားကို အဘနမြောသကဲ့သို့ ထိုသူတို့ကိုငါနမြောမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်မိန့်တော်မူ၏။' မာလခိ ၃း၁၇။ ဤအချိန်တွင် ခရစ်တော်သခင်၏တည်ကြည်သူသက်သေခံတို့၏အသွေးကို မြေကျစေခဲ့မည်ဖြစ်ပါက မာတုရသူရဲကောင်းအာဇာနည်တို့၏ အသွေးကဲ့သို့မဟုတ်မူဘဲ ထာဝရဘုရားသခင်အတွက် အောင်မြင်သောသီးနှံရိတ်သိမ်းမှုဖြစ်စေမည့်မျိုးစေ့ကို ကြဲသကဲ့သို့ရှိပါလိမ့်မည်။ သူတို့၏သစ္စာစောင့်သိရိုသေခြင်းသည် အခြားသူများကို ဖြောင့်မတ်ခြင်းတရားအကြောင်း

သိစေအောင် သက်သေခံချက်တစ်ရပ်မဟုတ်ဘဲ ရှိနေလိမ့်မည်။ အကြောင်းမူကား နောင်တတရားမရှိသည့် နှလုံးသားပိုင်ရှင်သည် ကရုဏာအကြင်နာရေလှိုင်းများ လုံးဝတက်မလာသည်အထိ ပြန်၍ ပုတ်ထုတ်နေခြင်းကြောင့်ပင်ဖြစ်ပါ၏။ ဖြောင့်မတ်သူတို့အား သူတို့ ရန်သူ၏သားကောင်အဖြစ် ကျရောက်နေစေရန် ယခုအချိန်မှာစွန့်ပယ် ထားခဲ့ပါသော် အမှောင်လောက၏သခင်ကြီးတည်းဟူသော စာတန်၏ အောင်ပွဲ တစ်ရပ်သာဖြစ်စေပါလိမ့်မည်။ ဆာလံဆရာပြောဆိုသည်မှာ ဘေးရန်ရောက်သည်ကာလ တဲတော်တွင် ငါ့ကိုကွယ်ကာတော်မူမည်၊ ဗိမာန်တော်အတွင်းအရပ်၌ ငါ့ကိုဝှက်ထားတော်မူမည်။ ကျောက်ပေါ်မှာ လည်းငါ့ကိုတင်ထားတော်မူမည်။' ဆာလံ ၂၇း၅။ ခရစ်တော်သခင်က မြွက်ဆိုခဲ့သည်မှာ 'ငါ၏လူတို့လာကြ၊ အတွင်းအခန်းထဲသို့ဝင်၍ သင်တို့ကိုကွယ်ကာသော တံခါးများကိုပိတ်ထားကြ။ အမျက်ကာလ လွန်သည်တိုင်အောင် ခဏသာပုန်းရှောင်၍နေကြလော့။ အကြောင့် မူကား ထာဝရဘုရားသခင်သည် မြေကြီးသားတို့ကို သူတို့အပြစ် ကြောင့်အပြစ်ပေးလိုသောငှာ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။ ထိုအခါ မြေကြီးသည် မိမိ၌ရှိသောအသွေးကို ဖော်ပြရလိမ့်မည်။ မိမိ၌အသေခံရသောသူတို့ကို နောက်တစ်ဖန်ဝှက်၍မထားရ' ဟေရှာယ ၂၆း၂၀၊၂၁။ ထိုသူအပေါင်းတို့သည် စိတ်ရှည်စွာဖြင့် ကိုယ်တော်အား စောင့်မျှော်နေကြလျက် အသက်စာစောင်၌ သူတို့၏အမည်နာမများ ပါရှိသဖြင့် ကယ်နုတ်တော်မူခြင်းကို ကြီးကျယ်မြင့်မြတ်စွာဖြင့် ခံရကြပေလိမ့်မည်။

ခရစ်တော်တည်းဟူသော အောင်နိုင်သူ
ထာဝရတန်ခိုးတော်သခင်က မောပန်းနွမ်းနယ်
နေသည့် ရဲမက်တော်အပေါင်းထံ ထာဝရဂုဏ်ကျက်
သရေတင့်သောသရဖူကို ကမ်းပေးလျက် ပွင့်နေ
သည့် ကောင်းကင်တံခါးများထက်မှ ကိုယ်တော်၏
အသံတော်ကို ကြားရသည်ကား––– 'ကြည့်ရှုလော့၊
ငါသည်သင်နှင့်အတူရှိပြီ၊ မကြောက်ရွံ့နှင့်။ သင်
ခံရသည့် ပူဆွေးသောကအလုံးစုံကို ငါသိပြီးဖြစ်၏၊
သင်၏သောကပရိဒေဝများကို ငါသည်ခံစားပေး
ထားသည်။ တရားစီရင်ခြင်းနှင့်ကင်းလွတ်ခွင့်မရှိ
သောရန်သူများကို သင်သည်စစ်ဆေးနေရသည်
မဟုတ်၊ သင့်အကျိုးအတွက် ငါသည်သင့်ရန်သူတို့
အား တိုက်ခိုက်ခဲ့ပြီဖြစ်၍ ငါ၏နာမတော်အားဖြင့်
အောင်မြင်နိုင်စားရသူများထက် သင်သည် သာလွန်
ပေလိမ့်မည်။

–––ooo–––

အခန်း (၉)

# ဘုရားသခင်၏ကယ်နုတ်ခြင်း

**“ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သော သခင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်သည် ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသော ဆင်းရဲခြင်းကပ်ကာလသည်ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွတ်ခြင်းသို့ ရောက်ကြလိမ့်မည်။” ဒံယေလ ၁၂း၁။**

**“ထိုအခါ လက်ယာတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက ငါ့ခမည်းတော်ထံ ကောင်းချီးခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဖို့ ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့။” မဿဲ ၂၅း၃၄။**

ဘုရားသခင်၏ပညတ်တရားတော်ကို ဂုဏ်ယူကိုးကွယ်သူတို့ထံမှ လူသားဥပဒေအကာအကွယ်ကို ရုပ်သိမ်းမည်ဟုဖြစ်လာသောအခါ မြေနေရာဒေသအမျိုးမျိုး၌ သူတို့အားပျက်စီးစေမည့် လှုပ်ရှားမှုတစ်ရပ်သည် တစ်ပြိုင်တည်းပေါ်ပေါက်လာလိမ့်မည်။ အမိန့်ထုတ်ပြန်ထားသည့် အချိန်နာရီနီးကပ်လာသည်နှင့်အမျှ လူမျိုးအသီးသီးသည် ၎င်းတို့မုတ်းတီးခဲ့သည့်အုပ်စုကို အမြစ်ပြတ်ချေမှုန်းရန် ကြံစည်လုပ်ဆောင်ကြလိမ့်မည်။ တစ်ညဉ့်သောအခါ အဆုံးအဖြတ်ပေးသည့်ထိုးနှက်မှုတစ်ခုကိုပြုလျက် မကျေနပ်မှုနှင့် အပြစ်တင်ချက်များကို လုံးဝဆိတ်သုဉ်းအောင် ပြုရမည်ဟူ၍ သဘောတူသတ်မှတ်ပိုင်းဖြတ်ကာ လုပ်ဆောင်ကြပါမည်။

တချို့သောသူများသည် အကျဉ်းထောင်အခန်းကျဉ်းများ၌
လည်းကောင်း၊ တချို့သည်တောများတောင်များရှိ အထီးကျန်ခိုလှုံရာ
နေရာများတွင်လည်းကောင်း ဘုရားသခင်၏လူသားသမီးတို့သည်
သန့်စင်မွန်မြတ်သည့် အကာအကွယ်ကိုပေးပါမည်အကြောင်း
တောင်းလျှောက်ဆဲရှိနေစဉ်အခိုက် နေရာအနှံ့အပြားတွင် လက်နက်
ကိုင်လူအစုအဖွဲ့တို့သည် နတ်ဆိုးများ၏လှုံ့ဆော်မှုဖြင့် သုတ်သင်ရှင်း
လင်းမည့်လုပ်ငန်းကို ပြင်ဆင်နေကြပါသည်။ အလွန့်အလွန်တစ်ဖက်
စွန်းရောက်လှသည့်ကာလ၊ ဤအခါ ဤကာလတွင် ဣသရေလ၏
ထာဝရဘုရားသခင်သည် ရွေးကောက်တော်မူထားသူတို့အား
ကယ်နုတ်ရန် ကြားဝင်စွက်ဖက်မှုကို ပြုပါလိမ့်မည်။ ထာဝရဘုရား
သခင်မိန့်တော်မူသည်ကား "သင်တို့သည်ပွဲခံသောညဉ့်တွင် ပြုသကဲ့သို့
သီချင်းဆိုရကြလိမ့်မည်။ ဣသရေလအမျိုး၏ကျောက်၊ ထာဝရဘုရား
သခင်၏တောင်တော်သို့ ပလွေကိုမှုတ်လျက် သွားသကဲ့သို့ဝမ်းမြောက်
ရကြလိမ့်မည်။ ထာဝရဘုရားသခင်သည်လည်း ဘုန်းကြီးသောအသံ
တော်ကိုလွှတ်တော်မူလိမ့်မည်။ လက်ရုံးတော်သက်ရောက်ခြင်း၊ ပြင်းစွာ
အမျက်ထွက်ခြင်း၊ မီးလျှံလောင်ခြင်း၊ မိုးသီးပါလျက် မိုးသက်မုန်တိုင်း
များကို ပြတော်မူလိမ့်မည်။ " ဟေရှာယ ၃၀း၂၉၊၃၀။

အောင်မြင်သည့်အထိမ်းအမှတ်ဖြင့်ဟစ်ကြွေးခြင်း၊ ပြက်ရယ်
ပြောင်လှောင်ခြင်းနှင့် ကျိန်ခြင်းတို့ကို ဆိုးညစ်သူအပေါင်းက ပြုလုပ်ကြက
ကာ သူတို့၏သားကောင်အပေါ် အတင်းအကျပ် တိုက်ခိုက်မည်ကဲ့သို့
ရှိနေစဉ် သိပ်သည်းထူထပ်လှသည့်အမှောင်ထုသည် ညအမှောင်ထက်
ပိုမိုနက်ရှိုင်းလျက် ကမ္ဘာမြေသို့ ကျဆင်းလာသည်ကိုမြင်ရပါ၏။
ထိုနောက် သက်တံရောင်စဉ်တန်းတစ်ခုသည် ထာဝရဘုရားသခင်၏

ပလ္လင်တော်မှ ဘုန်းအသရေအားဖြင့် ကောင်းကင်ယံ၌ဖြစ်ပေါ်လာကာ စုဝေးလျက် ဆုတောင်းပြုနေသည့် ဘုရားသခင်၏လူအုပ်စုတစ်ခုစီကို ဝိုင်းပတ်သည့်အနေမျိုးဖြစ်လာပါသည်။ စိတ်ဆိုးမာန်ဆိုးရှိနေသည့် မတရားသောသူအပေါင်းတို့မှာ ရုတ်တရက် ရပ်တန့်ငြိမ်သက်မှုဖြစ်သွားကြရ၏။ လှောင်ပြောင်အော်ဟစ်သံများမှာ ပျောက်ဆုံးခဲ့လေသည်။ လူ့အသက်ကို သတ်နိုင်လောက်သော ဒေါသူပုန်ထခြင်းကို ခံရမည့်သူများကိုမေ့လျော့သွားကြပေ၏။ သူတို့သည် မကောင်းသောကြမ္မာငင်ခြင်းတို့ကို ကြောက်ရွံ့စွာဖြင့် ထာဝရဘုရားသခင်၏ကတိတော် အထိမ်းအမှတ်အား ငေးစိုက်၍ လွှမ်းခြုံစိုးမိုးနေသည့် အလင်းရောင်တောက်ပခြင်းမှ ကွယ်ကာပေးစေလိုသည့်စိတ်ဖြင့် တမ်းတမျှော်ကိုးကြပါတော့သည်။

ဘုရားသခင်၏လူများအနီးတစ်ဝိုက် ပီသရှင်းလင်းကာ သာယာမှုပြည့်သည့်အသံဖြင့် ကြားရသောပြောဆိုချက်ကား 'မော်၍ကြည့်ကြလော့' ဟူ၍ဖြစ်ရာ ကောင်းကင်သို့ သူတို့၏မျက်လုံးများ ပင့်၍ကြည့်သောအခါ လေးကိုင်းသဖွယ်ကွေးနေသော ကတိတော်၏သင်္ကေတကို သူတို့မြင်တွေ့ရလေသည်။ ကောင်းကင်မျက်နှာကြက်တွင် ဒေါသတကြီးဖုံးလွှမ်းခဲ့သော တိမ်မည်းများသည် ပြန့်ကွဲလွင့်စဉ်သွားပြီဖြစ်ရာ ကျောက်ခဲဖြင့်ပေါက်စဉ် သတေဖန်သည် ကောင်းကင်ဘုံသို့မမှိတ်မသုန် စူးစိုက်ကြည့်ကာနေဘိသကဲ့သို့ သူတို့ကြည့်ရှုကြပေရာ ထာဝရဘုရားသခင်၏ဘုန်းကြီးတော်မူခြင်းနှင့် လူသားသည် ကိုယ်တော်၏ပလ္လင်ထက်ဝယ် ထိုင်လျက်ရှိနေသည်ကို တွေ့မြင်ရကြပါသည်။ ကိုယ်တော်၏အသရေတင့်တယ်လှပသော ပုံပန်းသဏ္ဍာန်တွင် သူတို့မြင်တွေ့ရသည်ကား သူ၏နှိမ့်ချခြင်း၊ ကျိုးနွံခြင်း အမှတ်

လက္ခဏာများဖြစ်လျက် အဖခမည်းတော်ဘုရားသခင်နှင့် သန့်ရှင်းသောကောင်းကင်တမန်အများရှေ့မှောက်၌ သူ့နှုတ်ခမ်းများကြားမှ ထွက်လာသည့် တောင်းလျှောက်ချက်ကား "အကျွန်ုပ်အားပေးတော်မူသောဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏။" (ယောဟန် ၁၇း၂၄) ဟူ၍ဖြစ်ပါသည်။ တစ်ဖန် အောင်မြင်မှုလွှမ်းသည့် တေးသံသာတမျှငြိမ့်ညောင်းလှသော ပြောဆိုသံကိုကြားရသည်ကား "သူတို့လာပြီ၊ သူတို့လာကြပြီ၊ သန့်ရှင်းခြင်း၊ ဘေးရန်ကင်းရှင်းခြင်းနှင့် ပြုစင်ခြင်းတို့သည်ရှိကြ၏။ ငါ၏စိတ်ရှည်သည်းခံခြင်းစကားရပ်ကို သူတို့စောင့်ထိန်းခဲ့ကြပြီဖြစ်၍ သူတို့သည် ကောင်းကင်တမန်များအကြား လှုပ်ရှားသွားလာကြရပေမည်" ဟူ၍ဖြစ်ရာ ယုံကြည်ခြင်း၌မြဲမြံသူအပေါင်းတို့၏နှုတ်ခမ်းတို့သည် တုန်ယင်ဖျော့တော့သည့်ကြားမှ "အောင်ပြီ" ဟုရေရွတ်လိုက်ကြပါ၏။

## ထာဝရဘုရားသခင်၏နေ့ရက်

ကိုယ်တော်၏လူအပေါင်းကို ကယ်နုတ်ရန်အတွက် ထာဝရဘုရားသခင်သည် ညဥ့်သန်းခေါင်ယံတွင် တန်ခိုးတော်ထင်ရှားပြသပါသည်။ နေသည်အလင်းရောင်တောက်ပလျက် ပေါ်ထွက်လာ၏။ ထူးဆန်းသောအရာများနှင့် အံ့သြဖွယ်အချင်းအရာများသည် ဆက်တိုက်ပင်ဖြစ်ပေါ်လာလေသည်။ မတရားသောသူအပေါင်းတို့က ဖြစ်လာသည့်မြင်ကွင်းကို ကြောက်လန့်စိတ်ဖြင့် ကြည့်မြင်လျက်

အံ့ဩနေခိုက်ဝယ် ဖြောင့်မတ်သူတို့က တည်ငြိမ်သည့်ဝမ်းမြောက်ခြင်း ဖြင့် သူတို့အားကယ်နုတ်မည့် အမှတ်လက္ခဏာများကို မြင်တွေ့နေရ ပါ၏။ သဘာဝတရား၌ရှိသမျှအရာရာတိုင်းသည် ၎င်း၏လမ်းကြောင်း မှလွဲဖယ်ခဲ့ဟန်ရှိပါသည်။ စမ်းရေတွင်းများသည် ရေစီးမထွက်ကြ တော့ပေ။ ထူထပ်သောအမှောင်မိုက်တိမ်တောင်၊ တိမ်လိပ်များ ပေါ်လာကာ တိမ်ချင်းယှက်၍ရောထွေးကုန်၏။ ကောင်းကင်ယံမှာ လေထန်လျက် မှောက်မိုက်သည့်အကြားမှ ကြည်လင်မှုရှိသည့် ကွက်လပ်လဟာ တစ်နေရာတွင် ဖော်ပြနိုင်ခြင်းငှာမစွမ်းသာသော ဘုန်းထင်ရှားမှုဖြစ်လျက် "ပြီးပြီ" ဟုကြီးသောအသံသည် ကောင်းကင်ဗိမာန်တော်၌ရှိသောပလ္လင်တော်ထဲကထွက်၏။ ဗျာ ၁၆း၁၇။

အသံတော်အားဖြင့် ကောင်းကင်တစ်ဝန်းရော၊ ကမ္ဘာမြေကြီး၌ ပါတုန်လှုပ်ခြင်းဖြစ်ကြ၏။ ပြင်းထန်စွာသောမြေငလျင် ဖြစ်ပေါ် လေသည်။ 'မြေကြီးအပေါ်မှာ လူတို့ဖြစ်သည့် ကာလမှစ၍ ထိုသို့သော လက္ခဏာနှင့် ထိုမျှလောက်ပြင်းထန်သော မြေလှုပ်ခြင်းသည်မရှိ၊ မဖြစ်စဖူး' ကျမ်းပိုဒ် ၁၇၊၁၈။ မိုးမျက်နှာကြက်သည် ဖွင့်လိုက်ပိတ်လိုက် သယောင်ဖြစ်လျက် ထာဝရဘုရားသခင်၏ပလ္လင်တော်မှ ဘုန်းအသရေ သည် လျှပ်ပြက်သကဲ့သို့ ဖြတ်သန်းနေပါ၏။

လေတိုက်သောအခါ ယိမ်းလှုပ်သည့်ကျူပင်ကဲ့သို့ တောင်တန်း ကြီးများယိမ်းထိုးရာနေရာအနှံ့သို့ ကျောက်ကွဲအစအနများကို ပြန့်ကျဲ ကျရောက်စေသည်။ မိုးသက်မုန်တိုင်းတစ်ခုကျရောက်မည့် တဝေါဝေါ အသံသည်ဆူညံနေပါ၏။ ပင်လယ်သမုဒ္ဒရာတွင် ကြီးစွာသောရေလှိုင်း လုံးများ ထကြွလေသည်။ ကြမ်းတမ်း၍အဟုန်ပြင်းသည့် လေမုန်တိုင်း အော်မြည်သံသည် ဖျက်ဆီးရန်လာသော မကောင်းဆိုးဝါးများက

ပြုလေ့ရှိသည့်အသံမျိုးဖြစ်ပါ၏။ မြေကြီးတစ်ပြင်လုံးသည် နိမ့်ချီ၊ မြင့်ချီဖြင့် ရောင်ကိုင်းကြွတက်ပုံမှာ ပင်လယ်ရေလှိုင်းများသဖွယ် ဖြစ်လေ၏။ ၎င်း၏မျက်နှာပြင်မှာ ကျိုးပြတ်နေပါသည်။ မြေ၏အခြေခံ အရင်းအမြစ်သည်ပင်လျှင် အခြေပျက်ယိမ်းထိုးလာသယောင်ရှိ၏။ အဆက်ဆက်သောတောင်တန်းများ နိမ့်ဝင်နစ်မြုပ်နေကြပါသည်။ လူနေကျွန်းများစွာ ပျောက်ကွယ်သွား၏။ ဆိုးယုတ်ညစ်ညမ်းခြင်းတွင် သောဒုံမြို့နည်းတူဖြစ်လာသည့် ပင်လယ်ဆိပ်ကမ်းမြို့များအား ကြီးမား လှစွာသော လှိုင်းလုံးများက ရေလွှမ်းဖုံးအုပ်သွားလေတော့သည်။

ဘုရားသခင်သည် ပြင်းစွာသောဒေါသအမျက်တော်၏စပျစ် ရည်ဖလားကိုတိုက်ခြင်းငှာ ဗာဗုလုန်မြို့ကြီးကို အောက်မေ့တော်မူ၏။ ကြီးမားသောမိုးသီးများသည် တစ်လုံးလျှင် ပိဿာတစ်ဆယ်မျှ လေးလံ ခြင်းဖြင့် ၎င်းတို့၏ ဖျက်ဆီးခြင်းလုပ်ငန်းကို လုပ်ဆောင်နေကြသည်။ ကျမ်းပိုဒ် ၁၉၊၂၁။ မာန်မာနအကြီးဆုံးဖြစ်သော မြို့တော်များသည် ပြားပြားဝပ်ပျက်စီးကြလေ၏။ မြေကမ္ဘာ၏မဟာလူသားများသည် ၎င်းတို့၏ဂုဏ်အသရေတင့်တယ်စေခြင်းငှာ ဖောဖောသီသီဖြင့် ဥစ္စာ ဓနများကိုအသုံးချခဲ့ရာ တော်ဝင်နန်းတော်ကြီးများသည် သူတို့ မျက်မှောက်တွင် အစိတ်စိတ်အမြွှာမြွှာ ပျက်စီးပြိုကျလျက်ရှိကြကုန်၏။ အကျဉ်းထောင်နံရံများသည်လည်း ပျက်သုဉ်းကုန်ကြသည်ဖြစ်ရာ ဘုရားသခင်၏ချစ်သားသမီးအပေါင်းတို့သည် ၎င်းတို့၏ယုံကြည်ခြင်း ကြောင့် အချုပ်အနှောင်ကျခံနေကြရာမှ လွတ်မြောက်ကြလေ၏။

သင်္ချိုင်းဂူများ၊ မြေပုံများအား ဖွင့်လှစ်ပေးခြင်းခံရလျက် "ထိုကာလအခါ မြေမှုန့်၌အိပ်ပျော်သောသူများတို့သည် နိုးကြလိမ့်မည်။ တချို့တို့ကား ထာဝရအသက်ရှင်ခြင်းဖြင့်လည်းကောင်း၊ တချို့တို့ကား

ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်း ဖြင့်လည်းကောင်း နိုးကြလိမ့်မည်။” ဒံယေလ ၁၂း၂။ တတိယကောင်းကင်တမန် သတင်းစကား၌ ယုံကြည်ခြင်းဖြင့်သေဆုံးခဲ့ပြီးသူတို့သည် အောင်မြင်မှုဂုဏ်ကျက်သရေဖြင့် သင်္ချိုင်းမှထွက်ပေါ်လာကာ ထာဝရဘုရားသခင်၏ ငြိမ်သက်ခြင်းပဋိညာဉ်စကားတော်အားဖြင့် ကိုယ်တော်၏ပညတ်တရားကို စောင့်ရှောက်သူတို့နှင့်အတူ ကောင်းချီး ရှိစေလိမ့်မည်။ “ကိုယ်တော်ကို ထိုးဖေါက်သောသူတို့” (ဗျာ ၁း၇) နှင့် ယေရှုခရစ်တော်သခင် အသက်ဆုံးခါနီးအချိန်၌ ပြောင်လှောင်၍ မလေးမခန့်ရယ်မောစရာ ပြုခဲ့သမျှသောသူတို့သည်လည်းကောင်း၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားနှင့် သခင့်သက်သေခံလူအပေါင်း တို့ကို ကြမ်းတမ်းစွာဆန့်ကျင်ခဲ့ကြသူတို့သည်လည်းကောင်း ထမြောက်ကြလျက် ကိုယ်တော်အပေါ်တည်ကြည်စောင့်သိကာ ရှိသေ ကျိုးနွံခဲ့သူတို့ရရှိသည့်ဂုဏ်သိက္ခာကို ဘုရားသခင်၏ဘုန်းအသရေ တင့်တယ်ခြင်းနှင့်အတူ မြင်တွေ့ကြရမည်ဖြစ်ပါသည်။

ကောင်းကင်ယံတွင် တိမ်များထူထပ်စွာဖြင့် ဖုံးအုပ်ဆဲရှိနေ ပြီးလျှင် တစ်ချိန်တည်း၌ပင် နေရောင်ခြည်သည် ထိုးဖေါက်ချည် ပျောက်ချည်ဖြစ်ကာ ယေဟောဝါဘုရားသခင်၏ ညိုးမာန်ဖွဲ့သည့် မျက်လုံးဖြစ်လေဟန်ရှိလိမ့်မည်။

အထက်ကောင်းကင်တစ်ဝန်းမှ ကြောက်မက်ဖွယ်ရာလျှပ်စီး ကြောင်းများခုန်ပျံလျက် ကမ္ဘာမြေကြီးကို မီးလျှံဖြင့်ဝိုင်းပတ်ထားသည်။ အလွန်ပင်ကျယ်လောင်သည့်ထစ်ချုန်းသံထက် ပိုမိုသောနက်နဲကြောက် ရွံ့ဖွယ်အသံများအားဖြင့် ဆိုးညစ်၍မတရားဟောသူတို့၏ကြမ္မာဝင် ခြင်းကိုဖေါ်ပြလေသည်။

အလုံးစုံသောသူအပေါင်းသည် ပြောဆိုခဲ့သည့်စကားရပ်များအား နားမလည်ခဲ့ကြသော်လည်း အတုအယောင်ဖြစ်သည့်ဆရာများသည် ရှင်းလင်းစွာနားလည်ခဲ့ကြပါ၏။ ရှေးကာလမကြာမြင့်မီက အလွန် ရမ်းကားဝါကြွားကာ အန်တုလွန်းခဲ့သူများ၊ ဘုရားသခင်၏လူတို့ အပေါ် ရက်စက်ကြမ်းကြုတ်မှု၌ အလွန်ပျော်မွေ့နှစ်ခြိုက်သူတို့သည် ယခုမူ ဒေါသဖိစီးမှုဒဏ်ကိုခံရလျက် ကြောက်ရွံ့ခြင်းဖြင့် တုန်လှုပ် နေကြပေသည်။ ထိုသူတို့၏အသံသေ၊ အသံကြောင်ဖြင့် ငိုယို မြည်တမ်းခြင်းများကို အခြားသောအသံများထက် ပိုမိုကြားသိရလေ၏။ ဆိုးညစ်၍ကြမ်းတမ်းသည့် နတ်ဆိုးများက ခရစ်တော်၏ဘုန်းတန်ခိုး တော်ကို အသိအမှတ်ပြုလျက် ကိုယ်တော်၏အစွမ်းသတ္တိရှေ့မှောက် တော်မှာ တုန်လှုပ်နေကြပြီးလျှင် လူများစွာတို့သည်လည်း နှိမ့်ချပျပ်ဝပ် လျက် လေးစားကြောက်ရွံ့စွာဖြင့် အသနားအကြင်နာထားပါမည့် အကြောင်း တောင်းလျှောက်နေကြလေတော့သည်။

ရှေးဘိုးဘေးတို့၏ပုရောဖက်များ ဟောကြားခဲ့သည်ကား သန့်ရှင်းသောထူးဆန်းအံ့ဩဖွယ်အရာဖြင့် ဘုရားသခင်၏နေ့ကို မျှော်လင့်၍ “ထာဝရဘုရားသခင်၏နေ့ရက်သည် နီးသောကြောင့် ငိုကြွေးမြည်တမ်းကြလော့၊ တန်ခိုးကြီးသောဘုရားသခင် စီရင်တော် မူသောဘေးရန်ကဲ့သို့ လာလိမ့်မည်။” ဟေရှာယ ၁၂း၆။ “ကျောက်ထဲ သို့ဝင်လော့၊ မြေမှုန့်၌ပုန်း၍နေလော့၊ ထိုကာလ၌ လူတို့၏မော်သော မျက်နှာကိုနှိမ့်ရမည်။ လူတို့၏မာနကိုလည်း ရှုတ်ချရမည်။ ထာ)ရ ဘုရားသခင်တစ်ပါးတည်းသာ ချီးမြှောက်ခြင်းသို့ရောက်တော်မူလိမ့် မည်။ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်၏နေ့ရက်ကာလသည် ကြီးမြင့်သောအရာနှင့် မို့မောက်သောအရာရှိသမျှတို့ကို ဆီးတား၍

သူတို့သည် နိမ့်ချခြင်းရှိကြလိမ့်မည်။” “ထိုကာလ၌လူတို့သည် မိမိတို့ကိုးကွယ်ဖို့ မိမိတို့လုပ်ဖူးသောငွေရုပ်တု၊ ရွှေရုပ်တုတို့ကို ပွေးများ၊ လင်းနို့များ၌ ပစ်ထားကြလိမ့်မည်။ ထာဝရဘုရားသခင်သည် မြေကြီးကိုခြောက်လှန့်အံ့သောငှာ ထတော်မူသောအခါ ထိုဘုရားသခင်ကိုကြောက်ခြင်းအရှိန်၊ ဘုန်းတန်ခိုးအာနုဘော်တော်အရှိန်ကြောင့် ကျောက်တွင်း၊ ချောက်ကြားထဲသို့ပြေးဝင်ကြလိမ့်မည်။” ဟေရှာယ ၂း၁၀–၁၂၊၂၀၊၂၁။

## ကတိတော်များပြည့်စုံခဲ့ခြင်း

တိမ်များအတွင် အက်ကွဲရာကြားမှ ထူးထူးခြားခြား အလင်းဆလေးဆဖြင့် ဘေးဘီရှိအမှောင်ထုနှင့် ကွဲပြားခြားနားစွာ တောက်ပလင်းလဲ့နေသည့် ကြယ်တာရာတစ်ခုသည်ရှိနေပါ၏။ ယုံကြည်ခြင်းပြည့်ဝသူများအတွက် ၎င်းသည် မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို ထုတ်ဖေါ်ပြသနေသော်ငြားလည်း ထာဝရဘုရားသခင်၏ပညတ်တရားကို ချိုးဖေါက်သူတို့အတွက်မူ ပြင်းထန်တင်းကျပ်ခြင်းနှင့် ဒေါသအမျက်ကို ပုံဆောင်ပါသည်။ ခရစ်တော်အတွက် အလုံးစုံဆက်ကပ်အပ်နှံထားပြီးဖြစ်သူအပေါင်းတို့မှာ ကိုယ်တော်၏တဲတော်ရှိ လျှို့ဝှက်ရာနေရာ၌ ဖုံးကွယ်ထားပြီးဖြစ်၍ လုံခြုံမှုကိုရရှိပါသည်။ သူတို့သည် အစမ်းသပ်ခံယူပြီးဖြစ်ရာ ကမ္ဘာလောကနှင့်အမှန်တရားကို အထင်မကြီး ကဲ့ရဲ့ရှုတ်ချသူများ၏ရှေ့မှောက်တွင် သူတို့အတွက် အသက်စွန့်သွားခဲ့ရသူ ကိုယ်တော်သခင်အပေါ် တည်ကြည်စောင့်သိခြင်းကို သူတို့ပြခဲ့လေပြီ။

သေမင်းရှေ့မှောက်၌ သူတို့သည် ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်းကို စွဲမြဲရပ်တည်နိုင်ခဲ့သူများဖြစ်ခဲ့ကြပြီးနောက် အံ့ဖွယ်ရာအပြောင်းအလဲသည် ထိုသူအပေါင်းတို့တွင် ဖြစ်ပေါ်ခဲ့ကြရလေသည်။ သူတို့အား အမှောင်မိုက်တွင်မှ ရုတ်တရက်ကယ်နုတ်ခြင်းခံရပြီးနောက် လူအပေါင်း၏ကြောက်မက်ဖွယ်ရာသော မတရားသည့်ရက်စက်ဖိနှိပ်ခြင်းသည် မကောင်းဆိုးဝါးအဖြစ် ရှိနေသူများထံ ရွှေ့ပြောင်းသွားလေ၏။ မကြာမြင့်မီကာလအတွင်းကပင် ဖျော့တော့၍ စိုးရိမ်ပူပန်မှုများကာ ချောင်ကျနေသည့်သူတို့၏မျက်နှာသွင်ပြင်သည် ယခုမူ အံ့အားသင့်ခြင်း၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းတို့အားဖြင့် ဝင်းလဲ့တောက်ပ၍နေပါတော့သည်။ သူတို့၏အသံများသည် အောင်မြင်မှုတေးသီချင်းလိုမြင့်၍တက်ကြွနေဟန်ကား "ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏။ ထိုကြောင့် ပထဝီမြေကြီးသည် ရွေ့သွား၍ တောင်များတုန်လှုပ်လျက် သမုဒ္ဒရာသို့ကျသော်လည်း၊ ငါတို့သည် ကြောက်လန့်ခြင်းမရှိ၊ သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ မွှေနှောက်ပါလေစေ၊ လှိုင်တံပိုးထသဖြင့် တောင်များတုန်လှုပ်ပါလေစေ။" ဆာလံ ၄၆း၁–၃။

ထာဝရဘုရားသခင်အထံတော်သို့ ဤကဲ့သို့သော သန့်ရှင်းစွာ ယုံကြည်စိတ်ချကြောင်း စကားရပ်များလွှင့်ပျံတက်ရောက်နေသည့်အခါမှာ တိမ်များသည် လမ်းဖွင့်ဖယ်ရှားပေးကြသဖြင့် တစ်ဖက်တစ်ချက်ရှိ မှောင်မည်းကာ လှုပ်ရှားထကြွနေသည့်မိုးမျက်နှာကြက်နှင့် ကွဲပြားခြားနားစွာသော ကြယ်များထူပြောသည့် မိုးကောင်းကင်ယံမှာ မဖော်ပြနိုင်စွမ်းသည့် အနှိုင်းမဲ့ဂုဏ်ကျက်သရေဖြင့် တင့်တယ်လှပနေ

ပေသည်။ ပွင့်၍နေသောတံခါးပေါက်များမှတစ်ဆင့် သန့်စင်မွန်မြတ်သည့်လုပသော ကောင်းကင်ယံမြို့တော်၏အသရေတင့်တယ်ခြင်းတို့ကို မြင်တွေ့နိုင်ပါ၏။ ထိုနောက်တွင် မိုးကောင်းကင်နောက်ခံဖြင့် လက်တစ်ဖက်သည် ကျောက်ပြားနှစ်တွဲအား ထိန်းကိုင်လျက်သား ပေါ်ထွက်လာပါသည်။ ပရောဖက်ကဆိုသည်မှာ "ဘုရားသခင်သည့် ကိုယ်တော်တိုင် တရားဆုံးဖြတ်တော်မူသည်ဖြစ်၍ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်။" ဆာလံ ၅၀း၆။ ထိုအတွက်အမြတ်ထားရာ ပညတ်တရားသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားဖြစ်သည်အကြောင်းကို မိုးထစ်ချုန်းခြင်းနှင့်မီးလျှံတို့အကြားမှ သိနာတောင်ပေါ်မှာ ဘဝအသက်တာလမ်းညွှန်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်လေရာ ယခုကာလ၌မူ တရားစီရင်ရေးစိုးမိုးမှုအဖြစ် လူအပေါင်းအား ဖွင့်ဟပြသလိုက်ပြီဖြစ်လေသည်။ ကျောက်ချပ်ပြားတို့ကို လက်ဖြင့်ဖါင့်လိုက်ရာ ပညတ်တရားဆယ်ပါး၏လမ်းညွှန်စည်းမျဉ်းများကို မြင်တွေ့ရသည်ကား မီးဖြင့်ရေးသားသည့်ကလောင်တံအားဖြင့် ကူးယူထားဟန်ရှိခြင်းပင်တည်း။ စကားရပ်များမှာ ရှင်းလင်းစွာဖြင့်ရှိ၍ လူအများအားလုံးပင်ဖတ်ရှုနိုင်သည့်အနေအထား၌ ရှိနေပါသည်။

အယူသီးခြင်းနှင့် ဘာသာတရားဆိုင်ရာ အယူတိမ်းလွဲမှုများကို လူတိုင်း၏စိတ်မှ ဖယ်ရှားပစ်နိုင်ခဲ့၍ မှတ်ဉာဏ်သည်နိုးကြားခဲ့ကာ ဘုရားသခင်နှုတ်တော်ထွက်စကားရပ်တစ်ဆယ်မှာ လိုရင်းကို ရှင်းရှင်းသိနားလည်စေလျက် အာဏာသက်ရောက်ခြင်းရှိနေပြီးလျှင် ကမ္ဘာမြေ၌မီတင်းနေထိုင်သူအားလုံးမြင်နိုင်သည့်မြင်ကွင်း၌ ပြသထားရှိလေသည်။

ဘုရားသခင် အလိုတော်ရှိသည့် မွန်မြတ်သောအချက်များအပေါ် နင်းခြေခဲ့သူများခံစားရသည့် ကြောက်မက်ဖွယ်ရာနှင့် စိတ်ဓါတ်

ကျဆင်းမှုအခြေအနေကို စီကုံးဖေါ်ပြရန်မှာ မဖြစ်နိုင်သောအရာဖြစ်ပါသည်။ ကိုယ်တော်က ပညတ်တရားတော်ကို သူတို့အားပေးအပ်ခဲ့ပါ၏။ သူတို့အနေဖြင့် သူတို့၏ကိုယ်ကျင့်တရားများကို ထိုတရားတော်နှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်ကောင်းကြည့်ရှုရာတွင် နောင်တတရားနှင့်ပြန်လည်ပြုပြင်နိုင်မည့် အခွင့်အလမ်းအရ သူတို့၏ချွတ်ယွင်းမှုအားနည်းချက်များကို လေ့လာတွေ့ရှိနိုင်ခဲ့ကြဖွယ်ရှိပါသည်။ သို့သော် ကမ္ဘာလောက၏မျက်နှာသာပေးမှုကို ခံယူရရှိခြင်းငှာ သူတို့သည် ပညတ်တရားပြဋ္ဌာန်းချက်များကို ဘေးဖယ်ထုတ်လျက် ကျော်နင်းချိုးဖေါက်ရန် အခြားသောသူများကို သွန်သင်ပြသခဲ့ကြလေ၏။ သူတို့သည် ဘုရားသခင်၏သားသမီးများအနေဖြင့် ဥပုသ်တော်နေ့ကို သေးသိမ်းညှိုးနွမ်းအောင် အတင်းအကျပ်ကြိုးပမ်းခဲ့ကြပါ၏။ ယခုအချိန်တွင်မူ သူတို့အထင်အမြင်သေးကာ နှိမ့်ချခဲ့သည့်ထိုပညတ်ချက်အရ အပြစ်ထင်ရှားရှိနေပေသည်။ ကြောက်ရွံ့ဖွယ်ရာထင်ရှားမှုအားဖြင့် သူတို့၌ဆင်ခြေပေးစရာအချက်မရှိကြောင်း ပေါ်ပေါက်နေ၏။ သူတို့သည် မိမိတို့အမှုအရာကို ဝန်ဆောင်ထမ်းရွက်လျက် ကိုးကွယ်ဝတ်ပြုမည့်သူကို ရွေးချယ်ခဲ့ပြီမဟုတ်ပါလား။ "တစ်ဖန်သင်တို့သည်ပြောင်းလဲ၍ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ၊ ဘုရားသခင်၏အမှုတော်ကိုဆောင်သောသူ၊ မဆောင်သောသူတို့ကို ပိုင်းခြား၍သိရကြလိမ့်မည်။" မာလခိ ၃း၈။

ပညတ်တရားတော်၏ရန်သူများထဲ၌ ပါဝင်သူအသင်းအုပ်ဆရာအများမှအစ သာမန်အသင်းသားအဆုံးတို့ထံတွင် အမှန်တရားနှင့်တာဝန်ပိုင်းဆိုင်ရာခံယူချက် အသစ်တစ်ရပ်ပေါ်နေပါသည်။ စတုတ္ထပညတ်တရား၏ဥပုသ်တော်နေ့သည် ထာဝရဘုရားသခင်၏တံဆိပ်

တော်နှင့်အသက်ရှင်သောဘုရားသခင်၏ အထိမ်းအမှတ်ဖြစ်သည်ကို သူတို့သိနားလည်ခဲ့ကြသည်မှာ နောက်ကျသွားချေပြီ။ အစစ်အမှန် မဟုတ်သည့် သူတို့၏ဥပုသ်နေ့နှင့် သဲဆန်သောအခြေခံအုတ်မြစ် အပေါ် သူတို့အခြေပြုတည်ဆောက်မှု၏ အစစ်အမှန်သဘာဝကို နောက်ကျစွာဖြင့် သူတို့သည်သိရှိခဲ့ကြရလေပြီ။ သူတို့သိရှိသည်ကား ထာဝရဘုရားသခင်အား သူတို့တိုက်ခိုက်ဆန့်ကျင်မှုပြုနေကြခြင်းကို တွေ့မြင်ရခြင်းဖြစ်ပါ၏။ ဘာသာတရားဆိုင်ရာ သွန်သင်သူဆရာ လမ်းပြနေပါလျက် ကောင်းကင်ဘုံ၏တံခါးများသို့ သူတို့အားလမ်းပြ ပေးနေကြောင်း မမှန်မကန်ကြွေးကြော်နေကြပါသည်။ စာရင်း များကိုအပြီးသတ်ရှင်းလင်းသည့်နေ့မတိုင်မီ ဘုရားသခင်၏အမှုတော် ဆောင်ရသူလူများသည် တာဝန်မည်မျှကြီးမားစွာယူရပုံနှင့် ယုံကြည် ခြင်းအပေါ်တည်ကြည်ခြင်းမရှိသော ၎င်းလူတို့၏လုပ်ရပ်များကြောင့် ရရှိခံစားရသည့်ရလဒ်မှာ ကြောက်ဖွယ်ရာရှိလှပုံကို သိရှိရကြလိမ့် မည်မဟုတ်ပေ။ ဝိညာဉ်တစ်လုံးဆုံးရှုံးခြင်းကို ကျွန်ုပ်တို့အနေဖြင့် မှန်ကန်မှုရှိရှိ ခန့်မှန်းရန်မှာ ထာဝရကောင်းကင်ဘုံ၌သာလျှင် ဖြစ်နိုင် ပါချေသည်။ ထာဝရဘုရားသခင်က “ထွက်ခွာလော့၊ အသင်ဆိုးညစ် သောနောက်လိုက်တပည့်” ဟူ၍ အပြောအဆိုခံရသူ၏ကြမ္မာသည် ကြောက်မက်ဖွယ်ရာရှိပါလိမ့်မည်။

ကောင်းကင်ဘုံရှိထာဝရဘုရားသခင်၏ အသံတော်ကိုကြားရ သည်ကား သခင်ယေရှုကြွလာတော်မူမည့်နေ့ရက်နှင့် အချိန်နာရီသည် ယခုပင်ဖြစ်၏။ ထာဝရပဋိညာဉ်တရားကို ကိုယ်တော်၏လူအပေါင်း တို့အတွက် အပ်ပေးခြင်းလည်းဖြစ်ပါသည်။ အကျယ်လောင်ဆုံးသော

မိုးထစ်ချုန်းသံများကဲ့သို့ ကိုယ်တော်ဘုရားသခင်၏ နှုတ်တော်ထွက် စကားများသည် ကမ္ဘာမြေကြီးအနှံ့လှုပ်ခတ်ပါချေသည်။ ထာဝရဘုရား သခင်၏ကျွသရေလသည် မိမိတို့မျက်လုံးများဖြင့် အထက်သို့စူးစိုက် လျက် ရပ်တည်နားထောင်နေကြပါ၏။ ကိုယ်တော်၏ဘုန်းထင်ရှား မှုအားဖြင့် သူတို့၏မျက်နှာများဝင်းပနေသည်ကား တောက်ပမှုအရှိန် သည်သိနာတောင်ပေါ်မှ မောရှေပြန်လည်ဆင်းလာချိန်ကဲ့သို့ပင်တည်း။ ဆိုးညစ်၍မတရားသောသူတို့သည် ထိုမျက်နှာများကိုကြည့်ရှုခြင်း မပြုနိုင်ကြပါ။ ထာဝရဘုရားသခင်၏ဥပုသ်တော်နေ့ကို သန့်ရှင်းစွာ စောင့်ရှောက်သူအပေါင်းတို့အား ကောင်းချီးပေးကြောင်း ကြေညာလိုက် သည်တွင် အောင်မြင်မှုအထိမ်းအမှတ်၏ ကျယ်လောင်လှသော ဟစ်ကြွေးသံများမှာ ညံနေပါတော့သည်။

## ယေရှုသည်လာချေပြီ

မကြာမြင့်မီ အရှေ့အရပ်တွင် လူတစ်ယောကက်၏လက်ဖဝါး တစ်ဝက်မျှသာ အရွယ်အစားရှိသည့် တိမ်မည်းအငယ်ကလေးပေါ်လာ ပါသည်။ ဤမိုးတိမ်မှာ ကယ်တင်သခင်အား ဝန်းရံနေသည့်အရာ ဖြစ်ကာ အဝေးမှဆိုလျှင် အမှောင်ထုဖြင့် လွှမ်းခြုံဖုံးကွယ်ထားသကဲ့သို့ ဖြစ်နေပါ၏။ ထာဝရဘုရားသခင်၏လူအပေါင်းကမူ ဤတွေ့မြင်ချက် သည် လူသား၏ထူးဆန်းအံ့ဩဖွယ်အမှုဖြစ်ကြောင်း သိရှိကြပါသည်။ လေးနက်သည့်တည်ငြိမ်မှုဖြင့် သူတို့ရှိရာကမ္ဘာမြေကြီးဆီသို့ ထိုအရာ သည်နီးကပ်လာခြင်းအား ငေးစိုက်ကြည့်ရှုနေကြလျက်၊ အလင်းရောင် ပိုမိုရရှိသည်နှင့်အမျှ ပိုမို၍အသရေတင့်ပြီးလျှင် တိမ်စိုင်ထုအဖြူကြီး

အဖြစ် ရှုမြင်ရသည့်အဆင့်အထိ ပြောင်းလဲလာပါသည်။ ၎င်း၏အောက်ခြေသည် လောင်စားနေသည့်မီးတောက်မီးလျှံပမာ ကျက်သရေရှိစွာဖြင့်တည်နေလျက် ၎င်း၏အပေါ်၌မူ ပဋိညာဉ်တရား၏သက်တံရောင်စဉ်တန်းက အုပ်မိုးထားပါသည်။

ယေရှုခရစ်တော်သည် စွမ်းပကားကြီးမားစွာ အောင်နိုင်သူတစ်ဦးအဖြစ် ထွက်ပေါ်လာပါသည်။ ယခုအခါကာလတွင်မူ ကိုယ်တော်သည် ပူဆွေးသောကများသော လူသားအဖြစ်မဟုတ်၊ အရှက်နှင့်ကျိန်ခြင်းတည်းဟူသော ခါးသီးသည့်ခွက်ဖလားကို သောက်သုံးမည့်သူမဟုတ်တော့ပါ။ ကောင်းကင်နှင့်မြေကြီးကို အောင်နိုင်သူအဖြစ် ကိုယ်တော်လာပါ၏။ အသက်ရှင်သောသူရော၊ သေဆုံးပြီးသူကိုပါ တရားစီရင်ရန်အတွက်လာခြင်းပင်ဖြစ်သည်။ 'တည်ကြည်ခြင်းဟူသောအမည်၊ အမှန်တရားဟူသောအမည်ရှိသည်။' "ထိုသူသည် တရားသဖြင့်စီရင်တတ်၏၊ တရားသဖြင့်စစ်တိုက်တတ်၏။"ထို့အပြင် "ကောင်းကင်ဗိုလ်ခြေတို့သည် နောက်တော်သို့လိုက်ကြ၏ ။" ( ဗျာ ၁၉း၁၁၊၁၄)။ မိုးကောင်းကင်တေးသံစုံဖွဲ့ဆိုထားသည့် စုပေါင်းသီဆိုသည့်တေးသီချင်းများဖြင့် အင်အားရေတွက်၍မရနိုင်သော သန့်ရှင်းသောကောင်းကင်တမန်အုပ်စုကြီးသည် ကိုယ်တော်အား လမ်းခရီး၌အဖော်ပြုလိုက်ပါလာကြပါသည်။ မိုးမျက်နှာကြက်မှာ အလင်းတန်းလွှတ်ထုတ်သည့် ပုံသဏ္ဌာန်များဖြင့် ပြည့်နှက်နေသကဲ့သို့ဖြစ်ပါ၏။ 'ဆယ်သောင်း၏ဆယ်ဆပြီးလျှင် သောင်းပေါင်းများစွာ' ဟူသကဲ့သို့ပင်တည်း။ အဘယ်လူသား၏ကလောင်ဖြင့်မျှ ထိုမြင်ကွင်းကိုပုံဖော်နိုင်မည်မဟုတ်ပါ။ အဘယ်သူ၏စိတ်ထားမျှ ၎င်း၏ဘုန်းအသရေတော်တင့်တယ်ခြင်းကိုအပြည့်အဝလုံလုံလောက်လောက် ခံယူနိုင်မည့်အနေအထားလည်း

မရှိပါ။ ဘုန်းတော်သည် မိုးကောင်းကင်ကိုဖုံးအုပ်လျက် မြေကြီးသည် ဂုဏ်အသရေတော်နှင့် ပြည့်စုံလျက်ရှိ၏။ အဆင်းအရောင်တော်သည် နေရောင်ကဲ့သို့ဖြစ်၏။" ဟဗက္ကုတ် ၃း၃၊၄။

ရှင်သန်နေသည့်မိုးတိမ်သည် ပို၍နီးကပ်လာဆဲရှိရာ မျက်လုံးတိုင်း၊ မျက်လုံးတိုင်းသည် အသက်၏သခင်ကြီးဖြစ်သူ ယေရှုခရစ်တော်အား မြင်ရတွေ့ရကြပါ၏။ ဆူးရစ်သရဖူသည် မွှန်မြတ်လှသည့် ဦးခေါင်းတော်၌ ရုပ်ပျက်ဆင်းပျက်ဖြင့် တည်ရှိမနေပါတော့ချေ။ သို့ရာတွင် ဘုန်းကျက်သရေရှိသောသရဖူတစ်ခုသည် ကိုယ်တော်၏မျက်ခုံးတော်အထက်၌တည်ရှိနေပေသည်။ သူ၏မျက်နှာသွင်ပြင်နှင့် အမူအရာစသည်များသည် မွန်းတည့်အခါ၌ရှိသော နေ၏အလင်းရောင်ထက်ပင် ပိုမိုလျက် တောက်ပလင်းလက်နေပါ၏။ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမတော်သည် အဝတ်တော်၌လည်းကောင်း၊ ပေါင်တော်၌လည်းကောင်း ရေးထားလျက်ရှိ၏။" ဗျာ ၁၉း၁၆။

ကိုယ်တော်၏ရှေ့တော်မှောက်၌ "မျက်နှာအားလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်နေလျက် "ထာဝရဘုရားသခင်၏ သနားကြင်နားခြင်း၊ ချစ်ခြင်းကို ငြင်းပယ်သူအပေါင်းတို့အပေါ်သို့ ရာသက်ပန်စိတ်ဆင်းရဲမှု၏ ကြောက်မက်ဖွယ်ရာများသည် ကျရောက်ပါလေသည်။ "မြို့သားအပေါင်းတို့သည်စိတ်ပျက်လျက် ဒူးချင်းထိခိုက်လျက်၊ အလွန်ခါးကိုက်လျက် မျက်နှာမည်းလျက်ရှိကြ၏။" ယေရမိ ၃၀း၆။ နာဟုံ ၂း၁၀။ ဖြောင့်မတ်သူတို့က တုန်ယင်လျက် ငိုကြွေးသည်ကား "မည်သူသည် ကိုယ်တိုင်ရပ်တည်နိုင်မည်နည်း။" ကောင်းကင်တမန်အပေါင်းတို့၏တေးသံသည် တိတ်ဆိတ်သွားလျက် ဆိတ်ညံသောကာလတစ်ခုသို့ ကြောက်မက်ဖွယ်ရောက်ရ၏။ ထိုနောက် ယေရှု

ခရစ်တော်၏အသံကိုကြားရသည်မှာ “ငါ၏ကျေးဇူးတော်သည် သင်တို့အဖို့လုံလောက်ပေ၏။” ဖြောင့်မတ်သူတို့၏မျက်နှာများသည် ဝင်းလဲ့လာလျက် နှလုံးသားတိုင်းတွင် ကြီးစွာသောဝမ်းမြောက်ခြင်း သည်ပြည့်လျှံရလေ၏။ ထိုအခါ ကောင်းကင်တမန်အပေါင်းတို့သည် ပိုမို၍မြင့်သောတေးသံစဉ်ကို တီးခတ်လျက် ကမ္ဘာမြေကြီးသို့နီးကပ် လာဆဲတွင် ထပ်မံ့သီဆိုဟစ်ကြွေးကြပါလေတော့သည်။

ဘုရင်တကာတို့၏ဘုရင်သည် တိမ်ပေါ်သို့ဆင်းသက်လာသည့် အခါ တစ်ကိုယ်လုံးမီးလျှံတဝင်းဝင်းလွှမ်းလျက်ရှိပါ၏။ မိုးကောင်းကင် သည် စာရွက်လိပ်ကဲ့သို့လိပ်၍ထားသည်ဖြစ်လျက် ကမ္ဘာမြေကြီး သည် ကိုယ်တော်၏ရှေ့တော်မှောက်၌ တုန်ယင်ပြီးလျှင် တောင်တိုင်း၊ ကျွန်းတိုင်းသည် ၎င်းတို့၏နေရာမှ ရွှေ့ခြင်းကိုခံရ၏။ ‘ငါတို့၏ဘုရား သခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။ ရှေ့တော်၌ မီးလောင်လျက် ပတ်ဝန်းကျင်၌မိုးသက်မုန်တိုင်းပြင်းပြလျက်ရှိ၏။ မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလို့ငှာ အထက်ကောင်းကင်ကို လည်းကောင်း၊ မြေကြီးကိုလည်းကောင်း ခေါ်တော်မူလျက်” ဆာလံ ၅၀း၃၊၄ ရှိ၏။

“လောကဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ် ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌ လည်းကောင်း ပုန်းရှောင်လျက်နေ၍ ထိုတောင်များကျောက်များတို့ကို ခေါ်လျက် ငါတို့အပေါ်သို့ကျကြပါ၊ ပလ္လင်ပေါ်မှာထိုင်သောသူ၏ မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ် ကြပါ၊ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား၊ အဘယ် သူသည် ခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။ ဗျာ ၆း၁၅–၁၇။

နောက်ပြောင်သောပြက်လုံးများသည် ရပ်စဲပြီးဆုံးခဲ့ပါလေပြီ။ လိမ်ညာသည့်နှုတ်ခမ်းများကိုလည်း တိတ်ဆိတ်စေခဲ့လေပြီ။ လက်နက်ချင်းထိမိခိုက်မိသည့်အသံ၊ တိုက်ပွဲ၌ဆူညံအော်ဟစ်သံ "စစ်တိုက်သောသူရဲ၏ခြေစွပ်နှင့် အသွေးလူးသောအဝတ်တန်ဆာရှိသမျှ" (ဟေရှာယ ၉း၅) သည်ရပ်တန့်ငြိမ်သက်ခဲ့ရ၏။ ဆုတောင်းခြင်းပြုသောအသံနှင့် ဝိုကြွေးမြည်တမ်းခြင်းစကားသံများမှလွဲ၍ ယခုအခါဘာကိုမျှမကြားရတော့ပါ။ နှုတ်ခမ်းသားများအကြားမှ နောက်ဆုံးထွက်ပေါ်လာသည့်အော်ဟစ်သံသည်ကား "အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား၊ အဘယ်သူသည် ခံရပ်နိုင်မည်နည်း။" မတရားသောသူအပေါင်းက တောင်များပြိုကျရာ၌ ကျောက်များ၏အောက်တွင် မြှုပ်နှံပြီးဖြစ်ပါစေသော။ အကျွန်ုပ်တို့နှိမ့်ချအထင်သေးလျက်ပစ်ပယ်ထားခဲ့သူ ထိုကိုယ်တော်ဘုရားသခင်၏မျက်နှာတော်ကို မဖူးမတွေ့ရပါစေနှင့်ဟူ၍ တောင်းလျှောက်ကြပါလေတော့သည်။

**မတရားသောသူများအတွက်ခါးသီးမှု**

သေဆုံးပြီးသူ၏နားထဲသို့ ထိုးဖေါက်ဝင်ရောက်သည့်ထိုအသံကို သူတို့သိကြပါသည်။ ရိုးစင်းလျက် နူးညံ့သောသံစဉ်သံထားဖြင့် သူတို့ကို နောင်တတရားရရှိကြရန် အကြိမ်ကြိမ်ဖြွက်ဆိုခဲ့သည်။ မိတ်ဆွေတစ်ဦး၊ ညီအစ်ကိုတစ်ယောက်၊ ရွေးနုတ်သူတစ်ဦး၏အရေးတယူကြင်နာမှုဖြင့် အကြိမ်ကြိမ်ကြားခဲ့ရသောအသံဖြစ်ပါသည်။ ကိုယ်တော်ဘုရားသခင်၏ကျေးဇူးတော်ကို ငြင်းပယ်ခဲ့ကြသူများအဖို့မူ အပြစ်တင်ခြင်း၊ အပြစ်နှင့်သတိပေးမှုဟူသည် အခြားမှာမရှိနိုင်တော့ပြီ။ ထိုအသံ

ကကြာရှည်လေးမြင့်စွာဖြင့် ထက်ထက်သန်သန်တောင်းဆိုခဲ့သည်ကား "သင်တို့လိုက်သောလမ်းဆိုးမှ လွှဲကြလော့၊ လွှဲကြလော့၊ အဘယ်ကြောင့်အသေခံလိုကြသနည်း" (ယေဇကျေလ ၃၃း၁၁။) အလိုလေး၊ ထိုအသံသည် သူတို့အဖို့ သူစိမ်းတစ်ရံဆံတစ်ဦး၏အသံပါတကား။ ယေရှုက မိန့်ကြားတော်မူသည်မှာ "ငါသည်ခေါ်၍ သင်တို့သည် ငြင်းပယ်သောကြောင့်လည်းကောင်း၊ ငါ့လက်ကိုဆန့်၍ အဘယ်သူမျှ မမှတ်သောကြောင့်လည်းကောင်း၊ ငါသတိပေးခြင်းရှိသမျှကို သင်တို့သည်ပယ်၍ ငါဆုံးမသောစကားတစ်ခွန်းကိုမျှ နားမခံဘဲနေသောကြောင့်" (သု ၁း၂၄၊၂၅။) ထိုအသံတော်သည် သူတို့မေ့ပျောက်ပျက်ပြယ်ခဲ့လေဟန်ပြုမည့်မှတ်ဉာဏ်များကို ပြန်လည်သတိယစေကာ ကြိုတင်သတိပေးချက်များအား အထင်အမြင်သေးနှိမ့်ချခြင်း၊ ဖိတ်ခေါ်မှုများကိုလည်းငြင်းပယ်ခဲ့ခြင်း၊ ပေးသနားတော်မူသည့်အခွင့်ထူးများကို ငြူစူစောင်းမြောင်းခြင်းများအား အမှတ်ရအောက်မေ့စေပေတော့သည်။

ခရစ်တော်တွင် အရှက်ရအနှိမ့်ချခံနေရချိန်တွင် ပြက်ရယ်ပြုကာရယ်မောကာဖြင့် နေခဲ့ကြသူများရှိပါ၏။ စိတ်လှုပ်ရှားဖွယ်ရာသော ခံစားမှုစွမ်းပကားဖြင့် ခရစ်တော်၏နှုတ်တော်ထွက်စကားရပ်များသည် သူတို့၏စိတ်ထဲပြန်ဝင်ရောက်လာသည်မှာ ယဇ်ပုရောဟိတ်မင်းကြီးက စိတ်သက်သန်စွာဖြင့် မေးမြန်းလာချိန်၌ ကိုယ်တော်ကတည်ကြည်လေးနက်စွာဖြင့် မိန့်ဆိုသည်ကား "သင်ဆိုသည်အတိုင်းမှန်၏၊ ထိုမျှမက ငါဆိုသည်ကား နောင်ကာလ၌ ကိုယ်တော်ကတည်ကြည်လေးနက်စွာဖြင့် မိန့်ဆိုသည်ကား "သင်ဆိုသည်အတိုင်းမှန်၏၊ ထိုမျှမက ငါဆိုသည်ကား နောင်ကာလ၌ လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက် မိုးတိမ်းကိုစီး၍ ကြွလာသည်ကို သင်တို့မြင်ရကြလတ္တံ့" (မဿဲ ၂၆း၆၄။) ယခုအခါ သူတို့သည် ကိုယ်တော်အား သူ၏ဘုန်းကျက်သရေအားဖြင့် မြင်ရကြပြီ။ ထိုနောက်တွင်မူ

တန်ခိုးတော်၏လက်ယာဘက်၌ ထိုင်နေတော်မူသည်ကို တွေ့မြင်ရလိမ့်ဦးမည်။

ဘုရားသခင်၏သားတော်ဖြစ်သည်ဟူသော မိန့်ကြားချက်အား ပြက်ရယ်ပြုခဲ့သူအပေါင်းတို့မှာ ယခုအခါ ပြောစရာအချက်မရှိဖြစ်ရကြလေ၏။ မောက်မာလျက် ဘဝင်မြင့်သူဟေရုဒ်မင်းကြီးသည် ကိုယ်တော်၏ဘွဲ့တော်ကို ရိုင်းပျစွာရယ်စရာတစ်ခုပြုလုပ်လျက် နောက်ပြောင်နေသော သူ့ရဲမက်များအား ကိုယ်တော်ကိုသရဖူဆောင်းပေးရန် ပြောကြားခဲ့ပေသည်။ ကိုယ်တော်၏ခန္ဓာကိုယ်ပေါ်သို့ ခရမ်းရောင်ခြုံထည်ကို လွှမ်းခြုံပေးရာ၌ မရှိမသေပြုသူများ ကိုယ်တော်၏မွန်မြတ်သောမျက်ခုံးတော်အထက်သို့ ဆူးရစ်ခွေဖြင့် ဖန်တီးထားသောသရဖူကိုဆောင်းပေးသူနှင့် မခုခံမငြင်းဆန်သည့်ကိုယ်တော်၏လက်ထဲသို့ကျူတစ်လုံးကိုထည့်ပေးကာ ကိုင်စေပြီးလျှင် ရှေ့တော်မှာဒူးများထောက်ကြလျက် ကိုယ်တော်အား ပြက်ရယ်ပြုစော်ကားမော်ကား ပြောကြားခဲ့ကြပေသည်။ အသက်၏အရှင်သခင်ကြီးအား ပြင်းထန်သောရိုက်ချက်ဖြင့် နာကျင်စေကာ တံတွေးဖြင့်ထွေးခဲ့ကြသူများသည် ယခုအခါ၌မူ ကိုယ်တော်၏စူးစိုက်ထိုးဖောက်သည့် ငေးစိုက်ကြည့်ခြင်းကိုလွှဲရှောင်ရန်အပြင် ကိုယ်တော်၏ဘုန်းထင်ရှားခြင်းမှ လွှမ်းမိုးသည့်အစွမ်းသတ္တိကို မခံနိုင်ကြလျက် ထွက်ရှောင်ရန်ကြိုးပမ်းကြ၏။ ကိုယ်တော်သခင်၏ခြေလက်တို့အား သံဖြင့်ရိုက်သွင်းခဲ့ကြသူများ ကိုယ်တော်၏နံဘေးတော်ကို လှံဖြင့်ထိုးဖောက်သောစစ်သူရဲမှာ ဤဒဏ်ရာချက်များ၏အရာကိုတွေ့မြင်သည့်အခါ တုန်လှုပ်မှုဖြင့် နောင်တရရှိကြလေ၏။

ကြောက်မက်ဖွယ်ရာထင်ရှားမှုကြီးအားဖြင့် ကရာနီတောင်ကုန်းပေါ်မှာ ဖြစ်ပျက်ခဲ့သည့်ဖြစ်စဉ်ရုပ်များအား ယဇ်ပုရောဟိတ်များနှင့်

အုပ်ချုပ်သူများက ပြန်ပြောင်းသတိယမိကြပါသည်။ သူတို့သည် ထိုစဉ်က ခေါင်းတညိတ်ညိတ်ပြုလျက် နတ်ဆိုး၏ဝမ်းမြောက်ခြင်းဖြင့် ပျော်ရွှင်ခဲ့ကြခြင်းကို တုန်လှုပ်ကြောက်ရွံ့စွာဖြင့် အမှတ်ရမိကြ၏။ သူတို့က ကျယ်ကျယ်လောင်လောင် ပြောဆိုခဲ့သည်ကား "သူသည် တစ်ပါးသူကိုကယ်တင်နိုင်ခဲ့၏။ ကိုယ်ကိုမကယ်တင်နိုင်ပါတကား၊ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင်ငါတို့ယုံကြည်မည်။ သူသည်ဘုရားသခင်ကိုကိုးစားပြီ။ ငါသည် ဘုရားသခင်၏သားဖြစ်၏ဟုဆိုပြီ။ သို့ဖြစ်၍ ဘုရားသခင် သည် သူ၌အလိုတော်ရှိလျှင် ယခုပင်ကယ်တင်တော်မူပါလေစေဟု ပြက်ရယ်ပြု၍ပြောဆိုကြ၏။" မဿဲ ၂၇း၄၂၊၄၃။

ရှင်းလင်းစွာဖြင့်ပင်လျှင် သူတို့ပြန်လည်သတိတရရှိသည်ကား၊ ကယ်တင်ပိုင်သူသခင်သည် သင်ခန်းစာပေးပုံတို့အားဖြင့် စပျစ်ခြံကို ကြည့်ရှုစောင့်ရှောက်ရသော အလုပ်သမားတို့က ခြံမှတ်ထွက်ရှိသော အသီးကို ခြံပိုင်ရှင်သခင်အား အပ်နှင်းမပေးသည့်အပြင် ခြံရှင်သခင်၏ အစေအပါးများနှင့် ခြံရှင်၏သားကိုလည်း သတ်ဖြတ်ခဲ့သည့်ကိစ္စကို အောက်မေ့သတိရကြပါ၏။ သူတို့မှတ်မိပြန်သည့်အရေးကား သူတို့ ကိုယ်၌က ထုတ်ဖော်ပြောဆိုချက်ပေတည်း။ ခြံပိုင်ရှင်အနေဖြင့် "စပျစ်ခြံရှိ ဆိုးညစ်၍မတရားသောသူများကို စိတ်ပျက်ဖွယ်ကောင်း လောက်အောင် ဖျက်ဆီးပစ်လိမ့်မည်" ဟူသော အချက်ပင်တည်း။ ထိုသူတို့၏အပြစ်ပြုခြင်းနှင့် အပြစ်ဒဏ်ခံရခြင်းမှာ မိမိတို့၏ဖြောင့်မတ် ခြင်းတရားကင်းမဲ့မှုကြောင့်ဖြစ်ကြောင်း ယဇ်ပုရောဟိတ်များနှင့် လူအကြီးအကဲတို့က မိမိတို့၏နောက်ဆုံးပျက်စီးခြင်းလမ်းစဉ်ကို မြင်တွေ့နေရခြင်းဖြစ်ပါ၏။ ထိုအခါ ခံထိုက်သည့်သူတို့၏ကိုယ်ပိုင်

ဘဝကြမ္မာကို သူတို့သိရှိနားလည်နေစဉ်အခိုက်မှာပင် "သူ့ကိုလက်ဝါး ကပ်တိုင်မှာရိုက်ထားပါ၊ ရိုက်ထားပါ" ဟူသော လူတို့၏အော်ဟစ်သံ တစ်ခုသည် ထွက်ပေါ်လာပါ၏။ အသံမှာကျယ်လောင်လှသည်ဖြစ်ရ ကား ယေရုရှလင်မြို့တော်၏လမ်းမများတစ်လျှောက် ပျံ့နှံ့သွားတော့ သည်။ ထိုအခါ စိတ်ပျက်လက်ပျက်မြည်တမ်းရေရွတ်ခြင်းကား သူသည်ကား၊ ဘုရားသခင်၏သားတော်အမှန်တည်း။ သူသည်ကား၊ မေရှိယသခင်အမှန်ပေတည်း" ဟူသောအသံများက လွှမ်းမိုးသွားပါ လေသည်။ ဘုရင်တကာတို့၏ဘုရင်ရှေ့တော်မှောက်မှ သူတို့သည် စွန့်ခွာပုန်းရှောင်ရန် ကြိုးပမ်းကြပါ၏။ မြေကြီးအောက်လိုဏ်ဂူတွင်း ချိုင့်ဝှမ်းများသည် စစ်ကြောင့်ဖြစ်နေသည့်သဘာဝတရား၏ဒဏ်ချက် ရာဖြင့် အက်ကွဲကုန်လျက် သူတို့ပုန်းအောင်းခိုလှုံရန် ကြိုးပမ်းမှုသည်သာ အချည်းနှီးဖြစ်ရပါတော့သည်။

တည်ကြည်ဖြောင့်မတ်ခြင်းတည်းဟူသော အမှန်တရားကို ငြင်းပယ်သူအပေါင်းတို့၏ဘဝအသက်တာများတွင် အသိစိတ်တရား တည်းဟူသော အမှားနှင့်အမှန်ကို ကွဲကွဲပြားပြားသိရှိခြင်းသည် နိုးထ လာချိန်များရှိလေ့ရှိထဖြစ်တတ်ပါသည်။ ထို့အပြင် ကြောင်သူတော် ဘဝနှင့် လူ့စိတ်စေတသိက်ကို အလဟဿဖြစ်စေသည့် စိတ်သောက ဗျာပါဒများဖြင့် နှောင့်ယှက်ခံရမှုတစ်ရပ်အား ပြန်လည်မှတ်မိစေသည့် စိတ်သောကကို မှတ်ဉာဏ်ကပြန်လည်ဖော်ပြပေးပါသည်။ သို့ရာတွင် နောင်တတရားပေါ်ပေါက်လာရစေသည့် "သင်တို့ကြောက်မက် ဖွယ်သောအမှုသည် သုတ်သင်ပယ်ရှင်းခြင်း အမှုကဲ့သို့လည်းကောင်း၊ သင်တို့ပျက်စီးခြင်းအမှုသည် လေပြင်းမုန်တိုင်းကဲ့သို့လည်းကောင်း ရောက်လာ၍" (သု ၁း၂၇။) ဟူသော အချက်များနှင့် ယှဉ်လိုက်လျှင်

ဤအမှုအရာတို့သည် မပြောပလောက်ပေ။ သခင်ယေရှုခရစ်တော်နှင့် သူ၏ကတိစောင့်သိရိသေသူအပေါင်းကို ဖျက်ဆီးသုတ်သင်မည့်သူတို့ သည် ယခုမူ သူတို့အပေါ် ဘုန်းတနန်ခိုးဖြန့်ကြက်ခြင်းကို ထင်ထင် ရှားရှားသိမြင်ခံစားနေရပြီဖြစ်ပါ၏။ သူတို့၏အကြောက်တရားလွှမ်းမိုး နေချိန်အတွင်းမှာပင် သူတို့သည် သူတော်စင်အပေါင်း၏ ပြောဆို နေသောဝမ်းမြောက်မှုပြည့်နေကြသည့် အသံကိုကြားမိကြသည်ကား "ကြည့်ရှုလော့၊ ထိုသခင်ကား ငါတို့မျှော်လင့်သော ငါတို့၏ဘုရား သခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။" ဟေရှာယ ၂၅း၉။

## ဖြောင့်မတ်သူတို့အတွက်ကောင်းချီး

ကမ္ဘာမြေကြီးယိမ်းထိုးကာ လျှပ်စီးများပြက်၍ မိုးထစ်ချုန်းသံ များဆူညံနေသည့်အကြားမှပင် အိပ်ပျော်နေသောသူတော်စင်များကို နိုးထလာကြစေရန်အတွက် ဘုရားသခင်၏သားတော်၏အသံကို ကြားမိ ကြပါသည်။ သားတော်ဘုရားသခင်က သင်္ချိုင်းမြေရှိအုတ်ဂူများတွင် လဲလျောင်းနေသည့် ဖြောင့်မတ်သူတို့အား မိမိလက်နှစ်ဖက်ကို မြှောက်တင်လျက် ဟစ်ကြွေးသည်ကား "ထလော့၊ ထလော့၊ ထလော့၊ မြေ၌အိပ်နေသူအပေါင်းတို့ နိုးထကြလော့" မြေကြီးတစ်နံ တစ်လျား၌ရှိရှိသမျှသော ခရစ်တော်၌သေဆုံးသူအပေါင်းတို့သည် ထိုအသံကိုကြားရကြလျက် ကြားရသောသူသည် အသက်ရှင်ရ လိမ့်မည်။ ထိုအခါ တစ်လောကလုံးရှိ ဘာသာအသီးသီးကိုပြောသော လူသားမျိုးနွယ်တို့ဖြင့် စုစည်းထားသည့်မဟာအင်အား အစုအဝေး ကြီး၏ခြေနင်းသံကြောင့် မြေကြီးသည်ညံ၍ တုန်လှုပ်နေပါမည်။

သေဒဏ်ပေးရာအကျဉ်းစခန်းရှိ သူအပေါင်းတို့သည်လည်း မသေ မပျောက်နိုင်သည့်အောင်မြင်မှုဖြင့် လွှမ်းခြုံလျက် ဟစ်ကြွေးသည်ကား “အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း၊ အိုမရဏာ နိုင်ငံ သင်၏အောင်ခြင်းသည် ဘယ်မှာရှိသနည်း။” ၁ကော ၁၅း၅၅။ ဆက်လက်၍ အသက်ရှင်နေသော ဖြောင့်မတ်သူများနှင့် ပြန်လည် ထမြောက်လာကြသော သူတော်စင်အပေါင်းတို့သည် ရှည်လျားပြီး ဝမ်းမြောက်မှုပြည့်သည့် အောင်နိုင်ခြင်းဟစ်ကြွေးမှု၌ ပူးပေါင်း ကြွေးကျော်ကြပါလေတော့သည်။

အားလုံးသောထမြောက်သူများသည် သူတို့၏အိပ်ပျော်ရာ သင်္ချိုင်းများမှထွက်လာကြရာတွင် ယခင်သူတို့ဝင်ရောက်ခဲ့ရသော ဂူများသို့သွင်းချိန်၌ရှိသော အရပ်အမောင်းများရှိသည့် အတိုင်းပင် ဖြစ်ပါ၏။ ထမြောက်ခဲ့သည့်လူအုပ်စုအတွင်း အာဒံသည် ဘုရားသခင် ၏သားတော်ထက် အရပ်နည်းငယ်နိမ့်သော်လည်း တင့်တယ်သည့် ကိုယ်ဟန်အနေအထားဖြင့် အရပ်မြင့်မြင့်ရပ်တည်နေပါ၏။ သူ့နောက် ပေါ်ပေါက်သည့်မျိုးဆက်များနှင့် သိသာသည့်ကွဲပြားမှုအားဖြင့် လူသားမျိုးနွယ်၏ တိုးတက်မှုဆုတ်ယုတ်သောလက္ခဏာကို မြင်ရ ပါသည်။ သို့ပင်ဖြစ်သော်ငြားလည်း အားလုံးတို့သည် ထာဝရနုပျို ခြင်းနှင့် စွမ်းအားပြည့်လန်းဆန်းမှုရှိနေသည်ကို လှုပ်ရှားမှုအရ သိနိုင် ပါ၏။

အစအဦး၌လူသားကို ထာဝရဘုရားသခင်က အသွင်တူ ဖန်ဆင်းထားခဲ့ပေရာ ကိုယ်ကျင့်တရား၌သာအဟုတ်မှုဘဲ ပုံပန်းသဏ္ဍာန်နှင့် မျက်နှာသွင်ပြင်တို့တွင်လည်းတူညီပါသည်။ အပြစ်တရားသည် မျက်နှာပျက်စေခဲ့ရုံမျှမက မွန်မြတ်သန့်စင်သောပုံရိပ်ကိုပါ ဖျက်ဆီး

ပစ်ခံရနီးနီးဖြစ်ခဲ့လေ၏။ သို့သော် ခရစ်တော်သည် ပျောက်ဆုံးခဲ့ရသောအရာကို ပြန်လည်တည်ဆောက်ပေးရန် ကြွဆင်းလာခဲ့ပေသည်။ ကိုယ်တော်သခင်က ကျွန်ုပ်တို့၏တန်ဖိုးမဲ့ခန္ဓာအိမ်များကို သူ၏ကျက်သရေတင့်တယ်သောခန္ဓာကိုယ်ကဲ့သို့ ပြောင်းလဲပြုပြင်ပေးလိမ့်မည်ဖြစ်ပါသည်။ သေတတ်၊ ပုပ်စပ်တတ်သောပုံပန်းသဏ္ဍာန်တွင် ကျက်သရေကင်းမဲ့ခြင်း၌ အပြစ်မကောင်းမှုတစ်ခါ ကျူးလွန်ရုံမျှဖြင့် ဖေါက်ပြန်တတ်သည်ကိုစုံလင်ခြင်း၊ လှပခြင်းနှင့်မသေမပျောက်နိုင်ခြင်းအဖြစ်ကိုရရှိလာစေမည်ဖြစ်ပါ၏။ အပြစ်အနာအဆာများနှင့် ပုံပျက်ပန်းပျက်ဖြစ်မှုအားလုံးသည် မရဏာနိုင်ငံတွင် ချန်ထားခြင်းခံရမည်ဖြစ်ပါသည်။ ထိုအခါ လူသားမျိုးနွယ် တစ်စုလုံးသည် အပုပ်ကောင်ကိုသရုပ်ဆောင်သောသတ္တဝါမဟုတ်တော့ပါ။

ကြာမြင့်စွာပျောက်ဆုံးခဲ့ပြီဖြစ်သော ဧဒင်ဥယျာဉ်ရှိ အသက်ပင်သို့ပြန်လည်ပို့ဆောင်ခြင်းခံရသော ရွေးနုတ်ကယ်တင်ခြင်းခံရသူအပေါင်းတို့သည် ရှင်သန်ကြရပါလိမ့်မည်။ (မာလခိ ၄း၂)။ ကမ္ဘာ၏ရှေးအကျဆုံးအချိန်က ဘုန်းအသရေရှိသည့်လူသားမျိုးနွယ်၏အနေအထားမျိုးသို့ပြန်ရောက်ရပါလိမ့်မည်။ အပြစ်နှင့်သက်ဆိုင်သည့်နောက်ဆုံးတဝဲလည်လည်ရှိနေသည့် ကျိန်ခြင်း၏အငွေ့အသက်များသည်လည်း ဖယ်ရှားခြင်းကိုခံရလိမ့်မည်ဖြစ်လျက် ခရစ်တော်သခင်၏သစ္စာရှိနောက်လိုက်များအနေဖြင့် ထာဝရဘုရားသခင်၏လှပကျော့ရှင်းခြင်းတွင် အသွင်တူပေါ်လာပေလိမ့်မည်။ စိတ်စေတသိက်နှင့်ခန္ဓာအိမ်တို့တွင် ကိုယ်တော်သခင်၏ပုံရိပ်၌ စုံလင်ခြင်းရှိသကဲ့သို့ ရောင်ပြန်ဟပ်ကြပါလိမ့်မည်။ အလိုလေး၊ အံ့သြဖွယ်ရာ ရွေးနုတ်ကယ်တင်ခြင်းပါတကား။ ဤကယ်တင်ခြင်းအကြောင်း ကြာရှည်လေးမြင့်

ပြောခဲ့ကြ၊ မျှော်လင့်ခဲ့ကြပါသည်မဟုတ်လော။ ထက်သန်စွာသော ကြိုတင်မျှော်မှန်းစဉ်းစားတွေးခေါ်မှုပြုခဲ့ပါသော်လည်း ဘယ်သော အခါကမျှ အပြည့်အဝနားလည်နိုင်ခဲ့ရကြသည်မဟုတ်ပေ။

အသက်ရှင်နေသောဖြောင့်မတ်သူအပေါင်းတို့သည် မျက်စိ တစ်မှိတ်လျှပ်တစ်ပြက်အတွင်း တစ်ခဏတာမျှဖြင့်ပင် ပြောင်းလဲ ကြရပါသည်။ ထာဝရဘုရားသခင်၏အသံတော်အားဖြင့် သူတို့သည် ကြီးကျယ်မြင့်မြတ်သည့် ဘုန်းဝင်စားသောအဖြစ်သို့ရောက်စေပါသည်။ ယခုအခါတွင် သူတို့အား မသေမပျောက်နိုင်သည့်အဖြစ်သို့ပြောင်းကာ ထမြောက်ခဲ့သူတို့နှင့်အတူ မိုးတိမ်ပေါ်ရှိသခင်ဘုရားအား တွေ့ဆုံနိုင်ရန် ချီဆောင်ခြင်းခံရကြပါသည်။ ကောင်းကင်တမန်အပေါင်းတို့သည် ကိုယ်တော်၏ရွေးချယ်ခံရသူတို့အား အရပ်လေးမျက်နှာမှ စုစည်း သိမ်းယူလျက် ကောင်းကင်၏တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်း ကူးလူးလှုပ်ရှားဆောင်ရွက်နေကြပါသည်။ ကလေးသူငယ်များအား သန့်ရှင်းသူကောင်းကင်တမန်အပေါင်းကလည်း သူတို့၏မိခင်များ ရင်ခွင်သို့ပို့ဆောင်ပါသည်။ သေဆုံးခြင်းဖြင့် ကြာမြင့်စွာခွဲခွာနေရသူ မိတ်ဆွေများသည် ပြန်လည်ပေါင်းစည်းခံရကာ အဘယ်သောအခါမှ ခွဲခွာရမည်မဟုတ်ဘဲ တေးသီချင်းများ သီဆိုကျူးရင့်ကြကာ ထာဝရ ဘုရားသခင်၏မြို့တော်ကြီးရှိရာသို့ ဝမ်းမြောက်ခြင်းဖြင့်တက်လှမ်းရန် အတူတကွဆောင်ရွက်ကြပါမည်။

တိမ်များထူထပ်စွာဖုံးသည့်ရာထးပုံများ၏ တစ်ဖက်တစ်ချက်စီ၌ အတောင်ပံများရှိလျက် အောက်ဘက်တစ်ဖက်စီတွင် ရှင်သန် လည်ပတ်ကာ အထက်သို့လိမ့်တက်သည့်ရထားဘီးများမှ “သန့်ရှင်း” ဟူသော အသံသည် ထွက်ပေါ်ပြီးလျှင် အတောင်ပံများလှုပ်ခတ်ရာ၌ “သန့်ရှင်း” ဟူသောအသံထွက်၍ ခရစ်တော်သခင်၏ရံရွေတော်

တမန်များက "ထာဝရတန်ခိုးနှင့်ပြည့်စုံ၍ ယခုအချိန်၊ လွန်ခဲ့သော အချိန်၊ နောင်လာမည့်အချိန်ကာအစဉ်ရှိတော်မူသော ထာဝရ ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟူ၍ ပြောဆိုကြလေသည်။ ရွေးနုတ်ခံသူ အပေါင်းတို့လည်း "ဟာလေလုယာ" ဟူ၍ သီဆိုဟစ်ကြွေးကြစဉ် ယေရုရှလင်မြို့တော်အသစ်ထံပါးသို့ ရထားသည်ထိုးတက်သွားပါ၏။

ထာဝရဘုရားသခင်၏မြို့တော်တွင်းသို့ မဝင်ရောက်မီ ခရစ်တော် ကယ်တင်သခင်က ကိုယ်တော်၏နောက်တော်လိုက်အပေါင်းတို့အား အောင်နိုင်ခြင်းအထိမ်းအမှတ်များကို ပေးအပ်ပြီးလျှင် သူတို့ရရှိထား သော တော်ဝင်အနေအထားကို ဂုဏ်ပြုသည့်အဆောင်အယောင်ကို အပ်နှင်းလိုက်ပါ၏။ အလင်းရောင်ပြန်နေသည့် အတန်းလိုက်၊ အဆင့်လိုက်ရှိသောကောင်းကင်သားများအား ၎င်းတို့၏ဘုရင်မင်းကြီး ၏ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ကောင်းကင်ယံ၌ အခေါင်းပေါ်က်ရှိသည့် စတုရန်းပုံစံဖြင့် ခြံရံထားစေရာ မင်းကြီး၏ပုံပန်းသဏ္ဌာန်တော်မှာ ဘုန်းတန်ခိုးတော်အားဖြင့် သူတော်စင်နှင့် ကောင်းကင်တမန်ထက် မြင့်မားသောနေရာတွင် ထင်ရှားပေါ်လွင်နေပါသည်။ မင်းကြီး၏ မျက်နှာသွင်ပြင်မှာ သူတို့အပေါ် ကျေးဇူးတော်ကြီးမားသည့် ချစ်ခင် ကြင်နာမငြဖြင့် ဝင်းပလျက်ရှိပါ၏။ ရွေးနုတ်ခံရသူအပေါင်းတို့၏ ဦးရေမှာလည်း အရေအတွက်သတ်မှတ်ထားခြင်းမရှိသည့် ဗိုလ်ခြေ အင်အားစုတွင် တစ်ဦးတစ်ယောက်စီတိုင်း၏ရှုမြင်ချက်မှာ ကိုယ်တော် အပေါ်၌သာ စူးစိုက်မှုထားရှိကြပေရာ၊ မျက်လုံးတိုင်းတွင် ကိုယ်တော်၏ ဘုန်းကြီးတော်မူခြင်းကို တွေ့မြင်ရကြပါ၏။ "တစ်ချိန်သောအခါ ကာလ၌ ကိုယ်တော်၏ရွှေမျက်နှာသည် မည်သည့်လူသားထက်မဆို

ပို၍ထိခိုက်နာကျင်မှုနှင့် ကိုယ်တော်၏ခန္ဓာအိမ်သည် လူအပေါင်း၏ သားသမီးတို့ထက် ပို၍ပျက်စီးမှုကို ခံစားခဲ့ရကြောင်း” အားလုံးက သိထားကြပြီဖြစ်ပါသည်။

ကောင်းကင်ဘုံသို့ရောက်ရှိလာသူအပေါင်း၏ ဦးခေါင်းထက်တွင် ကိုယ်တော်တိုင်၏ညာဘက်လက်ဖြင့် ယေရှုသခင်က မြင့်မြတ်သည့်အထိမ်းအမှတ်သရဖူကို ဆောင်းပေးလေသည်။ တစ်ယောက်စီတိုင်းအတွက် သရဖူတစ်ခုစီတိုင်းတွင် ထိုသူ၏ကိုယ်ပိုင်နာမအသစ် (ဗျာ ၂း၁၇)နှင့် ထွင်းထားသည့်စာတမ်းကား၊ “ထာဝရဘုရားသခင်အား သန့်ရှင်းခြင်း” ဟုအက္ခရာတင်ထားပါ၏။ တစ်ဦးစီ၏လက်ထဲတွင် အောင်နိုင်ခြင်းအထိမ်းအမှတ်စွန်ပလွံခက်နှင့် တောက်ပြောင်နေသည့်စောင်းတော်ကိုထည့်ပေးထားပါသည်။ ထိုနောက် ဦးဆောင်ကောင်းကင်တမန်များက တေးဂီတကော်တအတိုင်း စတင်၍တီးခတ်ကြလေရာ လက်တိုင်းသည်စောင်းကြိုးများအား ကျွမ်းကျင်စွာ သိမ်းစုတီးခတ်လိုက်သောအခါ ချိုသာသည့်သံစဉ်များသည် သာယာနာပျော်ဖွယ်နှင့်နားဝင်ပီယံဖြစ်လှပါတော့သည်။ ဖော်ပြနိုင်ခြင်းငှာမစွမ်းသောပျော်ရွှင်ကြည်နူးမှု၊ စိတ်အားထက်သန်မှုကိုဖြစ်စေသည့် ခံစားချက်သည် နှလုံးသားတိုင်းတွင် ဖြစ်ပေါ်လာလျက် တစ်ဦးစီ တစ်ဦးစီတိုင်းက ကျေးဇူးတော်ကို ချီးမွမ်းသည်ကား “ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍ မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း ခန့်ထားတော်မူသောသူသည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ ဗျာ ၁း၅၊၆ ဟူ၍ ဖြစ်ပါသည်။

## ရွေးနုတ်ခံအပေါင်းတို့၏တေးသီချင်း

အသက်ပေးလျက် ရွေးယူခဲ့ရသောအုပ်စု၏ရှေ့မှောက်မှာ သန့်ရှင်းသောမြို့တော်သည် ရပ်တည်လျက်ရှိပါ၏။ ပုလဲတို့ဖြင့် တန်ဆာဆင်ထားသည့်တံခါးပေါက်များကို ယေရှုသခင်သည် ကျယ်ကျယ်ဖွင့်ထားပေးပါ၏။ ထိုနေရာသို့ အမှန်တရားကိုစောင့်ထိန်းခဲ့သည့် လူမျိုးအပေါင်းတို့သည်ဝင်ကြပါသည်။ ထာဝရဘုရားသခင်၏ပရဒိသုဘုံကို အာဒံအပြစ်ကင်းစင်စဉ်ဘဝ၌ရှိသည့်အတိုင်း ထိုနေရာတွင် သူတို့မြင်တွေ့ရကြပါသည်။ ထိုနောက်မှ လူသား၏နားဝယ် ပထမအကြိမ်ကြားရသည်ဖြစ်သော သီကြွေးသမျှသောတေးဂီတသံစဉ်အပေါင်းတို့ထက် ပိုမိုသာယာငြိမ့်ညောင်းသည့်အသံကို ကြားရသည်ကား "သင်တို့၏ရုန်းရင်းဆန်ခတ်သည် ပြီးဆုံးပါပြီ။" "ငါ့ခမည်းတော် ဘုရားသခင်၏ကောင်းချီးကိုခံရသူတို့၊ လာကြလော့၊ ကမ္ဘာမြေတည်ရှိချိန်မှစတင်လျက် ကျေးဇူးတော်အားဖြင့် တည်ဆောက်ပေးထားသည့် ဤနိုင်ငံတော်၌ အမွေဆက်ခံကြကုန်လော့။"

ယခုအခါ ကိုယ်တော်၏နောက်လိုက်တပည့်အပေါင်းတို့အတွက် ကယ်တင်သခင်ပြုခဲ့သောတောင်းဆုသည် ပြည့်စုံပြီဖြစ်ပါသည်။ "အကျွန်ုပ်အားပေးတော်မူသောဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏။" "အပြစ်မရှိဘဲ ရှေ့၌ဆက်သခြင်းငှာ" (ယုဒ ၂၄)။ ခရစ်တော်သခင်က မိမိ၏အသွေးတော်ဖြင့် ဝယ်ယူခဲ့ပြီးသူတို့အား အဖခမည်းတော်ထံ ဆက်ကပ်

ရာ၌ မိန့်မြွက်တော်မူသည်မှာ "အကျွန်ုပ်အား ကိုယ်တော်ဘုရားသခင် ပေးတော်မူသောသားသမီးတို့နှင့်အတူ အကျွန်ုပ်သည် ဤနေရာ၌ ရောက်ပါပြီ။" "ကိုယယတော်သည်အကျွန်ုပ်အားပေးခဲ့ပြီ၊ သူတို့အား အကျွန်ုပ်သည်စောင့်ရှောက်ခဲ့လေပြီ။" အလိုလေး၊ အခပေးလျက် ရယူသည့် ချစ်ခြင်းမေတ္တာ၏အံ့သြဖွယ်ရာများပါတကား။ ထာဝရ တန်ခိုးသခင်အဖခမည်းတော်က တန်ဖိုးပေးကာ ရွေးယူလာရသူများ အပေါ် စီးမိုးကြည့်ရှုနေသည့် ထိုအချိန်နာရီ၏ပီတိသုခတွင် သူ၏ နိမိတ်ပုံရိပ်အားမြင်တွေ့ရခိုက် အပြစ်တရား၏အငြင်းပွားချက်သည် အဝေးသို့လွင့်စဉ်လျက် မကောင်းမှုအရှိန်အဝါ ပျက်ပြယ်ဖယ်ရှား ခံရပြီးလျှင် လူသားသည် မွန်မြတ်သောအရာနှင့် တစ်ဖန်ပြန်၍ သဘောတိုက်ဆိုင်ညီညွတ်မှုကို ရရှိပြန်လေသည်။

ထုတ်ဖော်မြွက်ဆိုရန်မစွမ်းသာသော ချစ်ခြင်းတရားဖြင့် ယေရှု သခင်သည် သစ္စာစောင့်သိသူ ကိုယ်တော်၏လူတို့အား ထာဝရဘုရား သခင်၏ဝမ်းမြောက်ခြင်းသုခချမ်းသာသို့ ကြိုဆိုလက်ခံပါ၏။ ကယ်တင်သခင်၏ဝမ်းမြောက်မှုသည် သူကိုယ်တိုင်အနှိမ့်ချခံပြီး နာကျင် မှုဝေဒနာကိုခံခြင်းဖြင့် ကယ်တင်လိုက်ရသူတို့အား ဘုန်းကျက်သရေ တင့်တယ်သည့် နိုင်ငံတော်တွင် မြင်တွေ့ရသည်၌ ဖြစ်ပေါ်ပါသည်။ ထိုနောက် ရွေးနုတ်ကယ်တင်ခြင်းခံရသူတို့သည် ကောင်းချီးကို ခံယူရရှိခဲ့သူများ၏အထဲ၌ ထိုသူများ၏ဆုတောင်းချက်များအား ဖြင့်လည်းကောင်း၊ ၎င်းတို့၏လုံ့လဝီရိယနှင့် ၎င်းတို့ချစ်နှစ်သက် စွာသော စွန့်လွှတ်ဆက်ကပ်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်ထံ သိမ်းဆည်းခံရသူများအဖြစ် မြင်တွေ့ရသည့်အခါ ကိုယ်တော်၏ ဝမ်းမြောက်ခြင်း၌ မျှဝေခံစားရသူများဖြစ်ကြပါလိမ့်မည်။ ကြီးမား

ဖြူဖွေးသည့်ပလ္လင်တော်တစ်ဝိုက်တွင် သူတို့စုဝေးကြရာ၌ ဖေါ်ထုတ် ပြောကြားခြင်းငှာ မတတ်သာသည့်ဝမ်းမြောက်ခြင်းသည် သူတို့၏ နှလုံးသားထဲတွင် အပြည့်ရှိပါလိမ့်မည်။ ခရစ်တော်အတွက် သူတို့ သိမ်းဆည်းပေးခဲ့သော ထိုသူများအား သူတို့မြင်တွေ့သောအခါနှင့် တစ်ယောက်သောသူသည် အခြားသောသူတို့အား သိမ်းဆည်းပေး ခဲ့လျက် ထိုသူတို့ကလည်း တစ်ဖန် နောက်ထပ်သောသူများအား သခင်အတွက်ရိတ်သိမ်းပြီးလျှင် အားလုံးသည် လုံခြုံမှုရှိသည့်နားခို ရာသို့ ပို့ဆောင်ခြင်းခံရကာ ထိုနေရာတွင် ယေရှုခရစ်တော်၏ ခြေတော်ရင်း၌ သို့၏သရဖူများကို နေရာချထားပြီးနောက် ထာဝရ အစဉ်မပြတ် အဆုံးမရှိသည့်သံသရာလည်ခြင်းတစ်လျှောက် ကိုယ်တော် ၏ကျေးဇူးတော်ကို ချီးမွမ်းကာနေရလိမ့်မည်ဖြစ်ပါသည်။

ထာဝရဘုရားသခင်၏မြို့တော်၌ အခပေးရွေးယူထားသူ အပေါင်းတို့အားကြိုဆိုလက်ခံသည့်အခါ ချစ်ခြင်းမေတ္တာဖြင့် ဝတ်ပြု ကိုးကွယ်ကြသည့် ဝမ်းမြောက်ပျော်ရွှင်သောအသံကြီးသည် လေထဲ၌ မြည်သံမစဲထွက်ပေါ်လာပါသည်။ အာဒံနှစ်ဦးတို့သည် ဆုံတွေ့ကြပါ တော့မည်။ သားတော်ဘုရားသခင်သည် လက်တော်ကို ဆန့်တန်း ထုတ်ကာ ကျွန်ုပ်တို့၏အစအဦးဖခင်ဖြစ်သူအာဒံကို ကြိုယူရန် ရပ်တော် မူလျက်ရှိ၏။ ထိုသူသည် ကိုယ်တော်ဖန်တီးဖြစ်ပေါ်စေသူဖြစ်၍ ဖန်ဆင်းသခင်ကိုပြစ်မှားခဲ့မှုကြောင့် ထိုအပြစ်အတွက် ကယ်တင်သခင် သည်ကိုယ်ခန္ဓာ၌ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသောအမှတ်များကို သယ်ပိုးထားခဲ့ရပေသည်။ အာဒံသည် ကြမ်းကြုတ်သည့်ဒဏ်ချက်ရာ များကိုမြင်တွေ့ရသည်တွင် သူ၏သခင်အား ရင်ချင်းအပ် ပွေ့ဖက် နှုတ်ဆက်မည့်အစား နှိမ့်ချခြင်းကိုပြုသောအားဖြင့် ကိုယ်တော်၏

ခြေတော်ရင်း၌ သူ့ကိုယ်သူလှဲချပျပ်ပပ်ကာ ငိုကြွေးသည်ကား “အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် ကောင်းချီးကိုခံထိုက်တော်မူ၏။” ထိုအခါ ကယ်တင်ပိုင်သူသခင်သည် ကြင်နာမှုအပြည့်ဖြင့် သူ့အား အသာတကြည်ထူမပေးလျက် သူကြာမြင့်စွာနှင်ထုတ်ခြင်းခံခဲ့ရသည့် ဧဒင်အိမ်ရာကို တစ်ဖန်ပြန်ကြည့်စေရန် ဖိတ်ခေါ်မိန့်မြွက်တော်မူလေသည်။

ဧဒင်မှဖယ်ထုတ်ခြင်းခံခဲ့ရပြီးနောက် အာဒံ၏အသက်တာမှာ ကမ္ဘာမြေကြီးပေါ်တွင် ဝမ်းနည်းပူဆွေးမှုများနှင့် ပြည့်နှက်နေခဲ့ပါသည်။ ရင့်ရော်၍ မြေသို့ခမည့်အရွက်တိုင်းသည်လည်းကောင်း၊ ပူဇော်ဆက်ကပ်မှု၏သားကောင်တိုင်းသည်လည်းကောင်း၊ သဘာဝအလှအပအရာအပေါ် ကျရောက်သည့်မှိုစွဲခြင်းတိုင်းသည်လည်းကောင်း၊ လူသား၏ဖြူစင်မှုအား စွန်းထင်းစေသည့်အရာတိုင်းသည်လည်းကောင်း သူ၏အပြစ်မကောင်းမှုအတွက် လတ်ဆတ်သည့်သတိပေးချက်တစ်ရပ်ဖြစ်ခဲ့ပါ၏။ မတရားမှုထူပြောနေခြင်းကို သူမြင်တွေ့ရလျက် သူ၏သတိပေးချက်များကို တုံ့ပြန်သောအားဖြင့် အပြစ်ဖြစ်ရခြင်းမှာ သူ့ကြောင့်ဖြစ်သည်ဟု မိမိကိုယ်ကိုပင် ပြန်လှန်ရှုတ်ချခြင်းခံရသည်တွင် နောင်တရခြင်း၌ ကြောက်မက်ဖွယ်ရာ ဝေဒနာဆင်းရဲခံရခြင်းဖြစ်ရလေသည်။ နှစ်ပေါင်းတစ်ထောင်နီးပါးကြာမျှ အပြစ်ကျူးလွန်မှု၏အပြစ်ဒဏ်ကို စိတ်ရှည်၍နှိမ့်ချသော ရိုကျိုးခြင်းဖြင့် သူခံယူခဲ့ပါ၏။ သစ္စာရှိစွာဖြင့် သူ၏အပြစ်၌ နောင်တအစစ်အမှန်ကို ထားရှိလျက် ကတိတော်အားဖြင့် ဖူးတွေ့ခွင့်ရမည့် ကယ်တင်သခင်၏ကောင်းခြင်းအဖြာဖြာ၌ ယုံကြည်စိတ်ချခဲ့ပြီးနောက် ပြန်လည်ရှင်သန်ထမြောက်မည်ဟူသည့် မျှော်လင့်ခြင်းဖြင့် သူသည် သေဆုံးခဲ့ရပါချေ၏။ သားတော်ဘုရားသခင်သည်

လူသားအပေါင်း၏မအောင်မြင်မှုနှင့် ကျရှုံးခြင်းတို့ကို တန်ဖိုးပေး ရွေးနုတ်သည့်အလျောက် ယခုအခါ၌ အပြစ်ဖြေရာလုပ်ငန်းစဉ်အားဖြင့် အာဒံသည် သူ၏မူလပထမနယ်မြေ၌ အမည်စာရင်းပြန်လည်သွင်းပေး ခြင်းခံရလေပြီ။

ပျော်ရွှင်ဝမ်းမြောက်မှုဖုံးလွှမ်းလျက် တစ်ချိန်သောအခါက သူနှစ်သက်ရာဖြစ်သည့်အပင်များကို သူမြင်တွေ့ရလေသည်။ ထိုအပင် များကား သူ၏အပြစ်ကင်းစင်ရာကာလတွင် အသီးများကိုသူဆွတ်ခူး ခဲ့ရသောသစ်ပင်များဖြစ်ကြ၏။ သူကိုယ်တိုင်ပြုစုပေးခဲ့ရသော နွယ်ပင် များနှင့် တစ်ချိန်က သူယုယမြတ်နိုးခဲ့ရသောပန်းများကို သူသည် မြင်တွေ့ပါသည်။ သူ့စိတ်တွင် ဤအမှန်မြင်တွေ့ချက်များကို သတိပြု မိခြင်းဖြစ်ပေါ်လာကာ ဤနေရာကား အသစ်ပြန်ဖြစ်ရသည့်ဧဒင် ဖြစ်ကြောင်း သိနားလည်လာပြီးလျှင် သူစွန့်ခွာခဲ့ရချိန်မှာထက် ပို၍ မြတ်နိုးဖွယ်ရာဖြစ်နေခြင်းကို လက်ခံပါ၏။

ကယ်တင်သခင်က အသက်ပင်ရှိရာသို့ သူ့အားခေါ်ယူသွားကာ စားဖွယ်ကောင်းပြီး အဆင်းလည်းလှသည့်အသီးကို ဆွတ်ယူလျက် စားရန်သူ့အားပေးပါသည်။ သူသည် ဟိုဒီကြည့်ရှုရာ သူ၏မိသားစု ဝင်အများအပြားအား ရွေးနုတ်ကယ်တင်ခြင်းခံရကာ ထာဝရဘုရား သခင်၏ပရဒိဥယျာဉ်အတွင်း ရပ်နေကြသည်ကိုမြင်တွေ့ရလေ၏။ ထိုနောက် အရောင်တလဲ့လဲ့ရှိနေသော သူ၏သရဖူကို ယေရှု သခင်၏ခြေတော်ရင်းမှာချထားကာ ကိုယ်တော်အား ရင်ချင်းအပ် ပွေ့ဖက်လိုက်ပါသည်။ ထိုနောက် သူသည် ရွှေစောင်းကိုတီးခတ်ရာ မိုးကောင်းကင်ကပဲ့တင်သံဖြင့် အောင်နိုင်ခြင်းသီချင်းအား ပဲ့တင်ထပ် ပြန်ကြားရလေ၏။ "အသေခံရသောသိုးသငယ်၊ ကောင်းချီးများကို

ခံထိုက်၊ ခံထိုက်၊ ခံထိုက်ပါပေ၏။ ယခုလည်း ပြန်ရှင်လာလေပြီ။ အာဒံ၏မိသားစုဝင်များသည် သီချင်းကိုဆက်လက်သီဆိုရင်း ချစ်ခင်လေးမြတ်စွာဖြင့် ကိုယ်တော်အား ဦးညွှတ်ကာ သူတို့၏သရဖူများကို ကယ်တင်သခင်၏ခြေတော်ရင်းမှာ ချထားလိုက်ကြပါတော့သည်။

ဤပြန်လည်ပေါင်းစည်းခြင်းကို တစ်ခါက အာဒံရှုံးနိမ့်ခဲ့စဉ် ငိုကြွေးခဲ့ကြလျက် သခင်ယေရှုဂူသင်္ချိုင်းမှ ထမြောက်ခဲ့ပြီးသည်နောက် ကိုယ်တော်၏နာမတော်၌ ယုံကြည်ကိုးစားကြသူအပေါင်း၏မရဏာနိုင်ငံကို ဖွင့်ထားရှိခဲ့ပြီးလျှင် ကောင်းကင်ဘုံသို့တက်ရောက်သောအခါ ဝမ်းမြောက်ခြင်းရှိကြသည့် ကောင်းကင်တမန်အများက သက်သေခံခဲ့ကြပါသည်။ ယခုအခါ သူတို့သည် ထိုရွေးနုတ်ကယ်တင်သောလုပ်ငန်းစဉ်ပြီးမြောက်အောင်မြင်ကြောင်း မြင်တွေ့ရလျက် ကျေးဇူးတော်ချီးမွမ်းခြင်းတေးသီချင်းတွင် ပူးပေါင်းသီဆိုကြလေသည်။

ပလ္လင်တော်ရှေ့ရှိ ဝေါဒန်ကျောက်ကဲ့သို့ ကြည်လင်သည့်ဖန်သားပြင်သည် မီးဖြင့်နှောထားသကဲ့သို့ ဘုရားသခင်၏ဘန်းထင်ရှားမှုဖြင့် အလွန်ပင် ထွန်းပတောက်ပြောင်နေသည့်နေရာတွင် "သားရဲနှင့်ဎင်း၏ရုပ်တုအပေါ်၌လည်းကောင်း၊ သားရဲ၏တံဆိပ်နှင့် ဎင်းနာမ၏အရေအတွက်ပေါ်၌လည်းကောင်း အောင်နိုင်ခြင်း" ကို ယခုရရှိထားသူများ စုဝေးနေသော အစုအဖွဲ့ဝင်များသည်ရှိနေပါ၏။

သူတို့သည် တစ်သိန်းလေးသောင်းလေးထောင်သော အရေအတွက်အားဖြင့်ရှိလျက် လူအပေါင်းတို့အနက်မှ ရွေးနုတ်ကယ်တင်ခြင်းကိုရရှိကာ ထာဝရဘုရားသခင်၏စောင်းတော်များကို ကိုင်ဆောင်ထားပြီးလျှင် သိုးသငယ်တည်းဟူသော သားတော်ဘုရားသခင်နှင့်အတူ ဇိအုန်တောင်ပေါ်မှာရပ်နေကြပါ၏ ။ ထိုတွင်ကြားရသည့်အသံ

ကား သမုဒ္ဒရာရေသံ၊ ကြီးစွာသောမိုးကြိုးသံကဲ့သို့ ကောင်းကင်မှအသံဖြစ်ရာ ထိုအသံသည် စောင်းသမားများက စောင်းကိုတီးခတ်နေသကဲ့သို့ဖြစ်လေသည်။ ထိုနောက် သူတို့က အသစ်သောသီချင်းကို ပလ္လင်တော်ရှေ့၌ သီဆိုကြလေရာ သူတို့မှတစ်ပါး အခြားအဘယ်သူမျှ ထိုသီချင်းကိုသင်၍မရနိုင်ပါ။ ထိုတေးသီချင်းသည် မောရှေနှင့် သိုးသငယ်တို့၏သီချင်းဖြစ်လျက် ကယ်နုတ်ခြင်းဆိုင်ရာ သီချင်းဖြစ်ပါ၏။ တစ်သိန်းလေးသောင်းလေးထောင်ဖြစ်သူတို့ကလွဲလျှင် အဘယ်သူတစ်ယောက်မျှ သင်ယူသီဆိုနိုင်ခြင်းမရှိသည်ကား သူတို့ကြုံခဲ့ရသည့် အတွေ့အကြုံနှင့် ဆက်စပ်နေသောသီချင်းဖြစ်သောကြောင်းတည်း။ ထိုအတွေ့အကြုံမျိုးအား အခြားသောအဘယ်အဖွဲ့အစည်းတွင်မျှ မရှိခဲ့ဘူးပေ။

ဤသူတို့သည် 'သိုးသငယ်သွားလေရာအရပ်သို့ နောက်တော်၌လိုက်သောသူများဖြစ်ကြလေသည်။' ဤသူတို့သည် ကမ္ဘာမြေကြီးမှ တိုက်ရိုက်ပြောင်းလဲ၍ ကောင်းကင်ဘုံသို့ရောက်ရှိခဲ့ကြရသူများ ဖြစ်ကြပေရာ "လူတို့အထဲကရွေးနုတ်၍ ဘုရားသခင်နှင့်သိုးသငယ် အဖို့အဦးသီးသောအသီးဖြစ်ကြ၏" ဗျာ ၁၅:၂၃ နှင့် ၁၄:၁–၅။ ၎င်းတို့သည် ကြီးမားသောဆင်းရဲခြင်းကို ကျော်လွှားသွားကြရလျက် လူမျိုးတစ်မျိုးတည်ထောင်လာချိန်မှစတင်၍ တစ်ကြိမ်တစ်ခါမျှမဖြစ်ခဲ့ဘူးသည့် အခက်အခဲကာလကို ဖြတ်သန်းလာခဲ့ရသူများဖြစ်ကြပါသည်။ သူတို့သည် ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်၏ အလွန်နာကျင်ပြင်းပြသောစိတ်ကို ဖွဲ့ဖြင့်ကြံ့ကြံ့ခံခဲ့ရကြ၏။ အပြီးသတ်ဖြစ်သည့် ဘုရားသခင်၏တရားစီရင်မှုများတွင် သူတို့သည် ကြားဖျန်ဖြေသူမပါရှိဘဲနှင့် ရပ်တည်ခဲ့ကြပါသည်။ သို့သော်သူတို့သည်

ကယ်နုတ်ခြင်းကိုခံခဲ့ရသည်ကား "မိမိတို့ဝတ်လုံကို သိုးသငယ်၏ အသွေး၌ ဖျော်၍ဖြူစေသောသူ" ဖြစ်ကြသောကြောင့်တည်း။ ဘုရားသခင်၏ရှေ့တော်မှောက်၌ သူတို့သည် "အပြစ်နှစ်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌မုသားမရှိ" ဖြစ်ကြပါ၏။ "ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍ ဗိမာန်တော်၌ ဘုရားဝတ်ကို နေ့ညဉ့်မပြတ်ပြုရကြ၏။ ပလ္လင်တော်မှာ ထိုင်တော်မူသောသူသည် သူတို့တွင် ကိန်းဝပ်တော်မူမည်။"

သူတို့အနေဖြင့် ကမ္ဘာမြေကြီးသည် ရောဂါဘယနှင့်အငတ်ဘေးဒဏ်ကြောင့် အလဟဿဖြစ်ရခြင်းကိုလည်းကောင်း၊ နေ၏ပူပြင်းစွာသောအရှိဖြင့် လူအပေါင်းတို့အား အသားအရေမွဲခြောက်နိုင်စေခြင်းကိုလည်းကောင်း သိမြင်လျက် သူတို့ကိုယ်၌ကလည်း ဆင်းရဲငတ်မွတ်မှုနှင့်ရေဆာငတ်မွတ်မှုကို ခံနိုင်ရည်ရှိအောင် ကျင့်ကြံခဲ့ကြပေသည်။ သို့သော် "သူတို့သည် နောက်တစ်ဖန် ရေစာကိုမငတ်မမွတ်ရကြ၊ နေရောင်ခြည်အလျှင်းမထိရ၊ အဘယ်အပူကိုမျှမခံရကြ။ အကြောင်းမူကား၊ ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့ လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်" ဟုဆိုလေသည်။ ဗျာ ၇း၁၄–၁၇။

## ဆင်းရဲခက်ခဲခြင်းတို့၏အဆုံးနိဂုံး

နှစ်ပေါင်းများစွာသော ခေတ်အဆက်ဆက်တွင် ကယ်တင်သခင်၏ရွေးချယ်ခံအပေါင်းတို့မှာ စစ်ဆေးခြင်းတည်းဟူသော သင်တန်း

ကျောင်း၌သင်ကြားလေ့ကျင့်ခြင်းကို ခံခဲ့ရပြီးဖြစ်ပါသည်။ ကမ္ဘာမြေကြီးပေါ်ရှိ ကျဉ်းသောလမ်းများတွင် သူတို့လျှောက်လှမ်းခဲ့ကြလျက် သူတို့၏ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းဝေဒနာတည်းဟူသော မီးပြင်းထိုးမီးဖိုကြီး၌ သန့်စင်ခြင်းကိုခံယူခဲ့ကြရ၏။ ယေရှုသခင်အလို့ငှာ သူတို့သည် ဆန့်ကျင်ဖိနှိပ်မှု၊ မုန်းတီးမှု၊ အသရေဖျက်မှုတို့ကို ခံနိုင်ရည်ရှိရှိဖြင့် ရပ်တည်ခဲ့ကြသည်။ ရုန်းရင်းဆန်ခတ်မှုများ၌ နာကျင်မှုကိုခံလျက် သူတို့သည် ကိုယ်တော်နောက်သွားလေရာရာသို့ လိုက်ခဲ့ကြကာ ကိုယ်အလိုကို ငြင်းပယ်သည်းခံပြီးလျှင် ခါးသီးသော စိတ်ပျက်ဖွယ်ရာ အတွေ့အကြုံကိုရရှိခဲ့လေသည်။ သူတို့ကိုယ်၌က ခံစားရသော နာကြည်းစရာယတွေ့အကြုံဖြင့် အပြစ်၏မကောင်းမှုကို သင်ယူရရှိရာ ၎င်း၏စွမ်းပကား၊ ၎င်း၏အပြစ်မကင်းသောအမှား၊ ၎င်း၏မကောင်းမှုတို့ကို စက်ဆုပ်ရွံရှာဖွယ်သောအရာအဖြစ် ရှုမြင်ကြပါလေသည်။

အပြစ်ကိုကုစားနိုင်ရေးအတွက် ပြုလုပ်ခဲ့သည့်အတိုင်းမသိ စွန့်လွှတ်ခြင်းအပေါ် သူတို့ကိုယ်ပိုင်အမြင်အားဖြင့် ခံစားရသည်တွင် နှိမ့်ချမှုကသူတို့အပေါ် နှလုံးသားပြုပြင်မှုကို ဖြစ်ပေါ်စေပါသည်။ အပြစ်၌မကျရောက်ခဲ့ဘူးသူများအနေဖြင့် တစ်ကြိမ်တစ်ခါမျှ မှန်ကန်စွာ နားလည်သဘောပေါက်ခြင်းမရှိ၊ ကျေးဇူးတရားမသိတတ်မှုရှိသော်လည်း သူတို့ကမူ ကျေးဇူးတင်ခြင်းဖြင့် ချီးမွမ်းထောမနာပြုကြလေသည်။ သူတို့အပေါ် အခါများစွာခွင့်လွှတ်ခြင်းခံခဲ့ရသည့်အလျောက် သူတို့သည်လည်း များစွာသောချစ်ခြင်းမေတ္တာရှိကြပါ၏။ သခင်ခရစ်တော်၏ဆင်းရဲခြင်းဝေဒနာများ၌ မျှ၍ခံစားသူများဖြစ်သည့်အလျောက် သူတို့သည် ကိုယ်တော်နှင့်အတူ ကိုယ်တော်၏ဘုန်းထင်

ရှားခြင်းတွင် မျှဝေခံယူရန် သင့်လျော်လျောက်ပတ်ခြင်းရှိသူများ ဖြစ်ရကြပေသည်။

ဘုရားသခင်၏အမွေတော်ခံအပေါင်းတို့သည် အထပ်ခိုး၏ အထက်ရှိ ကျဉ်း၍မှောင်သည့်အခန်းငယ်များမှလည်းကောင်း၊ လူမနေ အပ်သည့်သေးငယ်သောအမိုးသာရှိပြီး အကာမဲ့သည့်နွားခိုရာများမှ လည်းကောင်း၊ မှောင်သောမြေအောက်အခန်းကျဉ်းများမှ လည်းကောင်း၊ သေဒဏ်ပေးရာစင်မြင့်များမှလည်းကောင်း၊ တောင်ပေါ် မြေမြင့်များမှလည်းကောင်း၊ သဲကန္တာရများမှလည်းကောင်း၊ ကမ္ဘာ မြေကြီးအောက်လိုဏ်ဂူများမှလည်းကောင်း၊ ပင်လယ်အောက် ကလိုင် ပေါက်များမှလည်းကောင်း လာခဲ့ကြပါသည်။ ကမ္ဘာပေါ်မှာ သက်ရှင် နေထိုင်ခဲ့စဉ်က သူတို့သည် လူ့အသက်တာ၏စားဝတ်နေရေးမပြည့် စုံဘဲ ဆင်းရဲမွဲတေမှုဒဏ်၊ ရောဂါဝေဒနာ၏ဖိစီးမှုဒဏ်နှင့်ညှဉ်းပန်း နှိပ်စက်မှုဒဏ်ကိုခံခဲ့ရကြ၏။ စာတန်၏ လှည့်စားမှုထုံပြွမ်းသည့် တောင်းဆိုချက်များအား အစဉ်တိုက်ငြင်းပယ်ကြလျက် မလိုက်နာခဲ့ ကြ၍ ဂုဏ်သိက္ခာကျဆင်းစေပြီးလျှင် အသေသတ်ခံခဲ့ရကြသူ သန်းပေါင်းများစွာရှိပါ၏။ လူများဖွဲ့စည်းသည့် စစ်ကြောစီရင်ရေး ခုံအဖွဲ့များကြောင့် သူတို့သည် တန်ဖိုးအမဲ့ဆုံးသော ရာဇဝတ်သားများ အဖြစ် အဆုံးအဖြတ်ပေးခြင်းခံခဲ့ရကြလေသည်။

သို့ရာတွင် ယခုမူ "ဘုရားသခင်သ် ကိုယ်တော်တိုင် တရားဆုံးဖြတ်တော်မူသည်ဖြစ်၏။" ဆာလံ ၅၀း၆။ မြေကြီးသားတို့၏ ဆုံးဖြတ်ချက်များမှာ ယခုအခါ ပြောင်းပြန်ဖြစ်ခဲ့ချေပြီတည်း။ "ကိုယ်တော်၏လူတို့သည် ခံရသောကဲ့ရဲ့ခြင်းကိုလည်း မြေကြီးတစ်ပြင် လုံး၌ ပယ်ရှင်းတော်မူလိမ့်မည်။" ဟေရှာယ ၂၅း၈။ "သူတို့သည် သန့်ရှင်းသောသူ ထာဝရဘုရားသခင်ရွေးနုတ်တော်မူသောသူဟူ၍ သမုတ်

ခြင်းကိုခံရလိမ့်မည်။” ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်စိတ်သဘောအရာ၌ ချီးမြှောက်ခြင်း အဝတ်တန်ဆာကို သူတို့အားပေးစေခြင်းငှာလည်းကောင်း ငါ့ကို စေလွှတ်တော်မူပြီ။” ဟေရှာယ ၆၂း၁၂။ ၆၁း၃။ သူတို့သည် ယခု အခါ အင်အားချည့်နဲ့သော၊ ဝေဒနာခံစားနေရသော၊ ပြန့်ကျဲကွဲပြား နေသောဖိနှိပ်ခြင်းကို ခံနေရသည့်သူများမဟုတ်တော့ပေ။ ဤကာလမှ စတင်၍ ထာဝရဘုရားသခင်နှင့် အစဉ်အမြဲပင်အနီးကပ်ခစားနေရကြ မည်ဖြစ်ပါ၏။ ပလ္လင်တော်ရှေ့၌သူတို့သည် သမ္မာပေါ်၌ ဂုဏ်အသရေ အရှိဆုံးသူဝတ်ရုံထက် သာလွန်ကောင်းမွန်လှသော ဝတ်ရုံများဆင်မြန်း လျက်ရပ်နေကြပါလိမ့်မည်။ ကမ္ဘာမြေသား၌ အခေါင်အချုပ်ဖြစ်သော မင်းအပေါင်းတတို့၏ဦးထိပ်ထက်ရှိ ပိုမိုကျက်သရေတင့်သည့်ပေါင်း သရဖူများကို သူတို့ဆောင်းရကြပါသည်။ နာကြည်းမှု၊ ငိုကြွေး မြည်တမ်းမှုကာလများသည် အစဉ်ထာဝရအဆုံးခန်းတိုင်ခဲ့လေပြီ။ ဘုန်းကြီးတော်မူခြင်း၏ဘုရင်သည် မျက်နှာအားလုံးမှမျက်ရည်များကို သုတ်ပေးခဲ့ချေပြီ။ ပူဆွေးသောကဖြစ်ရခြင်း၏အကြောင်းရင်းတိုင်းအား ဖယ်ရှားပေးတော်မူခဲ့ပြီ။ စွန်ပလွံပင်၏အကိုင်းများအား ဝှေ့ယမ်းနေရင်း ဖြင့် သူတို့သည် ကြည်သာချိုအေးကာ နားဝင်ပီယံဖြစ်စွာသောကျေးဇူး တော်ကိုချီးမွမ်းသည့်တေးသီချင်းကို အားသွန်ခွန်စိုက်ဟစ်ကြွေးသီကျူး လိုက်ကြရာ ကောင်းကင်အမိုးမျက်နှာကြက်မှသံစုံများလျှံတက် လာသည့်တိုင်အောင်ပင်တည်း။ သူတို့က “ပလ္လင်ပေါ်မှာထိုင်တော် မူသောငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်း” ဟု ကြွေးကြော်ကြ၏။ ကောင်းကင် တမန်အပေါင်းတို့သည် ထိုအသံကို တုံ့ပြန်သည်ကား “အာမင်၊

ငါတို့၏ဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ကောင်းချီး၊ ဘုန်း၊ ပညာနှင့်တကွ ကျေးဇူးချီးမွမ်းခြင်း၊ ဂုဏ်အသရေတန်ခိုးသတ္တိရှိတော်မူစေသတည်း” ဟုပြောဆိုကြ၏။ ဗျာ ၇း၁၀။၁၂။

ဤအသက်တာတွင် ကျွန်ုပ်တို့သည် ထူးဆန်းအံ့သြဖွယ်ဖြစ်သည့် ကယ်နုတ်ရွေးယူသည့်အကြောင်းကို နားလည်နိုင်စပြုရုံမျှသာဖြစ်လေသည်။ ကျွန်ုပ်တို့၌ ကန့်သတ်မှုရှိသောခြိုင်ငုံလေ့လာနိုင်သည့်အဆင့်အားဖြင့် ကျွန်ုပ်တို့သည် ထက်သန်စွာဖြင့်အရှက်ရသိက္ခာကျဆင်းစေခြင်းနှင့်ဂုဏ်အသရေမြင့်ခြင်း၊ ရှင်သန်ခြင်းနှင့်သေဆုံးခြင်း၊ တရားမျှတခြင်းနှင့်သနားကရုဏာစသည်များသည် လက်ဝါးကပ်တိုင်၌တွေ့ဆုံမိသည်ကို ဆင်ခြင်သုံးသပ်မိကောင်းသုံးသပ်မိကြပါမည်။ သို့တစေ ကျွန်ုပ်တို့အစွမ်းကုန်ထုတ်သုံးနိုင်သည့် စိတ်ပိုင်းဆိုင်ရာစွမ်းပကားများအရ ၎င်း၏အပြည့်အဝအရေးပါမှုကို အမိအရဆုပ်ကိုင်နိုင်ရန်မတတ်သာဖြစ်ရပါသည်။ အခပေးရွေးနုတ်ယူသည့် ချစ်ခြင်းဆိုင်ရာ အလျားနှင့်အနံနက်ရှိုင်းခြင်းနှင့် မြင့်မားခြင်းစသည်တို့၏နက်နဲမှုကိုမူ မှေးမှိန်စွာဖြင့်သာ နားလည်သဘောပေါက်၏။ ရွေးနုတ်ခြင်းစီမံချက်ကို ရွေးနုတ်ခံများက သူတို့အပေါ် အမြင်ခံထားရသည့်အတိုင်းမြင်ကြသလို၊ အသိခံထားရသည့်အတိုင်းသိကြသလို ရှိစေဦးတော့ စဉ်ဆက်မပြတ်သောနှစ်ပေါင်းများစွာတစ်လျှောက် အသစ်ဖြစ်သည့်အမှန်တရားသည်လည်း မတွေးတတ်နိုင်အောင် ဖြစ်နေသောဝမ်းမြောက်မှုကို ရရှိခံစားရသည့်စိတ်၌ အစဉ်တစိုက်အသိပေးလိမ့်မည်။ မြေကြီးသား၏ပူဆွေးသောကနာကြည်းမှုနှင့် အပြစ်သို့သွေးဆောင်ဖြားယောင်းခြင်းများအား ပြီးဆုံးစေခဲ့ပြီးဖြစ်လျက် အကြောင်းရင်းခံကိုဖယ်ရှားပစ်လိုက်သော်လည်း ဘုရားသခင်၏လူအပေါင်းတို့သည်

သူတို့၏ကယ်တင်ခြင်းအဖိုးအခမှာ အဘယ်မည်သောအရာဖြစ်သည်ကို ထင်ရှားပြတ်သားပြီး ပါးနပ်လိမ္မာသောအသိကို အစဉ်ထာဝရရရှိသွားကြပါလိမ့်မည်။

ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ရွေးနုတ်ကယ်တင်ခြင်းခံရသူအပေါင်းအတွက် ထာဝရဖြစ်သောကာလအဆက်ဆက်တွင် လေ့ကျင့်သင်ယူရာနှင့် တေးသီဖွဲ့ရာအတတ်ပညာသီချင်းဖြစ်လိမ့်မည်။ ချစ်ခြင်းနှင့်ကျေးဇူးတရားကိုသိသောအားဖြင့် ကိုးကွယ်အပ်ပေသောယေရှုခရစ်တော်၌ သူတို့သည် လက်ဝါးကပ်တိုင်တွင် ရိုက်ထားခြင်းကိုခံရသူ ခရစ်တော်အဖြစ်မြင်ရကြလိမ့်မည်။ ထာဝရဘုရားသခင်၏အချစ်အနှစ်သက်ဆုံး၊ ကောင်းကင်၏ဘုန်းတန်ခိုးအာနုဘော်တော်တည်းဟူသော အတိုင်းအဆမရှိကြီးမားကျယ်ပြန့်သည့် လဟာပြင်တွင်အရေအတွက်သတ်မှတ်မထားသော ကမ္ဘာများကိုဖန်ဆင်းကာထိန်းသိမ်းထားနိုင်သည့် ကိုယ်တော်၏အစွမ်းသတ္တိကို ဘယ်သောအခါမှမေ့ပျောက်စေနိုင်မည်မဟုတ်ပေ။ ဖြန့်၍လွှမ်းမိုးသော ခေရုဗိမ်ဟုခေါ်သည့် ဒုတိယအဆင့်အမြင့်ဆုံးကောင်းကင်တမန်အုပ်စုဝင်နှင့် တောက်ပြောင်လင်းလက်နေသည့် ဆာရာဖ်ဟုခေါ်သည့် အဆင့်အမြင့်ဆုံးကောင်းကင်တမန်အုပ်စုဝင်တို့က ချစ်ခင်နှစ်လိုစွာ ကိုးကွယ်အပ်သောကိုယ်တော် ထိုသခင်သည် ကျဆုံးသောလူသားအားကယ်တင်ရေးအတွက် မိမိကိုယ်ကိုအနှိမ့်ချဆုံးပြုခဲ့ပါ၏။ ကိုယ်တော်သခင်သည် အပြစ်၏ဒဏ်နှင့်အရှက်ရသိက္ခာကျခြင်းကို ခံယူခဲ့ပြီးလျှင်အဖခမည်းတော်၏ မျက်နှာလွှဲဖယ်ခြင်းတို့အပြင် ဆုံးရှုံးကျဆင်းခဲ့သောလောကကမ္ဘာသားတို့၏ စိတ်သောကနှင့်ဝမ်းနည်းပူဆွေးမှုများကကိုယ်တော်၏နှလုံးသားကိုခြေမွကာ ကရာနီကုန်းထက်မှ ကပ်တိုင်

ပေါ်၌ မိမိအသက်ဆုံးရှုံးခံရသည်တိုင်အောင် ကိုယ်တော်ခံယူခဲ့ပါ၏။ ကမ္ဘာလောကအားလုံးကို ဖန်ဆင်းသခင်၊ ကံကြမ္မာအလုံးစုံ၏အဆုံး အဖြတ်ကိုပေးပိုင်ခွင့်ရှိသူသည် လူသားတို့အပေါ်ထားရှိသော ချစ်ခြင်း တရားဖြင့် မိမိ၌ရှိသည့်ဘုန်းတန်ခိုးကို ဘေးဖယ်ထားလျက် ကိုယ့်ကို ကိုယ်နှိမ့်ချအောက်ကျို့ကာ ခံယူသွားခြင်းသည် ကမ္ဘာလောက အားလုံး၏အံ့ဩမှုနှင့် ချစ်ခင်လေးစားမှုကို ထာဝစဉ်နှိုးဆွပေးပါ လိမ့်မည်။ အကယ်တင်ခံလူမျိုးအပေါင်းက ရွေးနုတ်ကယ်တင်သခင် အပေါ် မျှော်၍ကြည့်သောအခါ မဖခမည်းတော်ဘုရားသခင်၏ထာဝရ ဘုန်းသရေသည် မျက်နှာတော်၌ဝင်းပလျက်ရှိနေခြင်းကို သူတို့ဖူးမြင် ရကြပါ၏။ ကိုယ်တော်ထိုင်တော်မူရာ ပလ္လင်တော်ကိုဖူးမြော်ရ တွင်လည်း အစဉ်ထာဝရ စဉ်ဆက်မပြတ်တည်ရှိလာခဲ့သည့် ထိုအရာ သည် ကိုယ်တော်၏နိုင်ငံတော်ကဲ့သို့ပင် အဆုံးနိဂုံးချုပ်မရှိပါကြောင်း သိကြသည်။ထိုအခါ၌ ရွှင်မြူးဝမ်းမြောက်ခြင်းဖြင့် သူတို့သီကျူးလိုက် ကြသည်ကား "အသေသတ်ခြင်းကို ခံခဲ့ပြီးသောသိုးသငယ်သည် အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့် အကျွန်ုပ်တို့ကိုယူ၍ အသွေး တော်ဖြင့်ဘုရားသခင်အဖို့ ရွေးနုတ်တော်မူ၏။" "ကောင်းချီးကို ခံယူထိုက်ပေ၏၊ ခံယူထိုက်ပေ၏၊ ခံယူထိုက်ပေ၏။"

လက်ဝါးကပ်တိုင်၏ အကြောင်းရင်းခံနောက်ဝယ်ရှိသော နားလည်ရန်ခက်ခဲခြင်း၊ လျှို့ဝှက်ဆန်းကြယ်ခြင်းသည် အခြားအရာ အပေါင်းတို့၏နက်နဲခက်ခဲခြင်းများအား ရှင်းလင်းချက်ပေးပါ၏။ ကရာနီကုန်းမှ အလင်းရောင်စီးကြောင်းထဲဝယ် ကျွန်ုပ်တို့၌ကြောက်ရွံ့ ရိုသေလေးစားခြင်းနှင့် စိုးရိမ်ထိတ်လန့်ခြင်းပြည့်သည့် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ်အထိမ်းအမှတ်များသည် လှပ၍ဆွဲဆောင်နိုင်မှုရှိသည့် ဟန်ပန်လက္ခဏာရှိနေပါ၏။

သနားကြင်နာခြင်းကရုဏာတော်၊ နူးညံ့ခြင်းနှင့်မိဘကဲ့သို့ ချစ်ခြင်းတို့သည် အထွတ်အမြတ်ဖြစ်ခြင်း၊ တရားမျှတခြင်းနှင့်အာဏာစက်တို့နှင့် ရောနှောသွားသည်ကိုမြင်တွေ့ရပါသည်။ ကျွန်ုပ်တို့က မြင့်မားလျက် အထက်သို့မြှင့်တင်ထားသည့် ကိုယ်တော်၏ပလ္လင်တော်အား သတိပြုမိသောအခါ ဘုန်းတန်ခိုးကြီးခြင်းနှင့်အတူ သနားစုံမက်ခြင်းကျေးဇူးတော်နှင့်ပြည့်ဝသည့် ကိုယ်တော်၏စရိုက်လက္ခဏာတော်ကို မြင်တွေ့ရပြီးလျှင် ဘယ်သောအခါမျှနှင့်မတူသော နားလည်သဘောပေါက်မှုဖြင့် မိမိတို့ချစ်မြတ်နိုးစွာကင်းပွန်းတပ်ထားသည့် “အကျွန်ုပ်တို့၏အဖ” ဟူသည့်ပိုင်ဆိုင်ခွင့်နှင့် ခြယ်လှယ်ပိုင်ခွင့်ဆိုင်ရာ အရေးပါအရာရောက်ခြင်းကို သဘောပေါက်နားလည်ရပေတော့သည်။

ဉာဏ်ပညာအရာတွင် အနှိုင်းမဲ့ကြီးမြင့်သူကိုယ်တော်ထာဝရသခင်အနေဖြင့် ကျွန်ုပ်တို့၏အပြစ်များပြေပျောက်စေရေးအတွက် ကယ်တင်ခြင်း၌ သူ၏သားတော်အား စွန့်လွှတ်လျက် အနစ်နာခံခြင်းမှတစ်ပါး အခြားစီမံချက်ဖြင့် လုပ်ဆောင်၍မရကြောင်း တွေ့ရှိနိုင်ပါသည်။ ဤစွန့်လွှတ်ဆက်ကပ်ခြင်းအတွက် သန့်ရှင်းခြင်း၊ ဝမ်းမြောက်ခြင်းနှင့်မသေမပျောက်သည့်အဖြစ်၌တည်သော ရွေးနုတ်ကယ်တင်ခံလူအပေါင်းတို့၊ ကမ္ဘာမြေ၌ လူအင်အားများတိုးပွားစေရသည့် မဟာပီတိဖြင့် ဝမ်းမြောက်ခြင်းအား ရရှိခံစားရမှုပင်ဖြစ်၏။ အမှောင်မိုက်၏အင်အားစုများနှင့် ကယ်တင်သခင်အကြား ရန်းရင်းဆန်ခတ်မှုဖြစ်ပေါ်လာသည့်ရလဒ်သည် ရွေးနုတ်ခံရသူအပေါင်း၌ ကြီးစွာသော ဝမ်းမြောက်မှုဖြစ်ပေရာ ဘုရားသခင်၏ဘုန်းကြီးတော်မူခြင်း၌ အစဉ်ထာဝရမြှင့်တင်မှုပေးသွားမည့်အရာဖြစ်တော့သည်။ ထိုသို့သော အမှုအရာသည် အဖဘုရားသခင်အဖို့ တန်ဖိုးရှိသောအဖိုးအခ

ဖြစ်ကြောင်း၊ ကျေနပ်မှုဖြစ်ခဲ့လျက် ခရစ်တော်ကိုယ်တိုင်သည်လည်း သူ၏ကြီးမားသော စွန့်လွှတ်ဆက်ကပ်ခြင်းအတွက် ရရှိသောအသီးများအားဖြင့် တွေ့နေရသည့်ကျေနပ်ခြင်းပင်ဖြစ်ပါသတည်း။

---ooo---

## အခန်း (၁၀)

# အငြင်းအခုံဆုံးခန်းတိုင်စေခဲ့

**“ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ (–––) ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန်သေဘေးမရှိရ၊ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ။” ဗျာ ၂၁း၁၄။**

ကောင်းကင်ဘုံ၌ နှစ်တစ်ထောင်ကုန်ဆုံးသည့်အခါ ခရစ်တော်သည် ကမ္ဘာမြေသို့ တစ်ဖန်ပြန်ကြွလာမည်။ ကိုယ်တော်အား ရွေးနုတ်ကယ်တင်ခြင်းခံရသူ ဗိုလ်ခြေအပေါင်းတို့နှင့်အတူလိုက်ပါလျက် ကောင်းကင်တမန်အခြံအရံ အင်အားစုတစ်စုက စောင့်ရှောက်ပေးခဲ့ပါ၏။ ကိုယ်တော်ကြွဆင်းသည်မှာ ဘုရင်မင်း၏ဘုန်းတန်ခိုးကြီးမားလှသည့်အလျောက် ခန့်ညားထည်ဝါလှပေရာ သေဆုံးနေသည့် မတရားသောသူအပေါင်းသည် သူတို့ခံရကြမည့်ကြမ္မာဆိုးအတွက် နိုးထကြရန် ကိုယ်တော်မိန့်မြွက်တော်မူပါသည်။ ထိုသူအပေါင်းတို့က မိမိတို့၏ချထားရာနေရာအသီးသီးမှ ထွက်လာကြသည်မှာ သမုဒ္ဒရာသဲလုံးအမျှ များပြားလှသည့်ဗိုလ်ခြေထုကြီးဖြစ်လာပါ၏။ ပထမအကြိမ်ထမြောက်ခဲ့သူအပေါင်းနှင့်မတူ ကွဲပြားခြားနားလှပါသည်။ ဖြောင့်မတ်သူတို့၏ဆင်ယင်မှုကား မသေမပျောက်နိုင်မည့်နုပျိုခြင်းနှင့် လှပရှုမောဖွယ်ရှိသလောက် မတရားသောသူများ၌မူ ရောဂါဘယနှင့် သေခြင်းဆိုင်ရာအငွေ့အသက်များ လွှမ်းလျက်ရှိပါသည်။

ကြီးမားလှသည့်လူအုပ်စု၊ အစုအဝေးကြီးရှိ မျက်စိမျက်လုံးတိုင်းသည် သားတော်ဘုရားသခင်၏ဘုန်းတန်ခိုးကြီးမြတ်ခြင်းကို ကြည့်မြင်နိုင်ရန် စူးစိုက်ထားပါသည်။ မတရားသောသူအပေါင်းက တစ်သံတည်းဖြင့်ကြွေးကြော်သည်မှာ "ထာဝရဘုရားသခင်၏နာမတော်အားဖြင့် ကြွလာသူသည် ကောင်းချီးအပေါင်းခံညောင်းပါ၏" ဟူ၍ ဖြစ်ပါသည်။ ထိုရွတ်ဆိုမှု၏လှုံ့ဆော်ချက်သည် ယေရှုသခင်အပေါ် ထားရှိသည့်ချစ်ခြင်းမေတ္တာကြောင့်မဟုတ်ပေ။ အမှန်သစ္စာတရား၏အင်အားနှိုးဆော်ချက်ဖြင့် မရွတ်လိုသည့်နှုတ်ခမ်းများမှ တွန်းကန်ထွက်လာသည့်စကားလုံးများသာဖြစ်လေသည်။ ခရစ်တော်အပေါ် ရန်လိုပုန်ကန်မှုရှိခဲ့သောစိတ်ဓာတ်ဖြင့် သူတို့ထွက်လာကြသည်မှာ သူတို့၏သင်္ချိုင်းရာများသို့ နေရာကျရန်ဝင်ရောက်စဉ် ရှိခဲ့သည့် စိတ်ဓာတ်အတိုင်းပင်ဖြစ်လေ၏။ သူတို့၌ ယခင်ဘဝကရှိခဲ့သော ချွတ်ယွင်းချက်များအား ကုစားရန် အကြင်နာကရုဏာတံခါးကို အသစ်ဖွင့်ပေးရန် အနေအထားမရှိပေ။ ဤသို့ပြု၍လည်း အချည်းနှီးသာလျှင်ဖြစ်ပါလိမ့်မည်။ အသက်တာတစ်လျှောက်လုံး ပညတ်တရားကိုချိုးဖေါက်မှုသည် သူတို့၏နှလုံးသားများ၌ နူးညံ့ပျော့ပျောင်းခြင်းမဖြစ်စေခဲ့ပေ။ ဒုတိယအကြိမ် သနားကရုဏာကာလအား သူတို့ကိုပေးခဲ့မည်ဖြစ်သော် ပထမအကြိမ်တွင် ဘုရားသခင်၏ အလိုတော်အားဆန့်ကျင်လျက် ပုန်ကန်ထကြွမှုဖြစ်ရန် လှုံ့ဆော်ခဲ့သကဲ့သို့ပင် ထပ်တူပြုကြပေလိမ့်မည်။

သခင်ခရစ်တော်သည် သံလွင်တောင်ပေါ်မှာဆင်းသက်လာသောအခါ ကိုယ်တော်ပြန်လည်ထမြောက်ပြီးနောက် ကောင်းကင်သို့ ချီဆောင်သွားမည့်အချိန် ကောင်းကင်တမန်များက ကိုယ်တော်တစ်ဖန်ပြန်လာလိမ့်မည်ဆိုသည့်ကတိကို ထပ်ဆင့်ပေးသောနေရာပင်ဖြစ်ပါ၏။ ပရောဖက်ကဆိုသည်ကား "ငါ၏ဘုရားသခင်ထာဝရဘုရားကြွလာ

တော်မူ၍ မိမိသန့်ရှင်းသူအပေါင်းတို့သည် ပါလာကြလိမ့်မည်။" ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့အရှေ့သံလွင်တောင်ပေါ်မှာ ရပ်၍ သံလွင်တောင်သည် အရှေ့ဘက်မှအနောက်ဘက်တိုင်အောင် အလယ်၌ကွဲသဖြင့် အလွန်ကြီးသောချိုင့်ဖြစ်လိမ့်မည်။" ထာဝရဘုရားသခင်သည် တစ်ပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရဘုရားသခင်တစ်ပါးတည်း၊ နာမတော်တစ်ပါးတည်းဖြစ်တော်မူမည်။" ဇာခရိ ၁၄း၅၊၄၊၉။ တောက်ပလင်းလဲ့နေသည့် ကြီးကျယ်ခမ်းနားသော ယေရုရှလင်မြို့သစ်ကြီးသည် ကောင်းကင်ဘုံမှဆင်းသက်ထွက်ပေါ်ခဲ့ကာ ၎င်းကိုအသင့်လက်ခံနေရာကျမည့်မြေကြီးနေရာသည် သန့်စင်ပြီးဖြစ်လျက် ခရစ်တော်သခင်နှင့်သခင့်လူအပေါင်းတို့သည် ကောင်းကင်တမန်အများပါရှိခြင်းနှင့်အတူ သန့်ရှင်းသောမြို့တော်ထဲသို့ ဝင်ရောက်ကြပါသည်။

ယခုအခါ စာတန်သည် အသာစီးရရှိနိုင်ရေးအတွက် အပြီးသတ်ဖြစ်သည့်အင်အားကြီးစွာသော ရန်းကန်ထကြွမှုတစ်ရပ်ကို ပြင်ဆင်ပါ၏။ မကောင်းသည့်ဆိုးညစ်ခြင်း၏သခင်ကြီးသည် လှည့်စားမှုလုပ်ငန်းစဉ်နှင့်တကွ သူ၏စွမ်းပကား ချုံးနှိမ်ထားခြင်းခံရသဖြင့် စိတ်မချမ်းမြေ့ခြင်းကြီးစွာစိတ်ဓါတ်ကျဆင်းနေခဲ့၏။ သို့သော် နိုးထလာခဲ့သောကြီးမားများပြားလှသည့် မတရားသောသူအပေါင်းတို့သည် မိမိဘက်၌ရပ်တည်ကြကြောင်းမြင်ရသောအခါ သူ၏မျှော်လင့်ချက်သည် ပြန်၍နိုးကြားပြီးလျှင် မဟာအငြင်းအခုံဖြစ်ရပ်ကြီး၌အရှုံးမပေးရန်ဆုံးဖြတ်လေသည်။ သူ၏အလံအောက်တွင်ရှိသည့်အရှုံးသမားများ၏တပ်အင်အားအလုံးစုံကို သူက ကွပ်ကဲစီမံလျက် ထိုသူများအားအသုံးချရန် ကြိုးပမ်းလိမ့်မည်ဖြစ်ပါသည်။ ထိုမတရားသောသူအပေါင်းတို့မှာ စာတန်၏သားကောင်များဖြစ်ကြပါ၏။ ခရစ်တော်

အား ငြင်းပယ်ရာ၌ သူတို့သည် သူတို့၏ပုန်ကန်မှုခေါင်းဆောင်၏ အုပ်စိုးခြင်းကိုခံယူခဲ့ကြပြီးဖြစ်သည်။ သူတို့သည် သူ၏အကြံပြုခြင်းများအား လက်ခံယူကာ သူခိုင်းစေသည်အတိုင်းလုပ်ရန် အသင့်ရှိကြလေသည်။

သို့ပင်ဖြစ်ငြားသော်လည်း အစောပိုင်းကရှိထားသည့် သူ၏စဥ်းလဲမှုအတိုင်း သူ့ကိုယ်သူစာတန်ဖြစ်ကြောင်း လက်မခံပေ။ သူကြေညာသည်ကား မိမိသည်သာလျှင် ကမ္ဘာလောက၏ပိုင်ရှင်အစစ်အမှန်ဖြစ်သူ သခင်ဖြစ်လျက် သူ့အမွေအနှစ်အား တရားမဲ့သောနည်းဖြင့်လုယူခံထားရသူဖြစ်ကြောင်း သူသည် လုည့်စားခံသူ၏နောက်လိုက်တပည့်များအတွက် အသရေဆယ်ပေးနိုင်သူတစ်ဦးဖြစ်ပြီး သူတို့အားအာမခံသည်မှာ သူ့တန်ခိုးစွမ်းပကားအားဖြင့် သင်္ချိုင်းများထဲမှသူတို့ကိုပြန်လည်ခေါ်ထုတ်ယူပေးခဲ့ခြင်းအပြင် အဆိုးဆုံးသောအာဏာရှင်အုပ်စိုးမှုအောက်မှ သူတို့အား ကယ်တင်တော့မည့်အကြောင်း မဟုတ်မမှန်ပြောကြားလေသည်။ ခရစ်တော်နှင့်သူ၏တမန်တော်အပေါင်းမရှိသည်ကိုကြောင်းပြုလျက် စာတန်သည် သူ့အဆိုများအထောက်အကူဖြစ်စေခြင်းငှာ အံ့ဖွယ်လုပ်ရပ်များလုပ်ပြပါ၏။ သူက အားနည်းသူကိုသန်စွမ်းအောင်ပြုပြင်လျက် သူ့ကိုယ်ပိုင်စိတ်နေသဘောထားကိုအားလုံးခံယူစေအောင် ပြုမူလှုံ့ဆော်ပါသည်။ ဘုရားသခင်၏မြို့တော်ရှိသန့်ရှင်းသူတို့၏စခန်းချရာနေရာများအား တိုက်ခိုက်ရယူရေးတွင် သူဦးဆောင်ကာ တိုက်မည့်အကြောင်းကမ်းလှမ်း၏။ ရန်လိုသည့်ဘဝင်မြင့်ခြင်းဖြင့် သန်းပေါင်းများစွာသော ပြန်လည်ထမြောက်သူတို့အားပောကြားသည်မှာ သူတို့၏ခေါင်းဆောင်အဖြစ် သူ၏ပလ္လင်နှင့်နိုင်ငံကို ပြန်လည်ရရှိစေခြင်းငှာ မြို့တော်ကြီးအား နိုင်နင်းစွာတိုက်ခိုက်သိမ်းပိုက်နိုင်ကြောင်းပြောလေသည်။

ကြီးမားကျယ်ပြောလှသည့် လူအုပ်စုကြီးအတွင်း၌ နောဇကောလ ရေလွှမ်းမိုးမှုကြီးမတိုင်မီက အသက်ရှည်ကြာလှစွာရပ်တည်ခဲ့သည့် မျိုးနွယ်စုသည်လည်းပါရှိလေ၏။ အရပ်အမောင်းမြင့်မားပြီး လိမ္မာ ပါးနပ်စွာသော လူထွားကြီးများမှာ ကျဆုံးခဲ့ပြီးသောကောင်းကင်တမန် များထံ လိုက်လျောအညံ့ခံလျက် သူတို့၏ကျွမ်းကျင်မှုနှင့်အသိဉာဏ်ကို မိမိတို့ကိုယ်မိမိ အထင်ကြီးချီးမွမ်းမြှောက်စားခဲ့ကြပြီးလျှင် မိမိတို့၏ ပြောင်မြောက်သောအနုပညာအားဖြင့် မြေကမ္ဘာသားအပေါင်းကို မိမိတို့ ကိုးကွယ်သည့် ထူးခြားပြောင်မြောက်သောစွမ်းအားရှင်အား ရုပ်တု အဖြစ်ထားရှိကိုးကွယ်ကြစေရန် ဆွဲဆောင်ခဲ့ကြ၏။ သို့ပင်ဖြစ် ငြားလည်း ထိုသူ၏ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ဆိုးညစ်သည့်ဖန်တီး ခြင်းများအရ မြေကြီးသားများကို မသန့်ရှင်းသူများဖြစ်စေလျက် ထာဝရဘုရားသခင်၏ပုံရိပ်ထင်ဟပ်ခြင်းအား ဖျက်ဆီးပြီးလျှင် သိက္ခာ ကျဆင်းစေသည့်အတွက် ကိုယ်တော်က မိမိဖန်ဆင်းထားခြင်းအဖြစ်မှ သူတို့အား သုတ်သင်ရှင်းလင်းပစ်ရန် ဖြစ်စေခဲ့ရပေသည်။ လူမျိုးနှင့် တိုင်းပြည်နိုင်ငံများအား သိမ်းပိုက်အောင်နိုင်ခဲ့သောရှင်ဘုရင်များနှင့် ဗိုလ်ချုပ်များ၊ စစ်ပွဲတစ်ပွဲတလေမျှ မရှုံးစဖူးသောရဲဝံ့စွန့်စားသူများ၊ မာန်တက်ကာ ရည်မှန်းချက်မြင့်မားသူစစ်ရေးဝါဒီများသည် ထိုသူ အပေါင်း၌ပါဝင်ကြပါ၏။ သူတို့သေဆုံးရာတွင် ဤသူများတွင် ဘယ်သို့သောအပြောင်းအလဲကိုမျှ ခံခဲ့ရခြင်းမရှိ။ ဂူသင်္ချိုင်းရာများမှ သူတို့ထွက်လာရသည်၌ သူတို့သေဆုံးမှုမတိုင်မီကရှိခဲ့သော စိတ်နေ စိတ်ထားများ၏အလျင်ပကတိအတိုင်းပင် ဆက်၍ခံယူလေသည်။ သူတို့ကျဆုံးခဲ့ချိန် သူတို့အပေါ်စိုမိုးခဲ့သည့် အလိုဆန္ဒနည်းတူပင် သူတို့၌တွန်းအားပေးမှုကို ခံရပေ၏။ တိုင်းနိုင်ငံအများကို တုန်လှုပ် စေသည့် ချဉ်းကပ်ပုံမျိုးသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

## နောက်ဆုံးသောတိုက်ပွဲဆင်ရန်စာတန်ပြင်ဆင်

စာတန်သည် သူ၏နောက်ပါတမန်များအား တိုင်ပင်ပြီးသော် ထိုဘုရင်များ၊ အောင်နိုင်သူများနှင့် အင်အားကြီးသူများကိုပါ ဆက်၍ ဆွေးနွေးလေသည်။ သူတို့ဘက်ရှိ အင်အားတောင့်တင်းမှုနှင့်အရေ အတွက်များကို သုံးသပ်ကြလျက် မြို့တော်အတွင်းရှိတပ်အင်အားသည် သူတို့အင်အားထက် လျော့နည်းမှုရှိ၍ အနိုင်တိုက်ခိုက်အေအောင်မြင်မည်ဟု ဆုံးဖြတ်ကြသည်။ ယေရုရှလင်မြို့သစ်ရှိ ကြွယ်ဝထိုက်တန်မှုများနှင့် ဂုဏ်အသရေကို မည်သို့ပိုင်ဆိုင်မှုရအောင် လုပ်မည်ဆိုသည်ကို သူတို့စီမံချက်ပြုလုပ်လေ၏။ အားလုံးက ချက်ချင်းအမြန်ပင် တိုက်ပွဲဝင်ရေးအတွက် ပြင်ဆင်မှုစတင်ပြုလုပ်သည်။ ကျွမ်းကျင်မှုရှိသူလက်မှု ပညာသည်များက စစ်ဆင်မှုဆိုင်ရောက်ရိယာပစ္စည်းများ တည်ဆောက်ကြသည်။ အောင်မြင်မှုဖြင့်ကျော်စောထင်ရှားခဲ့သူ စစ်ရေးခေါင်းဆောင်များက စစ်ဆင်ရေး၌ပါဝင်သောသူအုပ်စုများအား တပ်ခွဲများ၊ တပ်ရင်းများ တပ်မဟာများတွင် အင်အားစုဖွဲ့ခြင်းပြုလုပ်ကြသည်။

နောက်ဆုံးတွင် ချီတက်တိုက်ခိုက်ရန် အမိန့်ရခဲ့ရာ မရေမတွက်နိုင်သည့်ဗိုလ်ခြေအပေါင်းသည် လှုပ်ရှားမှုစတင်ပါတော့၏။ ကမ္ဘာမြေကြီးပေါ်မှ အောင်နိုင်သူစစ်ဘုရင်များပင် ဘယ်သောအခါကမျှ မဆင့်ဆိုခဲ့သေးဖူးသောတပ်အင်အားဖြစ်ရာ မြေပေါ်တွင် စစ်ပွဲစတင်ဖြစ်ခဲ့ပြီးနောက် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော တပ်မတော်များရှိ တပ်ဖွဲ့အားလုံးပူးပေါင်းထားလျှင်ဝင် မနိုင်းယှဉ်းသာသည့် အင်အားစုကြီးဖြစ်ပါတော့သည်။ ရှေ့ပြေးတပ်ဦးတွင် တိုက်ခိုက်ရေးသမားအပေါင်း၏ထွတ်ခေါင်စာတန်သည် ဦးစီးလျက် သူ၏နောက်လိုက်တမန်များ၏ပူးပေါင်းအင်အားစုများသည် ဤအဆုံးသတ်ရန်းကန်မှု

ကြီး၌ပါဝင်ကြပါသည်။ ဘုရင်အများအပြားနှင့် တိုက်ခိုက်ရေးသမား အများအပြားတို့မှာ သူ၏တပ်ပေါင်းစု၌ပါဝင်ကြကာ နောက်လိုက် အင်အားကြီးအစုအဖွဲ့များသည် သတ်မှတ်ပေးထားသောခေါင်းဆောင် ၏ကွပ်ကဲမှုအောက်မှလိုက်ပါလျက် ကြီးမားများပြားသည့် တပ်ခွဲများ ဖွဲ့စည်းထားလေ၏။ စစ်မှုရေးရာတိကျမှုဖြင့် အဆင့်ဆင့်ပခုံးချင်း ယှဉ်ကာ ရှေ့သို့ချီတက်ရာတွင် ဘုရားသခင်၏မြို့တော်ဆီသို့ သွားရာ မြေပြင်တစ်ဝန်းလုံးမှာ မညီမညာအဖုအထစ်၊ အချိုင့်အခွက်များကို ဖြတ်ကျော်ကြပါသည်။ သခင်ယေရှု၏ကွပ်ကဲမှုအောက်တွင် ယေရုရှလင်မြို့တော်သစ်၏တံခါးပေါက်အားလုံးသည် ပိတ်ထား လျက် စာတန်၏တပ်ပေါင်းစုသည် မြို့တော်ကိုပတ်ဝိုင်းကာ တိုက်စစ် ကိုစတင်နိုင်ရေးအတွက် အသင့်စောင့်နေကြလေ၏။

ကိုယ်တော်၏ရန်သူအပေါင်းမြင်တွေ့စေရန် ခရစ်တော်သည် ယခုမူ ထင်ရှားပြသပါသည်။ တောက်ပြောင်အောင်ပြုလုပ်ထားသည့် ရွှေကို အခြေခံခုံပြုလျက် မြင့်မားအောင်မြှင့်တင်ထားသည့် ပလ္လင်တော် သည် မြို့တော်ထက်ဝန်းကျင်၌ စီးမိုးနေပါသည်။ ဤပလ္လင်တော် ထက်ဝယ် ထာဝရဘုရားသခင်၏သားတော်ယေရှုခရစ်တော်သည် ထိုင်လျက်ရှိ၍ ကိုယ်တော်၏နိုင်ငံတော်မှ ခြွေရံသင်းပင်းအပေါင်းက ကိုယ်တော်အားခြံရံလျက်ရှိပါ၏။ အဘယ်မည်သောဘာသာစကား အားဖြင့်မျှ ပေါ်ပြခြင်းငှာမစွမ်းသော ယေရဘုရားသခင်၏အာဏာစက် နှင့် အာနုဘော်တော်ကို အဘယ်ကလောင်တံဖြင့်မျှလည်း အရုပ် ရေးဆွဲ၍မပြသနိုင်ပါ။ ထာဝရဘုရားသခင်၏ဘုန်းအသရေနှင့် ကြီးကျယ်မြင့်မြတ်ခြင်းသည် သားတော်ဘုရားသခင်အပေါ် အလုံးစုံ လွှမ်းခြုံထားလျက်ရှိနေပေသည်။ ကိုယ်တော်၏လင်းလဲ့တောက်ပြောင်မှု သည် မြို့တော်သစ်နှင့်အပြည့်ဖြစ်လျက် တံခါးပေါက်များမှလျှံထွက်ကာ

ကမ္ဘာမြေကြီးတစ်ပြင်လုံးကို ၎င်း၏တောက်ပသောအလင်းတန်းများဖြင့် ဖုံးလွှမ်းနေလေတော့သည်။

ပလ္လင်တော်နှင့်အနီးဆုံးနေရာများ၌ တစ်ချိန်သောအခါက စာတန်လိုလားသောအရာ၌ တက်ကြွစွာရှိခဲ့ဖူးသော်လည်း အပြစ်သားဘဝမှပြောင်းလဲလာသူများသည် ကယ်တင်သခင်နောက်သို့ စိတ်ထက်သန်ပြီးပြင်းပြသည့် ကိုးကွယ်ခြင်းအားဖြင့် လိုက်ပါခဲ့ကြသူများရှိပါသည်။ သူတို့ပြီးလျှင် မမှန်မကန်ပြုမှုနှင့် သစ္စာပျက်ယွင်းမှုများအထဲမှ ခရစ်ယာန်စရိုက်လက္ခဏာဖြင့် မိမိတို့ကိုယ်ကို ပြည့်စုံစေရန် ကျင့်ကြံခဲ့သူများ၊ ခရစ်ယာန်ကမ္ဘာ၌ ဘုရားသခင်ပညတ်တော်များသည် အကျိုးမရှိဟု အများတကာသိပြောဟောနေသည့်အကြားမှ ပညတ်တရားတွင် လိုက်လျှောက်၍ ကျေးဇူးကို ရိုသေလေးမြတ်ခဲ့သူများနှင့် ရှည်လျားသောခေတ်ကာလအဆက်ဆက်တွင် သူတို့၏ယုံကြည်ခြင်းအတွက် သူရဲကောင်းအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသူသန်းပေါင်းများစွာတို့သည်ရှိကြပါ၏။ ထိုသူတို့မှလွန်သော် "အဘယ်သူမျှရေတွက်၍မဖြစ်နိုင်သောလူများအပေါင်းတို့သည် အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့ထဲမှထွက်၍ (---) ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာ ရပ်နေကြ၏။ ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်" (ဗျာ ၇း၉။) သူတို့၏စစ်ဆင်နွှဲမှုသည်ပြီးဆုံးခဲ့ပြီ။ သူတို့၏အောင်ပွဲသည်ရရှိခဲ့၏။ သူတို့သည် အပြေးပြိုင်ပွဲဝင်ခဲ့ကြကာ ပန်းတိုင်ရောက်ခဲ့ကြပါပြီ။ သူတို့လက်ထဲမှ စွန်ပလွံခက်တို့သည် သူတို့အောင်မြင်မှုသင်္ကေတဖြစ်လျက် ဝတ်လုံဖြူသည် ယခုအခါ သတို့၌ရှိနေသောခရစ်တော်၏ဖြောင့်မတ်ခြင်းတရားသည် အစွန်းအထင်းကင်းသည့် အထိမ်းအမှတ်တစ်ခုပေတည်း။

ရွေးနုတ်တော်မူခြင်းခံရသူအပေါင်းက ဘုရားသခင်ကိုချီးမွမ်းသည့်သီချင်းတစ်ပုဒ်အား အသံမြင့်တင်သီဆိုရာ ကောင်းကင်အမိုးများမှ တစ်ဆင့် ပဲ့တင်သံအထပ်ထပ် ပြန်နေသည်ကား "ပလ္လင်ပေါ်မှာထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း။" ကျမ်းပိုဒ် ၁၀။ ထိုစဉ်တွင် ခေရု(ဗ)နှင့်ဆာရာ(ဖ်) တည်းဟူသော ကောင်းကင်တမန်တို့က ပါဝင်ပူးပေါင်းကာ ဘုရားသခင်အား ချစ်ခြင်းဖြင့်ကိုးကွယ်ဝတ်ပြုကြလေ၏။ ရွေးနုတ်ခံအပေါင်းသည် စာတန်၏အစွမ်းထက်ခြင်းနှင့် ဘေးရန်ကြီးခြင်းကို သတိပြုမြင်တွေ့ခဲ့ပြီးဖြစ်သည့်အတိုင်း ယခုကဲ့သို့ ကိစ္စအဝဝပြီးမြောက်အောင်မြင်သူများ ဖြစ်လာရခြင်းသည် ခရစ်တော်သခင်၏အစွမ်းသတ္တိအာဏာစက်မှလွဲ၍ အခြားဘယ်အမှုအရာမှမဖြစ်နိုင်ကြောင်း ဘယ်စဉ်ကမှ မသိမမြင်ဘူးသေးသည့် အမြင်အားဖြင့် မြင်တွေ့ရကြလေပြီ။ အရောင်လက်နေသည့်အားလုံးသောထိုအုပ်စုဝင်များအနက် မိမိတို့ခံယူရရှိခဲ့သည့် ကယ်တင်ခြင်းသည် မိမိတို့နှင့်သာသက်ဆိုင်သည်ဟူ၍ လက်ခံထားသူတစ်ဦးတစ်ယောက်တလေမျှမပါရှိခြင်းနှင့် မိမိတို့၏ကိုယ်ပိုင်စွမ်းပကားနှင့် ကောင်းစွာပြုမူကျင့်ကြံမှုအားဖြင့်မဟုတ်ကြောင်း သိရှိနားလည်ခြင်းရှိကြပါ၏။ သူတို့ဘာတွေလုပ်ခဲ့ပြီး အဘယ်သို့ဆင်းရဲခြင်းခံစားခဲ့ရကြောင်း ဘာမှပြောဆိုခြင်းမရှိပါသော်လည်း သီချင်းတိုင်းနှင့်သံစုံတူပြိုင် ဂီတသင်္ကေတတိုင်း၌ပါရှိသည်ကား "ငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိစေသတည်းဟူ၍ ဖြစ်ပါသည်။

## ဆိုးညစ်သူအပေါင်းအားစီရင်ခြင်း

ဘုရားသခင်၏သားတော်အား အပြီးသတ်အရိုက်အရာအပ်နှင်း

ကောင်းကင်သားများရှေ့မှောက်မှာ ကျင်းပခဲ့ပါ၏။ သို့ဖြစ်ပါ၍ ယခုအခါ အမြင့်မြတ်ဆုံးသော အာနုဘော်တော်နှင့် အာဏာစက်ကို အပ်နှင်းခံရပြီးသည်တွင် ဘုရင်အပေါင်းတို့၏ဘုရင်အနေဖြင့် ကိုယ်တော်၏လူများကို ဖိနှိပ်ညှဉ်းပန်းသူတို့နှင့် ပညတ်တရားကို ချိုးဖောက်ခဲ့သူများ၊ ပုန်ကန်ဆန့်ကျင်ခဲ့သူများအပေါ် တရားစီရင်ကာ အမိန့်ချမှတ်လေသည်။ ထာဝရဘုရားသခင်၏ ပုရောဖက်ကဆိုသည် ကား "တစ်ဖန်တုံး ဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေသည် ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်း ဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန် သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ရေးထားချက်များ နှင့်အညီတရားစီရင်ခြင်းကိုခံရကြ၏။" ဗျာ ၂၀း၁၁၊၁၂။

မှတ်တမ်းစာစောင်များကိုဖွင့်ထားပြီးသည်နောက် ဆိုးညစ်သူ အပေါင်းတို့အား သခင်ယေရှုက စူးစိုက်ကြည့်ရှုသောအခါ သူတို့သည် ကျူးလွန်ခဲ့ပြီးသော အပြစ်များရှိသမျှကို သူတို့ပြန်၍ သတိရကြလေ သည်။ ဘာသာတရားတွင် ကိုင်းရှိုင်းခြင်းနှင့်အပြစ်ကင်းရှင်းသည့် သန့်စင်ခြင်းအဖြစ်မှ အဘယ်နေရာတစ်ခုတွင် သူတို့ခြေလှမ်းများ လမ်းခွဲခဲ့ခြင်းကိုလည်းကောင်း၊ ဘုရားသခင်၏ပညတ်တရားကို ထိပါး သည့်တိုင် ဂုဏ်မာနနှင့်ပုန်ကန်ခြင်းအားဖြင့် အဘယ်အတိုင်းအတာ အထိ သူတို့ပါရှိသွားခဲ့သည်ကိုလည်းကောင်း သူတို့မြင်တွေ့ရကြပါ သည်။ အပြစ်နှင့်၌ပျော်မွေ့ကြည်နူးခြင်းအားဖြင့် မြှူဆွယ်ဖြားယောင်း သည့်အပြစ်သွေးဆောင်ရာများ၌ သူတို့အားပေးခဲ့မှု ဆုကျေးဇူးကောင်းချီး

ပေးခြင်းများ၌ တလွဲတချော်ဖြစ်စေခဲ့မှု၊ ဘုရားသခင်စေလွှတ်သူ
တမန်တို့အား အထင်အမြင်သေးကဲ့ရဲ့ခဲ့မှု၊ ကြိုတင်ပြောကြားသည့်
သတိပေးချက်များအား ငြင်းပယ်မှု၊ အကြင်နာကရုဏာလှိုင်းများအား
ပြန်လည်ပုတ်ထုတ်မှုအပါအဝင် အလုံးစုံတို့သည် မီးဖြင့်ရေးသားဖော်
ပြထားသည့်ပမာ ပေါ်လွင်နေပေ၏။

ပလ္လင်တော်၏အထက်ဝယ် လက်ဝါးကပ်တိုင်တော်သည်
ထင်ရှားလျက်ရှိကာ အစဉ်မပြတ်ထင်ထင်ရှားရှားဖြစ်စေသည့် မြင်ကွင်း
ကျယ်ရပ်မြင်သံကြားကဲ့သို့ အာဒံအပေါ် စုံစမ်းနှောင့်ယှက်မှုနှင့်
သူ၏ကျဆုံးမှုတို့အပြင် ရွေးနုတ်ကယ်ယူခြင်း မဟာစီမံချက်အဆင့်ဆင့်
တို့သည် ဖော်ပြထားပေသည်။ ကယ်တင်သခင်၏နှိမ့်ချစွာသော
ဖွားမြင်ခြင်း၊ ကိုယ်တော်သခင်၏ရိုးစင်းပြီး ရိုသေကျိုးနွံသည့် ရှေ့ပိုင်း
အသက်တာ၊ ယော်ဒန်မြစ်ထဲမှကိုယ်တော်အား ဗတ္တိဇံခံယူစေခြင်း၊
တောသို့ပို့ဆောင်လျက် အစာရှောင်ခြင်းနှင့်စုံစမ်းသွေးဆောင်ခြင်း၊
ကိုယ်တော်က လူအများတို့ကို အလင်းတရားဖြင့်ဆုံးမဩဝါဒပေးခြင်း၊
ကောင်းကင်ဘုံ၏အဖိုးအထိုက်ဆုံးဖြစ်သည့် ကောင်းချီးများအား သိရှိ
စေခြင်း၊ ချစ်ခြင်းနှင့်သနားညှာတာခြင်းများ ရောပြွမ်းသည့်ကာလများ၊
တောင်ကုန်းများ၏ဆိတ်ညံရာ၌ ညဉ့်အခါတောင်းဆုချွေခြင်းများ
စသည့်ပေါ်ပေါက်ထင်ရှားသော မြင်ကွင်းများပင်တည်း။ ဆက်လက်၍
တွေ့ရသည်ကား ငြူစူခြင်း၊ မုန်းတီးခြင်းနှင့်မနာလိုခြင်းဆိုင်ရာ
ကိုယ်တော်အပေါ် ပြန်လည်ပေးဆပ်မှုဖြစ်ပေါ်စေခဲ့သည့်အကြံအစည်
များ တစ်လောကလုံး၏အပြစ်များအား ခါးချိလောက်အောင်သယ်ပိုး
ပေးထားရသည့်အကြားမှ ဂေသရေမန်အရပ်တွင် ကြုံရသည့်
ကြောက်ဖွယ်ရာနှင့် နက်နဲမှုပြွမ်းတီးသော ဝေဒနာခံစားရခြင်း၊
လူ့အသက်ကိုသတ်ဖြတ်လိုစိတ်ပြင်းပြသူ လူအုပ်စု၏လက်ထဲသို့

ကိုယ်တော်အားသစ္စာဖေါက်လျက်အပ်နှံခြင်း၊ ထိုကြောက်မက်ဖွယ်ညဥ့်ကြုံရသည့် ထိတ်လန့်စရာဖြစ်စဉ်ရပ်များ၊ မရန်းကန်မခုခံသော မိမိ၏အချစ်ခင်ဆုံး တပည့်တပန်းတို့က လျစ်လျူရှုခြင်းကိုခံရသော အကျဉ်းသားဘဝဖြင့် ရိုင်းစိုင်းစွာပင် ယေရုရှလင်မြို့၏လမ်းများတွင် တွန်းထိုးကာ ခေါ်သွားခံရခြင်း၊ အန္နမည်သောယဇ်ပုရောဟိတ်မင်း၏ နန်းတော်နှင့် မြို့ဝန်ပုန္တိပိလတ်၏ တရားစီရင်ရာခန်းမတွင်လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်ပြီး သူရဲဘောကြောင်သူ စော်ဘွားဟေရုဒ်၏ရှေ့မှောက်၌လည်းကောင်း၊ တရားစီရင်ရန်ခေါ်စဉ်တွင် လှောင်ပြောင်မှု၊ စော်ကားမော်ကားပြုမှု၊ ညှဉ်းဆဲမှုနှင့်သေဒဏ်ကျခံရန် အပြစ်ဒဏ်ချမှတ်ခံရမှု စသည်မြင်ကွင်းတို့သည်လည်း ထင်ထင်ရှားရှား ပင်ပေါ်လာခဲ့ပါ၏။

ယိမ်းလှုပ်နေသောအစုအဝေးကြီးအတွက် အပြီးသတ်ဖြစ်သည့် မြင်ကွင်းကျယ်ရပ်ရှင်အား ယခုအခါ ဖွင့်ပြလိုက်သည်ကား စိတ်ရှည်သည်းခံတတ်သူ ကိုယ်တော်က ကရာနီတောင်ရှိရာ လမ်းကြောင်းပေါ် လျှောက်လှမ်းသွားနေပုံ၊ ကောင်းကင်၏သခင်ကြီးသည် လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားခံနေရပုံ၊ ကိုယ်တော်က အသက်စွန့်လွှတ်ရသည့် နာကျင်ခြင်းဝေဒနာကို ခံစားနေရခိုက် ရိုင်းပျစွာရယ်မောနေကြသူ၊ ဘဝင်မြင့်သည့်ယဇ်ပုရောဟိတ်အများနှင့် အထိန်းအကွပ်မဲ့ဖြစ်နေသည့် လူအုပ်သည် အလှောင်ပြောင်ပြက်ရယ်ပြုနေကြပုံ၊ သဘာဝထက်လွန်ကဲသောအမှောင်ထုကျရောက်ပုံ၊ လှိုင်းလုံးကြွဟန်ဖြင့် ပထဝီမြေကြီးတုန်ဟည်းလျက် ကျောက်များကွဲအက်ပုံ မရဏာနိုင်ငံတည်းဟူသော သင်္ချိုင်းများပွင့်၍ ရွေးနုတ်ကယ်ယူသူ ကိုယ်တော်၏အသက်ကို လွှတ်တော်မူသော အမှတ်လက္ခဏာအားပြသပေးလိုက်ပါသည်။

## အတိတ်ကာလမှပြယုဂ်များ

ကြောက်ရွံ့ဖွယ်ရာရှုမြင်ကွင်းသည် အရှိအတိုင်းပင်မြင်သော လျက်ရှိပါ၏။ စာတန်၊ သူ့တမန်များနှင့် သူ၏နောက်လိုက်အစေခံများ တွင်သူတို့ရွေးချယ်သော ကိုယ်တိုင်လုပ်ရပ်၏ရုပ်ပုံဖေါ်ချက်မှ မျက်နှာ လွှဲရန် အစွမ်းအင်အားသည် သူတို့၌မရှိကြတော့ပါပြီ။ တစ်ဦးစီသော ပါဝင်သရုပ်ဆောင်သူသည် မိမိ၏အခန်းကဏ္ဍကို ပြန်၍မှတ်မိပါ၏။ ဣသရေလ၏ဘုရင်အား ပျက်စီးစေကောင်းသည်ဟူ၍ ဗက်လင်မြို့မှ အပြစ်မဲ့သူငယ်ကလေးများအား သတ်ဖြတ်စေခဲ့သူဟေရုဒ်၊ ယုတ်နိမ့် စွာသောအကြံဖြင့် ဗတ္တိဇံဆရာယောဟန်၏အသွေးကို အပြစ်မကောင်း မှုဖြင့် ဆုံးရှုံးစေခဲ့သူဟေရောဒိ၊ ပျော့ညံ့ပြီး အချိန်ကာလအလျှောက် အများ၏အလိုကိုလိုက်တတ်သူ ပိလတ်မင်း၊ ပြက်ရယ်ပြုလှောင်ပြောင် နေသူစစ်သားများ၊ ယဇ်ပုရောဟိတ်များ၊ အုပ်ချုပ်ရေးဆိုင်ရာလူများနှင့် စိတ်ရူးပေါက်နေခဲ့သူလူအုပ်ကြီးက "သူ့အသွေးသည် အကျွန်ုပ်တို့နှင့် အကျွန်ုပ်တို့သားသမီးများအပေါ်တည်ပါစေ" ဟူ၍ အော်ဟစ်ခဲ့ကြ ပေရာ အားလုံးသောသူများက မိမိတို့၏အပြစ်ကြီးမားခြင်းကို သတိပြုမိကြပါသည်။ ကိုယ်တော်၏တန်ခိုးစွမ်းပကားမြင့်လှသည့် မျက်မှောက်မှ သူတို့သည်ပုန်းကွယ်ရန် အကျိုးမဲ့အားထုတ်ခဲ့ကြသည့် အခိုက်တွင် ရွေးနုတ်ကယ်တင်ခံ သန့်ရှင်းသူအပေါင်းသည် "အကျွန်ုပ်အဖို့ ကိုယ်တော်အသေခံခဲ့၏" ဟူသော ကြွေးကြော်မှုဖြင့် ကယ်တင်ပိုင်သခင်၏ခြေတော်ရင်း၌ သူတို့ဦးရစ်သရဖူများအား ချထားပေးလိုက်ကြပါတော့သည်။

ရွေးနုတ်ကယ်တင်ခံလူအုပ်ထဲဝယ် ခရစ်တော်၏တပည့်တော် များဖြစ်ကြကုန်သော သူရဲကောင်းဆန်သူပေါလု၊ စိတ်ထက်သန်လှေ

ရှိသူပေတရု၊ ယေရှုသခင်၏ချစ်ခြင်းကိုခံရကာ မိမိကိုယ်၌ကလည်း ချစ်တတ်သူယောဟန်နှင့် သူတို့၏သစ္စာရှိညီအစ်ကိုများနှင့်အတူ မာတုရအာဇာနည်များ အုပ်စုကြီးတို့ပါဝင်ကြပါသည်။ အုပ်ရိုး၏ပြင်ပတွင်မူ သူတို့အား နည်းအမျိုးမျိုးဖြင့် စက်ဆုပ်ရွံရှာဖွယ်ရာသော တန်ဖိုးမဲ့အမှုအရာများအားဖြင့် ညှဉ်းပန်းနှိပ်စက် ထောင်သွင်းအကျဉ်းချပြီး သတ်ဖြတ်သုတ်သင်ခဲ့သူများသည် ရှိနေပါ၏။ ထိုအထဲတွင် မကောင်းမှုနှင့်ရက်စက်ကြမ်းကြုတ်မှုတို့၌ ပျော်မွေ့လျက် တစ်ချိန်တစ်ခါက မိမိနှိပ်စက်ခဲ့သူတို့အားမြင်ရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်လေ့ရှိသူ ပုံပျက်ပန်းပျက်နိုင်သော နီရိုးရှင်ဘုရင်သည်လည်း သူတစ်ပါး၏အပြင်းထန်ဆုံးသော စိတ်ဆင်းရဲမှုတွင် စာတန်ကဲ့သို့ ရွှင်ပျဝမ်းမြောက်နေသူဖြစ်ပါသည်။ သူ၏မိခင်သည် သူမ၏လုပ်ရပ်မှဖြစ်လာခဲ့သောရလဒ်ကို သက်သေထင်ရှားတွေ့မြင်ရခြင်းငှာ ထိုနေရာသို့ရောက်နေခဲ့၏။ သူမ၏သားထံ မကောင်းသည့်အကျင့်တံဆိပ်ခတ်နှိပ်ခြင်းသည် မည်သို့မည်ပုံ ကူးစက်သွားသည်ကိုလည်းကောင်း၊ သူမ၏အရှိန်အဝါနှင့် နမူနာပြုမှုအားဖြင့် ရာဂရမ္မက်ပြင်းပြမှုများကို အားပေးလျက်ကြီးထွားခဲ့ခြင်းကြောင့် ကမ္ဘာကပင်တုန်လှုပ်ရသော ပြစ်မှုများ ဖြစ်ပေါ်စေခဲ့သည်ကိုလည်းကောင်း သိရှိနိုင်ရန် ရောက်နေခြင်းပင်ဖြစ်ပါချေသည်။

ကိုယ်တော်ဘုရားသခင်၏လူတို့၌ မသိစိတ်များ ထိန်းချုပ်မှုဖြစ်စေရန်အတွက် ရောမအသင်းတော်ဆိုင်ရာ ဘုန်းတော်ကြီးများ၊ ဂိုဏ်းအုပ်ကြီးများတွင် ခရစ်တော်၏သံတမန်များဖြစ်ပါသည်ဟု ပြောဆိုရင်းဖြင့်ပင် သူတို့က ကောက်ရိုးစင်၊ မြေအောက်အကျဉ်းခန်းနှင့်ပန္နက်တိုင်စသည်များအား အသုံးပြုခဲ့ကြသေး၏။ မာနတော်လွှား

သူယဇ်ပုရောဟိတ်မင်း၊ ပါပရဟန်းမင်း၊ ဂိုဏ်းချုပ်ဆရာတော်စသည့် သူများသည် ဘုရားသခင်ထက် မိမိကိုယ်ကို ပို၍မြှောက်စားကာ ထာဝရတန်ခိုးတော်သခင်ထာဝရဘုရားသခင်၏ ပညတ်တရားတော်ကို ပြောင်းလဲပြင်ဆင်ရန် အခွင့်ရှိသယောင် ပြုမူတတ်ကြပါသည်။ အဆိုပါအသင်းတော် ဖခင်ကြီးများဖြစ်ဟန် အသွင်ဆောင်ထားသူများသည် အလွယ်ဖြင့်ပင် ခွင့်လွှတ်ခြင်းကို ဘုရားသခင်ထံ ၎င်းတို့တင်သွားမည့်ဖြေရှင်းချက်တစ်ရပ်အားဖြင့် ရလိမ့်မည်ဟု ယူဆရပေသည်။ အရာခပ်သိမ်းကို သိနိုင်စွမ်းရှိတော်မူထသော ထာဝရတန်ခိုးတော်သခင်သည် မိမိ၏ပညတ်တရားကို ဖေါက်ဖျက်လျှင် ထိုသူ၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားသခင်၊ အပြစ်ထင်ရှားသူကို အပြစ်ဒဏ်မှ ကင်းရှင်းအောင် လုပ်ဆောင်ပေးတော်မမူထသော ဘုရားသခင်ဖြစ်ကြောင်း သူတို့သိနောက်ကျခဲ့ကြပြီဖြစ်ပါသည်။ သူတို့ယခု သိလာခဲ့သောအခါတွင် ယေရှုခရစ်တော်သည် ဆင်းရဲအနစ်နာခံနေရသော ကိုယ်တော်၏လူတို့အကျိုးကျေးဇူးသည် ကိုယ်တော်၏အကျိုးကျေးဇူးပင်ဖြစ်သည်ဟူ၍ ထုတ်ဖေါ်သက်သေပြခြင်းဖြစ်ကြောင်း သိလာရကြ၏။ ထိုအခါ သူတို့သည် ကိုယ်တော်နှုတ်တော်ထွက် စကားရပ်များ၏စွမ်းအားကို ခံစားရသည်ကား "မင်းကြီးက ငါအမှန်ဆိုသည်ကား သင်တို့သည် ဤသူတည်းဟူသသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတ္တံ့။" မဿဲ ၂၅း၄၀။

ကမ္ဘာလောက၏မတရားသောသူအပေါင်းတို့သည် ထာဝရဘုရားသခင်၏ရုံးတော်ရှေ့မှောက်သို့ ပို့ဆောင်ခြင်းခံရလျက် ကောင်းကင်နိုင်ငံတော်အစိုးရအပေါ် သစ္စာဖေါက်ပုန်ကန်မှုဖြင့် စွဲဆိုမှုခံရကြပါသည်။ သူတို့တွင် လျှောကက်လဲချက်တစ်စုံတစ်ရာဧဖို့ မရှိသကဲ့သို့

ကင်းလွတ်ခြင်းအခွင့်ကို ရနိုင်ခြင်းမရှိသည့်အလျောက် သူတို့အပေါ် ထာဝရသေဆုံးခြင်း အပြစ်ဒဏ်စီရင်ချက်ကိုသာ ချမှတ်ခြင်းခံရကြလေတော့သည်။

ယခုဆိုလျှင် အပြစ်၏အဖိုးအခတွင် မွန်မြတ်လှသောလွတ်လပ်ခြင်းနှင့် ထာဝရအသက်တာကို ရရှိခြင်းမဟုတ်ဘဲ ကျွန်ပြုခံရခြင်း၊ ပျက်စီးရခြင်းနှင့်သေဆုံးခြင်းတို့ဖြစ်ကြောင်း ထင်ရှားနေပါ၏။ မတရားသောသူများအားလုံးသည် မိမိတို့အသက်ကို အစားထိုးပေးဆပ်လျက် ပုန်ကန်ထကြွမှုကို ပြုလုပ်ခဲ့ရကြောင်း မြင်တွေ့ရကြပါသည်။ ၎င်းတို့အတွက် သာလွန်ကောင်းမွန်လျက် ရာသက်ပန်အချိန်စီးသည့် ဂုဏ်အသရေရှိသော မြင့်မြတ်ခြင်းကို ကမ်းလှမ်းပေးခဲ့ပါသော်လည်း အထင်အမြင်သေးကာ ငြင်းပယ်ခဲ့ကြသည်။ သို့သော် ယခုအခါ ထိုကမ်းလှမ်းချက်သည်ပင် လိုလားဖွယ်ရာ မည်မျှဖြစ်နေပြီကို မြင်သာပါ၏။ ဆုံးရှုံးခံရသော (လူ) စိညာဉ်က "ဤအမှုအရာအလုံးစုံကို ငါသည် ရနိုင်ကောင်းခဲ့ပေသည်။ သို့သော် ငါသည် ဤအရာတို့ကို ငါနှင့်ဝေးကွာစေရန် ရွေးချယ်ခဲ့ပါသည်။ "အလို" ဆန်းပြားသည့်ရူးနှမ်းခြင်းပေတကား။ ငါသည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဂုဏ်သိက္ခာတို့ကို ယုတ်ညံ့ခြင်း၊ စာရိတ္တပျက်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့သည့် အခြေအနေတို့နှင့် လဲလှယ်ခဲ့ချေ၏" ဟုဟစ်ကြွေးခဲ့ပါလေသည်။ ကောင်းကင်ဘုံအနေဖြင့် သူတို့အား ဖယ်ထုတ်ထားခဲ့ခြင်းမှာ မှန်ကန်မျှတကြောင်း အားလုံးသိမြင်ကြပါသည်။ သူတို့၏ အသက်ကိုရင်းလျက် သူတို့က ပြောကြားခဲ့သည်ကား "ဤလူ (ယေရှု) က အကျွန်ုပ်တို့အပေါ် စိုးမိုးအုပ်ချုပ်မှုကို ကျွန်ုပ်တို့လက်သင့်မခံ။"

ဘုရားသခင်၏သားတော် နန်းတက်ပွဲအောင်မြင်သွားခြင်းကို မတရားသောသူအပေါင်းတို့သည် မင်တက်မိခြင်းခံရသကဲ့သို့ မြင်တွေ့ကြည့်ရှုခဲ့ကြပါ၏။ ကိုယ်တော်၏လက်ထဲ၌ မွန်မြတ်သည့်ပညတ်တရားတော်ကို ရေးသားထားခဲ့သည့်ကျောက်ပြားများ၊ သူတို့ကပြစ်တင်ရှုတ်ချလျက် လွန်ကျူးဖေါက်ဖျက်ခဲ့သော အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့်ဥပဒေများအား သူတို့သည် ပြင်ကြပါသည်။ ကယ်တင်ခြင်းခံရပြီးသူအပေါင်းထံမှ ပွင့်အံလာသောအံ့သြခြင်း၊ ပျော်မြူးခြင်းနှင့်လေးမြတ်ချစ်ခင်ခြင်းတို့အား သူတို့သည် သက်သေထင်ရှားမြင်ကြရပါ၏။ အသံများစုစည်းညီညာစွာဖြင့် တစ်သံတည်းလွှမ်းမိုးသွားသည့်သာယာသောတေးသွားသည့် မြို့တော်၏ပြင်ပရှိ လူအုပ်အစုအဝေးကြီးအပေါ် ပျံ့လွင့်သွားသည်ကား "ထာဝရတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရဘုရားသခင် ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍အံ့သြဖွယ်ဖြစ်ပါ၏။ လူမျိုးတို့၏ဘုရင် ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟူ၍ ကြွေးကြော်ဆိုကြလျက် ထာဝရအသက်သခင်ကြီးအား ပျပ်ဝပ်ကိုးကွယ်လျက် နေကြပါတော့သည်။

## စာတန်၏နိမ့်ချခံရခြင်း

သခင်ယေရှုခရစ်တော်၏ ဘုန်းတန်ခိုးနှင့်အာနုဘော်တော်ကို မြင်တွေ့ရသောအခါ စာတန်၌ ခြေလက်များသေသကဲ့သို့ ဖြစ်သွားဟန်ရှိပါသည်။ သူသည် တစ်ခါက ဖြန့်၍လွှမ်းမိုးသော ခေရုဗိမ်ဖြစ်ပြီး ဘယ်သောအခါမှာ သူ၏ကျဆုံးမှုစတင်ခဲ့ခြင်းကို မှတ်မိပါ၏။ လင်းလဲ့တောက်ပသည့် အမြင့်ဆုံးအဆင့်ရှိ ဆာရာ(ဖ်) ကောင်းကင်

တမန်တစ်ဦးဖြစ်သူ "နံနက်သားမိုးသောက်ကြယ်" သည် အဘယ်သို့ ပြောင်းလဲကာ အဘယ်မျှနိမ့်ကျသွားခဲ့ခြင်းကို သူအသိဆုံးပင်။ တစ်ချိန်က သူ၏ဂုဏ်သိက္ခာတက်ခဲ့သော အာဏာရှိအဖွဲ့ဝင်ဘဝမှ သူသည် ဖယ်ရှားခြင်းကိုခံခဲ့ရလေသည်။ ယခုအခါ၌ အဖခမည်းတော် ဘုရားသခင်အနီး ရပ်လျက်နေသူ အခြားတစ်ဦးတစ်ယောက်အား သူမြင်တွေ့ပါ၏။ သခင်ယေရှုခရစ်တော်၏ဦးခေါင်းပေါ်သို့ သရဖူကို အဆင့်မြင့်ရပ်သွင်ရှိကာ အစွမ်းသတ္တိအာဏာစက်ရှိသူ ကောင်းကင် တမန်တစ်ဦးက ဆောင်းပေးသည်ကို သူတွေ့ရပါသည်။ ထိုအခါ သူသိမှတ်သည်ကား ဤကောင်းကင်တမန်၏ချီးမွမ်းဖွယ်ရာအနေ အထားသည် သူ့အတွက် ဖြစ်နိုင်ကောင်းခဲ့ပေသည်ဟူ၍တည်း။

သူသည် မိမိ၏အပြစ်ကင်းရှင်းမှုနှင့် သန့်စင်ခြင်းဘဝမှာ အိမ်တော်တွင် ငြိမ်သက်ခြင်းနှင့်ရောင့်ရဲမှုတို့ဖြင့် နေထိုင်ခဲ့သည်မှ ထာဝရဘုရားသခင်အပေါ် တီးတိုးရေရွတ်ဆန့်ကျင်မှုနှင့် ခရစ်တော် အား ငြူစူခြင်းဖြစ်ခဲ့သည့်အထိ ဖြစ်ရပ်မှန်အားလုံးကို မှတ်ဉာဏ်၌ ပြန်တွေးယူရရှိပါသည်။ သူ၏စွပ်စွဲချက်များ၊ သူ၏ပုန်ကန်မှုများ၊ ကောင်းကင်တမန်များ၏စာနာမှုနှင့်ထောက်ခံမှုရစေရန် သူ၏လှည့်ဖြား မှုများ၊ ထာဝရဘုရားသခင်က သူ့အားခွင့်လွှတ်ခြင်းကို လိုက်လျော ပေးနိုင်ကောင်းသောအခါ မည်သို့သောအားထုတ်မှုကိုမျှ မပြုလုပ်ဘဲ အလျှော့မပေးသည့်တဇွတ်ထိုးစိတ်ဖြင့် ခေါင်းမာခဲ့မှု စသည့်အချက် အားလုံးသည် သူ၏ရှေ့တွင် ထင်ထင်ရှားရှားပြန်ပေါ်လာ၏။ သူ၏ လုပ်ဆောင်မှုကိုပြန်လှန်လျက် လူအပေါင်းတို့အကြားတွင် မည်သို့ သောရလဒ်များ ရရှိခဲ့ခြင်းကိုသုံးသပ်လေသည်။ လူတို့ထဲ၌ အချင်း ချင်းအမုန်းပွားရန်လိုမှု၊ ကြေက်မက်ဖွယ်ရာသော အသက်ကိုသတ်မှု၊

နိုင်ငံအများ တိုးတက်မြင့်မားခြင်းနှင့်ကျဆုံးခြင်း၊ နန်းလုမှုကြောင့် နန်းစွန့်ကျရှုံးခြင်းများ၊ စဉ်ဆက်မပြတ်ဖြစ်သော အုပ်ချုပ်ရေးပျက်ပြား မှုများ၊ ရန်းရင်းဆန်ခတ်မှုဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းများနှင့်တော်လှန် ရေးများကို သူ၏လုပ်ရပ်ရလဒ်များအဖြစ်တွေ့မြင်၏။ ခရစ်တော်၏ လုပ်ငန်းစဉ်တို့ကို အစဉ်တစိုက်ဆန့်ကျင်လျက် လူအပေါင်းအား နစ်သည်ထက်နစ်ကာ နိမ့်ကျစေရန် ပြုခြင်းကို သူမှတ်မိပါသည်။ သူမြင်သည်ကား သခင်ယေရှုအပေါ် ယုံကြည်ခြင်းရှိသူများအား ဖျက်ဆီးရန် သူ၏အစီအမံ၊ အကြံအစည်များ အောင်မြင်မှုမရခဲ့ကြောင်း ပင်တည်း။ စာတန်သည် သူ့နိုင်ငံကို ပြန်ကြည့်ရာတွင် သူကြိုးစား လုပ်ဆောင်ပါသော်လည်း သူတွေ့မြင်သည်ကား အဆုံးအရှုံးနှင့် အပျက်အစီးသာလျှင်တည်း။ မတရားသောလူအုပ်စုကြီးအား ဘုရား သခင်၏မြို့တော်ကြီးသည် အလွယ်တကူသိမ်းပိုက်ရရှိနိုင်မည့်နေရာ ဖြစ်ကြောင်း သူက ဆွဲဆောင်သိမ်းသွင်းခဲ့သော်ငြား သူ၏လုပ်ကြံ ပြောဆိုမှုကို သူသိပါ၏။ မဟာအငြင်းပွားမှုကာလတစ်လျှောက် အခါခါပင် သူက အရှုံးနှင့်ရင်ဆိုင်ရကာ မဖြစ်မနေလိုက်လျော အရှုံးပေးခဲ့ရပါသည်။ ထာဝရဘုရားသခင်၏တန်ခိုးတော်နှင့်အာနု ဘော်ကို သူအကုန်အစင်သိပြီးဖြစ်ပါ၏။

မဟာပုန်ကန်သူက အမြဲတစေပင် သူသာလျှင် မှန်ကန်ခြင်း ရှိကာ ကောင်းကင်နိုင်ငံတော်၏အစိုးပိုင်သော အခွင့်ရအဖွဲ့အစည်း သည် ပုန်ကန်မှု၌တာဝန်ရှိကြောင်း လက်ခံစေလိုသည့်ရည်မှန်းချက် သည်သူ၌ရှိပါ၏။ ဤရည်မှန်းချက်ပြည့်မီစေရန် သူ၏ကြီးမားသော အသိဉာဏ်ပညာစွမ်းပကားကို အပြည့်အဝအသုံးပြုပါသည်။ သူ့အနေ ဖြင့်ကြိုတင်စီမံမှုနှင့် စနစ်တကျလုပ်ဆောင်ခဲ့မှုကြောင့် အောင်မြင်မှုကို

ကောင်းစွာရရှိပြီးလျှင် ကြာရှည်ဆင်နွဲလာခဲ့ရသည့် မဟာအငြင်းအခုံ အဖွဲ့၌ သူ၏လုပ်ရပ်ကို ကြီးမားများပြားလှစွာသော လူအစုအဝေး အပေါင်းက လက်သင့်ခံလာစေရန် ဆွဲဆောင်ထားနိုင်ပေသည်။ နှစ်ပေါင်းထောင်နှင့်ချီလျက် ဤလုပ်ကြံဖန်တီးရေးသခင်ကြီးသည် အမှန်တရားအစား မမှန်မကန်မှုကို လှည့်စားသွတ်သွင်းခဲ့ပါ၏။ သို့သော် ယခုအခါသည် ပုန်ကန်မှုကို အပြီးသတ်ချေမှုန်းရမည့်အချိန် ရောက်ပြီဖြစ်လရာ စာတန်၏သမိုင်းမှတ်တမ်းနှင့် စရိုက်သဘာဝကို ဖေါ်ထုတ်လျက် အများသိစေရန်လုပ်ရချေသည်။ သူ၏နောက်ဆုံးသတ် ဖြစ်သည့်လုပ်ရပ်ဖြစ်သော ခရစ်တော်ကိုနန်းချရန်၊ ဘုရားသခင်၏လူ တို့အား ဖျက်ဆီးသုတ်သင်ရန်နှင့် ဘုရားသခင်၏မြို့တော်ကြီးကို အပိုင်သိမ်းယူရန်တည်းဟူသော ကြီးမားသည့်အားထုတ်မှုကြီးတွင် လှည့်စားသူတို့၏ထိပ်ခေါင်ဖြစ်သူ၌ မျက်နှာဖုံးစွပ်သည် ခွာချခြင်းကို ခံလိုက်ရပေတော့သည်။ သူနှင့်ပူးပေါင်းခဲ့သူတို့သည် သူ၏အရေးမလှ မှုကို လုံးဝဆုံးရှုံးမှုအဖြစ် မြင်တွေ့ရလေ၏။ ဘုရားသခင်၏အုပ်စိုးပိုင် ခွင့်အား ဆန့်ကျင်သည့်သူ၏အကြံအစည်၊ အစီအမံတို့၏ထိရောက် မှုတိုင်းတာချက်ကို သခင်ခရစ်တော်၏နောက်လိုက်အပေါင်းနှင့် သစ္စာ ရှိကောင်းကင်တမန်အပေါင်းတို့က မြင်တွေ့သတိပြုမိကြပါသည်။ စာတန်သည် ကမ္ဘာတစ်ဝန်းလုံးရှိသူအပေါင်း၏အော့နှလုံးနာဖွယ် ဖြစ်ရပါ၏။

စာတန်သည် သူ၏သိလျက်ဖြင့်လုပ်ဆောင်သည့် ပုန်ကန်မှု အားဖြင့် ကောင်းကင်ဘုံအတွက် မထိုက်တန်သူဖြစ်ခဲ့ရလေသည်။ ထာဝရဘုရားသခင်အား ဆန့်ကျင်တိုက်ခိုက်ရန် သူ၏အစွမ်းများကို လေ့ကျင့်ပျိုးထောင်ခဲ့၏။ ကောင်းကင်ဘုံ၏သန့်စင်ခြင်း၊ ငြိမ်သက်ခြင်းနှင့်

ညီညွတ်ခြင်းတို့မှာ သူအဖို့မူ အဆုံးစွန်သောနိုပ်စက်ညှဉ်းပန်းမှုဖြစ်ပေလိမ့်မည်။ ထာဝရဘုရားသခင်၏ သနားခြင်းကရုဏာတော်နှင့် တရားမျှတမှုတို့အပေါ် သူ၏စွပ်စွဲချက်များမှာ ယခုအခါ အသံတိတ်ခဲ့ရချေပြီ။ ယေဟောဝါဘုရားသခင်အပေါ်ထိုးချရန် သူကြိုးပမ်းလေပြီ။ သို့ဖြစ်သောကြောင့် စာတန်သည် ယခုအခါမှာ ဦးညွတ်လျက်မိမိအပေါ်ချမှတ်မည့် ပြစ်ဒဏ်ပေးတရားမျှတခြင်းကို ဝန်ခံပါသည်။

"အိုထာဝရဘုရားသခင် ကိုယ်တော်တစ်ပါးတည်းသာလျှင် မချီးမွမ်းဘဲအဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့်စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားသည်ဖြစ်၍ လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်ဟု လျှောက်ဆိုကြ၏။" ကျမ်းပိုဒ် ၄။ ကြာရှည်နေပြီဖြစ်သည့်အငြင်းအခုံမှုတွင် အကျုံးဝင်သောအမှန်နှင့် အမှားဆိုင်ရာမေးခွန်းတိုင်းမှာ ယခုတွင် အဖြေထွက်ခဲ့ချေပြီ။ ပုန်ကန်ခြင်းနှင့် တရားတော်ဆိုင်ရာ တည်ဆဲဥပဒေတို့အား ဘေးဖယ်ထားခြင်းတို့၏ ရလဒ်အဖြေများကို ဖန်ဆင်းခြင်းခံ အသိဉာဏ်ရှိသူအပေါင်းတို့ ရှင်းလင်းစွာမြင်သာအောင် ချပြထားပါ၏။ ဘုရားသခင်၏အုပ်စိုးပိုင်တော်မူသည့် အခွင့်ရအစိုးရနှင့်ကွဲပြားခြားနားသော စာတန်၏အုပ်ချုပ်မှုဆိုင်ရာ အစီအမံကို အာကာသကမ္ဘာတစ်ခွင်သို့ဖော်ပြခဲ့ပြီဖြစ်ပါသည်။ စာတန်၏ကိုယ်ပိုင်လုပ်ရပ်များကပင် သူ၌အပြစ်ရှိကြောင်းပြခဲ့ခြင်းပင်တည်း။ ထာဝရဘုရားသခင်၏ဉာဏ်တော်ကို ကိုယ်တော်၏တရားမျှတခြင်းနှင့်ကောင်းမြတ်ခြင်းတို့သည် အမှန်တရားကို အပြည့်အဝသက်သေပြရပ်တည်နေပါ၏။ ကိုယ်တော်ဖန်ဆင်းထားသော လူအပေါင်းတို့

ထာဝစဉ်ကောင်းမွန်စေရန်နှင့် လောကကမ္ဘာအလုံးစုံ၏ကောင်းကျိုး ဖြစ်စေရန်တို့ကို ထောက်ထားကာ ကိုယ်တော်၏ကိုင်တွယ်ဆောင် ရွက်မှုတို့အား မဟာအငြင်းအခုံပွဲ၌ ညွှန်ပြဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရကြပေသည်။ " အိုထာဝရဘုရားသခင်၊ ဖန်ဆင်းတော်မူ သမျှတို့သည် ဂုဏ်တော်တို့ကိုပြ၍ ကိုယ်တော်၏သန့်ရှင်းသူတို့သည် ကောင်းချီးပေးကြပါ၏။" ဆာလံ ၁၄၅း၁၀။ စဉ်ဆက်မပြတ်သည့် လောကအလုံးစုံတွင် အပြစ်တရား၏သမိုင်းစဉ်၌ ထာဝရဘုရားသခင် ၏ဖြစ်တည်ခြင်းနှင့်အတူ ကိုယ်တော်တိုင်ဖန်ဆင်းထားခဲ့သူအပေါင်း၏ ဝမ်းမြောက်ခြင်းသည် အစဉ်မကွာရှိကြောင်း သက်သေပြပါလိမ့်မည်။ မဟာအငြင်းအခုံပွဲ၏အမှန်တရားအချက်အလက်များ ထင်ရှား သက်သေတည်ခြင်းနှင့်အတူ သစ္စာစောင့်သိသူရော ပုန်ကန်သူများ အပါအဝင် အကြွင်းမဲ့တညီတညွတ်တည်း သံပြိုင်ကြွေးကြော်သည်ကား "ထာဝရဘုရားသခင်၏လမ်းခရီးတော်ရှိသမျှတို့သည် ဖြောင့်မတ်၍ ခပ်သိမ်းသော သူတော်စင်တို့၏ဘုရင်ဖြစ်သတည်း။"

လောက ကမ္ဘာဦးကပင် အဖခမည်းတော်ဘုရားသခင်နှင့် သားတော်ယေရှုသည် လူသားတို့၏အကျိုးအတွက် မဟာစွန့်လွှတ် ဆက်ကပ်ခြင်းအား ပြုခဲ့ကြပြီးဖြစ်ပါသည်။ ယခုလည်း အလားတူပင်ဖြစ်၍ ခရစ်တော်က သူ့ရထိုက်သောနေရာဌာနကိုခံယူရန် အချိန်ကာလသို့ ဆိုက်ရောက်နေလေပြီ။ သို့ဖြစ်၍ ကိုယ်တော်သည် ထာဝရတန်ခိုးတော် ထာဝရဥာဏ်တော်၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏ သခင် အထွတ်အမြတ်ဖြစ်သည့် နာမတော်ပိုင်ရှင်ဖြစ်ရပါပေ၏။ လက်ဝါးကပ်တိုင်တွင် ဆင်းရဲခြင်းကိုခံယူ၍ အရှက်တရားကို စက်ဆုပ် စေလျက် ကိုယ်တော်၌ရည်မှန်းချက်ထားရှိသော မဟာဝမ်းမြောက်ခြင်း

ကို နောင်လာမည့်လူသားပေါင်း ရနိုင်ကောင်းစေခြင်းငှာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါ၏။ ပူဆွေးသောကသည် မခံရပ်နိုင်လောက်အောင် ထုထည်ကြီးမားခဲ့ပါသော်လည်း ရရှိသည့်ဝမ်းမြောက်ခြင်းနှင့် ကြီးကျယ်မြင့်မြတ်ခြင်းတို့မှာ သာလွန်၍ကြီးမားလှပါသည်။ ကိုယ်တော်က ရွေးနုတ်ကယ်တင်ခံရသူအပေါင်းအား မိမိကိုယ်ခွဲသဖွယ် အံ့သစ်သောဘဝဖြင့် ရှုမြင်လျက် နှလုံးသားတိုင်းတွင် ဘုရားသခင်ကဲ့သို့ ပြည့်ဝစုံလင်ကာ မျက်နှာသွင်ပြင်တိုင်း၌ ဘုရင်တကာတို့၏ဘုရင်၏မျက်နှာတော်နှင့် ထပ်တူရောင်ပြန်ဟပ်ခြင်းကို ရှုမြင်ရပါသည်။ သူတို့တွင် ကိုယ်တော်၏စိတ်၌ဖြစ်ပေါ်ခဲ့သည့် လုံ့လဝီရိယကြီးစွာ အားစိုက်ထုတ်ခြင်း၏ရလဒ်ကို သတိပြုမိကာ ကိုယ်တော်၌ကျေနပ်အားရခြင်းရှိပါသည်။ ထိုနောက် ဖြောင့်မတ်သူတို့နှင့် မတရားသောသူအပေါင်းတို့၏ကြီးမားလှသော အစုအဝေးကြီးတစ်ရပ်လုံးကြားသိစေရန် ကိုယ်တော်ကမိန့်ဆိုသည်ကား "ငါ၏အသွေးဖြင့်ဝယ်ယူခဲ့သူအပေါင်းကိုကြည့်မြင်ကြလော့၊ သူတို့အတွက် ငါသည် ဆင်းရဲခြင်းဝေဒနာကိုခံခဲ့၏။ သူတို့အတွက် ငါသည် အသေခံခဲ့၏။ ထာဝစဉ်ခေတ်အဆက်ဆက် သူတို့သည် ငါ၏ရှေ့မှောက်၌ နေသွားကြရမည်ဖြစ်ပေ၏။" ထိုအခါ ဝတ်ရုံဖြူများဖြင့် ပလ္လင်တော်တစ်ဝိုက်ရှိ သူတို့က ချီးမွမ်းသီဆိုသည့်သီချင်းသံ လျှံထွက်လာသည်ကား "အသေသတ်ခြင်းကိုခံခဲ့ပြီးသော သိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးကို ခံထိုက်တော်မူ၏။" ဗျာ ၅း၁၂။

## စာတန်၏နောက်ဆုံးသောအားထုတ်မှု

ဘုရားသခင်၏တရားမျှတခြင်းကို အသိအမှတ်ပြုလျက်

အတင်းအကျပ် ပြုခဲ့ရသည်ဖြစ်သော်လည်း သူ၏စရိုက်သဘာဝသည်ကား မပြောင်းလဲခဲ့ပါချေ။ ပုန်ကန်လိုစိတ်သည် ကြီးမားသောရေစီးကြောင်းတစ်ခုကဲ့သို့ ရှေ့သို့သာတိုး၍သွားပါ၏။ ပြင်းထန်ကြမ်းတမ်းသည့်စိတ်လှုပ်ရှားမှုဖြင့် မဟာအငြင်းအခုံပွဲကို သူအရှုံးမပေးလိုက်ရန်သူဆုံးဖြတ်ပါသည်။ သွေးရှူးသွေးတန်းဖြင့် ဘုရားသခင်ကို ဆန့်ကျင်တိုက်ခိုက်မှုကို နောက်ဆုံးပြုလုပ်ရန်အချိန်သည် ကျရောက်ခဲ့လေပြီ။ သူ၏နောက်လိုက်အပေါင်းရှိရာသို့ ဝင်ရောက်သွားကာ သူကဲ့သို့ပင်စိတ်တက်ကြွပြင်းထန်စေရအောင်နှင့် ချက်ချင်းလက်ငင်းထ၍ တိုက်ပွဲဝင်ကြစေရန် သူကြိုးပမ်းပါသေး၏။ သို့ရာတွင် ရေတွက်၍မရနိုင်သည့်သန်းဂဏန်းဖြင့်ချီ၍ရှိနေသော သူ၏နောက်လိုက်ပါများအနက်မှတစ်ဦးတလေမျှ သူ၏တန်ခိုးထက်မြက်ခြင်းကို အသိအမှတ်မပြုကြတော့ဘဲ ပုန်ကန်ထကြွမှုကိုလည်း ဆက်မလုပ်ကြတော့ပါ။ သူ၌ရှိသောအာဏာစက်သည် ဆုံးခန်းတိုင်ခဲ့လေပြီ။ မတရားသောသူအပေါင်းမှာစာတန်က ထာဝရဘုရားသခင်ကို မုန်းတီးမှုမျိုးအပြည့်ရှိသော်လည်းသူတို့က မျှော်လင့်ချက်မရှိတော့ပြီဟူ၍ သိမြင်ကြလျက် ယေဟောဝါဘုရားသခင်အား ဆက်၍ဆန့်ကျင်တိုက်ပွဲဝင်ရန် မတတ်နိုင်တော့ပေ။ သူတို့၏အမျက်ဒေါသသည် စာတန်နှင့်သူ၏လှည့်ဖြားမှု၌ ပါဝင်လုပ်ဆောင်ပေးသူတို့အပေါ် ဦးလှည့်သွားကာ မကောင်းဆိုးဝါးများသဖွယ် အချင်းချင်းပြန်လှန်၍ တိုက်ခိုက်ကြပါတော့သည်။

ထာဝရဘုရားသခင်က မိန့်မြွက်သည်မှာ "သင်သည် ကိုယ်ကိုဘုရားသခင်ကဲ့သို့ ထင်မှတ်သောကြောင့် ကြောက်မက်ဖွယ်သောတစ်ကျွန်းတစ်နိုင်ငံသားတို့ကို သင်ရှိရာသို့ငါပို့ဆောင်သဖြင့် သူတို့သည် သင်၏ပညာဂုဏ်ကို ဓါးနှင့်ခုတ်၍ သင်၏တင့်တယ်ခြင်း

အသရေကို ရှုတ်ချကြလိမ့်မည်။ သင့်ကိုမြေတွင်းထဲသို့ နှိမ့်ချ၍ ပင်လယ်အလယ်၌ ဆုံးရှုံးသောသူကဲ့သို့ သင့်အသက်သည် ဆုံးရှုံးရလိမ့်မည်။" "အိုလွှမ်းမိုးသောခေရုဗိမ် မီးတောက်သောကျောက်တို့အထဲက သင့်ကိုငါပယ်ရှင်းမည်။ ငါသည် သင့်ကို မြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု၍ ဝမ်းမြောက်စေခြင်းငှာ သူတို့ရှေ့မှာ သင့်ကိုငါချထားမည်။ သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။ သင်သည် ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်။ နောက်တစ်ဖန် မပေါ်လာရ။" ယေဇကျေလ ၂၈း၆–၈၊ ၁၆–၁၉။

"စစ်တိုက်သောသူရဲနှင့် ခြေစွပ်၏အသွေးလူးသောအဝတ်တန်ဆာရှိသမျှတို့သည် မီးရှို့ဖို့ မီးစာဖြစ်ရကြလိမ့်မည်။" "ထာဝရဘုရားသခင်၏အမျက်တော်သည် လူမျိုးအပေါင်းတို့၌ထွက်၍ ပြင်းစွာသောအမျက်တော်သည် သူတို့အလုံးအရင်းပေါ်မှာ သင့်ရောက်လေ၏။ သူတို့ကို ရှင်းရှင်းဖျက်ဆီး၍ အသေသတ်ခြင်း၌ အပ်လိုက်တော်မူ၏။" "မတရားသောသူတို့အပေါ်မှာ တောက်သောမီးခဲ၊ ကန့်နှင့်ရောသောမီးလျှံ၊ ပူလောင်သောမုန်တိုင်းတို့ကို သက်ရောက်စေ၍ သူတို့သောက်စရာဖို့စီရင်တော်မူမည်။" ဟေရှာယ ၉း၅၊ ၃၄း၂၊ ဆာလံ ၁၁း၆။ ထိုအခါ ကောင်းကင်ဘုံရှိဘုရားသခင်ထံမှ မီးကျဆင်း၏။ ပထဝီမြေကြီးကွဲအက်၏။ အကွဲကြောင်းတွင်းကျကာ ပျောက်ဆုံးခဲ့သောလက်နက်များသည် ပြန်၍ထွက်ပေါ်၏။ မြေကမ်းပါးယံတိုင်း၏အတွင်း၌ လောင်မြိုက်သည့်မီးတောက်မီးလျှံများ ခုန်ပျံတက်၏။ ကျောက်တုံးကျောင်ခဲများပင်လျှင် မီးလောင်ခံရလေသည်။ မီးဖို၌လောင်သကဲ့သို့ မီးလောင်သောနေ့ရက်ကာလသည် ရောက်ခဲ့လေပြီ။

လောကဓာတ်တို့သည် ပူအားကြီး၍ပျက်ချေပြီ။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်၌ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလေ၏။ မာလခိ ၄း၁။ ၂ပေ ၃း၁၀။ မြေကြီးမျက်နှာပြင်သည် အရည်ပျော်ထားပြီးသောထုထည်တစ်ခုပမာ ကြီးမားကျယ်ပြောသည့် မီးအိုင်ထဲဝယ် ပွက်ပွက်ထနေပါသည်။ "ထာဝရဘုရားသခင် ဒဏ်ပေးတော်မူရာနေ့၊ ဇိအုန်မြို့၏အမှုကိုစောင့်၍ အပြစ်ပေးတော်မူရာနှစ်သို့ရောက်လပြီ တကား။" ဟေရှာယ ၃၄း၈။

## အပြစ်နှင့်သေခြင်းတရား၏အဆုံး

မတရားသောသူ၊ ဆိုးညစ်သူအပေါင်းသည် သူတို့၏အပြစ်ဒဏ်ခတ်ခြင်းကို မြေကြီး၌ခံယူရပါသည်။ သု ၁၁း၁၁။ သူတို့သည် "အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှ မကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည်လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်မိန့်တော်မူ၏။" မာလခိ ၄း၁။ တချို့သောသူများသည် တစ်ခဏခြင်းဖြင့် ပျက်စီးသွားရသလို တချို့တို့မှာ ရက်ပေါင်းအတန်ကြာမျှ ဆင်းရဲခြင်းဝေဒနာကိုခံရလေသည်။ အားလုံးသည် မိမိတို့ပြုမူခဲ့သည်များနှင့်အညီ အပြစ်ဒဏ်ကိုခံရပါချေ၏။ ဖြောင့်မတ်သူအပေါင်းတို့၏အပြစ်များသည် စာတန်ထံ လွှဲပြောင်းရောက်ရှိသွားပြီဖြစ်လေရာ သူသည် ပုန်ကန်ခြင်းတည်းဟူသော သူ၏ကိုယ်ပိုင်အပြစ်အတွက်သာလျှင်မက ဘုရားသခင်၏လူအပေါင်းအား အပြစ်ပြုစေရန် သူ၏လုပ်ဆောင်မှုအားလုံးအတွက်ပါ ပူးတွဲ၍ဒဏ်ခံရပေသည်။ သူသည် သူလှည့်စားခဲ့သောသူအပေါင်းခံရသည်ထက် အဆများစွာ ပိုမိုဒဏ်ခံ

ရမည်ဖြစ်၏။ သူ၏လိမ်လည်လှည့်ဖြားမှုများကြောင့် သေဆုံးပျက်စီးရ
သူများထက် နောက်ကျစွာဖြင့် သူသည် ဆက်လက်၍ဆင်းရဲခြင်းများကို
ခံစားရင်း သက်ရှင်နေရပေလိမ့်မည်။ သန့်စင်ရေးအတွက်
တောက်လောင်ပေးသည့်မီးလျှံများအတွင်း မတရားသောသူများ အမြစ်
ရောအကိုင်းပါမကျန်အောင် နောက်ဆုံးဖျက်ဆီးခြင်းခံရခြင်း၌
စာတန်က အမြစ်ဖြစ်ကာ သူ၏နောက်လိုက်နောက်ပါတို့က အကိုင်း
အခက်များဖြစ်ပါသည်။ တရားဥပဒေ၏အဆုံးစွန်သောပြစ်ဒဏ်သည်
ကျရောက်ခဲ့ပြီးလျှင် တရားမျှတခြင်း၏လိုလားချက်များအား ဖြည့်ဆီး
ခဲ့ပြီးသည်နောက်ဝယ် ကောင်းကင်နှင့်မြေကြီးသည် ကြည့်မြင်လျက်
ယေဟောဝါဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းနှင့် ပြည့်စုံမှုကို
တညီတညာတည်း ကြွေးကြော်လိုက်ပါတော့သည်။

စာတန်၏အဖျက်လုပ်ငန်းသည် အစဉ်ထာဝရပြီးဆုံးခဲ့လေပြီ။
နှစ်ပေါင်းခြောက်ထောင်မျှ သူ၏အလိုရှိရာကို သူလုပ်ခဲ့လျက် ကမ္ဘာ
မြေပေါ်တွင် မကောင်းမှုများပြည့်စေကာ အာကာသကမ္ဘာတစ်ခွင်
သောကပရိဒေဝဖုံးလွှမ်းစေခဲ့ပါသည်မဟုတ်လော။ ဖန်ဆင်းခြင်းခံ
အလုံးအရင်းသည် ညည်းညူလျက် ပင်ပန်းကြီးစွာဖြင့် နာကျင်မှု
ဝေဒနာကိုခံစားခဲ့ရကြ၏။ ယခုမူ ဘုရားသခင်၏လူအပေါင်း၌ စာတန်၏
တည်ရှိခြင်းနှင့် သွေးဆောင်နှောင့်ယှက်ခြင်းများသည် ကင်းရှင်းစေခဲ့
ရလေပြီ။ "မြေတစ်ပြင်လုံးသည် ငြိမ်ဝပ်ချမ်းသာခြင်းရှိ၏။ ရွှင်လန်းစွာ
သီချင်းဆိုသံနှင့်ကြွေးကြော်ကြ၏။" ဟေရှာယ ၁၄း၇။ ထိုနောက်
ချီးမွမ်းခြင်းနှင့်အောင်ပွဲခံသည့် ဟစ်ကြွေးသံတစ်သံသည် သစ္စာစောင့်သိ
သောကမ္ဘာတစ်ခွင်လုံးမှ ပျံ့လွင့်ထွက်ပေါ်လာပါသည်။ "အဘယ်သူမျှ
မရေတွင်နိုင်သော လူများအပေါင်းတို့၏အသံ" "သမုဒ္ဒရာရေသံ၊

ကြီးစွာသောမိုးကြိုးသံကဲ့သို့" ကောင်းကင်မှလာသောအသံကို ကြားရသည်ကား "ဟာလေလုယာ၊ ထာဝရတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရသခင် ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။" ဗျာ ၁၉း၆။

ပထဝီမြေကြီးသည် ဖျက်ဆီးသောမီးကြီးအတွင်း လွှမ်းခြုံဖုံးအုပ်ထားခြင်းခံရခိုက် ဖြောင့်မတ်သောသူအပေါင်းတို့သည် သန့်ရှင်းရာမြို့တော်ကြီး၌ လုံခြုံစိတ်ချရစွာနေရကြပါသည်။ ပထမထမြောက်ခြင်းဆိုင်ရာ၌ အကျုံးဝင်ခဲ့သူများအပေါ်မှာ ဒုတိယသေခြင်းသည် ပါဝင်ပတ်သက်မှုမရှိနိုင်တော့ပါ။ မတရားသောသူအပေါင်းအဖို့ဘုရားသခင်သည် လောင်စားသောမီးပမာရှိသော်ငြားလည်း ကိုယ်တော်သည် ဘုရားသခင်၏လူအပေါင်းတို့အဖို့ နေနှင့်ဒိုင်းသဖွယ်၊ နေအဖြစ်ကျေးဇူးတော်ကိုလည်းကောင်း၊ ဒိုင်းအဖြစ် အကွယ်အကာတည်းဟူသော ဘုန်းအသရေကိုလည်းကောင်း ခံယူရရှိကြပေမည်။ ဗျာ ၂၀း၆၊ ဆာလံ ၈၄း၁၁။

"ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ။" ဗျာ ၂၁း၁။ မတရားသောသူအပေါင်းကို လောင်ကျွမ်းသည့်မီးအားဖြင့် မြေကြီးသည် သန့်စင်ခဲ့လေ၏။ ကျိန်ခြင်းနှင့်စပ်ဆိုင်သော အစအနတစ်စုံတစ်ရာမျှ မရှိတော့ပါ။ ရွေးနုတ်တော်မူခြင်းခံရသူအပေါင်းတွင် အပြစ်နှင့်ဆက်စပ်၍ ကြောက်မက်ဖွယ်ရာပြစ်ဒဏ်များမှ ကင်းရှင်းသဖြင့် အစဉ်အမြဲလောင်မည့်ငရဲမီးအိုင်သည် မတည်ရှိနိုင်ပါ။

နှိုးဆော်ချက်တစ်ရပ်သာလျှင် သတိပေးချက်အဖြစ်ရှိနေသည်ကား၊ ကျွန်ုပ်တို့အား ရွေးနုတ်တော်မူခြင်းကြောင့် လက်ဝါးကပ်တိုင်တင်ခံရသည့် ကိုယ်တော်၌ သံရိုက်ရာချက်များအား အစဉ်ထာဝရ

ရှိနေပေတော့မည်။ အပြစ်တရား၏လုပ်ရပ်မှာ ကြမ်းကြုတ်ရက်စက်လှ
ပေရာ ကိုယ်တော်၏ခေါင်းမှဒဏ်ရာ၊ နံဘေးတော်၊ လက်တော်၊
ခြေတော်မှဒဏ်ရာများသည်သာလျှင် မှေးမှေးမှိန်မှိန်ရှိနေပါမည်။
ခရစ်တော်၏ဘုန်းတော်ဝင်စားချိန်၌ မြင်တွေ့သူပုရောဖက်ကဆိုသည်
ကား "လက်တော်မှရောင်ခြည်သည်ထွက်၍ ဘုန်းအာနုဘော်တော်ကို
ကွယ်ကာလေ၏။" ဟဗ ၃း၄။ လှံသွားဖြင့်ထိုးဖေါက်ခြင်းခံရသည့်
နံဘေးတော်မှ အနီရောင်အသွေးတော်သည် စီးဆင်းလျက် လူသားအား
ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေခဲ့ခြင်းတွင် ကယ်တင်သခင်၏
ဘုန်းအသရေမှာ အကာအကွယ်ပင်ဖြစ်ပါသည်။ အခပေးရွေးနုတ်ယူ
လျက် စွန့်စားမှုကြီးတစ်ရပ်ကိုပြုခြင်းဖြင့် ကယ်တင်နိုင်ကြောင်း
စွမ်းပကားသည် ကြီးမားလှပေရာ ကိုယ်တော်က ထာဝရဘုရား
သခင်၏သနားအကြင်နာကို ရှုတ်ချသောသူအပေါင်းကို တရားစီရင်
ရာ၌လည်း အားမာန်ပြင်းထန်ရသည်မှာ သဘာဝကျပါပေ၏။
ကိုယ်တော်ခံစားခဲ့ရသည့် နှိမ့်ချခံရခြင်း အထိမ်းအမှတ်များသည်
ကိုယ်တော်၏အမြင့်ဆုံးသော ဂုဏ်သိက္ခာတို့ပင်တည်း။ ကရာနီ
တောင်ကုန်းထက်၌ ရရှိခဲ့သောဒဏ်ရာဒဏ်ချက်များသည် ကမ္ဘာ
အဆက်ဆက် ခေတ်ကာလတစ်လျှောက်လုံးပင် ကိုယ်တော်၏ချီးမွမ်း
ထောမနာကို ထုတ်လွင့်ဖေါ်ပြကာ ကိုယ်တော်၏တန်ခိုးအာနုဘော်ကို
ကြေညာပေးမည်ဖြစ်လေသည်။

"အိုဒေါလင့်စင်၊ ဇိအုန်သတို့သမီးနေရာကုန်း၊ သင်သည်
အစိုးရလိမ့်မည်။ အလျင်တည်သောအာဏာတည်ပြန်လိမ့်မည်။
(မိက္ခာ ၄း၈။) ဧဒင်ဥယျာဉ်မှ ပထမဆုံးသောစုံတွဲကိုနှင့်လျက်
မီးစက်လက်နက်ဖြင့် စောင့်ရှောက်ထားသည့်နောက် သန့်ရှင်းသူ

လူအများသည် မျှော်လင့်စောင့်စား တမ်းတခဲ့ရသောအချိန်သည် ကျရောက်လာသောအခါ "ပိုင်ထိုက်တော်မူသောသူတို့သည် ရွေးနုတ်တော်မူခြင်းသို့ မရောက်မီကာလ" (ဧဖက် ၁း၁၄) သို့ဆိုက်ရောက်ခဲ့ပြီ ဖြစ်ပါသည်။

## ဖြောင့်မတ်သူအပေါင်းတို့၏အမွေဆက်ခံခြင်း

လူသားအတွက် တိုင်းနိုင်ငံအဖြစ်ဤကမ္ဘာမြေကို မူလအစက ပေးအပ်ထားခြင်းကို သူက သစ္စာဖောက်ဖျက်ဆီးခဲ့ပြီး စာတန်၏ လက်တွင်းသို့ အပ်နှင်းခဲ့လျက် အင်းအားကြီးသောရန်သူက ကြာရှည် ချုပ်ကိုင်ထားခဲ့မှုကိုခံရကာ ကယ်တင်ရွေးနုတ်ယူခြင်း မဟာစီမံကိန်း အားဖြင့် ပြန်လည်ရယူခဲ့ပါသည်။ အပြစ်တရားကြောင့် ဆုံးရှုံးခြင်း အလုံးစုံကို ပြန်လည်အပ်ပေးခဲ့ပြီးဖြစ်၏။ "မိုးကောင်းကင်ကို ဖန်ဆင်းတော်မူသော ထာဝရဘုရားသခင်၊ မြေကြီးကိုပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသောသခင် အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဖို့ဖန်ဆင်းတော်မူသော ထာဝရဘုရားသခင် မိန့်တော်မူသည်ကား ငါသည်ထာဝရဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားသခင်မရှိ။ ဟေရှာယ ၄၅း၁၈။ ဘုရားသခင် ၏မူရင်းရည်ရွယ်ချက်အတိုင်းပင် ပြည့်ဝခဲ့ကာ ရွေးနုတ်ခံအပေါင်း တို့အဖို့ အစဉ်အမြဲနေထိုင်ရာနေရာဖြစ်ရပါမည်။ "ဖြောင့်မတ်သော သူတို့သည် ပြည်တော်ကိုအမွေခံ၍ အစဉ်အမြဲနေရကြလိမ့်မည်။" ဆာလံ ၃၇း၂၉။

အနာဂတ်ကာလ၏ အမွေဆက်ခံခြင်းကို အကောင်အထည် ထင်ရှားစွာ ရှိနေဟန်ဖြစ်ခြင်း၌ စိုးရွံ့မှုတစ်ရပ်သည် ရှိ၍နေသည့်

အတွက် လူအများအပြားတွင် ဝိညာဉ်ရေးနှင့်စပ်ဆိုင်သည့် ထိုအမှန်တရားများကို ကွယ်ပျောက်စေကာ ကျွန်ုပ်တို့၏နေစရာအိမ်အဖြစ်ရှုမြင်စေမည်သာလျှင်ဖြစ်ပါ၏။ သခင်ခရစ်တော်က သူ၏တပည့်တော်များအား သင်တို့နေစရာအရပ်ကို ပြင်ဆင်ရန် ငါ၏အဘအိမ်တော်သို့သွားရ၏ဟုမိန့်ဆိုခဲ့ပါသည်။ ထာဝရဘုရားသခင်၏ နှုတ်တော်ထွက်သွန်သင်ခြင်းတွင် ယုံကြည်သူအပေါင်းသည် ကောင်းကင်နိုင်ငံရှိ ခိုလှုံရာနေရာနှင့်စပ်လျဉ်း၍ လုံးဝပင်အသိပညာကင်းမဲ့နေကြလိမ့်မည်မဟုတ်ပေ။ ထို့အပြင် ရှိသေးသည်ကား "ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလို့ငှာ ဘုရားသခင်က ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး" (၁ကော ၂း၉။) ဟူ၍လည်းရှိပါ၏။ ဖြောင့်မတ်သောသူတို့အဖို့ ပေးသည့်ဆုတော်လာဘ်တော်ကို လူတို့၏ဘာသာစကားဖြင့် လုံလောက်စွာရှင်းပြနိုင်မည်မဟုတ်ပေ။ ထိုအရာကိုမြင်တွေ့ရသောသူသည်သာလျှင် သိနိုင်ပါ၏။ ဘုရားသခင်၏ပျော်စရာကောင်းသောနေရာရှိ မြင့်မြတ်ခြင်း၊ ကြီးကျယ်ခမ်းနားခြင်းတို့အား အကန့်အသတ်ရှိသော လူ့စိတ်သည် နားလည်သဘောပေါက်နိုင်သည်မဟုတ်ပေ။

သမ္မာကျမ်းစာထဲ၌ ကယ်တင်ခြင်းရသူအပေါင်း၏အမွေဆက်ခံခြင်းကို ပြည်တစ်ပြည်သို့ပြန်ရသောအခွင့်" ဟူ၍ သုံးနှုန်းထားပါသည်။ ဟေဗြဲ ၁၁း၁၄–၁၆။ ထိုပြည်၌ ကောင်းကင်သားသိုးထိန်းသည် သိုးအုပ်အား လမ်းမှန်ကိုပြကာ အသက်စမ်းရေရှိရာသို့ ပို့ဆောင်တော်မူ၏။ အသက်ပင်သည်လည်း လစဉ်အသီးသီးပေးလျက် အရွက်များကို ပြည်သားများလိုရာသုံးနိုင်မည့်အခွင့်ရကြပါ၏။ အစဉ်မပြတ်စီးဆင်း

နေသည့်ကျောက်သလင်းကဲ့သို့ ကြည်လင်လှစွာသောစမ်းရေနှင့်အနီး အနားတွင် အခက်ဝေဆာသောအပင်များ ပေါက်လျက်ရှိပြီးလျှင် ရွှေးနတ်ခံသူအပေါင်းတို့ လျှောက်လှမ်းမည့်လမ်းကြောင်းတွင် အရိပ်များမိုးပေးလျက်ရှိကြလေသည်။ ထိုနေရာ၌ ကျယ်ပြန့်သောလွင်ပြင်၊ လှပသောကုန်းကမူများဖြစ်ပေါ်ကာ ထာဝရဘုရားသခင်၏တောင်များသည် ၎င်းတို့၏မြင့်မားသော အထွတ်များဖြင့် ရပ်တည်နေကြပါ၏။ ငြိမ်သက်ခြင်းပြည့်စုံသည့်လွင်ပြင်များသည် အသက်ရေစီးကြောင်းများကိုရံလျက် တည်ရှိနေခြင်းအပေါ် ကြာရှည်စွာလှည့်လည်သွားလာခဲ့ရသော ဘုရားဖူးခရီးသည်များ၊ လှည့်ပတ်၍ရောက်တတ်ရာရာကိုသွားခဲ့ရသူများသည် နေစရာအရပ်ကို တွေ့ရှိရကြပါမည်။

"ငါ၏လူတို့သည်လည်း ငြိမ်သက်သေနေရာ၊ လုံခြုံသောမြို့ရွာ၊ ဘေးလွတ်သော ချမ်းသာရာအရပ်တို့၌ နေရကြလိမ့်မည်။" "သင်၏ပြည်၌ အနိုင်အထက်ပြုခြင်းအသံကို နောက်တစ်ဖန်မကြားရ။ သင်၏နယ်အတွင်းတွင် လုယက်ဖျက်ဆီးခြင်းမရှိရ။ သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍လည်းကောင်း၊ မြို့တံခါးတို့ကို ချီးမွမ်းခြင်းဟူ၍လည်းကောင်း သမုတ်ရလိမ့်မည်။" " ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည်အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မဟုတ်၊ သူတို့သည်စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။" ဟေရှာယ ၃၂း၁၈၊ ၆၀း၁၈၊ ၆၅း၂၁၊၂၂။

ထိုနေစရာအရပ်တွင် "တောနှင်းလွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်း၍ နှင်းပွင့်ကဲ့သို့

အပွင့်ပွင့်လိမ့်မည်။" "အမျိုးမျိုးသောဆူးပင်အရာ၌ထင်းရှူး ပင်နှင့်မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်၊ ထိုအမှုသည် ထာဝရ ဘုရားသခင်ရှေ့တော်၌ အောက်မေ့ဖို့ရာ မပျောက်မပျက်ရသော ထာဝရသက်သေဖြစ်ရလိမ့်မည်။" "တောခွေးသည် သိုးသငယ်နှင့်အတူ နေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူအိပ်လိမ့်မည်။ နွားသငယ်၊ ခြင်္သေ့သငယ်၊ ဆူအောင်ကျွေးသောအကောင်တို့သည် အတူသွားလာကြ၍ လူသူငယ်သည် သူတို့ကို ပို့ဆောင်လိမ့်မည်။" "ငါ၏သန့်ရှင်းသော တောင်တစ်ပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ။ အကြောင်းမူကား ပင်လယ်ရေသည် မိမိ နေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရားသခင်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။" ဟေရှာယ ၃၅း၁၊ ၅၅း၁၃၊ ၁၁း၆၊၉။

နာကြင်ခြင်းသည် ကောင်းကင်နိုင်ငံပတ်ဝန်းကျင်၌ မတည် မနေနိုင်ပါ။ မျက်ရည်ကျရခြင်း၊ အသုဘပို့ဆောင်ရခြင်း၊ သောကပရိ ဒေဝ၊ အထိမ်းအမှတ် ရင်ထိုးတံဆိပ်တပ်ရခြင်းများသည် ရှိတော့မည် မဟုတ်ပေ။ "ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှ တို့ကို သုတ်တော်မူမည်၊ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်း မူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ။" "မြို့သား ကလည်း ငါနာသည်ဟုမဆိုရ၊ ထိုမြို့၌နေသောသူတို့သည် အပြစ်ပြေ ရှင်းခြင်းသို့ ရောက်ရကြလိမ့်မည်။" ဗျာ ၂၁း၄၊ ဟေရှာယ ၃၃း၂၄။

ထာဝရဘုရားသခင်၏လက်တွင်း၌ ဂုဏ်ကျက်သရေတင့်အောင် ပြုထားပြီးဖြစ်သည့် ပထဝီမြေကြီး၌ မြို့ပြနိုင်ငံဖြစ်သော ယေရုရှလင်

မြို့တော်အသစ်သည်ကား "သင်သည် ထာဝရဘုရားသခင်၏ လက်တော်၌တင့်တယ်သောဦးရစ်၊ သင်၏ဘုရားသခင်ကိုင်တော်မူသော မင်းမြောက်သရဖူဖြစ်လိမ့်မည်။" "ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်းနဂါးသွဲ့ကဲ့သို့ အမြတ်ဆုံးသောကျောက်မျက်မွန်နှင့်တူ၏။" "လူအမျိုးမျိုးတို့သည် ထိုမြို့၏အလင်းကိုအမှီပြု၍ သွားလာကြလိမ့်မည်။ လောကရှင်ဘုရင်တို့သည်လည်း မိမိတို့ဘုန်းအသရေကို ထိုမြို့ထဲသို့ဆောင်ခဲ့ကြလိမ့်မည်။" ကိုယ်တော်က မိန့်တော်မူသည်ကား "ငါသည်လည်း ယေရုရှင်လင်မြို့ကြောင့် ဝမ်းမြောက်မည်၊ ငါ၏လူတို့ကြောင့်ရွှင်လန်းမည်။" "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။" ဟေရှာယ ၆၂း၃။ ဗျာ ၂၁း၁၁၊၂၄။ ဟေရှာယ ၆၅း၁၉။ ဗျာ ၂၁း၃။

ထာဝရဘုရားသခင်၏မြို့တော်တွင် "ညသည်မရှိရပါ။" မည်သူတစ်ဦးတစ်ယောက်မျှ အနားယူခြင်းမလိုသလို နားရန်ဆန္ဒလည်းမရှိကြပေ။ ဘုရားသခင်အလိုတော်ရှိသည်အတိုင်းလုပ်ဆောင်ခြင်းနှင့် နာမတော်အဖို့အလို‌ငှာ ချီးမွမ်းထောမနာပြုဆက်ကပ်ရာ၌ ပင်ပန်းမှုရှိမည်မဟုတ်ပါ။ သာယာသောနံနက်ခင်း၏လန်းဆန်းမှုကို ထာဝစဉ်ခံစားရလျက် ၎င်း၌ရှိသောသစ်လွင်လတ်ဆတ်ခြင်းသည်လည်း ဘယ်သောအခါမှပျောက်ပျက်မည်မဟုတ်ချေ။ "ထိုမြို့၌ညဥ့်မရှိရ။ ဆီမီးကိုအလိုမရှိ။ နေ၏အရောင်ကိုလည်းအလိုမရှိ။ အကြောင်းမူကား ထာဝရဘုရားသခင်သည် သူတို့၌ရောင်ခြည်တော်ကိုလွှတ်တော်မူ၍ သူတို့သည် ကမ္ဘာအဆက်ဆက်စိုးစံရကြလတ္တံ့" (ဗျာ ၂၂း၅။) နေ၏ အလင်းရောင်

အစားထိုးမျက်စိမကျိန်းမနာစေသည့် လင်းရောင်ခြည်က သွယ်တန်း ဖြာထွက်လျက် ကျွန်ုပ်တို့ခံစားသိပြီးဖြစ်သော မွန်းတည့်အချိန်၌ရှိသည့် အလင်းရောင်ထက်ပင် တုနှိုင်းမရအောင် သာလွန်နေပါသည်။ ထာဝရ ဘုရားသခင်နှင့် သိုးသငယ်၏ဘုန်းအသရေတော်အားဖြင့် သန့်ရှင်းရာ မြို့တော်အား အလင်းရောင်မပြတ်လွှမ်းခြုံထားပါ၏။ ရွေးနုတ်တော် မူခြင်းခံသူအပေါင်းသည် နေမင်းကြီး၏အလင်းရောင်မဲ့ ကြီးကျယ် ခမ်းနားမှုရှိသည့် စဉ်ဆက်မပြတ်ဖြစ်သော နေ့အလင်းရောင်ခြည် အောက်မှာ လှုပ်ရှားသွားလာနေကြလေသည်။

"မြို့ထဲ၌ဗိမာန်တော်ကို ငါမမြင်၊ အကြောင်းမူကား ထာဝရ တန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရားသခင်နှင့်သိုးသငယ်သည် ထိုမြို့၏ဗိမာန်ဖြစ်တော်မူ၏" (ဗျာ ၂၁း၂၂။) ဘုရားသခင်၏ လူတို့သည် အဖဘုရားသခင်နှင့် သားတော်ဘုရားသခင်တို့ထံ ပွင့်လင်း သောဆက်သွယ်ပေါင်းသင်းခြင်းကို အခွင့်ထူးပေးထားသည်ကို ခံရကြ ပါသည်။ "ယခုတွင် ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။" (၁ကော ၁၃း၁၂။) ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ အသွင်တူပုံရိပ်ပွားကိုသာ မှန်၌ထင်ဟပ်သောအရိပ်သဖွယ် မြင်တွေ့ရ၏။ သို့ရာတွင် ထိုအခါမူကား မျက်မှောက်ထင်ထင်မြင်ရကြ ပေမည်။ ကြား၌အကာအဆီးမရှိဘဲ ကျွန်ုပ်တို့သည် ရှေ့တော်မှောက်၌ ရပ်လျက် ကိုယ်တော်၏မျက်နှာသွင်ပြင်ဘုန်းကျက်သရေတော်ကို ဖူးတွေ့ရမည်ဖြစ်၏။

ထိုအချိန်ကာလ၌ ရွေးနုတ်တော်မူခြင်းခံလူအပေါင်းတို့သည် အသိပညာဉာဏ်ကို ခံယူနေရသည့်အဖြစ်မှ အသိဉာဏ်ပွင့်လျက် စုံလင်သောသိခြင်းကို ရရှိကြလိမ့်မည်ဖြစ်၏။ ထာဝရဘုရားသခင် ကိုယ်တော်တိုင် လူ၏စိတ်၌ပျိုးထားပေးသည့် ချစ်ခြင်းနှင့်စာနာ

ထောက်ထားခြင်းတို့သည် အစစ်မှန်ဆုံးနှင့်အချိုမြိန်ဆုံးကျင့်သုံးရာကို တွေ့မြကြပါလိမ့်မည်။ မွန်မြတ်သည့်သန့်ရှင်းသူများနှင့် သန့်စင်သော ဆက်သွယ်ပေါင်းသင်းရခြင်း၊ ကောင်းချီးမင်္ဂလာရှိသည့် ကောင်းကင် တမန်များနှင့်ညီညွတ်မျှတစွာ မိတ်ဖက်ပြုရခြင်းတို့အပြင် မိမိတို့၏ ဝတ်လုံများအား သိုးသငယ်၏အသွေး၌ လျှော်ဖွပ်ခဲ့ပြီးသော၊ သစ္စာ ရှိသော အသက်အရွယ်စုံဖြစ်သည့်သူများနှင့် မိတ်သဟာယဖွဲ့ခြင်း၌ သန့်ရှင်းမွန်မြတ်သော နှောင်ကြိုးများက နှောင့်ဖွဲ့မှုကြောင့် "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူ သော" (ဧဖက် ၃း၁၅။) အဖြစ်တို့က ရွေးနုတ်တော်မူခြင်းခံရသူ အပေါင်း၏ဝမ်းမြောက်ခြင်းကို တည်ထောင်ရာ၌ အထောက်အကူများ ဖြစ်စေခဲ့ပေသည်။

ထိုအခါတွင် ဘယ်သောအခါတွင်မှ ကျဆင်းယုတ်လျော့မည် မဟုတ်သော ပျော်ရွှင်မှုဖြင့် မပျောက်ဆုံးသွားနိုင်သည့်စိတ်များဖြင့် အာရုံစူးစိုက် ဆင်ခြင်မိသည်ကား ဖန်ဆင်းခြင်းဆိုင်ရာအစွမ်းသတ္တိနှင့် အနစ်နာခံသော ချစ်ခြင်း၏ဆန်းကြယ်နက်နဲမှုများဖြစ်ပါတော့သည်။ အသိဉာဏ်အာရုံတိုင်းသည် ဖွံ့ဖြိုးလာကာ ဉာဏ်စွမ်းအင်သည် တိုးပွားလာပါ၏။ ဘုရားသခင်ကို မေ့ပျောက်ထားလိုသောစိတ်ကို ဆွဲဆောင်သည့် ကြမ်းကြုတ်လှည့်စားသော ရန်သူသည် ရှိလိမ့်မည် မဟုတ်ပါ။ အတွေ့အကြုံအသိပညာရယူခြင်းတွင် စိတ်ပိုင်းဆိုင်ရာ မောပန်းနွမ်းနယ်မှုဖြစ်စေ၊ ခွန်အားစိုက်ထုတ်မှု ကုန်ခန်းခြင်းဖြစ်စေ မရှိနိုင်တော့ပေ။ အခက်အခဲ နှင့်သတ္တိရှိရှိ လုပ်ရသောလုပ်ငန်းတို့အနက် အကြီးအကျယ်ဆုံးလုပ်ငန်းများကို အောင်မြင်မှုရှိအောင် စွမ်းဆောင်နိုင် လျက် အမြင့်မားဆုံးဖြစ်သော ရည်မှန်းချက်များကို ပြည့်မြောက်စေပြီး

အမြင့်ဆုံးသောတန်ခိုးအာဏာကြီးထွားမှုသည် အကောင်အထည်ပေါ်လာသည့်အပြင် အသစ်သောပန်းတုံးတိုင်များကို လက်လှမ်းမီစေခြင်း၊ အသစ်သောထူးဆန်းအံ့ဩဖွယ်များကို နှစ်ခြိုက်အားကျခြင်း၊ အသစ်ဖြစ်သောအမှန်တရားများကို နားလည်သဘောပေါက်နိုင်ခြင်း၊ စိတ်စေတသိက်နှင့် ခန္ဓာကိုယ်ဆိုင်ရာစွမ်းအင်များကို ဆွဲထုတ်အသုံးချနိုင်စွမ်းသော အရာဝတ္ထုအသစ်များအား လက်လှမ်းမီခြင်းတို့ကို ရရှိနိုင်ပါသည်။

ထာဝရဘုရားသခင်၏ရွေးနုတ်ခံအပေါင်းတို့ လေ့လာဆည်းပူးနိုင်စေရန် အာကာသကမ္ဘာတစ်ခွင်မှာ ရှိရှိသမျှသောအဖိုးတန်ရတနာသိုက်များအပါအဝင် မြေပေါ်မြေအောက် သယံဇာတများကို ဖွင့်ထားပေလိမ့်မည်။ သေခြင်းဖြင့် ချုပ်နှောင်ခြင်းမှုကင်းမဲ့သည့်အလျောက် သူတို့သည် အကွာအဝေးကိုမမှုတော့ဘဲ သွားရောက်လိုရာကမ္ဘာများဆီသို့ မမောနိုင်မပန်းနိုင် ခရီးနှင်နိုင်ကြပါမည်။ လူသားတည်းဟူသောသေပျောက်နိုင်ခြင်းရှိသူတို့၏ပူဆွေးသောကကို မြင်တွေ့ရလျှင် စိတ်ထိခိုက်လှုပ်ရှားမှုဖြင့် ဝမ်းနည်းမှုကို ခံစားတတ်ပြီး၊ ရွေးနုတ်တော်မူခြင်းခံတစ်ဦး၏ဝမ်းမြောက်ဖွယ်ရာသတင်းစကားများ ကြားသိရလျှင် သီချင်းတအေးအေးဖြင့် ပျော်ရွှင်မှုကိုဖော်ထုတ်သီကျူးတတ်သော ကမ္ဘာလောကများဆီသို့ သွားကြမည်ဖြစ်ပါသည်။ တစ်ခါဖူးမျှကျရှုံးခြင်းကို မကြုံမတွေ့ဘူးသူများရှိရာ ဝမ်းမြောက်ခြင်းနှင့်အသိဉာဏ်ပညာရှိသည့်ကမ္ဘာသို့ မြေကြီးကမ္ဘာ၏သားသမီးတို့သည် မဖော်ပြတတ်သောပျော်ရွှင်မှုဖြင့် ဝင်ရောက်သွားကြပါသည်။ သူတို့သည် နှစ်ပေါင်းရှည်ကြာစွာကာလအဆက်ဆက် ဘုရားသခင်စုစည်းပေးသည့် လက်ရာဖြစ်သော အသိပညာအတွေ့အကြုံနှင့် နားလည်သဘောပေါက်

မှုဆိုင်ရာအချက်များကို ဖလှယ်ကြမည်။ သူတို့သည် အမြင်အာရုံ ကောင်းစွာဖြင့် ဘုရားသခင်ဖန်ဆင်းခြင်း၏ ဘုန်းအသရေတော်ကို ငေးစိုက်ကြည့်ရှုရာ နေများ၊ ကြယ်များနှင့်ဂြိုဟ်သွားဂြိုဟ်လာစနစ်များ စနစ်တကျတက်ညီလက်ညီရှိနေခြင်းကို မြင်ရကြပါသည်။ အရာရာ တိုင်းအပေါ်၌ အသေးငယ်ဆုံးမှသည် အကြီးမားဆုံးထိတိုင်အောင် ဖန်ဆင်းသခင်၏အမည်နာမတော်ရေးထိုးထားကာ အရာရာတိုင်းတွင် လည်း ကိုယ်တော်၏တန်ခိုးစွမ်းပကားကို ဖေါ်ဖေါ်သီသီဖြင့် မြင်တွေ့ ရကြပါတော့သည်။

စဉ်ဆက်မပြတ်သောနှစ်ကာလများသည် တရွေ့ရွေ့ကုန်ဆုံးသွား သည်နှင့်အတူ ပိုမို၍ကြီးကျယ်ခမ်းနားသော ပုရောဖက်ပြုချက်ဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်တို့အား ဘုရားသခင်နှင့်ခရစ်တော်တို့က ဖွင့်ပြပေး သွားနိုင်ပါလိမ့်မည်။ ဉာဏ်ပညာအမြော်အမြင်အသိပညာသည် တိုးတက် နေသည့်အလျောက် ချစ်ခြင်းမေတ္တာ၊ ရိုသေကိုင်းရှိုင်းသော ဘုရားဝတ်၌ ပျော်မွေ့ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့သည်လည်း ပွားများလာမည်သာ ဖြစ်ပါ၏။ ထာဝရဘုရားသခင်အား လူအပေါင်းတို့က ပိုမို၍ဆည်းကပ် လေ့လာမှုပြုလာသည်နှင့်အမျှ ကိုယ်တော်၏စရိုက်သဘာဝအပေါ် ပိုမို၍အားကျနှစ်ခြိုက်လျက် အထင်ကြီးစလာကြပါလိမ့်မည်။ စာတန်နှင့် ယှဉ်ပြိုင်အနိုင်လုခဲ့ရသည့် မဟာအငြင်းအခုံပွဲတွင် လူအပေါင်းတို့အား သခင်ယေရှု၏ကယ်တင်ခြင်းစီမံချက် ပြည့်ဝစုံလင်မှုနှင့်အံ့အားသင့် ဖွယ်ရာအောင်မြင်စွာ လုပ်ဆောင်ချက်တို့ကို သိရကြသည်၌ ရွေးနုတ် တော်မူခြင်းခံတို့၏နှလုံးသားများတွင် ပိုမို၍စိတ်ထက်သန်သော ယုံကြည်စွဲမြဲမှုဖြင့် လှုပ်ရှားခဲ့ရပြီးလျှင် ပိုမိုကြီးမား စူးစိုက်နစ်မျော သည့်ဝမ်းမြောက်ခြင်းနှင့်အတူ ရွှေစောင်းတော်တီးခတ်သံများထွက်ပေါ်လာ

လျက် အရေအတွက်များပြားလှစွာသောအသံများသည် တညီတညွတ်တည်းကျေးဇူးတော်ချီးမွမ်းခြင်းတေးကို ကျူးရင့်လိုက်ကြပါတော့သည်။

"ကောင်းကင်မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲအရပ်ရပ်တို့၌ရှိရှိသမျှသော သက်ရှိ၊သက်မဲ့အပေါင်းတို့က ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက်ကောင်းချီး၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်း" ဗျာ ၅း၁၃။

မဟာအငြင်းအခုံပွဲသည် ဆုံးခန်းတိုင်ခဲ့ပြီဖြစ်၏။ မကောင်းမှုအပြစ်နှင့်အပြစ်ကျူးလွန်သူတို့သည်လည်း ကွယ်ပျောက်ချေပြီ။ အာကာသတစ်ခွင်လုံးသည် သန့်ရှင်းပါ၏။ ကျယ်ပြောစွာသော ဖန်ဆင်းခြင်းတစ်ခွင်လုံး၌ ညီညွတ်ခြင်းနှင့်ဝမ်းမြောက်ခြင်းတည်းဟူသော သွေးခုန်သံတစ်ခုသာလျှင် ကြားရ၏။ အလုံးစုံဖန်ဆင်းသူကိုယ်တော်ထံမှ စည်းခြားသတ်မှတ်နိုင်ခြင်းမရှိသည့် နေရာဒေသများတစ်လျှောက်လုံး၌ အသက်၊ အလင်းနှင့်ဝမ်းမြောက်ခြင်းတို့သည်စီးဆင်းလာခဲ့ပါသည်။ အသေးငယ်ဆုံးသောအဏုမြူမှ အကြီးဆုံးသောကမ္ဘာတိုင် အသက်ဝင်လှုပ်ရှားခြင်းအရာများ၊ သက်မဲ့အရာများအားလုံးသည် အရိပ်ထိုးခြင်းမခံရသည့်အလှအပနှင့် စုံလင်ပြည့်ဝသောဝမ်းမြောက်ခြင်းတို့ဖြင့် အလေးအနက်ထုတ်ဖော်ပြောဆိုလိုက်သည်ကား "ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဟူသတည်း။

---ooo---